
# လူတော်လူဆိုး

မေဝတ္တာရှင် (ရွှေပြည်သာ)



# လူတော်လူဆိုး

မေတ္တာရှင်(ရွှေပြည်သာ)

**ပုံနှိပ်မှတ်တမ်း**

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးစိုးတင့်(ညီမေတ္တာပုံနှိပ်တိုက်)၊ သုဒ္ဓိပသာသနာရိပ်သာ၊
မော်ဘီမြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ
ဦးစိုးတင့်(ရွှေပြည်သာစာပေ)၊ မန္တလေးကျောင်းတိုက်၊
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
စီစဉ်သူ
ဦးစိုးတင့်၊ ဦးဆန်းထွန်း
မျက်နှာဖုံးပန်းချီ
မဇော်
မျက်နှာဖုံးဒီဇိုင်းနှင့် ကွန်ပျူတာစာစီ
ကြေးသား၊ သန်းထိုက်လွှ
အတွင်းဖလင်
**Empire**
ထုတ်ဝေခြင်း
ပထမအကြိမ်၊ မေလ၊ ၂၀၁၃။
အုပ်ရေ
၃၀၀၀၀
တန်ဖိုး
၁၅၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း (CIP)

မေတ္တာရှင်၊ ရွှေပြည်သာ ၊ ၂၉၄.၃
လူတော်လူဆိုး/မေတ္တာရှင်(ရွှေပြည်သာ)၊ ရန်ကုန်၊
ရွှေပြည်သာစာပေ၊ ၂၀၁၃။
၀၀၀ စာ၊ ၁၂.၇ X ၁၇.၇၈ စင်တီ။
(၁) လူတော်လူဆိုး




# မာတိကာ


၁။ ကျောင်းအုပ်ကို ဓားကြိမ်းကြိမ်းသူ ၇
၂။ တေက်ပြားလို ဆေးကျောင်းသူ ၁၀
၃။ သူတော်ကောင်းမျိုးစေ့ ၁၂
၄။ စာကောင်းတွေ့သော်လည်း စရိုက်နဲ့ မတည့် ၁၆
၅။ အသပြာနဲ့ ယတြာ ၁၈
၆။ တေက်ပြားနဲ့ အလိဘာဘာ ၂၄
၇။ ကိုယ့်ဘ၀မှာ တာ၀န်အရှိဆုံးသူ ၂၆
၈။ စောင့်ထိန်းရ အခက်ဆုံးကံ ၂၉
၉။ မကောင်းသော ပတ်၀န်းကျင် ၃၇
၁၀။ ဆိုးသော ကလေးမရှိ ၄၃
၁၁။ အိမ်ကို မီးရှို့မယ့်သူ ၄၉
၁၂။ လူသတ်ဖို့ ကြိုးစားခြင်း ၅၄
၁၃။ လူဆိုးထိန်း ဆရာတော် ၆၆

## မာတိကာ


၁၄။ ပထမဆုံးကျတဲ့ ကရုဏာမျက်ရည် ၆၉
၁၅။ သူတော်ကောင်း ဖြစ်ချင်ပြီ ၇၃
၁၆။ ကျောင်းပြေးသော ရောဂါကုနည်း ၈၀
၁၇။ ထုထည်အကြီးဆုံး ကိလေသာသုံးပါး ၉၀
၁၈။ မာနအကြီးဆုံး ကိုယ်တော် ၉၃
၁၉။ ချမ်းသာပြီး ဉာဏ်ကောင်းချင်ရင် ၉၅
၂၀။ လိုနေတဲ့ ကွက်လပ် ၁၀၀
၂၁။ သူတော်ကောင်းကို ကြောက်သူများ ၁၀၃
၂၂။ မိဘများ၏ အမှားနှစ်ခု ၁၁၁
၂၃။ သင်တန်းပေးရမည့် စိတ္တသတ္တိ ၁၁၅
၂၄။ ဦးအောင်သင်း၏ စိတ္တသတ္တိ ၁၂၃
၂၅။ မင်းကြီးရန်နောင်၏ စိတ္တသတ္တိ ၁၂၅
၂၆။ ခေင်ညို၏ စိတ္တသတ္တိ ၁၂၈
၂၇။ စိတ္တသတ္တိရှိသူ အမေရိကန်သုံးယောက် ၁၃၀
၂၈။ သေချာပေါက် အသက်ရှည် စိတ်ချမ်းသာနည်း ၁၃၄
၂၉။ ဂျွန်ဦးစောနှင့်တူသော သစ်ပင် ၁၃၇
၃၀။ ပြည်သူများ လုပ်ကြံခံရခြင်း ၁၃၉
၃၁။ တပည့်တော်မှ ဂုဏ်ထူးရ ၁၄၆
၃၂။ မေတ္တာဈေးကွက် ၁၅၀


## မာတိကာ


၃၃။ သားနဲ့ကား ၁၆၄
၃၄။ လူမသတ်ရ မနေနိုင်သူများ ၂၂၁
၃၅။ မြို့ပတ်ရထားပေါ်က ဆရာမ ၂၂၇
၃၆။ နာမည်ကောင်းသာ ကျန်ပါစေ ၂၃၅
၃၇။ သေစေနိုင်သော ပြစ်ဒဏ် ၂၄၆
၃၈။ ဒုက္ခိတကျောင်းသားနှင့် ဆရာ့လက်သီး ၃၁၀
၃၉။ အကောင်းဆုံး အလှပြင်နည်း ၃၅၄

## ရည်ညွှန်းချက်အမှာစာ

ဤစာစုသည် အန္တိုင်းမဲ့ပုဒ္ဓ၏ ဓမ္မရတနာများနှင့် ပညာရှိသူတော်ကောင်းများ၏ အဆုံးအမ ဩဝါဒများ၊ ခေတ်သစ်စာရေးဆရာများ၏ အတွေးအခေါ်ဒဿနများကို စုစည်းပြီး၊ လူမျိုးဘာသာမရွေး သိရှိကြစေခြင်းငှါ မေတ္တာရှေ့ထား စေတနာတရားဖြင့် မျှဝေခြင်းမျှသာ ဖြစ်ပါ၏။

ပုထုဇဉ်မှန်သမျှ အမှားမကင်းနိုင်ကြသည်ဖြစ်ရာ ဤစာစုတွင် မှားယွင်းနေသော အချက်များ၊ ကြွင်းကျန်နေသည့် လိုအပ်ချက်များ တွေ့ရှိသူ မည်သူမဆို ထောက်ပြ ဝေဖန်အကြံဉာဏ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လူတော်လူဆိုး**

**ဉာဏ်ယျာဇဉ်**

ဤစာအုပ်တွင် မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်က လူတော်လူကောင်းများ လူဆိုးဖြစ်သွားကြပုံနှင့် လူဆိုးလူတော်များ လူကောင်းဘဝသို့ ရောက်ရှိလာကြပုံများကို ရသစုံဖြင့် ပုံဖော်ဖန်တီးရေးသားထားသည်ကို ဖတ်ရှုတွေ့မြင်ရမည်ဖြစ်သည်။

စာဖတ်သူများ သိရှိပြီးဖြစ်သည့်အတိုင်း လူတော်တစ်ယောက် လူကောင်းဖြစ်ရန် လွယ်ကူသော်ငြားလည်း ယခုခေတ်တွင် လူတော်များ လူဆိုးဖြစ်နေစေရန် ပိုမိုလွယ်ကူနေသည်များကို ဆရာတော်က ဤစာအုပ်တွင် သတိပေးမီးမောင်းထိုးပြထားသည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် လူတော်တစ်ယောက်သည် လူကောင်းတစ်ယောက် ဖြစ်လာနိုင်ပါသည်။

## လူတော်လူဆိုးများ

လူတော်လူဆိုး ဆိုသူများသည် ယခုခေတ်မှ ရှိသည် မဟုတ်ပါ။ ဘုရားရှင်လက်ထက်တွင်ပင် များစွာရှိခဲ့၏။ ယင်းတို့အနက် လူသိထင်ရှား ငရဲမင်းသားကြီးဒေဝဒတ္တ ခေါ် အရှင်ဒေဝဒတ်ကို ဦးစွာ ပထမ သာဓကထားပြီး တင်ပြမည်ဖြစ်သည်။

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားရှင်အလောင်းတော် ဘဝကပင် နည်းမျိုးစုံဖြင့် ဒုက္ခပေးခဲ့သည်။ နောက်ဆုံးဘဝတွင် ရဟန်းပြုရန် ဘုရားရှင်ထံလာစဉ်က အရှင်ဒေဝဒတ်၏စိတ်ဓါတ်နှင့် စိတ်ကူးစိတ်သန်းများက သူ့ကို လူတော်တစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေသည်။

## မင်းသားခြောက်ဦး ရဟန်းပြုခြင်း

အရှင်ဒေဝဒတ် ရဟန်းပြုစဉ်က သူနှင့်အတူ သာကီဝင်မင်းသား ငါးဦးဖြစ်ကြသော–

၁။ ဘဒ္ဒိယမင်းသား

၂။ အနုရုဒ္ဓမင်းသား

၃။ အာနန္ဒာ

၄။ ဘဂုမင်းသားနှင့်
၅။ ကိမိလမင်းသားတို့လည်း ပါရှိကြသည်။

ဥပါလိဆတ္တာသည်နှင့်ပေါင်းသော် စုစုပေါင်း ခုနစ်ဦးတို့သည် ရဟန်းပြုရန် ဘုရားရှင်ထံသို့ သွားခဲ့ကြ၏။ ဘုရားရှင်ထံသို့ရောက်ရှိသော် မင်းသားတို့သည် မိမိတို့ အဝတ်အစားအဆောင်အယောင်များကို ဖယ်ရှားချွတ်လဲပြီး အတူပါလာသောဆတ္တာသည်လက်သို့ အပ်နှံကာ ဥပါလိကို ပြန်လွှတ်လိုက်ကြသည်။

မင်းသားများကို ဘုရားကျောင်းတော်တွင် ထားခဲ့ပြီး ပြန်လာသော ဥပါလိသည် လမ်းခရီးတွင် တစ်စုံတစ်ရာသော အတွေးတစ်ခု စဉ်းစားမိလိုက်သည်။ ထိုအတွေးကား ''ငါတစ်ယောက်တည်း မြို့ထဲသို့ ပြန်ဝင်လျှင် မင်းသားများ ပြန်လည်၍ ပါမလာသည်ကို တွေ့မြင်သည့် ဆွေတော်မျိုးတော်များက မင်းသားများကို ငါလုပ်ကြံ ဖျောက်ဖျက်ခဲ့သည်ဟု ထင်မြင်သွားပါက ငါ့အား ရန်သတ္တုရ ပြုကြပေလိမ့်မည်''ဟူ၍ပင် ဖြစ်၏။

ထိုအတွေးနှင့်အတူ ဆတ္တာသည်ဥပါလိသည် မင်းသားခြောက်ဦးတို့ရှိရာသို့ ပြန်လာပြီး သူပါ အတူတကွ ရဟန်းပြုခွင့်ပေးပါရန် တောင်းပန်ပါတော့သည်။ ဒေဝဒတ္တနှင့် မင်းသားခြောက်ဦးတို့သည် ဆတ္တာသည်ဥပါလိကိုပါ ခေါ်၍ မြတ်စွာဘုရားရှိရာသို့ သွားရောက်ပြီး ရိုသေစွာ ရှိခိုးလျက် ဤသို့လျှောက်ထားကြလေ၏။

## လူတော်ခြောက်ဦး၏စိတ်ထား

''ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သာကီဝင်များသည် ဇာတိပုညဂုဏ်မာနဖြင့် မာန်စောင်တက်ကြွ ခက်ထန်ကြပါသည်ဘုရား။ ဤဥပါလိ ဆတ္တာသည်မှာ ကာလရှည်ကြာစွာကပင် တပည့်တော်တို့၏ ကျေးကျွန်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ကျေးကျွန်ဖြစ်သော ဆတ္တာသည်ဥပါလိအား ဦးစွာရဟန်းပြုပေးတော်မူပါဘုရား။

''ဤသို့ ပြုခဲ့သည်ရှိသော် တပည့်တော်တို့သည် ဥပါလိကို ရှိခိုးခြင်း၊ ရိုသေသမှုပြုခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်ဘုရား။ ထိုသို့ပြုခြင်းဖြင့် တပည့်တော်တို့ သာကီဝင်မင်းသား ရဟန်းများ၏ ကြီးမား ခက်ထန်သော ဇာတိမာန်များ ကျဆင်းကျိုးနွံသွားကြမှာပါဘုရား''

ဤလျှောက်ထားချက်ကို ကြည့်ခြင်းအားဖြင့် အရှင်ဒေဝဒတ်သည် မည်မျှတော်သည့် လူတစ်ယောက်ဖြစ်သည်ကို သိနိုင်ပါသည်။ ဤသို့လျှင် လူတော်တစ်ယောက်ဖြစ်သည့် အရှင်ဒေဝဒတ်သည် လောကီစျာန်များကိုပင် ရရှိသည်အထိ တော်ပါသော်လည်း မြတ်စွာဘုရားရှင်ကို မကျေနပ်သောဒေါသ၊ တွေဝေမိုက်မဲမှုဟူသော မောဟတို့ကို မဆင်ခြင်၊ မသိမ်းဆည်းနိုင်ခြင်းအားဖြင့် သာသနာ့သမိုင်းတွင် လူဆိုးတစ်ယောက်အဖြစ်မော်ကွန်းဝင်ခဲ့ရသည်။

## နိုင်ငံရေးလောကထဲမှ လူဆိုး

ယနေ့ခေတ်နိုင်ငံရေး လောကထဲမှ လူဆိုးများကို တင်ပြရမည်ဆိုလျှင် အလွန်ပင်များပြားလှပါ၏။ ထိုများလှစွာသော လူဆိုးများမှ တစ်ဦးတစ်ယောက်ကို သာဓကပြပါ ဟု ဆိုလာပါလျှင်'ဂျူနီဦးစော'ကို စံနမူနာပြလိုပါသည်။ ဂျူနီဦးစောသည် လူတော်တစ်ယောက်ဖြစ်ကြောင်းကို နိုင်ငံရေးသမားတိုင်း သိရှိ

လက်ခံထားကြသည်။ သို့သော် အာဏာမက်မောလွန်းသော လောဘ၊ ငမ်းငမ်းတက် အရူးအမူး လိုချင်လှသော အာဏာကို မရသည့်အတွက် ဖြစ်ရသည့်ဒေါသတို့ကြောင့်၊ အမှားအမှန်ကို မဆင်မခြင်နိုင်သည့် မောဟတိမ်သလွှာ ဖုံးအုပ်ပြီး အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံမှုကြောင့် မြန်မာ့သမိုင်းကို အိုးမဲသုတ်သော လူဆိုးကြီးအဖြစ် ကမ္ပည်းတင်ခံခဲ့ရပြီ ဖြစ်၏။

## ကိုယ့်ကိုယ်ကို အထင်ကြီးသော ဆရာဝန်လူဆိုး

မန္တလေးမြို့တွင် အဆောက်အဦလုပ်ငန်းကို စာရေးသူ လုပ်ဆောင်စဉ်ကာလက တစ်ဖက်တိုက်တွင် ခေါင်းတုံးနှင့် အူကြောင်ကြောင် လူတစ်ယောက်ကို တွေ့ခဲ့ဖူးသည်။ ထိုသူသည် ယခင်က အလွန်နာမည်ကြီးသော ဆရာဝန်လူတော်တစ်ယောက် ဟု သိရသည်။ ထိုဆရာဝန်သည် နံပါတ်ဖိုး စွဲနေသူများ၊ အခြားမူးယစ်ဆေးဝါး စွဲနေသူများကို မူးယစ်ဆေးပြတ်အောင် ကုသပေးရာတွင် အလွန်တော်သည့်အတွက် သူဌေးသူကြွယ်များ၊ ငွေရှင်ကြေးရှင်များနှင့် အရာရှိကြီးများသည် ဆေးစွဲနေသည့် သူတို့သားသမီးများကို ထိုဆရာဝန်ထံတွင် ကုသမှုခံယူစေကြလေ၏။

တစ်နေ့တွင် ထိုဆရာဝန်သည် လူငယ်တွေ ဘာကြောင့် မူးယစ်ဆေးဝါး စွဲနေရသည်ကို တွေးတောရင်းမှ လက်တွေ့သိလိုသည့်ဆန္ဒကြောင့် ကိုယ်ကိုယ်တိုင် စမ်းသပ် သုံးစွဲကြည့်မိသည်။ ထို့ပြင် ထိုဆရာဝန်သည် သူ့ကိုယ်သူ အထင်ကြီးနေဟန်ရှိပြီး–

"ငါ၊ မူးယစ်ဆေး စွဲနေသူတွေကို ဆေးကုပေးနေတာပဲ။ ငါကိုယ်တိုင် မူးယစ်ဆေးဝါးရဲ့သားကောင် မဖြစ်နိုင်ဘူး" ဟု သူ့ကိုယ်သူ အပိုင်တွက်ထားခဲ့သည်။ သို့သော် ထိုဆရာဝန်သည် ဆေးစွဲမှန်းမသိ စွဲသွားတော့သည်။ နောက်ဆုံးတွင် သူ့မိသားစုဝင်များ သိသွားသဖြင့် ဆေးရုံသို့ပို့ကာ ဆေးဖြတ်ရတော့သည်။ ဆေးကုသခွင့်လိုင်စင်(ဆမ)လည်း သိမ်းဆည်းခံရသည်။

ထို့ကြောင့် မည်သူမည်မျှ တော်စေကာမူ၊ ငါက ဆရာပဲ၊ ငါ အကုန်သိတယ်၊ တတ်တယ်၊ ငါ့ကို သတိပေးစရာ မလိုဟု ခံယူပြီး၊ မည်သူ၏ ဆုံးမမှုကိုမျှ မခံယူပါက ပဲ့ပြင်ဆုံးမမှုဘောင်အတွင်းမှ လွတ်သွားကာ ဆင်ခြင်တုံတရား ကင်းမဲ့သွားသည်နှင့် ထိုလူတော်သည် လူဆိုးဖြစ်သွားရတော့မည်မှာ သေချာလှပါ၏။

စာပေလောကထဲ၌ပင် လူတော်လူဆိုးစာရေးဆရာများ ရှိနေပါသည်။ စာဖတ်ပရိသတ်အား ရေးသားညွှန်ပြနေသည်က ဘာသာရေးစာပေ၊ ကိုယ်တိုင်ကမူ မည်သူနှင့်တွေ့တွေ့၊ မည်သူနှင့် ဆွေးနွေးပါစေ၊ ငါသိငါတတ်၊ ငါ့လောက်မှနားမလည် ဆိုသည့် မာန်မာနများဖြင့် ဒေါသအလံတလူလူ လွှင့်နေသည်များကိုလည်း တွေ့ရသည်။

စာရေးဆရာချင်း တွေ့ဆုံလျှင်ပင် မေတ္တာနှင့် မဆက်ဆံဘဲ ငါ့ကိုပဲ လေးစားရမယ် ဆိုသည့် အမူအရာ၊ အနေအထား၊ ဆက်ဆံရေးများ၊ အခြားစာရေးဆရာများ၏စာအုပ်ထဲမှ စာမှန်သမျှကို အမှားရှာ၊ အပြစ်ထောက် ဝေဖန်လျက်၊ မဂ္ဂဇင်းစာစောင်များတွင် ထည့်ဝင်ရေးသားကာ အရှက်တကွဲဖြစ်စေရန် ရေးသားလျက်ရှိနေသည်။ ၎င်း၏ အရေးအသားများမှာ စေတနာကောင်းနှင့် ဝေဖန်ခြင်းမျိုး မဟုတ်ဘဲ ဣဿာမစ္ဆရိယ၊ ဒေါသ

နှင့် ဝေဖန်ခြင်းမျိုးများဖြစ်နေသည်။

အဆိုပါစာရေးဆရာမျိုးသည် သူ တော်ကြောင်း၊ တတ်ကြောင်း မည်မျှပင် ပြသနေစေကာမူ၊ 'စာရေးနိုင်သော စာရေးဆရာ'ဆိုသည့် လူတော်တစ်ယောက်ဖြစ်ပါလျက်၊ သူ့စိတ်ထဲမှ ဣဿာမစ္ဆရိယ ဗျာပါဒကြောင့် လူဆိုးဖြစ်သွားရပြန်ပါသည်။

## ကလေးလောက်မှ မလိမ္မာ

တစ်ခါတစ်လေ လူကြီးဖြစ်သော်လည်း သတိလက်လွတ်ဖြစ်နေသည့်အခါမျိုးတွင် အသက်လေးငါးနှစ် ကလေးလောက်ပင် မလိမ္မာသည့် အခြေအနေဖြစ်သွားတတ်သေးသည်။

တစ်ခါက ဝန်ထမ်းအိမ်ရာတစ်ခု၏ ရှေ့မျက်နှာစာတွင် ကလေးနှစ်ယောက် အရုပ်လုရင်း ရန်ထဖြစ်ကြသည်။ ကြားသိသွားကြသည့် နှစ်ဘက်မိဘများ၊ အဒေါ်နှင့် ဆွေမျိုးများပါ ပါဝင်လာကြပြီး လူကြီးချင်းပါ စကားများ ရန်ဖြစ်ကြသည်။

ထိုသို့ လူကြီးများ အချင်းများလာကြသောအချိန်တွင် ကလေးနှစ်ယောက်မှာ ပြန်တည့်လျက် နှစ်ယောက်သား အတူတကွ ဆော့ကစားနေကြလေသည်။ ထိုအဖြစ်ကိုမြင်သည့် အဘွားကြီးတစ်ယောက်က—

"ဟဲ့၊ တော်ကြတော့၊ ညီးတို့ လူကြီးတွေက ရန်ဖြစ်နေကြတာ မပြီးတော့ဘူး။ ဟိုမှာ ကလေးတွေက ပြီးသွားလို့ ပြန်ခေါ်ပြီး အတူတောင် ဆော့နေကြပြီ။ တကတည်းတော် ခလေးတွေလောက်မှ မလိမ္မာကြဘူး"

ထိုအခါကျမှ ရန်ဖြစ်ကောင်းနေကြသော လူကြီးများမှာ အတူဆော့နေကြသော ကလေးနှစ်ယောက်ကို ကြည့်ပြီး ရှက်ကိုးရှက်ကန်းနှင့် အိမ်ထဲသို့ ပြန်ဝင်သွားကြလေ၏။

ဤစာအုပ်တွင် ဆရာတော်သည် 'ကလေးကို လိမ္မာစေချင်လျှင် သူ့အဘိုးကို ဆုံးမ'ဆိုသည့်အတိုင်း၊ လူတော်ဖြစ်မည့်သူများသည် မိဘ၊ ကျောင်းဆရာ–ဆရာမများကြောင့် လူဆိုးဖြစ်မသွားဘဲ၊ လူတော်လူကောင်းသာ ဖြစ်စေလိုသည့် မေတ္တာစေတနာဖြင့် ရေးသားထားပါကြောင်း၊

ရှေ့ပြေးစာလွှာအဖြစ် တင်ပြလိုက်ရပါသည်။

## လူကြီးအပြစ်

ကလေးမိုက်တာ၊ လူကြီးတွေကြောင့်သာ ဖြစ်ကြောင်း ထင်ရှားပါ၏။ အရက်ချက်ကြသည်မှာ လူကြီးများဖြစ်ပြီး၊ အရက်ထုတ်လုပ် ရောင်းချကြသည်မှာလည်း လူကြီးတွေပင် ဖြစ်၏။ လောင်းကစားနှင့် အခြားသော ဒုစရိုက်မှန်သမျှမှာလည်း လူကြီးများသာလျှင် ..... ......။

**ညီမေတ္တာ**

***လူတော်လူကောင်း*** ဟူသော စကားနှင့်သာ ရင်းနှီးနေသော စာဖတ်သူအတွက် ***လူတော်လူဆိုး*** ဟူသော ခေါင်းစီးကို တွေ့လိုက်ရသောအခါ တအံ့တဩဖြစ်သွားမည်ဟုထင်သည်။ ယခုတင်ပြမည့် မိန်းကလေးမှာ ဉာဏ်ကောင်းသလောက်၊ စာတော်သလောက်၊ တကယ် ဆိုးသူလေးတစ်ယောက် ဖြစ်သည်။ သူ့စကားအတိုင်း ပြောရလျှင် သူမသည် ကာမေသုမိစ္ဆာစာရကံမှ တစ်ပါး ကျန်ကံလေးပါး အကုန်လုံး ၂၄ နှစ်အရွယ်ထိ ကျူးလွန်ဖောက်ဖျက်နေခဲ့သူ ဖြစ်သည်။

သို့သော် သူမသည် ဉာဏ်ထက်သော၊ စာတော်သော ဆေးကျောင်းသူ တစ်ယောက်ဖြစ်သည်။ ယခုအချိန်တွင် ဆရာဝန်တစ်ယောက်ပင် ဖြစ်နေလေပြီ။ တော်သလောက် ဆိုးသောကြောင့် ***လူတော်လူဆိုး*** ဟု ခေါင်းစီးတပ်လိုက်ရခြင်းဖြစ်သည်။ သူမ မည်မျှလောက်ထိ ဆိုးသည်ကို စာရေးသူ ရေးပြရန် မလိုပါ။ သူမကိုယ်တိုင် စာရေးသူထံ ရေးပြထားသောစာကို မူရင်းအတိုင်း ဖော်ပြပါမည်။

သုံးစောင်မှာ သူမကိုယ်တိုင်ရေးခြင်းဖြစ်ပြီး၊ ကျန်တစ်စောင် မှာ သူမနှင့် ဆိုးဖော်ဆိုးဖက် သူငယ်ချင်းမတစ်ယောက်က ရေးခြင်း ဖြစ်သည်။ လူတစ်ယောက်တွင် စိတ်ကောင်းရှိဖို့သည် အရေးကြီးဆုံး အချက်ဖြစ်သည်။ စိတ်ကောင်း မရှိလျှင် ဉာဏ် ကောင်းလေ၊ ပညာတတ်လေ လောကကို ပိုပြီးဒုက္ခပေးလေ ဖြစ်သည်။

ရေသန့်ဘူးထဲမှ ရေသည် ပညာတော်သူနှင့်တူသည်။ သန့်ရှင်းသော ဖန်ခွက်သည် စိတ်ကောင်းရှိခြင်းနှင့် တူသည်။ ထိုဖန်ခွက်က မသန့်ရှင်းဘဲ ကြေးညှော်စော် နံနေမည်ဆိုလျှင် ရေမည်မျှလောက် သန့်သန့်သောက်၍ အဆင်ပြေမည် မဟုတ်ချေ။ ထို့အတူ ပညာမည်မျှလောက် တော်တော်၊ ဉာဏ် မည်မျှ လောက်ကောင်းကောင်း စိတ်ကောင်းမရှိပါက လောကအတွက် ဘာမှကောင်းကျိုးမပြုသော အမှိုက်စ တစ်စသာ ဖြစ်ပေသည်။

လူတစ်ယောက် ဆိုးရာ၌ သူ၏ပင်ကိုယ်ဗီဇလည်း ပါသလို မိဘ၊ဆရာ၊ မိတ်ဆွေ စသောပတ်ဝန်းကျင်လည်းပါသည်။ ယခု ဖော်ပြမည့် မြတ်မဇ္ဈူ ဆိုသောကလေးမလေးမှာ သူမ၏ပင်ကို ဗီဇကလည်း ဆိုးသောညာဉ်ပါသည်။ သူမ၏ ပတ်ဝန်းကျင်က လည်း မကောင်းခဲ့ပေ။ ဤနေရာ၌ မကောင်းဆိုသည်မှာ လူဆိုး တွေချည်း ဟု ဆိုလိုသည် မဟုတ်။ ကောင်းဖို့ ပြုပြင်ပေးနိုင်စွမ်း မရှိသူများဟု ဆိုလိုပေသည်။ သူမ၏ မိဘနှစ်ပါးလုံး ဘာသာရေး ဘက်က အားနည်းကြသည်။ သူတို့အိမ်တွင် လက်ဝဲစာပေများ ရှိနေခြင်းက သက်သေခံနေသည်။ သူမ စာဖတ်ကာစက လက်ဝဲ စာပေများကို ဖတ်မိသောအချက်ကလည်း လူဆိုးဖြစ်ဖို့အတွက် အထောက်အပံ့တစ်ခု ဖြစ်စေဟန်တူသည်။



သူမသည် ဘာသာရေးစာအုပ်ဆို၍ အသက် နှစ်ဆယ့် လေးနှစ်အရွယ် လူသတ်မှု ကျူးလွန်ခါနီးကျမှ စတင်ဖတ်ဖြစ် ခဲ့ခြင်းဖြစ်သည်။ သူမကိုယ်တိုင် ရေးသော စာထဲတွင် ဤ အကြောင်းအရာ အပြည့်အစုံပါပါလိမ့်မည်။ တကယ်တော့ သူမ သည် အမေရှိသေးသော်လည်း မိဘမဲ့ကလေးတစ်ယောက်လို ဖြစ်နေခဲ့သည်။ သူမ ဆယ်နှစ်သမီးအရွယ်တွင် သူမ၏ဖခင်သည် သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ သူမ၏ ဖခင်သည် ဆရာဝန်တစ်ယောက်ပင်ဖြစ်သည်။ မိခင်သည် သူနာပြုဆရာမ တစ်ဦးဖြစ်သည်။ နိုင်ငံရေးပြဿနာတစ်ခုကြောင့် အလုပ်မှထွက် လိုက်ပြီး နိုင်ငံခြားမှာပင် အလုပ်သွားလုပ်ရသည်။ ထို့ကြောင့် လည်း သူမမှာမိခင်ရှိပါသေးလျက် မြန်မာပြည်တွင် တစ်ယောက် တည်း ကျန်ခဲ့ပြီး မိဘမဲ့ကလေးတစ်ယောက်လို နေခဲ့ရခြင်း ဖြစ်သည်။

သူမသည် စာရေးသူ၏ စာအုပ်များကြောင့် မသေဘဲ သူတော်ကောင်းဘဝသို့ ပြောင်းခဲ့ရသူဖြစ်သည်။ ထို့ကြောင့် စာရေးသူကို မိဘကဲ့သို့ ခင်မင် တွယ်တာသည်။ သူတစ်ပါးကို မပြောခဲ့သော အကြောင်းအရာများကို စာရေးသူအား ပြောပြ သည်။ ဖော်ပြလာခဲ့သော စာများသည်ပင် စာရေးသူတစ်ဦး တည်းအတွက်သာ ရေးထားခြင်းဖြစ်သည်။ တခြားသူများကို သူမအနေဖြင့် မသိစေချင်။ စာရေးသူကိုယ်တိုင် ခွင့်တောင်း သဖြင့်သာ ခွင့်ပြုခြင်းဖြစ်သည်။

သူမပြောပြသော အကြောင်းအရာတစ်ခုတွင် သူမ၏ဖခင် သည် သူမကို သားသမီးများထဲတွင် အချစ်ဆုံးဖြစ်သည်။ သူမ တစ်ယောက်သာ မိန်းကလေး ပါသည်။ ထို့ကြောင့်လည်း ဖခင်

က အချစ်သည်းဟန်တူသည်။ ချစ်လွန်းသဖြင့် အိမ်မှာ အမိန့်ထုတ်ထားသည်။ သမီးလေး ဘာလုပ်လုပ် ငြိမ်ခံရမည်။ မတားဆီးရ၊ မမာန် မငေါက်ရဟူ၏။ တစ်ခါတွင် သူမသည် ကလေးထိန်း မိန်းမတစ်ယောက်၏ခေါင်းကို စိတ်ဆိုးပြီး ဆေးလိပ်ခွက်ဖြင့် အချက်များစွာ ခုတ်သည်။

သူမ၏ ဖခင်အမိန့်ကြောင့် မတားရဲကြ။ ခေါင်းလည်း ကွဲ၊ ဆေးလိပ်ခွက်လည်း ကွဲမှ အရိုက်ရပ်သွားတော့သည်ဟူ၏။ ဤသည်ကား ပတ်ဝန်းကျင် မကောင်းခြင်းပင် ဖြစ်၏။ မတရားသဖြင့် လုပ်တာကို မတားမြစ်သောအခါ ကလေး၏ စိတ်ထဲတွင် လုပ်ကောင်းသည်ဟု ယူဆသွားသည်။ ဤအချက်သည်ကား သူမ၏ဗီဇကိုက နိုင်ထက်စီးနင်းလုပ်ချင်သော ဝါသနာရှိကြောင်း ပေါ်လွင်သည်။ ယခု သူမ၏စာကို ဆက်ဖတ်ပါ။ သူမ၏ စာဆုံးမှ ပတ်ဝန်းကျင် မကောင်းပုံကို ဆက်လက်ရေးသားပါမည်။

ဘုရားတပည့်တော်မရဲ့ အလွန်ကြီးမားလှတဲ့ ကျေးဇူးရှင်ဖြစ်တော်မူသော ဆရာတော်ဦးဇဝန(မေတ္တာရှင်–ရွှေပြည်သာ)ဘုရား၊ တပည့်တော်မ ကျေးဇူးရှင် ဆရာတော်ဘုရားရဲ့ ခြေတော်အစုံကို ရှိခိုးကန်တော့ပြီး စာရေး လျှောက်ထားလိုက်ပါတယ်ဘုရား။

ဘုရားတပည့်တော်မ လျှောက်ထားတဲ့ .စာရှည်တဲ့အတွက် သည်းခံခွင့်လွှတ်တော်မူပါ ဆရာတော်ဘုရား။ တပည့်တော်မရဲ့ ပုံမှန်လက်ရေးက သေးပါတယ်ဘုရား။ အရှင်ဘုရား ဖတ်ရတာ မရှင်းမှာစိုးလို့၊ နောက်ပြီး အရှင်ဘုရား စာကြည့်မျက်မှန် သုံးရမှန်း သိလို့ တပည့်တော်မ လက်ရေးကြီးကြီး လှလှ ရေးရတာပါဘုရား။ တပည့်တော်မ ဆရာတော်ဘုရားဆီ စာရေး လျှောက်ထားဖို့ ခဏခဏ ကြံပါတယ်ဘုရား။ ဒါပေမဲ့ ဘယ်လိပ်စာနဲ့



ထည့်ရင် ဆရာတော်ဘုရားဆီ ရောက်ဖို့သေချာတယ်ဆိုတာလည်း မသိပါဘူးဘုရား။ ဆရာတော်ဘုရားကို ဖူးတွေ့ခွင့်ရဖို့လည်း တပည့်တော်မ ကြိုးစားခဲ့ဖူးပါတယ် ဘုရား။

တပည့်တော်မ ဖုန်းဆက်မေးတော့ ဆရာတော်က ကော့သောင်းမှာတဲ့ ဘုရား။ တပည့်တော် ခဏခဏ မေးရမှာလည်း အားနာပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော် ဆရာတော်ဘုရားကို အသေအချာ ရှိခိုးဦးခိုက် ဖူးတွေ့ချင်ပါတယ်ဘုရား။ တပည့်တော်မ ဘဝမှာ မသေခင် အရှင်ဘုရားကို အသေအချာ ရှိခိုးဦးခိုက် ဖူးတွေ့ချင်ပါတယ်ဘုရား။ ဒီလိုလျှောက်လို့ တပည့်တော် သေခါနီးဆဲဆဲ၊ သေရမယ့်ရောဂါတစ်ခုခု ရနေလို့ မဟုတ်ပါဘူးဘုရား။ ဒါပေမဲ့ တပည့်တော်မ စိတ်ထဲမှာ စိုးရိမ်တာပါဘုရား။

ဘာဖြစ်လို့လဲဆိုတော့ အရှင်ဘုရားက တပည့်တော်မဘဝရဲ့ ကျေးဇူးရှင်ပါဘုရား။ ဆရာတော်ဘုရားက မသိပေမယ့် တပည့်တော်မ ဘဝမှာ မိုက်မဲတဲ့ အမှားအယွင်းတွေက ရှောင်ရှားနိုင်အောင်၊ ပြုမိပြီးတဲ့ အမှားတွေကို ထပ်မကျူးလွန်မိဖို့ ကြိုးစားနိုင်တဲ့၊ ထိန်းသိမ်းနိုင်တဲ့ စိတ်ခွန်အားကို ရအောင် ကယ်တင်လမ်းပြဆုံးမခဲ့တဲ့၊ တပည့်တော်မကို အလင်းရောင်ပေးခဲ့တဲ့ ကျေးဇူးရှင်ဟာ ဆရာတော်ဘုရားပါ ဘုရား။ အရှင်ဘုရားရဲ့ ကျေးဇူးတော်ဟာ တပည့်တော်မအတွက် ဆပ်လို့မကုန်နိုင်တဲ့ ကျေးဇူးတွေမှန်း သိပေမယ့် တပည့်တော်မ တတ်စွမ်းသလောက် အရှင်ဘုရားကို လှူဖွယ်ဝတ္ထု တစ်ခုခု ဆက်ကပ်ပြီး ရှိခိုးဦးခိုက်ခွင့် ရချင်ပါတယ် ဘုရား။

တပည့်တော်မ အရှင်ဘုရားကို အပြင်မှာ အရင်က တစ်ခါမှ မတွေ့ဖူးပါဘူး ဘုရား။ ပြီးခဲ့တဲ့ ၂၂-၉-၂၀၁၀ နဲ့ ၂၃-၉-

၂၀၁၀ ညတွေမှာ လှိုင်မြို့နယ် ကျားကျောင်းမှာ အရှင်ဘုရားရဲ့ တရားပွဲကို လာပြီးနာခွင့်ရပါတယ်ဘုရား။ ၂၁ ရက်နေ့က မသိခဲ့ရလို့ မနာခဲ့ရပါဘူး။ တရားပွဲမှာ အရှင်ဘုရားရဲ့ မျက်နှာတော်ကို သေချာ ဖူးတွေ့ခွင့်ရဖို့ အရှင်ဘုရား ကြွလာမယ့် လျှောက်လမ်းဘေးက နေရာရအောင် ယူရပါတယ်ဘုရား။

တပည့်တော်မ ပထမဦးဆုံးအကြိမ် အရှင်ဘုရားကို အပြင်မှာ ဖူးတွေ့ဖူးတာပါဘုရား။ အရှင်ဘုရား မျက်နှာတော်ကို ဖူးတွေ့ခွင့်ရတဲ့အချိန်မှာ တပည့်တော်မ စိတ်ထဲက ငြိမ်းချမ်းသာယာမှုဟာ တပည့်တော်မ ဘဝမှာ ဘယ်သူ့မျက်နှာကို မြင်ရလို့မှ ဒီလောက် အေးငြိမ်းချမ်းသာမှု မဖြစ်ခဲ့ဖူးပါဘူး ဘုရား။

တရားနာ ပရိသတ်ကိုကြည့်တဲ့ အရှင်ဘုရား မျက်နှာပေါ်က ကရုဏာရိပ်၊ မေတ္တာရိပ်မျိုးကို တပည့်တော်မ ဘယ်သူ့ဆီမှာမှ မတွေ့ခဲ့ရဖူးပါဘူး ဘုရား။ အရှင်ဘုရားရဲ့ အရမ်းစင်ကြယ်ပြီး သိမ်မွေ့တဲ့ ကရုဏာမျက်လုံးတော်တွေနဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ တပည့်တော်မ စိတ်ထဲမှာ ကွဲကွာနေတာ ကြာတဲ့ ဖခင်ရဲ့ရှေ့ကို ရောက်နေရသလို အေးငြိမ်းချမ်းသာရတဲ့အပြင် အရာရာကို သိရှိနားလည်ပြီး ကရုဏာနဲ့၊ ခွင့်လွှတ်ခြင်းနဲ့ ကြည့်နေတဲ့ ဖခင်ရဲ့ရှေ့မှာ ရောက်နေတဲ့ မိုက်မိဆိုးမိခဲ့တဲ့၊ အပြစ်ရှိခဲ့တဲ့၊ ကလေးတစ်ယောက်လို ခံစားရ မျက်ရည်ဝိုင်းခဲ့ရပါတယ် ဘုရား။

တပည့်တော်မဘဝမှာ အရှင်ဘုရားရဲ့ စာအုပ်တွေက တစ်ဆင့် အရှင်ဘုရားရဲ့ အဆုံးအမကို မရခဲ့ခင်အချိန်တွေတုန်းက မိုက်မဲခဲ့သမျှ တပည့်တော်မ ဝန်ခံလျှောက်ထားပါတယ်ဘုရား။ တပည့်တော်မ မိုက်မဲခဲ့တာ အရှင်ဘုရား ကျေးဇူးတော် တပည့်တော်မအပေါ် ဘယ်လောက်ကြီးမားတယ်ဆိုတာကို



တပည့်တော်မ အရှင်ဘုရားရှေ့မှာ ကိုယ်တိုင်လျှောက်တင်ခွင့်ရဖို့ ခက်ပါတယ်ဘုရား။

ဒါကြောင့် စာရှည်ရခြင်းကို သည်းခံ ခွင့်လွှတ်တော်မူပါဘုရား။ အရှင်ဘုရားရဲ့ စာအုပ်တွေကို တပည့်တော်မ မနှစ်က ၂၀၀၉ ခုနှစ်အချိန်လောက်ကမှ စပြီးဖတ်ဖူးတာပါဘုရား။ အခု အရှင်ဘုရားရဲ့စာအုပ်တွေအားလုံး နောက်ဆုံးဝယ်လို့ရတဲ့ "ဖယောင်းတိုင်"အထိ ဖတ်ပြီးပါပြီဘုရား။ အဲဒီ မတိုင်မီ အချိန်တုန်းက တပည့်တော်မဟာ လိမ္မာတဲ့မိန်းကလေး မဟုတ်ခဲ့ပါဘူး ဘုရား။ အခုလည်း အလုံးစုံလိမ္မာပြီလို့ မပြောရဲပါဘူးဘုရား။ ဒါပေမဲ့ တပည့်တော်မဘဝမှာ အမှားနဲ့အမှန်ကို ခွဲခြားတတ်လာပြီး ဗုဒ္ဓဘုရားရှင်ရဲ့အဆုံးအမတွေနဲ့ ရတနာသုံးပါးရဲ့ တန်ဖိုးကို တပည့်တော်မ ဉာဏ်မီသလောက် နားလည်လာပါပြီ ဘုရား။

**ကျောင်းအုပ်ကို ဓားကြိမ်းကြိမ်းသူ**

တပည့်တော်မဟာ ငယ်ငယ်တည်းက ဆိုးတဲ့ကလေး ဖြစ်ခဲ့ပါတယ် ဘုရား။ မိန်းကလေးတန်မဲ့ ဆိုးလွန်းလို့ အထက်တန်းကျောင်း ရှစ်တန်းနှစ်လောက်မှာ ကျောင်းတက်ခွင့် မရဘဲ ကျောင်းက နားထားခံခဲ့ရဖူးပါတယ် ဘုရား။ ကျောင်းအုပ်ဆရာမကြီးကို ဓားနဲ့ထိုးမယ်လို့ ပြောမိခဲ့လို့ပါ ဘုရား။ ကျောင်းအုပ်ကြီးမှတ်တမ်းထဲမှာ–

"နောက်နောင် မလုပ်တော့ပါ"

ဆိုတဲ့ ဝန်ခံချက်လက်မှတ်တွေ အကြိမ်များစွာ ထိုးခဲ့ရဖူးပါတယ်ဘုရား။ သူများဝတ်ထားတဲ့အင်္ကျီကို သက်သက်မဲ့ နောက်ခုံကနေ ကပ်ကြေးနဲ့ ညှပ်တာမျိုး။ ငယ်ငယ်က လုပ်ကိုလုပ်ချင်ခဲ့တာပါဘုရား။

မိန်းကလေးပေမယ့် ယောကျ်ားလေးတစ်ယောက် ဆိုးပုံမျိုးနဲ့ ဆိုးခဲ့တာပါဘုရား။ အတိတ်ကုသိုလ်ကံကြောင့်ရော၊ အခုဘဝ ကြိုးစားမှုကြောင့်ရော၊ တပည့်တော်မဟာ လောကီဉာဏ် ထက်မြက်တဲ့ အထဲမှာ ပါခဲ့ပြီး ၁၀ တန်း အောင်ပြီးခဲ့တဲ့နောက် ၂၀၀၃–၂၀၀၄ မှာ ဆေးတက္ကသိုလ်တက်ခွင့် ရခဲ့ပါ တယ်ဘုရား။ တပည့်တော်မ အခု ၂၀၁၀မှာ ဆေးတက္ကသိုလ် (၁)ကနေ ဆရာဝန်ဘွဲ့ ရခဲ့ပြီးပါပြီ ဘုရား။

တပည့်တော်မ အချိန်တိုင်း၊ လူတိုင်းအပေါ် စိတ်ထား ကောက်ကျစ်၊ ပုပ်နေတာမျိုး မဟုတ်ခဲ့ပေမယ့် စိတ်ထားပြည့်ဝတဲ့၊ ကောင်းတဲ့အထဲမှာလဲ မပါခဲ့ဘူးလို့ ကိုယ့်ကိုယ်ကို သိပါတယ် ဘုရား။ စိတ်ထဲမှာ အငြိုးထားတတ်ပြီး အရမ်းအာဃာတကြီးခဲ့ အငြိုးအတေးကြီးခဲ့ပါတယ်။ ရက်စက်တဲ့သဘောလည်း ရှိခဲ့ပါ တယ်ဘုရား။ တစ်ခုခုကို မကျေမနပ် အငြိုးထားမိပြီးရင် တကူး တက ကြံစည်ကောက်ကျစ်ပြီးတော့ လက်စားချေတတ်တဲ့ စရိုက် ရှိခဲ့ပါတယ်။ စိတ် အလိုကိုလိုက်ပြီး ဘာကိုမှ ဂရုမစိုက်တတ်တဲ့ စရိုက်လည်း ရှိခဲ့ပါတယ် ဘုရား။

တပည့်တော်မ မိဘများက အရမ်းကြီးမချမ်းသာ၊ မကြွယ်ဝ ကြပါဘူးဘုရား။ တပည့်တော်မ ငါးတန်းနှစ်လောက်မှာ ဖခင် ကွယ်လွန်ခဲ့ပြီး မိခင်က အခုချိန်ထိ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ဆဲ၊ နေထိုင်ဆဲပါဘုရား။ မိဘများက သာမန်ထက်အနည်းငယ် ပိုပြီး နေနိုင်စားနိုင်ရုံလောက်ပဲ။ အတူအမြဲ မနေရပေမယ့် မိဘတို့ရဲ့ ကြီးမားလှတဲ့မေတ္တာကြောင့် တပည့်တော်မကို အလိုလိုက်မယ့်၊ ဦးစားပေးမယ့် ပတ်ဝန်းကျင်မျိုးကို ငွေအား၊ လူအားနဲ့ တပည့်တော်မအတွက် ဖန်တီးပေးထားပါတယ်ဘုရား။



တပည့်တော်မက မွေးချင်းယောကျ်ားလေးတွေကြားက တစ်ဦးတည်းသော သမီး၊ ပညာလည်း တော်တယ်ဆိုပြီး ပုံမှန်ထက် အလိုလိုက်ခံရပါတယ် ဘုရား။ မုန့်ဖိုးကို သိန်းချီပြီး သုံးခွင့်ရတဲ့အထဲမှာ ပါခဲ့ပါတယ်ဘုရား။ အရှင်ဘုရားဆီမှာ တပည့်တော်မရဲ့ မိုက်မဲဆိုးသွမ်းခဲ့တာတွေ ဝန်ခံလျှောက်ထား ရတာ စိတ်ထဲမှာ စိုးရိမ်ပါတယ်ဘုရား။ အရှင်ဘုရားက အလွန် မေတ္တာ၊ ကရုဏာကြီးမားတဲ့ ဆရာအရှင်မြတ်ဆိုတာ တပည့်တော်မ ယုံပေမယ့် တပည့်တော်မရဲ့ ကျေးဇူးရှင် အလင်းရောင်ရှင် ဆရာတော်ဘုရား ကဲ့ရဲ့ အထင်သေးမှာ စိုးရိမ်ပါတယ်။ ကြောက်ပါတယ်ဘုရား။

သူတော်ကောင်းတို့ရဲ့ အမြင်မှာ ကဲ့ရဲ့စရာတွေမှန်း သိလာတော့ ပိုကြောက်တာပါဘုရား။ တပည့်တော်မဟာ သာမန်တော်ရုံ၊ တန်ရုံ ယောကျ်ားလေးတစ်ယောက် ဆိုးပုံမျိုးထက် အများကြီး ပိုပြီးဆိုးခဲ့တာပါဘုရား။ ဆယ်တန်းအောင်ပြီးကာစ အသက် ၁၈ နှစ်တောင် မပြည့်သေးခင်အရွယ်မှာ တော်တော်များများ မိုက်မဲဆိုးသွမ်းခဲ့ပြီးပါပြီ ဘုရား။

တပည့်တော်မဟာ အရင်ကမိရိုးဖလာဗုဒ္ဓဘာသာပါဘုရား။ အဲဒီ အဆင့်ထက်ကို လျော့ပါတယ်ဘုရား။ ဘုရားတောင် မှန်မှန် ရှိခိုးရမှန်း သိတာ မဟုတ်ပါဘူး။ ဆိုးလိုက်၊ စိတ်ပျော်ရာ စိတ်ထင်ရာလုပ်လိုက်နဲ့ နေခဲ့တာပါ။ စာတော်တာလည်း ကောင်းလွန်းလို့ မဟုတ်ပါဘူး။ နဂိုဉာဏ်ထက် လို့ရယ် ဆိုနိုင်တယ်။ ဒါပေမဲ့ ငါ သူများထက် တော်တယ်။ ဘာလုပ်ချင်လဲဆိုတဲ့ မောက်မာတဲ့စိတ်မျိုးနဲ့ စာကြိုးစားခဲ့လို့ပါဘုရား။

## တောက်ပြောင်းလို ဆေးကျောင်းသူ

အရှင်ဘုရား‌ရဲ့ အဆုံးအမ မရခင်အထိ တပည့်တော်မ ဆိုးမိုက်ခဲ့သမျှ လျှောက်တင်တာကို သည်းခံတော်မူပါဘုရား။ တပည့်တော်မ သူများပစ္စည်းလည်း ခိုးတတ်ခဲ့ပါတယ်။ ခိုးလေ့ရှိခဲ့ပါတယ်ဘုရား။ ကိုယ်တိုင်လည်း မိဘက သူများတန်းတူဆိုတာ ထက်ကိုသာအောင်ထားနေပါလျက် သူများပစ္စည်းကို လွယ်လွယ်ရရင် အခြေအနေပေးရင် ခိုးကိုခိုးချင်ခဲ့တာပါဘုရား။

အရက်သေစာလည်း သောက်စားဖူးရုံမက မူးယစ်ဆေးဝါး (အိပ်ဆေး)တွေလည်း သုံးစွဲခဲ့ဖူးပါတယ်ဘုရား။ တပည့်တော်မမှာ မူလတန်းကျောင်းသူ' အရွယ်ကတည်းက အခုအချိန်အထိ ခင်မင်ပေါင်းသင်းနေတဲ့ ဆိုးဖော်ဆိုးဖက်သူငယ်ချင်း ယောကျ်ားလေး၊ မိန်းကလေးတွေရှိတော့ သူတို့နဲ့အတူပေါ့ဘုရား။ ၁၀ တန်းအောင်ပြီးကာစ အရွယ်လေးနဲ့ လောင်းကြေးကြီးကြီးနဲ့ ဖဲဝိုင်းတွေမှာလည်း ကစားခဲ့ဖူးပါတယ် ဘုရား။

မုသာဝါဒကိုလည်း ထမင်းစား ရေသောက်လို ကျူးလွန်ခဲ့တာပါဘုရား။ မိန်းကလေးတန်မဲ့ လူအများစု အထင်ကြီးတဲ့ ပညာမျိုးလည်း တတ်ပါလျက်နဲ့ လူကြားမကောင်း၊ ကြားလို့ မသင့်တော်အောင် မိုက်မဲဆိုးသွမ်းခဲ့ဖူးတာပါဘုရား။ သူတစ်ပါးကို စိတ်ဆင်းရဲ၊ မျက်ရည်ကျရအောင် နှစ်နှစ်နာနာ ဖိနှိပ်အနိုင်ကျင့် ပြောဆိုခဲ့တာတွေလည်း ရှိပါတယ်ဘုရား။

အလယ်တန်းကျောင်းသူဘဝက ဆရာမတစ်ဦးအပေါ်ကို အလွန့်အလွန် မိုက်မဲရိုင်းစိုင်းစွာ ဝစီကံနဲ့ကျူးလွန်ပြစ်မှားမိခဲ့ဖူးပါတယ်ဘုရား။ အဲဒီအပြစ်နဲ့ ကျောင်းထုတ်ခံရလုနီးပါးဖြစ်ခဲ့ပါတယ်ဘုရား။ တပည့်တော်မခေါင်းထဲမှာ အလင်းရောင် စတင်ဝင်



တဲ့အချိန်မှာမှ အဲဒီအနုဿဂိုဏ်းဝင်ကျေးဇူးရှင်ဆရာမအပေါ် ရိုင်းစိုင်းခဲ့မိတဲ့အတွက် ဆရာမနေရပ်လိပ်စာကို ရှာဖွေစုံစမ်းအရောက်သွားပြီး လက်အုပ်ချီကန်တော့ တောင်းပန်ခဲ့ရတာပါဘုရား။

ဆရာမက တပည့်တော်မကို အပြစ်မယူတဲ့ ခွင့်လွှတ်စကား အပြင် –

''သိပ်ဆိုးတဲ့ ငါ့သမီး၊ အခုတော့ ဆရာဝန်ကြီးတောင်ဖြစ်နေပြီပေါ့''

ဆိုတဲ့ နွေးထွေးတဲ့၊ ဝမ်းသာဂုဏ်ယူတဲ့စကားနဲ့ မျက်နှာပေါ တပည့်တော်မကို ဝမ်းသာဝမ်းနည်း ဖြစ်စေခဲ့ပါတယ်ဘုရား။ စိတ်ထဲမှာ လေးနေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့သွားသလိုလည်း ခံစားရပါတယ်ဘုရား။ အရှင်ဘုရားရဲ့ကျေးဇူး၊ အရှင်ဘုရားရဲ့ အဆုံးအမတွေပါပဲဘုရား။

တပည့်တော်မဟာ ငါပညာတော်တယ်၊ ဉာဏ်ထက်တယ်ဆိုတဲ့ စိတ်နဲ့ရော၊ အလိုလိုက် ဦးစားပေးခံရတာကြောင့် မာန၊ အတ္တလည်းကြီးခဲ့ပါတယ်ဘုရား၊ တပည့်တော်မ ကာမေသုမိစ္ဆာစာရကံတစ်ခုကိုပဲ မကျူးလွန်ခဲ့ဖူးတာပါဘုရား။ ပါဏာတိပါတကံဆိုရင် တပည့်တော်မ အလွန်မိုက်မဲစွာနဲ့ ကြံစည်ကြိုးစားခဲ့ဖူးပါတယ်ဘုရား။ ဆရာဝန်စိတ်မဝင်ခင်၊ ဆရာဝန်ဘဝ မရောက်ခင်က တပည့်တော်မ လူ၊ သတ္တဝါရဲ့ အသက်ကိုတောင်သတ်ဖို့ ကြံစည်ကြိုးစားခဲ့ဖူးပါတယ်ဘုရား။

အာဃာတ အငြိုးအတေးကြီး ထားပြီးတော့ကို မိုက်မဲခဲ့တာ၊ ကောက်ကျစ် ရက်စက်စွာနဲ့ ကြံစည်ကျူးလွန်ခဲ့တာပါ ဘုရား။ တပည့်တော်မ ကံကောင်းလို့ ကံမမြောက်ခဲ့တာ လုပ်ကြံခံရတဲ့ လူလည်း မသေခဲ့တာပါ ဘုရား။ တပည့်တော်မ ရည်းစားတွေ

လည်း သုံးလေးယောက်မကထားပြီး ရှုပ်ထွေးပွေလီခဲ့ပါတယ်ဘုရား။ သူတို့ချင်း ပြဿနာဖြစ်ကြရင်တောင် တပည့်တော်မရဲ့ ပျော်စရာလို့ ထင်ခဲ့တာပါဘုရား။

ကျေးဇူးရှင် ဆရာတော်ဘုရား၊ တပည့်တော်မရဲ့ မလိမ္မာ၊ ဆိုးမိုက်ခဲ့မိသမျှကို အထင်သေးတော်မမူဘဲ ခွင့်လွှတ်တော်မူပါဘုရား၊ တပည့်တော်မကို တပည့်မအဖြစ် သနားသောအားဖြင့် အသိအမှတ်ပြု သည်းခံပေးတော်မူပါလို့ တပည့်တော်မ အရှင်ဘုရားကို ခြေတော်ဦးခိုက် အသနားခံ လျှောက်ထားပါတယ်ဘုရား။ တပည့်တော်မရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားဆီမှာ ဒီလို တပည့်တော်မရဲ့ ဆိုးမိုက်ခဲ့မှုတွေကို အမှန်အတိုင်း ဝန်ခံတောင်းပန်ရတာ တပည့်တော်မစိတ်ထဲမှာ ဝမ်းနည်းအားငယ်မိပါတယ်ဘုရား။

ဒါပေမဲ့ ဒီလိုအမှန်အတိုင်း ဝန်ခံမှသာ တပည့်တော်မ ဘယ်လောက် မိုက်မဲခဲ့တယ်ဆိုတာနဲ့၊ ဒီလို မိုက်မဲဆိုးသွမ်းတဲ့ တပည့်အပေါ် ဆရာတော်ဘုရားရဲ့ အဆုံးအမ ကျေးဇူးတော် ဘယ်လောက်ကြီးမားသလဲဆိုတာ လျှောက်ထားနိုင်မှာမို့ပါဘုရား။

**သူတော်ကောင်းမျိုးစေ့**

ကုသိုလ်ကောင်းမှုဆိုတာကိုလည်း တပည့်တော်မ နားမလည်ခဲ့ပါဘူးဘုရား။ ကံကောင်းထောက်မလို့ ပင်ကိုဗီဇက အဆိုးတွေထဲမှာ ထူးဆန်းတဲ့ ကောင်းတဲ့စိတ်ကလေး နည်းနည်းပါးပါး ပါခဲ့တာပါဘုရား။ အဲဒီစိတ်ကောင်းကလေးကြောင့် လုပ်မိခဲ့တဲ့ ကောင်းတာလေးတွေကိုလည်း ဒါဟာ ကောင်းတယ်၊



ကုသိုလ်ဖြစ်မယ့်အလုပ်လို့ သိနားလည်ပြီး လုပ်ခဲ့တာ မဟုတ်ပါဘူး ဘုရား။ တပည့်တော်မ ဆိုးပေမယ့် ဆင်းရဲချို့တဲ့တဲ့ လူတွေကို အစား၊ အဝတ်၊ တတ်နိုင်သလောက် အမြဲကူညီပေးကမ်းခဲ့ပါတယ်ဘုရား။ တပည့်တော်မ စိတ်က တွန့်တိုတာ၊ စေးနဲ့တာတော့ အလွန်နည်းပါတယ်ဘုရား။

အလုပ်သင်ဆရာဝန်ဘဝတုန်း က ဆေးရုံမှာ ချို့တဲ့လူနာတွေကို ဆေးဖိုး၊ ငွေကြေးရော၊ အစား အစာရော၊ တပည့်တော်မ မုန့်ဖိုးထဲက အမြဲစိုက်ထုတ် ပေးကမ်းခဲ့ပါတယ်ဘုရား။ တချို့လူနာတွေဟာ ခွဲစိတ်ခန်းမှာသုံးမယ့် မေ့ဆေးဖိုးလောက်တောင် မတတ်နိုင်ကြပါဘူးဘုရား။

တပည့်တော်မ ပေးချင်လို့ ပေးခဲ့တာပေမယ့် တစ်ခါတစ်ခါ လူနာတွေ၊ ကိုယ့်ထက်အသက်ကြီးတဲ့ လူနာရှင်တွေ၊ လက်အုပ်ချီကန်တော့တာခံရရင် ရှောင်သွားရပေမယ့် သာယာတဲ့စိတ် နည်းနည်းတော့ ဖြစ်ခဲ့ပါတယ်ဘုရား။ နွမ်းပါးချို့တဲ့တဲ့သူမျိုး၊ အထူးသဖြင့် အိုမင်းမစွမ်းတဲ့ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရတဲ့သူမျိုး၊ ဒုက္ခိတဘဝနဲ့ တောင်းရမ်းနေရတဲ့သူမျိုး၊ စိတ်မနှံ့တဲ့ စိတ်ဝေဒနာရှင်တွေ၊ ဆင်းရဲတဲ့ မိဘရဲ့ ဆင်းရဲချို့တဲ့နေတဲ့ ကလေးတွေ၊ တိရစ္ဆာန်လေးတွေကိုမြင်ရင် ပေးကိုပေးချင်၊ ကျွေးကို ကျွေးချင်တာပါဘုရား။

သူတို့က မတောင်းရင်တောင် တပည့်တော် အမြဲပေးခဲ့၊ ကျွေးခဲ့ပါတယ် ဘုရား။ တပည့်တော်မအိမ်က လှိုင်ဈေးနားနီးတော့ ဈေးထိပ်က နွမ်းပါးတဲ့ စပယ်ပန်းသည်၊ ပဲပြုတ်သည်တွေကို အမြဲတမ်း ဆေးအလကားကုပေးခဲ့ပါတယ်ဘုရား။ လမ်းဘေးက တောင်းစားတဲ့ ကုလားမကြီး ဖျားပြီးလဲနေတာက အစ

တပည့်တော်မ ဆေးရုံအထိ တာဝန်ယူ တင်ပေးခဲ့ပါတယ်ဘုရား။

တပည့်တော်မ ဆရာတော်ဘုရားကို ဝန်ခံလျှောက်ထားခဲ့ပြီး သလို ပါဏာတိပါတကံကို ဒေါသ၊ အာဃာတ ထုထည်အကြီး ကြီးနဲ့ လူ၊ သတ္တဝါ အပေါ်မှာ ကြံစည်ကြိုးစားခဲ့ဖူးတာ အမှန်ပေ မယ့် ငယ်ငယ်ကတည်းက အခုထိ တိရစ္ဆာန်လေးတွေကိုတောင် သေစေလိုတဲ့စိတ်နဲ့ သတ်ဖို့မပြောနဲ့ နာကျင်ဆင်းရဲအောင်တောင် တမင် မညှဉ်းပန်း မနှိပ်စက်ရက်ခဲ့ပါဘူး ဘုရား။ ခွေး၊ ကြောင် ကလေးတွေနဲ့ ဆော့ရင်း ကစားရင်းနဲ့ သူတို့ မတော်တဆ နာသွားတာမျိုးပဲ ရှိမှာပါဘုရား။

တပည့်တော်မရဲ့စိတ်က အဲလို ထူးဆန်းလို့ တပည့်တော်မ ဟာ တိရစ္ဆာန် ဘဝကများ လာခဲ့သလား မသိပါဘူးဘုရား။ ခွေးလေး၊ ကြောင်လေးတွေတင် မကဘူး နွားကြီးတွေ၊ ဆိတ်တွေ ကအစ ချစ်တာပါဘုရား။ လမ်းဘေးက ခွေးလေးကို ကားကြိတ် သွားလို့ ခြေထောက် မထောက်နိုင်တာ တွေ့တော့လည်း တပည့် တော်မ မနေနိုင်ဘူးဘုရား။ ခွေးကြီးကို ချီပြီး တိရစ္ဆာန်ဆေးကု ခန်းကို တစ်ပတ်လောက် ဆက်တိုက်သွားရတယ်။ ပိုက်ဆံ သောင်းချီ အကုန်ခံပြီး ကုပေးခဲ့ပါတယ်ဘုရား။

တပည့်တော်မ ခြေလေးချောင်းသတ္တဝါကို ပိုပြီးချစ်တာပါ ဘုရား။ ခွေးကလေးတွေရဲ့အမေ၊ ခွေးမကြီးမှာ ဝဲတွေနဲ့ စုတ်ပြတ် နေတာ မြင်ရင်လည်း တပည့်တော် မနေနိုင်ဘူးဘုရား။ ကိုက် လိုက်မှာ ကြောက်ကြောက်နဲ့ပဲ ချော့ပြီး ဝဲပျောက်အောင် ဆေး လိမ်းပေးခဲ့ပါတယ်ဘုရား။ တပည့်တော်မ မိုက်မဲ ဆိုးတေနေတဲ့ အချိန်တွေတုန်းကတည်းက အဲလို ပေးရ၊ ကျွေးရ၊ ကူညီရ တာကို ပျော်တာပါဘုရား။



ဒါပေမဲ့ ကောင်းတဲ့အလုပ်၊ ကုသိုလ်အလုပ်ရယ်လို့ နား မလည် တန်ဖိုးမထားတတ်ခဲ့ဘဲနဲ့ တပည့်တော်မစိတ်ကို ကျေနပ် စေတဲ့၊ ပျော်စေတဲ့၊ တပည့်တော်မ လုပ်ချင်တဲ့အလုပ်မို့ လုပ်ခဲ့ တာပါဘုရား။ အခုမှ တဖြည်းဖြည်း နားလည်လာတာ တပည့် တော်မမှာ ဒါနရှိခဲ့ပေမယ့် သီလမရှိခဲ့ပါဘူးဘုရား။ ဘာဝနာဆို တာ သိတောင် မသိခဲ့ပါဘူးဘုရား။

ကျေးဇူးရှင် ဆရာတော်ဘုရားရဲ့ အဆုံးအမ မရခဲ့ခင် အချိန် တုန်းက တပည့်တော်မမှာအကောင်းအဆိုး၊ အမှားအမှန်ဆင်ခြင် တတ်တဲ့ ဉာဏ်မရှိခဲ့ဘဲ၊ 'သတိ'တရား မရှိခဲ့ဘဲနဲ့ စိတ်ထင်ရာ လုပ်တတ်တဲ့ အကျင့်ဆိုးအတိုင်း လုပ်ချင်လို့ လုပ်ခဲ့သမျှထဲမှာ ကံကောင်းလို့သာ ကောင်းတာလေးတွေ နည်းနည်းပါခဲ့တာပါ ဘုရား။ တပည့်တော်မဟာ သာသနာတွင်းမှာ လူဖြစ်နေပါလျက် သာသနာပကလူထက် ဆိုးခဲ့တာပါဘုရား။ အကုသိုလ်ဆိုးတွေကို လည်း ကြောက်စရာတွေ၊ အဆိုးတွေလို့ မမြင်ခဲ့ပါဘူးဘုရား။

ပေါ့ပေါ့တန်တန်နဲ့ သရဏဂုံရဲ့ အဓိပ္ပါယ်တောင် မသိခဲ့ပါ ဘူး ဘုရား။ နတ်လည်း ကြုံရင် ရှိခိုးခဲ့တာပါပဲဘုရား။ ဘိုးတော်၊ မယ်တော်၊ ပေဒင်ဆရာကြီး၊ အဘကြီး ဆိုတာတွေကိုလည်း အကျိုးမျှော် ပူဇော်ကန်တော့ခဲ့တာပါပဲ ဘုရား။ တပည့်တော်မ စိတ်ထဲမှာ အဲဒီဘိုးတော်တွေ၊ အဘ စတာတွေဟာ တယ်ဟုတ် တဲ့သူတွေပဲ၊ ဗုဒ္ဓဘာသာထဲမှာ သူတို့ပါပါတယ်။ ကိုးကွယ်ရမယ့် သူတွေထဲမှာ သူတို့ပါပါတယ်လို့ကို မှတ်ယူထားခဲ့တာပါဘုရား။

တပည့်တော်မ စာဖတ်ဝါသနာ ပါပေမယ့် ဘာသာရေးနဲ့ ပတ်သက်တာ သေချာမဖတ်ဖူးပါဘူး ဘုရား။ မိဘတွေက ငယ်ငယ်ကတည်းက အင်္ဂလိပ်– မြန်မာကာတွန်း၊ ဝတ္ထုတွေ

ဝယ်ပေးခဲ့လို့ ဖတ်ခဲ့ရပြီး မြန်မာစာအုပ်ဆိုလည်း ကာတွန်း၊ ဝတ္ထု၊ မဂ္ဂဇင်းလောက်ပဲ ဖတ်ဖြစ်ခဲ့တာပါဘုရား။ နည်းနည်းကြီးလာတော့ ရာဇဝင်စာအုပ်တွေ၊ ဘာသာပြန်စာအုပ်တွေ၊ အကုန်ဖတ်ဖြစ်ပေမယ့် ဘာသာရေးစာအုပ်ဆိုလို့ ငယ်ငယ်တုန်းကဖတ်ခဲ့ရတဲ့ ဗုဒ္ဓဝင်ရုပ်စုံနဲ့ ငါးရာ့ငါးဆယ်ဇာတ်တော်ကို ပုံပြင်သဘောမျိုးနဲ့ ဖတ်ခဲ့ရတာပဲ ရှိတာပါဘုရား။

**စာကောင်းတွေ့သော်လည်း စရိုက်နဲ့မတည့်**

မှတ်မှတ်ရရ ကျောင်းမပြီးခင် ၂၀၀၈ လောက်က၊ ဦးဆန်းလွင်ရဲ့ ***ရတနာသုံးပါး*** စာအုပ်ကြီးကို ဖတ်ခဲ့ဖူးပါတယ်ဘုရား။ ဒါပေမဲ့ ဖတ်သာဖတ်တာ ခေါင်းထဲမှာလည်း ဘာမှနက်နက်နဲနဲ မကျန်ခဲ့၊ မမှတ်မိခဲ့ပါဘူး ဘုရား။ တစ်ခုပဲ ကျန်ခဲ့တာက တပည့်တော် ဘယ်လောက်ဉာဏ်နည်းပြီး မိုက်မဲမှု ဖုံးနေသလဲဆိုရင် ဘုရား။ အဲဒီစာအုပ်ထဲမှာ ဦးဆန်းလွင်က ဘိုးတော်တွေ၊ ဝိဇ္ဇာတွေ၊ ဓာတ်စီးတာ၊ မ'တယ်၊ ကယ်တယ် ဆိုတာတွေနဲ့ပတ်သက်ပြီး သူတို့တွေဟာ အားလုံးလူလိမ်များသာဖြစ်သည်ဟု ကျိန်ပ် ပြောရဲသည်ဆိုတဲ့ အဓိပ္ပါယ်နဲ့ စာတစ်ကြောင်းကိုဖတ်မိပြီး တပည့်တော်မ စိတ်ထဲမှာ တွေးခဲ့မိတာ၊ ဦးဆန်းလွင်က နောက်တော့ အရှင်အာဒိစ္စရံသီ ဖြစ်သွားတာ၊ ရဟန်းဘဝနဲ့ ပျံလွန်တော်မူသွားတာ ဆိုတာလည်း ကြားဖူးတော့–

''ဒီဘုန်းဘုန်းရေးခဲ့သလိုတော့ မဟုတ်နိုင်ပါဘူး။ ဘိုးတော်တွေ၊ အဘတွေဟာ တကယ်'မ'မှာပါ၊ သူတော်ကောင်းတွေပါ ဘုန်းဘုန်းနှယ် ရေးရက်လိုက်တာ'

– လို့ကို တွေးမိခဲ့ဖူးတာဘုရား။



အဲဒီလိုပဲ တပည့်တော်မ ဝေဝေဝါးဝါးနဲ့ သရဏဂုံ မတည်တဲ့ ဗုဒ္ဓဘာသာအမည်ခံပြီး အားကိုးရာ မရှိတဲ့အဖြစ်နဲ့ မိုက်မဲပြီး ဆိုးချင်တိုင်း၊ စိတ်ထင်တိုင်း ကျဲပြီး နေလာရင်းနဲ့ ၂၀၀၉ ခုနှစ် တပည့်တော်မ အလုပ်သင် ဆရာဝန်ဘဝမှာပဲ ပညာရေးနဲ့ လူမှုရေး ထိခိုက်မှုပြဿနာ ဆိုးဆိုးဝါးဝါး အကြီးအကျယ် ကြုံခဲ့ရပါတယ်ဘုရား။

ဘဝမှာ ကြုံခဲ့ဖူးသမျှ အဆိုးဆုံး၊ အထိခိုက်ဆုံး စိတ်ဓာတ်ပျက်ပြားမှုပါဘုရား။ အဲဒီအချိန်မှာ ဒေါသတွေ၊ အာဃာတတွေ၊ သောကတွေနဲ့ မခံနိုင်အောင် လောင်ကျွမ်းပြီး တော်တော် စိတ်ဓါတ်ဒဏ်ရာရနေတဲ့အချိန်ပါဘုရား။ အကုသိုလ် အတွေး အကြံ အချိန်ပြည့်ပေါ့ဘုရား။

ကိုယ့်ကိုယ်ကို စိတ်ထက်လှပါတယ်လို့ ခံယူမောက်မာခဲ့တဲ့ တပည့်တော်မလိုဟာမျိုးတွေ စိတ်ပိုင်းဆိုင်ရာ အရှုံးကြုံရတဲ့အခါ တော်တော် ဆောက်တည်ရာမဲ့ခဲ့ပါတယ်ဘုရား။ စိတ်ဓါတ်ရေးရာ ပြိုကွဲမှု ပြင်းထန်လွန်းတော့ မကြံကောင်း မစည်ရာတွေလည်း ကြံခဲ့မိပါတယ်ဘုရား။ ၆ နှစ်လုံးလုံး သင်လာခဲ့တဲ့ ဆေးပညာကို ကိုယ့်ကိုယ်ကို သတ်သေဖို့ အသုံးချမိတော့မယ့် အထိပါဘုရား။ ဘာဆေးကို ဘယ်လောက်သောက်လိုက်ရင် (သို့မဟုတ်) ထိုးမိရင် သေမယ်ဆိုတာ သူများတွေထက်ပိုပြီး တပည့်တော်မတို့က သိတာကိုးဘုရား။

နည်းနည်းလေး လွန်သွားရုံနဲ့ သေကိုသေမယ့် ထိုးဆေးဆိုတာမျိုးတွေကလည်း လက်တစ်ကမ်းမှာ ရှိနေတာကိုးဘုရား။ အကုသိုလ်တွေနဲ့ နေ့ရော၊ ညရော ပူလောင်ခဲ့တာပါဘုရား။ ဆရာဝန်ဘဝ မရောက်ခင်တုန်းကသာ အာဃာတစိတ်ကြီးနဲ့

လူသတ်ဖို့ ကြိုးစားတာ ကောက်ကောက်ကျစ်ကျစ် လှို့လှို့ဝှက် ဝှက် ကြံစည်ခဲ့ဖူးပေမယ့် အခုတော့ ဒင်းတို့ကို ငါ့လက်နဲ့ ပြောင် သတ်မယ်။ ပြီးရင် ငါ့ကိုငါ သတ်သေမယ်လို့ ဆုံးဖြတ်တဲ့အထိ အကုသိုလ် ဖိစီးခဲ့တာပါ ဘုရား။

အချိန်ပြည့်နီးပါး လူသတ်ဖို့(ကိုယ့်ကိုယ်ကို၊ သူများကို)တွေး ကြံနေခဲ့၊ ပူလောင်တူးခြစ်နေခဲ့တာပါဘုရား။ ထုံးစံအတိုင်း ပေဒင်၊ ယတြာ၊ ဓါတ်ရိုက်၊ ဓါတ်ဆင်၊ မျက်မှန်းတန်းမိတာ၊ ကြားဖူးနားဝ ရှိတာလည်း အကုန်လုပ်ခဲ့တာပါဘုရား။ မဟုတ်တရုတ်တွေ အကုန်အားကိုးခဲ့တာပါ ဘုရား။ ဟိန္ဒူကုလားဘုရားတွေကို ပသ ရတဲ့ဟာမျိုးတောင် ပါပါတယ်ဘုရား။

## အသပြာနဲ့ ယတြာ

အိမ်က ဘုရားကျောင်းဆောင်မှာလည်း အဲဒီအဘတွေ၊ ဆရာတွေ ညွှန်သမျှ အရွက်၊ အခက်မျိုးစုံတင်ပြီး အင်းကွက် တွေ၊ တပည့်တော်မကိုယ်တိုင် ဘာတွေမှန်းမသိတာတွေနဲ့ ရှုပ်ပွေ နေတာပါပဲဘုရား။ ပိုက်ဆံတွေလည်း ကုန်တာပေါ့ဘုရား။ မဟာ ဝိဇယစေတီက နဝင်းထိုင်တယ်ဆိုတဲ့ဟာ တစ်ခုကဆို ယတြာ တစ်ခါလုပ် လေးသောင်းနဲ့ အနည်းဆုံး သုံးကြိမ်လုပ်ရမှာ တဲ့ ဘုရား။ ဘာတာမှတ်တိုင် နောက်ကဟာတစ်ခုကဆို အိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ မေးပြီး တောင်းတာပါဘုရား။

တပည့်တော်မ စိတ်ဆင်းရဲရတဲ့အထဲ စိတ်ထဲမှာ အလိုလို ဘာဖြစ်လာသလဲဆိုတော့ သူတို့ရဲ့ ဒီလိုယတြာ၊ ဒီလိုပွဲပေး၊ အရွက်တွေခူး ဖနောင့်နဲ့ပေါက် လုံးဝမုချ အာမခံနဲ့ အောင်မြင်ရ မယ်။ အဘ'အမိန့်၊ အမ'အမိန့်ဆိုတာတွေကို နားထောင်ရင်းနဲ့



တွေဝေလာတယ်ဘုရား။ စိတ်ထဲမှာ ပိုမိုပြီး အကုသိုလ်တွေနဲ့ပူ လောင်လာတယ်ဘုရား။ နောက်တစ်နေ့မှာ တပည့်တော် အိမ်မှာ ပဲ လုပ်မိလုပ်ရာ ဘုရားကျောင်းဆောင်ရှေ့မှာ ထိုင်မိပြီး ဘုရား ဆင်းတုတော်ရဲ့မျက်နှာတော်ကို အကြာကြီး ငေးကြည့်မိပြီး စိတ် ထဲမှာ အလိုလို စိတ်မကောင်းဖြစ်လာတယ်ဘုရား။ ဝမ်းနည်း တဲ့စိတ်၊ အားငယ်တဲ့စိတ်နဲ့ အလိုလိုပဲ လက်အုပ်ချီရင်း မျက်ရည် ကျလာတာ ပါဘုရား။

စိတ်ထဲမှာ အဲဒီခဏလေးမှာ ပေါ်လာတဲ့စကားနဲ့ ဆုတောင်း မိတာ ဘုရား။

''မြတ်စွာဘုရား၊ ဘုရားတပည့်တော် သတ်သေချင်ပါတယ် ဘုရား။ ဘုရားတပည့်တော်မ ဘာလုပ်ရမှန်းလည်း မသိအောင် လမ်းပျောက်နေပါပြီဘုရား။

''တပည့်တော်မမှာ လမ်းမှန်ပြပေးမဲ့သူ မရှိပါဘုရား။ အားကိုးရာမရှိပါဘုရား။ တပည့်တော်မကို မှားသောလမ်းမှ ကယ်တင်ပြီး မှန်သောလမ်းကို ပြပေးတော်မူပါဘုရား''

လို့ တစ်ခါမှ မဖြစ်ဖူးခဲ့တဲ့ အားကိုးတကြီးစိတ်နဲ့ မျက်ရည်ကျ ပြီး ဆုတောင်းခဲ့မိပါတယ်ဘုရား။

စိတ်ထဲမှာ အဲဒီအချိန်လေးမှာ နည်းနည်းသက်သာရာရ သလို ဖြစ်ပါတယ်ဘုရား။ နောက်ရက်ပိုင်းကလေး ခဏလေး အတွင်း တပည့်တော် လှည်းတန်းကစာအုပ်ဆိုင်မှာ အရှင်ဘုရား ရေးတဲ့ စာအုပ်လေးတွေတွေ့ပြီး ဝယ်ခဲ့မိတယ်ဘုရား။ တပည့် တော်မကို ဘယ်သူကမှ ညွှန်းလို့မဟုတ်ပါဘူး ဘုရား။ အရင်က တပည့်တော်မ ဘာသာရေးစာအုပ်တန်းကို ကြည့်တောင် မကြည့် ပါဘူးဘုရား။

အဲဒီအချိန်တုန်းက အလိုလိုကြည့်မိပြီး အရှင်ဘုရားစာအုပ်တွေကိုမှဝယ်ခဲ့မိတာပါဘုရား။ သုံးလေးအုပ် ဝယ်ခဲ့တာပါဘုရား။ ပထမဆုံးနေ့မှာ ***မေတ္တာအစွမ်း အံ့မခန်း*** ကို စဖတ်မိပါတယ်ဘုရား။ တပည့်တော်မ တစ်ခါမှ မကြားဖူး၊ မဖတ်ဖူးတဲ့ အကြောင်းအရာအမျိုးအစားမို့လို့ အံ့သြတကြီးနဲ့ ဖတ်မိပြီး တပည့်တော်မမှာ ဖြစ်နေဆဲဖြစ်တဲ့ ဒေါသ၊ အာဃာတ သောက တွေကို တကယ်ပူလောင်ပါလားလို့ ခံစားမိပါတယ်ဘုရား။

## အဇိက တရားခံကို တွေ့ရှိခြင်း

အရင်တုန်းက တပည့်တော်က ကိုယ့်စိတ်ထဲမှာ အဲဒါတွေဖြစ်လို့ ပူလောင်တာလို့ မသိဘဲနဲ့ သူများကြောင့် ပူလောင်တာလို့ ထင်ခဲ့တာပါဘုရား။ နောက် ဆက်တိုက်ပဲ ***အရှုံးမရှိသော ဒေသနာ၊ မျက်ရည်မကျခင် သိစေချင်*** စာအုပ်တွေ သေချာဖတ်မိပြီးတဲ့အချိန်မှာတော့ တပည့်တော် အရှင်ဘုရားကိုမှန်းပြီး ရှိခိုးကန်တော့ပြီးတာနဲ့ ဘုရားရှေ့မှာ အရှင်ဘုရား စာအုပ်ထဲမှာ သင်သလို "ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ" လို့ သေသေချာချာ ရွတ်ပြီး သရဏဂုံ စပြီးဆောက်တည်သလို၊ ငါးပါးသီလ ခံယူတဲ့သူ ဖြစ်ခဲ့ရတာပါ ဘုရား။

မဟုတ်ကဟုတ်က ဗေဒင်၊ ယတြာ၊ ဘိုးတော်၊ မယ်တော်၊ သိုက်နန်းရှင်၊ နတ်နန်းရှင် ဆိုတာတွေအားလုံးကို တပည့်တော်မ အဲဒီအချိန်ကစပြီး ယတိပြတ် စွန့်လွှတ်နိုင်ခဲ့တာပါဘုရား။ အရှင်ဘုရားရဲ့ အလွန်ကြီးမားတဲ့ ကျေးဇူးတော်ကြောင့် တပည့်တော်မ ကိုယ့်ကိုယ်ကို အမှောင်ထဲကနေ ပြန်ရှာတွေ့ခဲ့တာပါ



ဘုရား။ အခုအချိန်မှာတော့ တပည့်တော်မဟာ အရှင်ဘုရား ကျေးဇူးကြောင့် ဆောက်တည်နိုင်ခဲ့တဲ့ သရဏဂုံညှိုးမယ့်၊ ပျက်မယ့် အမှုမျိုးကို တပည့်တော်မ အသိစိတ်ရှိနေသမျှ အသက်ဆိုတဲ့ အကြောင်းနဲ့တောင် မပြုတော့ပါဘုရား။

အဲဒီ သရဏဂုံ စပြီး ဆောက်တည်စွဲမြဲခဲ့တဲ့အချိန်၊ တပည့်တော်မဘဝမှာ အလင်းရောင် စမြင်ရတဲ့အချိန်ကနေ အခုအချိန်အထိ သရဏဂုံ ညှိုးနွမ်း ပျက်စီးကြောင်းလို့သိတဲ့ ဘယ်အမှုကိစ္စမျိုးကိုမှ မပြုခဲ့ပါလို့ ကိုယ့်ကိုယ်ကို သစ္စာဆိုနိုင်တဲ့သူ ဖြစ်ခဲ့ပါပြီ အရှင်ဘုရား။ တပည့်တော်မဟာလည်း ဘာသာခြားနဲ့ ဘာမှမထူးတဲ့ အမှောင်ထဲက လာခဲ့ရတဲ့သူမို့လို့ အရှင်ဘုရား ဆုံးမပြခဲ့တဲ့ အလင်းရောင်ဖြစ်တဲ့ ရတနာသုံးပါးကို တပည့်တော်မ အသက်ထက် တန်ဖိုးထားပါတယ်ဘုရား။

"သရဏဂုံတည်အောင် ဆုံးမသောပုဂ္ဂိုလ်ဟာ မိဘထက် ကျေးဇူးကြီးတယ်" လို့ မစိုးရိမ်စာသင်သား ကလောင်နာမည်နဲ့ ရဟန်းတော်တစ်ပါး ရေးတဲ့ စာထဲမှာဖတ်ဖူးပါတယ်ဘုရား။ အရှင်ဘုရားဟာ တပည့်တော်မအတွက် လောကီဖခင်ထက် ကျေးဇူးကြီးတဲ့ လောကုတ္တရာဖခင်ပါဘုရား။ ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ)ဆိုတဲ့ ရဟန်းတော်တစ်ပါးသာ မပေါ်ပေါက်ခဲ့ရင်၊ ဒါမှမဟုတ် ဆရာတော်ဘုရားသာ စာအုပ်တွေမရေးခဲ့ရင် တပည့်တော်မဟာ အခုအချိန်မှာ စိတ်ဓါတ်ရေးရာ ပြိုကွဲပျက်စီးပြီး လူသတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေရင် သေမိ၊ ဒါမှမဟုတ်ရင် ဒေါသအလျောက် အာဃာတအလျောက် ကြောက်စရာကောင်းတဲ့ အမိုက်အမှား ပြစ်မှုတွေကို ကျူးလွန်မိပြီး ဘဝမှာ ဒုက္ခရောက်ပြီး လူဖြစ်ရှုံးရတော့မှာပါဘုရား။

ပုထုဇဉ်ထဲမှာမှ တော်တော် မိုက်မဲခဲ့တဲ့ အန္တဗာလလို အဆင့်ကနေ အခုလောက်အထိ အေးချမ်းခဲ့ရတာ အရှင်ဘုရားရဲ့ ကျေးဇူးပါဘုရား။ တပည့်တော်မ ဆိုးခဲ့မိုက်ခဲ့တာကို အရှင်ဘုရားထံ ဝန်ခံလျှောက်ထားခဲ့သမျှကလည်း တကယ်တော့ အကျဉ်းချုပ်လောက်သာရှိတဲ့ ဥပမာမျိုးတွေပါဘုရား။ အဲဒါတွေထက် မိုက်မဲခဲ့တာတွေ တကယ်တမ်းရှိပါသေးတယ်ဘုရား။

ဥပမာပါဘုရား။ သူရာမေရယကံတွေကျူးလွန်ခဲ့ဖူးတယ်ဆိုတာတွေမျိုးမှာ တပည့်တော်က ငါးပါးသီလကို အခြေပြုပြီး အကျဉ်းချုံး လျှောက်ထားခဲ့တာပါဘုရား။ တကယ်က အိပ်ဆေး၊ ဆေးပြားလိုမူးယစ်ဆေးဝါးမျိုးကို သုံးဖူးတာမှ အလွန်အကျွံသုံးဖူးခဲ့ပြီး ဆေးသုံးတဲ့သူတွေ လုပ်မိတတ်တဲ့ ကိုယ့်ကိုယ်ကို ဓားနဲ့လှီးတာမျိုးအထိပါ ရှိခဲ့တာပါဘုရား။ တပည့်တော်မရဲ့ ဘယ်ညာ လက်နှစ်ဖက်စလုံးမှာ မိန်းကလေးတန်မဲ့ အဲဒီဒဏ်ရာအမာရွတ်မျိုးတွေ မပျောက်တော့ဘဲ ရှိနေပါတယ်ဘုရား။

တပည့်တော်မ စိတ်ထင်ရာလုပ်နေခဲ့သမျှ တားဆီးနိုင်ခဲ့သူလည်း မရှိခဲ့ပါဘုရား။ တပည့်တော်မရဲ့ အတူနေ ဆွေမျိုးပတ်ဝန်းကျင်ကလည်း တားလို့ မရတာတစ်ကြောင်း၊ ချစ်တဲ့စိတ်ကြောင့်တစ်ကြောင်း၊ တပည့်တော်မက ဘာပဲ လုပ်နေလုပ်နေ စာမကျက်တာ၊ စာမေးပွဲကျခဲ့တာမျိုး မရှိခဲ့တော့ မပြောရဲတာမျိုးလည်း ပါမှာပါဘုရား။ တပည့်တော်မကလည်း အဲလိုဖြစ်အောင်ကို နေခဲ့ပြီး ကိုယ်စိတ်ထင်ရာ လုပ်ခဲ့တာပါဘုရား။ တပည့်တော်မမှာ ဘာသာတရားနဲ့ပတ်သက်ပြီး ရဟန်း၊ သံဃာတော်ဆိုတာ၊ ဘုန်းကြီးကျောင်းဆိုတာလည်း နီးနီးစပ်စပ် မရှိခဲ့တာပါဘုရား။



တပည့်တော်မ အရှင်ဘုရားထံကို လွှန်ခဲ့တဲ့ တစ်နှစ်နီးပါး၊ တပည့်တော်မ ရတနာသုံးပါးကို စပြီးသိခဲ့တဲ့ အချိန်ကတည်းက အရှင်ဘုရားကို ကိုယ်တိုင်ရှိခိုးကန်တော့ချင်ခဲ့ပါတယ်။ ဆရာတော်ဘုရားကျေးဇူး တပည့်တော်မ အပေါ် အရမ်းကြီးတာလျှောက်ထားပြီး တပည့်မအဖြစ် သတ်မှတ်တော်မူပါလို့ လျှောက်ထားခွင့် ရချင်ပါတယ်ဘုရား။ စာအားဖြင့် လျှောက်ထားဖို့လည်း ခဏခဏ ကြိုးစည်ခဲ့ပါတယ်ဘုရား။

ဒါပေမဲ့ တပည့်တော်မမှာ စိုးရိမ်မကင်းတဲ့စိတ်၊ သိမ်ငယ်စိတ် ရှိနေတုန်းပါဘုရား။ အရှင်ဘုရားရဲ့စာတွေထဲမှာ ဖတ်မိခဲ့သလောက် အရှင်ဘုရားရဲ့ တပည့်မိန်းကလေးတွေဟာ လိမ္မာတဲ့မိန်းကလေးတွေပါဘုရား။ တပည့်ယောကျ်ားလေးတွေထဲမှာ ဆိုးသွမ်းခဲ့တဲ့သူတွေ ရှိနေနိုင်ပေမယ့် တပည့် မိန်းကလေးတွေထဲမှာ တပည့်တော်မလို ဆိုးမိုက်ခဲ့တဲ့ မိန်းကလေးမျိုး မတွေ့မိပါဘူးဘုရား။ နဂိုကတည်းက လိမ္မာတဲ့မိန်းကလေးတွေ များပါတယ်ဘုရား။

အရှင်ဘုရားရဲ့ အဆုံးအမ ကျေးဇူးတော်တို့ကြောင့် တပည့်တော်မ စပြီး အမြင်မှန်ရပြီး ကောင်းတဲ့လမ်း၊ မှန်တဲ့လမ်းပေါ်ရောက်ခဲ့ပေမယ့် တပည့်တော်မ ဆိုးခဲ့၊ မိုက်ခဲ့တာတွေ အမှန်တိုင်းအတွက် စိုးရိမ်အားငယ်ရပါတယ် ဘုရား။ ဆရာတော်ဘုရားဟာအရမ်း ကရုဏာမေတ္တာကြီးမားတော်မူတာ တပည့်တော်မ ယုံပါတယ်ဘုရား။ တပည့်တော်မ အရှင်ဘုရားတပည့်မအဖြစ် အသိအမှတ်ပြုဖို့ လျှောက်ထားခွင့်၊ ရှိခိုးဦးခိုက်ခွင့် မရမှာ ကြောက်ပါတယ်။

**တေက်ပြားနဲ့ အလီဘာဘာ**

တပည့်တော်မတင် မကပါဘူးဘုရား၊ တပည့်တော်မနဲ့ မူလတန်းအရွယ်ကတည်းက ချစ်ခင်ပေါင်းသင်းခဲ့တဲ့ ဆိုးဖေါ် ဆိုးဖက်၊ သူငယ်ချင်းမိန်းကလေး တစ်ယောက်ပါ အရှင်ဘုရားရဲ့ကျေးဇူးကြောင့် သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ခဲ့ရလို့ တပည့်တော်မတို့နှစ်ယောက်လုံး ကျေးဇူးရှင်ဆရာတော် ဘုရားကို ရှိခိုးဦးခိုက်ခွင့် ရချင်ပါတယ်ဘုရား။

တပည့်တော်မ သူငယ်ချင်းမက တပည့်တော်မလောက် မမိုက်မဲခဲ့ပေမယ့် တပည့်တော်မကိုချစ်တော့ တပည့်တော်မ မိုက်မဲခဲ့သမျှတွေမှာ အလိုတူ အလိုပါအဖြစ် ပါဝင်ခဲ့တာ မူလတန်းအရွယ်က စပြီးတော့ပါဘုရား။ သူက အခုရူပဗေဒနဲ့ မဟာသိပ္ပံဘွဲ့ရပြီး Ph.D အတန်း ရောက်နေပါပြီ ဘုရား။ သူကလည်း ပုံမှန်ထက်တော့ ဆိုးတဲ့အထဲမှာ ပါခဲ့မိပါတယ်ဘုရား။

တပည့်တော်မနဲ့အတူနေတဲ့ တပည့်တော်မ မိခင်ရဲ့ မွေးစားသမီး တပည့်တော်မရဲ့ မွေးစားအစ်မကလည်း တပည့်တော်မက တစ်ဆင့် အရှင်ဘုရားကျေးဇူးတော်ကြောင့် သရဏဂုံတည်ခဲ့ပြီး ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ခဲ့ရလို့ တပည့်တော်တို့သုံးယောက်လုံး ကျေးဇူးရှင် ဆရာတော်ကို ဆရာတော့်ရှေ့မှောက်မှာ ရှိခိုးကန်တော့ခွင့် ရချင်ပါတယ်ဘုရား။

တပည့်တော်မမှာ တပည့်တော်လို ဆိုးမိုက်တဲ့ မိန်းကလေးမျိုးကို အရှင်ဘုရား တပည့်မအဖြစ်နဲ့မှ အသိအမှတ်ပြုချင်ပါ့မလား။ အားငယ်စိတ်ရှိပါတယ်ဘုရား။ အရှင်ဘုရားရဲ့ ကရုဏာ၊ မေတ္တာတော်ကို ယုံပေမယ့် ကိုယ့်ဟာကိုယ်အားငယ်တဲ့၊ သိမ်ငယ်တဲ့စိတ် ရှိပါတယ်ဘုရား။ အရှင်ဘုရားကို ကိုယ်တိုင် ရှိခိုးဦးခိုက်ပြီး



တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထု ဆက်ကပ်ချင်ပါတယ်ဘုရား။ တပည့်တော်မကို အစဉ်သနားသောအားဖြင့် တပည့်မ အဖြစ် အသိအမှတ် ပြုတော်မူပါ။ အရှင်ဘုရားထံကိုယ်တိုင် လာပြီး တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုနဲ့ ဆပ်ကပ်ပူဇော်ခွင့်ပြုပါလို့ တပည့်တော်မ ကျေးဇူးရှင်ဆရာတော်ဘုရားကို ခြေတော်ဦးခိုက်လျှောက်ထားပါတယ်ဘုရား။ အရှင်ဘုရားရဲ့ ကျေးဇူးနဲ့ တပည့်တော်မ သရဏဂုံ တည်ခဲ့ပါတယ်ဘုရား။ အရှင်ဘုရား ကျေးဇူးနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမတန်ဖိုးကို နားလည်ခဲ့ပါတယ်ဘုရား။ အရှင်ဘုရားကျေးဇူးနဲ့ ဝိပဿနာတရားကို သိခဲ့ပါတယ် ဘုရား။

အရှင်ဘုရားကျေးဇူးနဲ့ တပည့်တော် မိုက်မဲဆိုးသွမ်း ကျူးလွန်ခဲ့သမျှ အမှားမျိုး နောင်မဖြစ်ရအောင် ကြိုးစားတော့မယ် ဆိုတဲ့ စိတ်ဓါတ်သတ္တိ ရခဲ့ပါတယ်ဘုရား။ တပည့်တော်မကို ဘယ်သူ တိုက်တွန်းလို့၊ ညွှန်းလို့မှ အရှင်ဘုရား စာအုပ်တွေကို ဖတ်ခဲ့မိတာ မဟုတ်ပါဘူး ဘုရား။ အလိုလိုဝယ်ဖတ်မိခဲ့တာပါ။

စိတ်ဓါတ်ပျက်ပြားခဲ့ဆုံးအချိန် အကုသိုလ်အရမ်းကြီးတဲ့ အချိန်မှာ မြတ်စွာဘုရားရဲ့ရှေ့မှာ ''မှန်သောလမ်းကို ပြတော်မူပါဘုရား''လို့ ဆုတောင်းမိပြီး မကြာခင်လေးမှာ ဆရာတော့် အဆုံးအမကို ရခဲ့တော့ ကိုယ်လိုရာဆွဲပြောရရင် ကျေးဇူးရှင် ဆရာတော်ဘုရားက တပည့်တော်မကို မြတ်စွာဘုရားရှင် ညွှန်ပြတော်မူခဲ့တဲ့ ဆရာအရှင်မြတ်လို့ ပြောရမှာပါဘုရား။

တပည့်တော် အရှင်ဘုရားစာအုပ်တွေကို တပည့်တော်မရဲ့ မိခင်ဆီကိုလည်း ပို့ပေးပါတယ်ဘုရား။ မိခင်ရဲ့ မိတ်ဆွေတွေကပါ လိုချင်တဲ့အတွက် ပိုဝယ်ပေးပါတယ်ဘုရား။ တပည့်တော်မကို ကျေးဇူးရှိခဲ့ကြဖူးတဲ့ ဆွေမျိုးမိတ်ဆွေများကိုလည်း တပည့်တော်မ

အရှင်ဘုရားရဲ့ စာအုပ်လေးတွေ ဝယ်ပြီးပေးပါတယ်ဘုရား။ တပည့်တော်မ တစ်နည်းအားဖြင့် ကျေးဇူးရှိခဲ့ဖူးတဲ့သူတွေကို တရားနဲ့ တတ်စွမ်းသမျှ ကျေးဇူးဆပ်တယ်လို့ သဘောမှတ်ယူပြီး ဝယ်ပေးပါတယ်ဘုရား။

တပည့်တော်မ သရဏဂုံ စပြီးတည်ခဲ့၊ ငါးပါးသီလ ခံယူပြီးတဲ့နောက် အစပိုင်း အချိန်မှာတော့ ဒေါသစိတ်၊ အာဃာတစိတ်၊ လူသတ်ချင်နေတဲ့စိတ်တွေ အရှင်းပျောက်မသွားခဲ့သေးပါဘူးဘုရား၊ သတိရရင်း၊ တွေးမိရင်း မကြံကောင်းမစည်ရာ အကုသိုလ်တွေ တွေးကြံမိနေခဲ့တုန်းပါဘုရား။ တပည့်တော်မ "သတိပဋ္ဌာန်"၊ "ဝိပဿနာ"ဆိုတာလည်း သေချာမသိသေးတော့ တစ်ခုခု အကုသိုလ်ကြံမိရင် ကြိုးစားပြီး မေတ္တာပို့လိုက်၊ ငါးပါးသီလကို ကိုယ့်ကိုယ်ကို သတိပေးတဲ့ အနေနဲ့ အသံထွက်ပြီး ပြန်ဆောက်တည်လိုက် လုပ်နေခဲ့ရပါတယ်ဘုရား။

အကုသိုလ်စိတ် ပျောက်သွားလိုက်၊ ခဏနေရင် ပြန်ဖြစ်လာပြန်လို့ ပြန်ပြီး မေတ္တာပို့ သီလကို အသံထွက်ရွတ်ပြီး ကိုယ့်ကိုယ်ကို ပြန်သတိပေးလိုက် လုပ်နေခဲ့ရပါတယ်ဘုရား။ တစ်ချိန်တည်းမှာ အရှင်ဘုရားစာအုပ်တွေကို အဆက်မပြတ် ဖတ်ရင်းဖတ်ရင်း တဖြည်းဖြည်း တပည့်တော်မရဲ့ စိတ်ပူလောင်မှုတွေ၊ အကုသိုလ်တွေဖြစ်တာ လျော့လာပါတယ်ဘုရား။ မဖြစ်အောင် ကြိုးစားပြီး ဆောက်တည်လို့လည်း ရခဲ့တယ်ဘုရား။

•

## ကိုယ့်ဘဝမှာ တာဝန်အရှိဆုံးသူ

တပည့်တော်မ အရှင်ဘုရားရဲ့ တရားခွေတွေကိုတော့ များများ မနာဖူးပါဘူး။ တပည့်တော်မက စာဖတ်တာကို ပိုစိတ်



သန်ပါတယ်ဘုရား။ ပြီးတော့ တပည့်တော်မက မျက်လုံးအဝေးမှုန်တော့ TV ကြည့်တဲ့ အလေ့အကျင့် နည်းပါတယ်ဘုရား။ TV ကိုမြင်ရဖို့ မျက်မှန်တပ်ရတော့ ကြာကြာမကြည့်နိုင်ပါဘူးဘုရား။ စာဖတ်တော့ မျက်မှန်မလိုပါဘူးဘုရား။ အဲဒါကြောင့် စာအုပ်ကို ပိုမိုမက်မောပါတယ်ဘုရား။

အခုနောက်ပိုင်းမှ တရားနာတတ်လာတာပါဘုရား။ ဒါပေမဲ့ အသံကိုပဲ သက်သက်ဖွင့်ပြီး နာသလိုမျိုးနာရတာပါဘုရား။ အခုတော့ တပည့်တော်မ အရှင်ဘုရား တရားရော၊ သီတဂူဆရာတော်ကြီးအခွေ၊ ဆရာတော်ဦးသုမင်္ဂလအခွေ၊ နောက်ပြီး ပါမောက္ခချုပ် ဆရာတော်ကြီးအရှင်နန္ဒမာလာဘိဝံသရဲ့ တရားတော်တွေရော နာပါတယ်ဘုရား။ တပည့်တော်မ ကံကံရဲ့အကျိုးဆိုတာကို ယုံကြည်လက်ခံလာတဲ့အချိန်မှာ တပည့်တော်မရဲ့ ပူလောင်ဆင်းရဲမှုတွေကို ဖြစ်စေတတ်တဲ့ အကြောင်းတရားမှာ တာဝန်အရှိဆုံးဟာ တပည့်တော်မကိုယ်တိုင်ပါလားလို့ သိခဲ့ပါတယ်ဘုရား။

အခု မမှားလည်း မသိ မမြင်နိုင်တော့တဲ့ အတိတ် တစ်ချိန်က တပည့်တော်မ မှားခဲ့လို့ပဲလို့ လက်ခံနိုင်ခဲ့ပါတယ် ဘုရား။ အရှင်ဘုရားရဲ့ *လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ* (၃)အုပ်၊ ***သညာသိနှင့် ပညာသိ၊ မင်္ဂဖိုလ်ရမည့် သမာဓိအဆင့်ဆင့်*** စာအုပ်တွေ ဖတ်ပြီးတဲ့နောက်မှာ ဘဝမှာ အတတ်နိုင်ဆုံး ဘာလုပ်သင့်သလဲ၊ ဘယ်လိုနေသင့်သလဲဆိုတာ နားလည်လာပါတယ် ဘုရား။ ဗုဒ္ဓဘုရားရှင်အဆုံးအမတွေရဲ့ တန်ဖိုးကို အကြွင်းမရှိ ယုံကြည်ခဲ့ပါတယ်ဘုရား။ အဲဒီနောက်မှာ တပည့်တော် လက်လှမ်းမီသမျှ အရှင်ဘုရား လမ်းညွှန်တော်မူတဲ့ ဖတ်ရမယ့်

စာအုပ်စာရင်းထဲက စာအုပ်တွေရော၊ တခြား ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ရဲ့ ဘာသာရေးဆိုင်ရာ၊ ဝိပဿနာဆိုင်ရာ စာအုပ်တွေ ဖတ်ခဲ့ပါတယ်ဘုရား။ အဲဒီနောက် တပည့်တော်မ စိတ်ထဲမှာ အပါယ်လေးဘုံကို ကြောက်တဲ့စိတ်၊ အကြီးအကျယ် ဖြစ်လာပါတယ်ဘုရား။ ငါ တော်တော်ဆိုးမိုက်ခဲ့တယ်လို့ တွေးရင်း ဆောက်တည်ရာမရ ဖြစ်ပါတယ်ဘုရား။

အရင်ကလို Stage Show တွေ၊ အဆိုတော်တွေ၊ သီချင်းတွေကိုလည်း စိတ်မဝင်စားတော့ဘဲ သူငယ်ချင်းတွေနဲ့သွားပြီး စားသောက် ပျော်ရွှင်နေချင်တဲ့ စိတ်မျိုးလည်း ကုန်သွားပါတယ်ဘုရား။ တပည့်တော် ဆိုးခဲ့တာ၊ သီလ မရှိခဲ့တာတွေ တွေးပြီး အပါယ်လေးဘုံကို ကြောက်လိုက်၊ ငါ ဒီလို နောင်တနဲ့ပြန်ပူလောင်နေတာ မှားတယ်။ ဒီလိုဖြစ်နေတာ ငါ့ကို ပိုပြီးဒုက္ခရောက်စေတော့မှာလို့ စိတ်ကို သတိနဲ့ပြန်ထိန်းလိုက်နဲ့ဘုရား။

***သညာသိနဲ့ ပညာသိ*** စာအုပ်ရဲ့ စာမျက်နှာ ၃၉၆၊ ၃၉၇၊ ၃၉၈ မှာ အရှင်ဘုရားရဲ့ ညီတော်ကို ရှင်းပြခဲ့တာကို ခဏခဏ ပြန်ဖတ်ပြီး လက်တွေ့ဘာလုပ်ရပါ့မလဲဆိုတာ သဘောပေါက်ခဲ့ရပါတယ်ဘုရား။ ၂၀၁၀သကြံန်တွင်းမှာတော့ တပည့်တော်မဘဝမှာ ပထမဆုံးအကြိမ် တရားစခန်းဝင်ခဲ့ပါတယ်ဘုရား။ အင်းတကော်က ဓနိတာရာမ မိုးကုတ်ဝိပဿနာရိပ်သာတောရမှာပါဘုရား။

အရှင်ဘုရား တရားစခန်းဖွင့်တယ် ကြားလို့ တပည့်တော်မနဲ့ သူငယ်ချင်း စုံစမ်းကြည့်တော့ လူပြည့်သွားပြီတဲ့ဘုရား။ တရားစခန်းမှာ ထိုက်သင့်တဲ့ စိတ်ငြိမ်သက်ငြိမ်းချမ်းမှုကို ရခဲ့ပါတယ်ဘုရား။ ဝိပဿနာဉာဏ် နှစ်ပါးကို သညာအသိအားဖြင့် တပည့်



တော် နားလည်ခဲ့ပါတယ်ဘုရား။ တန်ဖိုးကြီးတဲ့ ရလဒ်ကတော့ တပည့်တော်မမှာ ကုက္ကုစ္စတွေပျောက်သွားတဲ့အပြင် တပည့်တော်မ စိတ်မှာဖြစ်တဲ့ အကောင်းအဆိုးတွေကို တပည့်တော်က ပွဲကြည့်ပရိသတ်နေရာမှာ နေတတ်လာတဲ့ အလေ့အကျင့် ရသွားပါတယ်ဘုရား။

ပုထုဇဉ်ပီပီ၊ နဂိုအခံကလည်း တော်တော်ဆိုးခဲ့တာပီပီ တပည့်တော် စိတ်ကတော့ ဖောက်ပြန်တာပါပဲဘုရား။ ဒါပေမဲ့ တပည့်တော်မ စိတ်ဆိုးစရာအာရုံတွေ့ရင် စိတ်ကနေ ပါးစပ်အထိ ထုတ်ပြီး ဆိုးပြတတ်တဲ့အဖြစ်မျိုးတော့ သိသိသာသာ လျော့သွားအောင် သတိထားနိုင်ခဲ့ပါတယ်ဘုရား။ တပည့်တော် ဝိပဿနာ၊ သတိပဋ္ဌာန်ကို နေ့စဉ်ရှုပွားတတ်တဲ့သူဖြစ်အောင်တော့ ကြိုးစားနေရတုန်းပါဘုရား။ နေ့စဉ်တော့ ရှုပွားပါတယ်ဘုရား။

အကုသိုလ် ကင်းစင်နေတဲ့ စိတ်ရဲ့ သန့်ရှင်းမှု၊ ငြိမ်းအေးချမ်းသာမှုဟာ ဘာနဲ့မှမတူပါဘူးဘုရား။ တပည့်တော်မ တစ်ခါတလေတော့ အရင်က ငါ ဘာတွေလျှောက်လုပ်ခဲ့မိပါလိမ့်လို့ တွေးမိပါတယ်ဘုရား။ ဒါပေမဲ့ ကုက္ကုစ္စတော့မဖြစ်တော့ဘဲ တွေးနေမိပြီလို့ပဲ သတိထားမိနေပါတယ်ဘုရား။ တပည့်တော်မ ငါးပါးသီလကို အချိန်ပိုင်းပိုင်းပြီး တစ်နေ့တာ၊ သုံးရက်တာ အတွင်း စသဖြင့် နေ့စဉ်ဖြစ်သွားအောင် ကြိုးစားပါတယ်ဘုရား။

### စောင့်ထိန်းရ အခက်ဆုံးကံ

ဥပုသ်ရက်တွေမှာလည်း ရှစ်ပါးသီလ ကြိုးစားစောင့်ပါတယ်ဘုရား။ တပည့်တော် တစ်ခါတလေ ငါးပါးသီလမှာ မုသာဝါဒကံအတွက်ပဲ အခက်အခဲ ဖြစ်ပါတယ်ဘုရား။ အထူးသဖြင့် လူနာရဲ့

မေးခွန်းတစ်ခုခုကို ဖြေဖို့ လူနာရဲ့လတ်တလော အခြေအနေအရ အမှန်ပြောလို့မရတဲ့ အခြေအနေမျိုးမှာ တော်တော်အကျဉ်းအကျပ် ဖြစ်ရပါတယ်ဘုရား။ လိမ်ပြီးရင် တော်တော် စိတ်ဆင်းရဲပါတယ်ဘုရား။

တစ်ခါတလေလည်း သူတစ်ပါး အကျိုးပျက်ရာ၊ ထိခိုက်ရာ မရောက်ပါဘူး။ သူတို့မှာ လတ်တလော အကျိုးတောင် ဖြစ်သွားပါတယ်လေလို့ ပြန်တွေးပြီး စိတ်ဖြေရပါတယ်။ ကလေးလေးတွေကို ချစ်စနိုးစရင်းနဲ့လည်း မုသာဝါဒ ဖြစ်သွားတတ်ပါတယ်ဘုရား။ တပည့်တော်မကို တော်တော်လိုပါသေးတယ်ဘုရား။ တပည့်တော်မ အခု ကုသိုလ်အလုပ်တွေကို တတ်စွမ်းသမျှလုပ်ပါတယ် ဘုရား။

အရင်က ကုသိုလ်လို့မသိဘဲ လုပ်ချင်လို့လုပ်ခဲ့တဲ့၊ စိတ်ပျော်လို့ လုပ်ခဲ့တဲ့ အလုပ်မျိုးဟာ အခုတော့ တပည့်တော်မှာ ပိုပြီးပျော်ရုံတင်မကဘူး ကြည်လင်နေတာပါဘုရား။ အခု တပည့်တော်မ အိမ်မှာ ဆွမ်းခံ ကိုရင်ကလေး (၇)ပါးအထိ ရှိနေပါတယ်ဘုရား။ အငယ်ဆုံး ကိုရင်ကလေးဆို ခုနစ်နှစ်သားလေးပါဘုရား။ လှိုင်တပ်တွင်း ပရိယတ္တိကျောင်းကပါ ဘုရား။

တပည့်တော်တို့ရဲ့ ကိုရင်ကလေးတွေက သိပ်ချစ်စရာ၊ သနားစရာ ကောင်းပါတယ်ဘုရား။ သူတို့ကို တပည့်တော် ဖိနပ်၊ သက်နီး၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ အံသကိုင်ကအစ ပုံပို့၊ လှူဒါန်းခဲ့ပါတယ်ဘုရား။ မသင့်တော်မှန်း သိပေမယ့် သူတို့ကြည့်ချင်တဲ့ ကာတွန်းခွေကအစ ပြပါတယ်ဘုရား။ သူတို့က စာသင်နေတဲ့ ကိုရင်ကလေးတွေပါဘုရား။ ပရိတ်ကြီးတို့ သဒ္ဒါတို့ကို သင်ရတာတဲ့ဘုရား။



နောက် တပည့်တော်မ တော်တော် စိတ်မကောင်းဖြစ်ခဲ့တာ တစ်ခုက၊ တစ်ရက်မှာ တပည့်တော်မ လှည်းတန်းက စာအုပ်ဆိုင်မှာ အရှင်ဘုရား စာအုပ်ဝယ်ရင်းနဲ့ ကိုရင်ကြီးကြီးလေး တစ်ပါး အင်္ဂလိပ်စာဝေါဟာရစာအုပ်လေးတွေကို ဈေးမေးပြီး သူ့ပိုက်ဆံလေးတွေကို ရေနေတယ်ဘုရား။ နောက်ဆိုင်ကမိန်းမကို မေးတာလည်း တပည့်တော်မ သေချာမကြားလိုက်ပေမယ့် "လျှော့လို့မရပါဘူးလို့"ပြန်ဖြေတာကြားတော့ ဈေးဆစ်တာနဲ့ တူပါတယ် ဘုရား။

တပည့်တော်မ တော်တော်လေး စိတ်မကောင်းဖြစ်သွားမိတယ် ဘုရား။ နောင်တလည်း ရသွားတာက တပည့်တော်မ မိုက်ခဲ့တဲ့အချိန်က ပေဒင်ဆရာတွေရဲ့ တောင်းတဲ့ကြေးထဲမှာ သူရဿတီမယ်တော်ပွဲဖိုးဆိုပြီး ပါတယ်ဘုရား။ အဲဒီ အဓိပ္ပါယ်မရှိတဲ့ ကုလားနတ်ကို ဗန်းပြပြီး ပေဒင်သမားတွေ ငွေရှာလွယ်နေတဲ့အချိန်မှာ တပည့်တော်မတို့ရဲ့တကယ့်ပိဋကတ်သုံးပုံ ဆောင်တဲ့ နတ်သား၊ နတ်သမီးလေးတွေက ဆင်းရဲနေပါလားလို့ တွေးမိပြီး တော်တော် စိတ်လည်း နာသွားတယ်ဘုရား။

အဲဒီနေ့က ကိုရင်ကလေးကို–

"အရှင်ဘုရားလိုချင်တဲ့စာအုပ်မှန်သမျှ အကုန်ယူပါဘုရား၊ တပည့်တော်မ လှူမယ်"ဆိုတော့ တပည့်တော်မကို မျက်လုံးလေး ပြူးကြည့်နေတယ် ဘုရား။ အရပ်ရှည်ရှည်လေးနဲ့မို့ တပည့်တော်မက ကိုရင်လား ဦးဇင်းလား ဘုရားလို့ ဆိုတော့ ကိုရင်တဲ့ဘုရား။ ကိုရင်လေးကို တပည့်တော်မစာအုပ်လေး လှူပြီး အဲဒီနေ့ကစပြီး တပည့်တော်မ စာအုပ်ဆိုင်သွားတိုင်း ဆိုင်ထဲမှာရှိနေတဲ့အချိန် ဝင်လာတဲ့ ရဟန်းသံဃာတော်တိုင်းကို လိုချင်တဲ့စာ

အုပ်မှန်သမျှ တပည့်တော်မ အားလုံးလှူခဲ့ပါတယ်ဘုရား။ ဒီနေ့အထိပါဘုရား။

လှည်းတန်းက ***စာပေလောက***ရယ်၊ ***အင်းဝ*** စာအုပ်တိုက်ရယ်၊ ***စာပေဟင်းလေးအိုးကြီး*** ရယ်၊ တပည့်တော်မ ဝယ်နေကျ သုံးဆိုင်လုံး တပည့်တော်မကို သိတယ်ဘုရား။ ***စာပေလောက*** ဆို ကောင်တာကိုတောင် တစ်ခါတစ်လေ ပြောထားစရာ မလိုဘူး။ တပည့်တော်မ ဆိုင်ထဲမှာရှိတဲ့အချိန်ဆို ရဟန်းသံဃာတော်တွေကို စာအုပ်ဖိုး မယူဘူးဘုရား။ တချို့ဦးဇင်းတွေ ကိုရင်တွေဆို တပည့်တော်မ လှူမှန်းတောင် သိချင်မှသိမှာပါဘုရား။ ဆိုင်က လှူတာ ထင်မှာပါဘုရား။

များသောအားဖြင့် ဦးဇင်းကြီးကြီးတွေကပဲ တရားနဲ့ပတ်သက်တဲ့ စာအုပ်ဝယ်ပါတယ်ဘုရား။ ဦးဇင်းငယ်ငယ်တွေက အင်္ဂလိပ်စာ၊ ကွန်ပျူတာ ပညာရပ်ဆိုင်ရာ စာအုပ်တွေ ဝယ်တာ များပါတယ်ဘုရား။ တစ်ခါတလေ အချစ်ဝတ္ထုဝယ်ပါတယ်ဘုရား။ တစ်ခါကလည်း စာပေဟင်းလေးအိုးကြီး ဆိုင်မှာ ဦးဇင်းငယ်ငယ်နှစ်ပါးကို တပည့်တော်မ လှူပါ့မယ်လို့လျှောက်တော့ တစ်ပါးက ပြန်ပြောပါတယ်ဘုရား။

အရမ်းအားနာနေတဲ့အသံနဲ့၊ အဲဒီဦးဇင်းမျက်နှာက နီရဲနေတာပဲဘုရား။ "ဒကာမလေး ဦးဇင်း ဒါတွေလိုချင်တာတဲ့။ ဒါပေမဲ့ ဒကာမလေးအဆင်ပြေပါ့မလား"တဲ့။ စာအုပ်တွေက ကွန်ပျူတာပညာရပ်ဆိုင်ရာနဲ့ အင်္ဂလိပ်စာဆိုင်ရာ အဆင့်မြင့်တဲ့စာအုပ်တွေပါဘုရား။ သုံးလေးအုပ်လောက်ကို တန်ဖိုးနှစ်သောင်းကျော်ပါတယ်ဘုရား။ တပည့်တော်မ အဲဒီနေ့က ဝမ်းသာအားရ အကုန်လှူလိုက်ပါတယ်ဘုရား။



တပည့်တော်မ လိုချင်တဲ့ စာအုပ်တွေအတွက်တော့ မလောက်လို့ မဝယ်ခဲ့ရပါဘူးဘုရား။ ဒါပေမဲ့ တပည့်တော်မ အရမ်းဝမ်းသာပါတယ်ဘုရား။ တစ်ခါကတော့ ဦးဇင်းကြီးတစ်ပါးက ရွှေပေါက်ကျွန်း ဝိနည်းသုဓ်စာအုပ် လိုချင်တာတဲ့ ဘုရား။ တပည့်တော်မက ဦးဇင်းကြီးနောက်ကိုလိုက်ပြီး လှည်းတန်းက စာအုပ်ဆိုင်တွေ နှံ့အောင်ရှာပေးရတယ်ဘုရား။ မတွေ့ပါဘူးဘုရား။ တခြားစာအုပ်ပဲ ရသွားပါတယ်ဘုရား။ တပည့်တော်မ အဲဒီအလှူကို အရမ်းပျော်ပါတယ်ဘုရား။

တပည့်တော်မ စဉ်းစားမိတာ အရင်ဘဝတွေတုန်းက ဒီလို ဉာဏ်ပညာနဲ့ဆိုင်တာ လှူခဲ့ဖူးလို့ အခုဘဝ မိုက်မဲပေမဲ့ လောကီဉာဏ် ထက်တာဖြစ်မှာလို့ တွေးမိတယ်ဘုရား။ အဲဒီတော့ အခုလည်း ဆက်လှူမှ တပည့်တော်မ လိုချင်တဲ့ ဉာဏ်အတွက် ဆုတောင်းနိုင်မှာမို့ဘုရား။ တပည့်တော်မ စာအုပ်လှူပြီးတိုင်း ဒီကုသိုလ်ဟာ တပည့်တော်မအတွက် အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးကို သိနိုင်တဲ့ဉာဏ်အတွက် အထောက်အပံ့ ဖြစ်ရပါလို၏လို့ ဆုတောင်းပါတယ်ဘုရား။

တပည့်တော်မ လိုချင်တဲ့ ဆုတောင်းက တောင်းပုံ မှန်ရဲ့လားလို့ အရှင်ဘုရားကို မေးလျှောက်ချင်ပါတယ်ဘုရား။ ဈေးထဲမှာလည်း ဈေးသည်တွေက ခပ်တည်တည်နဲ့ သီလရှင်ဆရာလေးတွေက တောင်းတောင်းပန်ပန်နဲ့ ဈေးဆစ်နေတာ မြင်ရရင်လည်း တပည့်တော်မ စိတ်မကောင်းပါဘူးဘုရား။ လိုသမျှပြည့်စုံအောင် တပည့်တော်မ ဝယ်လှူပါတယ်ဘုရား။

တပည့်တော်မဟာ ဘွဲ့ရကာစ ဆရာဝန်ပေါက်စမို့ မိဘကို မှီခိုနေရဆဲမို့ သိန်း ဆယ်ဂဏန်း၊ ရာဂဏန်း သူများတွေလို

မလှူနိုင်ပါဘူးဘုရား။ မုန့်ဖိုးကို အရင်ကလို စိတ်ထင်ရာ လုပ်မပစ်ဘဲ မုန့်ဖိုးနဲ့ တပည့်တော်မ စာအုပ်တွေ အများကြီး ဝယ်ဖတ်ရ၊ လှူလည်း လှူရပါတယ်ဘုရား။ တပည့်တော်မ တစ်လကို လေးကြိမ်လောက် စာအုပ်ဆိုင်သွားလေ့ရှိတော့ အမြဲလိုလို တပည့်တော်မ စာအုပ်ဆိုင်ရောက်တဲ့အချိန်နဲ့ ရဟန်းသံဃာတွေ စာအုပ်ဆိုင်လာတာနဲ့ကြုံတတ်တာ တပည့်တော်မသိပ်ကံကောင်းပါတယ်ဘုရား။ စာအုပ်ဖိုး တစ်လကို(တပည့်တော်မ ဖတ်ဖို့ရော လှူတာပါ) ပျမ်းမျှ ငါးသောင်းနဲ့ တစ်သိန်းကြား ရှိပါတယ်ဘုရား။

အလွန်အကျိုးများတဲ့ ပိုက်ဆံကုန်ကျခြင်းပါဘုရား။ တပည့်တော်မ မရမ်းချောင်းက ဝေဒနာရှင်တွေကိုလည်း အရမ်းလှူချင်ပါတယ်။ လာမယ့် လွတ်လပ်ရေးနေ့မှာ ကိုယ်တိုင်လိုက်ပြီး လှူနိုင်၊ ကျန်းမာရေးအတွက်ပါ တတ်နိုင်သမျှ ကြည့်ရှုပေးနိုင်အောင် အခုကတည်းက သက်သက် စုထားမယ်လို့ စဉ်းစားထားပါတယ်ဘုရား။

ကလေးဆေးရုံက သွေးကင်ဆာနဲ့ ကိုရင်ကလေးအတွက်လည်း ကူညီ လှူဒါန်းချင်ပါတယ်ဘုရား။ ပြီးတော့ တပည့်တော်မ စဉ်းစားမိတာ အရှင်ဘုရားကသာ အလိုတော်ရှိပါရင် တပည့်တော်မ အရှင်ဘုရားကလွှတ်တဲ့ အရှင်ဘုရားရဲ့ တပည့်မတစ်ဦးအနေနဲ့ ဆေးရုံက ကိုရင်ကလေးရဲ့ အရင်းအချာပတ်သက်တဲ့ ဆရာဝန်တစ်ယောက်၊ အစ်မတစ်ယောက်အဖြစ်၊ ကိုရင်ကလေးကို ဆေးရုံထဲ လူနာအနားမှာ နေ့တိုင်း အချိန်တစ်ခုပေးပြီး ကြည့်ပေးနေနိုင်ပါတယ်ဘုရား။

တပည့်တော်မ သိတာက ဆေးရုံပေါ်မှာဆိုရင် တချို့တချို့သော ကိစ္စတွေမှာ အရင်းအချာ ဆရာဝန်တစ်ယောက် အနားမှာ



ရှိနေရင်၊ ပါလာရင် ဝန်ထမ်းတွေရဲ့ ဆက်ဆံရေး၊ ဂရုစိုက်မှုကအစ ပိုအဆင်ပြေတတ်ပါတယ်ဘုရား။ တပည့်တော်မ အလုပ်သင်ဆရာဝန်ဘဝတုန်းက အဲဒီကလေးဆေးရုံရဲ့ ကင်ဆာနဲ့ သွေးရောဂါဌာနမှာ တာဝန်ကျဖူးတော့ အဲဒီပါမောက္ခ ဆရာဝန်ကြီးတွေဟာ တပည့်တော်ရဲ့ဆရာတွေလည်း ဖြစ်ခဲ့ဖူးပါတယ်ဘုရား။

တပည့်တော်မရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရား။ ဆရာတော်ဘုရားကျေးဇူးတော်ကြောင့် တပည့်တော်မဘဝမှာ အမှောင်ထဲကနေ အလင်းရောင် မြင်ခဲ့ရတဲ့ တစ်နှစ်နီးပါးအတွင်းမှာ လျှောက်ထားချင်ခဲ့တာတွေအတွက် အခုလိုရှည်လျားစွာ လျှောက်ထားတာကို သည်းခံဖတ်ရှုပေးတော်မူခဲ့တဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကို တပည့်တော်မ ရှိသေမြတ်နိုးစွာ လက်စုံမိုး ရှိခိုးကန်တော့ပါတယ်ဘုရား။

တပည့်တော်မ ပြုခဲ့တဲ့ ကောင်းမှုမှန်သမျှမှာ အကျိုးဖြစ်ထွန်းခဲ့ကြတဲ့ အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာ တပည့်တော်မ ကျေးဇူးထက် အရှင်ဘုရားကျေးဇူးသာ ရှိပါတယ်ဘုရား။ တပည့်တော်မတို့ အရှင်ဘုရားနဲ့ သံဃာတော်များကို တစ်ကြိမ်တစ်ခါလောက် တပည့်တော်မအိမ်မှာ ဆွမ်းပင့်လျှောက် လုပ်ကျွေးခွင့် ရချင်ပါတယ်ဘုရား။

ဒါပေမဲ့ တပည့်တော်မအိမ်က တိုက်ခန်းပါဘုရား။ တပည့်တော်မတို့ကို အစဉ်သနားသော ကရုဏာဖြင့် တပည့်မအဖြစ် အသိအမှတ်ပြုတော်မူပါလို့ တပည့်တော်မ ထပ်ပြီး လျှောက်ထား တောင်းပန်ပါတယ်ဘုရား။

အရှင်ဘုရားထံ ကိုယ်တိုင်လာရောက်ပြီး တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုနဲ့ ရှိခိုးဦးခိုက်ဆက်ကပ် လှူဒါန်းခွင့်ပြုတော်မူပါ

လို့လည်း လျှောက်ထား တောင်းပန်ပါတယ်ဘုရား။ အရှင်ဘုရား မှော်ဘီ(သို့မဟုတ်)ရွှေပြည်သာမှာ ရှိနေပါလျှင် လာရောက် ဖူးတွေ့ ကန်တော့နိုင်တဲ့အတွက် အရှင်ဘုရား သီတင်းသုံးမယ့် နေရာကို တယ်လီဖုန်းနဲ့ မေးမြန်းခွင့်ပြုပါလို့လည်း လျှောက်ထား တောင်းပန်ပါတယ်ဘုရား။

တပည့်တော်မကို အစဉ်သနားသော ကရုဏာတော်ဖြင့် ခွင့်ပြုတော်မူပါ ဘုရား။ တပည့်တော်မရဲ့ ကျေးဇူးရှင် အလင်းရောင်ပေးသူ၊ လမ်းပြကယ်တင်သူ ဖြစ်တော်မူသော ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာချမ်းသာတော်မူ၍ [illegible] ရှည်ကြာစွာ တပည့်တော်မကဲ့သို့သော အမိုက်အမဲများ[illegible] ကယ်တင် လမ်းပြတော်မူနိုင်ပါစေလို့ တပည့်တော်မ ရှိခိုး ကန်တော့ ဆုတောင်းမေတ္တာပို့ပါတယ်ဘုရား။

**ရှိခိုးဦးခိုက် ကန်တော့လျက်–**

**ဘုရားတပည့်တော်မ ဒေါက်တာ မြတ်မဠ္ဍူ**

•

**ဗုဒ္ဓဒေသနာတော်အရ မြင့်မြတ်မှုသည် ကျောင်းကန်ဘုရား၊ တရားဒေသနာ စသော သက်မဲ့ဝတ္ထုများ၌ မတည်ဘဲ၊ သက်ဆိုင်သူ သက်ရှိပုဂ္ဂိုလ်များ၏ နှလုံးသွင်း မနသိကာရ၌သာ တည်၏။**

**(ဦးရွှေအောင်– စာဖတ်သူများ)**

•



မြတ်မဠ္ဍူ၏ မောင်ငယ်များ၊ အစ်ကိုများမှာ နိုင်ငံခြားမှာပင် ပညာသင်ကာ နိုင်ငံခြားမှာပင် အိမ်ထောင်ကျနေကြပြီး မြတ်မဠ္ဍူ၏ မိခင်သည် ခင်ပွန်းဖြစ်သူ ဆုံးသွားသောအခါ နိုင်ငံခြားထွက် အလုပ်လုပ်ဖို့ ပြင်ဆင်သည်။ သမီးငယ်ကိုလည်း ခေါ်ဖို့လုပ်သည်။ သို့သော် သမီးငယ်ကား ငယ်ငယ်လေးနှင့် မျိုးချစ်စိတ်ရှိသူဟု ဆိုရမည်လားမသိ၊ နိုင်ငံခြားသို့ မလိုက်ချင်ဟုဆိုကာ မြန်မာပြည်မှာပဲ နေရစ်သည်။

ထို့ကြောင့် မိခင်ဖြစ်သူမှာ စား၊ ဝတ်၊ နေရေး အားလုံးစီမံပေးပြီး မြတ်မဠ္ဍူကို မြန်မာပြည်မှာ ထားရစ်ခဲ့သည်။ ကံဆိုးသည်က အနီးကပ်စောင့်ရှောက်သူများသည် မိခင်စိတ်၊ ဖခင်စိတ် ကင်းမဲ့ကြခြင်းပင်ဖြစ်၏။ သူတို့က အသားဟင်းတွေချက်စားပြီး ကလေးကိုတော့ အသီးအရွက်ကြော်လောက်နှင့်သာ ဖြစ်သလို ကျွေးသည်။ မြတ်မဠ္ဍူ၏ ကောင်းသောအကျင့်ကလေး တစ်ခုမှာ အစားအသောက်နှင့် ပတ်သက်လာလျှင် ကြေးမများခြင်းပင် ဖြစ်၏။

## မကောင်းသော ပတ်ဝန်းကျင်

မည်သည့်ဟင်းနှင့်ကျွေးကျွေး ဖြစ်သလိုစားတတ်သည်။ သို့သော် ဉာဏ်ထက်သော ကလေးဖြစ်သောကြောင့် ဟင်းနံ့ရသည်နှင့် မည်သည့်အသားဟင်း ချက်ထားကြောင်း သိနေတတ်သည်။ သူ့အမေဆီကို အဒေါ်များက ဖုန်းဆက်သောအခါ မည်သည့် အသားဟင်းများကို အဘယ်ကဲ့သို့ ချက်ကျွေးကြောင်း လိမ်ညာကြသည်။ သူတို့က ကလေးကို လျှော့တွက်ပြီး ကလေးရှေ့မှာ လိမ်ပြောနေကြသည်။

ကလေးက သူတို့ထက် ဉာဏ်ပြေးသည်။ သို့သော် အကောင်းဖက်သို့ ပြေးခြင်းမဟုတ်။ အဆိုးဘက်သို့ ပြေးခြင်းသာဖြစ်သည်။ သူတို့လိမ်ညာနေသည်။ နောင်ဆို ငါလည်း လိမ်ညာမည်ဟူသော အဆိုးဘက်သို့ ပြေးနေခြင်းသာ ဖြစ်သည်။ တစ်ခါကလည်း မြတ်မဥ္ဇူလေးက သူ့အဖေကို သတိရပြီး အကြာကြီးငိုနေသည်။ အဒေါ်နှင့် ဦးလေးက ပထမတော့ ထိုက်သလောက် ချော့မည်ထင်ပါသည်။ မရသောအခါ စိတ်တိုပြီး နင့်အဖေသေသွားပြီဟု ပြောလိုက်ရာ ကလေးမှာ ထိတ်လန့်တကြားဖြစ်သွားပြီး အားခနဲ အသံကုန် အော်မိလေတော့သည်။

သူ့ကို အရင်က အဖေ ဆေးရုံမှာ ဆေးသွားကုနေတာဟု လိမ်ထားကြသည် မဟုတ်ပါလား။ ထိုသို့ ကလေးက ကြေကွဲဝေဒနာဒဏ်ကို မခံနိုင်တော့ဘဲ အားကုန်အော်လိုက်သောအခါ အဒေါ်ဖြစ်သူသည် ကလေး၏ပါးကို မညှာမတာ အားကုန်လွှဲရိုက်လိုက်တော့သည်။ ပင်ကိုဒေါသစိတ်ခံ ကြီးမားသော ကလေးမှာ အကြောက်ကြီးကြောက်ပြီး စိတ်နာကြည်းသွားတော့သည်။ ဆရာကြီးရွှေဥဒေါင်း၏ အသုံးအနှုံးဖြင့် ပြောရလျှင် ဆူးတောင်ကြီးတစ်ချောင်း ပေါက်လာခြင်းပင်။

ထိုဆူးတောင်ကြီးကား လူသားများကို မုန်းတီးရွံရှာ သွားစေသော ဆူးတောင်ပင်ဖြစ်ပါ၏။ တစ်ခါကလည်း အိမ်နီးချင်းတိုက်မှ ဦးလေးကြီးတစ်ယောက်သည် သူ့သမီးငယ်ကို ပုံပြောပြနေသည်။ ဝင်းထရံဘေးမှ လှမ်းကြည့်နေရခြင်းဖြစ်သောကြောင့် အသံကိုကား ကြားတစ်ချက်၊ မကြားတစ်ချက်။ သို့သော် ဖခင်မရှိတော့သော မြတ်မဥ္ဇူလေးက ထိုကလေးမနေရာကို သူက စိတ်ကူးဖြင့် ဝင်ယူလိုက်သည်။ ထိုဦးလေးကြီးကလည်း သူ့ဖခင်ဖြစ်



သွားသည်။ ထိုနေ့ညက ၉ နာရီကျော်မှ အိမ်ပြန်ရောက်သည်။

ည ၉ နာရီကျော်သည်အထိ အပြင်မှာနေသောအပြစ်ကြောင့် ဟုဆိုကာ သူ့ဦးလေးနှင့် အဒေါ်က အိမ်တံခါး ဖွင့်မပေးဘဲ တစ်ညလုံး သည်အတိုင်း ပစ်ထားသည်။ မြတ်မဥ္ဇူလေးမှာ ချမ်းချမ်းစီးစီးဖြင့် အိမ်လှေကားရင်းမှာ ထိုင်လျက် အိပ်ခဲ့ရသည်။ ဤသည်လည်း ဆူးတောင်ကြီးတစ်တောင် ပေါက်ခဲ့ရခြင်းပင်ဖြစ်၏။ တစ်ခါကလည်း မြတ်မဥ္ဇူ ကျောင်းပြန် တော်တော်ကြီးနောက်ကျသွားသည်။ အကြောင်းက ကျောင်းမှာ တီးလုံးတိုက်နေရခြင်းကြောင့် ဖြစ်သည်။

မြတ်မဥ္ဇူသည် အနုပညာ ဝါသနာပါသလို ထူးလည်းထူးချွန်သည်။ ပတ္တလား၊ စောင်း၊ ပတ်ဝိုင်း အကုန်တီးနိုင်သည်။ ထို့ကြောင့် ပြိုင်ပွဲဝင်တိုင်း မြတ်မဥ္ဇူသာ အရွေးခံရသည်။ ထို့ကြောင့် ကျောင်းပြန်နောက်ကျသည်ကို ဦးလေးဖြစ်သူက မမေးမမြန်းဘဲ မာန်မဲဆဲဆိုကာ လှေကားပေါ်မှ တွန်းချခဲ့သည်။ ဒလိမ့်ခေါက်ကွေး ကျသွားသော မြတ်မဥ္ဇူမှာ ဘယ်ဘက်ခြေထောက်နာပြီး နိမ့်သွားသည်မှာ ယခုအချိန်တိုင်အောင်ပင် ဖြစ်သည်။

ဤသည်ကား ပတ်ဝန်းကျင် မကောင်းခြင်းပင်ဖြစ်၏။ မြတ်မဥ္ဇူ၏ ဗီဇမှာ အဆိုးချည်းလည်း မဟုတ်၊ အကောင်းလည်း ပါသေးကြောင်း ပထမပေးစာကိုကြည့်က သိနိုင်ပေသည်။ ဆင်းရဲသားများ၊ စိတ္တဇဝေဒနာသည်များ၊ တိရစ္ဆာန်များကို ကြင်နာသနား စောင့်ရှောက်ခြင်းသည် သူတော်ကောင်း စိတ်ပင်ဖြစ်သည်။ သူ့မ ကံဆိုးသည်မှာ ထိုသူတော်ကောင်းဗီဇစေတ်လေး အပင်ပေါက်လာအောင် လုပ်ပေးမည့် မိတ်ဆွေကောင်း မရှိခြင်းပင် ဖြစ်သည်။

စာပေဖတ်ပြန်တော့လည်း စာကောင်းပေကောင်းများကို ဖတ်ခွင့်မရပြန်။ တရားကျတော့လည်း နာတတ်သော အလေ့အထ မရှိပြန်သောကြောင့် သူတော်ကောင်းဗီဇလေးမှာ အတက်ထွက်ခွင့်ပင် မရခဲ့ပေ။ စိတ်ပညာကျမ်းများတွင် –

*ကလေးသည် လူကြီး၏ ဖခင်*
*'အေချိုင်း(လ်)အစ်(စ်) ဖားသားအော့(ဗ်) မင်း'*
*ကလေးတစ်ယောက်သည် လူကြီး၏ ဖခင်ဖြစ်သည်။*

ဟူသော ဖွင့်ဆိုချက်တစ်ခုရှိသည်။ လူကြီးဟူသည် ကလေးဘဝမှလာရသောကြောင့် ကလေးက လူကြီးကို မွေးဖွားပေးခြင်း ဟု ဆိုလိုပေသည်။ ကလေးကောင်းမှ လူကြီးကောင်းမှာ၊ ကလေးဆိုးလျှင် လူကြီး ဆိုးမည်ဟု ဖွင့်ဆိုက ပိုရှင်းနိုင်သည်။ လူသည် လေဟာပြင်မှာနေသည် မဟုတ်။ လူ့ဘောင်ထဲမှာ နေရခြင်းဖြစ်သည်။ လူနှင့်လူ့ပတ်ဝန်းကျင်သည် အမြဲတမ်း ဆက်သွယ်နေသည်။ ကလေးတစ်ယောက် ပထမဆုံး ဆက်သွယ်ရသော ပတ်ဝန်းကျင်သည် မိသားစုဖြစ်သည်။

မိသားစုဘဝက ကလေးကို ဆက်ဆံပုံသွင်းခြင်း ပြုလုပ်ပေးသည်။ ကလေးကို သတ္တဗေဒ သတ္တဝါသက်သက်မှ လူမှုရေးသတ္တဝါဖြစ်အောင် ပြုလုပ်ပေးသည်။ တစ်နည်းအားဖြင့် အတ္တနှင့်ပရကို ညှိယူတတ်အောင် သင်ပေးသည်။ ကလေးသည် မိသားစုဘဝမှစပြီး လူ့ဘောင်တစ်ခုလုံး၏ ထုံးစံအစဉ်အလာ ယဉ်ကျေးမှုများကို လက်ခံရရှိလာပြီး လူ့ဘောင်၏စံနှင့်ကိုက်ညီသော စံကိုက်လူကြီးတစ်ယောက် ဖြစ်လာရသည်။ ဤသည်ကိုပင် လူကြီးတစ်ယောက်သည် ကလေးဘဝမှ မွေးလာခြင်းဟု ဆိုနိုင်ပေ၏။

လူတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ရှိကြသည်။ ဤနေရာ၌



ကိုယ်ရည်ကိုယ်သွေးဟူသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နှစ်ခုလုံးကိုပြောခြင်းဖြစ်သည်။ စိတ်နေသဘောထား၊ အကျင့်စာရိတ္တ၊ ဆက်ဆံရေး၊ စိတ်ညွတ်မှု၊ စိတ်ဝင်စားမှု၊ အချစ်၊ အမုန်း၊ အကြိုက်၊ မကြိုက်၊ အထုံ၊ ဝါသနာ၊ စရိုက်၊ အလေ့အကျင့် အားလုံးကို စိတ်ပညာသုံးစကားအရ ကိုယ်ရည်ကိုယ်သွေးဟု ခေါ်၏။

လူကြီးတစ်ယောက် မည်ကဲ့သို့သော ကိုယ်ရည်ကိုယ်သွေးများ ရှိလာမည်ဆိုသည်မှာ ကလေးဘဝ အတွေ့အကြုံပေါ်တွင် အဓိကတည်မှီနေသည်။ ကလေးဘဝတွင် နာကြည်းမုန်းတီးမှုများနှင့်သာ နေခဲ့ရသော ကလေးသည် ကြီးလာသောအခါ လူတိုင်းကို နာကြည်းမုန်းတီးသူ၊ လူ့ရွစာတစ်ယောက် ဖြစ်လာသည်။ ကလေးဘဝတွင် မေတ္တာ၊ ကရုဏာအပြည့်အဝရခဲ့သော ကလေးသည် ကြီးလာသောအခါတွင် မေတ္တာ၊ ကရုဏာ ကြီးမားသူဖြစ်လာတတ်သည်။

အရေးကြီးသည်မှာ ကောင်းသောလူကြီးတစ်ယောက် ဖြစ်လာဖို့အတွက် ကလေးဘဝတွင် စိတ်ပဋိပက္ခနည်းအောင် ထားဖို့လိုအပ်သည်။ ထိုသို့ စိတ်ပဋိပက္ခ နည်းရန်အတွက် မိဘ၊ ဆရာများက –

(၁)ကလေး၏ လိုအင်ကို သိနားလည်ရမည်။
(၂)ထိုလိုအင်များကို မှန်ကန်စွာဖြည့်ဆည်းပေးရပေမည်။

ကလေးတွင် အဓိကကျသော လိုအင်ကြီးလေးခုရှိသည်။ ယင်းတို့မှာ –

*လုံခြုံမှု လိုအင်*
*နားလည်မှု လိုအင်*
*ချစ်ခင်မှု လိုအင်*

***ရုပ်ပိုင်းဆိုင်ရာ ဂရုပြုမှု လိုအင်*** တို့ပင်ဖြစ်သည်။ (မှတ်ချက်) ဓာတ်လမ်းပုံစံလေးနှင့် ဖတ်ရမှ ဤလေးချက်ကို တကယ်သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဘုန်းနိုင် ရေးသားသော ***ညှို့နက်နက်မှာ လထွက်ခြင်း*** ဝတ္ထုရှည်ကို အရသာခံပြီး ဖတ်စေချင်ပါသည်။ ယခု ဒဿနများမှာလည်း ထိုဝတ္ထုမှ ထုတ်နုတ်တင်ပြထားခြင်းဖြစ်သည်။

ဒေါက်တာမြတ်မဥ္ဇူ၏ ကလေးဘဝတွင် ထိုလိုအင်လေးမျိုးလုံးကို မိဘများက ဖြည့်ဆည်းမပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ မည်သည့်နေရာသို့ရောက်ရောက် ငါ့မှာ အမေရှိတာပဲ၊ သို့မဟုတ် အဖေရှိတာပဲဟူသော လုံခြုံမှုမျိုး မရှိခဲ့ချေ။ အဖေက ဆုံးပြီး၊ အမေက နိုင်ငံရပ်ခြား ရောက်နေသည် မဟုတ်ပါလော။ မြတ်မဥ္ဇူက အတီးအမှုတ်၊ အကအခုန် ဝါသနာပါသည်။ သို့သော် မိခင်၏အတင်းတိုက်တွန်းချက်အရ ဆရာဝန်ဖြစ်လာရသည်။ သို့သော် သူ ဝါသနာပါသော အလုပ်မဟုတ်သောကြောင့် မပျော်ရှာပါ။ ဤကား သူမအတွက် နားလည်မှုလိုအင် ချို့ယွင်းခြင်းပင်ဖြစ်၏။

သူမကို စောင့်ရှောက်သူများသည် သူမအပေါ် မေတ္တာမထားဘဲ ဒေါသ အာဃာတတွေသာ ထားနေကြသည်။ ဤသည်ကား တတိယမြောက် ချစ်ခင်မှု လိုအင်ချို့ယွင်းခြင်းပင်ဖြစ်၏။ သူမ လေးဘာသာဂုဏ်ထူးဖြင့် ဆယ်တန်းအောင်သောအခါ သူ့ ဂုဏ်ထူးလေးဘာသာရကြောင်း ကောင်းသတင်းကို နားထောင်ပေးမည့်သူ မရှိဘဲဖြစ်နေသည်။ ဤသည်ကား ရုပ်ပိုင်းဆိုင်ရာ ဂရုပြုမှု လိုအင်ချို့တဲ့ခြင်းပင်ဖြစ်သည်။



## ဆိုးသောကလေး မရှိ

*ဆိုးသောကလေးဟူ၍ မရှိ*
*ကလေးကို နားမလည်သော လူကြီးသာ ရှိသည်။*

ဟူသော အဆိုလေးတစ်ခုရှိသည်။ ကလေးဘဝသည် ဆွတ်ဆွတ်ဖြူသော ပိတ်စနှင့်တူသည်။ အရင်ဆုံး အနက်ရောင်ဆေးနှင့်တွေ့လျှင် နက်မှောင်သော ထဘီအထက်ဆင့်မျိုးသာ ဖြစ်မည်။ ရွှေရောင်ဆေးနှင့် ပထမဆုံး တွေ့ရလျှင်လည်း ဗုဒ္ဓရုပ်ပွားတော်များကို ခြုံလွှမ်းသော သင်္ကန်းတော်ဖြစ်ရပေမည်။ ထို့ကြောင့် ကလေးအရွယ်တွင် ကောင်းသောအလေ့အထများ စွဲထင်အောင်ပြုလုပ်ဖို့ မိဘတွင် တာဝန်ရှိသည်။

ကလေးအငိုတိတ်အောင် မုန့်ဝယ်ပေးမည်ဟုပြောပြီး ဝယ်မပေးခြင်းသည် လိမ်ညာတတ်ခြင်းဟူသော အနက်ရောင်ဆေးဆိုးလိုက်ခြင်းဖြစ်သည်။ ဖခင်က မိခင်ကို ကလေးရှေ့တွင် အနိုင်ကျင့် ရိုက်နှက်ဆဲဆိုခြင်းသည် အနက်ရောင်ဆိုးခြင်းပင်ဖြစ်သည်။ အရက် သောက်ပြခြင်း၊ နှစ်လုံး၊ သုံးလုံး ထိုးပြခြင်း၊ အတင်းပြောခြင်းတို့သည် အနက်ရောင်ဆိုးခြင်းတို့ပင်ဖြစ်သည်။

ဘုရားရှိခိုးခြင်း၊ တရားပွဲများသို့ ကလေးကိုခေါ်သွားခြင်း၊ ပွဲလိုက်ပြမည်ဟု ပြောပြီးလျှင် တကယ်လိုက်ပြခြင်း၊ ကလေးရှေ့တွင် ချစ်ခင်ကြင်နာဖွယ်ရာ စကားကိုသာ ပြောဆိုခြင်း၊ အနစ်နာခံသော၊ ဘုရားအစရှိသော သူတော်ကောင်းကြီးများ အကြောင်းကို ပြောပြခြင်းတို့သည် ကလေး၏ နှလုံးသား ပိတ်ဖြူစပေါ် ရွှေရောင်ဆေးများကို လောင်းချပေးခြင်းပင်ဖြစ်၏။ လူကြီးသည် နှစ်စားရှိသည်။ ကလေးကို ငြင်းပယ်သောလူကြီးနှင့် ကလေးကို အချစ်လွန်သောလူကြီးတို့ပင်ဖြစ်သည်။ ငြင်းပယ်ခြင်းဟူသည်

အကြောင်း တစ်ခုခုကြောင့် ကလေးကို မချစ်ခြင်းပင်ဖြစ်သည်။ အချစ်မခံရသော ကလေးများမှာ–

**မိဘချင်းမချစ်ဘဲ မွေးလာသောကလေး။**

**သားစိတ်၊ သမီးစိတ်ကုန်စဉ် မွေးဖွားလာသော ကလေး။**

**စီးပွားရေး မကောင်းစဉ် မွေးဖွားလာသော ကလေး။**

**ကျန်းမာရေး မကောင်းသော ကလေး။**

**သားဦးစနေ မွေးသောကလေး–** တို့ဖြစ်သည်။

ထိုကလေးများ ကြီးလာသောအခါ အစိုးရိမ်လွန်တတ်သူ၊ အကြောက်ကြီးသူ၊ ဝမ်းနည်းအားငယ်တတ်သူ၊ မယုံသင်္ကာဖြစ်လွယ်သူ၊ မည်သူနှင့်မျှမတည့်သူ၊ ဆိုးသွမ်းသူ၊ ရာဇဝတ်မှု ကျူးလွန်သူတို့ ဖြစ်လာကြသည်။ အချစ်လွန်သော လူကြီးများသည် အလိုလိုက်လွန်းသူ၊ အကာအကွယ်လွန်လွန်းသူတို့ ဖြစ်လာကာ ကလေးများကို လမ်းမှားရောက်အောင် ပြုတတ်ပြန်သည်။

ကြောင်းကျိုး မဆင်ခြင်ဘဲ ကလေးတောင်းသမျှပေး၊ ကလေး လုပ်သမျှ ခွင့်ပြုနေပြန်လျှင် ထိုကလေးသည် အတ္တဆန်သော၊ တစ်ဖို့သာသိသော တဇောက်ကန်းသမားတို့ ဖြစ်လာပြီး လောကကို ဒုက္ခပေးတတ်သည်။ အကာအကွယ်လွန်ခြင်းဟူသည် ကလေးချင်းပင် ကစားခွင့်မပြုခြင်း၊ ကျောင်းနီးနီးလေး သွားတာကိုပင် နောက်က လိုက်ပို့နေခြင်း၊ ကျောင်းအားချိန်မှာပင် အိမ်အလုပ်၊ စီးပွားရေးအလုပ် ဘာမျှ မခိုင်းဘဲထားခြင်း တို့ ဖြစ်သည်။

ထိုကလေးမျိုးသည် အသက်ကြီးပြီး အိမ်ထောင်ကျသည် အထိ မိဘကိုသာ အားကိုးပြီး ပျော့တိပျော့ဖတ် လူ့လောက အမှိုက်လိုလူစားမျိုး ဖြစ်သွားတတ်သည်။ ကျားဘမ်းပရုပ်ဆီ



သူဌေး အော်ဘွန်ဟောသည် ဟောင်ကောင်သို့ အလုပ်ကိစ္စသွားစဉ် တပည့်တစ်ဦးက အသစ်ကလေးဟုဆိုကာ ရုရှသူမလေး တစ်ယောက်ကို ခေါ်ပေးသည်။ ကလေးမလေးမှာ ငယ်ရွယ်နုနယ်သလောက် ပိန်ချုံးညှိုးနွမ်းနေသည်။ မေးကြည့်သောအခါ တစ်နေကုန် ထမင်းမစားရသေးကြောင်း သိရသည်။ မုန့်နှင့် ကော်ဖီ ဖျော်တိုက်ရာ ကော်ဖီ ငါးခွက်ကုန်အောင် သောက်သည်။ အော်ဘွန်ဟောက မေးသဖြင့် သူမဘဝအကြောင်းကို ယခုလိုပြောပြသည်။

သူမဖခင်က ရုရှစစ်ဘက်အရာရှိကြီး ဖြစ်သည်။ သူမသည် ဖခင်ကို အားကိုးပြီး ကိုယ်စွမ်းကိုယ်စ တုံးလာသည်။ မိဘနှစ်ပါးကလည်း အစစအရာရာ သမီးနောက်က အမြဲပါသည်။ သမီး အဝတ်အစား ဝယ်သည်ကအစ မိဘက နောက်က လိုက်ပေးသည်။ ရုရှတော်လှန်ရေးကြီး ဖြစ်သောအခါ သူတို့မိသားစု သုံးယောက် မွန်ဂိုလီးယားကိုဖြတ်ပြီး တရုတ်ပြည်ထိ ရောက်အောင် ထွက်ပြေးကြသည်။ ရှိသမျှ ထုခွဲရောင်းချ စားသောက်ရင်း ဖခင် ကွယ်လွန်ခဲ့သည်။ ထိုအချိန်မှစ၍ သူမသည် ပြည့်တန်ဆာဘဝသို့ ရောက်ခဲ့ရသည်။

အော်ဘွန်ဟောမှာ သနားပြီး ဒေါ်လာငွေသုံးထောင်ပေးကာ ပြန်လွှတ်လိုက်လေတော့သည်။ သမီးချင်းကိုယ်ချင်းစာပြီး သနားသွားဟန်တူသည်။ အပင်ကြီးအောက်မှာ ပေါက်ရသော အပင်လေးများသည် အပေါ်သို့ ထိုးမတက်နိုင်ကြ။ သစ်ပင်ကြီး၏ လောင်းရိပ်အောက်ရောက်နေသောကြောင့် ဖြစ်သည်။ ထို့အတူ မိဘလောင်းရိပ်အောက် အမြဲနေရသော ကလေးသည်လည်း အမြင့်ထောင်တက်ဖို့ မလွယ်ပါပေ။

အောင်လံတွင် သူဌေးဒကာတစ်ယောက်ရှိသည်။ သူသည် မွေးစကတည်းက မျက်စိတစ်ဖက် ချွတ်ယွင်းခဲ့သည်။ ဆယ်တန်းကျသည်နှင့် မိခင်က စီးပွားရေး တန်းခိုင်းတော့သည်။ ပညာမလိုချင်သော၊ မထူးချွန်သော ကလေးကို ကျောင်းဆက်ထားခြင်းဖြင့် ငွေကုန်ခြင်းအကျိုးတစ်ခုသာ ရှိသည်။ ထိုအချိန်တွင် သူတို့၏ဖခင် မရှိတော့ပေ။ မိခင်က ဦးဆောင်ရှာဖွေ ကျွေးမွေးနေခြင်းဖြစ်သည်။

ပထမ သူ့ကို မီးသွေးကောက်ခိုင်းသည်။ ဤကား အညာသုံး စကားဖြစ်၏။ အမှန်မှာ တောရွာမီးသွေးဖုတ်သူများထံမှ မီးသွေးလိုက်ဝယ်ရခြင်းဖြစ်သည်။ မီးသွေးအရောင်းအဝယ် ကျွမ်းကျင်သွားသောအခါ ရောဝတီတိုင်း ဘက်ဆင်း၍ ဆန်ဝယ်ရပြန်သည်။ ဆန်အရောင်းအဝယ် ကျွမ်းကျင်ချိန်မှာပင် မိခင်ကွယ်လွန်ခဲ့သည်။ သူကိုယ်တိုင် ပြန်ပြောပြသောစကားများက မှတ်ဖို့အလွန်ကောင်း၏။

''တပည့်တော် ဆယ်တန်းကျတာနဲ့ ကျောင်းနုတ်လိုက်တော့ ပထမ အမေ့ကိုစိတ်ဆိုးမိတယ်။ အစ်ကိုတွေကျ ဆက်ထားပြီး ငါ့ကျမှ ကျောင်းနုတ်ရသလားပေါ့၊ အမှန်တော့ တပည့်တော် ပညာရေး မထူးချွန်တာကို အမေကသိတယ်။ ပြီးတော့ အရောင်းအဝယ် ဝါသနာပါတာကိုလည်း သိတယ်။ ဒါကြောင့် သူမသေခင်မှာ အရောင်းအဝယ် ပညာတတ်အောင် လက်တွေ့လုပ်နိုင်းခဲ့တာပဲ။

''တပည့်တော်အစ်ကိုတွေကလည်း ဘွဲ့ရတော့ ပညာနဲ့စီးပွားရှာကြပေါ့။ တပည့်တော်ကတော့ အရောင်းအဝယ် အလုပ်ကို လုပ်ရတာပျော်တယ်။ တကယ်တော့ အမေဟာ သူ့အသက်



တိုမှာကို ကြိုသိနေဟန်တူတယ်၊ ဒါကြောင့် ကျောင်းမြန်မြန်ထုတ်ပြီး အရောင်းအဝယ်ပညာကို သင်ပေးခဲ့တာပဲ။

''အမေသာ ဆုံးဖြတ်ချက် မမှန်ကန်ရင် အခုအချိန်မှာကျွန်တော်ဟာ အစ်ကိုတွေအိမ်မှာ လိုက်ကပ်နေရတဲ့ လူ့လောကအမှိုက်တစ်စ ဖြစ်နေမှာ သေချာပါတယ်။ တကယ်တော့ အမေက တပည့်တော်ကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် အမေဆိုတဲ့ အရိပ်ကြီးကို မဆုံးခင်ကတည်းက ဖယ်ပေးခဲ့တာပါ''

ဒေါက်တာ မြတ်မဥ္ဇူရဲ့ ဒုတိယစာကို ဆက်ဖတ်ကြပါဦးစို့–

•

တပည့်တော်မရဲ့ ကျေးဇူးရှင်ဆရာတော်ဘုရား . .

တပည့်တော်မ စာရေးပြီး ရှိသေစွာ လျှောက်ထားပါတယ်ဘုရား။ အရှင်ဘုရားက တပည့်တော်မကို စာရေးလျှောက်ထားခွင့်ပေးတော်မူလို့ တပည့်တော်မကလည်း ပါးစပ်နဲ့လျှောက်ထားဖို့ ကြောက်လို့ပါဘုရား။

တပည့်တော်မ လုပ်ခဲ့မိသမျှ မကောင်းမှုတွေကို အနည်းအကျဉ်းတော့ အရှင်ဘုရားကို လျှောက်ထားခဲ့ပြီးပါပြီဘုရား။ တပည့်တော်မ အဲဒီထက်မက မကောင်းခဲ့တာ၊ ဆိုးခဲ့တာတွေကိုလည်း တစ်ခုမှမညာဘဲ လျှောက်ထားမှာ ပါဘုရား။ ပထမဆုံးစာနဲ့လျှောက်ထားတုန်းက စာအရမ်းရှည်မှာ ဆရာတော်ဘုရားဖတ်ရတာ အချိန်ပိုမှာစိုးလို့ရယ်၊ နောက်ပြီး အမှန်အတိုင်း ဝန်ခံပြီး လျှောက်ထားရရင် တပည့်မလို့ မမှတ်ချင်မှာ တကယ်ကိုကြောက်လို့ရယ်၊ သူများတွေ နဂိုလိမ္မာပြီးသားသူတွေနဲ့ ကိုယ့်ကိုယ်ကိုစဉ်းစားကြည့်ရင် စိတ်မကောင်းလို့၊ သိမ်ငယ်လို့ အကျဉ်းချုပ်ပဲ လျှောက်ထားခဲ့တာပါ ဘုရား။

တပည့်တော်မနဲ့ ညီ့သည်တွေ အများကြီး ဆရာတော်ဘုရားဆီကို ပါလာတဲ့နေ့က ပါလာတဲ့သူတွေ အများစုက တပည့်တော်ရဲ့ အိမ်နီးချင်းတွေပါဘုရား။ တပည့်တော်မဆိုးတာကိုလည်း သိသင့်သလောက်သိပြီး တပည့်တော်မကို မကြဲဖူးတဲ့၊ ကယ်လို့မရတဲ့ဟာမျိုးလို့ ငယ်ငယ်ကတည်းက လက်မြှောက် အံ့သြကြတဲ့ သူမျိုးတွေပါဘုရား။

တပည့်တော်မ နည်းနည်းလိမ္မာစ ပြုလာတဲ့ အခု တစ်နှစ်လောက်အတွင်းမှာ အရှင်ဘုရားစာအုပ်တွေကို သူတို့ကို ပေးဖတ်ပါတယ်ဘုရား။ တပည့်တော်လိုဟာကို ဒီလောက်လိမ္မာအောင် ဆုံးမနိုင်တဲ့ ဆရာတော်ဆိုတာကိုလည်း သူတို့အချင်းချင်း ပြောပါတယ်ဘုရား။ ဖူးဖူးတယ်ရှိအောင် အရောက်လာတာတဲ့ဘုရား။ အဲဒီအန်တီကြီးတွေက တရားအလုပ်လည်း လုပ်တဲ့သူတွေပါဘုရား။

တပည့်တော်မကို ကြည့်ပြီး သူတို့ပြောတာ–

''လူဆိုတာ သူ့သာဝကနဲ့ သူတဲ့။ သူ့သာဝကနဲ့သူ မဟုတ်ရင် တခြား ဘယ်သူမှ ချေချွတ်လို့မှ မရဘူး''တဲ့။ အဲလိုပြောတာကရောဟုတ်ပါသလားဘုရား။ သူတို့က တပည့်တော်မ ငယ်ငယ်ကတည်းက ဆိုးတာသိတော့ တပည့်တော်မကို သူတို့နဲ့ ဘုန်းကြီးကျောင်း လိုက်ခဲ့ဖို့လည်း အရင်ကတည်းက ခဏခဏ ပြောဖူးပါတယ်ဘုရား။

သူတို့က အောင်ဆန်းကျောင်းက အောင်ဆန်းဆရာတော်ကြီးရဲ့တပည့်တွေပါဘုရား။ တပည့်တော်မကို အောင်ဆန်းဆရာတော်ဆီ လိုက်ခဲ့ဖို့ခေါ်ပါတယ် ဘုရား။ များများ မဟုတ်ဘူးတဲ့။ လေးကြိမ်လောက်ပဲလိုက်ပြီး တရားနာပါတဲ့။ နင် အနေလည်း



တတ်၊ အသေလည်း တတ်သွားမယ်တဲ့။ ဆိုးသွမ်းပြီးနေတဲ့ အချိန်ကတည်းက ခေါ်ပါတယ်ဘုရား။ တပည့်တော်မက ဘယ်လိုက်လိမ့်မလဲဘုရား။ ဘုရား၊ တရား၊ သံဃာနဲ့ အဝေးကြီးဥစ္စာ။

တပည့်တော်မ ကိုယ်တိုင်ကိုယ်က စိတ်ကို မဝင်စားတာ။ လူ့လောကမှာ တရားနာတယ်၊ ဘုန်းကြီးကျောင်းအထိသွားပြီး ဘုန်းကြီးကို ရှိခိုးရတယ်ဆိုတာ ကိုယ်နဲ့မဆိုင်ဘူးလို့ကို မှတ်တာပါဘုရား။ သူတို့က တပည့်တော်မအိမ်နီးနားချင်း တစ်တိုက်တည်းနေတော့ တပည့်တော်မ ဆိုးတာ သိတာကိုးဘုရား။ တပည့်တော်မ ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဒုတိယနှစ်လောက် အချိန်အထိ အိမ်မှာ အဒေါ်လင်မယားက အတူလာနေပေးပါတယ်ဘုရား။

**အိမ်ကို မီးရှို့မယ့်သူ**

အမေက တပည့်တော်မ အခုထက်ငယ်သေးတဲ့ အရွယ်မို့လို့ လူကြီးနဲ့ ထားဖို့ စီစဉ်ပြီးထားတာပါဘုရား။ နောက်ပိုင်းမှာတော့ အဒေါ်လင်မယားက တပည့်တော်မနဲ့အတူ မနေနိုင်တော့ပါဘူးဘုရား။ အဲဒီ ဆယ်တန်းအောင်ပြီးကာစတုန်းကတည်းကစပြီး အဒေါ်လင်မယားကို တပည့်တော်မက စိတ်မထင်ရင် ညဥ့်နက်သန်းခေါင်မှာ တစ်ရပ်လုံးကြားအောင် အိမ်ပေါ်ကနှင်ချပြီး အော်ဟစ်တာ၊ တစ်အိမ်လုံးမှာ ရှိသမျှ ပန်းကန်တွေ၊ ခွက်တွေအားလုံး ကုန်အောင် တစ်ခုချင်း ညသန်းခေါင်မှာ ခွဲပစ်တာမျိုး၊ လမ်းမပေါ်အထိ ခွဲပစ်တာမျိုး လုပ်တာ၊ အဒေါ်လင်မယားက တစ်ခုခု ပြန်ပြောရင် တပည့်တော်က အိမ်ကမီးဖို ဂက်(စ်)အိုးကို မီးရှို့ပြီး တစ်တိုက်လုံး မီးလောင်တိုက်သွင်းပစ်မှာလို့ တစ်တိုက်လုံး ကြား

အောင် အော်ဟစ်တော့ အကုန်လုံးက တပည့်တော်ကို စိတ်မထင်ရင် တကယ်လုပ်မယ့်ဟာမလေးလို့ ပြောခဲ့ကြတာပါဘုရား။

ဘယ်သူမှလည်း ဝင်မဖြောင့်ဖျရဲ မတားရဲခဲ့ကြပါဘူးဘုရား။ အဲလို ပန်းကန်တွေ ပစ်ခွဲနေတုန်း လာပြီး တစ်ယောက်ယောက်က တားရင် တပည့်တော်မက တားတဲ့လူကို ထိအောင်ပစ်ပေါက်တတ်တဲ့ အကျင့်လည်းရှိပါတယ်ဘုရား။ တပည့်တော်မနဲ့ ခင်မင်ခဲ့တဲ့ ယောက်ျားလေး၊ မိန်းကလေးတွေ(မလိမ္မာသူတွေချည်းပါဘုရား။)စုဝေးပြီး တပည့်တော်မအိမ်မှာ ညဉ့်နက်သန်းခေါင်အထိ ဘီယာ၊ အရက်သောက်ပြီး သီချင်းဆို အော်ကြ၊ ဟစ်ကြတာပါဘုရား။

အဒေါ်လင်မယားက ရုံးဝန်ထမ်းတွေမို့လို့ ညမိုးချုပ် တပည့်တော်တို့ သောင်းကျန်းရင် ကြာတော့မခံနိုင်လို့ တစ်ခွန်းလောက်ပြောရင် တပည့်တော်မက အော်ဟစ်နှင်ချပြီး တစ်ညလုံးလိုလို သောင်းကျန်းတော့တာပါဘုရား။ အိမ်ပေါ်ကနေ လူတွေရှိတဲ့ လမ်းမပေါ်ကို ဘီယာပုလင်းတွေ ပစ်ခွဲတတ်ပါတယ်ဘုရား။ စီးကရက်တွေ မီးတန်းလန်းနဲ့ ပစ်ချတတ်ပါတယ်ဘုရား။

ဘယ်သူကမှ တားလို့မရတော့ ရယက လူကြီးတွေက မေတ္တာရပ်ခံ သတိပေးတယ်ဆိုပြီးလည်း ပြောပါတယ်ဘုရား။ အဲလိုဆို တပည့်တော် နောက်တစ်ခါ ပိုလုပ်ချင်ပါတယ်ဘုရား။ နောက်ဆုံးတော့ ခေါင်းဆောင်တဲ့တပည့်တော်မက မိန်းကလေးလည်း ဖြစ်တာရယ်၊ အိမ်နီးချင်းတွေက အော့ကြောလန်တာရယ်ကြောင့် ဘယ်သူကမှမပြောတော့၊ မတိုင်တော့တာပါ ဘုရား။

တရားအလုပ်လုပ်တဲ့သူတွေကဆို တပည့်တော်မကို ငယ်ငယ်နဲ့ သေမယ့်ဟာမျိုး၊ ကြာကြာခံမှာ မဟုတ်ဘူးလို့ ပြော



ခဲ့ကြတာပါဘုရား။ တပည့်တော်မမှာ သေခါနီးဆဲဆဲတွေလည်း ဖြစ်ခဲ့ဖူးပေမယ့် ကံကောင်းလို့ မသေခဲ့တာပါဘုရား။ တပည့်တော်မ လောင်းကစားလည်း ကစားခဲ့ပါတယ်ဘုရား။ နှစ်လုံး၊ သုံးလုံးကိုတော့ အပျော်ပဲ ဆော့ခဲ့ပါတယ်ဘုရား။ ဖဲရိုက်တာတော့ တော်တော်ပျော်လို့ ပိုလုပ်ခဲ့တာပါဘုရား။ စက်နဲ့ကစားရတဲ့ အကြွေစေ့လောင်းကစားကိုတော့ အကြီးအကျယ် ကစားခဲ့ပါတယ်ဘုရား။

တပည့်တော်မ မိဘတွေက ရွှေပြည်သာမှာ တပည့်တော်မဖို့ဆိုပြီး ငယ်ငယ်ကတည်းက အိမ်ကလေးတစ်လုံး ဆောက်ပေးထားပါတယ်ဘုရား။ ရေစင်မှတ်တိုင်နောက်က လမ်းထဲမှာပါဘုရား။ တပည့်တော်မ တက္ကသိုလ် မတက်ရခင်အထိ အမေပေးတဲ့ မုန့်ဖိုးကို အတူတူနေတဲ့ အဒေါ်တွေဆီမှာ ကုန်ရင်တောင်း၊ ကုန်ရင်တောင်းနဲ့ ကလေးလို တောင်းရတာပါဘုရား။

တပည့်တော်မ လောင်းကစားလုပ်ပြီး ဆိုးသွမ်းပြီး မုန့်ဖိုးကို အများကြီးတောင်းတော့ အဒေါ်က အမေသတ်မှတ်ထားတာထက် သိပ်တရားလွန်လို့ မပေးနိုင်ဘူးလို့ ပြောတာနဲ့ တပည့်တော်မက အဲဒီအိမ်လေးကနှစ်ထပ်၊ သစ်သားနဲ့ အုတ်နဲ့ ဆောက်ထားတဲ့ ကားဂိုဒေါင်လေးကို အပေါင်းအသင်းတွေ အကြံပေးသလိုပဲ အိမ်ဖျက်ပြီး ဝယ်တဲ့သူတွေကို မတန်မရာဈေးနဲ့ လက်ညှိုးထိုးရောင်းချ ဖျက်ယူခိုင်းပြီး ပိုက်ဆံတွေကို ဖဲရိုက်သုံးဖြုန်းပစ်ခဲ့ မိပါတယ်ဘုရား။

အခု အဲဒီအိမ်ကလေးမှာ ဆွေမျိုးထဲက တော်တော်ဆင်းရဲတဲ့ ကြီးတော်ကို ပေးနေထားပါတယ်ဘုရား။ အမေကတော့ တစ်ခါမှ မဆူပါဘူးဘုရား။ ကျေးဇူးရှင် ဆရာတော်ဘုရား တပည့်

တော်မအပေါ် ဆရာတော့်ကျေးဇူးကြီးလွန်းတာ စဉ်းစားရင် တော်တော်တုန်လှုပ်စရာကောင်းပါတယ်ဘုရား။ တပည့်တော်မ ကိုယ့်ဟာကိုယ် မိုက်ခဲ့ဆိုးခဲ့သမျှ ပြန်တွေးကြည့်မိတိုင်း အရှင်ဘုရားကို မှန်းပြီး ရှိခိုးကန်တော့ပါတယ် ဘုရား။

## လစဉ်တစ်သိန်း အလှူရှင်

တပည့်တော်မ သူများတွေလို မလှူနိုင်ပါဘူးဘုရား။ သိန်းဆယ်ဂဏန်း ရာဂဏန်း၊ မလှူနိုင်ပါဘူးဘုရား။ တပည့်တော်မ မုန့်ဖိုးနဲ့ တစ်လတစ်သိန်းကိုတော့ အရှင်ဘုရားဆီမှာ နဝကမ္မအဖြစ် မှန်မှန်လှူနိုင်ဖို့ ဆုံးဖြတ်ထားပါတယ်ဘုရား။ ဆပ်လို့မကုန်နိုင်တဲ့ ကျေးဇူးရှင်ဆရာတော်အရှင်ဘုရားကို တပည့်တော်မ တတ်နိုင်သလောက် လှူဒါန်းပူဇော်ချင်လို့ပါဘုရား။ အရှင်ဘုရားအဆုံးအမကို စပြီး ရင်ထဲမှာ ခံစားရ၊ သိရတဲ့အချိန်မှာ သိသိလေးနဲ့ နည်းနည်းလေးပဲ လိုတော့တာပါဘုရား။

လူသတ်၊ ကိုယ့်ကိုယ်ကိုသတ်(ထောင်ကျမခံနိုင်လို့)ပြီး ငရဲကို တန်းတန်းမတ်မတ် ကျခါနီးဆဲဆဲပါဘုရား။ တပည့်တော်မ ဘဝမှာ မဖွယ်မရာ အလုပ်တွေကို သက်သက်မဲ့ လုပ်ခဲ့တာလည်း အများကြီးပါဘုရား။ တပည့်တော်မ ရည်းစားတွေလည်း သုံးလေးယောက်မက အပြိုင်တွေလည်းထားပြီး ရှုပ်ထွေး ပွေလီခဲ့ပါတယ်ဘုရား။

တပည့်တော်မက သူများမိန်းကလေးတွေလို ချောမောလှပပြီး စကားလည်း ဖွယ်ဖွယ်ရာရာ လုလုပပပြောတတ်တဲ့ လူမျိုး မဟုတ်တာ၊ ကိုယ့်ဟာကို သိပါတယ်ဘုရား။ ဒါပေမဲ့ အဲသည်လို ရည်းစားတော်ဖို့ ကြိုးစားတဲ့ ကောင်လေးတွေ ငယ်ငယ်လေးတွေ



ကများပါတယ်ဘုရား။ တပည့်တော်မကလည်း အကျင့်မကောင်းတော့ အဲဒီလိုများတာကိုလည်း သဘောကျခဲ့ပါတယ်ဘုရား။ ပျင်းလို့ရယ်၊ ပျော်လို့ရယ် ရည်းစားတွေအပြိုင်ထားပြီး သူတို့အချင်းချင်း သိလို့ ပြဿနာတွေဖြစ်ရင် တပည့်တော်မ စိတ်ထဲမှာ ကြိတ်ပြီး ဝမ်းသာခဲ့ပါတယ်ဘုရား။

အပြိုင်ရည်းစားတွေရှိမှန်း မသိရင်တောင်၊ သိပြီး သူတို့ချင်း ပြဿနာ ဖြစ်စေချင်လို့ တမင်လုပ်ခဲ့မိတာတွေလည်း ရှိပါတယ်ဘုရား။ သူတို့ချင်း ကိုယ့်ကြောင့် ပြဿနာတွေဖြစ်ကြရင် ပျော်စရာလို့ ထင်ခဲ့တာပါဘုရား။ တပည့်တော်မဟာ သူများတွေကို တမင်ရန်တိုက်ပေးချင်တဲ့ အကျင့်မျိုးလည်း ရှိခဲ့တာပါဘုရား။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျေးဇူးတော်ရှင်ဆရာတော်ဘုရား အဆုံးအမတွေကြောင့် လိမ္မာစပြုခဲ့တဲ့အချိန်လောက်ကမှ အဲလိုမျိုး မဖွယ်မရာတွေ မရှုပ်ထွေး၊ မပတ်သက်တော့တာပါဘုရား။

တစ်ခါတလေ အခြားဆွေမျိုးတော်တဲ့သူတွေက အိမ်ကိုလာပြီး တပည့်တော်မကို ဆုံးမသလိုလိုပြောရင် တပည့်တော်မက–

"လိမ်လိမ်မာမာနေလို့ ပြောရအောင် ငါ မလိမ္မာရင် ဆယ်တန်းတောင် မအောင်ဘူး။ ယောက်ျားနောက် လိုက်ပြေးသွားပြီလို့ ကိုယ့်ကိုယ်ကို ပြန်ပြီး ကိုယ့်သားသမီးတွေကိုသာ ငါ့လိုအဆင့်နဲ့ ဆယ်တန်းအောင်အောင်၊ ငါ့လို တော်အောင်သွားဆုံးမလို့ အခု ငါ့အိမ်ပေါ်က ဆင်းသွား"လို့ အော်ဟစ်ပစ်ခဲ့တာပါဘုရား။

တပည့်တော်မ တော်တော်ကို ရိုင်းစိုင်းမောက်မာခဲ့မိတာပါဘုရား။ အဲလို ရိုင်းစိုင်းမောက်မာဖို့လည်း အမြဲအဆင်သင့် ဖြစ်ခဲ့တာပါဘုရား။ တပည့်တော်မ ငယ်ငယ်က စာတင်မကဘူး၊ ကျောင်းမှာ စာစီစာကုံးတို့၊ ပန်းချီတို့၊ ဂီတတို့မှာလည်း ပြိုင်ပွဲ

တွေမှာ ဆုတွေရခဲ့တော့ ပိုမောက်မာခဲ့ပါတယ်။ အဲလိုမျိုး သူများ ထက် တော်ချင်တာ၊ တော်အောင် စိတ်ဆိုး၊ စေတနာဆိုးနဲ့ပါ ဘုရား။ နည်းနည်းမှ ကောင်းတဲ့စိတ်နဲ့ မဟုတ်ခဲ့ပါဘူး ဘုရား။

တပည့်တော် ဒေါသဖြစ်သွားရင်လည်း တစ်ခါတလေကျရင် ငါလုပ်လိုက်ရ၊ တွေးမိရုံလေးနဲ့ လက်က လုပ်မိပြီးသား ဖြစ်သွားတာမျိုးလည်း ရှိခဲ့ပါတယ်ဘုရား။ တချို့သူတွေက ရုတ်တရက် ဒေါသထွက်ရင် စိတ်လိုက်မာန်ပါပြောပစ်လုပ်ပစ်တတ်ပြီး စိတ်ထဲမှာတော့ အငြိုးအတေးမထားတဲ့သူမျိုး ရှိပါတယ်ဘုရား။ တပည့်တော်က အဲလို နှစ်မျိုးပေါင်းထားတဲ့ စရိုက်မျိုး ရှိခဲ့တာပါဘုရား။

ဒေါသနဲ့ စိတ်လိုက်မာန်ပါ ပြောတတ်၊ လုပ်တတ်ခဲ့တယ်၊ ပြီးရင်လည်း ဆက်ပြီး စိတ်ထဲမှာ အငြိုးအတေးလည်း ထားတတ်ခဲ့ပါတယ်ဘုရား။ ပြီးတော့ တပည့်တော်မက ကိုယ်သာမကောင်းခဲ့တာ၊ သူများကိုလုပ်ချင်ခဲ့တာ၊ ကိုယ့်ကို လာပြောဆိုရင် သိပ်နာတတ်ခဲ့တာ၊ သိပ်မှတ်တေးတတ်ခဲ့တာပါဘုရား။ ပြီးတော့ ဘယ်သူကမှ လေသံမာမာနဲ့ ပြောတာမျိုးကိုတောင် သည်းမခံခဲ့တော့ တပည့်တော်ကို စိတ်ထဲမှာ ငြိုးမှတ်အောင် ကြိမ်းမောင်းပြောဆိုတာမျိုး ရှိခဲ့ရင် ယောက်ျားပဲဖြစ်ဖြစ်၊ တပည့်တော်မထက် အသက်ပဲကြီးကြီး အလွန်ကို ငြိုးတေးတတ်ခဲ့တာပါဘုရား။

## လူသတ်ဖို့ ကြိုးစားခြင်း

အဲဒီလို မုန်းတီး ငြိုးတေးမိခဲ့သူတွေကို စိတ်ထဲမှာ အရမ်းကို အငြိုးထားပြီး အာဃာတထားပြီး ကောက်ကောက်ကျစ်ကျစ်နဲ့ ကြံစည်လုပ်ကြံပြီး သတ်ဖို့ ကြိုးစားခဲ့မိတာပါဘုရား။ ဟန်မပျက်အောင် တွေ့ဆုံခင်မင် ဟန်ဆောင်ပြီးမှ ချောင်းဆိုးပျောက်တဲ့



ဆေးတောင့်ထဲက ဆေးမှုန့်တွေထုတ်ပြီး ကြွက်သတ်ဆေးတွေ ထည့်ပြီး သောက်ခိုင်းပြီး လုပ်ကြံခဲ့မိပါတယ်ဘုရား။ အဲဒီအချိန်က တပည့်တော်မ ဆရာဝန်လည်း မဖြစ်သေး။ ဆရာဝန်စိတ်လည်း လုံးဝမရှိသေးပါဘူးဘုရား။

အဲလို ညနေပိုင်းမှာ သူများကိုလုပ်ပြီး အကုသိုလ်ဖောနဲ့ တပည့်တော် အိမ်မှာ တစ်ညလုံး အိပ်မပျော်ဘဲနဲ့ ဘယ်အချိန် သေပြီကြားရမလဲ တယ်လီဖုန်း စောင့်နေတာပါဘုရား၊ လူ့အသက်တစ်ချောင်းကို သေစေချင်တဲ့စိတ် အပြင်းအထန်နဲ့ပါဘုရား။ နောက်ရက်တွေမှာ သိရတာ အဲဒီလုပ်ကြံခံရသူ သေလုမျောပါး ခံရပြီးမှ မသေမှန်း သိရတော့ တပည့်တော်မ အဆိပ်ထည့်တာ နည်းသွားလို့ဖြစ်မှာလို့တွေးပြီး တော်တော့်ကို မကျေနိုင်၊ မချမ်းနိုင် ဖြစ်ခဲ့တာပါဘုရား။

တပည့်တော်မကိုလည်း ကံကောင်းစွာနဲ့ ဘယ်သူကမှ သံသယမရှိခဲ့ပါဘူးဘုရား။ အကုသိုလ် တော်တော်ကြောက်စရာကောင်းအောင် ကြီးခဲ့တာပါဘုရား။ နောက်တစ်ခါလည်း အဲလို မုန်းတဲ့၊ ငြိုးတဲ့သူကို မူးယစ်ဆေးဝါး (ဘိန်းဖြူ)တွေနဲ့ လူညွန့်တုံးအောင် လုပ်ကြံခဲ့မိပါတယ်ဘုရား။ တပည့်တော်မမှာ အဲဒီအချိန်က မူးယစ်ဆေးဝါးတွေကလည်း နီးကပ်ငြိစွန်းနေသေးတာပါဘုရား။ သေရင်လည်းသေ၊ မသေရင်လည်း ထောင်ကျပါစေဆိုပြီး လုပ်ခဲ့မိတာပါဘုရား။ ကံကောင်းထောက်မစွာနဲ့ ဘာမှ မဖြစ်ခဲ့ပါဘူးဘုရား။

နောက်ပိုင်းမှာ ကျေးဇူးတော်ရှင်ဆရာတော်ဘုရား အဆုံးအမကြောင့် လူလိုသိတတ်စပြုလာမှ၊ ဘာသာရေးစာပေ ဖတ်တတ်လာမှ ဗုဒ္ဓလက်ထက်တုန်းက ဝိဋူဍဘမင်းသားဟာ သူ့ကို

ကျွန်မသားလို့ခေါ်လို့ သာကီဝင်တွေကို အကုန်သတ်ပစ်တယ်။ နောက်ဆုံးကျတော့ သူလည်း သေသွားရတယ်ဆိုတာ သိရတော့ တပည့်တော်မ အမှန်အတိုင်း စဉ်းစားမိတော့ တပည့်တော်မဟာလည်း မုဆိုးမသမီး၊ အဖေမရှိတဲ့သူလို့ အပြောခံရရင် အရမ်းကို မုန်းတီး ငြိုးမှတ်ပြီး မတော်တာတွေ ကြံစည်လုပ်ကြံခဲ့မိတာ မသင့်တော်ပါလားလို့ စဉ်းစားမိပါတယ်ဘုရား။

တပည့်တော်မှာ အဖေသေသွားလို့ အမေက မုဆိုးမမို့ မုဆိုးမသမီး အဖေမရှိဘူးဆိုတာ မှန်တာပဲ။ ဘာမှ မုန်းတီးငြိုးတေးဖို့ မရှိပါဘူးလို့ တွေးတတ်ခဲ့တာပါဘုရား။ ပြီးတော့ တပည့်တော်မ တကယ်လည်း ဆိုးခဲ့ မကောင်းခဲ့တာပဲ၊ ဘယ်လောက်ပဲ တော်တော် မကောင်းတဲ့သူဟာ မိမဆုံးမ၊ ဖမဆုံးမလို့ အပြောခံရရင်လည်း တကယ်တော့ နာဖို့မရှိပါဘူး။ တပည့်တော်မကလည်း တကယ်ကို ဆိုးခဲ့၊ မကောင်းခဲ့တာပဲလို့ တွေးတတ်ခဲ့တာပါဘုရား။

တပည့်တော်မ ကြံစည် လုပ်ကြံခဲ့မိတဲ့သူတွေ သေသွားခဲ့ရင် တပည့်တော်မမှာ လူသတ်တဲ့ကံ မြောက်သွားတော့မှာပါဘုရား။ အဲဒီတုန်းကသေသွားခဲ့ရင် တပည့်တော်မကို တစ်သက်လုံး အဲဒီအကြောင်းက ခြောက်လှန့်နေတော့မှာပါဘုရား။ နောက်. . . တစ်ခါတုန်းကလည်း အဲဒီလိုအငြိုးထားမုန်းတီးတဲ့သူကို ရက်ရက်စက်စက် ကြံဖူးတာက သေကိုသေမယ့်၊ လူညွှန့်တုံးမယ့် ရောဂါမျိုး ရအောင် ကြံတာပါဘုရား။ တပည့်တော်အသိ HIVပိုးရှိတဲ့ သူတစ်ယောက်ဆီက သွေးကိုရအောင်ယူပြီး တပည့်တော်မ မုန်းတဲ့၊ ရန်ငြိုးတဲ့သူရဲ့ကိုယ်ထဲကိုကူးစက်အောင် ကြံခဲ့တာပါဘုရား။ တပည့်တော်မ အဲဒီတုန်းက ဆေးကျောင်းတောင် မတက်ရ



သေးခင် ၁၀ တန်းအောင်ပြီး ကျောင်းတက်ခွင့်စောင့်နေရတဲ့ အချိန်မှာပါဘုရား။ တပည့်တော်မကို အဲဒီကိစ္စမှာ အားကြိုးမာန်တက် လိုက်ပါကူညီတာညီ/မ ပါဘုရား။ သူက တပည့်တော်လောက် မဆိုးသွမ်းခဲ့ပေမယ့် နဂိုကတည်းက လိမ္မာတဲ့ထဲတော့ မပါပါဘူး ဘုရား။ တပည့်တော်မထက် အသက်လည်းကြီးတော့ သူငယ်ချင်းလိုမကဘဲ ညီအစ်မလိုချစ်တော့ လူသတ်ကြံရအောင် ဆိုရင် မငြင်းဆန်ဘဲနဲ့ အလိုတူ အလိုပါ လုပ်ခဲ့တာပါဘုရား။

အဲဒီတုန်းကလည်း မအောင်မြင်ခဲ့ပါဘူးဘုရား။ အောင်မြင်ခဲ့ရင် တပည့်တော်မ ဆရာဝန်တောင်ဖြစ်မှာ မဟုတ်ပါဘူးဘုရား။ တစ်သက်လုံးလည်း ဘာနဲ့မှ ပေးလျော်လို့မရအောင် ကိုယ့်ကိုယ်ကို လိပ်ပြာမလုံဖြစ်နေတော့မှာပါဘုရား။ ကျေးဇူးရှင် ဆရာတော်ဘုရား တပည့်တော်ရဲ့ မကောင်းမှုတွေကို တပည့်တော် မလိမ်မညာဘဲ လျှောက်ထားပါတယ်ဘုရား။

ပထမအကြိမ် လျှောက်ထားတုန်းက အကျဉ်းချုပ်မို့လို့ ပြီးတော့ အရှင်ဘုရားအနေနဲ့ တပည့်တော်မလို ဆိုးတဲ့ဟာမျိုးကို သမီးတပည့်အဖြစ် အသိအမှတ် မပြုချင်မှာ စိုးလို့ အကျဉ်းချုပ် လျှောက်ထားခဲ့တာပါဘုရား။

အခုလို နည်းနည်း အကျယ်ချဲ့ပြီး လျှောက်ထားရတော့လည်း တပည့်တော်မစိတ်ထဲမှာ ပထမတစ်ကြိမ်တုန်းကထက် အဆပေါင်းများစွာ ပိုပြီး စိုးရိမ်ဝမ်းနည်းတဲ့စိတ်၊ အားငယ်တဲ့စိတ်၊ ကြောက်တဲ့စိတ် ဖြစ်မိပါတယ်ဘုရား။ အခု တပည့်ရယ်လို့ ကရုဏာထားပေမယ့်၊ လက်ခံပေမဲ့ တကယ်တမ်း ပိုအသေးစိတ် လျှောက်ထားလိုက်တော့ ပြန်ပြီး ကရုဏာမထားချင်ဘဲ ဖြစ်မှာ၊ မေတ္တာ၊ ကရုဏာလျှော့မှာကြောက်တာပါဘုရား။ အမှန်အတိုင်း

လျှောက်ထားရရင် ဒီလိုအသေးစိတ် ဆရာတော်ဘုရားကို လျှောက်ထားဖို့ တပည့်တော်မ တော်တော် ချီတုံချတုံ ဖြစ်မိပါတယ်ဘုရား။

**တစ်ထောင်မှာတစ်ယောက်- သို့သော်...**

*ညို*မက တပည့်တော်မကို ပြောပါတယ်ဘုရား။ နင် စဉ်းစားအုံးနော်တဲ့။ ဘုန်းဘုန်းကို လိမ်ညာပြီး မဟုတ်တာကို အဟုတ် လုပ်ပြီး မကောင်းခဲ့တာကို ကောင်းချင်ယောင်ဆောင်ပြီး လျှောက်ဖို့ ဆိုလိုတာ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ ပထမတစ်ကြိမ်က အကျဉ်းချုပ် လျှောက်ခဲ့တာတဲ့။ အခု ဒီလိုအသေးစိတ်သိရရင် သူတော်ကောင်းတွေ စိတ်အနှောင့်အယှက်ဖြစ်နိုင်တယ်၊ ကဲ့ရဲ့ အထင်သေးနိုင်တယ်တဲ့။ ငါတို့လိုဟာမျိုး တော်ရုံတွေ့ဖူးမှာ မဟုတ်ဘူးတဲ့။ တခြားသူမပြောနဲ့ နင်လိုဟာမျိုး ငါ့ဘဝမှာတောင် နင်တစ်ယောက်ကိုပဲ တွေ့ဖူးတာတဲ့ဘုရား။

ငါတို့ အခုလို အသိမြင်မှန်ရတဲ့ တစ်နှစ်လောက်အတွင်းမှာတောင် သူများတွေက ငါတို့ မဆိုးတော့တာကို မရဲတရဲ မယုံချင် ယုံချင်နဲ့ ယုံနေကြတာတဲ့။ အဲဒီတော့ ဆရာတော်လို သူတော်ကောင်းက ငါတို့မဟုတ်တာ မကောင်းတာလုပ်ဖို့ကို ရှက်ရ၊ ကြောက်ရမှန်းသိတဲ့ အမြင်မှန်မျိုး သိပါပြီ။ လူ့ဘဝမှာ အမြင့်ဆုံး၊ အရေးအကြီးဆုံး ပန်းတိုင် ဘာလဲလို့ နားလည်ပါပြီ ဆိုတာကို မယုံကြည်ခဲ့ရင်လည်း ငါတို့အပြစ်ပဲတဲ့ဘုရား။

ဒါပေမဲ့ ဒီလို ငါတို့ကို ကရုဏာနဲ့၊ မေတ္တာနဲ့ ခွင့်လွှတ်ပြီး တပည့်လို့ အသိအမှတ်ပြုနေတာကနေ တကယ် ငါတို့မှားခဲ့တဲ့ မကောင်းမှုတွေကို အသေးစိတ်ကြီးသိလို့ မေတ္တာ၊ ကရုဏာ



လျော့သွားခဲ့ရင် ခံနိုင်ရည်ရှိပါ့မလား စဉ်းစားပါအုံးတဲ့ဘုရား။ တပည့်တော်မ အမှန်ဝန်ခံ လျှောက်ထားရရင်တော့ အဲဒီလို ခံနိုင်ရည်မျိုး မရှိပါဘူးဘုရား။ ဒါပေမဲ့ အဲဒါမျိုး တကယ်ဖြစ်ခဲ့ရင် မဖြစ်အောင် တပည့်တော်မ တတ်နိုင်တဲ့ကိစ္စလည်း မဟုတ်ပါဘူးဘုရား။ တပည့်တော်မ တတ်နိုင်တာက ကျေးဇူးရှင်ဖြစ်တဲ့ ဆရာတော်ဘုရားကို အမှန်ကိုပဲ လျှောက်ထားသင့်တာပါပဲဘုရား။

တပည့်တော်မ နောက်ထပ် ထပ်ပြီး ရှိခိုးတောင်းပန်ပါတယ်ဘုရား။ တပည့်တော်မ မလိမ္မာခဲ့တာ၊ မိုက်ဆိုးခဲ့တာကို ခွင့်လွှတ်တော်မူပါ၊ တပည့်မလို့ ဆက်ပြီး အသိအမှတ်ပြုတော်မူပါ။ ကရုဏာ၊ မေတ္တာ လျော့တော်မမူပါနဲ့လို့ အရှင်ဘုရားခြေအစုံကို ဦးခိုက် အသနားခံ တောင်းပန်ပါတယ်ဘုရား။

တပည့်တော်မ ကျေးဇူးရှင် ဆရာတော်ဘုရားရဲ့ခြေအစုံ ဦးခိုက်ပြီး မှန်တဲ့ သစ္စာတရားကို လျှောက်ထားပါတယ်ဘုရား။ တပည့်တော် ဒီလိုဆရာတော်ဘုရားထံမှာ အမှန်အတိုင်း လျှောက်ထားရတာ စိတ်ထဲမှာ အရမ်းကို စိုးရိမ် ဝမ်းနည်း အားငယ်ပါတယ်ဘုရား။

တပည့်တော်မ ဘဝမှာ မှောင်မည်းနေတဲ့ ဘဝထဲကနေ အရှင်ဘုရားရဲ့ ကျေးဇူးတော်ကြောင့် အရှင်ဘုရားရဲ့ အဆုံးအမနဲ့ စပြီး အလင်းရောင်ရခဲ့ပါတယ်ဘုရား။ တပည့်တော်မအတွက် အရှင်ဘုရားရဲ့ ကျေးဇူးတော်ဟာ ဘယ်လိုအရာမျိုးနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူးဘုရား။ တပည့်တော်မရဲ့ အလင်းရောင်ရှင် ဖြစ်တော်မူသော ဆရာတော်ဘုရားကို တပည့်တော်မ ကြည်ညို မြတ်နိုးလေးစားမှုဟာလည်း ဘယ်လိုစကားလုံးမျိုးနဲ့မှ ပြည့်စုံအောင် လျှောက်ထားလို့ မရပါဘူးဘုရား။

ဒီလို တပည့်တော်မရဲ့ မကောင်းမှုတွေကို ပိုအသေးစိတ်ပြီး အမှန် အတိုင်း လျှောက်ထားရတော့ တပည့်တော်မကို သမီး တပည့်လို ပြန်မမှတ်ချင်ဘဲရှိမှာ၊ ကရုဏာ၊ မေတ္တာ လျော့တော်မူမှာကို စိုးရိမ်ဝမ်းနည်း အားငယ်တဲ့စိတ်၊ သိမ်ငယ်တဲ့စိတ်၊ ဘယ်လောက်ဖြစ်ရသလဲဆိုတာကိုလည်း တပည့်တော်မ ဘယ်လိုစကားလုံးမျိုးနဲ့မှ ပြည့်စုံအောင် မလျှောက်ထားတတ်ပါဘူးဘုရား။

**အဇာတသတ်နဲ့ မြတ်မဥ္စူ**

တပည့်တော်မ အရမ်းကို ကြောက်လန့်စိုးရိမ်စွာနဲ့ ဝမ်းနည်း အားငယ်စွာနဲ့ လျှောက်ထားတောင်းပန်ပါတယ်ဘုရား။ တပည့်တော်မ ဖတ်ဖူးတဲ့စာထဲမှာ အဇာတသတ်မင်းဟာ သူ့ပြစ်မှုတွေကြောင့် တန်ဆောင်မုန်းလပြည့်နေ့ညမှာ မြတ်စွာဘုရားရှေ့တော်ကို ရှိခိုးဖို့အသွားမှာကို သူ့မှာ ထိတ်လန့်စိုးရိမ်တဲ့စိတ်ရှိနေခဲ့တယ်လို့ဖတ်ဖူးပါတယ်ဘုရား။ တပည့်တော်မက အဇာတသတ်မင်းလို ကံကြီးမျိုးအထိ မကျူးလွန်ခဲ့မိပေမယ့် သူ မြတ်စွာဘုရားရှေ့တော်အသွားမှာ ထိတ်လန့်စိုးရိမ် အားငယ်ခဲ့သလိုပဲ တပည့်တော်မက လူဆိုးဖြစ်ခဲ့တဲ့အတွက် ကရုဏာ၊ မေတ္တာ၊ ပညာ၊ သီလ၊ သမာဓိကြီးလှစွာသော တပည့်တော်မရဲ့ကျေးဇူးတော်ရှင် ဆရာတော်ဘုရားထံမှာ တပည့်တော်မရဲ့ ဆိုးသွမ်းခဲ့တဲ့ မကောင်းမှုတွေအတွက် ထိတ်လန့်ညှိုးငယ် စိုးရိမ် ဝမ်းနည်းပါတယ် ဘုရား။

အဇာတသတ်မင်း မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုး အားကိုးခဲ့သလိုပဲ မနှိုင်းအပ်လား၊ နှိုင်းအပ်လား သေချာမသိပေမယ့် အနီးစပ်ဆုံး ဒီဥပမာပဲ ရှိလို့ပါဘုရား။ ကျေးဇူးရှင် အရှင်ဘုရားကို



တပည့်တော်မ ကြည်ညိုမြတ်နိုး အားကိုးပါတယ်ဘုရား။ အဇာတသတ်မင်းဟာ သူမှားခဲ့တဲ့ အမှားတွေကြောင့် ပူလောင်ဆင်းရဲမှုတွေကနေ ငြိမ်းအေးအောင် ဆုံးမတရားပြ လမ်းညွှန်တော်မူခဲ့လို့ မြတ်စွာဘုရားကို ဘယ်လောက်ထိ ချစ်ခင်မြတ်နိုး ကြည်ညို အားကိုး လိုက်မလဲဆိုတာကို တပည့်တော်မ ကိုယ်ချင်းစာပါတယ်ဘုရား။

တပည့်တော်မ အရှင်ဘုရားရဲ့ ကရုဏာ၊ မေတ္တာတော်ကို ယုံပါတယ် ဘုရား။ ဘုရားတပည့်တော်မ အခု အသက်အရွယ် အထိ ဘဝမှာ တပည့်တော်မကို ကရုဏာ၊ မေတ္တာထားတယ် ဆိုတာ ဆရာတော်ဘုရားနဲ့ တပည့်တော်မ အမေနှစ်ဦးထဲကိုပဲ ယုံပါတယ်ဘုရား။ အဖေ့မေတ္တာဆိုတာ တွေးကြည့်ရင် ယုံပေမယ့် မမှတ်မိတော့ပါဘူးဘုရား။ ယုံပေမယ့် စိုးရိမ်တာ၊ ဝမ်းနည်း သိမ်ငယ်တာလည်း ဖျောက်မရပါဘူးဘုရား။

တပည့်တော်မနဲ့ ညီမ အတူတူ လုပ်ခဲ့တဲ့ သူများကို သေစေမယ့် ရောဂါမျိုးရအောင် လုပ်ခဲ့တဲ့ကိစ္စကို တပည့်တော်မ အမေကို စိတ်လိုက်မာန်ပါ တပည့်တော်မ ဖွင့်ပြောဖူးပါတယ် ဘုရား။ လုပ်ကြံခံရတဲ့သူက တပည့်တော်မအမေလည်း သိကျွမ်းတဲ့သူပါဘုရား။ တပည့်တော်မအမေက တပည့်တော်ကို စကားနဲ့တောင် မပြောနိုင်ဘဲနဲ့ အကြာကြီး စိုက်ကြည့်ပြီး မျက်ရည်တွေနဲ့ မယုံနိုင်တဲ့ အကြည့်နဲ့ ယူကျုံးမရကြည့်ခဲ့တာပါဘုရား။

ဒါတောင် အမေကို တပည့်တော်မ အခု ဆရာတော်ဘုရားကို လျှောက်ခဲ့တဲ့အခြားကိစ္စတွေ အသေးစိတ် မပြောဖူးပါဘူးဘုရား။ တပည့်တော်မအရှင်ဘုရားရဲ့အဆုံးအမကြောင့် တိရစ္ဆာန်လို မိုက်မဲဆိုးသွမ်းနေရာကနေ လူလိုသိလာတဲ့ နောက်ပိုင်းမှာ

တပည့်တော်မအမေက ဆရာတော်ဘုရားကို သူ့အမြဲမှန်းပြီးရှိခိုးကန်တော့ရင်းနဲ့ တပည့်တော်မအတွက် ဆုတောင်းပေးတာ၊ မေတ္တာပို့ပေးတာ၊ ငါ့သမီးလေးကို ဆရာတော် အမြဲမေတ္တာ၊ ကရုဏာထားတဲ့၊ ဆရာတော် ယုံကြည်တဲ့သမီးဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဘုရား။

ကျေးဇူးရှင်ဆရာတော်ဘုရား တပည့်တော်မမှာ နည်းနည်းကောင်းခဲ့တာဆိုလို့ ပထမအကြိမ် လျှောက်ထားခဲ့သမျှထဲက အကုန်ပါပဲဘုရား။ ဆိုးတာတွေကသာ အများကြီးကျန်တာပါဘုရား။ တပည့်တော်မဟာ ငယ်ငယ်ကတည်းက ကလိန်ကကျစ်လည်း ရှိပါတယ်ဘုရား။ သူများတွေ တပည့်တော်မ သူငယ်ချင်းတွေ၊ သူတို့အဖေ အမေတွေနဲ့ အတူတူ ချစ်နေကြတာ ပျော်နေကြတာ မြင်ရရင် အလိုလို စိတ်ပုပ်ရှိလာတာပါဘုရား။

**မနာလိုတဲ့ စိတ်ရောဂါ**

အဲလို အဖေတွေနဲ့ ချစ်နေတဲ့၊ ပျော်နေတဲ့သူတွေကို တပည့်တော်မက ငယ်ငယ်တုန်းကတည်းက မဟုတ်တရုတ်တွေ သင်ပေး။ တိုက်တွန်းပြီးလုပ်ခိုင်းတာတွေ၊ ချောက်တွန်းတာတွေ လုပ်ခဲ့ပါတယ်ဘုရား။ စီးကရက်သောက်တာတို့၊ မြွောက်ပင့်ပြီး မိဘပိုက်ဆံ ခိုးခိုင်းတာတို့၊ မိန်းကလေးတွေကို ကောင်လေးတွေနဲ့ ရည်းစားထားအောင် မြှောက်ပေးတာတို့ လုပ်ခဲ့ပါတယ်ဘုရား။ အဲလို သူတို့လုပ်လို့ သူတို့အိမ်က မိဘတွေသိပြီး အဆူခံ၊ အရိုက်ခံရရင် သူတို့မိဘတွေနဲ့ သူတို့အဆင်မပြေဖြစ်နေရင် တပည့်တော်မက တိတ်တိတ်လေး ကျေနပ်ခဲ့တာပါဘုရား။

တပည့်တော်မကို သူတို့မိဘတွေကလည်း ငယ်ငယ်တုန်းက ပြောပါတယ်ဘုရား။ "အဲဒီကောင်မလေးက စာတော်ရုံကလွဲပြီး ဘာမှသုံးလို့ မရတဲ့ ကမ်းကုန်အောင်ဆိုးတဲ့ ဟာလေး"တဲ့။



တပည့်တော်မနဲ့ မပေါင်းရဘူးတဲ့ ဘုရား။ ကျောင်းမှာလည်း တပည့်တော်မ ခုနစ်တန်းလောက်ကဆို အတန်းထဲမှာ အတန်းသားတွေနဲ့ ရောမထိုင်ရဘူးဘုရား။ တပည့်တော်မကို ဆရာမစားပွဲနားမှာ စားပွဲခုံတစ်လုံးနဲ့ သပ်သပ်ထိုင်ခိုင်းတာပါဘုရား။ အတန်းသားတွေနဲ့ ရောထားရင် စာသင်ချိန်မှာ အနှောင့်အယှက်ပေးလွန်းလို့ ဆိုးလွန်းလို့တဲ့ဘုရား။

တပည့်တော်မ အထက်တန်းကျောင်း ကမာရွတ် TTC မှာ တက်ခဲ့တော့ အဲဒီကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွယ်တင့်ဆိုတာ(အခုတော့ ပင်စင်ယူသွားပြီဘုရား)။ တပည့်တော်မကို ပြောတယ်ဘုရား။ ဆရာမလုပ်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်မှာ သူ့ကို ခုနစ်တန်းကျောင်းသူလေးက ဓားနဲ့ထိုးပစ်မယ်လို့ ကြိမ်းမောင်းခဲ့တာ သူ့ဘဝမှာ မြတ်မဇ္ဈ တစ်ယောက်ပဲ တွေ့ဖူးသေးတယ်တဲ့ဘုရား။

တပည့်တော်မ ငယ်ငယ်တုန်းကလည်း အဲလိုအပြောခံရရင် သိပ်မုန်းတာပါဘုရား။ ပိုဆိုးချင်တာပါဘုရား။ အဲဒီကျောင်းအုပ်ဆရာမကြီးကိုတော့ တပည့်တော်မ အမေ ကိုယ်တိုင်လိုက်ပြီး တောင်းပန်ခဲ့ရတာပါဘုရား။ ကျောင်းကထုတ်တော့မယ်ဆိုလို့ တပည့်တော်မကို ထိုင်ကန်တော့ပြီးတောင်းပန်ခိုင်းလို့ တောင်းပန်ခဲ့ပါတယ်ဘုရား။ နောက် ဆရာမတစ်ယောက်ကို ထပ်ပြစ်မှား ကြိမ်းမောင်းမိတာကိုတော့ ဆရာတော်ဘုရား အဆုံးအမရပြီး နောက်မှာမှ မနှစ်ကမှ သွားကန်တော့ တောင်းပန်ခဲ့ရတာပါဘုရား။ တချို့ဆရာမတွေကတော့ တပည့်တော်မကို စာတော်

လို့၊ တပည့်တော်မ ငယ်ငယ်တုန်းက ရုပ်က ချစ်ဖို့ကောင်းလို့တဲ့ ဆိုးပေမယ့် ချစ်တယ်တဲ့ဘုရား။

ချစ်တဲ့ဆရာမတွေက ချော့ပြောရင်တော့ တပည့်တော်မ ဘာမှပြန်မပြောပါဘူးဘုရား။ တချို့ဆရာမတွေကကျတော့ ကြိမ်းမောင်းဆူပူပြီး ရိုက်မယ်ဆိုရင် တပည့်တော်မကလည်း ပြန်အော်ဖို့၊ ပြန်လုပ်ဖို့ ဝန်မလေးခဲ့တာပါဘုရား။ တပည့်တော်မ ငယ်ငယ်တုန်းက အဖေ့အမျိုးတွေနဲ့ရော၊ အမေ့အမျိုးတွေနဲ့ရော တစ်လှည့်စီ နေခဲ့ရဖူးပါတယ် ဘုရား။

တပည့်တော်မ အမေက ငွေကြေးပြည့်စုံအောင်ပေးထားတော့ အမျိုးတွေက အပေါ်ယံတော့ အလိုလိုက်ပါတယ်ဘုရား။ အစားချိန်အစား၊ အဝတ်ချိန်အဝတ်၊ စာသင်ချိန်ဆိုလည်း အိမ်မှာ ဆရာမခေါ်ပေးပြီး သင်ခိုင်းပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်မက နဂိုကတည်းကစကားသိပ်မပြောတော့ သူတို့ကလည်း တပည့်တော်မနဲ့ ချစ်ခင်ရင်းနှီးနေတာမျိုးတော့ မရှိပါဘူးဘုရား။

**လောက်လေးခွဒေဝီ**

အိမ်မှာ စာလာသင်ပေးတဲ့ဆရာမကို တပည့်တော်မက စိတ်မထင်ရင် ဆဲဆိုလွှတ်ရင်တောင် ဘာမှ ထွေထွေထူးထူး မပြောဘဲ နောက်ဆရာမအသစ် ရှာပေးပါတယ်ဘုရား။ ဒါပေမဲ့ အမျိုးတွေနဲ့ အကြာကြီးလည်း နေလို့မရခဲ့ပါဘူးဘုရား။ တပည့်တော်မ ဆရာတော်ဘုရားစာအုပ်ထဲမှာ အရှင်ဘုရား ငယ်ငယ်လေးတုန်းက လောက်လေးခွမကိုင်တတ်ဘူးဆိုတာ ဖတ်ရတော့ ကိုယ့်ကိုယ်ကို စဉ်းစားကြည့်မိတယ်ဘုရား။ တပည့်တော်မကတော့ မိန်းကလေးတန်မဲ့ လောက်လေးခွကို အရမ်းကိုင်တတ်ခဲ့ပါတယ်ဘုရား။



အမျိုးတွေနဲ့နေရတော့ တိုက်ခန်းနဲ့နေဖူးသလို မြေကြီးနဲ့လည်း နေဖူးပါတယ်ဘုရား။ တပည့်တော်မ လောက်လေးခွပစ်တာလည်း အရမ်းကိုလက်တည့်ပါတယ်ဘုရား။ လောက်စာလုံးလည်း လုံးတတ်ပါတယ်ဘုရား။ အကောင်လေးတွေ ငှက်ကလေးတွေကို သနားလို့ တစ်ခါမှ မပစ်ဖူးပေမဲ့ သူများအပင်က အသီးတွေ၊ သူများစိုက်ထားတဲ့ပန်းပွင့်တွေ၊ သူများပြတင်းပေါက်မှန်တွေကို အမြဲပစ်ခတ်ပါတယ်ဘုရား။

အထူးသဖြင့် သူများ လှလှပပ စိုက်ထားတဲ့သစ်ခွပန်းလိုဟာမျိုးဆိုရင် နိုးပြီး ခူးပစ်ရင်ခူးပစ်၊ နိုးမခူးရရင် လေးခွနဲ့ပန်းပွင့်တွေကို ပဲ့ရွဲ့သွားအောင် ပစ်ကိုပစ်ချင်ခဲ့တာပါဘုရား။ ဆေးကျောင်းသူဘဝမှာလည်း၊ ဆိုးလို့ ပါမောက္ခချုပ်က ပြင်းထန်စွာသတိပေးခြင်းဆိုတာတွေ ခဏခဏသတိပေးခံခဲ့ရပါတယ်ဘုရား။

တပည့်တော်မ ဆရာတော်ဘုရားဆီကို ကိုယ်တိုင်လာပြီး ဖူးတွေ့ခွင့်ရတဲ့ အချိန်မှာ တပည့်တော်မ လူလိုသိတာ တစ်နှစ်နီးပါး ရှိနေပေမယ့် ကြောက်တာလည်း တော်တော်ကြောက်ပါတယ်ဘုရား။ စိတ်ထဲမှာ တွေးမိတာ ငါက လူဆိုး၊ အရမ်းဆိုးတဲ့ မိန်းကလေး၊ ယောကျ်ားလေးဆိုရင် ကိစ္စမရှိဘူး၊ ယောကျ်ားလေးဆိုးတာဆို၊ လူကြားကောင်းသေးတယ်။

ပြီးတော့ ဘုန်းဘုန်းတပည့်မတွေက နဂိုကတည်းက အလိမ္မာလေးတွေ၊ နဂိုကတည်းက အဖြူလေးတွေ၊ တပည့်တော်မက မည်းနက်နေတော့ အကောင်းတွေထဲမှာ အဆိုးက ပိုသိသာမှာ၊ နှစ်ပေါင်းများစွာကတည်းက ကောင်းပြီးသား အဖြူလေးတွေထဲမှာ တပည့်တော်မက တစ်နှစ်လောက်လေး လိမ္မာစပြုရုံနဲ့ သူတို့လို ဖြူနေပြီးသားလူတွေနဲ့စာရင် မည်းနေအုံးမှာ

ပဲလို့ တွေးပြီး သူတော်ကောင်းပတ်ဝန်းကျင်ကို အခုထိ ကြောက်တာပါဘုရား။

အရှင်ဘုရား တပည့်မလို့ မသတ်မှတ်မှာလည်း အရမ်းကို ကြောက်တာ၊ စိုးရိမ်တာပါဘုရား။ တပည့်တော်မ ကပ္ပိယကြီးကိုလည်း ကျေးဇူးတင်ပါတယ်ဘုရား။ ဘုန်းဘုန်းဆီလာပြီး ဖူးတွေ့လို့ ရမလားလို့ တပည့်တော် ဒုတိယအကြိမ် လာမဖူးတွေ့ခင်က ဖုန်းဆက်မေးတော့ ကပ္ပိယကြီးက–

''ကောင်းတဲ့အလုပ်၊ သံဃာတော်ကို ဖူးတွေ့ဖို့ဆိုတာ ကုသိုလ်ရတဲ့အလုပ်ကို သမီးက ဘာလို့ ဖူးတွေ့လို့ ရမလားလို့ မေးရတာလဲ'' လို့ ပြန်ပြောပါတယ်ဘုရား။

တပည့်တော်မက–

''သမီးအားနာလို့၊ ကြောက်လို့''ဆိုတော့၊

''ဘာလို့ ကြောက်ရ၊ အားနာရသလဲ''လို့ ပြန်မေးပါတယ်ဘုရား။ တပည့်တော်မက ကပ္ပိယကြီးကိုတော့ နည်းနည်း ပြောရဲလို့– ''သမီးက လူဆိုးမို့ ကြောက်တာ၊ ဆရာတော့်ကို အားနာတာ၊ စိုးရိမ်တာ''ဆိုတော့ ကပ္ပိယကြီးက တပည့်တော်မကို ပြောပါတယ်ဘုရား။

## လူဆိုးထိန်း ဆရာတော်

ကပ္ပိယကြီးက သမီးထက် ဆိုးခဲ့တာ၊ ဝက်တွေ သတ်တဲ့လူကြီး လုပ်ခဲ့တာ၊ မဟုတ်တာ အကုန်ကောင်းကောင်း လုပ်ခဲ့တာ၊ ဘုန်းဘုန်းက လူဆိုးတွေကို ပိုသနားတာ၊ အခုကပ္ပိယကြီး မဆိုးတော့တဲ့အခါ ဘုန်းဘုန်းက သိပ်ကျေနပ်လို့ သနားလို့၊ အနားမှာ နေရတာပေါ့၊ လာခဲ့ပါ၊ ခဏခဏလာခဲ့ပါတဲ့ဘုရား။ တပည့်တော်



ကို စိုးရိမ်တာ နည်းနည်းလျော့အောင် ပြောပေးလို့ တပည့်တော် ကပ္ပိယကြီးကို သိပ်ကျေးဇူးတင်ပါတယ်ဘုရား။

ဒါပေမဲ့ တပည့်တော်မ အဲဒီတုန်းက စိတ်ထဲကတော့ နည်းနည်းလေး ပြန်ပြောမိပါတယ်ဘုရား။

''ကပ္ပိယကြီးက ဝက်ပဲသတ်တာ၊ သမီးက လူပါ သတ်ခဲ့တာ''မို့ပါဘုရား။ ဆရာတော်ဘုရားရဲ့ စာအုပ်မဖတ်မိခင်၊ အဆုံးအမ ရင်ထဲမရောက်ခင်၊ ရက်ပိုင်းကလေးအတွင်းအထိ တပည့်တော်မဟာ နောက်ထပ်လူတွေသတ်ဖို့ ကြံနေတာပါ ဘုရား။

ဘက်ထရီဆိုင်က အက်ဆစ်ဝယ်ထားပြီး သူများမျက်နှာကို တည့်တည့်ပက်ဖို့၊ အခြေအနေပေးတာနဲ့ သတ်ဖို့ ချှိန်မြှနေတဲ့ ဝက်အူလှည့်မျိုးကို ဝယ်ဖို့ အကြီးအကျယ် ကြံစည်ရှာဖွေနေခဲ့တာပါဘုရား။ ဒီတစ်ခါတော့ ကြိတ်ပြီး မလုပ်ကြဘူး။ ပြောင်သတ်မှာ။ ပြီးရင် ထောင်ကျမခံရအောင် ကိုယ့်ကိုယ်ကိုပါ သတ်သေမယ်လို့ ဆုံးဖြတ်ထားတာပါဘုရား။ ငါ့ပညာရေး၊ လူမှုရေး ထိခိုက်အောင်ဖြစ်စေတဲ့၊ ငါ့စိတ်ကို ပျက်ပြားအောင် ဖြစ်စေတဲ့သူတွေကို အကုန်သတ်ပစ်ရမှဖြစ်မယ်လို့ အချိန်ပြည့် တွေးနေခဲ့တာပါဘုရား။

ကံကောင်းထောက်မလို့ တစ်သက်နဲ့တစ်ကိုယ် ဘုရားဆိုတာ အားကိုးရမှန်း မသိခဲ့ဘဲနဲ့ ဘုရားရှေ့မှာ မျက်ရည်ကျပြီး အားကိုးတကြီး ဆုတောင်းခဲ့မိလို့ အရှင်ဘုရား အဆုံးအမကို ရခဲ့တာ၊ သီသီကလေး လွတ်ခဲ့တာပါ ဘုရား။ တပည့်တော်မ စိတ်ထဲမှာသိပ်ထူးဆန်းတာပဲဘုရား။ ဘယ်လိုအကြောင်းကြောင့် ဘယ်သူကမှမညွှန်းဘဲနဲ့ တပည့်တော်မ ကိုယ်တိုင်လည်း တစ်ခါမှ မသိမကြားဖူးဘဲနဲ့ အရှင်ဘုရားရဲ့ စာအုပ်တွေကိုမှ ဝယ်မိခဲ့

တာ။ အမှောင်ထဲမှာ၊ ချောက်ထဲကျခါနီးမှာ အလင်းရောင်ရခဲ့သလိုဖြစ်ခဲ့တာ၊ တပည့်တော်မ ကံကောင်းလို့ပါဘုရား။

ဘုရားရှေ့မှာ တပည့်တော်မကို လမ်းပြမယ့်သူ၊ ကယ်တင်မယ့်သူ မရှိပါဘူးဘုရားလို့ ဆုတောင်းလိုက်မိလို့ပဲ ထင်ပါတယ်ဘုရား။ ဆရာတော်ဘုရားက တပည့်တော်မကို ရတနာသုံးပါးကို သက်ဝင်ယုံကြည်အောင် ကကြီး၊ ခခွေးကနေစပြီး သရဏဂုံတည်တဲ့အထိ၊ ဗုဒ္ဓအဆုံးအမ မှန်သမျှကို အကြွင်းမရှိ ယုံကြည်တဲ့အထိ လမ်းပြဆုံးမခဲ့တဲ့၊ လောကီဖခင်ထက် ကျေးဇူးကြီးတဲ့ လောကုတ္တရာဖခင် ဖြစ်တဲ့အပြင်၊ အသက်သခင် ကျေးဇူးရှင်လည်း ဟုတ်ပါတယ်ဘုရား။

ဆရာတော်ဘုရားကို တပည့်တော် အသက်လို မြတ်နိုးပေမယ့်၊ ကြည်ညိုပေမယ့်၊ အားကိုးပေမယ့်၊ တပည့်တော် စကားပြော မတတ်လို့၊ နှုတ်နည်းလို့၊ မလျှောက်ထားရဲလို့၊ ကြောက်လို့၊ သူများတွေလို ချောချောမောမော၊ ဖွယ်ဖွယ်ရာရာ၊ ကောင်းကောင်းမွန်မွန် ပါးစပ်က မလျှောက်တတ်တာမျိုး ဖြစ်ခဲ့၊ ရှိခဲ့ရင် တပည့်တော်မကို ခွင့်လွှတ်တော်မူပါလို့လည်း ရှိခိုးကန်တော့တောင်းပန်ပါတယ်ဘုရား။

တပည့်တော်မမှာ အခုချိန်အထိ အဲဒီအားနည်းချက် ရှိပါတယ်ဘုရား။ တပည့်တော်မ လူမှုရေးညံ့ပါတယ်ဘုရား။ ပတ်ဝန်းကျင်နဲ့ အလွယ်တကူ တစ်သားတည်း ဖြစ်သွားအောင် မလုပ်တတ်ပါဘူးဘုရား။ စကားလည်း နဂိုကတည်းက သိပ်မပြောတတ်ပါဘူးဘုရား။ ငယ်ငယ်တုန်းကဆို သူများက မေးရင်တောင် ဖြေချင်မှ ဖြေတာပါဘုရား။ သူများတွေလို ဖွယ်ဖွယ်ရာရာလည်း မပြောတတ်ပါဘူး ဘုရား။



တပည့်တော်မ စကားများများ ပြောတတ်တာ ညီမလိုသူငယ်ချင်းနဲ့က လွဲရင်၊ ဆေးရုံမှာပဲ မပြောမဖြစ်လို့ ပြောတာပါဘုရား။ သူတော်ကောင်းပတ်ဝန်းကျင်မှာ သိမ်ငယ်တဲ့စိတ်ရှိတော့ ပိုပြီးမပြောတတ်ပါဘူးဘုရား။ တပည့်တော်မဟာ နှစ်ပေါင်းများစွာ တပည့်တော်မရဲ့ ပတ်ဝန်းကျင်ကို ပူလောင်ဆင်းရဲစေခဲ့တဲ့သူပါဘုရား။

တပည့်တော်မတင်မကဘူး။ တပည့်တော်မ အနားမှာရှိနေတဲ့ သူတွေကိုလည်း တပည့်တော်မကြောင့် တပည့်တော်မနဲ့တွဲလို့ ဆိုးတယ်ဆိုတဲ့ နာမည်မျိုး ရစေခဲ့တဲ့သူပါဘုရား။ ညီမဆိုရင် ငယ်ငယ်တုန်းကတည်းက အခုအထိ မြတ်မဥ္ဇူရဲ့နောက်လိုက် 'ညီမလေး'ဆိုတဲ့နာမည်မျိုး ကျောင်းသူဘဝကတည်းက အခေါ်ခံခဲ့ရတာပါ ဘုရား။ တပည့်တော်မရဲ့ကျောင်းသူဘဝက ချစ်တဲ့ဆရာမတွေ ပေးထားတဲ့ ခေါ်တဲ့နာမည်က ''ဝွမ်းပုံ''ပါဘုရား။ ညီမနာမည်က'ညီမလေး'ပါဘုရား။ အခုထိ ဒီလိုခေါ်ကြတုန်း ပြောကြတုန်းပါဘုရား။

**ပထမဆုံးကျတဲ့ ကရုဏာမျက်ရည်**

တပည့်တော်မဟာ တပည့်တော်မရဲ့ ပတ်ဝန်းကျင်ကို အကုသိုလ်တွေ အများကြီးဖြစ်ထွန်းစေခဲ့တဲ့သူပါဘုရား။ သူတော်ကောင်းတွေချည်းပဲရှိတဲ့ ပတ်ဝန်းကျင် အဖွဲ့အစည်းမျိုးကို မမြင်ဖူး၊ မပတ်သက်ဖူး၊ မပါဝင်ဖူးခဲ့ပါဘူးဘုရား။ တွံတေးက ကလေးတွေဆီလိုက်ပြီး လှူရတဲ့နေ့က တပည့်တော်မ သူတော်ကောင်းတွေကြားထဲကို ဒီလို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ ဘုရား။ ခရီးဝေးကို သူတော်ကောင်းတွေနဲ့အတူ၊ ပထမဆုံးအကြိမ်

ရောက်ဖူးတာပါဘုရား။ တပည့်တော်မရဲ့ ကျေးဇူးရှင်ဆရာတော်ကို တပည့်တော်မ ဘယ်လိုစကားလုံးနဲ့ ပြောရမှန်းမသိအောင် ကျေးဇူးတင်ပါတယ်ဘုရား။

ပြီးတော့ တပည့်တော်မဘဝမှာ ပထမဆုံးအကြိမ် သူများအတွက်(တပည့်တော် လူမြင်ကွင်းမှာ)မျက်ရည်ကျဖူးတာပါဘုရား။ သူများအတွက်ဆိုတာ အဲဒီကလေးတွေကို ကြည့်ပြီးရင်ထဲမှာ နာနေတာပဲဘုရား။

နောက်ပြီး မိဘဆိုတာ မိဘနဲ့အတူတူ၊ မိဘအရိပ်အောက်မှာ နေခွင့်ရတယ်ဆိုတာ ဘဝတစ်ခုမှာ အရာရာအားလုံးပဲလို့လည်း စဉ်းစားမိပြီး၊ စိတ်ထဲမှာအရမ်းနာကျင်ပြီး သူတို့ကို သနားတာရယ်၊ သူတို့မှာ တစ်ခုခုဆို ဝမ်းနည်းတာပဲဖြစ်ဖြစ်၊ ပျော်တာပဲဖြစ်ဖြစ်၊ နောက်ဆုံး ကလေးချင်း ရန်ဖြစ်ရင် သူများကပြောရင်တောင် ပြေးပြီးတိုင်တည်စရာ မိဘဆိုတာ ငိုရင် ချော့မယ်၊ ဝမ်းနည်းရင် အားပေးမယ်၊ မိဘဆိုတာ မရှိကြဘူးလို့ သူတို့ကို အရမ်းကြီးကို သနားလိုက်တာပါဘုရား။

*(မှတ်ချက်။* ။ **တွံတေးမြို့နယ်၊ ဘုရားကြီးရွာ မိဘမဲ့ ပရဟိတ ပညာသင်ကျောင်းကို ဆိုလိုခြင်းဖြစ်သည်။)**

တပည့်တော်မ အဲဒီလိုအချိန်မျိုးမှာ သူတို့စိတ်ထဲမှာ ဘယ်လိုခံစားရမလဲဆိုတာ အရမ်းသိပါတယ်ဘုရား။ နောက်ပြီးမတော်တဆများ အဲဒီကလေးတွေထဲမှာ တပည့်တော်မလိုဟာမျိုး တစ်ယောက်ယောက် ဆိုးသွမ်းမိခဲ့ရင်လို့ တွေးပြီး သနားလိုက်တာ၊ စိုးရိမ်လိုက်တာပါဘုရား။ ပထမ ဘုန်းကြီးကျောင်းမှာ ဆရာတော်ဘုရားလူကြီးတွေကို တရားဟောနေတဲ့အချိန် တပည့်တော်မတို့ ကလေးတွေဆီကိုသွားပြီး စကားပြောပါတယ် ဘုရား။



တချို့ကသစ်ပင်အောက်မှာ၊ ခုံကလေးတွေပေါ်မှာ အိပ်ပျော်နေတယ်ဘုရား။ တပည့်တော်မ သူတို့နဲ့ အတူတူထိုင်ရင်းနဲ့ သားကလေး ငယ်ငယ်လေး ၅ နှစ်၊ ၆ နှစ်လောက်လေးကို ပေါင်ပေါ်တင်ချီထားတော့ သူကလည်း ငြိမ်ငြိမ်လေး ထိုင်နေတယ် ဘုရား။ တပည့်တော်မက ပေါင်ပေါ်တင်ထားရင်းနဲ့ သူ့နားထင်လေးကို ပါးနဲ့ထိထားရင်းနဲ့ အမှတ်တမဲ့နဲ့ နမ်းလိုက်မိတော့ သူကလေ သိပ်သနားဖို့ ကောင်းတာပဲဘုရား။

ငယ်ငယ်လေးပေမယ့် သူသိတယ်။ သူခံစားတတ်တယ်ဘုရား။ သူ့မျက်နှာလေးက မဲ့သွားပြီး ငိုကာနီးလေး ဖြစ်သွားပါတယ်ဘုရား။ ဘာမှလည်း မပြောပါဘူးဘုရား။ တပည့်တော်မကလည်း အရမ်းငိုချင်သွားပြီး သူ့ကိုအရမ်းဖက်ထားတော့ သူကလည်း အကြာကြီးငြိမ်နေတယ်ဘုရား။ ခဏနေတော့မှ ပေါင်ပေါ်ကဆင်းပြေးပြီး တခြားသစ်ပင်အောက်မှာ တစ်ယောက်တည်းသွားထိုင်နေတယ်ဘုရား။ တပည့်တော်မ ဘယ်လိုပြောရမှန်းမသိအောင် သနားလိုက်တာပါဘုရား။

တပည့်တော်မ အကုန်လုံးနဲ့ပေါင်းပြီး လှူတဲ့ပိုက်ဆံအပြင် သူတို့ကိုလည်း အနားကိုရောက်လာသမျှ သားလေးတွေ အကုန်လုံးကို မုန့်ဖိုး သူတို့လက်ထဲ ထည့်ပေးခဲ့ပါတယ်ဘုရား။ သမီးလေးတွေနဲ့တော့ စကားမပြောခဲ့ရပါဘူးဘုရား။ သူတို့ထဲမှာ တပည့်တော်မလို ဆိုးမယ့်ဟာမျိုး တစ်ယောက်မှ ဖြစ်မလာပါစေနဲ့လို့လည်း ဆုတောင်းပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်မက နဂိုဗီဇကိုက မကောင်းလို့ဖြစ်မှာပါလို့လည်း တွေးမိပါတယ်ဘုရား။ အဲဒီနေ့က ပြန်လာပြီးတော့ တပည့်တော်မစိတ်ထဲမှာ ကိုယ့်ကိုယ်ကို မသိချင်၊ မခံစားချင်တဲ့အကြောင်းတစ်ခုကို

တပည့်တော်မ ဘာလို့ဆိုးမိရတာလဲဆိုတဲ့ အကြောင်းတွေထဲက အကြောင်းတစ်ခုကို ဟုတ်များဟုတ်နေသလားလို့တွေးမိပြီး စိတ်ထဲမှာ၊ ရင်ထဲမှာ တော်တော်နာပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်မ အဲဒါမျိုးလည်း မတွေးချင်ပါဘူး၊ မစဉ်းစားချင်ပါဘူးဘုရား။

ကျောင်းက ပြန်လာရင်လည်း အိမ်မှာ တစ်ယောက်တည်း။ ကျောင်းမှာလည်း သူငယ်ချင်းမိဘတွေက တပည့်တော်မ ဆိုးလို့ သူတို့သားသမီးတွေနဲ့ မပေါင်းရဘူးလို့ ပြောတဲ့အသံတွေ၊ ဆရာမတွေပြောတာတွေ အခုပြန်ကြားတိုင်း အခု နာကျင်တုန်း၊ ငိုရတုန်းပါဘုရား။ ဒါပေမဲ့ တပည့်တော်မ တိတ်တိတ်လေး ငိုတတ်တာ၊ အခု အချိန်အထိ ဘုန်းဘုန်းကလွဲရင် ဘယ်သူ့ကိုမှ ဝန်မခံဖူးပါဘူး ဘုရား။ အမေကိုတောင် ပေးမသိပါဘူးဘုရား။ ဘယ်သူသိအောင်မှလည်း မငိုပါဘူးဘုရား။ ငိုရမှာ သူများသိမှာ ရှက်လို့ပါဘုရား။

တကယ်တော့ ငယ်ငယ်တုန်းကတည်းက အဲလိုအပြောခံရရင် တချို့လူကြီးတွေ၊ ဆရာမတွေက သူများတွေကျ ကောင်းကောင်းမွန်မွန်ပြောပြီး တပည့်တော်မ တစ်ယောက်တည်း ချန်ထားခံရရင် တစ်ယောက်တည်းဖြစ်ပြီး နေရရင် ဘယ်သူမှမသိအောင် ငိုတတ်ပါတယ်ဘုရား။ ငိုမိပြီးရင် တပည့်တော်မက ဘာဖြစ်လို့လဲ မသိပါဘူးဘုရား။ ပိုပိုပြီးဆိုးချင်လာတာဘုရား။ အဲဒီတော့ ပိုဆိုးချင်လာတော့ ပိုဆိုးလိုက်ရမှ ကျေနပ်ခဲ့တာပါဘုရား။ တပည့်တော်မကိုက ဘယ်လိုမှ မကောင်းတာပါဘုရား။ အခု အဲဒီနေ့က ပြန်လာပြီးကတည်းက စဉ်းစားမိနေတာ ညီမပြောတာ နည်းနည်းတော့ ဟုတ်မယ် ထင်ပါတယ်ဘုရား။



တပည့်တော်မက နှစ်ပေါင်းများစွာ ဆိုးခဲ့ပြီးမှ အခုမှ လူလိုသိတတ်လာတာလို့ ပြောလို့ရတာ တစ်နှစ်လောက်ပဲ ရှိသေးတယ်ဘုရား။ သူတော်ကောင်းပတ်ဝန်းကျင်က သူတော်ကောင်းတွေ တပည့်တော်ကို အဲဒီနေ့ကတွေ့တဲ့ ဆရာတော်ဘုရားရဲ့ တပည့်တွေ အကုန်လုံးက နဂိုကတည်းက ကောင်းတဲ့ သူတော်ကောင်းတွေပါဘုရား။

တပည့်တော် လိမ္မာစပြုတယ်။ လူလိုသိလာတယ်ဆိုတာလည်း တကယ်တော့ မကောင်းတဲ့၊ မဟုတ်တဲ့ အလုပ်တွေမျိုး အကြဲတွေမျိုးကိုကြဲရ၊ လုပ်ရမှ ရှက်စရာ၊ ကြောက်စရာကောင်းတယ်ဆိုတာ သိရုံ၊ လုပ်ဖို့ရှက်လာ၊ ကြောက်လာရုံ၊ ရတနာသုံးပါးနဲ့ ဗုဒ္ဓအဆုံးအမကို အကြွင်းမရှိ ယုံကြည်ရုံ၊ ငါးပါးသီလကိုတောင် တစ်နေ့စာ၊ တစ်နေ့စာ အချိန် ပိုင်းပိုင်းပြီး အမြဲသတိထားနေမှ တစ်နေ့လုံးအတွက် လုံးဝလုံခြုံအောင် နေနိုင်ရုံလောက်ပဲ ရှိသေးတာပါဘုရား။

**သူတော်ကောင်းဖြစ်ချင်ပြီ**

တပည့်တော် အဲလောက် သိတတ်တာ၊ တပည့်တော်အတွက် လိမ္မာစ ပြုတာလို့ပြောရပေမယ့် တခြားသူတွေအတွက်တော့ ဒါမျိုးက ပုံမှန်လောက် ဖြစ်မှာပါဘုရား။ တပည့်တော်မ လိမ္မာတယ်ဆိုတာ သူများတွေရဲ့ ပုံမှန်လောက်ပဲ ရှိမှာပါဘုရား။ နှစ်ပေါင်းများစွာ လိမ္မာပြီးသားသူတွေလိုပဲ တန်းတူလိမ္မာတယ်ဆိုတာမျိုး တပည့်တော်မမှာ မဖြစ်နိုင်တော့ဘူးထင်ပါတယ်ဘုရား။ အဲလို စဉ်းစားမိတာ တပည့်တော်မ တော်တော် စိတ်မကောင်း ဖြစ်ပါတယ်ဘုရား။ သိမ်ငယ်ပါတယ်ဘုရား။

အဲလို သူတော်ကောင်းတွေနဲ့ တစ်သားတည်း၊ တစ်ရောင်

တည်းဖြစ်အောင် သူများလို သူတော်ကောင်းဖြစ်ကော ဖြစ်ပါ့မလားလို့လည်း စဉ်းစားမိပါတယ်ဘုရား။ သူတော်ကောင်း ပတ်ဝန်းကျင်၊ သူတော်ကောင်းအဖွဲ့အစည်းနဲ့ အတူရှိနေရတာကို တပည့်တော်မ အရမ်းပျော်ပါတယ်ဘုရား။ ဒါပေမဲ့ စိတ်ထဲမှာ ကြောက်လည်း ကြောက်ပါတယ်ဘုရား။ သိမ်လည်း သိမ် ငယ်ပါတယ်ဘုရား။

ဆရာတော်ဘုရားက တပည့်တော်ကို သူတော်ကောင်း မလေးလို့ ခေါ်တိုင်း တပည့်တော် အရမ်းပျော်ပါတယ်ဘုရား။ တကယ်လည်း နောင်ကိုအမြဲ သူတော်ကောင်းပဲ ဖြစ်ချင်ပါတယ်ဘုရား။ လူဆိုး ထပ်မဖြစ်ချင်တော့ ပါဘူးဘုရား။ အဲဒီနေ့က တပည့်တော် အတူတူလိုက်ရတဲ့ ကားပေါ်က ဘုန်းဘုန်းတွေကိုလည်း ကျေးဇူးတင်ပါတယ်ဘုရား။ ဘုန်းဘုန်းပိန်ပိန်လေးရယ်၊ အရှင်ဘုရားကို စာရေးပေးတဲ့ ဘုန်းဘုန်းရယ်က တပည့်တော်မကို ချစ်ချစ်ခင်ခင် စကားပြောပါတယ်ဘုရား။

စာရေးပေးတဲ့ ဘုန်းဘုန်းက ဦးဇင်းတို့ကလည်း အရင်က သိပ်မကောင်းပါဘူးတဲ့။ အခုလည်း အရမ်းအကောင်းဆုံး မဟုတ်ပါဘူးတဲ့။ ဆရာတော်ဘုရား ဆုံးမလို့ ကောင်းတာပါတဲ့ဘုရား။ ကျေးဇူးရှင်ဆရာတော်ဘုရား တပည့်တော် ဆိုးခဲ့တဲ့ မကောင်းမှုတွေကို ခွင့်လွှတ်တော်မူပါဘုရား။ တပည့်တော် ထပ်ပြီး လျှောက်ထားတောင်းပန်ပါတယ်ဘုရား။ တပည့်တော်ဆိုးခဲ့တာတွေ ပိုပြီး အသေးစိတ် လျှောက်ထားလို့ မေတ္တာ၊ ကရုဏာ၊ လျှော့တော်မမူပါနဲ့ဘုရား။ သမီးတပည့်လို့ ဆက်ပြီးအသိအမှတ်ပြုတော်မူပါဘုရားလို့ ရှိခိုးဦးခိုက် တောင်းပန်ပါတယ်ဘုရား။ ပြီးတော့ တပည့်တော်မလည်း ဆရာတော်ဘုရားရဲ့ ပစ္စည်းလေးပါးဒကာ



ဖြစ်ဖို့ လျှောက်ထားပါတယ်ဘုရား။ ပစ္စည်းလေးပါး ဒကာအဖြစ် အကောင်းဆုံး ဖိတ်တတ်တဲ့လူ၊ ဖိတ်တာနဲ့ အတူတူပါပဲ အဲဒီအတိုင်း တပည့်တော် ဖိတ်ကြားပါတယ်ဘုရား။ မေတ္တာ၊ ကရုဏာ လျှော့တော်မမူဘဲနဲ့ ခွင့်ပြုတော်မူပါဘုရား။ ပြီးတော့ ဆရာတော်ဘုရားရဲ့စာအုပ်ထဲမှာ ရဟန်းတော်တစ်ပါးကို သားအရင်းလိုဖြစ်ချင်ရင် သိက္ခာထပ်ရတယ်လို့ ဖတ်ရပါတယ်ဘုရား။

တပည့်တော်မက အရှင်ဘုရားကို သားအရင်းလိုလို့ ပြောကောင်းလား မပြောကောင်းလား သေချာမသိပါဘူးဘုရား။ မပြောကောင်းဘူးထင်ပါတယ်ဘုရား။ ဒါပေမဲ့ အဖေအရင်းလိုလို့တော့ ပြောကောင်းတယ် ထင်ပါတယ်ဘုရား။ တပည့်တော်မ ဆရာတော်ဘုရားရဲ့ ရဟန်းအစ်မ ဖြစ်ချင်ပါတယ်ဘုရား။ သိက္ခာထပ်ရင် ပိုက်ဆံအများကြီး ကုန်မှာလားဘုရား။

အများကြီးကုန်မှာဆိုရင်လည်း တပည့်တော်မ မုန့်ဖိုးကြိုးစားပြီးစုပါမယ်ဘုရား။ မကောင်းမှုအများကြီး ရှိခဲ့ဖူးတဲ့သူ၊ အရမ်းဆိုးခဲ့ဖူးတဲ့သူရော ရဟန်းအစ်မ ဖြစ်ခွင့်ရှိပါသလားဘုရား။ တပည့်တော်မ အမေက မြန်မာပြည်ကို ခွင့်ရလို့ပြန်လာရရင် ဆရာတော်ဘုရားကို သိက္ခာထပ်ပြီး ရဟန်းအစ်မ ဖြစ်ချင်တယ်လို့ ပြောပါတယ်ဘုရား။

တပည့်တော်မဟာ တပည့်တော် သက်သက်ကော ရဟန်းအစ်မ ဖြစ်ခွင့်ရှိပါသလားဘုရား။ တပည့်တော်မကို မေတ္တာ၊ ကရုဏာ လျှော့တော်မမူဘဲနဲ့ပြောပြတော်မူပါဘုရား။ တပည့်တော်မအပေါ် ဆရာတော်ဘုရား ကျေးဇူးတော် ဘယ်လောက်ကြီးမားသလဲဆိုတာ တပည့်တော်မကိုယ်တိုင်ပဲ အသိဆုံးပါဘုရား။ တပည့်တော်မ အရှင်ဘုရား ခြေတော်ရင်းမှာ ပထမဆုံး

ကိုယ်တိုင်လာပြီး ရှိခိုးဦးခိုက်ခွင့်ရတဲ့အချိန်က မျက်ရည်မကျအောင် ကြိုးစားရပါတယ်ဘုရား။

ကျေးဇူးရှင်ဆရာတော်ဘုရားရဲ့ ကရုဏာကြောင့်ကိုယ်တိုင်လာပြီး ရှိခိုးဦးခိုက်ခွင့်ရတော့ တပည့်တော်မလူဆိုးက ငိုချင်ခဲ့မိပါတယ်ဘုရား။ ကျေးဇူးရှင်ဆရာတော်ဘုရား ကိုယ်ရော၊ စိတ်ရော၊ ကျန်းမာ ချမ်းသာတော်မူပြီး တပည့်တော်မလို အမိုက်အမဲတွေကို ကာလရှည်စွာ လမ်းပြဆုံးမတော်မူနိုင်ပါစေလို့ တပည့်တော်မ ရှိခိုးကန်တော့ ဆုတောင်းမေတ္တာပို့ပါတယ်ဘုရား။

တပည့်တော် အပြစ်ကြီးငယ် ရှိခဲ့ရင်လည်း ခွင့်လွှတ်တော်မူပါလို့ ရှိခိုး တောင်းပန်ပါတယ်ဘုရား။ တပည့်တော်ဆိုးခဲ့တာတွေ၊ ပိုအသေးစိတ်လျှောက်ထားလို့ မေတ္တာ၊ ကရုဏာ လျော့တော်မမူပါစေနဲ့လို့လည်း တပည့်တော်မ ဆုတောင်းပါတယ်ဘုရား။ စာအများကြီး လျှောက်ထားမိတဲ့အတွက်လည်း သည်းခံခွင့်လွှတ်တော်မူပါလို့ တောင်းပန်ကန်တော့ပါတယ်ဘုရား။

ကျေးဇူးရှင်ဆရာတော်ဘုရားကို တပည့်တော်မ ရိုသေမြတ်နိုး လက်စုံမိုးပြီး ရှိခိုးကန်တော့ပါတယ်ဘုရား။

တပည့်မ

ဒေါက်တာမြတ်မဥ္ဇူ

•

**လောဘကို ပယ်သတ်ပုံ**

*စစ်မှန်သော ဒဿနဖြစ်ရိုးမှန်လျှင် ပရိယတ္တိလည်း ပါရ၏။ ပရိယတ္တိဟူသည် သဘောတရားဝိဇ္ဇာပိုင်း ဖြစ်၏။ ထို့အပြင် ပဋိပတ္တိလည်း ပါရ၏။ ပဋိပတ္တိဟူသည် လက်တွေ့ စရဏပိုင်း ဖြစ်၏။ ပဋိဝေဓ ဟူသည် ပရိယတ္တိနှင့် ပဋိပတ္တိဆုံရာ ရည်ရွယ်ရင်း အနက်ဖြစ်၏။ ယင်းအနက်ကို နိဗ္ဗာန်ဟူ၍ အကြမ်းဖျင်း သတ်မှတ်၏။ ငွေစက္ကူသည် တစ်ကျပ်တန်၊ တစ်ဆယ်တန် စသည်အားဖြင့် အမျိုးမျိုးရှိသလို နိဗ္ဗာန်ခေါ် ပဋိဝေဓသည်လည်း တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒအားဖြင့် အမျိုးမျိုးရှိ၏။ အရပ်သုံး ဝေါဟာရအားဖြင့် နိဗ္ဗာန်ဟူသည် လောဘကို ပယ်သတ်ခြင်း ဖြစ်၏။ လောဘကို ပယ်သတ်ရာတွင် တစ်ကျပ်တန် သဘောဖြင့်လည်း သက်ရောက်နိုင်၏။ ထို့ကြောင့် နိဗ္ဗာန်ဟူသည် အဆင့်တန်ဖိုးအားဖြင့် အမျိုးမျိုး ဖြစ်သော်လည်း လောဘကို ပယ်သတ်ခြင်းအားဖြင့်မူ တစ်မျိုးတည်း တစ်သဘောတည်း ရှိ၏။ ယင်းကို ဝိမုတ္တိရသဟူ၍လည်း ဆိုကြသေး၏။*

*ဤနေရာ၌ လောဘကိုပယ်သတ်ခြင်းဟူသည် အလုပ် မလုပ်ဘဲ ပျင်းရိခြင်းကို ဆိုလိုသည် မဟုတ်။ နဖူးကချွေး ခြေမသို့ကျသည်အထိ ကြိုးစားပမ်းစား လုပ်ကိုင်ပြီး ရရှိလာသည့် အကျိုးအမြတ်ကိုမူ မိမိအတွက် အသုံးပြုရန် လောဘရမ္မက်ဖြင့် တပ်မက်ခြင်းမပြုဘဲ လောက၏ ကောင်းကျိုးအတွက် အသုံးပြုရန် ရက်ရက်ရောရော စွန့်လွှတ်ခြင်းကိုသာဆိုလိုခြင်း ဖြစ်၏။*

***(ဦးရွှေအောင်– စာဖတ်သူများ– နှာ– ၂၇၄)***

ပုထုဇဉ်မှန်သမျှ ဘဝနိကန္တိက လောဘ ဘဝကို တပ်မက်သော တဏှာဖြင့် လူ့ဘဝသို့ရောက်လာသူများချည်းသာ ဖြစ်၏။ လောဘနှင့်စ၊ လောဘနှင့်နေ၊ လောဘနှင့်သေကြသည်မှာ ပုထုဇဉ်၏ ထုံးစံဓမ္မတာတစ်ခုပင် ဖြစ်၍နေပေပြီ။ ထို့ကြောင့်လည်း လောဘကင်းရာ နိဗ္ဗာန်နှင့် တစ်စတစ်စ ဝေးကွာနေရခြင်း ဖြစ်၏။ ထိုလောဘ နေရာမှာ ပေးကမ်းလိုခြင်း အလောဘနှင့် အစားထိုးနိုင်ပြီဆိုလျှင် နိဗ္ဗာန်သွားရာလမ်းသို့ ခြေတစ်လှမ်း ချပြီးသား ဖြစ်နေပေလိမ့်မည်။

ဒါန၏ ဌာန်လေးချက်တွင် လောဘဝိဒ္ဓံသနရသံ လောဘကို ဖောက်ခွဲ ဖျက်ဆီး သတ်ဖြတ်ခြင်း ကိစ္စရှိကြောင်း ဖွင့်ပြထား၏။ ထို့ကြောင့် မျှော်လင့်ချက်မထားဘဲ ဒါနပြုခြင်းသည် လောဘကို တစ်ဒင်္ဂပဟာန်အားဖြင့်ပယ်သတ်ခြင်းပင်ဖြစ်၏။ လောဘကို သားအရင်းလို သဘောထားသူများသည် အပါယ်လေးဘုံသို့ သွားချည်၊ ပြန်လှည့် ကျင်လည်ရင်း နိဗ္ဗာန်နှင့် ဝေးသထက် ဝေးကြရ၏။



အလောဘကို သားအရင်းလို သဘောထားသူများကား လူချမ်းသာ နတ်ချမ်းသာတို့၌သာ ကျင်လည်ရပြီး နိဗ္ဗာန်နှင့် နီးသထက်နီးလာလေ၏။ ယခုလည်း မြတ်မဉ္ဇူသည် အရင်က လောဘကို သားအရင်းလိုသဘောထားပြီး အလောဘကို မွေးစားသားလို သဘောထားခဲ့၏။ ဓမ္မစာပေများကို ဖတ်ရှုရသောအခါ တွင်ကား အလောဘကို သားအရင်းလို သဘောထားနိုင်လေပြီ။ ထို့ကြောင့်လည်း ဆရာတော်တစ်ပါးကို သိက္ခာထပ်ပြီး ရဟန်းအစ်မဘဝကို ခံယူလိုခြင်းဖြစ်၏။

ဆရာကြီး ဦးရွှေအောင်၏ ဖွင့်ပြချက်အရဆိုလျှင် ဝိမုတ္တိရသကို တစ်ဒင်္ဂတော့ ခံစားနိုင်ပြီဟု ဆိုသင့်၏။ သူမမိခင်က တစ်လလျှင် မုန့်ဖိုး၊ အဝတ်အစားဖိုး၊ တစ်သိန်းခွဲပေး၏။ အရင်က လောက်ပင် မလောက်၊ သုံးစရာများ၍ ဖြစ်သည်။ ယခုလည်း မလောက်၊ ယခု မလောက်သည်က လှူစရာများ၍ဖြစ်သည်။ စာသင်သားများကို ကြုံလျှင်ကြုံသလို စာအုပ်များ လှူဒါန်းသည့်အပြင် စာရေးသူကိုလည်း တစ်လတစ်သိန်း ပရဟိတအတွက် ရည်မှန်း၍ လှူရှာသည်။

ပြောရလျှင် စာရေးသူကို ကိုးကွယ်ချိန်ကစပြီး သူမမှာ မုန့်မစားရတော့။ သို့သော် မြတ်မဉ္ဇူ နေနိုင်သည်။ '**လှူရတဲ့ အရသာကို ပျော်လေ၊ နိဗ္ဗာန်နဲ့နီးလေ၊ ယူရတဲ့ အရသာကို ပျော်လေ၊ နိဗ္ဗာန်နဲ့ ဝေးလေ**'ဟူသောဒဿနကို သူမ သဘောပေါက်သွားဟန်တူသည်။ အရင်က စကားကို ပြန်ဆက်ရလျှင် သူမသန္တာန်တွင် ပါလာသော သူတော်ကောင်းဗီဇမျိုးစေ့လေး အတက်၊ အညွန့် ထွက်ခွင့်ရလာခြင်းပင်ဖြစ်၏။

သူမ၏စာကို ဖတ်ကြည့်သောအခါ ရိုက်နှက်ဆဲဆို ဆုံးမ

သော ဆရာမများကိုသာ အများဆုံးကြုံဆုံရကြောင်း တွေ့ရ၏။ ဆုံးမခြင်းသည် လိမ္မာစေလို၍ ဖြစ်သည်။ ထို့ကြောင့် ရိုက်၍၊ မာန်၍ ဆုံးမသည်ထက် ချော့မော့ပြီး ဆုံးမသည်က ပို၍ထိရောက်၏။ မကြာခဏ အရိုက်ခံရ၊ အမာန်ခံရသော ကလေးသည် အလိုလို သိမ်ငယ်ပြီး အညွန့်ကျိုးကာ လူတောမတိုးဖြစ်သွားတတ်သည်။

•

**ကျောင်းပြေးသော ရောဂါကုသနည်း**

အာဇာနည်ခေါင်းဆောင်ကြီးများတွင် တစ်ဦးအပါအဝင်ဖြစ်သော ဆရာကြီး ဦးရာဇတ်သည် နေရာတကာ ကြိမ်သုံးသော ဆရာကြီးမဟုတ်ပေ။ တစ်ခါတွင် ချစ်ထွန်းအမည်ရှိ မူလတန်းကလေးတစ်ယောက် ကျောင်းလာအပ်သည်။ မိဘနှင့် မခွဲဖူးခြင်းကြောင့် တစ်ရက်တွင် ကျောင်းပြေးတော့သည်။ သို့သော် ကလေးဖြစ်သောကြောင့် အိမ်ကိုသာပြန်ခြင်းဖြစ်သည်။ တခြားဘယ်မှ လျှောက်မသွားပေ။

အမှန်က ပြေးလို၍ပြေးခြင်း မဟုတ်။ ကျောင်းထက် အိမ်ကို ခင်တွယ်နေသောကြောင့် လွမ်း၍ ကျောင်းပြေးခြင်းဖြစ်သည်။ အိမ်က ကျောင်းသို့ ချက်ချင်းလာပြန်ပို့ကြသည်။ ဆရာကြီးက ကျောင်းသားငယ်လေးကို ဆုံးမပုံကိုကြည့်ပါ။

"မောင်ချစ်ထွန်း– နောက်တစ်ခါ ကျောင်းပြေးရင် ဆရာကြီးကို ပြောသွား ကြားလား"

"ဟုတ်ကဲ့ပါဆရာကြီး"

ဤမျှသာပါပဲ။ လေးငါးရက်ခန့်ရှိသောအခါ ဆရာကြီးရုံးခန်းထဲသို့ မောင်ချစ်ထွန်း လွယ်အိတ်လေးလွယ်လျက် ဝင်လာသည်။



ပြီးတော့ လက်ပိုက်၍ ဆရာကြီးကိုပြောသည်။

"ဆရာကြီး ကျွန်တော်ကျောင်းပြေးချင်လို့ပါ"

"ဟော... ဟုတ်လား ပြေးရမှာပေါ့၊ နေဦး ဆရာကြီး မြင်းရထား ခေါ်ပေးမယ်"

မြင်းရထား ရောက်လာသောအခါ မောင်ချစ်ထွန်း မြင်သာအောင် သုံးပဲ ထုတ်ပေးလိုက်သည်။ ပြီးတော့ မောင်ချစ်ထွန်း ပိုပျော်သွားအောင် ရပ်ကွက်ကို တစ်ပတ်လှည့်ပြီးမှ အိမ်ပို့ပေးဖို့လည်း မှာလိုက်သည်။ မောင်ချစ်ထွန်းလေး မည်မျှလောက်ပျော်လိုက်မည်နည်း။ ပထမဆုံးရက် ကျောင်းပြေးစဉ်က အိမ်က မိဘများနှင့် အစ်မ၊ အစ်ကိုများက ခေါင်းမဖော်ရဲအောင် ဆူကြသော်လည်း ဆရာကြီးက တစ်ခွန်းမျှမဆူဘဲ သူ့ဘက်က ပါနေသည် မဟုတ်ပါလား။

နောက် လေးငါးရက် ရှိသောအခါတွင်လည်း အိမ်လွမ်းစိတ်က နိုင်သွားသောကြောင့် မောင်ချစ်ထွန်း ဆရာကြီးရုံးခန်းထဲ ကျောင်းပြေးခွင့် သွားတောင်းပြန်သည်။ ဆရာကြီးက တလေးတစားပင်–

"ပြေးရမှာပေါ့ကွာ"

ဟု ပြောပြီး အိတ်ကပ်ထဲမှ ပိုက်ဆံထုတ်လိုက်သောအခါ နှစ်ပြားသာ ထွက်လာသည်။ ဆရာကြီးက မျက်နှာငယ်လေးနှင့်–

"မောင်ချစ်ထွန်းရယ် ဆရာကြီးမှာ နှစ်ပဲပဲရှိတယ်။ မြင်းရထားငှားဖို့ တစ်ပဲလိုနေတယ်ကွ၊ ဒီနေ့တော့ မောင်ချစ်ထွန်း စာသင်လိုက်ပါဦးကွာနော်"

"ဟုတ်ကဲ့ပါဆရာကြီး"

မောင်ချစ်ထွန်းစိတ်ထဲ ဘယ်လိုမှ မနေ၊ ဆရာကြီးခမျာ

ငါ့အတွက် ရထားခ ပိုက်ဆံမပြည့်ရှာလို့ပဲဟု တွေးပြီး သနားပင် နေလိုက်သေး၏။ နောက် လေးငါးရက် ရှိသောအခါ ကျောင်းပြေးချင်သော မောင်ချစ်ထွန်း ဆရာကြီးထံ ရောက်လာပြန်သည်။ မေးမြန်းပြီးသည်နှင့် ဆရာကြီးက အင်္ကျီအိတ်ကပ်ထဲမှ ပိုက်ဆံထုတ်လိုက်ရာမှ တစ်ပဲသာ ပါလာသည်။ ဆရာကြီးက အလျှော့ မပေးသေး။

ဘောင်းဘီအိတ် နှစ်အိတ်ထဲပါ နှိုက်ပြန်သည်။ သို့သော် တစ်ပြားမှ ထွက်မလာတော့။ ဆရာကြီးက မောင်ချစ်ထွန်းလေးကို မျက်နှာငယ်လေးနှင့် တောင်းပန်ပြန်သည်။

''မောင်ချစ်ထွန်းရယ်၊ ဆရာမုန့်ဝယ်စားလိုက်တာ တစ်ပဲပဲ ကျန်တော့တယ်။ နောက်တစ်ကြိမ်မှ ကျောင်းပြေးပါတော့ မောင်ချစ်ထွန်းရယ်''

မောင်ချစ်ထွန်းခမျာ ဆရာကြီးအမူအယာကိုကြည့်ပြီး စိတ်မကောင်း ပင် ဖြစ်သွားကာ အတန်းထဲ ပြန်ဝင်သွားတော့သည်။ ထိုနေ့မှစ၍ မောင်ချစ်ထွန်းတစ်ယောက် ဘယ်သောအခါမှ ကျောင်းမပြေးတော့ပါပေ။

*နူးညံ့သော မှိုပွင့်သည်*
*ခက်မာသော မြေပြင်ကို*
*ဖောက်ထွက်လာနိုင်စွမ်းရှိသည်။*

ဟူသော ဒဿနလေးသည် နူးညံ့ပျော့ပျောင်းစွာ ဆုံးမလျှင်လည်း အောင်မြင်နိုင်သည်ဆိုခြင်းကို ပြောလိုရင်းဖြစ်၏။

စာရေးသူ စာချဘုန်းကြီးဘဝက အတော် အဆုံးမရခက်သော ရှမ်းကိုရင်လေးတစ်ပါးကိုတွေ့ဖူးသည်။ ဝါယမ ဟု ခေါ်သည်။ သူသည် စာကို လုံးလုံးစိတ်မဝင်စား။ အရင် စာချဘုန်း



ကြီးများက ဆဲလည်းဆဲ၏၊ ရိုက်လည်း ရိုက်၏။ သို့သော် မအောင်မြင်။ ဝါယမသည် ပထမငယ်တန်းတွင် နှစ်နှစ်ကျဖြစ်နေ ပြီ။ စာရေးသူ စာချဘုန်းကြီး ဖြစ်လာသောအခါ သူ့ကို ဆဲဆိုခြင်း၊ ရိုက်ခြင်း မပြု။

အပတ်စဉ် စာမေးပွဲဖြေလျှင် သူ့အတွက် သီးသန့် ဆုချသည်က အမှတ် တစ်မှတ်ရလျှင် ငွေတစ်မတ် ပေးခြင်းဖြစ်သည်။ လွန်ခဲ့သော ၂၃ နှစ် (၁၉၈၉) ခန့်က ငွေတစ်မတ်သည် အတော်တန်ဖိုး ရှိသေးသည်။ ထိုအချိန်မှစ၍ အငယ်တန်း ဆယ်ပါးတွင် ဝါယမက စာအကြိုးစားဆုံး ဖြစ်လာသည်။ ဆုချပြီးလျှင်လည်း သူ၏ကြိုးစားအားထုတ်မှုကို အမှန်အတိုင်း သံဃာများရှေ့တွင် ချီးမွမ်းစကား ပြောသည်။

ထိုနှစ်မှာပင် ရှင်ဝါယမ ပထမငယ် အောင်သည်။ သင့်ဘဝ တစ်သက်တာတွင် တပည့်၊ သားသမီး၊ မိတ်ဆွေ၊ အလုပ်သမားများ၏ ကောင်းကွက်ကို ဘယ်နှစ်ကြိမ်ချီးမွမ်းဖူးပါသနည်း။ ''လောက၌ အောင်မြင်မှု မရသူများသည် ကဲ့ရဲ့ဖို့သာ သတိရပြီး ချီးမွမ်းဖို့ မေ့လျော့နေသူများသာ ဖြစ်သည်''ဟူသော ဒဿနစကားလေးကို ဘယ်သောအခါမှ မမေ့ပါနှင့်။ မြတ်မဥ္ဇူ၏ နောက်ဆုံးစာကို ဆက်ဖတ်ကြပါစို့. . .။

•

*ကျေးဇူးရှင်ဆရာတော်ဘုရား*

တပည့်တော် အရှင်ဘုရား ခြေတော်စုံကို ရှိခိုးဦးခိုက်ပြီး လျှောက်ထားပါတယ်ဘုရား။ ပါးစပ်နဲ့လျှောက်ထားရင် မပြည့်စုံမှာ စိုးလို့၊တပည့်တော်မ ပြည့်စုံအောင် မလျှောက်ထားတတ်မှာ၊ အမှားအယွင်းတွေပါမှာစိုးလို့ပါဘုရား။

**ဆရာ့ကျေးရှူး ဆပ်ဖူးချင်သည်**

တပည့်တော်မ အခုလာမယ့် ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး ရွှေပြည်သာမှာ ဆေးခန်းထိုင်မှာပါဘုရား။ တပည့်တော်မကိုယ်တိုင် ဆေးခန်းလေးလုပ်တာ အဓိက–ပိုက်ဆံလိုချင်လို့ မဟုတ်ပါဘူးဘုရား။ အရှင်ဘုရားကိုအကြောင်းပြုပြီး ဆေးခန်းလုပ်ဖို့ ဆုံးဖြတ်လိုက်တာပါဘုရား။ ပိုက်ဆံလိုချင်တဲ့စိတ် အဓိကနဲ့ မဟုတ်ပါဘူးဘုရား။ ရွှေပြည်သာမှာ လုပ်ဖို့ရွေးလိုက်တာက ကျေးဇူးရှင်ဆရာတော်ဘုရားရဲ့မြို့မို့ပါဘုရား။

ပြီးတော့ တပည့်တော်မ ဘွဲ့လွန်ဝင်ခွင့်အတွက် စာမေးပွဲအောင်ပြီးရင် တကယ်လို့ သူများနိုင်ငံမှာ အလုပ်လုပ်ရပြီဆိုရင် ပိုက်ဆံအတွက် အဓိက ပိုဖြစ်ကောင်း ဖြစ်သွားနိုင်ပါတယ်ဘုရား။ အခု တပည့်တော်မဘွဲ့ယူပြီးတာ ရှစ်လလောက်ရှိပြီးတော့ စာပဲဆက်ဖတ်ပြီးနေခဲ့တာပါဘုရား။ အခု တပည့်တော်မ အမှန်လျှောက်ထားရရင် ဆေးခန်းလုပ်ပြီး ဆေးကုဖို့ ဆုံးဖြတ်တာ တပည့်တော်မအတွက်ဆိုတာထက် သူများတွေအတွက် အဓိကပါဘုရား။

နောက်ပြီးတော့ တပည့်တော်မဟာ ဆရာဝန်ဘွဲ့ရကာနီး မနှစ်က အလုပ်သင်ဆရာဝန်ဘဝမှာ တအားဆိုးမိုက်ပြီး လမ်းမှား ရောက်လုဆဲဆဲမှာ အရှင်ဘုရားကျေးဇူးတော်ကြောင့် အမှားအမိုက်ထဲကနေ လွတ်ခဲ့ရလို့ တပည့်တော်မရဲ့ ဆရာဝန်ဘွဲ့ဟာလည်း ကျေးဇူးရှင်ဆရာတော်ကျေးဇူးကြောင့် ရခဲ့တာဆိုရင်လည်း မမှားပါဘူးဘုရား။ ကျေးဇူးရှင်ဆရာတော်ဘုရားကို တပည့်တော်မ ပညာနဲ့ကျေးဇူးဆပ်တဲ့အနေနဲ့ တပည့်တော်မဆေးခန်းကို ရွှေပြည်သာမှာဖွင့်ပြီး ဆရာတော့်ကိုယ်စား သံဃာမှန်သမျှ



သီလရှင် မှန်သမျှနဲ့ သိပ်ဆင်းရဲသူမှန်သမျှ တပည့်တော်မ အလုံးစုံ အခမဲ့ကုသပေးမှာပါဘုရား။ တပည့်တော်မ အသက်ရှင်နေသမျှလည်း အခမဲ့ကုသပေးမှာပါ ဘုရား။

သိပ်မဆင်းရဲတဲ့သူတွေကိုတော့ ပိုက်ဆံယူပါမယ်ဘုရား။ ပိုက်ဆံယူမှာကလည်း တပည့်တော် သုံးစွဲချင်လို့ မဟုတ်ပါဘူးဘုရား။ ဆရာတော်ဘုရားကို အမေပေးတဲ့မုန့်ဖိုးနဲ့ နဝကမ္မလှူဒါန်းပူဇော်တဲ့အပြင် တပည့်တော်မကိုယ်တိုင်ရှာတဲ့ပိုက်ဆံနဲ့လည်း ထပ်ပြီးလှူဒါန်းပူဇော်ချင်လို့ပါဘုရား။ တပည့်တော်မအခုအသက်အရွယ်အထိ တစ်ခါမှ ကိုယ်တိုင်ပိုက်ဆံမရှာဖူးပါဘူးဘုရား။

ကျောင်းမပြီးခင်ကတော့ ဆယ်တန်းကျောင်းသားတွေကို စာကျက်ဖို့ ဂိုက်(Guide) လုပ်ပေးလို့ လခယူပြီးတော့ လုပ်ပေးတော့ အဲဒီတစ်ကြိမ်ပဲ ကိုယ်တိုင်ပိုက်ဆံ ရဖူးတာပါဘုရား။ ဒါပေမဲ့ တပည့်တော်မ ကိုယ်တိုင်က ဆိုးခဲ့တော့ တပည့်တော်မရဲ့ ကျောင်းသားတွေလည်း မလိမ္မာခဲ့ပါဘူးဘုရား။ တပည့်တော်မ ကိုယ်တိုင် ဆေးကုပြီး ရှာရတဲ့ပိုက်ဆံနဲ့ ကျေးဇူးရှင်ဆရာတော်ကို ထပ်ပြီးပူဇော်ကျေးဇူးဆပ်ချင်လို့ပါဘုရား။

အခု မုန့်ဖိုးနဲ့ လှူတာထက် ပိုပြီးလှူနိုင်ချင်လို့ပါဘုရား။ မုန့်ဖိုးနဲ့လှူတဲ့ နဝကမ္မလိုတော့ တစ်လကို တစ်သိန်းလို့ တိတိကျကျတော့ ဖြစ်ချင်မှဖြစ်မှာပါဘုရား။ ဒါပေမဲ့ နောက်လတွေမှာ တပည့်တော်မ ပုံမှန်နဝကမ္မဆက်ကပ်တဲ့အခါ ပုံမှန်တစ်သိန်းကနေ အစွန်းထွက်တဲ့ပိုက်ဆံဟာ တပည့်တော်မ ကိုယ်တိုင်ရှာဖွေတာပါလို့ မှတ်ယူတော်မူပါဘုရား။ တပည့်တော်မ ဆေးခန်းမှာ ပူဇော်ထားဖို့ အရှင်ဘုရားရဲ့ ပုံတော်ကို ကြီးကြီးလေး ကူးထားပါတယ်ဘုရား။

တပည့်တော်မ ဆေးခန်းက နံပါတ် ၁၈၆၊ ဗိုလ်ချုပ်လမ်းမ ပေါ်မှာပါ ဘုရား။ ခေါင်သုံးလုံးမှတ်တိုင်ကနေ ရှေ့နည်းနည်း ဆက်သွားရပါတယ်ဘုရား။ တပည့်တော် အတတ်နိုင်ဆုံးတော့ ဆေးခန်းကိုပြည့်စုံအောင် ကြိုးစားထားပါတယ်ဘုရား။ အောက် ဆီဂျင်စက်နဲ့ ရင်သိပ်ကျပ်ရင် ချက်ချင်း အသက်ရှူချောင်အောင် ကူညီနိုင်မယ့် ဆေးရှူတဲ့စက်ကလေးတွေပါ ထားပေးမှာပါ ဘုရား။ အခုဆေးခန်းကို ပြင်ဆင်တုန်းပါဘုရား။

ရှေ့လ ဒီဇင်ဘာ ၁ ရက်နေ့မှာ စဖွင့်ဖို့ လုပ်ထားပါတယ် ဘုရား။ တပည့်တော် တချို့ဆေးခန်းလုပ်နေတဲ့ အသိတွေကို မေး ကြည့်တော့ တချို့ဆရာဝန်တွေက သီလရှင်တွေကို ပိုက်ဆံ ယူပုံရပါတယ်ဘုရား။ ရဟန်း၊ သံဃာတော်တွေကိုတော့ တချို့က မယူဘူး။ တချို့က စတိဆေးဖိုးယူကြတယ်လို့ ပြောကြပါတယ် ဘုရား။ တပည့်တော်မက ရဟန်းသံဃာတော်တွေကိုရော၊ သီလ ရှင်တွေကိုရော၊ တအားဆင်းရဲတဲ့သူတွေကိုရော လုံးလုံးအရှင်း ဘာမှမယူဘဲနဲ့ ကုပေးမှာ၊ လှူဒါန်းမှာပါဘုရား။

အဲလို ကုပေးချင်လို့၊ လှူဒါန်းချင်လို့ အဓိက ဒီဆေးခန်းလေး ကို ဖွင့်မှာပါဘုရား။ တပည့်တော်မရဲ့ ကျေးဇူးရှင် ဆရာတော် ဘုရားကို တပည့်တော်မ ဒီလိုကောင်းတဲ့စိတ်နဲ့လုပ်မဲ့ အလုပ်နဲ့ တတ်နိုင်သမျှ ကျေးဇူးဆပ် ပူဇော်ပါတယ်လို့ မှတ်ယူတော်မူပါ ဘုရား။ တကယ်ကို ကျေးဇူးရှင် အရှင်ဘုရားကို အကြောင်းပြုပြီး ဒီရွှေပြည်သာမှာ ဆေးခန်းဖွင့်ဖို့ ဆုံးဖြတ်တာပါဘုရား။ မော်ဘီမှာ ဖွင့်ဖို့ကျတော့ မလွယ်ပါဘူးဘုရား။ ဝေးလို့ပါဘုရား။

ပြီးတော့ အခုအချိန်မှာ အရှင်ဘုရား အမြဲရှိမနေပေမယ့် ရွှေပြည်သာက အရှင်ဘုရားရဲ့ မြို့မို့လို့ပါဘုရား။ တပည့်တော်မ



ဆရာတော်ဘုရားကို တယ်လီဖုန်းထဲမှာ မလျှောက်ထားလိုက် တာက ဘယ်လို စလျှောက်ထားရမှန်း မသိလို့ပါဘုရား။ အဲဒီနေ့ ကစပြီး ဆေးခန်းအတွက် စီစဉ်ခဲ့တာပါဘုရား။

ကျေးဇူးရှင် ဆရာတော်ဘုရား တပည့်တော်မကို လူကြား မကောင်းအောင် ဆိုးမိုက်ခဲ့တာတွေအတွက် မေတ္တာ၊ ကရုဏာ မလျှော့ဘဲ ဆက်ပြီး မေတ္တာ၊ ကရုဏာထားတာ၊ မစွန့်ပစ်ဘဲ ဆက်ပြီး မေတ္တာကရုဏာထားတာ၊ ရက်အကြာကြီး မကြားရဘဲ နေပြီးမှ အရှင်ဘုရားအသံတော်ကို ကြားရတာ တပည့်တော် အတွက် အဖေရဲ့အသံကို ကြားရသလို တပည့်တော်မရဲ့ ခွန်အား ပါဘုရား။ ဘာစကားလုံးနဲ့မှ ပြည့်စုံအောင် လျှောက်ထားလို့ မရတဲ့ခွန်အားပါဘုရား။

တပည့်တော်မရဲ့ကျေးဇူးရှင်ဆရာတော်ဘုရား။ တပည့်တော် အရှင်ဘုရား ဆုံးမတော်မူတဲ့အတိုင်း တပည့်တော် အတတ်နိုင်ဆုံး လိမ္မာဖို့ကြိုးစားပါတယ်ဘုရား။ အရင်တုန်းက တစ်ခါမှ မလုပ်တဲ့၊ စဉ်းတောင်မစဉ်းစားတဲ့ ကိစ္စမျိုးကြုံလာရင်လည်း ပျော်ပျော်ရွှင် ရွှင် ကျေကျေနပ်နပ် လုပ်ပါတယ် ဘုရား။

တပည့်တော်မတို့ တိုက်လှေကားမှာ သူများ အီးပါသွားတာ တပည့်တော်မ ကျုံးပါတယ်ဘုရား။ တပည့်တော်မ အခန်းရှေ့မှာ မဟုတ်ပေမယ့် အဲဒီအခန်းပိုင်ရှင်က မကျုံးတော့၊ မသန့်ရှင်း တော့ လှေကားတစ်ခုလုံး နံနေတာ ဘယ်သူမှလည်း မလုပ်ပါဘူး ဘုရား။ ဆဲပဲ ဆဲဆိုနေကြပါတယ်ဘုရား။ တပည့်တော်မလည်း အရင်တုန်းကဆိုရင် အပြစ်တင် ဆဲဆိုမိမှာပါဘုရား။

ဒါပေမဲ့ အရှင်ဘုရားစာအုပ်ထဲမှာ သဘောပေါ်မှာ အိမ်သာ ဆေးပေးခဲ့တာ သတိရလိုက်တာနဲ့ တပည့်တော်မ ချက်ချင်း

သေသေချာချာကျုံးပြီး တပည့်တော်မနဲ့ မလဲ့ဆွေနဲ့ လေ့ကား တစ်ခုလုံးကို ဘာအနံ့မှ မရအောင် ဆပ်ပြာရေနဲ့ သန့်ရှင်းရေး လုပ်ပေးပါတယ်ဘုရား။ သူများ တက်အီးပါသွားတာ အပေါ်ဆုံး ထပ်နားမှာဆိုတော့ အောက်ဆုံးမြေညီထပ်အထိ အကုန်လုံး သန့်ရှင်းရေး လုပ်ပေးပါတယ်ဘုရား။

မြေညီထပ်မှန့်ဆိုင်က အရှင်ဘုရားဆီ တပည့်တော်မ ခေါ် လာဖူးတဲ့ အန်တီကြီးတွေကရော တပည့်တော်မကို ပြောပါ တယ်ဘုရား။ **“မေတ္တာရှင်ဆရာတော် တပည့်ဆိုတာ အလုပ် နဲ့သက်သေပြတယ်”**တဲ့။ “အီးကျုံးတဲ့ဆရာဝန်မလေးက နောက်ဘဝ ဒီထက်လှမှာတဲ့ဘုရား” တပည့်တော်မ နောက်ဘဝ လှချင်လို့လည်း မဟုတ်ပါဘူးဘုရား။

တပည့်တော်မ ဆရာဝန်မှန်း၊ ဆိုးခဲ့ဖူးမှန်းလည်း အကုန် လုံးသိတော့ သူများအခန်းတွေက -တအံ့တဩလည်း ကြည့်ပါ တယ်ဘုရား။ ဆရာဝန်မလေး ဘောင်းဘီတိုလေးနဲ့ အီးကျုံးတဲ့ ကုလားလုပ်နေတဲ့ပုံစံကို ဓာတ်ပုံရိုက်ထားဖို့ ကောင်းတယ်လို့ လည်း စ-တဲ့သူက စ-ပါတယ်ဘုရား။ တပည့်တော် ဒါပေမဲ့ လုံးဝမရှက်ပါဘူးဘုရား။ ကျေကျေနပ်နပ်လည်း လုပ်ခဲ့တာပါ ဘုရား။ တအားကို နံစော်လွန်းလို့ လက်အိတ်နဲ့ နှာခေါင်းစည်း နဲ့တော့ ဝတ်ထားရပါတယ်ဘုရား။

အရှင်ဘုရား တပည့်ပီသတယ်လို့ အပြောခံရတာကိုလည်း တပည့်တော်မ သိပ်ပျော်ပါတယ်ဘုရား။ လူတော်တော်များများ က အရှင်ဘုရား မနှစ်က မရမ်းချောင်းမှာ ရိုက်ထားတဲ့အခွေ ထဲမှာ ဘုန်းဘုန်းလက်ကို အဘကြီးတစ်ယောက် သူ့လက်နဲ့ ကိုင်ပြီး ပွတ်နေတာကို မြင်ရတာ ကြက်သီးထပြီး ယားချင်လာ



တယ်လို့ ပြောကြပါတယ်ဘုရား။

ကျေးဇူးရှင် ဆရာတော်ဘုရား တပည့်တော်မ စာအများကြီး ဖြစ်သွားမှာစိုးလို့ ဒီမှာပဲရပ်ပါတော့မယ်ဘုရား။ အဓိက လျှောက် ထားချင်တာက တပည့်တော်မရဲ့ဆေးခန်းအကြောင်းပါဘုရား။ ပြီးတော့ ဆရာတော်ဘုရား အသံတော်ကြားရတဲ့အတွက် တပည့် တော်မ ဘယ်လိုစကားလုံးနဲ့မှ ပြည့်စုံအောင် မလျှောက်ထား တတ်တဲ့ ခွန်အားနဲ့ စိတ်လုံခြုံမှုကိုပါဘုရား။

ဒါပေမဲ့ တပည့်တော် နည်းနည်းတော့ ကြောက်တဲ့စိတ်၊ သိမ်ငယ်တဲ့စိတ် ရှိပါသေးတယ်ဘုရား။ တပည့်တော်မရဲ့ ကျေးဇူး ရှင်ဆရာတော်ဘုရား ကိုယ်ရောစိတ်ရော ကျန်းမာချမ်းသာတော် မူပါစေလို့ တပည့်တော် ဆုတောင်းပါတယ်ဘုရား။ တပည့်တော် အရှင်ဘုရား ခြေတော်အစုံကို ဦးခိုက်ပြီး ရှိသေမြတ်နိုးရှိခိုး ကန်တော့ပါတယ်ဘုရား။ တပည့်တော်မ ဘွဲ့လွန်ဝင်ခွင့် စာမေးပွဲ အတွက် စာဖတ်နေရသေးလို့ ဆေးခန်းကိုတော့ ညနေပိုင်းနဲ့ ညဦးပိုင်းပဲ ထိုင်နိုင်မှာပါဘုရား။ စာမေးပွဲက စာတော်တော်ခက် လို့ပါဘုရား။ တပည့်တော်မ လုပ်မဲ့ကောင်းတဲ့ဆေးခန်းအလုပ် လေးကို ဆရာတော်ဘုရား သာဓု ခေါ်ရင် တပည့်တော်မ တအား ပျော်မှာပါ ဘုရား။ လုပ်ရကျိုးနပ်မှာပါဘုရား။

တပည့်မ

ဒေါက်တာမြတ်မဋ္ဌု

•

## ထုထည်အကြီးဆုံး ကိလေသာသုံးပါး

ကိလေသာဆယ်ပါးတွင် ထုထည်အကြီးဆုံး ကိလေသာသုံးပါးရှိ၏။ ယင်းတို့ကား လောဘ၊ မောဟ၊ မာနတို့ပင် ဖြစ်၏။ ရဟန္တာဖြစ်မှသာ ထိုကိလေသာသုံးပါး အမြစ် ပြတ်သည်။ ထိုသုံးပါးတွင် မာနကိလေသာသည် အလွန်သိမ်မွေ့၏။ တစ်ခါတစ်ရံ မိမိမှာ ဖြစ်နေတာကိုပင်လျှင် ဖြစ်နေမှန်း မသိချေ။ တစ်နာရီ မပြင်ဘဲ တရားထိုင်နိုင်သောသူသည် တစ်နာရီအတွင်း ပြင်သောသူကို အထင်သေးတတ်သည်။

နှစ်နာရီထိုင်နိုင်သူသည် တစ်နာရီသာထိုင်နိုင်သူကို အထင်သေးတတ်သည်။ သူတစ်ပါးကို အထင်သေးခြင်းသည် မိမိကိုယ်ကို အထင်ကြီးသောကြောင့်ပင်ဖြစ်၏။ မိမိကိုယ်ကို အထင်ကြီးခြင်းသည် မာနကိလေသာပင်ဖြစ်၏။ ကိလေသာကို ပယ်သတ်ဖို့ တရားထိုင်ရာ၌ပင် ထိုမာနက ဝင်ရှုပ်တတ်သေးရာ ကျန် စီးပွားရေး၊ လူမှုရေး ကိစ္စများတွင် ဆိုဘွယ်ရာမရှိတော့ချေ။



မာနသည် ထောင်လွှားတက်ကြွခြင်း သဘော
ရှိသော်လည်း သူ့ကို လက်ခံထားသူအား
အယုတ်နိမ့်ဆုံးသောဘဝသို့ ပို့ပေးတတ်သည်။
ဂါရဝ နိဝါတသည် နိမ့်ကျခြင်းသဘော ရှိသော်လည်း
သူ့ကို လက်ခံထားသူအား မြင့်မြတ်သော
ဘဝသို့ ပို့ဆောင်ပေးတတ်သည်။

မိုတ်တုတ် မိုတ်တုတ် ကြယ်တာရာများ၏ ကြားတွင် တစ်လောကလုံးကို ထွန်းလင်းအေးမြစေသော လမင်းကြီးသည် ထင်ရှားသကဲ့သို့ မာနကြီးသူများသော လူသားတို့ကြားတွင် မာနကင်းသူ သူတော်ကောင်းများသည် အလိုလို ထင်ရှားကျော်ကြားတတ်၏။ မာနကြီးစရာ များစွာရှိပါလျက် မာနမကြီးသူများကား ပို၍ပင်လေးစားစရာကောင်း၏။

တိပိဋကဆရာတော်(၁၂)ပါးထဲတွင် မင်းကွန်းတိပိဋကဆရာတော်ကြီးကား မာနအကင်းဆုံး ဆရာတော်ကြီးပင်ဖြစ်၏။ ကမ္ဘာ့ဂင်းနစ်စံချိန်စာအုပ်ကြီးထဲတွင် ကမ္ဘာ့ဉာဏ်ပညာ အကြီးဆုံး လူသားအဖြစ် မှတ်တမ်းတင် ခံရခြင်း၊ ဓမ္မဘဏ္ဍာဂါရိက–တရားဘဏ္ဍာစိုးဟူသော ဘွဲ့ထူးကို ပထမဆုံး ရရှိခြင်း၊ တိပိဋကဘွဲ့ထူးကို ကမ္ဘာတွင် ပထမဆုံး ဆွတ်ခူးနိုင်ခြင်း၊ နိုင်ငံတော် သံဃာ့မဟာနာယက အကျိုးတော်ဆောင်ဖြစ်ခြင်း၊ နိုင်ငံကျော် ဓမ္မကထိက ဖြစ်ခြင်း။

ရန်ကုန်၊ မန္တလေးနိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများကို ဦးဆောင်တည်ထောင်တော်မူခြင်း၊ တစ်ခုတည်းသော တိပိဋကစာသင်တိုက်ကြီးကို တည်ထောင်ပြီး တိပိဋကဆရာတော်များကို မွေးထုတ်ပေးတော်မူခြင်း စသော မာနတက်

စရာ ဂုဏ်ထူးဝိသေသများစွာ ရှိပါသော်လည်း မိမိထက် တစ်ဝါသာ ကြီးသော ဆရာတော်များရှေ့မှာပင် ကျုံ့ကျုံ့ထိုင်၍ အမြဲလက်အုပ်ချီထားကာ မာနကို လက်တွေ့ပယ်သတ်တော်မူခဲ့သည်။

ကိုရင်လေးများစာဝါသွားတက်ရာ၌ ဘယ်စာဝါတက်ကြတာလဲဘုရား ဟု မေးရာ၌ပင် လက်အုပ်ချီပြီးမေးသည်။ ဘေးမှဆရာတော်တစ်ပါးက ကိုရင်လေးတွေမေးတာပဲ ဘာကြောင့်လက်အုပ်ချီရတာလဲမေးရာ– ကိုရင်လေးတွေ ဖြစ်သော်လည်း သူတို့ သင်အံလေ့ကျက်နေကြတာက ဘုရားတရားတော်တွေပါ။ တရားတော်ကို လေးစားတဲ့အနေနဲ့ လက်အုပ်ချီတာဟု ပြန်လည် အမိန့်ရှိတော်မူသည်။

တစ်ခါကလည်း မန္တလေးမြို့မှ ညတရားပွဲ လာလျှောက်သည်။ စီစဉ်ပုံမှာ ဆရာတော်ကြီးက မင်းကွန်းဘက်မှ စက်လှေနှင့် မန္တလေးဆိပ်ကမ်းဘက်သို့ ကူးခဲ့ရမည်။ တရားပွဲ အကျိုးဆောင်များက ဆိပ်ကမ်းမှကားဖြင့် ကြိုမည် ဟူ၍ ဖြစ်သည်။ ဖြစ်ချင်တော့ ကားကြိုချင်သော သူဌေးဒကာတွေက အများကြီးဖြစ်နေသဖြင့် အားလုံး စုပေါင်းပြီး ကြိုကြပါဟူ၍ အကျိုးဆောင်များက ပြောထားလိုက်သည်။

ထိုသို့ပြောထားသည်မှာ တရားပွဲရက်နှင့် ဝေးနေသေးသည်။ ထို့ကြောင့် တကယ်တရားပွဲရက် ရောက်သောအခါ တချို့ ကားအလှူရှင်က မေ့သွားသည်။ တချို့ကားအလှူရှင်က ပေါ့သွားသည်။ ငါ့ကိုသီးသန့် တာဝန်ပေးတာ မှတ်လို့၊ ငါမသွားလည်း တခြားလူ သွားပါလိမ့်မယ်လေဟု တွေးပြီး သွားမကြိုကြ။ ထိုပျင်းရိသော အတွေးက ကားအလှူရှင်အားလုံး စိတ်ထဲ ရောက်သွားသောအခါ မည်သူမှ လာမကြိုကြတော့။



ဆရာတော် ဘာလုပ်သည် ထင်ပါသနည်း။ ဆိုက်ကားငှားပြီး ကြွသွားလိုက်သည်။ ကြီးမားလိုက်သည့် မေတ္တာစာတ်ကစာဖွဲ့လို့ မမီနိုင်။ ဆရာတော် ဆိုက်ကားစီး ကြွလာတာတွေ့လျှင်တရားပွဲအကျိုးဆောင်များနှင့် ဒကာ၊ ဒကာမများစိတ်မချမ်းသာဖြစ်မှာစိုးရိမ်သောကြောင့် ဆိုက်ကားကို အမှောင်တွင်းမှာ ရပ်ခိုင်းပြီး တရားဟောကြားတော်မူခဲ့သည်။ အပြန်တွင်လည်း အမှောင်ထဲမှ ဆိုက်ကားဖြင့်သာ ကြွသွားကြောင်း သိရပေသည်။ မည်မျှမာနကင်းလိုက်ပါသနည်း။

## မာနအကြီးဆုံး ကိုယ်တော်

စာသင်တိုက်တစ်တိုက်မှ အသက်ငယ်ငယ်နှင့် ဘွဲ့ရသပြီးသော ဆရာတော်တစ်ပါးကား အလွန်မာနကြီး၏။ သူ့လောက်တော်သူ၊ တတ်သူ၊ လောကမှာ မရှိဟု ယူဆထားဟန်တူ၏။ စာသင်သားကို ဆုံးမသောအခါ ခြေထောက်နှင့် ကန်တတ်၏။ တစ်ခါတွင်လည်း သူ့ထက်ဝါကြီးသော စာသင်သားတစ်ပါးကို ဖိနပ်ဖြင့် ပါးကိုရိုက်သောကြောင့် ပြဿနာဖြစ်ပြီး ပဓါန နာယက ဆရာတော်ကြီးကိုယ်တိုင် ရှင်းပေးခဲ့ရသည်။ မိမိကိုယ် မိမိ သိပ်တော်တယ်၊ သိပ်တတ်တယ်၊ သိပ်ချမ်းသာတယ်၊ သိပ်ရာထူးကြီးတယ် လို့ ထင်ရင် အထက်ကို မော့ကြည့်လိုက်ပါ။ မိမိကိုယ်မိမိသိပ်ညံ့တယ်၊ သိပ်ဆင်းရဲတယ်။ သိပ်အောက်ကျတယ် ထင်ရင် အောက်ကိုငုံ့ကြည့်လိုက်ပါ ဟု မိန့်တော်မူခဲ့သော မင်းကွန်းဆရာတော်၏ဩဝါဒလေးမှာ မှတ်သား လိုက်နာဖို့ ကောင်းလှ၏။

၁၉၉၂ ခုနှစ်ခန့်က စာရေးသူသည် တောင်တွင်းကြီးမြို့နယ် ဆည်ကြီးရွာတွင် ဝတ်ဆောက်တည်ကြွဖူးသည်။ ဝတ် ဆောက်

တည်ခြင်းမှာ ရဟန်းများအတွက် သင့်ရောက်သည့်ဒုတိယအကြီးဆုံး အာပတ်ကို ကုစားခြင်းဖြစ်သည်။ ထိုအာပတ်သည် (၁၃) မျိုးရှိသည်။ အကျယ်သိလိုပါက အရှင်ဇနကာဘိဝံသ ရေးသားသော ဘုရားဥပဒေတော်ကြီး စာအုပ်တွင်ဖတ်ပါ၊ ကျောင်းထိုင်ဆရာတော်များချည်းအပါး(၇၀)လောက်ရှိမည်ဟု ခန့်မှန်းမိသည်။

နေရေးစားရေး အဆင်ပြေသော်လည်း သန့်ရှင်းရေး သိပ်အဆင်မပြေ ဟု ဆိုရမည်၊ ကုဋီအိမ်သာများတွင် ရေပြတ်ပြတ်နေခြင်း ဖြစ်သည်။ ကုဋီ ငါးလုံးခန့် ရှိရာတွင် သုံးလုံးလောက်က ရေမရှိတတ်။ ထိုအခါ ဆရာတော်အချို့က အပြစ်မြင် ရေရွတ်ကြသည်။ စာရေးသူကား ငါ့အတွက် ကုသိုလ်ရဖို့ အခွင့်အလမ်းပဲဟု တွေးပြီး နေ့စဉ်ကုဋီတွေထဲ ရေဆွဲဖြည့်သည်။

ထိုဝတ်ပွဲသည် နတ်တော်လဆန်း ၁ ရက်နေ့မှ နတ်တော်လပြည့်ထိ ယနေ့တိုင်အောင်ကျင်းပလျက်ရှိသည်။ ကုဋီ ရေပြတ်တာကို မြင်တာချင်း တူသော်လည်း ဝတ်ပွဲလုပ်ပြီး ကုဋီရေလေးတောင် ပြည့်စုံအောင် လုပ်မပေးဘူးဟု မကောင်းမြင်ဝါဒ ရှိသူများမှာ အကုသိုလ်ဖြစ်ရသည်။ ကိုယ်ရေဖြည့်တော့ ကိုယ်ကုသိုလ်ရတာပေါ့ဟု အကောင်းမြင်ဝါဒရှိသော စာရေးသူမှာကား ကုသိုလ်ဖြစ်ရသည်။

ထို့ကြောင့် ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်တွင် ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် အကောင်းမြင်ဝါဒ၊ အကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံး အကြောင်းသည် မကောင်းမြင်ဝါဒဟု ဟောခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ရေပြတ်ခြင်းသည် ဝတ်ပွဲစီစဉ်သော ဆရာတော်၏ အပြစ်မဟုတ်၊ တာဝန်ယူထားသော ဝေယျာဝစ္စဒကာအချို့၏ စိတ်မထက်သန်မှုကြောင့်သာဖြစ်သည်။



မည်သည့်ကုသိုလ်အလုပ်ကို လုပ်သည်ဖြစ်စေ၊ တချို့က ဝတ်ကျေတန်းကျေသာလုပ်သည်။ တချို့က စိတ်ပါလက်ပါ လုပ်သည်။ ဝတ်ကျေ တန်းကျေလုပ်သူတွင် ဉာဏ်မပါ၊ သူတစ်ပါး တိုက်တွန်းလို့ လုပ်ရခြင်းဖြစ်သည်။ စိတ်ပါလက်ပါ လုပ်သူကား ဉာဏ်ပါသည်။ လုပ်ချင်စိတ်ရှိလို့ကို လုပ်ခြင်းဖြစ်သည်။ ကုသိုလ်ခြင်းတူသောကြောင့် နောင်ဘဝတွင် ချမ်းသာတာခြင်းလည်း တူပါ၏။ သို့သော် ကုသိုလ်ကို ဝတ်ကျေတန်းကျေ လုပ်ခဲ့သူများသည် ဉာဏ်ထိုင်းသည်။

## ချမ်းသာပြီး ဉာဏ်ကောင်းချင်ရင်

အကြောင်းတရား ကုသိုလ်ပြုစဉ်ကတည်းက ဉာဏ်မပါခဲ့သောကြောင့် ဖြစ်သည်။ စိတ်ပါလက်ပါ ကုသိုလ်ပြုသူများကား ချမ်းလည်းချမ်းသာ ဉာဏ်လည်းကောင်းသည်။ အကြောင်းတရား ကုသိုလ်ပြုစဉ်ကတည်းက ဉာဏ်ပါခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ကုသိုလ်မျိုးကိုလုပ်လုပ်၊ စိတ်ပါလက်ပါဖြင့် အကောင်းဆုံး လုပ်သင့်သည်။ ဝတ်ပွဲကြီး ပြီးဆုံးသွားသောအခါ အကြီးဆုံးဆရာတော်ကြီးပေးသော ဩဝါဒက တစ်သက်မမေ့ရက်စရာမရှိ –

ကြွလာကြတဲ့ ဆရာတော်တွေအားလုံးဟာ
ဗိုလ်တွေချည်းပဲ၊ တပည့်နောက်လိုက် မပါဘူး။
ဘာကြောင့်လဲဆိုတော့ ကျောင်းထိုင်ဘုန်းကြီး
ချည်း ဖြစ်နေလို့ပါပဲ။

စကားတစ်ခု ရှိတယ်၊ ကျောင်းသားကြီး
လာရင် ကိုရင်ကို မရှိသေဘူး၊ ကိုရင်ကြီးလာရင်

> ဦးပဉ္ဇင်းကို မရှိသေဘူး၊ ဦးပဉ္ဇင်း ကြီးလာရင် ဘုန်းကြီး(ကျောင်းထိုင်)ကို မရှိသေဘူး။ ဘုန်းကြီး ကြီးလာရင် ဘုရားကို မရှိသေဘူး ဆိုတာပါပဲ။ အရှင်ဘုရားတို့ ဘုန်းကြီးဖြစ်လာပြီ ဘုရားကို ရှိသေကြပါ။ ဘုရားကို ရှိသေရင် ဘုရားရဲ့စကားကို နားထောင်ပါ။

ဘုရားက မာနနဲ့တကွ ကိလေသာဆယ်ပါးကို ပယ်သတ်ဖို့ ဟောခဲ့တယ်။ မာနကိလေသာကို ပထမဆုံး သူတစ်ပါး မလုပ်ချင်တဲ့ ဝေယျာဝစ္စကိုလုပ်ပြီး တစ်ဒင်္ဂပယ်သတ်နိုင်အောင် ကြိုးစားကြပါ။ နောက်တစ်ဆင့်ကျမှ ဝိပဿနာ ပွားပြီး မဂ်နဲ့ပယ်သတ်ကြပါ။ အရှင်ဘုရားတို့ တပည့်တော်တို့ဟာ ဒီလောကကြီးကို မိမိအတွက်ချည်း အသုံးချခဲ့တာ ဘဝပေါင်း မရေမတွက်နိုင်တော့ပါဘူး။ ဒီဘဝက စပြီး မိမိကိုယ်ကို လောကအတွက် အသုံးချလိုက်စမ်းပါ။

နိဗ္ဗာန်ဆိုတာ မိမိကိုယ်ကို လောကအတွက် အသုံးချသူတွေ ရောက်ရတဲ့နေရာပါ။ ဝေယျာဝစ္စ လုပ်တယ်ဆိုတာ ဒီခန္ဓာကိုယ်ကို တပ်မက်တဲ့လောဘနဲ့ ထောင်လွှားတဲ့ မာနကို တစ်ဒင်္ဂပယ်သတ်ခြင်းတစ်မျိုးပဲ။ ကြွလာတဲ့ သံဃာတော်တွေထဲမှာ အရှင်ဇဝနဟာ ဝါတော်အငယ်ဆုံးဖြစ်သလို မသန်စွမ်းသူ တစ်ယောက်လည်းဖြစ်တယ်။ ဒါပေမဲ့ ကုဋိတွေ နေ့စဉ်ရေဖြည့်နေတာ သူတစ်ပါးတည်းပဲ။ တပည့်တော်တောင် အားကျပြီးဝင်လုပ်ချင်တယ်။ အသက်က တအားကြီးသွားလို့။ နောက်ဘဝကို အသာထား။ ဒီကိုယ်တော်လေးဟာ ဒီဘဝမှာတင် သူတစ်ပါးနဲ့ မတူအောင် ကောင်းကျိုးချမ်းသာတွေရပြီး ထင်ရှားလိမ့်မယ်။ ဘာ



ကြောင့်လဲဆိုတော့ သူတစ်ပါးမလုပ်ချင်တဲ့ ဝေယျာဝစ္စလုပ်သူများဟာ သူတစ်ပါးမရတဲ့ ကောင်းကျိုးတွေရတဲ့အတွက်ကြောင့်ပဲ။

စာရေးသူကို သိန်းပေါင်းများစွာလှူပြီး ပူဇော်သူတွေ ရှိပါသည်။ သို့သော် သူတော်ကောင်းဟူသည် ပစ္စည်းဖြင့် ပူဇော်ခြင်းထက် ဓမ္မ(အကျင့်)ဖြင့် ပူဇော်သည်ကိုသာ နှစ်သက်တတ်သည်မှာ ဓမ္မတာ မဟုတ်ပါလား။ မြတ်မဥ္ဇူသည် မာနအကြီးဆုံးဘဝမှ သူတစ်ပါး ယိုချထားသော မစင်ကို ကျုံးပေးခြင်းဖြင့် မာနအသေးဆုံးဘဝသို့ ရောက်ခဲ့ရလေပြီ။ ဤသည်ကား စာရေးသူကို မြတ်မဥ္ဇူက ဓမ္မဖြင့် ပူဇော်ခြင်းပင်ဖြစ်၏။

တစ်ခါက မြတ်စွာဘုရားသည် ဝါကျွတ်သည်နှင့် အဂ္ဂသာဝက နှစ်ပါးကိုသာ ချန်ထားပြီး ဒက္ခိဏာဂီရိသို့ ကြွသွားရန် ပြင်ဆင်၏။ ကောသလမင်း၊ အနာထပိဏ်၊ ဝိသာခါ စသောသူတို့က တားမြစ်ရာ လက်မခံဘဲ ကြွသွားတော်မူသည်။ အနာထပိဏ်သူဌေးကြီး မှိုင်တွေချနေရာမှ တစ်ဆင့် ကျွန်မလေး ပုဏ္ဏာက သူ ရအောင်ပင့်မည်ဟု ဆိုကာ နောက်ကလိုက်၏။ လမ်းတွင် တွေ့သောအခါ သူတော်ကောင်းတို့ကြိုက်သော ဓမ္မဖြင့် ပူဇော်ပြီး ပင့်သောကြောင့် မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ပြန်ကြွသည်။

မည်သို့ ပူဇော်ခြင်းနည်း– အစေခံမလေး လျှောက်ထားသည်က သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်ချင်ပါသဖြင့် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူပါဘုရားဟု လျှောက်ထားခြင်းဖြစ်သည်။ သရဏဂုံ တည်မြဲခြင်း၊ ငါးပါးသီလလုံအောင် စောင့်ခြင်းသည် အိမ်မှာနေရင်း ဘုရားရှင်ကို ပူဇော်ရာရောက်နေပြီ မဟုတ်ပါလော။ မင်းများ၊ သူဌေးများက ပစ္စည်း

လေးပါးဖြင့် မည်မျှလောက်ပူဇော်မည်ဟု လျှောက်လျှောက် ပြန်မကြွသော ဘုရားရှင်သည် အစေခံမက သရဏဂုံနှင့် ငါးပါး သီလဆောက်တည်မည်ဟု လျှောက်သောအခါမှ ပြန်ကြွခြင်း သည် ဓမ္မဖြင့်ပူဇော်သည်ကို နှစ်သက်သောကြောင့်ပင်ဖြစ်၏။ မြတ်မဥ္ဇူ၏ သူငယ်ချင်းမ ရေးသားသော နောက်ဆုံးစာကို ဖတ် ကြည့်ကြပါဦးစို့ . . ။

•

*ဆရာတော် အရှင်သူမြတ်ဘုရား–*

ဘုရားတပည့်တော်ရှိသေစွာဖြင့် ခြေတော်စုံဦးခိုက် လျှောက် ထားအပ်ပါသည် အရှင်မြတ်ဘုရား။ တပည့်တော်သည် ဆရာ အရှင်မြတ်၏ တရားစာအုပ်များကို ဖတ်ရှုမှတ်သားခဲ့ရသဖြင့် မသိမှု(အဝိဇ္ဇာ)မှ သိမှု(ဝိဇ္ဇာ)သို့ ဉာဏ်ပွင့်လင်း၍ သရဏဂုံ တည် ခဲ့ရပါပြီဘုရား။ ဤကဲ့သို့ ဆရာတော် အရှင်မြတ်၏ စာများကို ဖတ်ရှုနိုင်အောင် တပည့်တော်အား စာပေဒါနပြုခဲ့သူမှာ ဒေါက်တာမြတ်မဥ္ဇူ ဖြစ်ပါတယ်ဘုရား။

သူ့ရဲ့ အသိဉာဏ်ထက်မြက်မှု ကျေးဇူးကြောင့် အလွန် တရာ တန်ဖိုးထိုက်တန်လှသော ဆရာတော့်စာများကို ဖတ်ကြား ခွင့်ရခဲ့ပါတယ်ဘုရား။ တပည့်တော်အပေါ်တွင် အလွန်ကျေးဇူး များသူတစ်ဦးဖြစ်ခဲ့ပါတယ်ဘုရား။ ဒေါက်တာမြတ်မဥ္ဇူ တပည့် တော်အပေါ် ပြုဖူးသောကျေးဇူးတရားနဲ့ မေတ္တာတရားကို ကျေးဇူး ပြုလိုသောစိတ်ဖြင့် သူ့အကြောင်းအား အနည်းငယ် လျှောက် ထားခွင့် ရေးသားခွင့်ပြုပါဘုရား။



တပည့်တော်သူငယ်ချင်းအား သူတော်ကောင်းမလေးဖြစ် အောင် အရှင်ဘုရား မေတ္တာကရုဏာထား၍ ဆုံးမပေးတော်မူပါ အရှင်မြတ်ဘုရား။ တပည့်တော်နှင့် ဒေါက်တာမြတ်မဥ္ဇူသည် (၄)တန်းကျောင်းသူဘဝကတည်းက သိကျွမ်းခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်း ဖြစ်ပါတယ် အရှင်ဘုရား။ တပည့်တော် သူငယ်ချင်း ဟာ ငယ်စဉ်ကတည်းက စာတော်၍ ထက်မြက်ခဲ့သူပါဘုရား။ (၄)တန်း နွေရာသီမှာ အဖေဆုံးပါးသွားခဲ့ပါတယ်ဘုရား။

အဲဒီအချိန်ကစပြီး သူ့ဘဝမှာ နေမင်းကြီး ကွယ်သလို အလင်းရောင် ပျောက်ခဲ့တယ်လို့ တပည့်တော်ထင်ပါတယ်ဘုရား။ သူဟာ အလွန်စိတ်ဓာတ်ခိုင်မာသူလို့ ထင်ရပေမယ့် သူ့စိတ်က အလွန်နူးညံ့သိမ်မွေ့ပြီးဒဏ်ရာတွေနဲ့ ထိရှခဲ့ရသူပါဘုရား။ တပည့် တော်နဲ့ သူဟာ နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးခဲ့ပေမယ့် တပည့် တော်ရှေ့မှာ တစ်ခါမှ မျက်ရည်ကျတာ မတွေ့ခဲ့ပါဘူးဘုရား။

တပည့်တော်တို့ အညာဒေသမှာရှိတဲ့ 'သီး'ပင်က သီးတဲ့ 'သီးသီး'လေးလိုပါပဲဘုရား။ အခွံက အရမ်းမာပေမယ့် အထဲ အနှစ်သာရက မွှေးပြီး အရသာချိုတဲ့ အသီးလိုပါပဲဘုရား။ သူ့ စိတ်တွေ မာကြောသယောင်ဖြစ်ပြီး ရင်ထဲမှာတော့ နူးညံ့သူ တစ်ယောက်ပါ။ စိတ်ဒဏ်ရာ အနာတရတွေ များလွန်းလို့ လူဆိုးတစ်ယောက်လို ဖြစ်သွားရတာပါဘုရား။

အရှင်ဘုရားကို ဖူးတွေ့ပြီးအပြန်မှာ တပည့်တော်ကို သူ စကားလေးတစ်ခွန်း ပြောပါတယ်ဘုရား။ သူ့ဘဝမှာ မေတ္တာ ကရုဏာဆိုတာ သူသိပါပြီတဲ့ဘုရား။ အသက်ရှူခြင်းရဲ့ အဓိပ္ပါယ် ကို သူသေချာသိပါပြီတဲ့ဘုရား။

## လိုနေတဲ့ ကွက်လပ်

တပည့်တော် အရမ်းဝမ်းသာရပါတယ်ဘုရား။ သူနဲ့တပည့်တော် ခင်မင်ကြတဲ့ သက်တမ်းတစ်လျှောက်မှာ မြင်ဖူးခဲ့သမျှ မျက်နှာတွေထဲမှာလည်း ဒီနေ့မြင်တွေ့ရတဲ့ မျက်နှာမှာ ငြိမ်းအေးမှုတွေ၊ မေတ္တာကရုဏာတွေကို ခံစားမိတဲ့ မျက်နှာလေးလို့ပဲ တပည့်တော် ထင်မိပါတယ်ဘုရား။

ဆရာတော်မြတ်ရဲ့ မေတ္တာကရုဏာဟာ သူ့ဘဝမှာ မရခဲ့ဖူးသော လောကအလင်းတစ်ခုပါပဲဘုရား။ တပည့်တော် အတိုင်းထက်အလွန်ဝမ်းသာမိပါတယ်ဘုရား။ သူ သူတော်ကောင်းမလေးဘဝကို ရတော့မှာလို့ သိရလို့ပါဘုရား။ သူ့ဘဝ တစ်လျှောက်လုံး လိုအပ်ခဲ့ရသော ကွက်လပ်ကလေး အခုမှ ပြည့်သွားသလိုပါပဲ ဘုရား။

အရှင်မြတ်ရဲ့ မေ့အသိတွေက သူ့အသက်ကို ကယ်တင်ပေးခဲ့တာပါဘုရား။ ဒီထက်သာ အရှင်ဘုရားရဲ့စာအုပ်တွေကို စောစော ဖတ်ရှုခွင့်ရခဲ့မယ်ဆိုရင် လူဆိုးမလေး ဖြစ်ခဲ့ချင်မှဖြစ်ခဲ့လိမ့်မယ်ထင်ပါတယ်ဘုရား။ သူ့ဘဝကို ဆရာတော့်စာအုပ်တွေက ကယ်တင်နိုင်ခဲ့ပါတယ်ဘုရား။ ဆရာတော်ရေးတဲ့ စာအုပ်တွေကြောင့် လူတစ်ယောက်ဘဝ လူ့အသက်တစ်ချောင်း ရှင်သန်ခွင့်ရခဲ့တယ်ဆိုတာ ဆရာတော်သိရလို့ ဝမ်းမြောက်ကြည်နူး သာဓုခေါ်ဆိုပါလိမ့်မယ်လို့လဲ တပည့်တော် ထင်မိပါတယ်ဘုရား။

သူ ဆရာတော်အရှင်မြတ်နဲ့ မတွေ့ခင် အချိန်လေးဟာ ချောက်ကမ်းပါးထိပ်မှာ ရပ်နေသူ၊ နောက်လာရာလမ်းကို ပြန်လျှောက်ဖို့ အင်အားနည်းနေသူဟာ ဆရာတော်ရဲ့ မေတ္တာမိုး၊ ကရုဏာမိုးကြောင့် လမ်းမှန်ကို သိမြင်လျှောက်ခဲ့ရသူပါဘုရား။



သူ့ဘဝတစ်လျှောက် သူမျှော်လင့်ခဲ့သောသူတွေဆီက သူရခဲ့တာဟာ နာကျင်ခြင်းတွေ၊ စိတ်ဒဏ်ရာတွေပါဘုရား။ နွေနေပူမှာ ဖိနပ်မပါဘဲ လမ်းလျှောက်ခဲ့ရသူလိုပါပဲဘုရား။

သူ့မှာ ပူလို့ပူမှန်း၊ ဒဏ်ရာတွေ ရလို့ရမှန်းမသိဘဲ လျှောက်ရင်း လျှောက်တဲ့လမ်း ပျောက်သထက်ပျောက်ခဲ့ရသူပါဘုရား။ အခုတော့ လမ်းလျှောက်ရင်း လမ်းပျောက်ရင်းနဲ့ အလွန်လေးမြတ်တဲ့ မေတ္တာရိပ်၊ တစ်သွင်သွင် စီးဆင်းနေတဲ့ ကရုဏာစမ်းချောင်းလေးနားကို သူရောက်ခဲ့ပါပြီဘုရား။ အရှင်ဘုရားရဲ့ မေတ္တာ၊ ကရုဏာဝေနေတဲ့ အရိပ်စစ်ကို သူတွေ့သွားပါပြီဘုရား။

သူ့အပျော်တွေဟာ တပည့်တော် ရင်ထဲကိုပါ ကူးစက်စေပါပြီ ဘုရား။ ဒါပေမဲ့ဘုရား သူ့ခမျာ ဆရာတော်မြတ်ရဲ့ မေတ္တာကရုဏာတွေ ရပြန်တော့လည်း သူ့စိတ်မှာ ကြောင့်ကြမှုတွေရှိနေပုံ ရပြန်ပါတယ်ဘုရား။ ကလေး တစ်ယောက်လို ရေခဲတုံးကို လက်ထဲမှာကိုင်ပြီး အရည်ပျော်ပြီး ပျောက်သွားမှာကို ကြောက်နေတဲ့ပုံပါပဲဘုရား။

ဘာလို့လဲဆိုတော့ အရမ်းငြိမ်းအေးတဲ့ မေတ္တာတရားကို ရရှိပြီးမှ သူ့ရဲ့ ကလေးဆန် ကောက်ချိတ်မှုတွေကြောင့် ဆရာတော် စိတ်ပျက်၊ မေတ္တာပျက်သွားမှာကို စိုးရိမ်နေပုံပါပဲဘုရား။ ဘဝမှာ အဖေ့မေတ္တာ ဝေးမှတ်လာခဲ့ရတော့ အဖနဲ့တူသော ဆရာ၊ လမ်းမှန်ပြပေးတော်မူတတ်သော ဆရာနဲ့တွေ့ရတော့ ငြိမ်းအေးမှုတွေ ဆုံးရှုံးမှာ၊ ကျပျောက်မှာကို အလွန်တရာ စိုးရိမ်ပူပန်နေပုံရပါတယ်ဘုရား။

ငယ်ငယ်ကတည်းက လူဆိုးမလေးဖြစ်နေတော့ လူတကာအပေါ် ဆိုးသွမ်း ကောက်ချိတ်တတ်တော့ အရှင်မြတ်အပေါ်မှာ

လည်း အဲဒီလို အပြုအမူမျိုးများ ရှိခဲ့ပါလျှင် မေတ္တာရှေ့ထား၊ ကရုဏာအားနှင့် ခွင့်လွှတ်ပေးစေလိုကြောင်း သူငယ်ချင်း ကိုယ်စားခြေတော်စုံဦးခိုက်လျှောက်ထားတောင်းပန်ပါတယ် အရှင်မြတ်ဘုရား။

မေတ္တာဝတ်သော ကလေးငယ်လို သူတစ်ပါးကို ပိုသွားမှာကြောက်နေတယ် ထင်ပါတယ်အရှင်ဘုရား။ တပည့်တော်တို့ကလည်း အားပေးရပါတယ် ဘုရား။ အခုမှ ဆရာကောင်း၊ ဆရာမြတ်၊ လမ်းညွှန်ပေးမယ့် သူတော်ကောင်းနဲ့တွေ့တာ ဆရာတော့်ကို စိတ်ပျက်အောင် မလုပ်နဲ့လို့ သတိပေးရပါတယ် ဘုရား။ ပြီးတော့ မေတ္တာအစစ်အောက်ကိုရောက်ပြီမို့ စိတ်မပူနဲ့လို့ နွေလယ်ခေါင်မှာ ထီးမပါဘဲ လမ်းလျှောက်ခဲ့ရသမျှ အခုတော့ အရိပ်စစ်ကို ရောက်ပြီလို့ ပြောရပါတယ်ဘုရား။

သူက ငယ်ငယ်ကတည်းက စကားသိပ်မပြောဘူးဘုရား။ သူ့ဟာသူ နေတတ်တဲ့အထဲမှာ ပါပါတယ်ဘုရား။ တပည့်တော်က စကားအရမ်းပြောလို့သာ ပြန်ပြောတာပါဘုရား။ ဒါကြောင့် အရှင်ဘုရားရှေ့မှာ စကားမပြောဝံ့ မလျှောက်ဝံ့တာကို ဆရာတော်ကရုဏာထား နားလည်ပေးစေလိုပါကြောင်း တောင်းပန်အပ်ပါတယ် အရှင်မြတ်ဘုရား။

သူမသိတဲ့ စိတ်မှာ ငယ်ငယ်ကတည်းက ပျောက်ဆုံးခဲ့ရသော ဖခင်မေတ္တာရသကို ပြန်တွေ့ရသလို ထင်နေပုံပေါ်ပါတယ် အရှင်မြတ်ဘုရား။ ဒါကြောင့် တပည့်တော်ရဲ့ သူငယ်ချင်းကလေးဆန်တဲ့ လူဆိုးမလေးအပေါ်မှာ အစဉ်သနားပေးတော်မူပါလို့ ခြေတော်ဦးခိုက်၍ အသနားခံ မဝံ့မရဲစွာ လျှောက်တင်ရေးသားလိုက်ရပါတယ် အရှင်မြတ်ဘုရား။



သူ လူတကာအပေါ်မှာ ဆိုးခဲ့၊ မကောင်းခဲ့ပေမယ့် တပည့်တော်အပေါ်မှာတော့ အလွန်တရာကောင်းတဲ့ သူငယ်ချင်းလေးပါဘုရား။ သူက လူတော်တော်များများကို မယုံကြည်ဘဲ နေခဲ့ပေမယ့် တပည့်တော်အပေါ်မှာတော့ အများဆုံး ယုံကြည်ပြီး ရင်ဖွင့်ခဲ့သူပါဘုရား။ သူ့မှာ ကံမကောင်းမှုတွေထဲက ကံကောင်းမှုလေးတစ်ခုကတော့ သူ ဘယ်လောက် ဆိုးသွမ်းမိုက်မဲနေနေ သူ့မျက်နှာလေးက အပြစ်ကင်းပြီး ကလေးဆန်တော့ တော်ရုံသူ့ကို မထင်ကြပါဘူးဘုရား။

သူလုပ်သမျှ အပြစ်ဟာလည်း သူ့မျက်နှာမြင်ရင် အလိုလိုခွင့်လွှတ်ချင်စိတ် ပေါက်ကြတယ်ဘုရား။ ဒါကြောင့် သူ ပိုဆိုးခဲ့သလား မသိပါဘူးဘုရား။ အခုတော့ သူတော်ကောင်းလေးဘဝရောက်ဖို့ လမ်းညွှန်သူအစစ်နဲ့ တွေ့ခွင့်ရပါပြီဘုရား။ သူ ရယ်မောနိုင်တာကို တွေ့ရလို့ ဝမ်းသာခဲ့ရပါပြီဘုရား။

၁၆-၁၀-၂၀၁၀ က ဆရာတော်က မေတ္တာကရုဏာကြီးစွာ သူ့ကို တရားပွဲနဲ့ မိဘမဲ့ကလေးကျောင်း ခေါ်သွားတယ်လို့ တပည့်တော်ကို ဖုန်းဆက်ပြောပါတယ်ဘုရား။ စိတ်ထဲမှာ ငြိမ်းအေးမှုတစ်ခု၊ ပျော်ရွှင်မှုတစ်ခု ရခဲ့တယ်လို့ ပြောပါတယ်။

## သူတော်ကောင်းကို ကြောက်သူများ

ဒီအကြောင်းအရာတွေကို ဆရာတော်ဘုရားထံ တိုက်ရိုက်လျှောက်ထား လိုပါသော်လည်း အရှင်ဘုရားအား လျှောက်ထားရန် မဝံ့ရဲသေးပါဘုရား။ တပည့်တော်တို့ဟာ လူဆိုးမလေးတွေဖြစ်ခဲ့လေတော့ သူတော်ကောင်းများနှင့် စကားပြောရမှာ မဝံ့ရဲသေးပါဘုရား။ အမှားအယွင်း၊ အတိမ်းအစောင်း ဖြစ်မှာစိုးထိတ်

ပြီး တပည့်တော်တို့ နှစ်ယောက်အပေါ်မှာ စိတ်ပျက်ကွက် သွားမှာ အလွန်တရာ စိုးရိမ်ထိတ်လန့် အားငယ်မိပါသောကြောင့် ကရုဏာ ရှေ့ထား၍ နားလည်ပေးတော်မူပါဘုရား။

ဒါကြောင့် စာနဲ့ရေးသားပြီး လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား။ အရှင်ဘုရားကို စတင်ဖူးမြင်ရတဲ့နေ့တုန်းက တပည့်တော်တို့ဘဝမှာ ဘယ်တုန်းကမှမရခဲ့ဖူးသော ငြိမ်းအေးမှု၊ စိတ်လုံခြုံမှုတစ်ခုကို ရခဲ့ပါတယ်ဘုရား။ မြတ်မဋ္ဌူမှာ အဖေမရှိတော့ အဖေ့မေတ္တာ မရခဲ့သလို တပည့်တော်မှာ အဖေရှိပေမယ့် အဖေ့မေတ္တာအပြည့် မရခဲ့သူပါဘုရား။

ဒါကြောင့် အရှင်ဘုရားကို ဆည်းကပ်ပူဇော်ခွင့်ရတာဟာ တပည့်တော်တို့ နှစ်ယောက်အတွက် အလွန်တန်ဖိုးကြီးသော ကောက်ရိုးလေး တစ်မျှင်ကို ဆုပ်ကိုင်ခွင့်ရသလိုပါပဲဘုရား။ အသက်ရှင်ခြင်း အဓိပ္ပါယ်၊ ပြီးတော့ အသက်ရှူခြင်းရဲ့ အဓိပ္ပါယ် တန်ဖိုးကို နားလည်ခဲ့ရပါပြီဘုရား။

အသက်ရှင်ခြင်းရဲ့ တန်ဖိုးကို အခုမှ အဓိပ္ပါယ်ရှိရှိ သိခဲ့ရပါတယ်ဘုရား။ ဘဝမှာ မသေခင်ကြား တပည့်တော်တို့နှစ်ယောက် အဓိပ္ပါယ်ရှိရှိ ဖြတ်သန်းသွားလို့ရအောင် လမ်းညွှန်ပေးခဲ့သော ဆရာတော်မြတ်အား ဤနေရာမှ နဖူးမြေစိုက် ကန်တော့အပ်ပါတယ်ဘုရား။ အထူးသဖြင့် တပည့်တော်သူငယ်ချင်းအတွက် ပိုပြီး အဓိပ္ပါယ်ရှိတဲ့ နက်ဖြန်တွေကို ဆရာတော်ရဲ့ မေတ္တာ၊ ကရုဏာကြောင့် ပိုင်ဆိုင်ရတော့မယ် ထင်မိပါတယ်ဘုရား။

ဆရာတော့်ကျောင်းကို ပထမဆုံးရောက်တဲ့နေ့က ဆရာတော်ရဲ့အဆုံးအမအမိန့်လေးတစ်ခုမိန့်တော့ တပည့်တော် ရင်ထဲမှာ အတော်လေး ထိရှခံစားရပါတယ်ဘုရား။ တပည့်တော်ကို



တိုက်ရိုက်ပြောတာ မဟုတ်ပါဘူး ဘုရား။ သူငယ်ချင်းကို ဆရာတော် ဆုံးမတဲ့စကားလေးပါဘုရား။ အရှင်ဘုရားရဲ့ အဆုံးအမလေးက သူငယ်ချင်းကို–

"နင်. . . ဆရာကောင်း၊ မိတ်ဆွေကောင်း၊ အဖော်ကောင်းနဲ့ စောစောမတွေ့လို့" လို့ ဆရာတော်ရဲ့ ဩဝါဒအဆုံးမှာ တပည့်တော် သူ့အပေါ်မှာ သူငယ်ချင်းကောင်း မပီသခဲ့ဘူးလား လို့ အတွေးဝင်ခဲ့မိပြီး စိတ်ထဲမှာ မသက်မသာခံစားခဲ့ရပါတယ်ဘုရား။

ဘဝတစ်လျှောက်လုံး အတူလက်တွဲပြီး ဆိုးခဲ့တာတွေကို သူနဲ့အတူ ဘေးကရပ်ပြီး အားပေးခဲ့သလိုများ ဖြစ်ခဲ့မိသလားလို့ တွေးစရာတွေ ဖြစ်ခဲ့ရပါတယ်ဘုရား။ တပည့်တော်တို့နှစ်ယောက် ဘဝမှာ သူငယ်ချင်းဆိုလို့ အများကြီးမရှိခဲ့ပါဘူးဘုရား။ ဒါကြောင့် တပည့်တော် အပေါ်မှာ ကျေးဇူးများခဲ့ပါတယ်ဘုရား။ အဲဒါကြောင့် သူ့ဆန္ဒ၊ သူဖြစ်ချင်တာတွေ၊ လုပ်ချင်တာ တွေကို အကူအညီပြုချင်တာဟာ သူ့အပေါ်မှာထားတဲ့ တပည့်တော်ရဲ့ တွယ်တာမှု၊ ခင်မင်မှုကို ပြသခဲ့တာ တစ်ခုပါပဲဘုရား။

သူငယ်ချင်း ရဲဘော်ရဲဘက်စိတ်နဲ့ ကူညီခဲ့တာပါဘုရား။ တကယ်တမ်းကျတော့ အများအမြင်မှာ တပည့်တော်တို့ နှစ်ယောက်ဟာ လူဆိုးမလေးတွေ ဖြစ်ခဲ့ရပါတယ်ဘုရား။ သူ့ကို တပည့်တော် အားပေးကူညီမှုတွေဟာ အဆိုးဘက်ရောက်အောင် တွန်းအားပေးခဲ့သလို ဖြစ်ခဲ့သလား မသိပါဘူးဘုရား။

ဒါကြောင့် သူ့အပေါ် တာဝန်မကျေဘူးလို့ ခံစားရလို့ ဆရာတော်ဆီ လျှောက်ထားရေးသားရခြင်း ဖြစ်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့မေတ္တာ၊ ကရုဏာတွေကြောင့် သူ မကြာခင် သူတော်ကောင်းမလေး ဖြစ်လာတော့မှာ ပါဘုရား။

ဘာကြောင့်လဲဆိုတော့ ဘယ်သူပြောလို့မှ မရခဲ့သော၊ ဘယ်တုန်းကမှ ဖြတ်ဖို့ စိတ်ကူးမရှိခဲ့သော သူ့ဘဝရဲ့ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်တဲ့ ဆေးလိပ်ဖြတ်ဖို့ကြိုးစားတာဟာ ဆရာတော်မြတ်ရဲ့ မေတ္တာ၊ ကရုဏာကို သူလည်း ခံစားသိရှိလို့ ဖြစ်မယ် ထင်ပါတယ်ဘုရား။

အလင်းရောင်ကိုမြင်တော့ အမှောင်ထဲက ထိုးထွက်ချင်တော့တာ ထင်ပါတယ်ဘုရား။ တပည့်တော်တို့နှစ်ယောက် ဘဝမှာ တခြားသောကလေးများကဲ့သို့ မိဘမေတ္တာကို အပြည့်အဝ မရခဲ့ကြသူတွေပါဘုရား။ တပည့်တော်ထက် သူက ပိုဆိုးပါတယ် အရှင်မြတ်ဘုရား။

ငယ်ငယ်တုန်းကတည်းက အဖေနဲ့ သေကွဲကွဲ၊ အမေနဲ့လည်း ခွဲနေရတော့ မေတ္တာပေးမယ့်သူတွေနဲ့ ဝေးခဲ့ရသူပါဘုရား။ သူက တပည့်တော်ထက် အများကြီး ဉာဏ်ကောင်းထက်မြက်ပြီးတော်တဲ့သူပါဘုရား။ စာလည်းတော်ပါတယ်၊ အတွေးအခေါ်လည်း ကောင်းတဲ့ လူတော်မလေးပါဘုရား။

အရှင်မြတ်ရေးတဲ့ စာအုပ်ထဲကလို တပည့်တော်တို့ အတိတ်ကံ အကြောင်း မကောင်းခဲ့ကြဘူး ထင်ပါရဲ့ဘုရား။ အရှင်ဘုရားနဲ့ တွေ့တဲ့အချိန်က စပြီး တပည့်တော်တို့အကြောင်း ကောင်းချိန်တန်ပြီလို့ ထင်မှတ်ပါတယ် ဘုရား။ တပည့်တော်တို့နှစ်ယောက် (အထူးသဖြင့် သူ့)ကို ဆရာတော်မြတ်ရဲ့ မေတ္တာရိပ်၊ ကရုဏာရိပ်အောက် တွန်းပို့ပေးခဲ့လို့ပါဘုရား။

တပည့်တော်တို့ဘဝမှာ ဘယ်တုန်းကမှ ရရှိခဲ့ခြင်းမရှိတဲ့ ငြိမ်းအေးချမ်းသာမှုမျိုးကို ဆရာတော်မြတ် မျက်နှာတော်ကို ဖူးတွေ့ခွင့်ရတဲ့အချိန်မှာ တပည့်တော်တို့ ရရှိခဲ့ရပါတယ်ဘုရား။



ဆရာတော်ရှေ့မှောက် ရှိခိုးပူဇော်ခွင့်ရတဲ့အချိန်မှာ တပည့်တော်တို့စိတ်ထဲမှာ ခံစားခဲ့ရသော စိတ်ဒဏ်ရာတွေ၊ မြူတစ်မှုံမှ မရှိတော့လောက်အောင် ပျောက်ကွယ်ခဲ့ရပါတယ်ဘုရား။

နောက်တစ်ခု ခံစားရတာက စိတ်ချလုံခြုံမှုတစ်ခု အားကိုးတိုင်တည်ရာ တစ်ခုရှိပြီလို့ စိတ်ထဲမှာ မှတ်ယူခံစားခဲ့ရပါတယ်ဘုရား။ တပည့်တော်တို့ လူမှန်းသိတဲ့ ခံစားတတ်တဲ့ အရွယ်ကစပြီး လူ့ဘဝဆိုတာ မက်မောစရာမရှိ၊ စိတ်ပျက်စရာအတိ၊ စိတ်အလိုမကျမှုတွေနဲ့ နေခဲ့ရတော့ ဘဝမှာမက်မောစရာ မရှိဘူး ထင်ခဲ့ပေမယ့် ဆရာတော့်ဆီက အဆုံးအမ မေတ္တာတရားကို တွေ့မြင်ဖူးတွေ့ခွင့်ရတော့ အသက်ရှူနေခြင်း၏တန်ဖိုး၊ လူ့ဘဝ၏ တန်ဖိုးကို နားလည်ရမှန်း ခံစားတတ်ခဲ့ပါပြီဘုရား။ တပည့်တော်တို့ ဘဝတွေမှာ ဒီလိုကျေနပ်စရာ၊ ငြိမ်းအေးရာ၊ အမှန်တကယ် အရိပ်ပေးမယ့်နေရာ ရှိနေပါသေးလားလို့ ဝမ်းသာမျက်ရည်လည်ခဲ့ရပါတယ် အရှင်မြတ်ဘုရား။

အဲဒါကြောင့် ဆရာတော့်ဆီကို မကြာခဏ လာရောက်ဖူးမြော်လိုသော ဆန္ဒတွေဖြစ်ခဲ့ရပါတယ်ဘုရား။ ဆရာတော် အရှင်မြတ်၏အဆုံးအမလေးများ၊ ဆရာတော်၏အေးမြသော ဓမ္မရိပ်အောက်ကို လာရခြင်းဟာ တပည့်တော်တို့နှစ်ယောက် အတွက် အဖိုးထိုက်တန်တဲ့ အချိန်လေးတွေပါဘုရား။

ကန္တာရထဲကနေ အိုအေစစ်(အငြိမ်းစာတ်)ရှိတဲ့ နေရာလေးကို ရောက်သလိုပါဘုရား။ မကြာခဏ လာရောက်ဖူးမြော်ခြင်းကြောင့် ဆရာတော်အရှင်မြတ် အလုပ်ပျက်၊ အနှောင့်အယှက်ပေးသလိုဖြစ်မှာကိုတော့ အလွန်စိုးထိတ်မိပါတယ် အရှင်မြတ်ဘုရား။ တပည့်တော်တို့၏ စိတ်အေးချမ်းလုံခြုံမှုအမှန်ပေးရာ ဆရာတော်

၏ အရိပ်အောက်သို့ လာရောက်ခြင်းကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ခွင့်လွှတ်သည်းခံပေးတော်မူပါရန် အရှင်မြတ်အားရှိသေစွာ လျှောက်ထားတောင်းပန်အပ်ပါတယ်ဘုရား။ ဆရာတော်အရှင်မြတ်အား နှုတ်ဖြင့်လျှောက်ထားရန် မဝံ့မရဲ ဖြစ်သလိုလျှောက်ထားရပြန်ကလည်း မပြည့်မစုံဖြစ်မှာ စိုးရွံ့လှသောကြောင့် စာဖြင့်ရေးသား လျှောက်ထားရခြင်း ဖြစ်ပါတယ်။

တပည့်တော် ရေးသားလျှောက်ထားသော စာထဲတွင် ဆရာတော် စိတ်ပျက်စိတ်ကွက်စရာများ ပါခဲ့ပါရင်လည်း တပည့်တော် အမိုက်မဲလေးကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ကရုဏာရှေ့ထားပြီး ခွင့်လွှတ်ပေးပါရန် ရိုသေစွာ ခြေစုံဦးခိုက်၍ လျှောက်ထားအပ်ပါတယ် အရှင်မြတ်ဘုရား။

အရှင်မြတ်အား ဤစာကိုဖတ်ရှု၍ စိတ်ရှုပ်၊ အလုပ်ရှုပ်စေခြင်း မဟုတ်ပါ။ အရှင်မြတ်ဘုရား။ တပည့်တော်တို့၏ အားကိုးယုံကြည်ရာ လုံခြုံရာ အရိပ်စစ်ဟာ အရှင်ဘုရား ဖြန့်ဝေထားသော မေတ္တာကရုဏာ အရိပ်အောက်တွင် ရှိသောကြောင့် လျှောက်ထားရခြင်းဖြစ်ပါတယ် အရှင်သူမြတ်ဘုရား။

**ဆရာတော်၏ မေတ္တာကရုဏာကြောင့်**
**ဘဝတန်ဖိုးကို နားလည်ခဲ့ရသူ**
**ညို၊မ**

•

**နှစ်နှစ်သားအရွယ် ကလေးငယ်**

စွန့်ပစ်ခံရမည်ကိုကြောက်သောစိတ်၊ တိရစ္ဆာန်များကို ကြောက်သောစိတ်၊ အမှောင်ကို ကြောက်သောစိတ်၊ ထိုစိတ်သုံးမျိုးကို အခြေခံကျလွန်းသောကြောင့် မျိုးရိုးဗီဇဟု ခေါ်နိုင်သည်။

နာကျင်မည်။ သူစိမ်းများနှင့်တွေ့ရမည်။ လိမ့်ကျမည်၊ နာဖျားမည် စသည်တို့ကိုလည်း ကြောက်တတ်သည်။ ဤကဲ့သို့ ကြောက်ရခြင်းမှာ လူတစ်ဦးဖြစ်စေ၊ လူမျိုးနွယ်တစ်ရပ်လုံးဖြစ်စေ၊ ပျက်စီးဆုံးရှုံးနိုင်လောက်အောင် အန္တရာယ်ရှိတတ်သောကြောင့် ကြောက်မည်ဆိုက ကြောက်သင့်ပေသည်။

ယဉ်ကျေးမှု အတော်အတန် မြင့်နေပြီဖြစ်သော ကျောက်ခေတ် လူမျိုးတစ်မျိုးဖြစ်သည့် နီယန်ဒါးသားလိစ်(Neander Thalis)လူမျိုးများ ပျောက်ကွယ်သွားရခြင်း အကြောင်းမှာ ယင်းတို့သည် မိမိတို့ကိုယ်ကို ယုံကြည်စိတ်ချမှုလွန်ကဲပြီးကြောက်စိတ်မရှိသောကြောင့် ဖြစ်သည်ဟု တွေးဆချက်တစ်ရပ် ရှိသည်။

ကလေးတို့အဖို့ သူစိမ်းများကို ကြောက်ရခြင်းနှင့် မိဘများက စွန့်ခွာသွားမည်ကို ကြောက်ခြင်းတို့သည် ဆက်နွှယ်နေပေသည်။ ထိုကြောက်စိတ်များကို ပယ်ဖျက်ရန် အကောင်းဆုံးနည်းမှာ ကလေးငယ်ကို မွေးကာစ အရွယ်ကပင် လူအများနှင့်တွေ့ဆုံစေရမည်။ မိဘက မဖြစ်မနေ ကိစ္စကြောင့် ကလေးကိုထားခဲ့ရမည်ဆိုလျှင် ကလေးထိန်းမည့်သူနှင့် ကလေးကို အစောကြီးကတည်းက ရင်းနှီးအောင် လုပ်ထားရသည်။

တိရစ္ဆာန်ကို ကြောက်တတ်သောစိတ်မှာ ပယ်ဖျောက်ရန် လွယ်ကူသည်။ ကလေးငယ်သည် တဖြည်းဖြည်းနှင့် ထိုကြောက်စိတ်များ အလိုလို ပျောက်သွားတတ်သည်။ မပျောက်လျှင်လည်း လူကြီးက အလွယ်တကူ ကူညီပေးနိုင်သည်။ ဥပမာ– အကြောင်းတစ်ခုခုကြောင့် ဘဲကိုကြောက်တတ်သော ကလေးဖြစ်နေပါက ဘဲရုပ်အတွင်းမှ အစာသွတ်ထားသော အဝတ်စများကို ကလေးငယ်အား ဆွဲထုတ် ဆော့ကစားစေခြင်းဖြင့် ကြောက်သောစိတ် ပျောက်ကွယ်စေနိုင်သည်။

*(မုံရွာဝင်းဖေ၏– စိတ်သတ္တဗေဒအုပ်မှ)*

•

**မိဘများ၏ အမှားနှစ်ခု**

မိဘများသည် မိမိသားသမီးများကို အလွန်ပညာထူးချွန်စေချင်သည်။ သို့သော် ထိုမိဘများပင် သားသမီးများကို ပညာမထူးချွန်အောင် ပြန်လုပ်သလို ဖြစ်နေတတ်သည်။ ပထမအမှားမှာ အသက်ငါးနှစ်မပြည့်သေးဘဲ ကျောင်းအပ်ခြင်းဖြစ်သည်။ ငါးနှစ်အရွယ်မှ နားလည်နိုင်သောစာများကို လေးနှစ်ကျော်ကလေးက နားမလည်နိုင်တော့။ နားမလည်သောအခါ စိတ်မဝင်စားတော့။ စိတ်မဝင်စားသောအခါ ကျောင်းတက်ရတာကို ပျင်းရိလာတတ်သည်။

စိတ်ပညာ နားမလည်သော ဆရာအချို့က ဖွတ်ရိုက်နှက်သင်သောအခါ ပညာရေးကို ကြောက်သွားတတ်သည်။ ထို့ကြောင့် ငါးနှစ် အနည်းဆုံးပြည့်မှ ကျောင်းအပ်သင့်သည်။ ငါးနှစ်ကို လေးငါးလကျော်သွားလျှင်လည်း ဘာမျှမဖြစ်၊ ကလေးဦးနှောက်က ပိုမိုရင့်ကျက်သွားသောကြောင့် တခြားကလေးများထက် စာသင်ရ ပိုလွယ်သည်။ စာရေးသူသည် ငါးနှစ်သားအရွယ်ထိ လမ်းမလျှောက်နိုင်သောကြောင့် ကျောင်းတက်ခွင့်မရခဲ့။ ငါးနှစ်နှင့် ရှစ်လကျော်လောက်မှ ကျောင်းစတက်ခွင့်ရသည်။

ကောင်းကျိုးကား ပုံမှန်စာတက်၊ စာကျက်ရုံဖြင့် အတန်းထဲတွင် အမြဲတမ်း ပထမစွဲခြင်းပေတည်း။ ကျောင်းမှ ဆရာ ဆရာမ၏ သားသမီးများသည် ကျောင်းထဲတွင် စာအတော်ဆုံး ဖြစ်ရမည်ဟုခံယူထားဟန်တူသည်။ စာရေးသူကား ကစားချိန် ကစားသည်။ စာကျက်ချိန် စာကျက်သည်။ သို့သော် စာမေးပွဲ ယှဉ်ဖြေတိုင်း စာရေးသူကသာ ပထမရသည်။

အကြောင်းကား ထိုကလေးများသည် ငါးနှစ်မပြည့်ခင် ကျောင်းတက်ပြီး စာရေးသူကား ငါးနှစ်ကို ရှစ်လခန့်ကျော်မှ ကျောင်းတက်ရသောကြောင့်ပေတည်း။ ထို့ကြောင့် မိမိကလေးကို ချမ်းသာလွယ်ကူစွာဖြင့် ပညာထူးချွန်စေချင်လျှင် အနည်းဆုံး ငါးနှစ်တင်းတင်းပြည့်မှ ကျောင်းအပ်ပါ။ ငါးနှစ်ကို လအနည်းငယ်ကျော်သွားသော်လည်း ပညာရေးကိုမထိခိုက်သည့်အပြင် ပို၍ပင် အထောက်အကူဖြစ်ကြောင်း သိထားသင့်သည်။

မိဘများ၏ ဒုတိယအမှားမှာ ဆယ်တန်းကို ဂုဏ်ထူးများများနှင့်အောင်လျှင် ဆေးတက္ကသိုလ် ဖွတ်တက်ခိုင်းခြင်းပင် ဖြစ်၏။ ကလေးက ဝါသနာမပါ။ မိဘက ဖွတ်တက်ခိုင်းသော



ကြောင့်သာ တက်ရသည်။ ကြောက်တတ်သော ကျောင်းသားများကား အသုဘကောင် ခွဲစိတ်ခန်းရောက်သည်နှင့် စိတ္တဇရောဂါရပြီး ဘဝပျက်သွားကြသည်မှာ မနည်းပေ။ နိုင်ငံတစ်ခုတိုးတက်ဖို့အတွက် ဆရာဝန်တစ်မျိုးသာ လိုအပ်သည်မဟုတ်ပေ။ ကျောင်းဆရာကောင်းများ၊ စစ်ဗိုလ်ကောင်းများအပြင်၊ အင်ဂျင်နီယာကောင်းများ၊ စာရေးဆရာကောင်းများ များစွာ ဘက်စုံလိုအပ်သည်။

စာရေးသူ၏ အသိများထဲတွင် ဆရာဝန်ဖြစ်ပြီး အရောင်းအဝယ်လုပ်နေသူတွေ မနည်းပေ။ လှည်းကူးမြို့နယ် မင်းကုန်းရွာတိုက်နယ်ဆေးရုံတွင် တာဝန်ကျသော ဆရာဝန်တစ်ယောက်သည် စက်ပြင်ကိုသာ ဝါသနာပါသည်။ ဆေးကုရသည်ကို လုံးလုံး ဝါသနာမပါ။ သူ၏အခန်းတွင် ချိတ်ထားသည်က (စက်မျိုးစုံပြင်သည်) တကယ်လည်း စက်မျိုးစုံ ပြင်တတ်သည်။ ပိုက်ဆံလည်း ပေးသလောက်သာ ယူသည်။ မပေးလည်းရသည်။

သို့သော်လူနာလာလျှင်တော့ သူ့လက်မှတ်ထိုးပြီး လှည်းကူးဆေးရုံသို့သာ လွှဲလိုက်သည်။ ယခု ထိုဆရာဝန်ပြောင်းသွားသည်မှာ နှစ်အတော်ကြီး ကြာပေပြီ။ ဆရာဝန်ဖြစ်ပြီးမှ ဈေးရောင်းသူ၊ ဆရာဝန်ဖြစ်ပြီးမှ စက်ပြင်သူများသည် အရင်ကတည်းက သူတို့ဝါသနာပါသော တက္ကသိုလ်များကိုတက်ပြီး ဆေးကျောင်းသားအတွက် ကုန်ကျစရိတ်များကို တကယ်ဝါသနာပါသော ဆေးကျောင်းသားများအတွက် ထောက်ပံ့ခဲ့မည်ဆိုလျှင် နိုင်ငံအတွက် မည်မျှအကျိုးရှိလိုက်လေမည်နည်း။

တချို့မိဘများကား စစ်ဗိုလ်ဖြစ်လျှင် နောင်တစ်ချိန် လူကြီးဖြစ်မည် ဟူသော မျှော်လင့်ချက်ဖြင့် အိမ်မြှောင်အော်သံကိုပင်

ကြက်သီးထတတ်သော သားအား စစ်တက္ကသိုလ်ကို ဖွတ်ပို့ကြပြန်သည်။ အပင်ပန်းဆုံး၊ အဆင်းရဲဆုံး၊ စီနီယာက ဂျူနီယာကို အနှိပ်စက်ဆုံးတက္ကသိုလ်မှာ စစ်တက္ကသိုလ်ပင်ဖြစ်သည်။ သူတို့သည် လူသတ်ရမည့်အလုပ် သင်တန်းဖြစ်သောကြောင့် ကြမ်းတမ်းသောစိတ်ကို ငယ်ငယ်ကတည်းက အပြည့်ရိုက်သွင်းပေးထားကြသည်။

တချို့စိတ်ဆင်းရဲပြီး သင်တန်းဆောင်ပေါ်မှ ခုန်ချသေသူများလည်း မနည်းလှ။ ဗိုလ်သင်တန်းသားတစ်ဦးဆိုလျှင် ခြေစုံရပ်တာ မသေသပ်သောကြောင့်ဟုဆိုကာ စီနီယာဗိုလ်လောင်းကအရှိက်ကိုထိုးလိုက်ရာ လူကအားနည်းပြီး စိတ်ဓာတ်ကျနေချိန်ဖြစ်သောကြောင့် အသက်ပါ ပါသွားခဲ့ရသည်။ ထိုဗိုလ်လောင်းလေးသည် ယခုထိ မကျွတ်သေးဟု သိရသည်။ စာရေးသူ၏တူတစ်ယောက် ဗိုလ်သင်တန်းတက်စဉ်က အိမ်သာသွားတက်စဉ်တစ်ဘက်ခန်းမှလည်း လူသံကြားသဖြင့် မိတ်ဆက်ကြသည်။

သူ အိမ်သာမှဆင်းပြီးနောက် တစ်ဖက်ခန်းရှိ ဗိုလ်လောင်းကိုလည်း ရပ်စောင့်နေလိုက်သည်။ သို့သော် အတန်ကြာသည်အထိ ဆင်းမလာသဖြင့် အိမ်သာတံခါးကို သွားဖွင့်ကြည့်သောအခါ မည်သူမျှမရှိပေ။ မနက်လင်းမှ စုံစမ်းကြည့်သောအခါထိုနာမည်ရှင်ဗိုလ်လောင်း ကွယ်လွန်သွားသည်မှာ လေးငါးလသာ ရှိသေးကြောင်း သိရသည်။ လူသေမှုဖြစ်စဉ်ကြောင့် ထိုးသူဗိုလ်လောင်းမှာလည်း ကျောင်းထုတ်ခံလိုက်ရသည်။

ဝါသနာပါသူဆိုလျှင် ကိုယ်တိုင်သာ လိုက်အပ်ပေးလိုက်ပါ၊ ဘာမျှကိစ္စမရှိ၊ ဝါသနာပါသော အလုပ်ကိုလုပ်ရလျှင် ပျော်သည်။ ကျန်းမာသည်။ အသက်ရှည်သည်။ လုပ်ငန်းလည်း အောင်မြင်



သည်။ စာရေးသူ၏ တူသည် ငယ်ငယ်ကတည်းက စစ်တိုက်ဝါသနာပါသည်။ ဆယ်တန်းအောင်သည်နှင့် သူ့ဖာသာ ဗိုလ်သင်တန်း သွားလျှောက်သည်။ အိမ်က မည်သူမျှ အားမပေး။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် သံဃာတော်များကို စစ်သားများ ပစ်သတ်တာ မြင်ခဲ့ရသောကြောင့် ရဟန်းဖြစ်သောစာရေးသူက ဗိုလ်လို့တောင် အားမပေး။ သို့သော် သူသည် ဗိုလ်လောင်းသင်တန်းကို တစ်ပြားမှ မကုန်ဘဲ တက်ခွင့်ရသွားသည်။ သည်တော့ သူ ဗိုလ်ဖြစ်သွားလေပြီ။ ဗိုလ်သင်တန်း ပြီးဆုံးခါမှ ညည်းညူရှာသည်။ သူ မှားသွားပြီတဲ့။ သူ့ရင်ဘတ် တစ်ခုလုံး အညိုအမဲတွေ စွဲနေသည်။

•

## သင်တန်းပေးရမည့်စိတ္တသတ္တိ

အထက်လူကို အောက်လူက မော်မကြည့်ရဲအောင် နှိပ်စက်ထိုးကြိတ်ထားသော ဒဏ်ရာ၊ ဒဏ်ချက်များပါပေ။ အထက်လူကပစ်ဆိုလျှင် ငယ်သားများသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဘာပဲရှိရှိ ပစ်ရမည်သာ။ ဤကား စစ်တပ်၏ ဥပဒေသတည်း။ မြန်မာ့တပ်မတော်၏ လိုအပ်ချက်ကား ကာယသတ္တိကိုသာ ပျိုးထောင်ပေးပြီး စိတ္တသတ္တိ ပျိုးထောင်ပေးမှု အားနည်းခြင်းပင်တည်း။

ကာယသတ္တိသာရှိပြီး စိတ္တသတ္တိ မရှိလျှင် မိုက်ရူးရဲခြင်းတစ်မျိုးသာဖြစ်၏။ ရွှေဝါရောင်တော်လှန်ရေးလိုကိစ္စတွင် သံဃာတွေကို ပစ်သတ်ဖို့ အထက်က အမိန့်ပေးသည်။ ပစ်လျှင် ရာထူးတက်မည်။ ဂုဏ်တက်မည်။ မပစ်လျှင် ရာထူးကျမည်၊ ထောင်

ကျမည်။ ပစ်သူသည် ကာယသတ္တိသာရှိ ပြီး စိတ္တသတ္တိ မရှိသူ၊ မိုက်ရူးရဲသမားဖြစ်သည်။ မျက်ကန်းမျိုးချစ်ဖြစ်သည်။

မပစ်၊ ရာထူးကျ၊ ထောင်ကျခံမည်ဆိုသော သူသည်သာ ဘုရားရှင်ကိုယ်တိုင် သာဓုအခေါ်ခံရမည့် စိတ္တသတ္တိရှိသူ သူရဲကောင်း စစ်စစ်ဖြစ်သည်။ အမှန်အားဖြင့် တစ်နိုင်ငံလုံး ကောင်းစားရေးအတွက် မည်သည့်လက်နက်မျှ မပါဘဲ အသေခံကြသော သံဃာတော်များသည်သာ စိတ္တသတ္တိ၊ ကာယသတ္တိ နှစ်မျိုးလုံးရှိသော သူရဲကောင်းများဖြစ်သည်။ စိတ္တသတ္တိနှင့်ပတ်သက်၍ မုံရွာ– ဝင်းဖေက စိတ္တသတ္တိစာအုပ်တွင် ယခုလိုရေးသားခဲ့သည်။

စင်စစ်မှာ သတ္တိဟူသော စကားလုံးတွင် သည်းခံခြင်း၊ မှန်ကန်ခြင်း၊ ရဲရင့်ခြင်း၊ မြင့်မြတ်ခြင်းဟူသော သဘောတရားများ ပါဝင်နေပြီးဖြစ်ရာ သတ္တိသည် စိတ္တသတ္တိပင် ဖြစ်၏။ လူသားတို့အကျိုးအတွက် ပျင်းရိငြီးငွေ့ဖွယ် ကောင်းသော သုတေသနလုပ်ငန်းများကို ဘဝနှစ်မြှုပ်၍ လုပ်ကိုင်နေသူများ၊ လူစဉ်မမီသည့် ကလေးသူငယ်များကို ကြည့်ပယ်မထားဘဲ ယုယမွေးမြူ ပြုစုပျိုးထောင်ပေးနေကြသည့် လူမှုဝန်ထမ်းသမားများ၊ မိမိက အသာစီးရနေချိန်တွင် ရန်သူများအပေါ်၌ အာဃာတ မထားဘဲ အကြွင်းမဲ့ ခွင့်လွှတ်နိုင်သူများ၊ ဤသူများကား ကာယသမားများ မဟုတ်ငြားသော်လည်း ထက်မြက် မြင့်မြတ်သော စိတ္တသတ္တိရှင်များအဖြစ် ပို၍လေးစား ဂုဏ်ပြုထိုက်ပေသည်။

လောကတွင် မိမိက မှန်ပါလျက်နှင့် ပြောရဲဆိုရဲ မရှိသူများ၊ မိမိ၏တန်ရာတန်ကြေး ရသင့်ရထိုက်သော အခွင့်



အရေးကို ပြေပြစ်ချောင်ချွာ တောင်းဆိုရန် ဝန်လေးတတ်သူများ ရှိသည်ကိုလည်း တွေ့ရပြန်သည်။ ဤသူတို့ကား စိတ္တသတ္တိ အားနည်းသူများပင်ဖြစ်၏။

ဤနေရာ၌ ကာယသတ္တိနှင့် စိတ္တသတ္တိ စွမ်းရည်ကို ခွဲခြားသိနိုင်ရန် ရှစ်တန်းကျောင်းသားများဖြစ်ကြသော မောင်ရဲဝင်းနှင့် မောင်မြင့်မြတ်တို့ အကြောင်းကို တင်ပြအံ့။ မောင်ရဲဝင်း ဖခင်သည် သိုင်းဆရာဖြစ်သည်။ မောင်မြင့်မြတ်၏ ဖခင်ကား စာရေးဆရာဖြစ်သည်။ သိုင်းဆရာသားဖြစ်သောကြောင့် မောင်ရဲဝင်းသည် သိုင်းတတ်သည်။ သိုင်းတတ်သောကြောင့် တွေ့သမျှယောကျ်ားလေးများနှင့် ရန်စပြီး လက်ရည်စမ်းတတ်သည်။

သေချာလေ့ကျင့်ထားသောကြောင့် သူက နိုင်တာ များသည်။ သူ ရန်ဖြစ်ခွင့် မရသေးသူမှာ မောင်မြင့်မြတ်တစ်ယောက်သာဖြစ်သည်။ လမ်းမှာတွေ့လျှင် ကိုယ်လုံးချင်းတိုက်ပြီး ရန်စသည်။ မောင်မြင့်မြတ်က ဘာမျှပြန်မလုပ်။ ထိုအခါ မောင်ရဲဝင်းက သတ္တိမရှိတဲ့အခြောက်ဟု ပြောပြန်သည်။ မောင်မြင့်မြတ်က ဘာမျှပြန်မပြော။ အရာရာမှာ ပြဿနာမဖြစ်အောင် သည်းခံခြင်းသည် မိမိအတွက်လည်းပါသည်ပင်။

ကျောင်းမှာ ရန်ဖြစ်၍ ကျောင်းထုတ်ခံရလျှင် မိမိပါ နစ်နာမည် မဟုတ်ပါလား။ တစ်ရက်တွင် မောင်ရဲဝင်းသည် ကျောင်းသို့အစောကြီးရောက်လာပြီး အတန်းထဲဝင်ကာ စာသင်သောကျောက်သင်ပုန်းကြီးပေါ်တွင် ဆရာကိုဆဲသောစာလုံးကြီးတစ်လုံး ရေးထားလိုက်သည်။ ရေးပြီးသည်နှင့် အခန်းပြင်သို့ ပြန်ထွက်သွားသည်။ သူရေးသည်ကို မည်သူမျှ မမြင်လိုက်ပေ။

ကျောင်းတက်ခေါင်းလောင်း ခေါက်၍ ကျောင်းသူ၊ ကျောင်း

သားအားလုံး ကိုယ့်အတန်းထဲကိုယ် ဝင်လာကြသည်။ ကျောက်သင်ပုန်းကြီးတွင်ရေးထားသော စာလုံးကြီးကို မည်သူမျှ မဖတ်မိကြ။ ကျောင်းသားများ စုံသောအချိန်မှာပင် အတန်းပိုင်ဆရာလည်း ဝင်လာသည်။ ဆရာသည် စာသင်ရန်အတွက် ကျောက်သင်ပုန်းကို မော့အကြည့်မှာပင် မျက်နှာမှာ မည်းခနဲဖြစ်သွားသည်။ မင်္ဂလာပါဆရာဟု မပြောရသေးခင် ဆဲသောစာလုံးက သူ့ကို အရင်ကြိုဆိုနေသည် မဟုတ်ပါလား။

"တပည့်တို့ ဒီ ဆဲတဲ့စာကို ဘယ်သူရေးတာလဲ"

ထိုအခါကျမှ အတန်းသားအားလုံး ကျောက်သင်ပုန်းကြီးကို လှမ်းကြည့်မိကြသည်။ တစ်တန်းလုံး တုပ်တုပ်မျှ မလှုပ်ကြတော့။ တိတ်ဆိတ်သွားလိုက်သည်မှာ အပ်ကျသံကိုပင် ကြားရလောက်သည်။ ဆရာ၏အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

**ကာယသတ္တိရှင်နှင့် စိတ္တသတ္တိရှင်ပြိုင်ပွဲ**

"ဒါဟာ သက်သက် အောက်တန်းကျတာပဲ၊ ကိုယ်လုပ်ရင် ကိုယ်ခံရဲရတယ်။ ဆဲတဲ့စာရေးသူ ရှေ့ကိုထွက်ခဲ့ပါ"

မြေဖြူမကိုင်ခင် ဆရာ၏လက်က ကြိမ်လုံးကိုကိုင်ပါလေပြီ။ သည်အချိန်မှာတော့ ကာယသတ္တိသမား သိုင်းတတ်သူ မောင်ရဲဝင်း တစ်ယောက် ကြောက်ဒူးတုန်နေပြီ။ ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မနည်းဟန်ဆောင်နေရသည်။ သူရေးတာ ဘယ်သူများ သိသွားလေသလဲဟူသော စိုးရိမ်စိတ်ဖြင့် တစ်တန်းလုံးကို လှည့်ပတ်ကြည့်လိုက်မိသေးသည်။

"ကဲ..လုဂ်တဲ့လူက သူရဲဘောကြောင်နေရင် ဘယ်သူရေးလဲဆိုတာ မြင်တဲ့သူက တာဝန်ရှိရှိ လာပြောကြ"



မိနစ်အတော်ကြာသည်အထိ မည်သူမျှ ထွက်မလာသော အခါ ဆရာ အတော်ဒေါသ ထွက်သွားလေပြီ။

"ကဲ..ရေးတဲ့သူကလည်း ဝန်မခံဘူး၊ ဖော်တဲ့လူလည်း မရှိဘူးဆိုရင် တစ်တန်းလုံးရိုက်မယ်။ ရှေ့တန်းကနေ စထွက်"

တာဝန်မဲ့သူတစ်ယောက်ကြောင့် အားလုံးဒုက္ခရောက်ကြတော့မည်။ တစ်တန်းလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေစဉ်မှာပင် ကျောင်းသားတစ်ယောက် အတန်း အလယ်လောက်မှ ဖြတ်ခနဲထသွားပြီး ဆရာရှေ့တွင် လက်ပိုက်ကာ တစ်ဘက်သို့ လှည့်ပေးနေသည်ကို တွေ့ရသည်။ တစ်တန်းလုံး စိတ်ဝင်တစား လှမ်းကြည့်လိုက်ကြတော့ မျက်နှာတည်တည်ဖြင့် ရပ်နေသော မောင်မြင့်မြတ်ကို တွေ့လိုက်ကြရသည်။

"ဟယ်"

ဟူသော အာမေဍိတ်သံက' လျှံထွက်သွားသည်။ သည်လောက် စာကြိုးစားသော၊ သည်လောက် စိတ်ကောင်းရှိသော၊ သည်လောက်တည်ငြိမ်သော မောင်မြင့်မြတ်ရေးတာ မည်သို့မှ မဖြစ်နိုင်ဆိုတာကို တစ်ကျောင်းလုံးက အလိုလို သိနေကြသည်။ ထိုအချိန်မှာပင် ဆရာ့ထံမှ ကြိမ်ရိုက်သံ တရွှမ်းရွှမ်း ထွက်လာသည်။ ဆရာ၏ ကြိမ်ရိုက်သံ တစ်ချက်ထွက်လာတိုင်း မောင်မြင့်မြတ်က တင်ပါးမှာ နာနေသလို မောင်ရဲဝင်းက ရင်ထဲမှာနာနေသည်။ အများအတွက် မောင်မြင့်မြတ် အနစ်နာခံလိုက်သည်ကို မောင်ရဲဝင်း သိလိုက်လေပြီ။ မောင်ရဲဝင်းကား လက်သီးမထိုးရဘဲ မောင်မြင့်မြတ်ကို အရှုံးပေးရပြီ။

ကျောင်းဆင်း၍ ကျောင်းဝိုင်းအပြင်ဘက် ရောက်သည်နှင့် မော[illegible]င်းတစ်ယောက် မောင်မြင့်မြတ်၏လက်တစ်ဖက်ကို သူ့

လက်နှစ်ဖက်ဖြင့် သေချာဆုပ်ကာ မျက်ရည်တွေတွေကျရင်း တောင်းပန်ဝပ်တွားနေရလေပြီ။ အဆုံးတွင် ကာယသတ္တိသမားများသည် စိတ္တသတ္တိသမားများကို အရှုံးပေးရသည်သာ ဖြစ်ပါ၏။ ဆရာကြီး ဦးအောင်သင်း ငယ်ရွယ်စဉ် သရက်ထောင်၌ နိုင်ငံရေးမှုနှင့် ကျစဉ်က ဦးဘထွန်းအမည်ရှိ အမျိုးသားကြီး၏ စိတ္တသတ္တိနှင့် ပတ်သက်သော ဩဝါဒမှာ လူငယ်များအတွက် မှတ်သားစရာကောင်း လှသဖြင့် ကူးယူဖော်ပြလိုက်ပေသည်။

''ကျုပ်ပြောတဲ့ သတ္တိဆိုတာ စိတ်အားသတ္တိကိုပြောတာပါ။ စိတ်တန်ခိုးသတ္တိဆိုပါတော့။ အဲဒီသတ္တိမျိုး မွေးလိုက်မယ်ဆိုရင် ခင်ဗျားဘဝမှာ ပိုပြီးတိုးတက်အောင်မြင်နိုင်ပါလိမ့်မယ်။ ခင်ဗျားကို စိတ်အားသတ္တိ နည်းနေတယ်လို့ ပြောလိုက်တဲ့အတွက် စိတ်မဆိုးပါနဲ့။ တကယ်ခင်လို့မင်လို့ပြောတာပါ။ ကျွန်တော်က ခင်ဗျားကိုခင်မင်နေတော့ အမှတ်မထင် စိတ်ဝင်စားနေမိတာပါ။ ဒါကြောင့်လည်း ခင်ဗျားရဲ့ အားနည်းချက်ကို သတိပြုမိတာပေါ့။

ဥပမာဆိုပါတော့ တစ်နေ့တုန်းက ခင်ဗျား ခဲတံချွန်နေတယ်။ ခဲတံက မျိုးမကောင်းတော့ ခဲဆံက ကျိုးကျိုးသွားတယ်။ ခင်ဗျားစိတ်တိုလာတယ်။ နောက်တော့ ဆဲဆိုပြီး ခဲတံကို ဆောင့်ချိုးပစ်လိုက်တယ်။ ဒါဟာ စင်စစ်တော့ သက်မဲ့ပစ္စည်းနဲ့ ဖက်ပြီး ရန်ဖြစ်လိုက်တာပဲ။ သေချာစဉ်းစားကြည့်ရင် ခဲတံကို ဘာမှစိတ်ဆိုးနေစရာ မလိုဘူး။ သူ့အပြစ်ဘာများရှိလို့လဲ၊ မျိုးမကောင်းရင် ကျိုးမှာပေါ့။ မျိုးမကောင်းလို့ ခဲဆံက ဆတ်နေရင်



ခင်ဗျားကပဲ စိတ်ရှည်ရှည်ထားပြီး ချွန်ရမှာပေါ့။

စိတ်အားသတ္တိရှိတဲ့သူဟာ သက်မဲ့ပစ္စည်းနဲ့ ရန်မဖြစ်ဘူး။ နောက်ပြီး တိရစ္ဆာန်နဲ့ ရန်မဖြစ်ဘူး။ ကလေးတွေနဲ့ ရန်မဖြစ်ဘူး။ နောက်တော့ ဘယ်သူနဲ့မှ ရန်မဖြစ်တော့ဘူး။ ဒီထက်ရင့်လာတော့ အမျက်ဒေါသ နည်းပါးသွားကြတယ်။

တိရစ္ဆာန်တို့၊ ကလေးငယ်တို့ကို လိုအပ်သလို ဆုံးမရင်လည်း ရိုက်အုံး၊ နှက်အုံးတော့ အမျက် ဒေါသနဲ့ ရိုက်နှက်ခြင်း မပြုတော့ဘူး။ ကျုပ်ပြောတာက သိပ်ပြီး ရင့်ကျက်တည်ငြိမ်ရမယ်လို့ မဆိုလိုပါဘူး။

ဒါပေမဲ့ စိတ်တန်ခိုးသတ္တိကို ရနိုင်သမျှ လေ့ကျင့်သွားမယ်ဆိုရင် ခင်ဗျားအတွက် တကယ်အကျိုးရှိမယ်ထင်လို့ ပြောတာပါ။

စိတ်တန်ခိုးသတ္တိ ရှိရန်အတွက် မိမိကိုယ်နှုတ်စိတ်ကို တတ်နိုင်သမျှ ထိန်းရသည်။ ထိုင်သောအခါ ဒူးလှုပ်၊ ပေါင်လှုပ် မနေရပေ။ တည်တံ့စွာ ထိုင်ရသည်။ ပြောနေသောစကားများသည် ဘာမှအကျိုးမရှိဟု သတိထားမိသည်နှင့် ချက်ချင်းရပ်ပစ်လိုက်ရသည်။ သိပ်ကောင်းသောဟင်းနှင့်ထမင်းစားရသောအခါ တအားမြန်သွားတတ်သည်။ သေချာလည်း ဝါးဖို့ရာ သတိလွတ်သွားတတ်သည်။

ထိုအခါမျိုးတွင် ချက်ချင်းသတိကပ်၍ လောဘဇော ဖြစ်နေတာပါလားဟု သိပြီး ဘရိတ်အုပ်ရသည်။ မတရားသောနည်းဖြင့် လိုချင်တပ်မက်စိတ်၊ သူတစ်ပါးအကျိုး ပျက်စီးရာပျက်စီးကြောင်းစိတ်များကို တွေးမိလျှင်လည်း ချက်ချင်း သတိ

ကပ်ပြီး ရပ်နိုင်ရသည်။ တွေးချင်းတွေးလျှင် သူတစ်ပါးကို ပေးဖို့၊ ဒုက္ခရောက်နေလျှင် ကူညီဖို့ ကုသိုလ်ဖြစ်စရာအကြောင်းအရာကိုသာ တွေးရသည်။

ဇာတ်ပွဲ၊ ဘောလုံးပွဲ သွားကြည့်ဖို့ ကြုံနေသည်။ တစ်ပတ်အတွင်း တစ်ကြိမ်သာ ကြည့်မည်ဟု ဆုံးဖြတ်ထားသည်။ ယခုနှစ်ကြိမ် ဖြစ်နေပြီ။ မကြည့်တော့ဘူးဟု ဆုံးဖြတ်ပြီး မသွားဘဲနေလိုက်လျှင် စိတ်တန်ခိုးသတ္တိများ တိုးပွားလာပေသည်။ မည်သည့်အလုပ်ကိုလုပ်လုပ် ကာံ၊ ဉာဏ်၊ ဝိရိယချင်း တူနေလျှင် စိတ်တန်ခိုးရှိသူက ကျော်တက်သွားပေသည်။

ည အိပ်ခါနီးသည်နှင့် နမောတဿကို အခေါက်တစ်ရာရွတ်ပြီးမှ အိပ်မည်ဟု အဓိဋ္ဌာန်ပြုပြီး ညစဉ်အခေါက်တစ်ရာပြည့်အောင် စိတ်ထဲမှ ရွတ်ဆိုပူဇော်ခြင်းသည်လည်း စိတ်တန်ခိုးတိုးပွားကြောင်း တစ်မျိုးပင်ဖြစ်၏။ မိမိအလုပ်ထဲမှာ အချိန်ကြာကြာ စိတ်စိုက်ထားနိုင်ခြင်းအတွက် စိတ်တန်ခိုးရော၊ အလုပ်ရော တိုးတက်အောင်မြင်နိုင်ပါ၏။

စပိန်လူမျိုး စာရေးဆရာကြီး ဆာဗင်တီးက သတ္တိနှင့် ပတ်သက်၍ ယခုလို ပြောဖူး၏။

*စည်းစိမ်ဥစ္စာ ဆုံးရှုံးလျှင် များစွာဆုံးရှုံး၏။*
*ခင်ပွန်းကောင်းတစ်ယောက် ဆုံးရှုံးလျှင်*
*ပို၍ဆုံးရှုံး၏။*
*သတ္တိဆုံးရှုံးလျှင်ကား အားလုံးကုန်ပါလေပြီ။*

ဤ၌ ဆိုလိုသော သတ္တိကား စိတ္တသတ္တိပင်ဖြစ်၏။ ကာယသတ္တိကား စစ်တိုက်ရာတစ်ခု၌သာ သုံး၍ရ၏။ စိတ္တသတ္တိကား နေရာတကာ သုံး၍ရသည်။



## ဦးအောင်သင်း၏ စိတ္တသတ္တိ

ဝေဖန်ရေးစာရေးဆရာပေါင်း များစွာရှိသော်လည်း နှစ်အကြာဆုံး အောင်လည်းအောင်မြင်၊ ပရိသတ်လည်း လက်ခံသော စာရေးဆရာမှာ ဆရာကြီး ဦးအောင်သင်းပင် ဖြစ်သည်။ ဆရာကြီးသည် စိတ္တသတ္တိကို အကျဉ်းထောင်ထဲမှာကတည်းက လေ့ကျင့်ပျိုးထောင်ခဲ့သည်။ ထောင်ထဲတွင် ငါးယောက်တစ်ဝိုင်းစားကြရသည်။ အလယ်ဟင်းခွက်ထဲတွင် တစ်ဦး နှစ်ဖတ်နှုန်းဖြင့် ဆယ်ဖတ် ထည့်ပေးလိုက်သည်။ ဦးအောင်သင်းက တစ်ဖတ်နဲ့ လောက်အောင်စားကာ ကျန်တစ်ဖတ်ကို ဘဝတူများအားလောက်အောင် လှူလိုက်သည်။ ဤကား စိတ္တသတ္တိပင်ဖြစ်၏။

ဆရာကြီးတို့ စာရေးဆရာများ အပြင်သွားသည့်အခါတိုင်းလိုင်းကား စီးရတာ မလွယ်၊ မတ်တပ်တစ်နေရာစာပင် မနည်းရအောင် တိုးစီးရသည်။ ထိုင်နေသူတစ်ဦးဦးက ထတော့မည်ဟန်ပြင်လျှင် ရပ်နေသူများက တစ်ကိုယ်လုံးရှိအားများကို ခြေထောက်တွေ၊ လက်တွေမှာ ပို့ထားပြီး လုထိုင်ရန် ပြင်ဆင်ကြရသည်။ ထိုအခါမျိုးတွင်လည်း ဆရာကြီးက ယနေ့ ငါ့အတွက်ရသောနေရာကို လှူမည်ဟု ဆုံးဖြတ်ပြီး မထိုင်တော့ပေ။ ဤကား စိတ္တသတ္တိ သို့မဟုတ် စာရိတ္တသတ္တိပင်ဖြစ်၏။

ဆရာကြီး ဦးအောင်သင်းသည် ဆရာကြီးဦးရွှေအောင် ရေးသော ဒေဝဒတ်ဆောင်းပါး ကောင်းကြောင်းကို ချီးမွမ်းသောဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ ထိုဆောင်းပါးထဲတွင်–

"ဆရာကြီး ဦးရွှေအောင်လို ဆောင်းပါးမျိုး တစ်ပုဒ်လောက်ရေးနိုင်ပါလျှင် ကျွန်တော်တစ်သက်လုံး ရေးခဲ့တဲ့ ဆောင်းပါး

အပုဒ်ပေါင်း နှစ်ရာကျော်ကို တစ်ခါတည်း အမှိုက်ခြင်းထဲ ထည့်ပစ်လိုက်ချင်ပါတယ်''

ဟုပင် ရေးသားခဲ့သည်။

သူတစ်ပါးကောင်းကြောင်း ချီးမွမ်းရုံသာမက မိမိညံ့ကြောင်းကိုပါ ပြောရဲဖို့သည် သာမန်စိတ်ဓာတ်ဖြင့် မလွယ်ကူပေ၊ စိတ္တသတ္တိ တော်တော် မြင့်မားသောကြောင့်သာ ပြောရဲခြင်းဖြစ်သည်။ စာရေးသူ ရေးသားသော စာရိတ္တသတ္တိစာအုပ်လေးကိုလည်း လူငယ်တိုင်း ဖတ်သင့်ကြောင်း မုဒိတာ ဆောင်းပါးတစ်ပုဒ်ကို ရှေးကွက်ဂျာနယ်တွင် **မျိုးဆက်သစ် တိုးတက်ရစ်ဖို့ စာရိတ္တသတ္တိ** ဟူသော အမည်ဖြင့် ရေးသားခဲ့သည်။

ဆရာကြီး ရေးသားချက်ကြောင့် စာရေးသူ၏ စာအုပ်များသည် ဘာသာရေးလူငယ်များကိုလွန်၍ ခေတ်လူငယ်များ၏ စာအုပ်စင်သို့ပါ ရောက်ခဲ့ရသည်မှာ ဆရာကြီး၏ ကျေးဇူးပင်ဖြစ်၏။ ၈၈ ခုနှစ်က မြန်မာပြည်ကြီးသည် သူတစ်လူ ငါတစ်မင်းဖြင့် ဝါးအစည်းပြေသလို ဖြစ်နေ၏။ ထိုအချိန်မှာပင် အင်းဝကို မိစ္ဆာဒိဋ္ဌိသိုဟန်ဘွားက သိမ်းယူအုပ်ချုပ်နေသည်။

မင်းအဖြစ်နှင့် ထိုက်တန်သော မင်းကြီးရန်နောင်သည် အေးချမ်းစွာ နေလိုသောကြောင့် အားလုံးနှင့် သင့်မြတ်အောင်နေသည်။ သိုဟန်ဘွား၏ မျက်နှာသာပေးခြင်းကိုပင် ခံရသည်။ တစ်ခါတွင် သိုဟန်ဘွားသည် တစ်ပြည်လုံးမှ ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းကပ်ပွဲလုပ်သည်။ မြန်မာများမှာ သိုဟန်ဘွား၏ ပရိယာယ်ကို မသိဘဲ ဝမ်းမြောက်နေကြသည်။

ကြွလာသော ရဟန်းတော်များကို ပုန်းစောင့်နေသော သိုဟန်ဘွား၏ တပ်သားများက ဓားနှင့်ခုတ်သတ်ရာ အပါးပေါင်း



ရာနှင့်ချီ၍ ပျံလွန်တော်မူခဲ့ရသည်။ ၈၈ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်သည် မြန်မာပြည်သာသနာအတွက် အမည်းကွက်ကြီး ဖြစ်ရလေပြီ။ မင်းကြီးရန်နောင်၏ အေးနေသော သွေးများသည် သာသနာအတွက် နွေးခဲ့ရလေပြီ။ မြန်မာဘုရင် အဆက်ဆက် ကိုင်ခဲ့သော နာမည်ကြီးဓါးများကို ကိုယ်တိုင်ကြည့်ချင်သော သိုဟန်ဘွားအား မင်းကြီးရန်နောင်ကိုယ်တိုင် ယိမ်းနွဲ့ပါးဓားဖြင့် ခေါင်းဖြတ်သတ်ခဲ့သည်။

ပြတ်လိုက်သည့်ဓား။ သိုဟန်ဘွား၏လည်ပင်းသာမက သူထိုင်နေသော ပလ္လင်ပါ ထက်ခြမ်းပြတ်သွားသည်ဟု ဆိုသည်။ မြန်မာရွှေနန်းကို မြန်မာများ ပြန်လည်သိမ်းပိုက်မိသည်နှင့် မင်းကြီးရန်နောင်ကို နန်းတင်ကြသည်။ မင်းကြီးရန်နောင်ကား လက်မခံ။ ဤအချက်သည် ယနေ့ခေတ် တပ်မတော်သားများအားလုံး အတုယူစရာပင်ဖြစ်သည်။ မင်းကြီးရန်နောင်ပြောသောစကားကို နားထောင်ကြည့်ပါ။

### မင်းကြီးရန်နောင်၏ စိတ္တသတ္တိ

''ငါသည် ပြည်သူနှင့် သာသနာအတွက် မင်းဆိုးမင်းညစ်ကို လုပ်ကြံရခြင်းဖြစ်သည်။ မင်းအဖြစ်လိုချင်၍ လုပ်ကြံခြင်း မဟုတ်။ မြန်မာ့ရာဇဝင်တွင် မင်းကြီးရန်နောင် မင်းအဖြစ်ကို လိုချင်၍ သိုဟန်ဘွားကို လုပ်ကြံကြောင်း သမိုင်းမတွင်ချင်။ ဗုဒ္ဓသာသနာ ကြည်ညိုသော မင်းသားတစ်ပါးပါးကို နန်းတင်လော့၊ ငါသည်ကား ယနေ့ပင် ရဟန်းပြု၍ တောထွက်အံ့''

ဤသည်ကား စိတ္တသတ္တိပင်ဖြစ်၏။ သိုဟန်ဘွားကို သတ်ရဲခြင်းသည် ကာယသတ္တိ[illegible]သည်။ မင်းအဖြစ်ကို စွန့်ရဲခြင်းသည်

စိတ္တသတ္တိ ဖြစ်သည်။ မြန်မာဘုရင် အဆက်ဆက်သည် တကောင်းမှစ၍ ယနေ့တိုင်အောင် ကာယသတ္တိသာ ရှိကြ၏။ စိတ္တသတ္တိ မရှိကြ။ ထို့ကြောင့် မြန်မာပြည်ကြီးသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဖြစ်သို့ ရောက်နေရခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ် ရှစ်လပိုင်းက ထိုင်ဝမ်တွင် ကျရောက်ခဲ့သော မော်ရာကွတ်မုန်တိုင်းကြောင့် လူပေါင်းခုနစ်ရာကျော် သေဆုံးခဲ့ရသည်။ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ၄၄ ယောက်တို့သည် မိမိတို့စီမံမှုညံ့ဖျင်းသောကြောင့်သာ လူပေါင်းခုနစ်ရာကျော် သေရခြင်း ဖြစ်သည်ဟု ခံယူပြီး ရာထူးမှ ချက်ချင်းနုတ်ထွက်ပေးကြသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းတွင် လူပေါင်း သိန်းနှင့်ချီ၍ သေဆုံးခဲ့ရသည်။ အစိုးရ ခန့်မှန်းသည်က သေဆုံးသူ တစ်သိန်း ရှစ်သောင်းခန့်ဟူ၏။ သတင်းလိမ် လွှင့်နေကျဖြစ်သောကြောင့် သူတို့ထုတ်ပြန်သော ကိန်းဂဏန်းတွင် အမြဲ သုညတစ်လုံး တိုးရသည်။ ထို့ကြောင့် သေရသူပေါင်း တစ်သန်းနှင့် ရှစ်သိန်းဖြစ်ဖို့များသည်။ သေဆုံးသူအရေအတွက်မှာ နောက်ဖော်ပြသည့် ဂဏန်းဖြစ်ဖို့ များသည်။

စာရေးသူတို့ သွားရောက်ထောက်ပံ့စဉ်အချိန်က မုန်တိုင်းဖြစ်ပြီး ၁၅ ရက်ပင် ကျော်နေပြီ။သို့သော် လပွတ္တာမြို့နယ်ရှိရွာပေါင်း ၇၇ ရွာသို့ဝင်သော နေရာတိုင်းနီးပါး အလောင်းတွေ ရေမျောနေတုန်းရှိကြသေးသည်။ ကိုယ်တိုင်လည်း ပြည့်စုံအောင် မကယ်ဆယ်၊ မထောက်ပံ့နိုင်၊ ထောက်ပံ့နိုင်သော နိုင်ငံများက ဝင်ကူမည်ကိုလည်း လက်မခံဘဲ သတင်းမှောင်ချထားရက်ကြသည်။



ထိုအချိန်က သူတို့ရေးဆွဲသော ဥပဒေကိုသာ တစ်ပြည်လုံးက ထောက်ခံမဲပေးအောင် ဖွတ်ဆွဲဆောင်နေချိန်ဖြစ်သည်။ လှိုင်ဝှက်ကာတွန်းလေး တစ်ကွက်က အတော်နာမည်ကြီးသွားသည်။ ရွာလေးတစ်ရွာတွင် ကုန်းကမူလေးတစ်ခုသာ ရေတွင်ပေါ်တော့သည်။ ထိုကုန်းကမူပေါ်တွင် ရွာသူရွာသား ဆယ်ဦးခန့်က ကယ်ဆယ်မည့်သူ၊ အစာရေစာပို့မည့်လူကို စောင့်နေကြသည်။ ထိုအချိန်မှာပင် စစ်ရောင် ဟတ်စကီးတစ်စင်း တဖြည်းဖြည်းချင်း နိမ့်ဆင်းလာသည်။

ဒုက္ခသည်များက လက်ကလေးများမြှောက်ပြီး ဝမ်းသာအားရ ကြိုဆိုကြသည်။ ကုန်းကမူပေါ်ရောက်သည်နှင့် စက္ကူပုံးကြီး တစ်ပုံးကိုချပြီး ဟတ်စကီးက ပြန်တက်သွားသည်။ ပုံးကြီးကား ဆန္ဒမဲပေးရန် ပုံးကြီးပင်ဖြစ်ပါလေ၏။ ဤကာတွန်းမှာ ယုတ္တိရှိသော ကာတွန်းဖြစ်သည်။ စာရေးသူ၏ အနေအထားအရ လပွတ္တာတစ်မြို့နယ်ထဲသာ ထောက်ပံ့နိုင်ခဲ့သည်။ လပွတ္တာမြို့နယ်၏အစွန်ဆုံး ပင်လယ်နှင့်အနီးဆုံးရွာနှစ်ရွာမှာ မာလာတစ်နှင့် မာလာနှစ်ရွာတို့ပင် ဖြစ်သည်။

မုန်တိုင်းဖြစ်တာ ၁၅ ရက်ကျော်ခဲ့ပြီဖြစ်သော်လည်း မည်သည့် အထောက်အပံ့မှ မရသေးပေ။ စာရေးသူတို့ရောက်မှသာ စားစရာ၊ ဝတ်စရာများကို ရခြင်းဖြစ်သည်။ အရင်တစ်ပတ်လောက်က ဟတ်စကီးတစ်စင်း ဆင်းလာပြီး ရေသန့်ဗူးတစ်ကပ်သာ ချသွားပေးကြောင်း ပြောပြကြသည်။ ထိုဖြစ်ရပ်မှန်ကို မန္တလေးမြို့ တရားပွဲတွင် ထည့်ဟောသဖြင့် စာရေးသူ၏ တရားပွဲ တစ်ပတ်ခန့် အပိတ်ခံလိုက်ရသေးသည်။

ထိုင်ဝမ်မှာ လူခုနစ်ရာကျော် သေရုံဖြင့် ဝန်ကြီးချုပ်နှင့်

အုပ်ချုပ်သူ ၄၄ ယောက် ချက်ချင်းနှုတ်ထွက်သည်။ မြန်မာပြည်မှာကား လူပေါင်း ခုနစ်သိန်းကျော် သေသော်လည်း နှုတ်ထွက်မပေးသည့်အပြင် မသမာသောကြိုးတင်မဲများဖြင့် ငါးနှစ်အာဏာကို ဆက်ယူလိုက်သေးသည်။ ဤအမည်းကွက်ကြီးများကိုလည်း တပ်မတော်သမိုင်းတွင် ဖျက်၍မရနိုင်တော့ပေ။

ငါးစီးရှင်ကျော်စွာသည် ပင်လယ်မြို့ကို စားရသောအခါ ညီတော် စစ်ကိုင်းသား အသင်္ခယာစောယွန်းကို လုပ်ကြံချေဟူ၍ ကျွန်ယုံ ခင်ညိုကို ခိုင်းလိုက်သည်။ ခင်ညိုသည် စစ်ကိုင်းသို့ ကူး၍ အရိပ်အခြေကြည့်ရာ အခွင့်မသာသဖြင့် တောထဲတွင် သုံးရက်ကြာမျှ ပုန်းနေရသည်။ ထို့နောက်မှ အခက်အခဲမျိုးစုံကို ကျော်ဖြတ်၍ နန်းတော်ထဲသို့ ဝင်နိုင်ခဲ့သည်။

နန်းတော်ထဲသို့ရောက်သည်နှင့် အသင်္ခယာစောယွန်း နတ်တင်ထားသော ထမင်းဟင်းများကို ဆာဆာနှင့် ယူစားလိုက်မိသည်။ သုံးရက်တိုင်တိုင် ထမင်းငတ်ထားသည် မဟုတ်ပါလော။ အိပ်ဖန်စောင့်များကို သတ်သင့်တာ သတ်၊ ကျော်လွှားသင့်တာ ကျော်လွှားပြီးအသင်္ခယာစောယွန်း၏ အိပ်ဆောင်ထဲသို့ ရောက်ပေပြီ။ အသင်္ခယာစောယွန်းကား အိပ်မောကျနေလေပြီ။ ခင်ညိုသည် ဓားနှင့်ပိုင်းရန် ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို အမှတ်ရသဖြင့်ခုတ်မည့်ဓားကို လေထဲမှာပဲရပ်ထားလိုက်မိသည်။

**ခင်ညို၏ စိတ္တသတ္တိ**

ငါသည် အသင်္ခယာစောယွန်း၏ နတ်တင်ထားသော ထမင်းဟင်းကို စားမိခဲ့ချေပြီ။ အသင်္ခယာစောယွန်းသည် ငါ၏ ထမင်းသခင် ကျေးဇူးရှင်ဖြစ်ပေပြီ။ ကျေးဇူးရှင်ကို သတ်လိုက်



ပါက ငါ့လောက်ယုတ်မာသောသူ ဤ ဇမ္ဗူတွင် ရှိနိုင်တော့မည် မဟုတ်ချေ။

ငါ၏အရှင် ငါးစီးရှင်ကျော်စွာက အသင်္ခယာစောယွန်းကို လုပ်ကြံဖို့ ငါ့ကိုခိုင်းလိုက်သည်ဖြစ်ရာ မလုပ်ကြံဘဲနှင့် ပြန်သွားလျှင် ငါးစီးရှင်ကျော်စွာက ငါ့ကိုသတ်လိမ့်မည်။ သတ်လိုက သတ်စေတော့။ ရှင်ဘုရင် သတ်ပါက တစ်ဘဝမှာ တစ်ခါသာ သေရမည်။ ထမင်းရှင်ကို ပြစ်မှားမိပါက ဘဝဆက်တိုင်း ဒုက္ခခံရတော့မည်။

အသင်္ခယာစောယွန်း၏ အိပ်ဆောင်ထဲ တကယ်ရောက်ခဲ့ကြောင်း သက်သေပြရန် စောယွန်း၏ လက်သုံးတော် ကျောက်စီဓါးကို ခင်ညို ယူဆောင်သွားခဲ့သည်။ အကြောင်းစုံသိသွားသော ငါးစီးရှင်ကျော်စွာက ခင်ညိုကို သေဒဏ်မပေးဘဲ ဆက်လက် ချီးမြှောက်ခဲ့သည်။ ထမင်းတစ်နပ်၏ကျေးဇူးကိုပင် သိသော ခင်ညိုသည် ထမင်းအနပ်ပေါင်း များစွာကျွေးထားသော ငါ၏ ကျေးဇူးကိုကား ပို၍သိပေလိမ့်မည်ဟု ဆင်ခြင်နိုင်ခြင်းသည် ခေါင်းဆောင်ကောင်း၏ အရည်အချင်းတစ်ခုပင်ဖြစ်သည်။

တပ်မတော်အာဏာသိမ်းပြီး ၁၉၆၂ ခုနှစ်မှစ၍ နှစ်ပေါင်း ငါးဆယ်အတွင်း တပ်မတော်သားများ သတ်ခဲ့သော ရဟန်းရှင်လူ ပြည်သူများ၏ အသက်ပေါင်း သောင်းနှင့်ချီခဲ့လေပြီ။ ငါးသိန်းကျော်သော တပ်မတော်သားများထဲတွင် ခင်ညိုလို ထမင်းရှင်၏ကျေးဇူးကိုသိသော ရဲဘော်တစ်ယောက်မျှမပါခဲ့သည်မှာ အံ့သြစရာကောင်းပေစွ။ ပြည်သူသာအမိ၊ ပြည်သူသာအဖဟု သတ်မှတ်ရမည့်အစား တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဟု ကမ္ပည်းတပ်ခဲ့သည့် ဆိုးကျိုးများသာ ဖြစ်ပေ၏။

တပ်မတော်သားအားလုံး၏ စားဝတ်နေရေးကို ပြည်သူများက တာဝန်ယူထားသည် မဟုတ်ပါလော။ မြန်မာပြည်ကြီး အမြဲအေးချမ်းစေချင်လျှင် ဒီမိုကရေစီစနစ် တစ်မျိုးတည်းနှင့် မရနိုင်သေး။ ဗိုလ်လောင်းများနှင့် တပ်မတော်သားအားလုံးကို ခင်ညိုလို စိတ္တသတ္တိမျိုး ဖြစ်ပေါ်လာအောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။ အမေရိကန်သမ္မတပေါင်း ယခု ၂၀၁၂ အထိ ၄၄ ဦးရှိခဲ့ပြီဖြစ်သော်လည်း ဆယ့်ခြောက်ဦးမြောက် သမ္မတ အေဗရာဟင်လင်ကွန်းနှင့် သုံးဆယ့်ငါးဦးမြောက် သမ္မတ ဂျွန်ဖစ္စဂျယ်ရာကနေဒီတို့နှစ်ဦးကိုသာ အမေရိကန်ပြည်သူများနှင့် ကမ္ဘာသူကမ္ဘာသားများက အမြဲတမ်း အမှတ်ရ ကြည်ညိုနေကြသည်။

အမေရိကန်တွင် လူမည်းနီဂရိုးပေါင်း သန်းနှင့်ချီ၍ ရှိနေသော်လည်း ငြိမ်းချမ်းရေးနိုဗယ်ဆုရ မာတင်လူသာကင်းကိုသာ တစ်ကမ္ဘာလုံးက လေးစား ကြည်ညိုကြသည်။ အဘယ်ကြောင့်နည်း။ နှစ်ပေါင်းများစွာ လူစာရင်း အသွင်းမခံရဘဲ တိရစ္ဆာန်စာရင်း အသွင်းခံနေရသော လူမည်းများကို လင်ကွန်းက ကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပြုရန် ဥပဒေကြမ်းကို တင်သည်။ နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ ဒေသမစွဲဘဲ မှန်သည့်ဘက်က နေရဲခြင်းသည် စိတ္တသတ္တိရှိခြင်းပင်ဖြစ်သည်။

**စိတ္တသတ္တိရှိသူ အမေရိကန်သုံးယောက်**

ထိုဥပဒေကို အတည်ပြုပေးခြင်းကြောင့် အမေရိကန်တောင်ပိုင်းက နိုင်ငံမှခွဲထွက်ကာပုန်ကန်သဖြင့် ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့ရသည်။ လင်ကွန်း ဦးဆောင်သောမြောက်ပိုင်းက အနိုင်ရသဖြင့်



နီဂရိုးအားလုံး ကျွန်အဖြစ်မှ လွတ်မြောက်သွားကြသည်။ ထိုဥပဒေကြောင့်ပင် လင်ကွန်းသည် သဘောထား သေးသိမ်သော လူဖြူတစ်ယောက်၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

လူမည်းများကို ကျွန်အဖြစ်မှ လွှတ်ပေးလိုက်ခြင်းသည် တစ်ကျွန်းကျသူများအား လမ်းစရိတ်မပေးဘဲ ထွက်သွားခိုင်းခြင်းနှင့်တူသည်ဟု လူမည်းခေါင်းဆောင် မာတင်လူသာကင်းက ပြောခဲ့သည်။ မှန်၏။ လူမည်းများသည် ကျွန်အဖြစ်မှ လွတ်လာသော်လည်း ကျွန်လို သဘောထားခံရတုန်းသာဖြစ်သည်။ လိုင်းကားစီးလျှင် လူဖြူထိုင်သောခုံတွင် လူမည်းမထိုင်ရပေ။ လူဖြူ ကလေးများ အပ်သောကျောင်းတွင် လူမည်းကလေးများ အပ်၍မရ။ အနာကြီးရောဂါသည်များကို မြန်မာပြည်သူများ ပစ်ထားသလိုဟု ပြောလိုက်လျှင် ပိုရှင်းမည်ထင်သည်။

ထို့ကြောင့် လူဖြူပိုင်ကားများကို လူမည်းများ တစ်ယောက်မျှမစီးတော့ခြင်း၊ လူဖြူဆိုင်များတွင် လူမည်းများက လုံးဝမဝယ်တော့ခြင်းဖြင့် အရိုက်အနက်ခံ၊ အသတ်ခံပြီး မာတင်လူသာကင်း ခေါင်းဆောင်သော လူမည်းများက မဟတ္တမဂန္ဒီ၏နည်းအတိုင်း ငြိမ်းချမ်းစွာဆန္ဒပြကြသည်။ လူမည်းများတို့ တန်းတူရည်တူ ဆက်ဆံရမည့် ဥပဒေကို အတည်ပြုပေးသူမှာ သမ္မတ ကနေဒီပင်ဖြစ်သည်။ မာတင်လူသာကင်းရော၊ သမ္မတ ကနေဒီရော အနစ်နာခံပြီး ထိုဥပဒေ အတည်ဖြစ်အောင် ကြိုးစားကြရခြင်းဖြစ် သည်။

မည်မျှထိ အနစ်နာခံရသနည်း။ နှစ်ဦးလုံး လူဖြူများ၏ လုပ်ကြံမှုကြောင့် ကွယ်လွန်ခဲ့ကြရပေသည်။ သူတို့၏ အသက်ပါ ပေးခဲ့ကြရသော စိတ္တသတ္တိကြောင့် လူမည်း အိုဘားမားသည်

၄၄ ဆက်မြောက် အမေရိကန် သမ္မတ ဖြစ်ခွင့်ရခဲ့ခြင်းပင်။ အရင်က လူမည်းများ မဲပင်ပေးခွင့်မရခဲ့ကြပေ။

***(စာအုပ်အညွှန်း)*** ဤပုဂ္ဂိုလ်သုံးဦး၏ အကြောင်းအရာ အကျယ်ကို (၁)ဇစ်မြစ်၊ (၂)ဦးလေးတွမ်၊ (၃)လင်ကွန်း၊ (၄)ကနေဒီ၊ (၅)မာတင်လူသာကင်း စာအုပ်များတွင် ဖတ်ကြပါကုန်။ စစ်ပွဲကြီးအကျယ်ကို သိလိုပါက လေရူးသုန်သုန်ဝတ္ထုစာအုပ်ကြီးတွင် ဖတ်တော်မူကြပါကုန်။ စာရေးသူ အတွဲလိုက် အားပါးတရ ရေးသားမည့် အသာစံခြင်းနှင့် အနာခံခြင်း စာအုပ်တွင်လည်း ထိုစိတ္တသတ္တိပိုင်ရှင် သုံးဦးအကြောင်းကို စိတ်ဝင်စားစရာအကြောင်းများချည်း အနှစ်ချုပ်၍ ရေးသားရန် စီစဉ်နေပါသည်။

လူငယ်များ၏ ပညာရေးကို မိဘတို့ချုပ်ချယ် အာဏာပေးစီမံမှုတို့ကြောင့် ကလေးများဒုက္ခရောက်ရပုံမှတစ်ဆင့် စိတ္တသတ္တိအကြောင်းကို ဘေးထွက်ရေးသားခဲ့ရာ အတော် ပြည့်စုံသွားသဖြင့် မိမိဝါသနာပါရာ တက္ကသိုလ်ကို တက်ခွင့်ရလျှင် ထူးချွန်ပုံ၊ ပျော်စရာကောင်းပုံ လက်တွေ့ ဖြစ်ရပ်အချို့ကို ဆက်လက်တင်ပြပါမည်။

### အောင်မြင်တဲ့ဆရာဆိုတာ

ဆရာထက် တပည့် လက်စောင်းထက်ဆိုတဲ့ စကားပုံကို မြန်မာတွေက မလိုလားအပ်တဲ့ အဖြစ်မျိုးနဲ့ သုံးစွဲနေကြတယ်။ အမှန်အားဖြင့်တော့ တကယ်ကောင်းတဲ့စကားပါ။ တကယ့်ကို လိုလားအပ်တဲ့စကားပါ။ ဆရာဆိုတာ ကိုယ့်တပည့်ကို ကိုယ့်အရွယ်ရောက်လာရင် ကိုယ့်ထက်တော်သွားအောင် သင်ပေးနိုင်ရမယ်။ မြှင့်တင်ပေးနိုင်ရမယ်။ ညွှန်နိုင်ရမယ်။ အဲဒါမှ အောင်



မြင် ပေါက်ရောက်တဲ့ ဆရာလို့ခေါ်တယ်။

ဒီလို ကိုယ့်တပည့်က ဆရာထက်လက်စောင်းထက်အောင်၊ နောက်ထပ် ပြီးတော့လည်း ဆင့်ကဲဆင့်ကဲ လက်စောင်းထက်သွားအောင် သင်ပေးနိုင်ကြမှသာလျှင် လူ့လောကကြီးကလည်း မြင့်သည်ထက်မြင့်လာနိုင်မယ်။ ဒီလို မဟုတ်ဘဲ တပည့်တွေက တစ်ဆင့်ထက်တစ်ဆင့် ညံ့သထက်ညံ့လာကြမယ်ဆိုရင် အောက်ဆုံး အဝီစိ ရောက်ကုန်ကြမှာပေါ့။

*(အင်္ဂလိပ်ခေတ် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်)*

•

ဖော်ပြခဲ့သည့် ဩဝါဒကိုပေးခဲ့သူ ဦးဖေမောင်တင်သည် ဆယ်တန်း အောင်စဉ်အချိန်က ဂုဏ်ထူးများများ၊ အမှတ်ကောင်းကောင်း ရခဲ့သော်လည်း မိမိဝါသနာပါရာ ပညာရေးတက္ကသိုလ်ကို တက်ခဲ့သောကြောင့် ကမ္ဘာကပင် သိသော မြန်မာပြည်သားကြယ်တစ်ပွင့် ဖြစ်ခဲ့ရခြင်းပင်။ သူတို့ခေတ်က ဆယ်တန်းတွင် အမှတ်ကောင်းကောင်းဖြင့် အောင်ပါက အိုင်စီအက်(စ်) (မြို့အုပ်/နယ်ပိုင်)ဝတ်လုံဘက်လိုက်သူက များသည်။

ယခုခေတ် ဆေးတက္ကသိုလ် တက်ချင်ကြသလိုပင်ဖြစ်သည်။ သို့သော် သင်ကြားရေးမှာသာ ဝါသနာပါသော ဦးဖေမောင်တင်သည် ငွေနောက်သို့ မလိုက်ဘဲ ဝါသနာပါရာနောက်သို့သာ လိုက်ခဲ့သည်။ ထိုသို့ ရွေးချယ်မှုမှန်ကန်ခဲ့သောကြောင့် နိုင်ငံအတွက်လည်း အကျိုးရှိခဲ့သလို သူ့အတွက်လည်း တစ်သက်လုံး စိတ်ချမ်းသာခဲ့ရသည်။ စိတ်ချမ်းသာသောကြောင့် အသက်လည်း

ရှည်ခဲ့သည်။ ဦးဖေမောင်တင်သည် အသက် ၉၀ နားနီးမှ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

သူသည် အိန္ဒိယနိုင်ငံမှ မဟာဝိဇ္ဇာ(အမ်အေ)ဘွဲ့ကို မြန်မာပြည်မှ အဝေးရောက် လှမ်းဖြေပြီး အရယူခဲ့ခြင်း ဖြစ်သည်။ တက္ကသိုလ်ပါမောက္ခကြီး ဖြစ်ပြီးမှ အင်္ဂလန်သွားပြီး ဘွဲ့တစ်ခု ထပ်ယူခဲ့သေးသည်။ မျိုးချစ်စိတ်ဓာတ် အလွန်ပြင်းထန်သူဖြစ်သည်။ တက္ကသိုလ်တွင် မြန်မာစာပါအောင် လုပ်ဆောင်ခဲ့သူမှာ ဆရာကြီး ဦးဖေမောင်တင်ပင်ဖြစ်သည်။

စာရေးဆရာတိုင်း အားကိုးအားထားပြုရသည့် မြန်မာစာပေသမိုင်းစာအုပ်ကြီးကိုလည်း အလုပ်များသည့်ကြားက ပြုစုပေးခဲ့သေးသည်။ ဝမ်းသာဂုဏ်ယူစရာအကောင်းဆုံးမှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစာအုပ်ကြီးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ အကျယ်သိလိုပါက မလေးလုံ ရေးသားသော ***ဦးဖေမောင်တင် သို့မဟုတ် ဘသက်ရှည်*** ဟူသော စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

•

## သေချာပေါက် အသက်ရှည် စိတ်ချမ်းသာနည်း

လူတစ်ယောက်အား တစ်ဘက်မှာ စိတ်ချမ်းသာမှုနှင့် အသက်ရှည်မှု ရှိသည်။ အခြားတစ်ဘက်မှာကား ပိုက်ဆံပုံကြီး ရှိသည်။ ကြိုက်ရာရွေးပါဟု ပြောလျှင် စိတ်ချမ်းသာမှုနှင့် အသက်ရှည်မှုကိုသာ လူကောင်းမှန်သမျှရွေးကြမည် ထင်သည်။ မှန်၏။ စိတ်ဆင်းရဲပြီး အသက်တိုစွာ နေရမည့်လူ တစ်ယောက်အတွက် ပိုက်ဆံသည် ဘာအသုံးကျပါမည်နည်း။ စိတ်ချမ်းသာမှုနှင့်



အသက်ရှည်မှုကို ရသူများသည် မိမိဝါသနာပါရာကို လုပ်ခွင့်ရသွားသူများပင် ဖြစ်၏။

ထို့ကြောင့် မိဘများသည် မိမိ၏သားသမီးများ အသက်ရှည်ပြီး တစ်သက်လုံး စိတ်ချမ်းသာစေချင်လျှင် သူတို့ဝါသနာပါသော တက္ကသိုလ်ကိုသာ တက်ခွင့်ပေးသင့်သည်။ ဝါသနာပါသော အလုပ်ကိုသာ လုပ်နေရလျှင် ပင်ပန်းသည်လည်း မရှိ။ ငြီးငွေ့သည်လည်း မရှိ၊ စိတ်လည်းမဆင်းရဲ၊ ကျန်းမာရေးလည်း မထိခိုက်ပေ။ လူတစ်ယောက်ကို ငွေရဖို့တစ်ခုတည်းအတွက် နေရာမှ မထဘဲ (၂၂)နာရီ ၃ ရက်တိတိ အလုပ်ခိုင်းကြည့်ပါ။ စိတ်ညစ်တာနှင့် သေသွားပါလိမ့်မည်။ သို့သော် ဝါသနာပါသောအလုပ်ကိုကား ပျော်ရွှင်စွာ လုပ်နိုင်ပါသည်။

လျှပ်စစ်မီးကို တီထွင်ခဲ့သော အက်ဒီဆင်သည် အသံဖမ်းဓာတ်စက်၊ ဓာတ်ပြားကို တီထွင်စဉ်က သုံးရက်တိုင်တိုင် အခန်းထဲမှ မထွက်ခဲ့ရပေ။ အချိန်ကုန်မှာစိုးသောကြောင့် ထမင်းပင် မစားပေ၊ သုံးရက်လုံးလုံး နွားနို့နှင့် ဘီစကစ်ကိုသာ စားနေခဲ့သည်။ အိပ်စက်ခြင်းလည်း တစ်ကြိမ်မှ မရှိခဲ့ပေ။

အသိဉာဏ် ဗဟုသုတ ကြွယ်ဝချင်သူများ၊ စာရေးဆရာဖြစ်ချင်သူများသည် မျက်စိဖြင့် စာဖတ်ရုံနှင့် မလုံလောက်ပေ။ နားနှင့်လည်း စာဖတ်ရသည်။ ခြေထောက်ဖြင့်လည်း စာဖတ်ရသည်။ နားနှင့် စာဖတ်ခြင်းဟူသည် ဟောပြောပွဲများကို နားထောင်ခြင်းပင်ဖြစ်၏။ ခြေထောက်ဖြင့် စာဖတ်ခြင်း ဟူသည် ခရီးများများ သွားခြင်းပင်ဖြစ်၏။

ရယ်စရာ၊ ပြုံးစရာလည်းပါ၊ ဒဿနလည်းပါသော ဟောပြောချက် သုံးခုလောက်ကို လူငယ်များအတွက် ပြောကြားတင်ပြ

ချင်ပေသည်။ ထိုဟောပြောခွေထဲတွင်ပါသော ကာတွန်းဆရာ အော်ပီကျယ်က အရင်ဟောပြောသည်။ အော်ပီကျယ် ထိုင်းနိုင်ငံသို့ ရောက်သွားသောအခါ တောရောမြို့ပါ လျှပ်စစ်မီးနှင့်ရေ၊ အိမ်တိုင်းတွင်ရှိသည်။

ထိုင်းနိုင်ငံ၌ မီးပျက်သည်ဆိုသည်မှာ မကြားဖူးသလောက်ပင်။ ထို့ကြောင့် အော်ပီကျယ်က ချီးကျူးစကားဆိုရာ ထိုင်းနိုင်ငံသား ပြန်ပြောလိုက်သည်က–

''မင်းတို့မြန်မာပြည်က ဓာတ်ငွေ့တွေဝယ်ပြီး အခုလိုတစ်ပြည်လုံး လျှပ်စစ်မီးပေးနိုင်တာဖြစ်ကြောင်း'' ဖြေသည်ဟူ၏။ မြန်မာတစ်ပြည်လုံးကိုသာ ထိုဓာတ်ငွေ့များဖြင့် လျှပ်စစ်မီးပေးလိုက်လျှင် အညာဒေသသည် သစ်ပင်ခုတ် ထင်းလုပ်သူများ ရှိတော့မည်မဟုတ်ချေ။ မှန်ပေ၏။ ဓာတ်ငွေ့များသာ တစ်ပြည်လုံး လောက်ငအောင် ရမည်ဆိုလျှင် ထင်းမီး၊ မီးသွေးနှင့်မည်သူမျှ သုံးလိမ့်မည် မဟုတ်ပေ။ ယခုသော်ကား ဓာတ်ငွေ့ကိုတော့ လုံလောက်အောင်မပေးဘဲ ထမင်းဟင်း ချက်စရာမရှိ၍ ထင်းခုတ်သူများ၊ မီးသွေးဖုတ်သူများကို လိုက်ဖမ်းနေခြင်းကား အလွန် သဘာဝမကျသော မြင်ကွင်းဖြစ်၏။

မြစ်ကြီးနားမြို့သို့ တရားဟောကြွစဉ်က လျှပ်စစ်မီး မပျက်၍ မေးကြည့်ရာ ငြိမ်းချမ်းရေးယူထားသော ကေအိုင်အေအဖွဲ့က တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ထုတ်၍ ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် အနည်းငယ်က မရက၊ ခရက လူကြီးများက ဦးဆောင်ပြီး ရေအားလျှပ်စစ်ထုတ်၍ မီးပေးမည်ဟု ဆိုကာ ငွေကောက်ကြသည်။ သောင်းနှင့်ချီ၍ ထည့်ကြရသည်။

သို့သော် မအောင်မြင်ဟုသာ သိကြရသည်။ ဘာကြောင့်



မအောင်မြင်ကြောင်း အသိမပေးဟု ဆို၏။ အမှန်က မအောင်မြင်လျှင် ကောက်ထားသောငွေများကို ပြန်ပေးရမည် မဟုတ်ပါလော။ ဥပဒေအထက်တွင် မရက နှင့် ခရကများ ရှိနေသောကြောင့် မြစ်ကြီးနားမြို့သူ မြို့သားများမှာ ချွေးနည်းစာငွေများ အလဟဿ ဆုံးရှုံးခဲ့ရသည်။ ဤသည်မှာ မြို့နယ်ခေါင်းဆောင်များ မှားသောကြောင့် မြို့သူမြို့သားများ ဒုက္ခရောက်ရခြင်းဖြစ်သည်။ အကယ်၍ နိုင်ငံ၏ ခေါင်းဆောင်တစ်ယောက်မှားလျှင် တစ်နိုင်ငံလုံးရှိ ပြည်သူများ ဒုက္ခရောက်ရပေလိမ့်မည်။

## ဂျုန်ဦးစောနှင့်တူသော သစ်ပင်

မြန်မာနိုင်ငံသားများသည် ဂျုန်ဦးစောနှင့်တန်းတူ မှန်းတီးသော အပင်တစ်မျိုးရှိသည်။ ထိုအပင်ကား ကြက်ဆူပင်ဖြစ်သည်။ ဦးသန်းရွှေနှင့်တကွ ထိုခေတ်ကလူကြီးများသည် နိုင်ငံကို မချစ် မဟုတ်၊ ချစ်ပါ၏။ သို့သော် နိုင်ငံကိုချစ်သော မေတ္တာတစ်ခုရှိရုံနှင့် နိုင်ငံကောင်းစားအောင် မလုပ်နိုင်ပေ။ ထိုသို့ပြည်သူကိုချစ်ခြင်းသည် မေတ္တာပါရမီဖြစ်သည်။

(၃၁)ဘုံ၏ ခေါင်းဆောင်ဖြစ်ဖို့အတွက် အလောင်းတော်သည် ပါရမီ ဆယ်ပါးလုံး ဖြည့်ဆည်းခဲ့ရသည်။ ထိုပါရမီဆယ်ပါးတွင် မေတ္တာလည်းပါသည်။ ပညာလည်းပါသည်။ အဘယ့်ကြောင့် မေတ္တာပါရမီအပြင် ပညာပါရမီ ပါရသနည်း။ မိမိချစ်သောသူများ၏ အကျိုးရှိရာကို လမ်းညွှန်တတ်ဖို့၊ အကျိုးမဲ့ရာကို တားမြစ်တတ်ဖို့အတွက်ပင်ဖြစ်၏။

မေတ္တာသာရှိပြီး ပညာမရှိခဲ့လျှင် ပြည်သူများအား အကျိုးမဲ့ရာကို လမ်းညွှန်မိတတ်၏။ မြန်မာတစ်ပြည်လုံး တောရောမြို့ပါ

မကျန် ကြက်ဆူပင်စိုက်ရမည်ဟု အမိန့်ထုတ်ပြန်ခြင်းမှာ ပညာမရှိခြင်းကြောင့်ပင်ဖြစ်၏။ ကြက်ဆူဆီသည် ဒီဇယ်အစားထိုးစက်မောင်း၍ ရသည်ဟု ထင်သောကြောင့် စိုက်ခိုင်းခြင်းဖြစ်သည်။ စစ်တပ်များတွင် ယခုအချိန်တိုင်အောင် ကြက်ဆူပင်များရှိသေးသည်။ ကြက်ဆူမျိုးစေ့တွေ ဈေးအဆမတန်တက်သွားသည်။

မျိုးစေ့၊ မြေသြဇာ၊ မြေလုပ်အားတန်ဖိုးများကို ငွေနှင့်တွက်လိုက်လျှင် ဘီလီယံပေါင်း နည်းလိမ့်မည်မဟုတ်ပေ။ ဤဘီလီယံပေါင်း များစွာသော ငွေကြေးများသည် လောကအတွက်၊ သာသနာအတွက်၊ တစ်စေ့မျှ အကျိုးမရှိဘဲ အလဟဿ ဆုံးရှုံးပျက်စီးသွားခဲ့ရလေပြီ။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်၏ မေတ္တာသာရှိပြီး ပညာအတွေးအခေါ် မရှိမှုကြောင့် ယခုလိုငွေကြေးများပျက်စီးဆုံးရှုံးရခြင်းဖြစ်သည်။

ပြောရလျှင် ရေဘေးနာဂစ်ကြောင့် ပျက်စီးဆုံးရှုံးရသောငွေကြေး ပမာဏသည် ကြက်ဆူနာဂစ်ကြောင့် ဆုံးရှုံးရသောငွေကြေးပမာဏ၏ ဆယ်ပုံပုံ တစ်ပုံလောက်သာ ရှိပေလိမ့်မည်။ ခေါင်းဆောင်တစ်ယောက် လမ်းမှားလျှင် အနီးကပ်နေသူများကမြှောက်သာပေးကြသည်။ အမှန်ကို မတင်ပြကြ။ မြန်မာအစိုးရအဆက်ဆက်တွင် နိုင်ငံထက် အာဏာနှင့် ရာထူးကို ပိုချစ်သူကများသည်။

ယခု ကြက်ဆူပင်ကိစ္စတွင် လူကြီးနားကပ်နေသော ပညာရှင်များကလည်း ဝိုင်းလိမ်ကြကြောင်း ထိုဝိုင်းလိမ်ကြသူများထဲတွင် သူ၏သူငယ်ချင်း တစ်ယောက်လည်းပါကြောင်း အော်ပီကျယ်က ပြောပြသည်။ အော်ပီကျယ်သည် ကာတွန်းရေးနေ



သော်လည်း အမေရိကန်မှ အင်ဂျင်နီယာဘွဲ့ရခဲ့သူ တစ်ယောက်ဖြစ်သည်။ ကိုယ့်ထက်သာ မနာလိုသူများ၊ အထက်ဖား အောက်ဖိများ၊ စားဖားများကြားတွင် အလုပ်မလုပ်ချင်သောကြောင့်ကာတွန်းပဲ ရေးနေဟန်ရှိသည်။

ထိုစားဖားအင်ဂျင်နီယာများက ဦးသန်းရွှေ၏ရှေ့တွင် ကြက်ဆူသီးများကို ကြိတ်ပြီး အဆီထုတ်ပြသည်။ တစ်ဖန် ထို ကြက်ဆူဆီများကို အင်ဂျင်ထဲ ချက်ချင်းထည့်ပြီး မောင်းပြရာ အဆင်ပြေနေသည်ဟုဆိုသည်။ ထို့ကြောင့်လည်း ခေါင်းဆောင်ကြီးကမြန်မာတစ်ပြည်လုံး တောရောမြို့ပါမကျန် ကြက်ဆူစိုက်ရမည်ဟု အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

## ပြည်သူများ လုပ်ကြံခံရခြင်း

ကြက်ဆူသီးမှထွက်လာကာစ ကြက်ဆူဆီသည် မည်သို့မျှစက်မောင်း၍ မရနိုင်ကြောင်း အဆင့်မြင့်အင်ဂျင်နီယာ ပညာရှင်တိုင်း သိသည်။ ထို့ကြောင့် အော်ပီကျယ်က သူ့သူငယ်ချင်းကိုအစ်အောက်ပြီး မေးတော့မှ ဒုတိယအကြိမ်မြောက် နိုင်ငံတော်လုပ်ကြံမှုကြီး အဖြေပေါ်တော့သည်။ ပထမလုပ်ကြံမှုမှာ လူမိုက်များက နိုင်ငံတော်၏ခေါင်းဆောင်များကို လုပ်ကြံခြင်းဖြစ်သည်။ ယခုလုပ်ကြံမှုက နိုင်ငံ၏ ခေါင်းဆောင်များက ပြည်သူတို့၏စီးပွားရေးကို လုပ်ကြံခြင်းဖြစ်သည်။

အင်ဂျင်နီယာများသည် အင်ဂျင်စက်မှာတပ်ထားသော ဆီကန်ကို မည်သူမျှမသိအောင် အလယ်မှ သံပြားတစ်ချပ်ခံထားလိုက်သည်။ သံပြား၏အောက် ဒုတိယအထပ်ထဲတွင် ဒီဇယ်ဆီများ အရင်ကတည်းက ကြိုထည့်ထားသည်။ လူကြီးများ၏ရှေ့

တွင် သံပြားအပေါ်ခြမ်းထဲသို့ ကြက်ဆူဆီများကို ထည့်သည်။ အင်ဂျင်စက် လည်နေသည်က ဒီဇယ်ဆီကြောင့်ဖြစ်သော် လည်း သေချာမသိသူများအတွက် ကြက်ဆူဆီကြောင့် စက်လည်သည် ဟုသာ ထင်ရသည်။

ပိုရှင်းအောင် ဥပမာပေးရလျှင် ပျားရည်အတုရောင်းသလို ဖြစ်နေသည်။ ပုလင်းသုံးပုံနှစ်ပုံခန့်ထိ သကာရည်များ လောင်း ထည့်လိုက်သည်။ ပြီးလျှင် ဖယောင်းချက်များ လောင်းထည့် လိုက်ရာ ပိတ်ပြီးသားဖြစ်သည်။ ဖယောင်းခဲသွားပြီဆိုသောအခါ ကျမှ အပေါ်ပိုင်းလေးတွင် ပျားရည်ထည့်ပြီး ရောင်းကြခြင်းဖြစ် သည်။ အပေါ်ပိုင်းအနည်းငယ်က တကယ့်ပျားရည်အစစ် ဖြစ်နေ သောကြောင့် မည်ကဲ့သို့စစ်စစ် မပေါ်ပေ။ တကယ်သုံးရင်း အောက်ပိုင်းရောက်မှသာ သိကြရခြင်းဖြစ်သည်။

အော်ပီကျယ်ဟောပြီးသောအခါ မောင်သာချိုအလှည့်သို့ ရောက်သည်။ အော်ပီကျယ်က မီး ခဏခဏပျက်ကြောင်း၊ ပျက် လျှင်လည်း အကြာကြီးပျက်ကြောင်းကိုပါ ထည့်ဟောပြောခဲ့ သည်။ မောင်သာချိုအလှည့် ရောက်သောအခါ ထိုမီးပျက်ခြင်းကို အကောင်းမြင်ဖို့အကြောင်း၊ အော်ပီကျယ်သည် အကောင်းမမြင် တတ်ကြောင်း စသည်ဖြင့် ဟောပြောနေရာ ပရိသတ်က ပထမ အပေးအယူ မကိုက်သဖြင့် ဇဝေဇဝါဖြစ်နေကြသည်။ ထိုအခါကျ မှ မောင်သာချိုက ထည့်တော့သည်။

အမေရိကန်မှာ တစ်နှစ်ကို တစ်ရက် မီးပျက်ပါတယ်။ အဲဒီ တစ်ရက်မှာလည်း ပျက်ချိန်က ဆယ့်ငါးစက္ကန့်ပါ။ အဲဒီလို ဆယ့် ငါးစက္ကန့် မီးပျက်မယ့်အကြောင်းကိုလည်း အစိုးရက တစ်လ လောက် ကြိုပြီး အသိပေးထားပါတယ်။ ဆယ့်ငါးစက္ကန့် မီးပျက်ရ



တဲ့အကြောင်းကတော့ အဲဒီနေ့ဟာ လျှပ်စစ်မီးသီးတွေ၊ လျှပ်စစ် မီးချောင်းတွေကို စတင်တီထွင်ခဲ့တဲ့ အက်ဒီဆင်ရဲ့မွေးနေ့ ဖြစ်လို့ ပါပဲ။

အက်ဒီဆင်ရဲ့ကျေးဇူး ဘယ်လောက်ကြီးသလဲဆိုတာ အမေ ရိကန် ပြည်သူတွေအားလုံး သတိထားမိသွားအောင် ညမှောင်နေ တဲ့အချိန်မှာ ဆယ့်ငါးစက္ကန့် မီးဖျက်လိုက်တာပါ။ တစ်နိုင်ငံလုံး မှောင်မိုက်သွားတာနဲ့အတူ ဪ–ဒီနေ့ဟာ အက်ဒီဆင်ရဲ့မွေးနေ့ ပါလား။ သူတီထွင်ခဲ့လို့ တို့ဟာ အခုလို လင်းလင်းရှင်းရှင်းနေရ တာပါလားဆိုပြီး အက်ဒီဆင်ရဲ့ ကျေးဇူးကို အမှတ်ရကြပါတယ်။

**အက်ဒီဆင်ကျေးဇူး မြန်မာလူကြီးများ သိပုံ**

အက်ဒီဆင်ရဲ့ ကျေးဇူးကို အမှတ်ရတဲ့အနေနဲ့ အမေရိ ကန်အစိုးရက တစ်နှစ်မှာ ဆယ့်ငါးစက္ကန့် မီးဖြတ်တာပါ။ မြန်မာ အစိုးရကတော့ အမေရိကန်အစိုးရထက်ကို အက်ဒီဆင်ကျေးဇူး ကို ပိုသိပါတယ်။ ဒါကြောင့် တစ်နှစ်မှာ ၃၆၅ ရက် မီးဖြတ်တာ ပါ။ မြန်မာအစိုးရဟာ အမေရိကန် အစိုးရထက်ပိုပြီး ကျေးဇူးသိ တတ်သူလို့ ဆိုရမှာပါ။

ထိုအခါကျမှ ပရိသတ်မှာ ဝေါခနဲ ပွဲကျသွားတော့သည်။ ဤဟာသမျိုးကား အဆင့်မြင့်ဟာသဟု ဆိုရမည်။ ဝါသနာပါ သောအလုပ်ကို တစ်သက်လုံး လုပ်ခွင့်ရသူသည် လူဖြစ်ကျိုး နပ်သူသာဖြစ်ကြောင်း လူထုဒေါ်အမာက လူထုဦးလှ၏အတ္ထုပ္ပတ္တိ ထဲတွင် ထည့်ရေးခဲ့သည်။ လူထုဦးလှသည် ဆယ်တန်း အောင် မြင်ပြီးချိန်မှစ၍ သူ အလုပ်ချင်ဆုံးဖြစ်သည့် စာရေးသော အလုပ်၊ စာအုပ်ထုတ်ဝေသောအလုပ်တို့ကို ကွယ်လွန်ချိန်အထိ လုပ်သွား

ခွင့် ရခဲ့ပေသည်။ အော်ပီကျယ်သည်လည်း ဝါသနာပါရာ လုပ်ခဲ့သောကြောင့် ကာတွန်းလောကတွင် ကျော်ကြားအောင်မြင်ခဲ့ခြင်းဖြစ်သည်။

စာရေးသူသည် တရားဟော၊ စာရေးနှစ်ခုလုံး ဝါသနာပါသည်။ တစ်နှစ်မှာ ၃၆၅ ရက်ရှိသော်လည်း စာရေးသူမှာ တစ်နှစ်တွင် တရားပွဲပေါင်း လေးရာကျော်လောက် ဟောနေရသည်။ တချို့ညများတွင် တစ်ညတည်း နှစ်ပွဲ ခွဲ၍ ဟောနေရသောကြောင့်ဖြစ်သည်။ တစ်ခါကများဆိုလျှင် နတ်တလင်းနှင့် သာယာဝတီ တစ်ညတည်းနှင့် နှစ်ပွဲဟောရသည်။ ထိုအချိန်က စီးစရာကားလည်းမရှိသေးသဖြင့် ညီ သုမင်္ဂလ(ဒယ်အိုး)ဆရာတော်ထံမှ ပစ်ကပ်ဟိုင်းလပ်တစ်စီး ငှားရသည်ကို မှတ်မိနေသည်။

နတ်တလင်းနှင့် သာယာဝတီသည် မိုင်ငါးဆယ်နီးပါးခန့်ဝေးသည်။ ထို့ကြောင့် နတ်တလင်းတွင် ည ၇နာရီ ဟောသည်။ ၈နာရီတွင် ပြီးသည်။ ပြီးပြီးချင်း သာယာဝတီသို့ မီးမရှိသော ပြည်လမ်းပေါ်တွင် မိုင်ကုန်မောင်းရသည်။ သို့မှသာလျှင် သာယာဝတီ၌ ည ၉ နာရီတွင် တရားပွဲ စနိုင်မည် မဟုတ်ပါလား။ မှတ်မှတ်ရရ ထိုညက ရဟန်းအသစ်တစ်ပါး ဗဟုသုတယူရန် ထိုတရားပွဲသို့ ပါလာသည်။

လမ်းတစ်ဝက်လောက်တွင် လမ်းမပေါ်လူတွေ အုံနေသဖြင့် ခဏဆင်း ကြည့်ရာ ကားတိုက်မှုဖြစ်ထားသည်ကို တွေ့ရသည်။ မီးမပါသော ထော်လာဂျီကားကို ဟိုင်းလတ်ကားတစ်စီးက ဝင်တိုက်ထားခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး လမ်းပေါ်တွင် ပိုးလိုးပက်လက် မြင်မကောင်း၊ ရှုမကောင်းသေဆုံးနေသည်ကို တွေ့ရသည်။



ကားကိုဆက်မောင်းလာရာ ည ၉နာရီ ၂၀မိနစ်တွင်မှ သာယာဝတီသို့ ရောက်သည်။ အရှင်ပညာသီရိ(မွန်ကျောင်း)ဆရာတော်လေးကို ရှေ့ပိုင်းကဟောခိုင်းထား၍ တော်သေးသည်။ သို့မဟုတ်လျှင် ပရိသတ်များသည် စာရေးသူကို မလာမချင်း ငုတ်တုတ်ထိုင်စောင့်နေရမှာဖြစ်သည်။

ထိုနေ့မှစ၍ ဗဟုသုတအဖြစ် လိုက်လာသော ကိုယ်တော်လေးသည် ညတရားပွဲ တစ်ခါမှ မလိုက်တော့ပေ။ တော်တော်ကြောက်သွားဟန်တူသည်။ ပင်ပန်းသော ခရီးစဉ်တစ်ခုကို နမူနာပြောပါဦးမည်။ ပထမရက်က ရန်ကုန်မှာ ဟောရမည်။ ဒုတိယရက်က ကသာမြို့နယ်အတွင်းက ရွာလေးတစ်ရွာတွင် ဟောရမည်။ ထိုမှ နောက် တတိယရက်တွင် တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်မှ ရွာကြီးတစ်ရွာတွင် ဟောရမည်။

**အပင်ပန်းဆုံးခရီး**

ကသာမြို့နယ်ထဲမှ ရွာလေးမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ မန္တလေးမှ စဉ့်ကူးလမ်းအတိုင်း မောင်းရမည်။ လမ်းကြမ်းသာရှိသည်။ ကတ္တရာခင်းမထား။ အနည်းဆုံး မောင်းချိန် ခြောက်နာရီကြာမည်။ ၎င်းခြောက်နာရီသည် မိုင်ကုန် ဒုံးစိုင်းမောင်းရမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မှ တရေးနိုး မနက်သုံးနာရီမှာ ထမောင်းသည်။ မန္တလေးသို့ မနက် ၉ နာရီခွဲခန့်တွင် ရောက်သည်။

ရန်ကုန်မှ ကားကို မန္တလေးတွင်ထားခဲ့ပြီး မန္တလေးမှကားဖြင့် ဆက်မောင်းရာ ညနေ ၄ နာရီခန့်မှ ထိုရွာသို့ရောက်သည်။ ညနေ ငါးနာရီ တရားပွဲပြီးသည်နှင့်ပြန်မောင်းရာ ည ၁၂ နာရီ

ခန့်မှ မန္တလေးသို့ရောက်သည်။ လေယာဉ်က မနက် ၆နာရီခွဲဆို သောကြောင့် ဦးသန်းဝင်းမှာ ကားကို မိုင်ကုန်တင်၍မောင်းရာ လေယာဉ်ထွက်ခါနီး ၆ နာရီ ၂၀ မိနစ်မှာ ရန်ကုန် လေဆိပ်သို့ ရောက်သည်။

မနက် ရှစ်နာရီခန့်တွင် ဘုတ်ပြင်းလေဆိပ်သို့ ရောက်သည်။ လေဆိပ်မှ ဘုတ်ပြင်းမြို့သို့ တစ်နာရီခန့် ကားဆက်စီးရသည်။ တစ်ဖန် ဘုတ်ပြင်းမြို့မှ တရားဟောမည့်ရွာသို့ ဆက်ပြီးလှေစီးရ သည်။ လှေစီးချိန် သုံးနာရီခန့်ကြာသည်။ စက်လှေပေါ်မှာတင် နေ့ဆွမ်းစားရသည်။ လှေမှဆင်းပြီးသောအခါ ရွာသို့ တစ်နာရီ ကျော်ကျော် ကားဆက်စီးရသေးသည်။

ညနေ ၅ နာရီကျော်လောက်မှ တရားဟောရမည့် ရွာကြီး သို့ ရောက်သည်။ ဝါသနာသာမပါလျှင် ဤခရီးတစ်ခုတည်းနှင့် လဲလောက်သည်။ စာရေးသူ၏ တရားဟောသက် ၁၃ နှစ် အတွင်း ကပ္ပိယခြောက်ယောက်လောက် ပြောင်းခဲ့ရသည်။ တချို့ ကပ္ပိယများ ဆေးရုံပင်တင်ရသည်။ ပန်းဖျားဖျားကြခြင်းဖြစ်သည်။ စာရေးသူမှာ တစ်ခါမှ ခရီးပန်းသည့်အတွက် ဖျားသည်ဟူ၍ မရှိခဲ့ဖူးပေ။ ဝါသနာပါသော အလုပ်ကို လုပ်ရသောကြောင့် ဖြစ်သည်။

ယခု ဤစာအုပ်ဖြစ်မြောက်ရန် တရားပွဲများနားပြီး တောရ ကျောင်းတစ်ကျောင်းတွင် ညေ့တွေ့မခံဘဲ စာရေးနေခြင်းဖြစ် သည်။ မနက် ၆ နာရီမှ စပြီး ရေးလိုက်၊ ညောင်းလျှင် စာ ဖတ်လိုက်၊ ပြီးလျှင်ပြန်ရေးလိုက်နှင့် တစ်ခါ တစ်ရံ ည ဆယ်နာရီ မှ ကျိန်းသည်။ ပုံမှန် တစ်ရက်လျှင်စာရေးချိန် စာဖတ် ချိန်သည် ၁၄ နာရီခန့်ရှိသည်။ သို့သော် ကျန်းမာရေးကောင်းသည်။ စား



ဝင်သည်။ အိပ်ပျော်သည်။

ထို့ကြောင့် မိမိတို့၏ သားသမီးများကို သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစေဖို့အတွက် သူတို့ဝါသနာပါသော တက္ကသိုလ်ကို တက်ခွင့်ပေးသင့်သည်။ သူတို့ဝါသနာပါသော စီးပွားရေး အလုပ် ကို လုပ်ခွင့်ပေးသင့်သည်။ ပင်စင်ယူပြီးသော သက်ကြီးဝါကြီး များကိုပင် သူတို့ဝါသနာပါသော၊ သူတို့ နိုင်နင်းသော အလုပ် ကလေးများကို လုပ်ခွင့်ပေးပါက သက်ရှည်ကျန်းမာကြသည်ကို တွေ့ရသည်။ ဘာမှလုပ်ခွင့်မပေးဘဲ အိပ်လိုက်၊ စားလိုက်သာနေ ကြရသော ပင်စင်စားများသည် ရောဂါရပြီး ခဏနှင့် ကွယ်လွန် တတ်ကြသည်ကို သားသမီးများ သတိထားသင့်သည်။

မုံရွာမြို့ စက်မှုဇုန်(၂)ထဲတွင် မေတ္တာရှင်ရွှေပြည်သာ စာသင် တိုက် ဟူသော ကျောင်းတစ်ကျောင်းရှိသည်။ ထိုကျောင်းကို စာရေးသူသည် ဦးတေဇိန္ဒအမည်ရှိသော ပဲခူးကြခတ်ဝိုင်းထွက် စာချဆရာတော်တစ်ပါးကို လွှဲအပ်လှူဒါန်းပြီးဖြစ်သည်။ ဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားကို ငဲ့ကွက်သောအားဖြင့် မုံရွာတရားပွဲ များ ရှိလျှင်ကား ထိုကျောင်းမှာပင် တည်းခိုလေ့ ရှိသည်။

ဤကျောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားစရာ၊ သံဝေဂဖြစ် စရာ များစွာရှိသည်။ အကျယ်ကို*လောကဓံရင်ဆိုင်နည်း*စာအုပ် တွင် ဆက်လက် ရေးသားပါမည်။ နေ့ခင်းပိုင်းအချိန်တွင် ဒကာ၊ ဒကာမ ရှစ်ဦးခန့် စာရေးသူကို အညာထွက်ပစ္စည်းများဖြစ်သည့် ထန်းလျက်၊ ပဲကြော်၊ ပျားရည်တို့ကို လာလှူကြသည်။ ပြော တတ်ဆိုတတ်ဟန်ရှိသော ဒါယိကာမကြီးတစ်ဦးက လှူဖွယ်များ ဆက်ကပ်ပြီးသည်နှင့် စာရေးသူကို ယခုလိုလျှောက်သည်။

"တပည့်တော်တို့က ဆားလင်းကြီးမြို့နယ်ထဲကပါ ဘုရား။

တပည့်တော်မရဲ့ သားကြီးတစ်ယောက် ဆေးတက္ကသိုလ်တက်နေတာလည်း ဆရာတော်ပဲ ထောက်ပံ့နေတာပါဘုရား''

''ဟုတ်လား– ထောက်ပံ့နေတဲ့ ဆေးကျောင်းသား၊ ကျောင်းသူ ၁၅၀ ကျော်လောက် ရှိတယ်သာ သိရတာ။ ဆရာတော် မြင်ဖူးတာကတော့ လေးငါးယောက်ပဲရှိမယ်။ အခု ဒကာမကြီး သားက ကျောင်းတက်တာ ဘယ်နှစ်နှစ် ရှိသွားပြီလဲ''

## တပည့် တော်မှ ဂုဏ်ထူးရ

''တတိယနှစ် ရောက်ပါပြီဘုရား။ သားကြီးအတွက် ထောက်ပံ့ဖို့ ဆရာတော်အိမ်ကိုလာကြည့်တုန်းက ဒီအငယ်ကောင်လေးက ကိုးတန်းဘုရား။ သူလည်း စာတော်တာပဲဘုရားလို့ လျှောက်တော့ ဆရာတော်က တော်ရင် သူလည်း ထောက်ပံ့ရမှာပေါ့လို့တော့ ပြောခဲ့တယ်ဘုရား။ အခု ဒီကလေးက ကျူရှင်မယူဘဲနဲ့ ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်တယ်ဘုရား''

''ဟာ တော်လှချေလား။ ဒါကြောင့် ဆရာတော်တရားထဲမှာ အမြဲထည့် ထည့်ဟောနေတာပေါ့။ ကျောင်းသားတွေ ဂုဏ်ထူးထွက်ဖို့ဆိုတာ ဆရာ ကောင်းဖို့၊ ကျောင်းသား တော်ဖို့ နှစ်ခုလုံးလိုအပ်တယ်ဆိုတာပေါ့။ သေချာ ဆန်းစစ်ကြည့်ရင် ကျောင်းသားတော်ဖို့က ပိုအရေးကြီးတယ်။ ဆရာ ဘယ်လောက် အသင်အပြကောင်းကောင်း ကျောင်းသားက ညံ့နေရင် ဂုဏ်ထူး မပြောနဲ့ တချို့ဆိုရင် ရိုးရိုးတောင် မအောင်ဘူး။

''ကျောင်းသား တော်တော့ အခုကြည့်ပါလား။ ကျူရှင်မယူလည်း ဂုဏ်ထူးထွက်တာပဲ။ ကဲ. . . ငါက တစ်ဘာသာ



တစ်သောင်းနှုန်းနဲ့ သုံးသောင်း ဆုချမယ်။ ကဲ. . . ကပ္ပိယကြီးဦးသန်းဝင်း ငွေသုံးသောင်းထုတ်ပြီး ဆုချလိုက်ဗျာ။ ဒါနဲ့ ကလေးက အခု ဘယ်တက္ကသိုလ်တက်နေတုံး''

''စက်ကိုင်းပညာရေးတက္ကသိုလ်မှာပါဘုရား။ အဲဒါလည်း ဆရာတော်ရဲ့ စကားကို နားထောင်ပြီး ထားလိုက်တာဘုရား''

''ဘာစကားပါလိမ့်''

''ဆရာတော် သားကြီးအတွက် ထောက်ပံ့ဖို့သင့်၊ မသင့် လာစုံစမ်းစဉ်က တပည့်တော်တို့ မိဘတွေကို သတိပေးခဲ့တယ်ဘုရား။ ကလေး ဝါသနာပါတဲ့ တက္ကသိုလ်ကိုတက်ပါစေ။ ဆရာတော်က ဘယ်တက္ကသိုလ်တက်တက် ထောက်ပံ့မှာပါ။ ဒါပေမဲ့ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်ခွင့်ရမှ ပျော်လည်း ပျော်မယ်။ စိတ်လည်းချမ်းသာမယ်။ အသက်လည်းရှည်မယ်ဆိုတဲ့ စကားပါဘုရား''

''အေး. . . ဒါယိကာမကြီးတို့က တော်သားပဲ။ အဲဒီအချက်ဟာ ကလေးတွေအတွက် တအားအရေးကြီးတယ်။ ဒါပေမဲ့ မိဘအများစုဟာ သတိမထားမိကြဘူး။ ဒါနဲ့ သူ့အတွက်ရော ပညာသင်စရိတ်က အဆင်ပြေရဲ့လား''

''ပြေတော့ မပြေဘူးဘုရား။ ဒါပေမဲ့ ဆရာတော်တို့ မေတ္တာရှင်ဖောင်ဒေးရှင်းကိုလည်း ထပ်မတင်ရဲတော့ဘူး။ သားကြီး အတွက်လည်း ထောက်ပံ့ငွေယူထားတာဆိုတော့ အားနာနေလို့ပါဘုရား''

''ကိစ္စမရှိဘူး။ အဖွဲ့ကို တင်မနေနဲ့တော့ ဆရာတော် ကြုံရင် ကြုံသလို ထောက်ပံ့သွားမယ်။ ဒီည မုံရွာတရားပွဲကို တရားနာရင်း ရောက်အောင်လာကြ။ တရားပွဲပြီးတာနဲ့ သူ့အတွက် တစ်နှစ်

စာ တစ်ခါတည်း ထောက်ပံ့သွားမယ်။ မင်းကရော၊ သင်ကြားရေးကို တကယ်ဝါသနာပါတယ်ပေါ့''

''ပါတယ်ဘုရား။ တပည့်တော် ဂုဏ်ထူးက သုံးဘာသာတည်းထွက်ပေမယ့် အမှတ်ကောင်းတယ်ဘုရား။ ကျန်တဲ့ဘာသာတွေကလည်း ဂုဏ်ထူးသာ မထွက်တာ အမှတ် (၇၀)ကျော်တွေချည်းပဲ။ ဆေးလိုင်းလည်း မီပါတယ်ဘုရား။ တပည့်တော်ကိုယ်တိုင်က သင်ကြားရေးပဲ ဝါသနာပါလို့ ပညာရေးတက္ကသိုလ်ပဲ ရွေးလိုက်တာပါ။

''အခု အာဆီယံပညာရေးတက္ကသိုလ် ကျောင်းသားတွေ့ဆုံပွဲအတွက် လူရွေးရာမှာ တပည့်တော် စစ်ကိုင်းတိုင်းအတွက် အရွေးခံရပါတယ်ဘုရား''

''အဲဒါ မင်းဝါသနာပါရာ လုပ်ခွင့်ရတဲ့အတွက် ပထမဆုံးခံစားရတဲ့ အသီးအပွင့်ပဲ။ နောက်ဆို ဒီထက်စိတ်ချမ်းသာစရာ၊ ပျော်စရာတွေ မင်း အများကြီး တွေ့ရအုံးမှာ။ ဘယ်အလုပ်မဆို အကြာကြီးပြုလုပ်ခြင်း၊ အစွမ်းကုန်ပြုလုပ်ခြင်း၊ မပြတ်ပြုလုပ်ခြင်း၊ လေးစားစွာပြုလုပ်ခြင်း၊ တက်ကြွပျော်ရွှင်စွာ ပြုလုပ်ခြင်းဆိုတဲ့ အချက်ငါးချက်နဲ့ ညီအောင် လုပ်ရင် သေချာပေါက် အောင်မြင်ပါတယ်။

''ဒီ ငါးချက်နဲ့ညီအောင် ကြိုးစားရင် သေချာပေါက် အောင်မြင်မယ်လို့ ဘာကြောင့် အာမခံရဲရတာလဲဆိုရင် တစ်အချက်က အောင်မြင်သွားတဲ့လူတိုင်းရဲ့ ဘဝနောက်ကြောင်းကို လေ့လာကြည့်လိုက်တဲ့အခါ ဒီငါးချက်နဲ့ ညီနေတာပဲ။

''နှစ်အချက်ကတော့ အလောင်းတော်ဟာ ဒီငါးချက်နဲ့ အညီ ကြိုးစား အားထုတ်ခဲ့လို့ ဘုရားရှင် ဖြစ်တော်မူခဲ့တာပဲ။



ဒီငါးချက်နဲ့အညီ ကြိုးစားရင် ဘုရားတောင်ဖြစ်မှတော့ ကျန်တဲ့ ရည်ရွယ်ချက်လောက်ကတော့ အသာလေးပဲလို့ ပြောရမှာပေါ့''

ထိုညူ မုံရွာတရားပွဲမှ အလှူငွေ ၁၅ သိန်းကျပ်ရသည်။ တရားပွဲပြီး ပြီးချင်း ပညာရေးတက္ကသိုလ် ကျောင်းသားအတွက် တစ်လသုံးသောင်းနှုန်းဖြင့် ဆယ်လစာ သုံးသိန်းကျပ်၊ ပုလဲမြို့နယ်၊ ပန်းရွာလမ်းဖောက်ရန်အတွက် ဆယ့်နှစ်သိန်းကျပ်တို့ကို ချက်ချင်းလွှဲအပ်လှူဒါန်းပေးလိုက်သည်။

•

## မေတ္တာရေးကွက်

ဆရာမ ဒေါ်စန်းစန်းသည် မောင်ထွန်းသူ၏ 'ကျွန်တော့် အဖေအကြောင်း' စာစီစာကုံး ပထမတစ်ကြောင်းလောက် ဖတ်ပြီးသည်နှင့် 'ဟင်' ဟူသောအာမေဋိတ်သံနှင့်အတူ မျက်နှာတစ်ချက်ကွက်ခနဲ ပျက်သွားသည်။ သုံးတန်းကျောင်းသား မောင်ထွန်းသူလေးက သူမ၏နေရာနှင့် အနီးဆုံး ရှေ့တန်းထိုင်ခုံမှာ ရှိသောကြောင့် ချက်ချင်းလှမ်းကြည့်လိုက်မိသည်။ သေချာပါပြီ..။ ကလေး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေဝဲနေသည်ကို တွေ့ရသည်။ တစ်မျက်နှာ စာစီစာကုံး အတိုလေးကို ဒေါ်စန်းစန်း ဆက်ဖတ်လိုက်သည်။

''ကျွန်တော်သည် အဖေ့ကို တအားချစ်ပါသည်။ အဖေက ကျွန်တော့်ကို မချစ်ပါ။ အစ်ကိုနှင့် အငယ်ဆုံးနှမလေးကိုသာ ချစ်ပါသည်။ အဖေ အလုပ်ပြန်လာချိန် အိမ်ရှေ့ထွက်ပြီးအတူကြိုကြလျှင် နှမလေးကိုသာ ပွေ့ချီ နမ်းရှုပ်သော်လည်း ကျွန်တော့်ကိုကား ဂရုမစိုက်ပါ။ အစ်ကိုကြီး ရှစ်တန်းအောင်စဉ်က စက်ဘီး ဝယ်ပေးပါသည်။ ကျွန်တော် နှစ်တန်းအောင်စဉ်က ဘာမျှမဝယ်ပေးပါ။ အဖေ့ကို မေးကြည့်သောအခါ–

''ရှစ်တန်းအောင်မှ ဝယ်ပေးမည်''



ဟု ပြောပါသည်။ အဖေ သဘောကျသော အတန်းမှာ ရှစ်တန်းသာဖြစ်သောကြောင့် ကျွန်တော်သည် ရှစ်တန်းစာကိုသာ သင်ချင်နေပါသည်။

ရှစ်တန်းစာမှတစ်ပါး ကျန်အတန်းစာများကို မသင်ချင်တော့ပါ။ ညဉ့ အိပ်ရာဝင်ခါနီး ရောက်သောအခါ ပုံပြင် ပြောပြဖို့ တောင်းဆိုသော်လည်း အဖေက ပြောမပြပါ။

''အလုပ်ပင်ပန်းလို့''

ဟု ပြောပါသည်။ တစ်ခါတစ်ရံ မေမေက ပြောပြပါသည်။ အဖေ ပြောပြသော ပုံပြင်ကိုလည်း နားထောင်ချင်ပါသည်။ ဒေါ်စန်းစန်းသည် စာစီစာကုံး ဖတ်ပြီးသည်နှင့် မောင်ထွန်းသူကို လှမ်းခေါ်လိုက်သည်။

''သားလေး..မောင်ထွန်းသူ၊ ဆရာမဆီကို လာပါအုံး''

မောင်ထွန်းသူလေး လက်ပိုက်ကာ ဆရာမရှေ့သို့ ရောက်လာသည်။

''သားလေး ဖေဖေက သားလေးကို ချစ်မှာပါ။

''သားက အကြီးဆုံးနဲ့အငယ်ဆုံးရဲ့ကြားထဲ ညှပ်နေသူလိုဖြစ်နေတော့ သတိမထားမိတာ သားရဲ့။ မနက်ဖြန် သားတို့အိမ်ကို ဆရာမလာပြီး သားရဲ့ဖေဖေကို ပြောပေးမယ်၊ ကြားလား သားလေး''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာမ''

•

နောက်တစ်နေ့ မောင်ထွန်းသူတို့ အိမ်သို့ ဒေါ်စန်းစန်း လိုက်သွားသည်။ အလုပ်သွားဖို့ ပြင်ဆင်နေသော မောင်ထွန်းသူ

၏ ဖခင် 'ဦးအုန်း'ကို အဆင်သင့်ပင် တွေ့ရသည်။

''သြော်. . . မောင်ထွန်းသူတို့ အတန်းက ဆရာမ ထင်တယ်။ ကြွပါ ခင်ဗျာ၊ ကြွပါ။ ဟောဒီခုံပေါ်မှာထိုင်ပါ''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်''

နှစ်ဦးသား ထိုင်ပြီးသည်နှင့် ဆရာမက စကား စ– သည်။

''လာရင်းကိစ္စကတော့ မောင်ထွန်းသူလေးအတွက်ပါ''

''ဟုတ်ကဲ့၊ ပြောပါခင်ဗျာ၊ ကလေးက ကျောင်းမှာ ဆိုးများဆိုးနေလို့လား''

''မဟုတ်ပါဘူးရှင်၊ မောင်ထွန်းသူလေးက စာအတော်ဆုံးကျောင်းသားထဲမှာ ပါပါတယ်၊ လိမ္မာလည်း လိမ္မာပါတယ်''

''ဒါဆို ဘယ်လိုအကြောင်းများပါလိမ့်''

''မနေ့က ကျွန်မ တစ်တန်းလုံးကို အဖေ့အကြောင်း စာစီစာကုံး ရေးခိုင်းပါတယ်။ မောင်ထွန်းသူ ရေးတဲ့အထဲမှာ ဦးအုန်းက အကြီးဆုံးသားနဲ့ အငယ်ဆုံးသမီးကိုချစ်ပြီး သူ့ကိုတော့ ချစ်ပုံမရဘူးလို့ ရေးထားပါတယ်။ ဒီအရွယ်တွေဟာ အမေ့မေတ္တာနဲ့ တန်းတူ အဖေ့မေတ္တာကိုလည်း လိုချင်ကြပါတယ်''

''ဟုတ်ကဲ့၊ ဆက်ပြောပါ ဆရာမ''

''အဲဒါကြောင့် ဦးအုန်းအနေနဲ့ မောင်ထွန်းသူလေးကို တတ်နိုင်သမျှ ဂရုစိုက်ပြီး ယုယစေချင်ပါတယ်။ ဒီအတွက် ကလေးက မကြာခဏ မှိုင်မှိုင်နေတာကို တွေ့ရပါတယ်။ အရင်က ဘာဖြစ်မှန်းမသိဘူး။ ဒီစာစီစာကုံးရေးခိုင်းမှ သူ့ရင်ထဲက ခံစားချက်ကို သိရတော့တာပါပဲ''

''အေးဗျာ. . . ကျွန်တော်ကလည်း ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ အဲဒီလောက်ကြီး သတိမထားမိဘူးဗျ။ ဖအေတစ်ယောက်



အနေနဲ့ သားသမီးတွေရဲ့ စားဝတ်နေရေး ပြည့်စုံအောင် ရှာဖွေပေးရင် တာဝန်ကျေပြီလို့ပဲ သိထားတာက ခက်နေတယ်ဗျာ''

**အာဟာရနှစ်မျိုး**

''ဟုတ်ပါတယ်။ ကျွန်မတို့လည်း စိတ်ပညာကို မလေ့လာမီက ဒီအတိုင်းပဲ သိထားတာပါ။ လူ့မှာ အာဟာရနှစ်မျိုး လိုအပ်ပါတယ်။ ရုပ်အာဟာရနဲ့နာမ်အာဟာရပါပဲ။ စားဝတ်နေရေးဆိုတာ ရုပ်အတွက် လိုအပ်တဲ့အာဟာရပါ။ ယုယတာ၊ ကြင်နာတာ၊ ချစ်ခင်ခံရတာ၊ အရေးပေးခံရတာဆိုတာ နာမ်အာဟာရပါ။ ရုပ်အာဟာရပြည့်စုံစွာရရင် ရုပ်ကျန်းမာရေး ကောင်းပါတယ်။ နာမ်အာဟာရ ပြည့်စုံစွာရရင် နာမ်ကျန်းမာရေး ကောင်းပါတယ်။

''နာမ်ကျန်းမာရေး မကောင်းဘူးဆိုတာ စိတ်မှာရောဂါဖြစ်သွားတာပါပဲ။ စိတ်ရောဂါဆိုတာ ရူးသွားတာ တစ်မျိုးတည်းကို ဆိုတာမဟုတ်ပါဘူး။ တစ်နေရာရာမှာ လွန်ကဲနေတာမျိုးပါ။ ဥပမာအားဖြင့် ငယ်ငယ်က မကြာခဏ အရိုက်ခံရတဲ့ ကလေးဟာ သူ ကြီးလာရင် 'အရိုက်ကြမ်းတဲ့ မိဘ၊ အရိုက်ကြမ်းတဲ့ ဆရာ' ဖြစ်လာတတ်ပါတယ်။ အဲ့ဒါ စိတ်ရောဂါတစ်မျိုးပါပဲ။

''တချို့ယောကျ်ားလေးက မိန်းကလေးစိတ် ပေါက်နေတဲ့ မိန်းမလျှာလေးတွေ၊ မိန်းကလေးက ယောကျ်ားစိတ် ပေါက်နေတဲ့ ယောကျ်ားလျှာလေးတွေကိုလည်း ဦးအုန်း မြင်ဖူးတယ် မဟုတ်လား''

''ဟုတ်ကဲ့ မြင်ဖူးပါတယ်''

''အဲဒါလည်း သူတို့ ငါးနှစ်သားမတိုင်ခင် ခံစားခဲ့ရတဲ့ စိတ်ဝေဒနာကြောင့်ပဲ''

''ဟင်. . . ကျွန်တော်ဖြင့် အဲဒီလိုမျိုး တစ်ခါမှ မကြားဖူးဘူး။ ကာမေသု မိစ္ဆာစာရကံကြောင့် ယောကျ်ားဖြစ်ရက်နဲ့ မိန်းမစိတ်ပေါက်တာလောက်ပဲ ကြားဖူးတာ''

''ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့ရင်. . .

- လူမုန်းများမယ်။
- ရန်ငြိုးပွားမယ်။
- စီးပွားလာဘ်လာဘ ရှားပါးမယ်။
- ဖြစ်ရာဘဝ ဆင်းရဲမယ်။
- အမျိုးသမီးချည်း ဖြစ်မယ်။
- မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ် ပဏ္ဍုက်ဘဝ ရောက်မယ်။
- အမြဲတမ်း စိုးရိမ်သောက ဖြစ်နေမယ်။
- ချစ်သူနဲ့ ကွဲမယ်။

. . . အဲဒါပဲ ပါတယ်လေ။ ယောကျ်ားက မိန်းမစိတ်ပေါက်ရမယ်လို့ မပါပါဘူး။ ယောကျ်ားက မိန်းမစိတ်ပေါက်တာ 'ကာမေသု'ကြောင့် ဆိုရင် မိန်းမက ယောကျ်ားစိတ် ပေါက်တာကျတော့ ဘယ်လိုပြောမလဲ။

''ကာမေသု'ကြောင့်သာဆိုရင် နိမ့်ကျသွားရမှာလေ။ အခုဟာက မိန်းမစိတ်ကနေ ယောကျ်ားစိတ် ပြောင်းသွားတာကို နိမ့်ကျတယ်–လို့မှ ပြောလို့မရဘဲ၊ ကုသိုလ် ကံက မှန်ကန်ခဲ့လို့ ယောကျ်ားစစ်စစ်ဘဝကို ပေးနေပြီပဲ။ ယောကျ်ားစစ်စစ် ဖြစ်နေပြီဖြစ်တဲ့အတွက် ကာမေသုကံ မပါတာ သေချာနေပါပြီ''



**လိင်တူခြင်း တပ်မက်သောရောဂါ**

''တကယ်တော့ အဲဒီလို လိင်တူချင်း တပ်မက်တဲ့ စိတ်တွေပေါ်လာရခြင်းရဲ့ အဓိက အကြောင်းအရင်းကတော့ မိဘနှစ်ပါးကြောင့်ပါပဲ''

''အင်း. . . ကျွန်တော်တောင် စိတ်ဝင်စားလာပြီ။ ဒါဆိုရင် အဲဒီလို လိင်စိတ်ဝေဒနာ ဖြစ်ရတာဟာ မိဘတွေနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ဆက်ပြောပါအုံး ဆရာမ''

''ကလေး ငါးနှစ်သားမတိုင်ခင်မှာ မိဘနှစ်ပါးကွဲပြီး ကလေးက အမေနဲ့ကျန်ခဲ့မယ်။ သို့မဟုတ် ဖခင်ဖြစ်သူတွေက အကြောင်းကိစ္စတစ်ခုခုကြောင့် နှစ်ရှည်လများ ခွဲထားမယ်ဆိုရင် ကျန်ခဲ့တဲ့ကလေးတွေမှာ စိတ်ဝေဒနာ ခံစားရတာပဲ။ ဖခင်တွေက မူးရူးပြီး ကလေးတွေရှေ့မှာ မိခင်ကို နှိပ်စက်ရင်လည်း ဒီဝေဒနာမျိုး ရတတ်တယ်။

''လက်တွေ့ သာဓက ပြရရင် အမေရိကန်ပြည်ထောင်စုပဲ။ ကမ္ဘာမှာ မိန်းမလျှာအပေါဆုံးဟာ အမေရိကန်ပြည်ထောင်စုပဲ။ ဘာကြောင့် အခုလို မိန်းမလျှာတွေ တအားများရသလဲဆိုတော့ ဖခင်ဖြစ်သူတွေဟာ ဗီယက်နမ်စစ်ပွဲမှာ နှစ်ရှည်လများ နေကြရတယ်။ အဲဒီအချိန်မှာမွေးတဲ့ ကလေး အများဆုံးဟာ မိန်းမလျှာဖြစ်ကြတာပဲ။ သူတို့နိုင်ငံ ဥပဒေက အမျိုးသားတိုင်း သုံးနှစ်တိတိ မဖြစ်မနေ စစ်မှုထမ်းရတယ်။

''အချို့ကျတော့အသွင်အပြင်က ယောကျ်ားပီပီသသပဲ။ အတွင်းစိတ်ကျတော့ လိင်တူချင်းတပ်မက်နေတာမျိုးလည်း ရှိတယ်။ အဲဒီလို စိတ်ဝေဒနာရှင်တွေဟာ သေတဲ့အထိ အိမ်ထောင်မပြုတာများတယ်။ မြန်မာပြည်မှာလည်း 'နိုင်ငံကျော်ရုပ်ရှင်

မင်းသား အဆိုတော်၊ စာရေးဆရာ၊ ဒါရိုက်တာအဖြစ်ကျော်ကြား သူတစ်ယောက်ပေါ်ပေါက်ဖူးတယ်။ သူလည်း ငယ်စဉ်က ယခု ပြောပြခဲ့တဲ့စိတ်ဝေဒနာမျိုးခံစားခဲ့ရတယ်လို့ တစ်ဆင့်နားနဲ့ ကြားခဲ့ရတယ်''

''အခုလို ကျွန်တော့်သားအတွက် တကူးတကလာပြီး ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော် မောင်ထွန်းသူကို ဂရုစိုက်လိုက်ပါ့မယ်''

''ဟုတ်ကဲ့၊ အခုလို ကြားရတာ ကျွန်မတပည့်အတွက် ဝမ်းသာပါတယ်''

•

'မောင်ထွန်းသူကို ကျွန်တော် ဂရုစိုက်လိုက်ပါ့မယ်' ဟု ကတိပေးလိုက်သော်လည်း ရက်အတော်ကြာသည့်အထိ ဦးအုန်းသည် သူ့ကတိကို အကောင်အထည်မဖော်မိ။ ဆရာမ ပစ်ခဲ့သော မြားသည် သူ၏ အပြင်စိတ်ကိုသာ ထိသည်။ အတွင်းစိတ်ကို မထိ။ တစ်နည်းအားဖြင့် သူ၏ ဦးနှောက်ကိုသာ ထိသည်။ နှလုံးသားကို မထိ။ ထို့ကြောင့်လည်း ဘာသိဘာသာ နေမိခြင်းဖြစ်သည်။ ထိုတစ်ရက်ကား ဦးအုန်းတစ်ယောက် ယောကျ်ားကြီးတန်မဲ့ မောင်ထွန်းသူကို ဖက်၍ မျက်ရည်ကျရသောရက် ဖြစ်ပါလေ၏။

ရုံးဆင်းနောက်ကျသည့်အပြင်လိုင်းကားကကျပ်၍ ဦးအုန်းတစ်ယောက် အိမ်သို့ ညနေ ၆နာရီခွဲသာသာလောက်မှ ရောက်သည်။ ရုံးတွင်ဖြစ်ခဲ့သော အဆင်မပြေမှုများကြောင့် ဒေါသအရှိန်က အိမ်ရောက်သည်အထိ ပါလာသည်။ သည်နေ့တော့ အငယ်ဆုံးမ ဘယ်သွားနေသည်မသိ။ အလတ်ကောင် တစ်



ယောက်တည်း လာကြိုနေသည်။ မောင်ထွန်းသူက 'ဖေဖေ' ဟု ခေါ်လိုက်သော်လည်း ဦးအုန်းတစ်ယောက် ဝမ်းသာအားရ ပြန်ထူးဖို့ သတိမရ။ ဝတ်ကျေတန်းကျေ မချိုပြုံးတစ်ချက်သာ ပြုံးပြပြီး သားကိုလက်ဆွဲကာ အိမ်ထဲအထိ ဝင်ခဲ့သည်။ အိမ်ရှေ့ခန်းထဲရောက်သည်နှင့် အပေါ်အင်္ကျီကိုချွတ်ကာ ချိတ်တွင် ချိတ်လိုက်ပြီး ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထူးခြားသည်က မောင်ထွန်းသူလေး သူ့ဘေးနားမှာ ရစ်သီရစ်သီ လုပ်နေခြင်းပင်ဖြစ်၏။ တစ်ခုခုများ မေးချင်နေသလား မသိဘူး။ ငါ ဆရာမကိုလည်း ကတိပေးထားတယ်လေ။

''သားလတ်လေး. . . လာလေ၊ ဖေဖေ့ကို ဘာမေးချင်လို့လဲ''

''ဖေဖေ. . . ဖေဖေ့လစာကို နေ့တွက်နဲ့ တွက်လိုက်ရင် တစ်ရက်ကို ဘယ်လောက်ရသလဲဟင်''

ဦးအုန်း ထောင်းခနဲ ဒေါသထွက်သွားသည်။ ယဉ်ကျေးသူများသည် သူတစ်ပါး၏လစာငွေကို ဘယ်သောအခါမှ မေးမြန်းခြင်းမရှိသည် မဟုတ်ပါလော။

''ဟေ့ကောင်. . . အဲဒါ မင်းနဲ့ ဘာဆိုင်သလဲ၊ ကလေးက ကလေးစကား မပြောဘူး''

ဒေါသကြောင့်ပြောလိုက်သော စကားသံက အတော် ကျယ်လောင်သွားရာ မောင်ထွန်းသူကလေးသည် ဆတ်ခနဲ တစ်ချက်တုန်သွားကာ သူ့အခန်းထဲ ဝင်သွားတော့သည်။ ခဏနေမှ ဦးအုန်း နောင်တရပြန်သည်။

''ဩော်. . . ငါဟာ ကလေးကို လူကြီးနဲ့ တန်းတူသတ်မှတ်ပြီး စိတ်ဆိုးနေတာ သဘာဝ မကျပါလား။ ဒီလို မေးတယ်

ဆိုတာ ငါ့သားမှာ အကြောင်း တစ်ခုခုရှိလို့နေမှာပဲ။ ကဲ . . ငါ လိုက်မေးပါအုံးမယ်''

ဦးအုန်း မောင်ထွန်းသူ ဝင်သွားရာ အခန်းထဲသို့ လိုက်သွားသည်။ မောင်ထွန်းသူလေးတစ်ယောက် သူ့အိပ်ရာထဲတွင် တစ်ယောက်တည်း ခွေခွေလေး လဲလျောင်းနေသည်ကို တွေ့ရသည်။

တန်တော့ ဟိုသုံးယောက်တော့ ကားကောင်းတင်လို့ ဗီဒီယို ရုံ သွားကြပြီ ထင်တယ်။ ဩော် . . ဆရာမပြောတာ ဟုတ်သားပဲ။ ဒီသားလတ်လေးကျမှ အိမ်စောင့်ထားခဲ့ကြတာကိုး။ လက်မ ၇၀ တီဗီတော့ သူတို့ မဝယ်နိုင်သေးဘူး မဟုတ်လား။ ရုံမှာက လက်မ ၇၀ နဲ့ ပြတာလေ။

''ကဲ . . သားလေးလာ၊ သားလေးသိချင်တာ ပြောပြမယ်။ ဖေဖေရဲ့ တစ်ရက်နေ့ထွက်က သုံးထောင်ရတယ် သားရဲ့''

မောင်ထွန်းသူက ဦးအုန်းနားသို့ လျှောက်လာကာ–

''ဖေဖေ့မှာ ငါးရာလောက် အလွယ်ရှိလားဟင်''

''ဟင် . . . သားက ဘာလုပ်မှာတုံး''

''ခဏ ချေးမှာလေ၊ တစ်ပတ်လောက်ရှိတော့ ပြန်ပေးမှာပေါ့''

''ဟာ၊ ဒီကောင် နားရင်းရိုက်မိတော့မယ်။ ဒီအရွယ်လေးကများ အဖေ့ဆီက ပိုက်ဆံလာချေးရတယ်လို့''

ဟု ပြောရင်း လက်ကိုမြှောက်လိုက်မိရာ မောင်ထွန်းသူလေးသည် ဝမ်းနည်းပန်းနည်း ရှိုက်ကြီးတငင် ငိုပါလေတော့သည်။ ငိုနေသောသားကို ကြည့်ပြီး ဦးအုန်း တော်တော် စိတ်မကောင်းဖြစ်သွားသည်။



''ဩော် . . ငါ တော်တော်မှားတာပဲ။ မေတ္တာနဲ့ ဖြေရှင်းလို့ ရတဲ့ဟာကို ဘာလို့များ ဒေါသနဲ့ဖြေရှင်းချင်နေတာပါလိမ့်။ ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ ကိစ္စကျတော့ စိတ်ဝင်စားပြီး သားသမီးနဲ့ ပတ်သက်တာကျတော့ ဘာလို့ စိတ်မဝင်စား ဖြစ်နေရတာပါလိမ့်။ တကယ်တော့ ဒီငွေရေးကြေးရေးဆိုတာ ဒီသားသမီးတွေ စိတ်ချမ်းသာဖို့ အတွက်ပဲ မဟုတ်လား။ သားသမီးတွေမှ စိတ်မချမ်းသာရင် ဒီငွေကြေးက ဘာအဓိပ္ပါယ်ရှိတော့မလဲ

ဟု တွေးမိမှ ဦးအုန်းတစ်ယောက် သားငယ်၏ဘေးတွင် သေချာထိုင်ကာ ပြန်ချော့ပြီး မေးရပြန်သည်။

''ဟောဒီမှာ သားလေးလိုချင်တဲ့ ငါးရာ ရော့ . ယူ''

'' ဝမ်းသာလိုက်တာ ဖေဖေရယ် ''

ဟု ပြောပြီး မောင်ထွန်းသူလေးက ဦးအုန်းလက်ထဲမှ ငါးရာတန်ကို လှမ်းယူပြီးလျှင် သူ့အိပ်ရာဘက်သို့ ထွက်သွားသည်။ ဦးအုန်းက စိတ်ဝင်တစား သေချာလိုက်ကြည့်နေမိသည်။ မောင်ထွန်းသူသည် သူ့ခေါင်းအုံးကိုယူပြီး ခေါင်းအုံးအောက်ပိုင်း ခေါင်းအုံးစွပ်ကြားထဲသို့ နှိုက်လိုက်သည်။ သူ့လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ ငါးဆယ်တန်များ၊ တစ်ရာတန်များ ပါလာသည်။ ဦးအုန်း သေချာသိလိုက်ပါပြီ။

သားလေးသည် သူ့တစ်ရက် မုန့်ဖိုးငါးဆယ်ရသည်ကို မစားရက် မသောက်ရက် စုထားခြင်းပါလား။ သားလေး ဘာများဝယ်ချင်လို့ပါလိမ့်။

သားလေး သူ့နားကို ပိုက်ဆံတွေကိုင်လျက် ရောက်လာသည်။

''ဟောဒီမှာ သားမုန့်ဖိုးရတဲ့ ငါးဆယ်ကို နေ့တိုင်းစုထား

တာ။ နှစ်ထောင့် ငါးရာ၊ အခု ဖေဖေ့ဆီက ငါးရာ စုစုပေါင်း သုံးထောင်၊ ရော့ အဲဒါ ဖေဖေ ယူလိုက်''

''ဟင် သားဆီက ငွေတွေယူပြီး ဖေဖေကဘာလုပ်ရမှာတုံး''

''ဖေဖေ တစ်ရက် အလုပ်မသွားဘဲ သားနားမှာနေပေး ရမယ်။ ပြီးတော့ သွားချင်တဲ့နေရာတွေကို လိုက်ပို့ရမယ်လေ''

''သားလေးရယ်''

ဦးအုန်း မျက်ရည်မဆည်နိုင်တော့။ သားလေးကိုဖက်ပြီး သားရဲ့မျက်နှာ တစ်ပြင်လုံး နေရာအနှံ့ နမ်းလိုက်မိသည်။ ဦးအုန်း မျက်ရည်တို့ကလည်း သားမျက်နှာနှင့် တစ်ကိုယ်လုံးမှာ စိုရွှဲကုန် ပါပြီ။ တကယ်တော့သားလေးက သူ့ဆီကဖခင်မေတ္တာ တစ်ရက် စာကို သူစားမယ့် ရက်ငါးဆယ်စာ မုန့်ဖိုးလေးတွေကိုစုပြီး ဝယ် နေတာ မဟုတ်ပါလား ...။

**(ဝန်ခံချက်)** နှစ်အတော်ကြာက ဖတ်ခဲ့ရသော ဖြစ်ရပ်မှန် တစ်ခု ကို ခံစားရေးဖွဲ့ပါသည်။

•

**ဘယ်သူလော်မာတာလဲ**

လောကမှာ သူငယ်ချင်းကို ရွေးပေါင်းလို့ရတယ်။

ချစ်သူကို ရွေးချစ်လို့ရတယ်၊ အိမ်ထောင်ဖက်ကို ရွေးယူလို့ ရတယ်။

ဒါပေမဲ့ လူ့ရယ်လို့ဖြစ်လာရင် မိဘနဲ့ သားသမီး ဆိုတာကိုတော့ ကိုယ် လိုချင်တာကို ကိုယ့်စိတ်ကြိုက် ရွေးပြီးယူလို့ မရတတ်နိုင်ဘူးဆိုတာကိုပါပဲ။ ငါ့မိဘက တော့ ဆိုးလိုက်တာ၊ ကိုမောင်ချမ်းသာလေးရဲ့ အဖေဦး



ဖြူနဲ့ ဒေါ်လုတို့သား သွားလုပ် လိုက်ဦးမယ်လို့ လုပ်လို့မှ မရစကောင်းတာပဲ''

နောက်တစ်ချက်က ကလေးတွေအနေနဲ့ လူ့ လောကထဲ လာချင်လှချေရဲ့ ဆိုပြီးသူတို့ လော်မာလို့ သားသမီးအဖြစ် မွေးလာကြတာ မဟုတ်ဘူးဆိုတာကို လည်း မိဘတိုင်း သတိထားသင့်ပါတယ်။ သည်ကလေး တွေ လူ့လောကထဲ ရောက်လာအောင် ဖန်တီးယူရာမှာ တာဝန် အရှိဆုံးကတော့ မိဘနှစ်ပါးသာ ဖြစ်ပါတယ်။

သည်တော့ ကိုယ့်ကြောင့်မို့ လောကထဲကို မျက်စိ သူငယ်နဲ့ ရောက်လာရတဲ့ အပြစ်မဲ့ ကလေးငယ်လေး များကို ကိုယ့်စိတ်၊ ကိုယ့်အတ္တ၊ ကိုယ့်မာန်မာန များ ကြောင့် တစ်ဘဝစာ နာကျင်ခံစားရအောင် ပေါက်ကွဲ ကြ၊ ဖြိုခွင်းကြမယ့်အစား ကိုယ့်တာဝန်ကိုယ် ယူမိ အောင်၊ ကိုယ့်တာဝန်ကိုယ် ကျေအောင် မိဘတိုင်း ကြိုးစားသင့်ပါတယ်။

အထူးသဖြင့် တစ်မိသားစုနဲ့ တစ်မိသားစုတို့ သဘောထားချင်း မတိုက်ဆိုင်ကြလို့ ကိုယ့်မာန၊ သူ့မာန ထိပ်တိုက်တွေ့ကြလို့ အိမ်ထောင်တစ်ခုကို ဖြိုခွဲမယ်လို့ ကြံမိတိုင်း သူတို့ လော်မာလို့မဟုတ်ဘဲ ကိုယ့်လော်မာမှု ကြောင့် လူ့လောကထဲ ရောက်လာခဲ့တဲ့ အပြစ်မဲ့လူသား ငယ်လေးများကို သတိရစေချင်ပါတယ်။

(အတ္တကျော်၏ 'သားငယ်၊ သမီးငယ်များ ပဲ့ပြင်ထိန်းကျောင်းခြင်း အနုပညာ' စာ- ၈၆ မှ)

•

ငယ်ရွယ်စဉ်က အိမ်မှာ၊ ကျောင်းမှာ အရိုက်ခံရဖူးသူတွေ၊ မိဘ ဆရာ ဖြစ်လာတဲ့အခါကျတော့လည်း ကိုယ့်သားသမီးကို၊ ကိုယ့်တပည့်ကို ရိုက်နှက် ဆုံးမတတ်သူများ ဖြစ်လာတာလည်း သေချာပါတယ်။ ငယ်တုန်းက ရက်ရက်စက်စက် အရိုက်ခံရဖူးသူက မိဘဆရာဖြစ်လာတဲ့အခါမှာ သားသမီးတွေ၊ တပည့်တွေကိုလည်း ရက်ရက်စက်စက် မညှာမတာ ရိုက်နှက် ဆုံးမတတ်တဲ့ စိတ်ဝေဒနာရှင်တွေ ဖြစ်လာပါတယ်။

ဒါပေမဲ့ အဲသလို သားသမီးတွေ၊ တပည့်တွေကို ရိုက်တဲ့၊ နှက်တဲ့အခါတွေမှာ အဲသည်စိတ်ဝေဒနာရှင်တွေက သူတို့လေးတွေကို လိမ္မာစေချင်လို့၊ တော်စေချင်လို့၊ တတ်စေချင်လို့ ရိုက်နေတာပါဆိုပြီး သူတို့လိပ်ပြာသူတို့ မသန့်သန့်အောင် ဆင်ခြေအမျိုးမျိုး ပေးကြပါသေးတယ်။ အမှန်ကတော့ မိမိတို့ရဲ့ ဒေါသတွေ၊ ဘဝအမောတွေ၊ မာန်မာနတွေကို ဖြစ်တဲ့နည်းနဲ့ အထုပ်ဖြည်မိရာက ကလေးတွေကို ရမယ်ရှာ ရိုက်နှက်နေသူတွေလည်း အများကြီး ရှိပါတယ်။



ရိုက်နှက်ဆုံးမတယ်ဆိုတာ ကျောက်ခေတ်လူသားအရိုင်းအစိုင်းတွေ၊ တိရစ္ဆာန်သာသာလောက် အသိဉာဏ်ရှိသူတွေသာ ကျင့်သုံးတတ်တဲ့ ဆုံးမနည်းမျိုးဖြစ်ကြောင်း မိဘလုပ်နေသူတိုင်း၊ ဆရာလုပ်နေသူတိုင်း သတိထားသင့်ကြပါပြီ။ ရိုက်နှက်ဆုံးမတဲ့ အလေ့အထဆိုးကြီးဟာ ယဉ်ကျေးတဲ့လူ့ဘောင်(Civilised Society) နဲ့လည်း နည်းနည်းမှ အံမဝင်တော့ပါဘူး။

(အတ္တကျော်၏– 'သားသမီး' စာ– ၁၉၃ မှ)

•

## သားနဲ့ ကား

''ဒွပ်''

အောက်ခံခွက်ထဲသို့ ဖုန်းကို ဆောင့်ချလိုက်သောအသံက ဆောင့်အောင့် ထွက်သွားသည်။ ထိုအသံနှင့် မရှေးမနှောင်းမှာပင် ထွက်လာသော တောက် ခေါက်သံမှာလည်း တစ်ခန်းလုံး တုန်ဟည်းသွားသည်ဟု ထင်ရသည်။ စာကြည့်နေသော တစ်တန်းကျောင်းသားလေး 'ဖြိုးဝေ' သည်ပင် လန့်သွားသဖြင့် စာကိုမကြည့်ဘဲ ဖခင်ကို လှမ်းကြည့်မိလိုက်သည်။

ဦးမြင့်စိန် မကျေမနပ်နှင့် အံကို တင်းတင်းကြိတ်လိုက်မိသည်။ 'သည်ခေတ်က လူတွေဟာ ကတိသစ္စာ မရှိကြတော့ပါလား' ညနေကမှ နှုတ်ဖြင့် ကတိပြုခဲ့သော လုပ်ငန်းသည် ညကိုးနာရီမှာ ပျက်သွားလေပြီ။ 'ကျပ်သိန်းတစ်ထောင့်ငါးရာ'ဖြင့် စကားပြောပြီးသား လုပ်ငန်းကို ယခု ည ကိုးနာရီကျမှ ထောင့်သုံးရာဖြင့် လာပြီးဈေးဆစ်နေသည်။

ဦးမြင့်စိန်၏ ကန်ထရိုက်ဘဝ တစ်ခုလုံးတွင် မဟုတ်တာမလုပ်ခဲ့မှန်း သိပါလျက် ယခုလိုတင်စီးခြင်းမျိုးကို မည်သို့မျှသည်းမခံနိုင်။ ထို့ကြောင့်လည်း ဈေးလျှော့မပေးဘဲ လုပ်ငန်းကို ဖျက်လိုက်ပြီဖြစ်သည်။ ပေါချောင်မကောင်း ကန်ထရိုက် တစ်ယောက်က ပစ္စည်းဝိတ်အားတွေလျှော့ပြီး သူ့အလုပ်ကို ဝင်လုပြီ ဖြစ်ကြောင်း ဦးမြင့်စိန် ပြေးမကြည့်ဘဲသိသည်။



နှစ်အတန်ကြာက မြောက်ဒဂုံတွင် အတန်းကျောင်းကြီးတစ်ကျောင်း ပြိုကျသည်ကို အမှတ်ရနေသည်။ ကျောင်းသူ၊ ကျောင်းသား၊ ဆရာမိဘ အတော်များများ သေဆုံးသွားကြသည်။ ကျောင်းအပ်ချိန်တွင် ဖြစ်သွားသောကြောင့် ပို၍ အသေအပျောက်များခြင်းဖြစ်သည်။ 'ပေါ ချောင် ကောင်း' ဆိုသောစကားသည် မှားနေသည်။ ပေါချောင်နေမှတော့ ဘယ်သောအခါမှ ကောင်းမည် မဟုတ်ပေ။ ယခုလို ပြိုကျခြင်းသည် ပစ္စည်းဝိတ်လျှော့ပြီး ပေါ–ချောင်ဖြင့် ဆောက်ထားခြင်းကြောင့်မကောင်း၍ ပြိုကျခြင်း မဟုတ်ပါလော။

မနေ့ညနေက နေ့ချင်းပြီး စာချုပ်မချုပ်လိုက်မိသော မိမိကိုယ်မိမိလည်း အပြစ်တင်မိသည်။ ညှိခန်းထဲတွင် စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း အချိန်ဖြုန်းနေမိသည်။ ဖြိုးဝေက ကိုးနာရီဆိုအိပ်နေကျ။ ယခု ဆယ်နာရီထိုးတော့မည်။ ဖခင်က မထသေး။ မိခင်မရှိတော့ကတည်းက ဖခင်ကို ပုံချစ်နေရှာသော ဖြိုးဝေတစ်ယောက် ဖခင်နှင့်သာ အတူအိပ်ချင်သည်။ ဖခင်ပြောသော အိပ်ရာဝင်ပုံပြင်များကို နားထောင်ချင်သည်။ ထို့ကြောင့်လည်း ဖခင်နားသို့ မရဲတရဲ ကပ်၍–

''အဖေ. . .အိပ်ကြစို့လေ''

''သွားအိပ်နှင့်ကွာ''

ဖြိုးဝေတစ်ယောက် အတွန့် မတက်ရဲတော့ဘဲ အိပ်ခန်းထဲသို့ ကုပ်ချောင်းချောင်းလေးဝင်သွားသည်။ အရင်တစ်ရက်က 'မအိပ်ချင်သေးဘူး'ဟု ပြောကာ ယခုလိုစီးကရက်တွေထိုင်ဖွာနေသော ဖခင်ကို သူက နွဲ့ဆိုးဆိုးသည့်အနေဖြင့် လက်ကိုဆွဲခေါ်မိသည်။ သူထင်ထားသည်က 'သားကလည်းကွာ အဖေ မအိပ်ချင်သေး

ဘူး–လို့ ပြောလျက်သားနဲ့' ဟုဆိုကာ လိုက်ပါလာမည်ဟုထင်သည်။ ထို့အရင် ညများက ဤကဲ့သို့ပင်လိုက်ပါလာခဲ့သည် မဟုတ်ပါလား။

သို့သော် ထိုနေ့ညက အဖေကတော့ အိပ်ရာထဲသို့ မရောက်။ အဖေ့ လက်ဝါးတစ်ဖက်ကသာ ဖြိုးဝေနားရင်းပေါ်သို့ ဖြောင်းခနဲနေအောင် ရောက်လာခဲ့သည်။ ဖြိုးဝေယိုင်လဲမတတ် ဖြစ်သွားသည်။ နားအူသွားသလို မျက်စိလည်း ပြာခနဲဖြစ်သွားသည်။ နာတာထက် ဘာဖြစ်လို့ ရိုက်မှန်းမသိတာက သူ့ကို ပို၍ ဝမ်းနည်းစေသည်။ ငိုခြင်းသည် ကလေး၏ သောကထွက်ပေါက် တစ်ခု ဖြစ်သည်။ ထို့ကြောင့် ဖြိုးဝေ ငိုမည်ပြုသောအခါ အဖေက. . .

''မင်း အသံတစ်ချက်ထွက်ကြည့်စမ်း။ မျက်ရည်တစ်စက် ကျကြည့်စမ်း။ သေအောင်ကို ရိုက်ပစ်မယ်။ သေသွားတဲ့ မင်း အမေလိုပဲ ဘာမှ လူရိပ်လူကဲ နားမလည်ဘူး။ ဒီမှာ အလုပ်ကိစ္စ အဆင်မပြေလို့ စိတ်တိုနေပါတယ်ဆိုမှ လူကိုလာပြီး ဆွဲလားရမ်းလားနဲ့''

ထိုအချိန်မှစပြီး အဖေ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်ပြီး သုန်သုန်မှုန်မှုန် ဖြစ်နေချိန်ဆိုလျှင် အပြစ်မရှိလည်း အဖေက သူ့ကိုရိုက်တတ်သည်ဟု ဖြိုးဝေ အသေမှတ်ထားလိုက်သည်။ အဖေပြောတဲ့ အလုပ်ကိစ္စ အဆင်မပြေဆိုတာကို သူနားမလည်ပါ။ သူနားလည်တာက ကျောင်းသွားမယ်၊ ကစားမယ်၊ စားမယ်၊ အဖေနဲ့ အတူအိပ်မယ်၊ အဖေပြောတဲ့ပုံပြင်ကို နားထောင်မယ်။ ဒါပဲ သူသိသည်။

ခုတင်ပေါ်ရောက်တော့ အိပ်ရာထဲလှဲချလိုက်သည်။ ဘေးနား



မှာ အဖေ မရှိတော့ ဖြိုးဝေ တစ်ခုခု လိုနေသလို ဖြစ်နေသည်။ ဘာလိုနေမှန်းလည်း သူမသိ။ ၁၂ နာရီလောက်တွင် အိပ်ခန်းထဲသို့ ဦးမြင့်စိန် ဝင်လာသည်။ အိပ်ရာပေါ်သို့ လှဲချလိုက်သော်လည်း အိပ်၍မရ။ ကတိဖျက်သော သူ့ဌေးဦးစိန်၏မျက်နှာက မျက်စိထဲ ပေါ်လာသည်။ အခုအချိန်မှာသာ ထိုသူအနားမှာရှိလျှင် အမှန် ကြိတ်ပစ်မိမည် ထင်သည်။

ထိုအချိန်မှာပင် စူးစူးရှရှ အနံ့တစ်ခုက ဦးမြင့်စိန်နှာခေါင်းထဲသို့ ဝင်လာသည်။ ဦးမြင့်စိန်နှာခေါင်းကို ရှုံ့မဲ့ ရှုံ့မဲ့ လုပ်ကြည့်လိုက်သည်။

''သေချာပြီ၊ သေးနံ့၊ ဒီခွေးမသားဖြိုးဝေ သေးပေါက်ပြန်ပြီ''

သူ မီးဖွင့်ပြီး ဖြိုးဝေအောက်က အိပ်ရာခင်းကို ကြည့်လိုက်ရာ ရေမသေးကွက်ကြီးကို တွေ့လိုက်ရသည်။

''ဟော့ကောင်၊ ထစမ်း''

ဦးမြင့်စိန် ဖြိုးဝေလက်ကို ဆွဲဆောင့်ပြီး ထိုင်ခိုင်းလိုက်သည်။ ဖြိုးဝေမှာ အသနားခံသော မျက်လုံးလေးနှင့် ဖခင်ကိုပြန်ကြည့်ရုံမှတစ်ပါး ဘာမျှမပြောနိုင်ရှာ။ သူသေးပေါက်သော ပြစ်မှုကြောင့် ကြိမ်ဒဏ်၁ဝချက်စီ နှစ်ကြိမ်အရိုက် ခံရပြီးပြီ။ ယခု တတိယ အကြိမ် အရိုက်ခံရဦးတော့မည်။ သူသတိထားသော်လည်း အိပ်ပျော်သွားသည်နှင့် သေးကဘယ်လိုလုပ်ထွက်သွားမှန်း သူ မသိ။

ဖြိုးဝေ သူ့အဖေကို လှမ်းကြည့်လိုက်သောအခါ အိပ်ခန်းထောင့်တွင် ထောင်ထားသော ကြိမ်လုံးကိုဆွဲမယူဘဲ ညှော်ခန်းဘက်ထွက်သွားသဖြင့် ဘယ်လိုအပြစ်များ ပေးမှာပါလိမ့်–ဟု သူတွေးသည်။ သူ့အဖေ အခန်းထဲဝင်လာသောအခါ ပလတ်

စတစ်ကြိုးများနှင့် သူကစားသော သားရေကွင်းများပါလာ သည်ကို တွေ့ရသည်။ သူနှင့်သားရေကွင်းပစ်တမ်း ကစားဖို့တော့ မဖြစ်နိုင်။

သူ့အဖေမျက်နှာက ဒေါသကြောင့် ကြမ်းတမ်းခက် ထန်နေသည် မဟုတ်ပါလား။ အခန်းထဲရောက်သောအခါ ဦးမြင့်စိန်က ဖြိုးဝေ တစ်ကိုယ်လုံးမှ အဝတ်များကို ဆွဲချွတ်သည်။ ကိုယ်လုံးတီး ဖြစ်သွားသောအခါ မတ်တပ် ရပ်နိုင်းပြီး ဖြိုးဝေကို လက်ပြန်ကြိုး တုပ်သည်။ ပြီးသောအခါ ဖြိုးဝေနှင့် ဆယ်ပေအကွာလောက်တွင် သွားရပ်ပြီး သားရေကွင်းဖြင့် ပစ်ရန်စီစဉ်နေသည်။ သားရေကွင်းဖြင့်ပစ်လျှင် ကြိမ်လုံးဖြင့်ရိုက်တာလောက် မနာနိုင်ဟု ယူဆပြီး ဖြိုးဝေက ဟင်းချလိုက်သည်။ မပစ်မီ သူ့အဖေပြော လိုက်သော စကားကြောင့် ဖြိုးဝေ လန့်ပြီး တုန်တောင်သွားမိသည်။

''ကဲ. . ဖြိုးဝေ၊ မင်းကို သေးပေါက်လို့ ငါ နှစ်ကြိမ်တောင် ရိုက်ခဲ့ပြီ။ ဒါပေမဲ့ မင်းက မပြုပြင်ခဲ့ဘူး။ ငါ့ကို သူငယ်ချင်း တစ်ယောက်က ပြောဖူးတယ်။ အပြစ်ရှိတဲ့နေရာကို အပြစ်ပေးမှ ပြုပြင်မှာ ဆိုတဲ့စကားပဲ။ အရှင်အာနန္ဒာအလောင်းဟာ နစဉ် ဘဝတစ်ခုတုန်းက သူတစ်ပါးမယားကို လွန်ကျူးခဲ့တယ်။ အဲဒါကြောင့် ဆိတ်ဘဝ၊ နွားဘဝ ရောက်တဲ့အခါ သူ့ရဲ့အထီးအင်္ဂါကို ဖောက်ထုတ်ခံရတယ်။ ကျူးလွန်တဲ့နေရာကို တည့်တည့်အပြစ် ပေး ခံရတာပေါ့။ အခုလည်းသေးပေါက်မှုကျူးလွန်ခဲ့တဲ့နေရာကို အပြစ်ပေးရမယ်''

ဖြိုးဝေ သူ့အဖေကို မကြည့်ရဲတော့။ မျက်လုံးကို မှိတ်ထားလိုက်သည်။ 'ရှပ်'ဟူသော အသံအဆုံးမှာပင် သူ့အင်္ဂါဆီမှ ပူခနဲဖြစ်သွားပြီး သူ 'အား' ဟုသာ အော်လိုက်မိသည်။



''ဟော့ကောင်. . . အသံမထွက်နဲ့''ဟူသော အမိန့်ပေးသံကြောင့် နောက်အချက်တွေထိတိုင်း သူအော်ချင်စိတ်ကို မျိုသိပ်ပြီး ပါးစပ်ကို ပိတ်ထားသည့်ကြားက 'အု' ဟူသော အသံလေးကတော့ ထွက်သွားသေးသည်။

အသားနုနေရာဖြစ်သောကြောင့် အသည်းခိုက်အောင် နာသော်လည်း ဖြိုးဝေ မငိုရဲ၊ မျက်ရည်တွေသာ တတွေတွေ ကျနေသည်။ လေးငါးချက် ပစ်ပြီးသောအခါ ဦးမြင့်စိန်က ဖြိုးဝေကို ဆွဲထုတ်သွားပြီး တံခါးမကြီးကို ဖွင့်ကာ အိမ်အပြင်သို့ ထုတ်လိုက်သည်။

''သေးပေါက်တဲ့သူဆိုတာ အိပ်ရာပေါ် မအိပ်သင့်ဘူး။ အပြင်မြေကြီးမှာပဲ အိပ်''

''ဂျိမ်း''

ဟူသော တံခါးပိတ်သံကိုသာ ကြားလိုက်ရသည်။ အိမ်ရှေ့ဆင်ဝင်တွင် ဖြိုးဝေ သည်အတိုင်း ရပ်နေမိသည်။ မည်မျှကြာကြာ ရပ်နေမိသည် မသိ။ သံချောင်းခေါက်သံ နှစ်ချက် ကြားလိုက်ရသည်။ ချမ်းလည်း ချမ်း၊ ခြင်ကလည်း ကိုက်သည်။ ထိုအချိန်မှာပင် နောက်ဖေးတံခါး ဖွင့်သံကြားရပြီး အမျိုးသမီးကြီးတစ်ယောက် စောင်တစ်ထည်နှင့် ရောက်လာသည်။ သူလှည့်မကြည့်ဘဲ သိပါသည်။ အိမ်ဖော် 'ဒေါ်တိုး'ပင်။ ဒေါ်တိုးက သူ့ကိုယ်ပေါ်တွင် စောင်ခြုံပေးကာ ပွေ့ခေါ်ဖို့ဖြစ်သည်။ ဒေါ်တိုးမှာ လူမမယ်ကလေးအတွက် ရှိုက်ပြီး ငိုနေသည်။

''သားလေးရယ် အဲဒါ သားလေးရဲ့ အမေမရှိတော့လို့ ခုလိုဖြစ်ရတာ သိလား။ လာ. . . သားလေး အဒေါ့်အခန်းထဲ သွားမယ်''

ဒေါ်တိုးက သူ့လက်မှ ကြိုးတွေကို ဖြေပေးဖို့ ကြိုးစားတော့ သူ ရုန်းကန် ဖယ်ရှားလိုက်သည်။

"ဒေါ်တိုး… သားလက်ကကြိုးတွေ မဖြေနဲ့လေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"အဖေက သားကို အပြစ်ရှိလို့ ဒဏ်ပေးတာလေ။ သားက အိပ်ရာထဲ သေးပေါက်မိတာကိုး"

"သားရယ်၊ ဒီအရွယ်ဆိုတာ ဒီလိုပဲ ပေါက်မိကြတာပဲ။ ကြီးလာတော့ သူ့ဖာသာသူ ပျောက်သွားတာပဲ"

"အဖေက မြန်မြန် ပျောက်စေချင်လို့နေမှာပေါ့ ဒေါ်တိုးရဲ့"

ကလေးကိုယ်တိုင် သူ့အဖေဘက်က ပါနေသောအခါ ဒေါ်တိုး စိတ်ဆိုးသွားသည်။

"သားအဖေက သားကို အဲသလောက် ရိုက်နှက် နှိပ်စက်နေတာ သား မမုန်းဘူးလား"

"မမုန်းပါဘူး။ သားမှာ ချစ်စရာဆိုလို့ အဖေပဲရှိတာလေ။ ပြီးတော့ အဖေကပြောတယ်။ သားကို ချစ်လို့ရိုက်တာတဲ့"

"အမယ်လေးတော်၊ တကယ့်သူတော်ကောင်းလေးနဲ့မှ လာတွေ့နေရတာကိုး။ အဲဒါဆိုရင်လည်း ပြီးတာပါပဲတော်။ ကျုပ်တို့ကတော့ ဘေးကနေ ကြည့်ပြီး သနားလိုက်ရတာ။ ခုတော့ အလကားပါပဲ"

ထိုကဲ့သို့ပြောဆိုပြီး ဒေါ်တိုး နောက်ဖေးပေါက်မှ ပြန်ဝင်သွားသည်။ မနက်မိုးမလင်းခင် ဒေါ်တိုးက သူ့ကိုယ်ပေါ်မှ စောင်ကို လာယူသွားသည်။ ဦးမြင့်စိန်သိလျှင် ဆူမှာစိုးသောကြောင့် ဖြစ်သည်။ မိုးလင်းလင်းချင်း ဦးမြင့်စိန်တစ်ယောက် ဝရုန်းသုန်းကားနှင့် ထလာကာ အိမ်ရှေ့တံခါးကြီးကို ဆွဲဖွင့်သည်။ ဖြိုးဝေက



သူထားခဲ့သည့်အတိုင်း လက်ပြန်ကြိုးတုပ်လျက် မတ်တပ်ရပ်လျက်ကလေးပင်။ ဦးမြင့်စိန် သူ့ရက်စက်မှုအတွက် စိတ်မကောင်းဖြစ်သွားသည်။ မျက်ရည်များ ဝိုင်းလာကာ…

"သား" ဟုခေါ်ကာ ဖြိုးဝေကို ကြိုးတွေဖြေပေးရင်း ပွေ့ချီယူလာသည်။ သူ တစ်နာရီခန့်သာ ဒဏ်ပေးဖို့စိတ်ကူးထားသော်လည်း အိပ်ပျော်သွားခြင်းဖြစ်သည်။ ဖြိုးဝေက စိတ်မဆိုး။ သူ့အဖေ၏ပါးကိုပင် ဖက်နမ်းနေသေးသည်။

"သားကိုချစ်လို့ ဆုံးမတာနော် အဖေ"

"အေး… အေး၊ ဟုတ်တယ်သား၊ ချစ်လို့ ဆုံးမတာပါကွယ်"

ပြောရင်းဖြင့် ဦးမြင့်စိန် ထွက်လာမည့်မျက်ရည်တွေကို မျက်နှာအား ရှုံ့ပြီး အထဲကို ပြန်သွင်းနေသည်။ ဖြိုးဝေကို သူကိုယ်တိုင် မျက်နှာသစ်ပေးလိုက်သည်။ အင်္ကျီဘောင်းဘီတို့ကိုလည်း သူကိုယ်တိုင် ဝတ်ပေးနေသည်။

"ငါ့သားလေးကို နောက်ဘယ်တော့မှ မရိုက်မိအောင် သတိထားမည်" ဟူ၍လည်း ဆုံးဖြတ်လိုက်သည်။

•

ထိုနေ့က ဖြိုးဝေတစ်ယောက် ရင်ခုန်စွာဖြင့် သူ့အဖေကို မျှော်နေမိသည်။ ဦးမြင့်စိန်က သူ့အပေါ် ရောရောနှောနှော မနေသောကြောင့် တခြားကလေးတွေလို 'အဖေ့ကို တအားချစ်တယ်' ဆိုသောစကားကို နှုတ်က ထုတ်မပြောရဲ။ ထို့ကြောင့် ဗလာစာအုပ်၏ ပထမဆုံး စာမျက်နှာတွင် စာလုံးအကြီးကြီးဖြင့်–

"အဖေ့ကို… တအားချစ်တယ်၊ သား… ဖြိုးဝေ"

ဟူ၍ ရေးထားပြီး ဦးမြင့်စိန်၏ အလုပ်စားပွဲပေါ်တွင်

တင်ထားလိုက်သည်။ အဖုံးကိုလှန်လိုက်သည်နှင့် သူရေးထားသောစာကို အဖေတွေ့လျှင် သူ့ကို ပိုချစ်လာမည်–ဟု ဖြိုးဝေက တွေးထားသည်။

သူ့အဖေသည် သူ့ကို တစ်ကြိမ်သာ နမ်းဖူးသည်။ ထိုညက သူ ခေါင်းကိုက်နေသဖြင့် တော်တော်နှင့် အိပ်မပျော်။ သို့သော် မျက်လုံးကိုတော့ မှိတ်ထားသည်။ ညဉ့်တော်တော်နက်တော့မှ အဖေက သူ့ပါးကို ဖွဖွလေး လာနမ်းသည်။ ပျော်လွန်းလို့ သူ ခေါင်းကိုက်တာတောင် မေ့ပျောက်သွားသည်။ နောက်ညတွေမှာလည်း အဖေနမ်းတာသိချင်လို့ ဖြိုးဝေ အိပ်မပျော်အောင် အောင့်နေသေးသည်။ သို့သော် မရ။ ခေါင်းအုံးပေါ် ခေါင်းကျပြီးသည်နှင့် မကြာမီ အိပ်ပျော်သွားတာများသည်။

သူ့အဂ်ါကို သားရေကွင်းဖြင့် အပစ်ခံရသောနေ့မှစ၍ သူ မအိပ်ဘဲနေသည်မှာ သုံးညရှိပြီ။ အိပ်ပျော်သွားလျှင် သေးပေါက်မိမှာ စိုးရိမ်သောကြောင့်ပင် ဖြစ်သည်။ သူ့အဖေကတော့ သူ မအိပ်ဘဲနေတာကို မသိ။ သေးမပေါက်တာကိုသာ သိသည်။ ညဘက် မအိပ်ရသည့်အတွက် စာသင်ရင်း အိပ်ငိုက်၍ အရိုက်ခံရတာလည်း သုံးရက်တောင် ရှိပါပြီ။ ဟော.. အဖေတို့ ကားဝင်လာသံ ကြားရသည်။ အိမ်ထဲဝင်လာကြပြီ။ အဖေ့မိတ်ဆွေ ဦးညွန့်လည်း ပါလာသည်ကို တွေ့ရသည်။ စားပွဲရှေ့ရောက်တော့ အဖေက သူ့စာအုပ်ကို မကြည့်။ နံရံတွင် မှန်ပေါင်သွင်းထားသော စာတမ်းတစ်ခုကို လက်ညှိုးထိုးပြနေသည်။

''ဦးညွန့်၊ ဟိုမှာ ဖတ်ကြည့်လိုက်စမ်းပါ''

ဦးညွန့်က လှမ်းဖတ်ကြည့်လိုက်သည်။

အိုးထိန်းသည်သည် အိုးကိုနာနာရိုက်သည်မှာ အိုးကောင်း



ဖို့အတွက် ဖြစ်သည်။ ထို့အတူ ဆရာ မိဘက တပည့်သားအား နာနာရိုက်သည်မှာ လိမ္မာဖို့အတွက်သာ ဖြစ်သည်။

''ဦးညွန့်လည်း ကိုယ့်သားသမီးကို နာနာသာရိုက်ပြီး ဆုံးမဗျာ။ အရိုက်ခံရတဲ့ တုတ်ချက်များလေ သူတို့ဘဝကောင်းလေပဲ။ အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင် မှတ်မိမယ်လို့ ကျုပ်က ပြောချင်တယ်။ ကလေးဆိုတာ ရိုက်မှ မှတ်မိတာဗျ။ မရိုက်ဘဲ ပြောဆိုဆုံးမရင် မမှတ်မိကြဘူး။ ကျွန်တော့် သားဆို ကြည့်ပါလား။ အိပ်ရာထဲသေးပေါက်တာ သုံးကြိမ်တောင် ရိုက်ယူရတယ်။ တတိယအကြိမ်ကျတော့ ရိုက်ပြီး အပြင်ဘက်မှာ ထုတ်ထားလိုက်တယ်။ အခုသေးပေါက်တာ ပျောက်သွားပြီ''

သူ့အဖေကို လှမ်းကြည့်နေသော လိုက်ကာနောက်မှ ဖြိုးဝေ တစ်ယောက် ယနေ့ထိအောင် နီရဲပြီး စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော သူ့ငယ်ပါကို ရုတ်တရက် အလန့်တကြား လက်ဖြင့် ပြန်အုပ်ကိုင်မိသွားသည်။ 'အဖေက အပြစ်ရှိတဲ့ နေရာကို ဒဏ်ပေးတာ'တဲ့။

''ဦးမြင့်စိန်က နိုပ်ကွပ်တဲ့ နိဂ္ဂဟကံ တစ်ခုတည်း အားကိုးနေတာကိုးဗျ။ တကယ်ကျတော့ မကောင်းတဲ့အကျင့်တွေ ပျောက်ဖို့ဆိုတာ ချီးမြှောက်တဲ့ 'ပဂ္ဂဟကံ'နဲ့လည်း ရပါတယ်''

''ဒါဆိုခင်ဗျားကလေးတွေ အိပ်ရာထဲသေးမပေါက်အောင် ဘယ်လိုလုပ်လဲ''

''လွယ်လွယ်လေး။ အရုပ်လှလှလေး သုံးရုပ် ဝယ်လာလိုက်တယ်။ သေးမပေါက်တော့တဲ့ အကြီးနှစ်ယောက်ကို တစ်ယောက်တစ်ရုပ်စီ ပေးလိုက်တယ်။ သေးပေါက်တဲ့ အငယ်ဆုံးကောင်ကို မပေးဘူး။ မပေးတော့ သူ ဇွတ်တောင်းပြီလေ။ ဒီတော့ ကိုယ်လိုချင်တာ သူ့ကိုပြန်ပြောလိုက်ရုံပဲ။ ''သားသားအိပ်ရာထဲမှာ သေး

မပေါက်ရင်ပေးမယ်''လို့ အဲဒီညကစပြီး သူ သေးမပေါက်တော့တာ ခုထိပဲ''

''အေးဗျာ. . ဒီလိုဆိုတော့လည်း ဟုတ်သားပဲ။ ခက်တာက ကျွန်တော့်မှာ ရိုက်တာ အကျင့်ဖြစ်နေပြီ။ ကျွန်တော်တို့တုန်းကလည်း အရိုက်ခံခဲ့ရတာ ဆိုတော့ ရိုက်ပြီး ဆုံးမမှ ရတယ်လို့ပဲ ထင်နေမိတယ်''

''ဆန့်ကျင်ဘက် ပြောတာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ အားလုံး တစ်ယောက်မှ အရိုက်မခံခဲ့ရဘူး။ နောက်ပြီး အခု ကြီးလာတဲ့အခါ မိုက်တာ တစ်ယောက်မှ မပါလာဘူး။ ကျွန်တော့်အစ်ကိုတစ်ယောက်ဆိုရင် ရိပ်သာ ဆရာတော်ကြီးတောင် ဖြစ်နေပြီ။ အစ်မအကြီးဆုံးက စာသင်တိုက်တည်ထောင်ထားတဲ့ သီလရှင်ဆရာကြီးတစ်ပါး ဖြစ်နေပြီ။ ကျွန်တော်တို့ မိဘတွေက သားသမီးအပြစ်ရှိရင် လူရှေ့သူရှေ့မှာ ဘယ်တော့မှ အော်ဟစ်ဆုံးမတာမျိုး မရှိဘူး။ ကွယ်ရာရောက်မှ အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြတယ်။

''အဲ. . လူရှေ့သူရှေ့မှာဆိုရင် ကျွန်တော်တို့ရဲ့ ကောင်းကွက်တွေကို အားပါးတရ ချီးမွမ်းစကားပြောတယ်။ အများရှေ့မှာ ကျုပ်သားက အကျင့် သီလ သိပ်ကောင်းတာ။ နောင်တစ်ချိန် ဆရာတော်ကြီးတစ်ပါးဖြစ်ဖို့ အလားအလာရှိတယ်လို့ အချီးမွမ်းခံရတဲ့ ကျွန်တော့်အစ်ကိုဟာ အခု အဟုတ်ကို ဆရာတော်ကြီး ဖြစ်နေပြီလေ။

''ပညာသိပ်တော်တာလို့ ချီးမွမ်းခံရတဲ့ ကျွန်တော့်အစ်မတစ်ယောက်က ပါဠိနဲ့ ဘွဲ့ရခဲ့တဲ့အပြင် ဒေါက်တာဘွဲ့တောင် ထပ်ရသွားပြီ။ အခု တက္ကသိုလ်မှာ ပါမောက္ခဖြစ်နေတယ်။ ကျွန်



တော် လေ့လာမိသလောက်ဆိုရင် ကလေးတွေကို ရိုက်နှက်ခြင်းဖြင့် ကလေးတွေမှာရှိတဲ့ စာနာစိတ်နဲ့ ကရုဏာစိတ်ကို ဖျက်ဆီး ပစ်ရာရောက်တယ်တဲ့ဗျ။

''ပြီးတော့. . အရိုက်ခံရတဲ့ ကလေးဟာ အသားနာတဲ့ အပေါ်မှာပဲ အာရုံစိုက်သွားပြီး ဒေါသထွက်တာနဲ့ ကြောက်တာပဲ ရှိတော့တယ်။ သူလုပ်လိုက်တဲ့ အမှားကို ဆင်ခြင်နိုင်တဲ့ ဉာဏ်လည်း ပျောက်သွားတယ်။ ဒ့ါအပြင် အပြစ်ရှိရင်'အဖေနဲ့ အမေရဲ့ တာဝန်ပဲရှိတယ်။ ငါ့တာဝန်မရှိဘူး'လို့လည်း စွဲသွားတတ်တယ်။ ဆိုလိုတာက အမြဲအရိုက်ခံနေရတဲ့ ကလေးဟာ အပြစ်ရှိ–မရှိဆိုတာကို ကိုယ့်ဉာဏ်နဲ့ မဆုံးဖြတ်နိုင်တော့ဘူး။ မိဘက ရိုက်မှပဲ 'ဒါဟာ အပြစ်ရှိတယ်။ မရိုက်ရင် အပြစ်မရှိဘူး'လို့ စွဲသွားတော့ သူလုပ်သမျှ အပြစ်ကို မိဘက ဘယ်မှာအမြဲသိနိုင်မလဲ။ ကျွန်တော် လူပျိုပေါက်စ အရွယ်လောက်တုန်းက အစ်မတစ်ဝမ်းကွဲ တစ်ယောက်နဲ့ သံယောဇဉ်ဖြစ်ဖူးတယ်။ အမှန်ကတော့ နီးစပ်လို့ ဖြစ်တာပါ''

''ဟာ. . ကျွန်တော်သာဆိုရင်တော့ ဒီလောက် ကမြင်းကြောထတဲ့ ကောင်ဆိုပြီး လိမ့်ရိုက်ပစ်လိုက်မှာပဲ''

''အဲသလိုရိုက်ရင် မခံချင်စိတ်နဲ့ ခိုးထွက်ပြေးကြမှာပေ့ါ။ ပိုဆိုးဖို့ပဲရှိတယ်။ စိတ်ပညာရှင်တွေရဲ့ လက်တွေ့စမ်းသပ်ချက်အရ ရိုက်ရင်အပြစ်ကိုမပြင်တဲ့အပြင် ပိုတောင်အရွဲ့တိုက်ပြီး လုပ်တတ်တယ်လို့ ပြောတယ်။ ကျွန်တော့်အဖေ အမေက လုံးဝမဆူဘူး။ အကျိုးအကြောင်းနဲ့ ရှင်းပြတယ်။ ဆွေမျိုးနီးစပ်ချင်းယူရင် ပညာရှိသူတော်ကောင်းတွေရဲ့ ရှုတ်ချခြင်းကိုခံရမယ်။ နောက်တစ်ချက်က သိပ္ပံပညာရှင်တွေ လက်တွေ့စမ်းသပ်တွေ့ရှိ

ချက်အရ မွေးလာတဲ့ကလေးဟာ ကိုယ်အားရော၊ ဉာဏ်အားရော အဆင့်နိမ့်သွားတတ်တယ်တဲ့။ အဲသလို ရှင်းပြလိုက်တာနဲ့ ကျွန်တော် နောက်ဆုတ်လိုက်တာပဲ။

''ကျွန်တော်တို့ မိဘတွေက သားသမီးတွေနဲ့ရင်းရင်းနှီးနှီး နေတယ်။ မိတ်ဆွေလိုပေါင်းတယ်။ အဲဒီတော့ ကျွန်တော်တို့ ကလည်း ဘာဖြစ်ဖြစ် မိဘနဲ့ တိုင်ပင်ရဲတယ်။ ပြောရရင် ကျွန်တော်တို့က မိဘကိုချစ်တာ။ လေးစား ကြည်ညိုတာပဲရှိတယ်။ မကြောက်ဘူး။ ကြောက်စရာလည်း မဟုတ်ဘူးလေ''

''အဲဒါဆိုရင် မှားတာပေါ့ဗျ။ သားသမီးဆိုတာ မိဘကို ကြောက်မှဖြစ်မှာပေါ့''

''ချစ်ခင်ကြည်ညိုတဲ့ သားသမီးက မိဘစကားကို ရှေ့မှာလည်း နားထောင်တယ်။ ကွယ်ရာမှာလည်း နားထောင်တယ်။ ကြောက်ရုံကြောက်တဲ့ သားသမီးက မိဘစကားကို ရှေ့မှာသာ နားထောင်တာ၊ ကွယ်ရာမှာ နားမထောင်ဘူးဗျ''

''ကျွန်တော်ကတော့ 'သားသမီးကို စိတ်ထဲကပဲချစ်၊ အပြင်ထုတ် မချစ်နဲ့၊ ကမ်းတက်လိမ့်မယ်'ဆိုတဲ့ စကားကိုပဲ သဘောကျတယ်။ ကျွန်တော့်သားလေးကို ကျွန်တော် တအားချစ်တယ်။ ဒါပေမဲ့ ကမ်းမတက်အောင် ကျွန်တော် ချစ်တာကို ကိုယ်အမူအရာနဲ့ မပြဘူး။ နှုတ်နဲ့လည်း မပြောဘူး။ ကိုယ့်သားကို နမ်းချင်ရင်တောင် သူအိပ်ပျော်တဲ့ အချိန်မှ နမ်းတယ်''

''ဘာလဲ ခင်ဗျားဆိုလိုတာက စိတ်ထဲကချစ်နေရင် ပြီးတာပဲ။ ကိုယ်နဲ့ နှုတ်နဲ့ ပြနေစရာ မလိုဘူး။ ဒီလိုလား''

''ဟုတ်တယ်လေ''

''အဲဒါဆို'ဆရာသာဝ'က သူ့သားမောင်ဝဏ္ဏ မင်္ဂလာဦးည



မှာ ပြဿနာ ရှာသလို ခင်ဗျားရဲ့ မင်္ဂလာဦးညမှာ ပြဿနာလာရှာချင်တယ်။ အခုတော့ ခင်ဗျားက ကလေးတစ်ယောက်တောင် ရနေပြီဆိုတော့ ကျွန်တော် နောက်ကျသွားပြီ''

''လုပ်ပါအုံး။ ဆရာသာဝက မောင်ဝဏ္ဏ မင်္ဂလာဦးညမှာ ဘယ်လိုပြဿနာရှာတာတဲ့လဲ''

''သင်္ကြန်တို့၊ ဝါဝင် ဝါထွက်တို့မှာ ဆရာသာဝရဲ့ သားသမီးတွေက ဆရာသာဝတို့ လင်မယားကို တတ်နိုင်သမျှ ပစ္စည်းတွေနဲ့ လာလာကန်တော့ ကြတယ်။ အဲဒီထဲမှာ မောင်ဝဏ္ဏ မပါဘူး။ ပစ္စည်းတော့ လူကြုံနဲ့ထည့်ပေးလိုက်တယ်။ လူကတော့ မလာဘူး။ ဒါနဲ့ ဆရာသာဝက မောင်ဝဏ္ဏကို တွေ့တော့ မေးသတဲ့။ ဘာကြောင့် လူကိုယ်တိုင် လာမကန်တော့တာလဲပေါ့။ မောင်ဝဏ္ဏက ပြောသတဲ့''

''အဖေရာ . . ကိုယ့်မိဘကို စိတ်ထဲက ချစ်ခင်လေးစားရင် ပြီးတာပါပဲ''တဲ့။

''အဲဒီတော့ ဆရာသာဝက ဘာပြန်ပြောသလဲ''

''ဘာမှ ပြန်မပြောဘူး။ တစ်ခါတည်း ထ–ပြန်သွားတယ်။ ဘယ်ကျမှ ပြောသလဲဆိုတော့ မောင်ဝဏ္ဏ မင်္ဂလာဆောင်တဲ့ မင်္ဂလာဦးညကျမှ ပြောတယ်။ မင်္ဂလာအခမ်းအနားပြီးတော့ မောင်ဝဏ္ဏတို့ ဇနီးမောင်နှံဟာ သူတို့အတွက် ရထားတဲ့တိုက်ခန်းကို ပြန်လာကြတော့ ဆရာသာဝပါ လိုက်သွားသတဲ့။ ဟိုရောက်တော့ 'ဆရာသာဝ'က ဘာမှမပြောဘဲ သူတို့နှစ်ယောက်ရဲ့ အိပ်ခန်းထဲမှာ ဒီတိုင်းကြီး ထိုင်နေသတဲ့။

''ပထမတော့ မောင်ဝဏ္ဏက မရိပ်မိသေးဘူး။ ညမိုးချုပ်တော့–

''အဖေ မပြန်သေးဘူးလား''

ဆိုတော့–

''ငါမပြန်ဘူး။ ဒီနေရာမှာ အိပ်မယ်''

လို့ ပြောလိုက်တော့ မောင်ဝဏ္ဏ ဒုက္ခရောက်သွားတာပေါ့။

''ဟာ. . . ဘယ်ဖြစ်မှာလဲ အဖေရဲ့ မင်္ဂလာဦးညမှာ အဖေ ဒီမှာ ညအိပ်လို့ ဘယ်သင့်တော်ပါ့မလဲ''

ပြောတဲ့အခါကျမှ ဆရာသာဓုက ကလဲ့စားချေတော့တယ်။

''မင်းမိန်းမကို စိတ်ထဲကချစ်ရုံနဲ့ ကိစ္စမပြီးဘူးလား။ ချစ်တယ် လို့ ပါးစပ်က ပြောစရာလိုသေးသလား။ အိပ်ခန်းထဲမှာ ချစ်သက်သေပြစရာ လိုသေးသလားလို့ မေးပြီလေ''

''မောင်ဝဏ္ဏ ဘာမှ ပြန်မပြောနိုင်ရှာတော့ဘူး။ ငါတို့မိဘကို ကန်တော့ဖို့တုန်းကတော့ စိတ်ထဲက ချစ်ခင်ကြည်ညိုရင် ပြီးတာပဲဆိုတဲ့ကောင် အခု မင်းမယားကိုလည်း စိတ်ထဲကပဲ ချစ်ရမယ်။ ချစ်တဲ့အကြောင်း မင်းပါးစပ်ကလည်း မပြောနဲ့။ မင်းခန္ဓာကိုယ်နဲ့လည်း မပြနဲ့လို့ လက်တွေ့ပြပြီး ဆုံးမမှ မောင်ဝဏ္ဏ သဘောပေါက်သွားတယ်။

''အဲဒီကျမှ သူ့အမှားကိုလည်း ဝန်ခံသွားတယ်။ နောက်နှစ်တော့ မိဘကို ကန်တော့တဲ့ပွဲမှာ မောင်ဝဏ္ဏ ပြန်ပါလာတယ်။ အခုလည်း ဦးမြင့်စိန်အနေနဲ့ ကိုယ့်သားကို စိတ်ထဲကပဲ ချစ်မယ်။ ကိုယ်နှုတ်နဲ့ ထုတ်မချစ်ဘူးဆိုရင် ဦးမြင့်စိန်သား ကြီးလာတဲ့အခါမှာလည်း ဦးမြင့်စိန်ကို စိတ်ထဲကပဲချစ်ပြီး အနားကို လာမှာ မဟုတ်တော့ရင် ဘယ်လိုလုပ်မလဲ''

ဦးမြင့်စိန်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဦးညွှန့်ပြောသော စကားများမှာ သဘာဝကျနေသည် မဟုတ်ပါလား။ သို့သော်



နှစ်ပေါင်းများစွာ စွဲလာသော အယူဝါဒတစ်ခုကို ချက်ချင်း စွန့်ပစ်ဖို့ ဦးမြင့်စိန် အခက်ကြုံနေသည်။ သူ့စားပွဲပေါ်မှ ဖြိုးဝေ၏ ဗလာစာအုပ်လေးကို တွေ့လိုက်သည်။ တော်တော် စည်းကမ်းမရှိတဲ့ကလေး။ သူ့ကျောင်းစာအုပ်ကို ဘာကြောင့် သူ့အလုပ်စားပွဲပေါ် လာတင်ထားရသနည်း။ လှမ်းအော်လိုက်မည်ပြင်ပြီးမှ ဦးညွှန့်ပြောစကားကို အမှတ်ရသွားပြီး ခက်ထန်စွာ မအော်မိတော့။

''သား. . . ဖြိုးဝေ''

''ခင်ဗျာ''

''ဒီမှာ သားစာအုပ်လာယူ''

''ဟုတ်ကဲ့''

ဖြိုးဝေ လက်ပိုက်ပြီး ဦးမြင့်စိန်ရှေ့နားသို့ ရောက်လာသည်။ သို့သော် တရားသူကြီးရှေ့ရောက်သော တရားခံတစ်ယောက်လို ဘေးဘီသို့ မကြည့်ရဲဘဲ အောက်သို့ ငုံ့ရင်းရောက်လာသည်။

''သားစာအုပ်က ဘာဖြစ်လို့ အဖေ့စားပွဲပေါ် ရောက်နေတာလဲ''

''ဟို. . . ဟို''

ဖခင်ကို ကြောက်သည့်စိတ်က လွှမ်းမိုးနေသောအခါ မှန်သော၊ အကျိုးရှိသော၊ နှစ်သက်မှုကိုဖြစ်စေနိုင်သော စကားကိုပင် ဖြိုးဝေ မပြောရဲတော့။ မလိုအပ်ဘဲ အကြောက်လွန်နေခြင်းသည် နူးညံ့သော စိတ်ဝေဒနာ တစ်မျိုးပင် ဖြစ်၏။

''ရော့. . . နောက်ကို ကျောင်းစာအုပ်ကို တခြားနေရာမှာ မရှိစေနဲ့''

''ဟုတ်. . . ဟုတ်ကဲ့''

''ကဲ. . . သွားတော့''

ဦးမြင့်စိန် စာအုပ်ကို လှမ်းပေးလိုက်သည်။ စာအုပ်ကိုယူကာ ဖြိုးဝေ ထွက်သွားသည်။ ဦးမြင့်စိန်သည် ရှင်ဘုရင်ဘဝက လာလေသလော မသိ။ ထိုကဲ့သို့ သူ့ကိုမော်မကြည့်ရဲခြင်းကို သူ အလွန်နှစ်သက်သည်။ သူပြောသမျှ ကိုလည်း မှားမှားမှန်မှန် စောဒကတက်သည်ကို မကြိုက်၊ ငြိမ်နားထောင်ပြီး ခေါင်းညိတ်မှ ကြိုက်သည်။ စောဒက တက်လာသူ မှန်သမျှကို သူ့ရန်သူဟု သဘောထားတတ်သည်။ အပြစ်တော့ မဆိုသာ။ သူသည် 'ရေဘူး ပေါက်တာ မလိုချင်၊ ရေပါတာကိုသာ လိုချင်သည်' ဟူသော အစိုးရနှစ်ဆက်တွင် လူဖြစ်ခဲ့ရသူ မဟုတ်ပါလား။ ကုပ်ကုပ်ကလေး ထွက်သွားသော သားဖြစ်သူကို ကြည့်၍ ဦးမြင့်စိန်က ဂုဏ်ယူဝင့်ကြွားစွာ ဦးညွန့်ကို ပြောလိုက်သည်။

"တွေ့လားဦးညွန့်၊ ကျွန်တော့်သား ဘယ်လောက် အပိုးကျိုးသလဲ"

"အပိုးပါမကဘူး။ အညွန့်ပါကျိုးသွားတာ။ အဲသလိုကလေးတွေကြီးလာရင် ပညာတတ်အရာရှိကြီးတွေတော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ပြောတိုင်း ခေါင်းညိတ်တတ်တဲ့ နိုင်ငံကိုမချစ်ဘဲ ရာထူးနဲ့အာဏာကိုသာချစ်တတ်တဲ့ လူကြီးမျိုးပဲဖြစ်လာမယ်။ နှစ်အတန်ကြာက ကော့သောင်းမြို့နယ်မှာ ပြဿနာဖြစ်တယ်။ ဒီမြို့နယ်ဟာ ပင်လယ်ရေဝင်တဲ့ဒေသမို့ စပါးကောင်းကောင်း စိုက်လို့မရဘူး။ ပြည်မက ဆန်နဲ့ ရနောင်းက ရှမ်း(ထိုင်း)ဆန်ကိုပဲ အဓိကထား စားနေရတယ်။

ခဏတဖြုတ် လာကြည့်တဲ့လူကြီးတစ်ယောက်က ပြည်မက ဆန်တွေ၊ ထိုင်းက ဆန်တွေ မဝယ်နဲ့။ ကိုယ့်ဒေသနဲ့ကိုယ့်စပါးကို စိုက်စားပါလို့ သူဖြစ်ချင်တာပဲပြောသွားတယ်။ မဖြစ်နိုင်ဘူး



ဆိုတာကို ဒေသတာဝန်ခံလူကြီးတွေက ပြောပါလား။ မပြောဘူး။ သူတို့စနစ်က ရေပါတာပဲ လိုချင်တာလေ"

**အစိုးရကောက်သော ဆက်ကြေး**

"အဲဒီတော့ ဘာလုပ်လဲ။ ပြည်သူထက် ရာထူးကို ပိုချစ်တတ်ကြတဲ့ လူကြီးတွေဟာ သူတို့ရာထူးအတွက် ပြည်သူတွေကို စတေးတော့တာပေါ့။ စုပေါင်းလယ်ယာစပါးစိုက်မယ်။ တစ်အိမ်ကို ဘယ်နှစ်သောင်းထည့် ပါဆိုပြီး တစ်မြို့နယ်လုံး ဆက်ကြေးခွဲတယ်"

"ဦးညွန့်စကားကြီးကလည်း သူပုန်ဆန်လိုက်တာဗျာ။ ရန်ပုံငွေကောက်တယ် လုပ်စမ်းပါ"

"မဟုတ်ဘူး။ ဆက်ကြေးခွဲတာပဲ။ စကားတစ်ခု ရှိတယ်လေဗျာ၊ သူခိုး ကြီးတော့ ဓါးပြ၊ ဓါးပြကြီးတော့ သူပုန်၊ သူပုန်ကြီးတော့ အစိုးရဆိုတဲ့ စကားလိုပေါ့။ ပြည်သူထက် ရာထူးနဲ့ အာဏာကို ချစ်တဲ့ အစိုးရဟာ သူပုန်အကြီးစားပဲ။ ဆက်ကြေးခွဲတဲ့ငွေတွေနဲ့ စပါးစိုက်၊ ရေငန်တွေဝင်တော့ ပျက်စီး။ အထက်က လူကြီးတွေ လာကြည့်တော့မယ်ဆိုတာနဲ့ ပြည်သူ့ထံက ဒုတိယအကြိမ်ဆက်ကြေးထပ်ခွဲပြီး ရနောင်းဘက်က ထိုင်းဆန်တွေ ဝယ်တယ်။ ထိုင်းဆန်တွေကို ကော့သောင်းကထွက်တဲ့ ဆန်တွေ ပါဆိုပြီး လိမ်တယ်။ ပြည်သူတွေမှာတော့ နှစ်စဉ်စပါးစိုက်ဖို့ ငွေလည်းထည့်ရ၊ ဆန်လည်း ဝယ်စားရ ဆိုတော့ ဘယ်လောက် ဒုက္ခရောက်လိုက်မလဲ တွေးကြည့်။

"ရန်ကုန်–မန္တလေး နေပြည်တော် အမြန်လမ်းမကြီး လုပ်ပေးတာ တကယ် ကျေးဇူးတင်ပါတယ်။ အရင်က ၁၅ နာရီ

လောက် မောင်းရတဲ့လမ်းမကြီး အခုဆိုရင် ၆ နာရီ သာသာ လောက် မောင်းတာနဲ့ ရန်ကုန်ကနေ မန္တလေးကို ရောက်တယ်။ ဒါက ကောင်းတဲ့အတွက်ချီးကျူးတာ။ လူကြီးတွေက မိုင်လေးရာ နီးပါးကို ရှစ်လမ်းသွားလုပ်ချင်တယ်။ သတ်မှတ်ပေးတဲ့အချိန်က လေးလမ်းသွားလောက်ပဲ ပြီးနိုင်တယ်။ တကယ်ဆိုရင် ရှင်းပြ လိုက်ပါလား။ ဒီအချိန်လောက်နဲ့ဆိုရင် လေးလမ်းသွားပဲ ကောင်း ကောင်း ပြီးနိုင်မယ်။ ရှစ်လမ်းသွား မပြီးနိုင်ပါဘူး။ မပြီးနိုင်ဘဲ ဖွတ်လုပ်ရင် ပစ္စည်းဖိုးတွေ၊ လုပ်အားခတွေ ရေထဲပစ်ချသလို အလဟဿကုန်ပါလိမ့်မယ်လို့ ပြောပြကြပါလား။ တစ်ယောက်မှ မပြောကြဘူး။

''ပြောလိုက်ရင် ငါ့ အလုပ်ပြုတ်လိမ့်မယ်။ ငါ့ရာထူးနဲ့အလုပ် တော့ အပြုတ်မခံနိုင်ဘူး။ တိုင်းသူပြည်သားတွေရဲ့ငွေတွေတော့ ကုန်ချင်သလောက် ကုန်၊ ဘာမှအရေးမကြီးဘူးလို့ သဘောထား ကြတယ်။ ကြည့်စမ်း ဟိုဘက်လေးလမ်းသွား၊ ဒီဘက်လေးလမ်း သွားလမ်းမကြီး ကုန်လိုက်တဲ့ငွေတွေ။ နည်းတာမဟုတ်ဘူး။ ငွေ ကုန်ပြီး ရှစ်လမ်းသွားလမ်းမကြီးဖြစ်လာရင် ဘာမှ ပြောစရာမလို ဘူး။ ခုတော့ကြည့်စမ်း။ လုပ်အားခတွေ၊ ပစ္စည်းဖိုးတွေက ရှစ် လမ်းသွားဖိုးလောက်ကုန်ပြီး တကယ်ရတော့ လေးလမ်းသွားပဲ ရတယ်။ လေးလမ်းသွားတောင် အဆင့်မီမီ ရတာ မဟုတ်ဘူး။ မြေတွေ အသားမသေဘဲ ပေးထားတဲ့ အချိန်မီအောင် ဆိုပြီး ကွန်ကရစ်တွေ ဖွတ်လောင်းတယ်။

''အခု လမ်းမကြီးပြီးတာက ဘာမှမကြာသေးဘူး။ ၂၀၁၀ လောက်က မိုးတွင်းမှာ ရေတိုက်စားပြီး မိတ္ထီလာနားက လမ်းမ ကြီး မျောကျပျက်စီးသွားတယ်။ သိန်းပေါင်းထောင်ချီ အကုန်ခံ



ပြင်ရပြန်တယ်။ အဲဒါ မြေကြီးတွေ အသားမသေဘဲ အပေါ်က ကွန်ကရစ်တွေလောင်းလို့ ဖြစ်ရတာပေါ့။ နေရာ တော်တော်များ များမှာလည်း ခဏခဏ အက်ကွဲရတာနဲ့၊ နိမ့်ကျရတာနဲ့ နေ့စဉ် ပြင်လို့ကို မပြီးနိုင်ဘူး''

''ဟာ– ဦးညွန့် ခင်ဗျားက ကျွန်တော့်သားအကြောင်းပြော ရင်းနဲ့ ဘယ့်နှယ့်နိုင်ငံရေးအကြောင်းတွေရောက်သွားတာလဲ''

''နိုင်ငံရေးဆိုတာ နိုင်ငံသားတိုင်းနဲ့ဆိုင်တာပဲဗျ။ကလေး ကောင်းမှ လူကြီး ကောင်းမှာဆိုတဲ့ ရွှေဥမင်ဆရာတော် ရဲ့ဩဝါဒ အတိုင်း ကလေးတွေ ငယ်ငယ်ကတည်းက စိတ္တသတ္တိရှိဖို့ ခင်ဗျား တို့၊ ကျွန်တော်တို့မှာ တာဝန်အပြည့်ရှိတယ်။ ပြီးတော့ ဦးမြင့်စိန် ခင်ဗျားသား အပြင်စာစောင်ဂျာနယ်တွေ ဖတ်တတ်ပြီလား''

''အင်း. . . အလေ့အကျင့် မရှိသေးဘူးဗျ''

''ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါအောင်လုပ် ထား ဗျ။ ကျွန်တော့် သားသမီးအားလုံး စာဖတ်ဝါသနာပါတယ်။ သုံးတန်းရောက်နေတဲ့ သမီးလေးဆိုရင် ဘာသာရေးစာအုပ်တွေ ပါ ဖတ်နိုင်နေတော့ ကျုပ်တို့မိဘတွေ မှားရင်တောင် သူက ဆုံးမ(လမ်းညွှန်)လိုက်သေးတယ်''

''ကြံကြံဖန်ဖန် ဦးညွန့်ရာ မိဘကသာ သားသမီးကို ဆုံးမ ရမှာပါ။ ဘယ့်နှယ့် သားသမီးက မိဘကို ဆုံးမရမယ်လို့၊ သား သမီးကသာ မှားမှာပေါ့။ မိဘက ဘယ်လိုလုပ် မှားမှာတုံး''

**ဘုရားမဖြစ်သေးလျှင် အမှားမကင်းသေး**

''ပထမ မစိုးရိမ်ဆရာတော်ကြီးက ဆုံးမတယ်ဗျ။ 'ဘုရား မဖြစ်သေးသမျှ မိမိကိုယ်ကို ဘယ်တော့မှ ပြည့်စုံပြီလို့ မအောက်

မေ့ပါနဲ့'တဲ့။ လိုရင်းကတော့ ဘုရားမဖြစ်သေးရင် မှားနိုင်သေးတယ်လို့ ဆိုလိုတာပဲ။ အရှင်သာရိပုတ္တရာတောင် သက်နီးရုံတာ မညီမညွတ်ဖြစ်နေလို့ ခုနစ်နှစ်သား ကိုရင်လေးက ဆုံးမဖူးတယ်။ သင်္ကန်းမညီဘူး ဖြစ်နေတယ်။ ညီအောင်ဝတ်ပါ ဆိုတာမျိုးပေါ့။ အရှင်သာရိပုတ္တရာဟာ သင်္ကန်းကိုသေချာပြင်ရုံပြီး ကိုရင်လေးရှေ့သွားတယ်။ လက်အုပ်ချီပြီးတော့ လျှောက်တယ်။ ပြင်ရုံပြီးပါပြီဘုရား။ နောက်နောင် အပြစ်တွေ့ရင်လည်း အခုလို ဆုံးမပါတဲ့။ အဲဒီတော့ အရှင်သာရိပုတ္တရာလို ရဟန္တာအရှင်မြတ်ကြီးတောင် ချို့ယွင်းချက်ရှိရင် ခင်ဗျားတို့ ကျုပ်တို့ ပုထုဇဉ်တွေက ပိုတောင်ရှိနိုင်သေးတာပေါ့''

''ကဲပါဗျာ၊ မိဘလည်းမှားတာ လက်ခံပါပြီ၊ ခင်ဗျားတို့ကို ရှစ်နှစ်သမီးက ဆုံးမတာကို ပြောပြပါအုံး''

''ဒီလိုဗျ။ အဲဒီနေ့က ကျွန်တော်တို့ လင်မယားက ဆရာတော်တစ်ပါးရဲ့ကျောင်းကို ဝါဆိုသင်္ကန်းကပ်ဖို့ သွားကြမှာ။ ကျွန်တော့်ဇနီးက သင်္ကန်းဘူးမှာ ကျွန်တော်တို့လင်မယားနှစ်ယောက်နာမည်ကို ဆော့ပင်အကြီးကြီးနဲ့ ရေးနေတာ။ အဲဒါ သမီးလေးက ဘာပြောလိုက် သလဲဆိုတော့ 'သင်္ကန်းမှာ တပ်မက်တဲ့ လောဘကိုကျတော့ ပယ်နိုင်ပြီး နာမည်ကြီးချင်၊ လူသိများချင်တဲ့ လောဘကို မပယ်နိုင်ရင် ဘယ်လိုလုပ်ပြီး ပါရမီထိုက်တဲ့ ဒါနဖြစ်မှာလဲ''တဲ့။

''ကျွန်တော်တို့ နှစ်ယောက် ရှက်လိုက်တာဗျာ။ ကျွန်တော့်ဇနီးဆို ကောင်းမှုရှင် နာမည်ကြီးကို ချက်ချင်းပြန်ဖျက်ပစ်လိုက်တယ်။ အမှန်က အဲဒီစာအုပ်ကို ကျွန်တော်တို့လည်း ဖတ်ပြီးသားဗျ။ ဒါပေမဲ့ အပြင်မှာ လက်တွေ့ကျင့်သုံးဖို့ သတိမရကြတာ။



ဇနီးကဆိုရင် သမီးလေးကို လိုက်လိုက်လှဲလှဲ ချီးကျူးရှာတယ်''

''အင်း . . ကျွန်တော်တောင် စိတ်ဝင်စားသွားတယ်။ ပါရမီထိုက်တဲ့ ဒါနနဲ့ မထိုက်တဲ့ဒါန ဘယ်လိုကွာသလဲဗျ''

''စာအုပ်ထဲမှာ အကျယ်ရေးထားတာက လှူဖွယ်ဝတ္ထုမှာ တပ်မက်တဲ့ လောဘ၊ နာမည်ကြီးချင်တဲ့ လောဘ၊ နောက်ဘဝချမ်းသာချင်တဲ့လောဘသုံးမျိုးကို ပယ်သတ်ပြီး အလှူခံ ချမ်းသာပါစေဆိုတဲ့ စိတ်သက်သက်နဲ့ လှူဒါန်းရင် ပါရမီထိုက်တယ်။ ဖော်ပြပါ လောဘသုံးမျိုးအနက် တစ်မျိုးမျိုးနဲ့ လှူဒါန်းရင် ပါရမီမထိုက်ဘူး။

**ပါရမီထိုက်သော ဒါနဖြစ်ဖို့**

''ပါရမီထိုက်တဲ့ ဒါနက အလှူခံချမ်းသာဖို့ အဓိက ထားတယ်။ ပါရမီ မထိုက်တဲ့ ဒါနက ငါချမ်းသာဖို့ အဓိကထားတယ်။ အလှူခံချမ်းသာဖို့ အဓိကထားလိုက်ရင် ငါချမ်းသာဖို့ဆိုတဲ့ စိတ်ကိုပယ်သတ်ပြီးသားဖြစ်တယ်။ ကိလေသာ နာမည်တပ်ရရင် ငါဆိုတာက ဒိဋ္ဌိကိလေသာ၊ ချမ်းသာဖို့က လောဘကိလေသာပေါ့။ ပါရမီထိုက်တဲ့ ဒါနရှင်တွေက လူချမ်းသာ၊ နတ်ချမ်းသာကိုလည်း ရတယ်။ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရတယ်။ ပါရမီမထိုက်တဲ့ ဒါနရှင်တွေကတော့ လူချမ်းသာ နတ်ချမ်းသာလောက်ပဲ ရမယ်။ နိဗ္ဗာန် အထောက်အပံ့ မဖြစ်နိုင်တော့ဘူး''

''ဟာ . . တော်တော် နက်နဲတာပဲ။ ခင်ဗျားသမီးလေးက ဒါတွေတောင် သိနေတယ်ပေါ့''

''အဲဒါ စာဖတ် တရားနာရတဲ့ အကျိုးပေါ့။ ကျွန်တော်တို့က ညတရားပွဲတွေ သွားရင်လည်း ကလေးတွေကို ခေါ်သွားတယ်ဗျ။

မနက်မိုးလင်းတာနဲ့ အိမ်မှာ တရားခွေတစ်ခွေဖွင့်ပြီး နားထောင်တယ်။ ဒီကျေးဇူးတွေပေါ့ဗျာ။ နောက်တစ်ခုပြောရင် ခင်ဗျားအံ့သြအုံးမယ်''

''ဘာလဲဗျ၊ ပြောပါအုံး''

''တစ်ခါတော့ စာရေး၊ တရားဟော၊ နှစ်မျိုးလုံး သာသနာပြုနေတဲ့ ဘုန်းကြီးတစ်ပါး ကျွန်တော်တို့အိမ်ကို ဆွမ်းစားပင့်လို့ ကြွလာတယ်။ တရားမဟောမီမှာ သမီးလေးက မေးခွန်းတစ်ခု ထမေးလိုက်တာ။ ဆရာတော်ကြီးဆိုလေ သမီးလေးကိုချီးမွမ်းလို့ မပြီးနိုင်ဘူး။ အဲဒီဆရာတော်ကြီးရေးတဲ့ စာအုပ်ကိုပဲ ကြည့်ပြီး မေးတာဗျ။ သမီးလေးမေးတာက ဆရာတော်ကြီးရေးတဲ့ စာအုပ်ထဲမှာ ဘုရားဆိုတာ ရဟန်းတော်တွေနဲ့ အတူတူ ခေါင်းတုံးပဲ။ ဗုဒ္ဓရုပ်ပွါးတော်ကို စ–တင်ထုလုပ်ကြတဲ့ ဂရိပန်းပုဆရာတွေက ဗုဒ္ဓရဲ့ခေါင်းပေါ်မှာ 'ဉာဏ်ပညာကြီးမားသူ'ဆိုတဲ့ အထိမ်းအမှတ်အဖြစ် မီးတောက်ပါတဲ့ ဆီမီးတောက်ပုံလေးထည့်ပြီးထုကြတယ်။ ကာလရွေ့လျောလာတဲ့အခါကျတော့ နောက် ပန်းချီ၊ ပန်းပုဆရာတွေက မီးတောက်ပုံကို ဆံထုံးမှတ်ပြီး ဆံထုံးပုံထုလုပ်ရာကနေ ဗုဒ္ဓပုံတွေမှာ ဆံထုံးတွေပါလာတယ်လို့ ရေးထားပါတယ်။ တပည့်တော်မ သိချင်တာက ဗုဒ္ဓဟာ ဆံပင်မပါတဲ့ ခေါင်းတုံးဆိုရင် တဖုဿနဲ့ဘလ္လိကတို့ကို ဆံတော်ဘယ်လိုလုပ်ပေးသလဲ ဘုရား'' တဲ့။

''ဆရာတော်ကြီးက ဖြေတယ်။ ဘုရားရှင်က ခေါင်းတုံးဆိုသော်လည်း ပြန်ပေါက်တဲ့အခါ လက်နှစ်သစ်တော့ရှိပါတယ်တဲ့။ အဲဒါကိုပဲ ပေးတာလို့ ဖြေလိုက်မှ သမီးလေးက–

'အခုလိုဖြေပေးတာ ကျေးဇူးတင်ပါတယ်ဘုရား'



တဲ့။ ဆရာတော်ကြီးက မိန့်တယ်။

''ဒီသမီးလေး ကြီးလာရင် စာရေးဆရာမကြီးဖြစ်လိမ့်မယ်၊ စာရေးဆရာဆိုတာ သူများ မမြင်တာကို မြင်တတ်တယ်တဲ့''

''အေးဗျာ. . . ဦးညွန့်ကျေးဇူးပဲ။ နောက်ဆိုရင် ကျွန်တော့်သားလေးလည်း စာဖတ်ရော၊ တရားနာပါ ဝါသနာပါအောင် လုပ်ပေးရမယ်''

''ငယ်ငယ်ကတည်းက စိတ္တသတ္တိ ပျိုးထောင်ပေးခြင်းခံရတဲ့ ကလေးတွေဟာ ကြီးလာတဲ့အခါ ရာထူးအာဏာထက် နိုင်ငံကို ပိုချစ်တတ်ကြတယ်ဗျာ။ ကျွန်တော်တို့ကြက်ငှက်တုပ်ကွေးတွေဖြစ်ပြီး လူတွေတအားသေနေကြတဲ့အချိန်ပေါ့ဗျာ။ ကျန်းမာရေးက ညွှန်ချုပ်တစ်ယောက်ဟာ အသေအပျောက်စာရင်းကို သေချာကောက်ယူပြီး အထက်ကိုတင်ဖို့ ဝန်ကြီးကိုလာပြတယ်။

''လူတွေအများကြီး သေတယ်ဆိုရင် အထက်က လူကြီးတွေ စိတ်မကောင်း ဖြစ်လိမ့်မယ်။ တို့နိုင်ငံကိုလည်း တခြားနိုင်ငံတွေက အထင်သေးခံရလိမ့်မယ်။ ဒါကြောင့် လူသေစာရင်းထဲက သုညနှစ်လုံးလောက် ပြန်ဖြုတ်ပေးပါလို့ဆိုသတဲ့။ ဒီညွှန်ချုပ်ဟာ ကျောင်းသားသမီးတွေလို ငယ်ငယ်ကတည်းက စိတ္တသတ္တိရှိတယ်။ မမှန်မဟုတ်တဲ့ အလုပ်မှတစ်ပါး တခြား ဘာမှမကြောက် တတ်ဘူးလေ''

''ကျွန်တော်တို့ကို လစာပေးထားတဲ့ ပြည်သူလူထုကို ကျွန်တော် မညာပါရစေနဲ့''တဲ့။ ဝန်ကြီးကလည်း ပြတ်တယ်။ သူ့ကို ကာပြန်တယ်လို့ ယူဆတာပေါ့။ သူခိုင်းတာ မလုပ်ချင်ရင် နုတ်ထွက်စာတင်ပါတဲ့။ ညွှန်ချုပ်က ပိုပြတ်သားတယ်၊ သံသရာမှာ မပါတဲ့ ရာထူးတွေ၊ အာဏာတွေ၊ လစာငွေတွေနဲ့ သံသရာမှာ

ပါမယ့် အကုသိုလ်တွေကို လဲယူမယ့် လူညံ့ထဲမှာ ကျွန်တော်မပါဘူး။ မမှန်တာလုပ်ပြီး ရာထူးမြဲနေတာထက် မှန်တာလုပ်ပြီး ရာထူးစွန့်ရတာက ပိုပြီးဂုဏ်ရှိပါတယ်လို့ ပြောပြီးချက်ချင်း ထွက်စာတင်ပစ်လိုက်တယ်''

''အေးဗျာ. . . အဲဒီလို စိတ္တသတ္တိရှိတဲ့ လူကြီးတွေ များလာရင် မြန်မာပြည်ကြီး တိုးတက်လာမှာပါ''

•

ထိုနေ့က အလုပ်မှ အိမ်အပြန်ခရီးသည် ဦးမြင့်စိန်အတွက် ပျော်စရာ အကောင်းဆုံး ဖြစ်နေသည်။ သူ လင်ခရူဆာ ကားစီးချင်နေသည်မှာ နှစ်အတော်ကြာပြီ။ သို့သော် သူ့အဆင့်လောက်နှင့် သိန်းပေါင်း ၃၅၀၀ အထက်မှာရှိသော ၎င်းကားနားသို့မကပ်နိုင်ခဲ့။ ယခု သမ္မတကြီးဦးသိန်းစိန်လက်ထက်တွင် ကားဟောင်းများကိုအပ်ပြီး ကားသစ်များ သွင်းခွင့်ပေးခဲ့သည်။ ယခင် အစိုးရလက်ထက်က လင်ခရူဆာကားသစ်တစ်စီး တခြားနိုင်ငံများတွင် သိန်းငါးရာလောက်သာရှိသော်လည်း မြန်မာနိုင်ငံတွင် သိန်းသုံးထောင့်ငါးရာကျော်နေသည်။ ပြည်သူကိုသာ သွင်းခွင့်မပေးခြင်းဖြစ်သည်။ အာဏာပိုင်အဖွဲ့အစည်းများ၏ ကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ပြီး ကားသွင်းခွင့်ရကြသည်။ ၎င်း အာဏာပိုင်ပုဂ္ဂိုလ်များ၏ ခြယ်လှယ်မှုဖြင့် စိတ်ကြိုက်သွင်းပြီး ကြိုက်ဈေးခေါ်ရောင်းချနေကြသည်ကို ပြည်သူများက ဈေးကြီးပေး၍ တစ်ဆင့်ဝယ်စီးကြရသည်။ ဟန်းဖုန်းများလည်း ထိုအတိုင်းပင် အရင်အစိုးရလက်ထက် သိန်းနှစ်ဆယ်ပေးရသော ဟန်းဖုန်းများသည် ယခုအစိုးရလက်ထက် နှစ်သိန်းဖြစ်နေလေပြီ။ ယခင်အစိုးရလက်ထက် ပြည်သူတွေရဲ့လည်ပင်းကို မည်မျှညှစ်ထားသနည်းဆို



သည်ကို ယခုအစိုးရကျမှ သိရခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်လောက်က သူဝယ်စီးနေသော 'ဆာ့ဖ်' ကားကို အလိုက်ပေးပြီး လင်ခရူဆာ(ဆိုက်ဂ်နက်) ၂၀၀၆ မော်ဒယ်တစ်စီး ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၁၁ ခုနှစ်ထဲမှာပင် ယခင်က သိန်းပေါင်းသုံးထောင်ငါးရာတန် လင်ခရူဆာကားများသည် ယခုဆိုလျှင် သိန်းရာဂဏန်းလေးမျှသာ ရှိတော့သည်။ သူ့ကားသည် သိန်းပေါင်း (၁၂၅၀)သာ ကျသည်။ စီးသောအခါ ငြိမ်ပြီး ငြိမ့်နေသောအရသာကို ခံစားရင်း သူ့အိမ်သို့ရောက်လာသည်။ ကားသံကြားရသည်နှင့် ဒေါ်တိုးက တခါးပြေးဖွင့်ပေးသည်။ ထုံးစံအတိုင်း သားလေးကတော့ တိုက်ရှေ့မှ သူ့ကိုကြိုနေသည်။ ဦးမြင့်စိန် ကားတံခါး ဆွဲဖွင့်ပြီးသည်နှင့် ပြေးလာသော သားကိုပွေ့ချီနမ်းလိုက်သည်။ မနေ့က ဦးညွန့်ပြောသောစကားများက သူ့နားထဲသို့ ထိုက်သလောက် ဝင်လာခဲ့သည် မဟုတ်ပါလား။

''အဖေ့ကားက အသစ်ကြီးနော်''

''ဟုတ်တယ်သားရေ၊ အသစ်ကြီး။ အဖေ ဒီကားကြီးစီးနိုင်အောင် နှစ်တွေ အကြာကြီးစောင့်ပြီး ငွေစုဝယ်ခဲ့ရတာ''

''သားလည်း စီးချင်တယ်''

''စီးရမှာပေါ့ဗျာ၊ အဖေ့ကားက သားရဲ့ကားပဲပေါ့''

သားအဖနှစ်ယောက် စကားကောင်းနေကြစဉ်မှာပင် ဖုန်းခေါ်သံ ကြားရသဖြင့် သားကိုခဏချပြီး ဖုန်းပြောရသည်။ ထိုအချိန်တွင် ဖြိုးဝေက ကားအသစ်ကြီးဆီသို့ ပြေးထွက်သွားသည်။

''ဟဲလို. . . ပြောပါ''

''ဆရာ၊ ကျွန်တော် ညီဝင်းပါ''

သူ့အလုပ် ဆိုက်နံပါတ် (၂)မှ လက်ထောက်အင်ဂျင်နီယာ ညိုဝင်းဖြစ်သည်။ သူသည် နေ့အလုပ်ဆိုက်(၁)မှာ အချိန်ကုန် သွားသဖြင့် (၂)ကို သွားမကြည့်လိုက်ရပေ။ မည်သည့် အကြောင်း များ ပေါ်သည် မသိ။

''ကဲ... ညိုဝင်း ပြော၊ ဘာအကြောင်းပေါ်လို့လဲ''

''အလုပ်ဆိုက်ထဲက လက်သမားခေါင်းဆောင် အမိုးမိုးရင်း ဒိုင်းလွတ် ကျပြီး ဘယ်ဘက်လက်မ ကြေသွားတယ်ဆရာ''

''အေး... အဲဒါဆိုလည်း ဆေးရုံပို့လိုက်ပေါ့''

''ပို့လိုက်ပြီဆရာ၊ လက်မက ဖြတ်ပစ်ရမှာလို့ ဆရာဝန်က ပြောတယ်။ လူနာက အင်ဂျင်ချုတ်ယွင်းသွားတဲ့အတွက်ကြောင့် လျော်ကြေး ငါးသိန်းတော့ ပေးပါ' တဲ့။ ငွေငါးသိန်းဆိုတာ ဆရာတို့ အရက်ဝိုင်းတစ်ခါထိုင်ပဲ ရှိတာပါတဲ့''

**လက်တစ်ချောင်းနှင့် အရက်တစ်ဝိုင်းစာ**

ဟုတ်တော့ဟုတ်သည်။ ဦးမြင့်စိန် သုံးသိန်း ကိုးသောင်းတန် သော နှစ်ချို့ဝိုင်တစ်ပုလင်း သူငယ်ချင်းသုံးယောက်နှင့်အတူ သောက်ဖူးသည်။ ကုန်ကျစရိတ် အားလုံးရှင်းလိုက်တော့ ငါးသိန်း ပင် နည်းနည်းကျော်သွားသေးသည်။ သို့သော် အဲဒါက ကိုယ့် ခန္ဓာမို့ ကိုယ်သထာတာ၊ အောက်တန်းစား အလုပ်သမား တစ်ယောက်အတွက် ငွေငါးသိန်း အကုန်မခံနိုင်။

''ဘာလို့ ငါးသိန်းပေးရမှာလဲကွ။ လက်တစ်ချောင်းပဲ ဖြစ် တာ တစ်သိန်းပဲပေးမယ်။ တကယ်လို့ ငါးသိန်းလိုချင်ရင် နောက် ကျန်တဲ့ လက်လေးချောင်းကို ငါကိုယ်တိုင် တူနဲ့ထုတာကို ခံရ မယ်လို့ ပြောလိုက်''



''ပေးလိုက်မှ ကောင်းမယ်ထင်တယ်ဆရာ၊ တော်ကြာ ဟိုတိုင် သည်တိုင်နဲ့ ပြဿနာ လိုက်ရှင်းနေရရင် ဆရာ ပိုကုန်နေ လိမ့်မယ်''

''တိုင်ချင်တဲ့နေရာ တိုင်လို့ပြောလိုက်ကွာ၊ ဘယ်လောက် ကုန်ကုန် လိုက်ရှင်းမယ်''

ကြည်နေသော စိတ်ကလေး နောက်သွားပြီ။ ထိုကဲ့သို့ အပြောမျိုးတွေကြောင့် ယင်းလက်သမား ခေါင်းဆောင်ကို ဦးမြင့် စိန် ကြည့်မရ။ လက်သမားခေါင်းဆောင်သည် အကျင့်တော့ ကောင်းသည်။ သို့သော် အလုပ်သမားများနှင့် ပတ်သက်လာလျှင် သူ့ဘက်က မနေဘဲ အလုပ်သမားဘက်က ရှေ့နေ လိုက်တတ် သည်။ ထိုအချက်ကြောင့်ပင် ဦးမြင့်စိန်က လက်သမားခေါင်း ဆောင်ကို မုန်းခြင်းဖြစ်သည်။

တခြားအလုပ်သမားဆိုရင် တောင်းသောငွေကို ပေးချင် ပေးဦးမည်။ ထိုသူ ဖြစ်နေခြင်းကြောင့် ပိုပြီးမပေးလိုခြင်းဖြစ်သည်။ သူလိုချင်တာ ရိုးရိုးမတောင်းဘဲ ဘာကြောင့် သူတို့အရက်ဝိုင်း ကိစ္စ ထည့်ပြောရသနည်း။ ယခုအချိန်သာ ထိုသူ့ကို တွေ့လျှင် အလျော်မပေးဘဲ ကျန်နေသောသူ၏ လက်လေးချောင်းကို စားပွဲ ပေါ်တင်ပြီး ကြေမွသွားအောင် ထုပစ်လိုက်ချင်သည်။

ဝယ်လာခါစ သူ့ကားကို တစ်ကြိမ် ထပ်ကြည့်ချင်သော ကြောင့် ကားရှိရာသို့ထွက်လာခဲ့သည်။ မြင်လိုက်ရသည့် မြင်ကွင်း ကြောင့် သူ့ဒေါသတွေ ငယ်ထိပ်ထိ တက်သွားသည်။ သူ့သားက သူ့ကားကို အိမ်ရိုက်သံချောင်းရှည်ဖြင့် တဂျစ်ဂျစ်မြည်အောင် ရေးခြစ်နေပါရော့လား။

''ဟင်... ခွေးမသား လူမိုက်''

ဦးမြင့်စိန်၏ ညာဘက်လက်ဝါးသည် ဖြိုးဝေ၏ နားရင်းပေါ်သို့ ခပ်ပြင်းပြင်း ကျသွားသည်။

'ဖြောင်း'

အသံနှင့်အတူ ဖြိုးဝေခန္ဓာကိုယ်က မြေကြီးပေါ် ပုံကျသွားသည်။ ဖြိုးဝေလက်ထဲမှ သံချောင်းလည်း အရှိန်နှင့် လွင့်ထွက်သွားသည်။ မနေ့က ဦးညွန့်ပြောခဲ့သော စကားတွေ ဦးမြင့်စိန် တစ်လုံးမှ မမှတ်မိတော့။

လောလောဆယ် သူသိသည်က ဖြိုးဝေကိုမှတ်လောက်သားလောက်အောင် ဒဏ်ခတ်ဖို့သာ တာစူနေလေသည်။ ဖြိုးဝေမှာလည်း ကြောက်လွန်းအားကြီးပြီး ငိုဖို့ပင် မေ့နေသည်။ ကြောင်တက်တက်ဖြစ်နေသော ဖြိုးဝေကို သူအိမ်ထဲသို့ ဆွဲခေါ်လာသည်။

"လာခဲ့စမ်း။ မင်း အိပ်ရာထဲမှာ သေးပေါက်တုန်းကလို ကျူးလွန်တဲ့ နေရာကိုပဲ အပြစ်ပေးရမယ်။ ဒါမှ မင်းအပြစ်ကို မင်း ပိုမှတ်မိမှာ"

ဖြိုးဝေ၏ ညာလက်ကို သူ့လက်ဖြင့် မလှုပ်နိုင်အောင် ကိုင်ကာ စားပွဲပေါ်တင်လိုက်သည်။ စားပွဲပေါ်တွင် အသင့်တွေ့ရသော ဖန်တုံးဖြင့်ထုသည်။ နာရုံလောက် ခပ်သာသာ ထုလိုက်မည် ဟု မှန်းထားသော်လည်း ကားအပေါ် တပ်မက်သောလောဘ၊ အလုပ်သမားအပေါ် မကျေနပ်သော ဒေါသတို့ ဖုံးလွှမ်းသွားသောအခါ ဦးမြင့်စိန်တစ်ယောက် အချက်ပေါင်းများစွာ အားကုန် ထုချလိုက်သည်။ ဖြိုးဝေ၏ ကြောက်လန့်တကြား အော်သံ၊ သူ၏ အားကုန်ထုသံတို့က တိုက်ခန်းထဲတွင် ဆူညံနေသည်။ ထိုအချိန်မှာပင် မီးဖိုထဲမှ ထွက်လာသော ဒေါ်တိုးက လှမ်းကြည့်ရင်း . .



"အမလေး ဆရာရယ် ကလေးသေပါပြီ"

ဟု အသံကုန် အော်လိုက်သောအခါတွင်မှ ဦးမြင့်စိန် သတိပြန်ဝင်လာသည်။

## ကားတစ်စီးနှင့် လက်လေးချောင်း

သူ့သား၏ လက်ချောင်းလေးများ ငါးချောင်းလုံး ကျိုးကြေပြီး သွေးတွေကလည်း သူ့လက်အပါအဝင် စားပွဲတစ်ပြင်လုံး အိုင်ထွန်းနေပါပြီ။ ဖြိုးဝေလည်း ပျော့ခွေကျပြီး သတိလစ်သွားလေပြီ။

"သား . . သားလေးဖြိုးဝေ အဖေမှားပါပြီကွယ်။ ဒေါ်တိုးလာပါအုံးဗျ။ သားလေးကို ကယ်ပါအုံး"

ဦးမြင့်စိန် သတိလစ်နေသော သားငယ်ကိုပွေ့ဖက်ရင်း အရူးတစ်ယောက်လို အော်ဟစ်ငိုယိုနေသည်။

"ဆရာ၊ ငိုနေလို့မပြီးသေးဘူး။ ဆေးရုံပို့ရအောင်၊ တော်ကြာ သွေးလွန် သွားရင် အသက်အန္တရာယ်ရှိတယ်"

"အေး . . သွားမယ်။ ဘယ်နှနာရီထိုးပြီလဲ"

သူ့ လက်ပတ်နာရီကို ငုံ့ကြည့်သော်လည်း ဂဏန်းများကို မမြင်ရတော့။ မျက်ရည်တွေက ဖုံးနေပြီ။ တိုင်ကပ်နာရီကို မော့ကြည့်သောအခါ နာရီကို ချက်ချင်းမတွေ့ရဘဲ အိုးထိန်းသည်နှင့် ဥပမာပေးပြီး ကလေးကို ရိုက်သင့်ကြောင်း ရေးထားသည့် စာတန်းကို သွားတွေ့သည်။ သားကို လက်တစ်ဖက်က ပွေ့ထားရင်း ကျန်လက်တစ်ဖက်ဖြင့် စာတန်းကိုဖြုတ်ကာ ကြမ်းပြင်သို့ ကိုင်ပေါက်ခွဲပစ်လိုက်သည်။

"သွားစမ်း . . ဒီစာတန်းကြီးမြှောက်ပေးလို့ ငါ့သားကို ငါ လူမဆန်စွာ ရိုက်မိတာပဲ"

ဒေါ်တိုးက ကလေးကို စောင်ဖြင့်ပတ်ကာပွေ့ထားပြီး ကားကို သတိထားမောင်းနေရသည်။

''ဆရာ. . . ဟိုဟာ တရားခွေ မဟုတ်လား။ ဖွင့်လိုက်ပါလား။ ဆရာ့စိတ်တွေလည်း ငြိမ်သွားတာပေါ့''

သူနှင့် သူ့သား တရားနာရအောင်ဆိုကာ ဦးညွန့် ထည့်ပေးလိုက်သော တရားခွေဖြစ်သည်။ သူ့စက်ထဲထည့်ပြီး ဖွင့်လိုက်သည်။ ကြည်လင်ပြတ်သားသော ဆရာတော်တစ်ပါး၏ တရားသံ ပေါ်လာသည်။

''ကောလိယပြည်နဲ့ ဒေဝဒဟပြည်တို့ဟာ အစိရဝတီမြစ်ရေနဲ့ လယ်ယာ စိုက်ပျိုးကြပါတယ်။ တစ်နှစ်မှာတော့ မိုးခေါင်တဲ့အတွက် မြစ်ရေဟာ အင်မတန်နည်းနေပါတယ်။ ဒါ့ကြောင့် နှစ်ပြည်ထောင်သုံးဖို့ မလောက်နိုင်ဘူးဖြစ်နေတော့ လယ်သမားတွေ မြစ်ရေ လုကြရင်း ရန်ဖြစ်ရာကနေ ဘုရင်နှင့်တကွ တစ်ပြည်လုံးအထိပါလာပြီး စစ်ပွဲဖြစ်ဖို့အခြေကို ရောက်ခဲ့ပါတယ်။ နှစ်ပြည်ထောင်တပ်တွေဟာ မြစ်ရဲ့ဟိုဘက်ဒီဘက်မှာ တပ်ချပြီး တိုက်ခိုက်ဖို့ ပြင်ဆင်နေပါပြီ။ ဒီအချိန်မှာ ဘုရားရှင်ကြွရောက်တော်မူလာပြီး ဖျန်ဖြေတော်မူပါတယ်။ နှစ်ပြည်ထောင်လုံးဟာ ဘုရားရှင်ရဲ့ ဆွေမျိုးတွေချည်းပါပဲ။

''ဘုရားရှင်က မေးမြန်းတော်မူပါတယ်။ မြစ်ရေနဲ့ ပြည်ထောင်စုက လူတွေရဲ့အသက်၊ ဘယ်ဟာက ပိုပြီးတန်ဖိုးရှိသလဲတဲ့။ အားလုံးက ပြန်ဖြေကြတယ်။ လူတွေရဲ့အသက်က ပိုပြီး တန်ဖိုးရှိပါတယ် ပေါ့။ ဒါဆိုရင် တန်ဖိုးမရှိတဲ့ ဒီမြစ်ရေအတွက် တန်ဖိုးရှိတဲ့ လူတွေရဲ့အသက်ကို သေသင့်ပါသလားလို့ မေးလိုက်တော့၊ အားလုံး စဉ်းစားသွားကြတယ်။ နောက် နားလည်သွားကြပြီး၊ နှစ်ဖက်တပ်တွေ ရုပ်သိမ်းသွားကြတယ်။ မြစ်ရေကိုလည်း အညီအမျှပဲ ခွဲဝေသုံးကြတယ်''



ဦးမြင့်စိန် စဉ်းစားရပြီ။

''ဪ. . . ငါဟာ တန်ဖိုးဖြတ်လို့ရတဲ့ ကားအတွက် တန်ဖိုးဖြတ်လို့ မရတဲ့ သားရဲ့ လက်ချောင်းလေးတွေကို စတေးပစ်ခဲ့တာပါလား''

ဆေးရုံရောက်သည်နှင့် ခဏအကြာမှာပင် ခွဲစိတ်ခန်းထဲသို့ ဝင်သွားသည်။ ခွဲစိတ်ခန်းက ပြန်ထွက်လာတော့ ည ဆယ်နာရီ ကျော်နေပြီ။

သားက လက်တွန်းလှည်းပေါ်မှာပက်လက်ကလေး။ သတိရသေးဟန်မတူ။ သားရဲ့ ညာဘက်လက်ကတော့ ပတ်တီးတွေ ဖြူဖွေးနေသည်။ သားကို ကြည့်ရင်း မျက်ရည်တွေက အတားအဆီးမဲ့စွာ ထွက်လာသည်။ ခွဲစိတ်ခန်းမှ ပထမဆုံးထွက်လာသော ဆရာဝန်ကြီး၏ စကားက သူ့နားထဲမှ မထွက်။

''ဦးမြင့်စိန် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပြီး ခွဲစိတ်တာပဲဗျာ။ လက်မတစ်ချောင်းတော့ အကောင်းပြန်ဖြစ်မယ်။ ကျန်တဲ့လေးချောင်းကတော့ အရိုးတွေပါ ကြေသွားတော့ ဖြတ်ပစ်လိုက်ရပြီ''

လက်သမားခေါင်းဆောင်နဲ့ ပတ်သက်တဲ့ မိဘဆွေမျိုးတွေလည်း ငါ့လို ခံစားကြရမှာပဲ။ ငါ ကိုယ်ချင်းမစာတတ်လိုက်တာ။ ထုချေချင်တာက လက်သမားခေါင်းဆောင်ရဲ့ လက်လေးချောင်း။ တကယ်ထုချေမိတာက မိမိသားရဲ့ လက်လေးချောင်း။ သူတစ်ပါးကို ပျက်စီးစေချင်တဲ့ ဒေါသဟာ အခု ဘဝမှာကို မကောင်းကျိုးပေးနေပါပေါ့လား။ တစ်ရက်ရက်ကျရင် လက်သမားခေါင်း

ဆောင်ကို ကိုယ်တိုင်သွားပြီး အားပေးမယ်။

ထို့နောက် ဦးမြင့်စိန်သည် ဟန်းဖုန်းကိုထုတ်ကာ လက်ထောက်အင်ဂျင်နီယာထံ ဆက်ကြည့်လိုက်သည်။ ဖုန်းဝင်သွားသည်နှင့် မနက်တွင် ငွေငါးသိန်း သွားပေးရန်အမိန့်ပေးပြောကြားလိုက်သည်။ သူ့သား၏ ညာဘက်လက်လေးကို ကိုင်ကြည့်ရင်း ရှိုက်ကြီးတငင်ငိုနေမိရာ သူ့မျက်ရည်များက သားလက်မှ ပတ်တီးပေါ်တွင် ရေနှင့်လောင်းချလိုက်သလို စိုရွှဲသွားသည်။ နံနက်လေးနာရီ သာသာလောက်မှ သားသတိရလာသည်။ သတိရသည်နှင့် သားပါးစပ်မှ ပထမဆုံး ကယောင်ကတမ်း ထွက်လာသော စကားက. . .

"အဖေက ချစ်လို့ရိုက်တာနော်။ သား သေးမပေါက်အောင် ညမအိပ်ဘဲ နေတာ။ ဗလာစာအုပ်ထဲမှာ– 'အဖေ့ကို တအားချစ်တယ်'လို့ ရေးထားတယ်။ အဖေက ဖွင့်မဖတ်ဖူး" တဲ့။

သားဆီက ကယောင်ကတမ်းထွက်လာသော စကားများကို နားထောင်ရင်း တစ်နေ့ကဦးညွန့်အိမ်လာစဉ် သူစားပွဲပေါ် သားရဲ့ဗလာစာအုပ်လေးလာတင်ထားသည်ကို သူ ဖျတ်ခနဲ အမှတ်ရလိုက်သည်။ အိမ်ရောက်မှ သားရဲ့ ဗလာစာအုပ်လေးကို လှန်ကြည့်လိုက်ဦးမည်ဟု သူဆုံးဖြတ်လိုက်သည်။ မိုးလင်းတော့ သားက ကြည်ကြည်လင်လင်လေး ဖြစ်နေသည်။

"အဖေ"

"သား. . . လူလေး။ သက်သာရဲ့လား သား"

"သက်သာပါတယ်"

သားက ငုံးတိတိဖြစ်နေသော သူ့လက်ကို မြှောက်ကြည့်ရင်း ဦးမြင့်စိန်ကို မေးခွန်းထုတ်လိုက်သည်။



"အဖေ၊ သားလက်လေးတွေက အတက်ပြန်ထွက်အုံးမှာလားဟင်"

"သားရယ်"

ဦးမြင့်စိန် မဖြေနိုင်တော့ပါ။ သားရင်ဘတ်ပေါ် မျက်နှာအပ်ပြီး ကလေး ငယ်တစ်ယောက်လို ငိုနေမိတော့သည်။ ဘေးနားမှာ ထိုင်နေသော ဒေါ်တိုးကိုလည်း သူ မရှုက်နိုင်တော့။ ပြတ်သွားသော လက်ငုတ်တိုလေးများက အတက်ပြန်ထွက်မည်ဟု ထင်နေရှာသော အသိဉာဏ်နုနယ် လူမမယ်ကလေး တစ်ယောက်ကို သူက မတရား ရက်စက်စွာ အနိုင်ကျင့်ခဲ့သည် မဟုတ်ပါလော။

"ဆရာ။ ညက သားလေး ဘာမှမစားရသေးဘူး။ ဆာရှာရော့မယ်။ ကျွန်မ တစ်ခုခု ဆင်းဝယ်လိုက်မယ်လေ"

"နေနေ. . . ကျွန်တော်သွားလိုက်မယ်၊ သားကြိုက်တာကို ကျွန်တော် သိတယ်။ သား–ဒေါ်တိုးနဲ့ ခဏနေရစ်၊ အဖေ သားဖို့ စားစရာတစ်ခုခု သွားဝယ်လိုက်အုံးမယ်သိလား"

မျက်ရည်များကို လက်ကိုင်ပုဝါဖြင့် သုတ်ကာ ဦးမြင့်စိန် ဆေးရုံပေါ်မှ ဆင်းလာသည်။ မိုးအတော်လင်းသွားပြီဖြစ်၍ ဆေးရုံသည် ဝင်ကြထွက်ကြသော လူနာများ၊ လူနာစောင့်များနှင့် အတော်စည်နေပြီ။ သူ့ကားနားသို့ ရောက်သည်နှင့် မနေ့က ကားဘော်ဒီတွင် သားခြစ်ကစားထားသော နေရာကို ဆေးပြန်မှုတ်ဖို့ သတိရသဖြင့် လှမ်းကြည့်လိုက်မိသည်။ မောင်းသူထိုင်သောဘက်တွင် တံခါးမှာ ရေးခြစ်ထားခြင်းဖြစ်သည်။

**နှလုံးရပ်စေသော စာတစ်ကြောင်း**

သူက သံချောင်းဖြင့် ကားကို လျှောက်ခြစ်ကစားသည်ဟု

ထင်ခဲ့သည်။ သေချာကြည့်လိုက်သောအခါ စာကြောင်းတစ်ကြောင်း ဖြစ်နေသည်ကို တွေ့ရသည်။ စာကြောင်းကို ဆုံးအောင်ဖတ်ပြီးသည်နှင့် –

''သားရယ်''

ဟု တစ်ချက်သာဆိုနိုင်ပြီး ဦးမြင့်စိန်တစ်ယောက် ကားဘေးတွင် ခွေလဲကျသွားတော့သည်။ ခပ်လှမ်းလှမ်းမှ လူတွေ ဦးမြင့်စိန်ဘေးနားသို့ ပြေးလာကြသည်။ တစ်ခဏအတွင်း လူတွေအုံသွားသည်။

တစ်ယောက်က ဆရာဝန်ကို ပြေးခေါ်ဟန်တူသည်။ ဆရာဝန်တစ်ယောက် ပါလာသည်။ ဝိုင်းကြည့်နေသူများက ဆရာဝန်ကို နေရာဖယ်ပေးကြသည်။ ဆရာဝန်က ဦးမြင့်စိန်၏ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ နားကြပ်ဖြင့် နှလုံးခုန်သံကို နားထောင်သည်။ ဆရာဝန်က ပရိသတ်ကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းရမ်းပြလိုက်သည်။ 'အသက်မရှိတော့' ဟူသော အဓိပ္ပါယ်ပင် ဖြစ်၏။ ကားမှာ သူ့သား ဖြိုးဝေရေးထားသည်က–

'အဖေ့ကို သား တအားချစ်တယ်'

**မှတ်ချက်။**

**အင်တာနက်မှ ဖြစ်ရပ်မှန်ဇာတ်လမ်း(သတင်း)တစ်ခုကို ခံစားရေးဖွဲ့ပါသည်။ ဤဝတ္ထုကို သားသမီးရှိသော မိဘတိုင်း ကူးယူဖြန့်ဝေခွင့် ပြုပါသည်။**

•

# မိခင်တစ်ဦး၏ သံဝေဂ စာလွှာ

မေတ္တာရေးကွက်နှင့် သားနှင့်ကား အိပ်ဆောင် စာအုပ်ငယ်လေးကို ဖတ်ရှုကြရသော စာဖတ်ပရိသတ်များထံမှ ဝေဖန်စာအမျိုးမျိုး ရရှိခဲ့ပါသည်။

ထိုရရှိသည့် စာများတွင် ထိုစာအုပ်ကိုဖတ်ရသဖြင့် များစွာစိတ်မကောင်းရကြောင်း၊ မျက်ရည်များပင်ကျရကြောင်း၊ ယခင်ကကဲ့သို့ သားသမီးများကို မရိုက်တော့ပါကြောင်း စသည်ဖြင့် ရေးသားပေးပို့ကြပါသည်။

ထိုစာများထဲမှ အများပြည်သူအတွက် စိတ်ဝင်စားဖွယ်ကောင်းသော ထူးခြားသည့် စာတစ်စောင်ကို ရရှိခဲ့ပါသည်။ စာရေးသူကိုယ်တိုင်ကလည်း သူရေးသည့်စာကို စာအုပ်နှင့်တွဲဖက်ဖော်ပြရန် ဆရာတော်ကို လျှောက်ထားခဲ့မိပါသည်။

ကာယကံရှင်မှ နေရပ်လိပ်စာများကိုပင်ဖော်ပြနိုင်ကြောင်း ခွင့်ပြုပါသော်လည်း စည်းကမ်းအရ နာမည်များကိုပြောင်း၍ စာဖတ်သူများ သူ့ကဲ့သို့ မဖြစ်ကြစေရန် စေတနာထားကာ ဖော်ပြလိုက်ပါသည်။

**သားသမီးရှိသော**
**မိခင်တစ်ဦး၏ ဝန်ခံချက်...**

သို့
ဆရာတော်ဘုရား...

တပည့်တော် ရှိသေစွာဖြင့် လျှောက်ထားအပ်ပါသည် ဘုရား။ တပည့်တော်သည် ယုဇနဥယျာဉ်မြို့တော် တွင် နေထိုင်သောဒကာမ ဖြစ်ပါတယ်ဘုရား။ ဒီစာကို မရေးခင် တစ်ရက်အလို ၄-၄-၂၀၁၃ ရက်နေ့က တပည့် တော်တို့ လမ်းက ကျင်းပတဲ့တရားပွဲမှာ "ဂုဏ်ယူစရာ သီရိလင်္ကာ" တရားကို လာရောက်ဟောကြားပေးသွားပါတယ်ဘုရား။ အဲဒီတရားပွဲမှာ အရှင်ဘုရားရဲ့ စာအုပ်တွေကို ဓမ္မဒါန အနေနဲ့ ကိုသန်းဇော်ဦး- မသင်းသင်းဝါ မိသားစုက ဆရာတော်ဘုရားကို ပူဇော်တဲ့အနေနဲ့ တရားနာ ပရိသတ် တွေကို ဝေငှပါတယ်ဘုရား။ တစ်ယောက်ကို တစ်အုပ်နှုန်းနဲ့ ဝေငှပါတယ်ဘုရား။ စာအုပ်ကလည်း အားလုံးကိုးမျိုးလို့ ပြောပါတယ်ဘုရား။

၁။ စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်စောင်နှင့် အခက်ဆုံး မေးခွန်းသုံးခု။
၂။ မေတ္တာဈေးကွက်+ သားနှင့်ကား
၃။ ကျောင်းအမ နတ်သမီးအလုကြီး
၄။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါးတရားတော်။
၅။ ကိုယ်သာနာစေ စိတ်မနာစေလိုပါ။
၆။ အသေမြတ်ချင် သေနည်းသင်။
၇။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်နှင့် တစ်ကယ့်ဗုဒ္ဓဘာသာဝင်။
၈။ အစာစားရင်းမဂ်ဖိုလ်ရအောင်ကျင့်ဆောင်နည်း။
၉။ ကာယကံမေတ္တာ ဆိုတဲ့ စာအုပ်ကိုးမျိုးဖြစ်ပါ တယ်ဘုရား။ တပည့်တော်က ကျွတ်ချိန်တန် ကျွတ်ဖို့ အကြောင်းပါလာတယ် ထင်ပါတယ် ဘုရား။ ထူးကဲစွာဖြင့်စာအုပ်ကိုးအုပ် သို့မဟုတ်

ကိုးမျိုးစလုံးကို တရားပွဲရက်မတိုင်မီကတည်းက ရရှိခဲ့ပါ တယ်ဘုရား။ ဖတ်ဖြစ်အောင်ဖတ်ဖို့ကိုလည်း တိုက်တွန်း ပါတယ်ဘုရား။ အဲဒီ အချိန်တုန်းက အမှန်တကယ် ဝန်ခံ ရရင် ပြီးလွယ်စီးလွယ် ခေါင်းကို လွယ်လွယ်ညိတ်ပြီး ယူလာခြင်း ဖြစ်ပါတယ်ဘုရား။ အခုဒီစာရေးတဲ့အချိန်မှာ တပည့်တော် အပြစ်ကြီးတစ်ခုကို ကျူးလွန်မိပြီဆိုတာ သိပါပြီဘုရား။ အဲဒါကတော့ လူတွေကို အေးချမ်းစေ ချင်တဲ့ စေတနာမေတ္တာနဲ့ လူပိန်းတွေ နားလည်အောင် ရေးသားမျှဝေနေတဲ့ ဆရာတော့်ရဲ့ မေတ္တာစာတွေနဲ့ အစ်မသင်းသင်းဝါရဲ့ ဘုရားတပည့်တော်မ အပေါ်မှာ ကိုယ်စိတ်နှလုံး သုံးပါးစလုံး အေးချမ်းစေချင်တဲ့ စေတနာတွေကို ကာယကံ မနောကံနဲ့ စော်ကားမိပြီဆိုတာပါပဲ။

တရားပွဲကိုလာတဲ့ လူတွေအားလုံးကတော့ မသိပါဘူး ဘုရား။ တပည့်တော်ကတော့ အရှင်ဘုရားရဲ့ မေတ္တာဈေးကွက်ဆိုတဲ့ စာအုပ်ကို ဖတ်ပြီးတာနဲ့ ချီးပွဲချ ငိုမိတာပါပဲဘုရား။ တပည့်တော် ဝအောင်ငိုပြီးတာနဲ့ ဒီစာကို ချက်ချင်းရေးတာပါဘုရား။

တပည့်တော် လျှောက်ထားချင်တဲ့အကြောင်းက အခုမှ စတာပါဘုရား။ တပည့်တော်နာမည်က မိမိုက်လို့ ခေါ်ပါ တယ်ဘုရား။ တပည့်တော်အသက်က ၃၁နှစ်ထဲမှာပါဘုရား။ တပည့်တော်မှာသားသမီးသုံးယောက် ရှိပါတယ်ဘုရား။ တပည့်တော်ရဲ့ခင်ပွန်းသည်က အားကစားသမားတစ်ဦး ပါဘုရား။ သူက အရက်ကြောက်ကြီး၍ ဆရာတော့်ကို တောင်းပန်အပ်ပါတယ်ဘုရား။ ကလေးသုံးယောက်က အားလုံး ကျောင်းသားတွေချည်းပါပဲ ဘုရား။ အကြီးဆုံးကလေးက လာမယ့်ကျောင်းဖွင့်ရင် ၇တန်းပါဘုရား။ သမီးမိန်းကလေးပါ။ အလတ်ကတော့ သားပါဘုရား။၃တန်းတက်မှာပါဘုရား။ အငယ်ဆုံးကတော့ တစ်တန်း တက်မှာပါဘုရား။ မိန်းကလေး ပါပဲဘုရား။ သုံးယောက်စလုံးက ပညာရည် ထူးချွန်ပါတယ် ဘုရား။

သူတို့ရဲ့ အတိတ်က ပြုခဲ့တဲ့ကံကြောင့် ဉာဏ်ရည်ထက် မြက်တာလား တပည့်တော်ရဲ့ အုပ်ထိန်းမှုကောင်းတာလားတော့ မသိပါဘူးဘုရား။ ဒီစကားက တပည့်တော်ရဲ့ ကိုယ့်ကို ကိုယ် ကာကွယ်ပြီး အပြစ်ပေါ့စေချင်တဲ့ စကားသက်သက်ပါပဲ ဘုရား။

တပည့်တော် အမှန်တကယ်မှာတော့ မေတ္တာဈေးကွက် စာအုပ်ထဲက ဦးပြင့်စိန်လိုပါပဲဘုရား။ ပတ်ဝန်းကျင်က မိမိုက် ကလေးတွေက တော်တယ်။ အပိုးကျိုးတယ်။ ကြည့်တာနဲ့ သိတယ်။ အဲဒီလိုဆုံးမမှုတန်ကာကျတယ် ဆိုတဲ့စကားကို သာယာလာတာ သမီးအကြီးဆုံးတစ်သက်ပါပဲဘုရား။ ဒီစကားနဲ့ ပတ်သက်ပြီးတော့လည်း ကိုယ့်ကိုယ်ကို ဂုဏ်ယူခဲ့မိပါတယ်။ အမြင်မတော်တဲ့လူတွေ ဆွေမျိုးသားချင်းတွေက ဆုံးမရင်လည်း လက်မခံခဲ့ပါဘူးဘုရား။ ငါ့သားသမီးကောင်းဖို့ ဆုံးမတာ ငါ့သမီးကို ငါရိုက်တာ ငါ့သားသမီး မလိမ္မာရင် ဒင်းတို့က တာဝန်ယူမှာလား ဆိုပြီး ရန်ထောင်ခဲ့ပါတယ်ဘုရား။ အပြင် ပတ်ဝန်းကျင်မှာတော့ မသိပါဘူးဘုရား။ တပည့်တော်တို့ လမ်းထဲမှာ သားသမီးကို ဒဏ်ပေးတဲ့နေရာမှာ တပည့်တော်က အကြမ်းဆုံးပါပဲဘုရား။ လူမမယ်ကလေးတွေကို နေပူပူ ကြီးထဲမှာ ဒူးထောက်ပြီး လက်မြှောက်ခိုင်းပါတယ်ဘုရား။ အားလုံးက ဝိုင်းကြည့်ပြီးရှက်သွားရင် နောင်ကို အပြစ် မလုပ်အောင်လို့ပါဘုရား။ လက်ရေးလက်သားမကောင်းရင် လက်ကိုဖယောင်းစက်ချပါတယ်။ ဖယောင်းစက်ကို နည်းရင် မမှတ်မှာစိုးလို့ ဖယောင်းတိုင်ကို ကြီးကြီးသုံး ပါတယ်ဘုရား။ လက်ကို အပ်နဲ့ထိုးပါတယ်ဘုရား။ သွေးတွေထွက်တဲ့အထိပါပဲ၊ ခါးပတ်နဲ့လည်း ချပါတယ်။ အရိုးရာတွေ တစ်ခုနဲ့တစ်ခုထပ်ပြီး အဖုများတက်တဲ့အထိ ရိုက်ပါတယ်ဘုရား။ ရိုက်ပြီး နောက်ရက်ကျ ရင် အကြီး အကျယ် ဖျားပါတယ်ဘုရား။ အဲဒါမှ မှတ်မှာဆိုပြီး တော့ပေါ့ဘုရား။ ရိုက်ပြီး ရက်မကြာမီ အပြစ်တစ်ခုခု ထပ်လုပ်မိ ရင် ဒီလောက် ဆုံးမတာတောင် မမှတ်ရလား ဆိုပြီး ထပ်တိုးပြီး ရိုက်ပါတယ်ဘုရား။ တပည့်တော်ရဲ့ ကလေးတွေကလည်း လမ်းထဲမှာတော့ သူများတန်းတူ ဝတ်ချင်မှလည်း ဝတ်ရမယ်၊ စားချင်မှလည်း စားရမယ်။ ရွယ်တူကလေးတွေလို ကလေး

အခွင့်ရေး ရချင်လည်း ရမယ် ဒါပေမယ့် ပညာရေးနဲ့ လိမ္မာတာကတော့ လမ်းထဲက ကလေးတွေထဲမှာတော့ အတော်ဆုံးပဲဘုရား။ ဘာ့ကြောင့်လဲဆိုတော့ တပည့်တော်က သားသမီးနဲ့ မိဘလို မအုပ်ချုပ်ပဲ၊ မဆုံးမပဲ စစ်တပ်လိုအုပ်ချုပ်ခဲ့တာကိုးဘုရား။ တပည့်တော် သား သမီးတွေက တပည့်တော်ဒေါသထွက်ရင် ကြောက်ပြီးတုန်နေပါတယ်ဘုရား။ ဘယ်လောက်ထိကြောက်လဲဆိုရင် တပည့်တော်ကို ကြည့်နေရင်းနဲ့ သေးထွက်ကျတဲ့အထိ ကြောက်ပါတယ်ဘုရား။ တပည့်တော်ကသာ လူကြားကောင်းအောင် စည်းနဲ့ ကမ်းနဲ့ ဆုံးမတယ်ဆိုပြီး အသံကောင်းဟစ်နေတာပါဘုရား။ တပည့်တော်ရဲ့ ကလေးသုံးယောက်ကတော့ တပည့်တော် အိပ်မယ်ဆိုရင် အိပ်ယာကအဆင်သင့်၊ စားမယ်ဆိုရင် စားပွဲက အဆင်သင့်ပါ။

သမီးအကြီးဆုံးဆိုရင် တပည့်တော်အပေါ်မှာရော အငယ်နှစ်ယောက်အပေါ်မှာရော အရွယ်နဲ့မလိုက်အောင် တာဝန်ကျေတဲ့ကလေးပါဘုရား။ အခုဒီစာကို ရေးတဲ့ အချိန်မှာ ကလေးသုံးယောက်စလုံး တပည့်တော်ရဲ့အဒေါ် (သူတို့ရဲ့အဖွားလေး) အိမ်မှာ သွားနေတာ နှစ်ပတ် ၁၄ ရက်ခန့်ရှိပါပြီဘုရား။ သူတို့ဆီကို ဖုန်းဆက်ပြီး ဘယ်တော့ပြန်လာမလဲလို့မေးတော့ သင်္ကြန်ပြီးမှ လာမယ်ဆိုတော့ တပည့်တော်က ''အေး. . . အေး'' ဆို ပြီး လွယ်လွယ်ပြောပြီး ဖုန်းချလိုက်ပါတယ်။ ဒါပေမဲ့ ဆရာတော် ရဲ့ ''မေတ္တာဈေးကွက်၊ သားနဲ့ကား''ဆိုတဲ့ စာအုပ်ကိုဖတ်ပြီးချိန်မှာတော့ ချုံးပွဲချငိုရပါပြီ အရှင်ဘုရား။ တပည့်တော် ပြုမူခဲ့တဲ့ လုပ်ရပ်တွေက သားသမီးတွေရဲ့ ရင်ထဲမှာ စိတ်ဒဏ်ရာကြီးမားလာအောင် တဖြည်း ဖြည်း မွေးမြူပေးသလို ဖြစ်နေပါပြီဘုရား။ သူတို့လေးတွေ နောင်တစ်ချိန်မှာ တပည့်တော်လိုမျိုး စိတ်ကြမ်း ကိုယ်ကြမ်း နဲ့ သားသမီးအပေါ် ဉာဏ်နဲ့ယှဉ်ပြီး မဆုံးမတဲ့ မိဘဖြစ်လာမှာကိုလည်း တပည့်တော်ကြောက်နေပါပြီဘုရား။ စီးပွားရေး၊ လူမှုရေး၊ အဆင်မပြေမှုတွေနဲ့ အကျပ်အတည်းပေါင်းများစွာကို စိတ်ထွက်ပေါက်အနေနဲ့ သားသမီးတွေဆီမှာ အဆုံးသတ်တဲ့ မိဘလုံးလုံး ဖြစ်နေပါပြီဘုရား။ တပည့်တော်ရဲ့ အမျိုးသားနဲ့ သားနဲ့ သမီးတွေကထားတဲ့ မေတ္တာကို ဒေါသနဲ့ တုံ့ပြန်ခဲ့တာကိုလည်း နောင်တကြီးစွာ ရပါပြီဘုရား။ သားသမီး သုံးယောက်က အလည်အပတ်သွားတာကိုတောင် တပည့်တော်နဲ့ ဝေးဝေးမှာ နေရတာကို ပျော်တဲ့သားသမီးတွေကို ကြည့်ပြီးတော့တောင် တပည့်တော် စိတ်ပင်ပန်းကြီးစွာနဲ့ ခံစားရပါပြီ အရှင်ဘုရား။ တပည့်တော် အတန်းကျောင်းတက်တဲ့ အချိန်ကစပြီး အခုအရွယ်အထိ ကိုယ့်စိတ်ခံစားချက်နဲ့ပတ်သက်ပြီး စာအများကြီး မရေးဖူးပါဘူးဘုရား။ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ပါ။

ဆရာတော်ဘုရားရဲ့ မေတ္တာစာကို ဖတ်ပြီးချိန်ကစပြီး နောက်နောင်ကို သားသမီးကို ရိုက်နှက်ဆုံးမတဲ့ အယူဝါဒကို တတ်နိုင်အောင် ရှောင်ကြဉ်ပါတော့မယ်ဘုရား။ အရှင်ဘုရားပေးချင်တဲ့ Massage ကို ကောင်းစွာ နားလည်သဘောပေါက်ပါပြီဘုရား။ အကြွေးဟောင်းကို တတ်နိုင်သလောက်ကျေအောင်ဆပ်ပြီး မှန်ကန်တဲ့ ကြွေးသစ်ကိုချပါတော့မယ်ဘုရား။

ဆရာတော်ဘုရား စိတ်ချမ်းသာပြီး ကိုယ်ကျန်းမာစွာနဲ့ သာသနာအကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေဘုရား။

တပည့်တော်ကိုလည်း သနားသောအားဖြင့်(သို့) တပည့်တော်ရဲ့ ဆင်းရဲစွာသော စိတ်အစဉ်ကို ချီးမြှောက်သောအားဖြင့် အရှင်ဘုရား အချိန်ရရင် တပည့်တော်ဆီကို ဆုံးမစာ ပြန်ပေးစေလိုပါတယ်ဘုရား။ တပည့်တော် တစ်သက်တာ သိမ်းထားချင်ပါတယ်ဘုရား။

ဆရာတော် ကျန်းမာပါစေ၊ သာဓုခေါ်နိုင်ပါစေ။

ရိုသေစွာဖြင့်

တပည့်တော်
မိမိုက်
ယုဇနဥယျာဉ်မြို့တော်



## နည်းလမ်းအဆွေးကြီး

ကျူပ်အတွေ့အကြုံအရ ရိုက်နှက်ဆုံးမလိုက်လို့ ဘယ်သူမှ လိမ္မာမလာဘူးဗျ။ ရိုက်နှက်ဆုံးမလိုက်လို့ ရရှိလာတဲ့ အကျိုး သက်ရောက်မှုကလည်း ရိုက်နှက်သူဖြစ်စေချင်လှတဲ့ လိမ္မာရေးခြားရှိမှုကို အထောက်အကူ မပြုရုံတင်မက ပိုဆိုးသွားအောင် တွန်းပေးလိုက်ရာတောင် ရောက်သေးတယ်။ ရက်ရက်စက်စက် ရိုက်နှက်ဆုံးမလို့ကတော့ အဆိုးတကာ့ အဆိုးဆုံးပါပဲ။ တကယ်တော့ ရိုက်နှက်ဆုံးမတဲ့နည်းကို ပျော့ညံ့တဲ့မိဘတွေ၊ ပျော့ညံ့တဲ့ ဆရာ ဆရာမတွေသာ သုံးတတ်ကြပါတယ်။ တုတ်ဆိုတာ ကျောက်ခေတ်လူသား အရိုင်းအစိုင်းတွေ သုံးခဲ့ကြတဲ့နည်းလမ်း အဆွေးကြီးပါ''

(ကျောင်းအုပ်ဆရာကြီးတစ်ဦး)

## အမှားအမှန်နဲ့ အမှန်အမှား

ဆေးပညာနယ်ပယ်မှာ အရေးပါလှတဲ့ ရှာဖွေတွေ့ရှိမှု အသစ်များကို ကြိမ်ဖန်များစွာ ဖော်ထုတ်နိုင်ခဲ့တဲ့ သုတေသီ ပညာရှင် တစ်ဦးရဲ့ ဇာတ်လမ်းပါ။ သူဟာ သူများထက် ဘာလို့ ပိုချွန်နေတာလဲ။ သူ့မှာ အသစ်ကို စူးစမ်း ရှာဖွေနိုင်တဲ့နေရာမှာ ဘာကြောင့် လူတကာထက် သာနေရတာလဲလို့ စာနယ်ဇင်း ဆရာ တစ်ဦးက သူ့ကိုမေးတဲ့အခါ သူက ပြောပြခဲ့ပါတယ်။

တကယ်တော့ သူအဲသလိုဖြစ်လာတာဟာ နှစ်နှစ်သား အရွယ်က အတွေ့အကြုံကြောင့် ဖြစ်လောက်တယ်လို့ သူက ယူဆပါတယ်တဲ့။ အဲဒီတုန်းက နှစ်နှစ်သားလေးဟာ တစ်နေ့မှာ ရေခဲသေတ္တာထဲက ပလတ်စတစ်နို့ပုလင်းကို ဆွဲထုတ်လိုက်ပါ သတဲ့။ ဒါပေမဲ့ ပုလင်းက လက်ထဲကနေ လျှောပြီး ဖုန်းခနဲ လွတ်ကျသွားပါတော့တယ်။ ဖန်ပုလင်းမဟုတ်ဘဲ ကျွဲကော်ပုလင်း ဆိုတော့လည်း ကွဲတော့မကွဲဘူးပေါ့။ ဒါပေသည့် အထဲက နွားနို့ တွေကတော့ အကုန်ဖိတ်ကုန်ပါတော့တယ်။



အသံကြားလို့ မီးဖိုချောင်ထဲ အပြေးအလွှား ဝင်လာတဲ့ သူ့အမေက ကြမ်းပေါ်က နွားနို့အိုင်ကြီးကိုလည်းတွေ့ရော တစ်ခါ တည်း ကလေးကို လှိမ့်ဆူရောလို့ မအောက်မေ့လိုက်ကြပါနဲ့။ မအေက ဆူလည်းမဆူ၊ ငေါက်လည်း မငေါက်၊ လေအေးအေး အကြောရှည်ရှည်နဲ့ သွန်သင်တာလည်း တစ်စက်မှ မလုပ်ဘူး။ ပြစ်ဒဏ်တွေဘာတွေလည်း ပေးမနေဘူး။

''အောင်မလေး သားရယ်၊ ကြမ်းပေါ်မှာ နွားနို့အိုင်ကြီးဖြစ် နေတော့တာပါပဲကလား။ မေမေဖြင့်နွားနို့ကို အိုးနဲ့၊ ပုလင်းနဲ့ပဲမြင် ဖူးပါတယ်။ အခုလို အိုင်ထွန်းနေတာမျိုး တစ်ခါမှမမြင်ဖူးဘူး။ ပျော်စရာကြီးဟေ့၊ ကိုင်း.. မေမေတို့ ဒါကြီးကိုမသုတ်ခင် သား အဲဒီနွားနို့အိုင်ထဲမှာ ခဏဆော့လိုက်ပါအုံးကွယ်၊ ပြီးတော့ သုတ် ကြတာပေါ့''လို့ ပြောသတဲ့။ ပြီးတော့ အသာပြန်ထွက်သွားပါ သတဲ့။

သည်အခါ ကိုရွှေနှစ်နှစ်သားလေးကလည်း ဘယ်နေမလဲ။ မအေ ခွင့်ပြုချက်ရမှတော့ ကြမ်းပြင်ပေါ်က နွားနို့ကွက်ကြီးထဲမှာ ကောင်းကောင်းဆော့တော့တာပေါ့။ တစ်အောင့်နေတော့မှ မအေက ပြန်ရောက်လာတယ်။

''ကဲ.. ပြီးရင် သုတ်လိုက်ကြအုံးစို့သားရေ၊ ကိုယ်လုပ်လိုက် လို့ တစ်ခုခုပွသွားရင်၊ ရှုပ်သွားရင် ရှင်းရတာပဲသားရယ်။ နေပါ အုံး၊ သားက သည်နွားနို့တွေကို ဘာနဲ့သုတ်မယ်လို့ စိတ်ကူးထား လဲ။ အဝတ်စုတ်နဲ့သုတ်ချင်လား၊ ရေမြှုပ်နဲ့သိမ်းမလား၊ တံမြက် စည်းနဲ့ သိမ်းမလား၊ သား ကြိုက်တာရွေး''

ကလေးက ရေမြှုပ်ကို ရွေးလိုက်ပါတယ်။ ဒါနဲ့ သားအမိနှစ် ယောက် ရေမြှုပ်တစ်ယောက်တစ်ခုကိုကိုင်ပြီး တက်ညီလက်ညီ

ကြွမ်းသုတ်လိုက်ကြတယ်။ အားလုံးပြီးတော့ အမေကပြောတယ်။

"ဒါက ဘာကိုပြတာလဲဆိုတော့ သားရယ်။ သားလက်ကလေး သေးသေးလေးနှစ်ဖက်နဲ့ ပုလင်းအကြီးကြီးကို ယူကြည့်တဲ့ စမ်းသပ်ချက် မအောင်မြင်ဘူးဆိုတာကို ပြနေတာပဲ သားရဲ့။ မအောင်မြင်တော့ ဘာဖြစ်လဲ။ နောက် တစ်ခါ ထပ်လုပ်ကြည့်ရုံရှိတာပေါ့။ လာ. . .သားနဲ့ မေမေနဲ့ နောက်ဖေးက မြေကွက်လပ်ထဲသွားပြီး ရေပုလင်း တစ်ပုလင်းနဲ့ စမ်းကြည့်ရအောင်။ ပုလင်းကို လွတ်မကျအောင် ဘယ်လို အပါသယ်ရမလဲဆိုတာ သားဘာသာ သားလုပ်ကြည့်ရင်းနဲ့ သဘောပေါက်လာလိမ့်မယ်"

သည်လိုနဲ့ ကလေးငယ်ဟာ ပုလင်းလည်ပင်းကို ပုလင်းဖုံးနားကပ်ပြီး လက်နှစ်ဖက်နဲ့ မိမိရရဆုပ်မယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ လွတ်မကျနိုင်တော့ဘူးဆိုတာကို သဘောပေါက်သွားပါတော့တယ်။

အဲသည်အခိုက်အတန့်လေးမှာပဲ သည်ကလေးငယ်ဟာ အမှားလုပ်မိတဲ့အတွက် ကြောက်စရာမလိုဘူး။ တကယ်တော့ အမှားဆိုတာဟာ အမှန်ကို ဖွေရှာနိုင်တဲ့ အခွင့်အရေးပဲဆိုတာကို အသည်းထဲမှာ ကောင်းကောင်းကြီး စွဲသွားပါတော့တယ်။

သိပ္ပံစမ်းသပ်မှုတွေဟာလည်း အလားတူပါပဲ။ မှားသွားလို့၊ မအောင်မြင်လို့ ဘာမှမဖြစ်ပါဘူး။ အဲသည် အမှားတွေထဲက တန်ဖိုးရှိတဲ့ အသိတစ်ခုကတော့ တိုးလာတာချည်းပဲလို့ ပြောလိုက်ရင်း သုတေသီပညာရှင်ကြီးက သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်ပါတယ်။

ကလေးတွေကို ပျိုးထောင်နေတာ၊ ပန်းကလေးတွေကို ပျိုးထောင်နေတာမဟုတ်ဘူးဆိုတာကို မမေ့နဲ့နော်။ (Remem-



ber, We're Raising Children, Not Flowers)ဆိုတဲ့ ခေါင်းစဉ်နဲ့ Jack Canfield ရေးတဲ့ စာတိုလေးကို ဆီလျော်အောင် ပြန်ရေးပြလိုက်တာပါ။

အင်း . . .မိဘတိုင်း၊ မိဘတိုင်းသာ အဲသည် သိပ္ပံပညာရှင်ကြီးရဲ့ မေမေလို ဉာဏ်ကြီးကြမယ်ဆိုရင် ဘယ့်ကလောက်ကောင်းလေမလဲလို့ စဉ်းစားဖြစ်သွားစေတဲ့ စာတိုလေးပါပဲ။ အခုတော့ ကျွန်တော်တို့မှာ အမှားလုပ်မိရင် အဆော်ခံရမယ်၊ အဆူခံထိမယ်။ အဖျဉ်းဆုံးတော့ လေကြောရှည်ရှည်နဲ့ သွန်သင်ဆုံးမတာတွေကို နာခံရအုံးတော့မယ်ဆိုတဲ့ အသိလေးတွေနဲ့ လူလားမြောက်ခဲ့ရပါတယ်။ အဲတော့ ကျွန်တော်တို့ ဘာဖြစ်လာသလဲ။

အခု အသက်အရွယ်ရလာတဲ့အထိ အမှားလုပ်မိရင်၊ မှားသွားရင် စိတ်ထဲမှာ တနုံ့နုံ့နဲ့ နောင်တစိတ်ကလေးတွေက စွက်ကယ်၊ စွက်ကယ် ဝင်နေပါရောလား။ လူဆိုတာ မှားတတ်တာပဲ။ ဘာညာဆိုပြီး မနည်းဖြေတွေးမယ့်သာ တွေးနေရတယ်။ စိတ်ထဲကတော့ မအီမလယ် ဖြစ်ချင်တုန်း။

အဲဒါ ငယ်ငယ်က အဆူခံ၊ အပူခံ၊ အဆော်ခံ၊ အဆုံးမခံထိခဲ့တဲ့ အကျိုးတွေပဲ မဟုတ်လား ခင်ဗျာ။ ဒါတင်ဘယ်ကလိမ့်ဦးမလဲ။ ကျွန်တော်တို့ ကိုယ်တိုင် မိဘဖြစ်လာတဲ့အခါမှာလည်း ကျွန်တော်တို့သားသမီးတွေ အမှားလုပ်မိသွားတဲ့အခါလေးတွေမှာ ဘယ့်ကလောက် သေးတာလေးပဲဖြစ်ဖြစ် ငေါက်ချင်ငမ်းချင်၊ အော်ချင်၊ ဟစ်ချင်၊ ဆုံးမချင်၊ အပြစ်ပေးချင်နေမိတတ် ပြန်သေးတယ်။ အဲဒါမှ မိဘအလုပ်လို့ အရိုးစွဲနေတာကိုးခင်ဗျ။

သည်စာလေးကို ဖတ်ပြီးတဲ့အခါမှာတော့ သားသမီးတွေကိုတင် မဟုတ်ပါဘူး။ ကိုယ့်ပတ်ဝန်းကျင်က တခြား တခြားသော

အမှားမကင်းတဲ့လူသားတွေ အမှားလုပ်မိတဲ့အခါ ကိုယ်ချင်းစာစိတ်ကလေးနဲ့ ဘယ်လိုဘယ်ပုံ တုံ့ပြန်ပေးရမလဲဆိုတာကို ရိပ်ခနဲ လှမ်းမြင်လိုက်သလိုပါပဲ။ စာဖတ်သူ လူကြီးမင်းအတွက်လည်း စဉ်းစားစရာ အချက်အလက်သစ်တစ်ခု ရသွားမယ်ထင် ပါတယ် ခင်ဗျာ။

*(အတ္တကျော်၏ ဘဝတူရိယာ စာ-၁၄၅/၁၄၆)*

•

သုတေသနများအရ အရိုက်မခံရတဲ့ ကလေးတွေဟာ အမှားအမှန် ခွဲခြားတတ်တာကို တွေ့ရတယ်။ အရိုက်ခံရတဲ့သူတွေကတော့ အမှားအမှန် ခွဲခြားမနေတော့ဘဲ အရိုက်ခံရတာကိုမှ အမှားလို့ မြင်သွားတတ်တဲ့အပြင် အမှားအမှန်ခွဲခြားဖို့က မိဘဆရာများရဲ့တာဝန်ဖြစ်ပြီး သူတို့ကတော့ နေချင်သလို နေမယ်ဆိုတဲ့ တာဝန်မဲ့စိတ်တွေ တဖြည်းဖြည်း ဝင်လာတတ်ပါတယ်။ သူတို့နဲ့ ပြောင်းပြန် အရိုက်မခံရတဲ့ ကလေးတွေကျတော့ မိဘတွေရဲ့ စံနမူနာကို အလိုလို ယူချင်စိတ်အပြည့်နဲ့ ဖြစ်နေကြပြီး ကိုယ်လုပ်လိုက်တာ၊ ကိုယ့်အပြုအမူ၊ ကိုယ့်အကျင့်စရိုက်ကို ကိုယ့်ဘာသာ ပြန်လှန် စစ်ဆေးတဲ့တာဝန်ကိုလည်း အလိုလို ယူသွားတတ်တာကို တွေ့ရပါတယ်။

အဲသည့်နည်းနဲ့ အရိုက်မခံရတဲ့ကလေးတွေဟာ မိမိကိုယ်ကို တာဝန်ယူပြီး မိမိကိုယ်ကို စောင့်ကြည့်ကြပ်မတ်တတ်တဲ့ အကျင့်ကောင်းသူများ ဖြစ် လာပါ



တော့တယ်။ မိဘတွေက စောင့်ကြည့်ကြပ်မတ်ပေးနေလိမ့်မယ်၊ မှားရင် ရိုက်နှက်ပြီး ပြင်ပေးလိမ့်မယ်ဆိုတဲ့ အသိမျိုး သူတို့မှာ လုံးလုံးမရှိတဲ့အတွက် မိမိကိုယ်ကို ပိုဂရုစိုက်ဖြစ်၊ ကိုယ့်အမှားကို ဆန်းစစ်ဖြစ်တတ်တာလည်း အလွန် ယထာဘူတ ကျတဲ့အချက်ပါ။

(အတ္တကျော်၏ သားသမီး- ၁၇၆)

•

## ပြစ်ဒဏ်

မနေ့က တောင်ငူမြို့ အလက(၂)သို့ ကျောင်းအုပ်ဆရာကြီး ဦးစံလှိုင် ရောက်လာသည်။ ညနေပိုင်းမှာ ကျောင်းသားများ ဘောလုံးကန်သည်ကို ဆရာကြီး ကွင်းဘေးမှာရပ်ပြီး ခဏကြည့်သည်။ ဆရာကြီးနှင့်အတူ ဆရာ ဦးလှထွန်း၊ ဆရာမ ဒေါ်မြင့်ရွှေ၊ ဒေါ်ခင်စိုးတို့ရှိသည်။ ဆရာကြီးတို့ရှိရာသို့ ရွှေဦး လှမ်းကြည့်လိုက်သည်။ ဆရာကြီး သူ့ကို သိစေချင်သည်။ ထူးထူးခြားခြား မှတ်မိစေချင်သည်။

''ဘာလုပ်ရမလဲ''

ရွှေဦး စဉ်းစားသည်။ ထိုအချိန်တွင် သူ့ထံသို့ ဘောလုံး ရောက်လာသည်။ ရွှေဦး စိတ်ကူးရသွားသည်။ ဘောလုံးကို တစ်ဖက်အသင်းဘက်သို့ မကန်ဘဲ ကိုယ့်ဘက်မှ ဂိုးဆီသို့ ဆွဲယူလာသည်။

''ဟေ့ကောင်ရွှေဦး ဘာလုပ်တာလဲကွ၊ ဟေ့ကောင်.. မလုပ်နဲ့''

သူ့ဘက်မှ လူများအော်ဟစ်ပြောဆိုနေစဉ်မှာပင် ရွှေဦးက

ကိုယ့်ကိုး ကိုယ်ကန်သွင်းလိုက်သည်။ ဂိုးသမားလည်း အံ့အားသင့်ပြီး ကြည့်နေသည်။

"ဟာ. . . ဒီကောင်ကွာ"

ဘောလုံးက ဂိုးတိုင်မှန်ပြီး ဘေးထွက်သွားသည်။

"ဟေ့ကောင်. . . မင်းဘာလုပ်တာလဲ၊ ထွက်ကွာ၊ မပါနဲ့. . . သွား"

သူ့ဘက်မှ လူများ ဝိုင်းဆူကြ၊ ပြောကြ၍ ရွှေဦး ထွက်လာခဲ့ရသည်။ ဆရာကြီးနှင့် ဆရာမများ ရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဆရာကြီးကို ဆရာဦးလှထွန်းက ပြောပြနေသည်။ ဝေးလွန်း၍ ဘာပြောမှန်း တော့မသိ. . .။

•

ယနေ့တော့ ရွှေဦး ဆရာကြီးနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရတော့မည်။ တတိယတန်းမှ ခင်ပြည့်ကို ရွှေဦး ဆောင့်တွန်း၍ ဖင်ထိုင်လဲကျသွားသည်။ ရွှေဦးက ပဥ္စမတန်းမှ ဖြစ်သည်။ တကယ်ဆို တတိယတန်းဆရာမကို တိုင်သင့်သည်။ သို့သော် ဒုတိယတန်းဆရာမ ဒေါ်ခင်စိုးက ခင်ပြည့်ကိုခေါ်၍ ကျောင်းအုပ်ကြီး ရုံးခန်းသို့ သွားပြီး ဆရာကြီးကိုတိုင်သည်။

ရွှေဦးနောက်မှ လိုက်သွားသည်။ ဆရာကြီးရုံးခန်းနားရောက်သော် ဒေါ်ခင်စိုးအသံကို အပြင်မှ ကြားရသည်။

"ဒီကောင်လေးက သိပ်ဆိုးတာဆရာကြီး၊ ဒီကျောင်းမှာသူက လူဆိုး လုပ်နေတာ။ ဘယ်သူ့မှ မကြောက်ဘူး။ ကျွန်မတို့ဆရာ၊ ဆရာမအားလုံး သူ့ကို မရိုက်ဖူးတဲ့သူမရှိဘူး။ ဘယ်လိုရိုက်ရိုက် ဘယ်တော့မှမကြောက်ဘူး။ ပြောင်းသွားတဲ့ဆရာကြီးဆို



ရက်ရက်စက်စက် ရိုက်တာ၊ မျက်ရည်တစ်စက် မကျဘူး။ အခုလည်း ဆရာကြီးအသစ်ဆိုပြီးစမ်းတာ၊ သာမန်လောက်ဆိုရင်တော့ သူက ကြောက်မှာမဟုတ်ဘူး။ ဆရာကြီး အစကတည်းက သူ့ကို ဦးကျိုးအောင် ချိုးထားမှရမှာ"

ဆရာမ ဒေါ်ခင်စိုးက တွန်းတွန်းထိုးထိုး ဦးချိုးခိုင်းနေသည်ကို ကြားရ၏။ ရွှေဦး ပြုံးလိုက်သည် မဲ့ပြုံး။

"သူ့ကိုဆရာကြီးခေါ်နေတယ်လို့ ရုံးခန်းလွှတ်လိုက်ရမှာလားဆရာကြီး"

ဒေါ်ခင်စိုး၏ လွှတ်ချင်စိတ်ကို ဖော်ပြနေသော အမေးဖြစ်၏။

"လွှတ်လိုက်ပါ"

ဒေါ်ခင်စိုးနှင့် ခင်ပြည့် ဆရာကြီးရုံးခန်းမှ ထွက်လာသည်။ အပြင်မှာ ရပ်နေသော ရွှေဦးကိုတွေ့သည်။

"နင့်ကို ဆရာကြီး ခေါ်ခိုင်းလိုက်တယ်။ ရုံးခန်းထဲမှာဆရာကြီးရှိတယ်"

ဒေါ်ခင်စိုးက ပြောပြီး ထွက်သွားသည်။ ရွှေဦး ဆရာကြီးရုံးခန်းထဲ ဝင်သွားသည်။

"မင်းနာမည် ရွှေဦးလား"

ဆရာကြီးက မေးသည်။

ရွှေဦးခေါင်းညိတ်ပြသည်။

"ပါးစပ်ကဖြေ"

ဆရာကြီးလေသံက မာသည်။

"ဟုတ်ပါတယ်"

"ဟုတ်ရင် လက်ပိုက်ထား"

ရွှေဦးလက်ပိုက်လိုက်သည်။

"မင်း. . . တတိယတန်းက မိန်းကလေးကို တွန်းလား ထိုးလား လုပ်တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

ဌေးဦးက မညာ၊ မှန်သည့်အတိုင်း ဝန်ခံသည်။

"မင်း ဘာလို့ အဲဒီလိုလုပ်ရတာလဲ"

"သူက အဲဒီအတန်းမှာရှိတဲ့ ကျွန်တော့်ညီမလေးကို လုပ်လို့ပါ"

"ဒါဆိုရင် ဆရာမ တိုင်ရမှာပေါ့ကွ၊ မင်း. . . ဆရာမ တိုင်လား"

"မတိုင်ပါဘူး"

"မင်းပြောသလိုဆိုရင် အဲဒီကလေးမရဲ့ အစ်ကိုက သတ္တမတန်းမှာ ရှိတယ် ဆိုပါစို့ကွာ။ မင်းထက်လည်း အားကြီးတယ်။ မင်းကို ဖင်ထိုင်ကျအောင် တွန်းထိုးမယ်။ မင်း ကျေနပ် မလား"

ဌေးဦး ဘာမျှမဖြေ။

"မင်းက ဒီကျောင်းမှာ လူဆိုးလား"

ဆရာကြီး မေးသည်က ပုံမှန်အသံဖြစ်သည်။ ဌေးဦးဘာမျှ မဖြေ။

"လူဆိုးဆိုတဲ့စကားနဲ့ ကျောင်းသားနဲ့ မလိုက်ဖက်ပါဘူးကွာ။ ငါတပည့်ကို လူကောင်း၊ လူလိမ္မာ ကျောင်းသားပဲ ဖြစ်စေချင်တယ်"

ဆရာကြီးက ဌေးဦးကို လှမ်းကြည့်သည်။ ဌေးဦး ဘာပြန်ပြောရမှန်းမသိ။ သို့သော် ငါ့တပည့်ဟု ပြောသည်ကိုတော့ သဘောကျသလို ခံစားရသည်။ အရင်က သူ့ကို ဘယ်သူမှ ငါ့တပည့်ဟု မခေါ်ဖူးပါ။



"လူကောင်း၊ လူလိမ္မာ မဖြစ်ချင်ဘူးလား"

ဌေးဦးကိုကြည့်၍ ဆရာကြီး၏ အမေး။

"ဖြစ်ချင်ပါတယ်"

ဌေးဦး၏ အဖြေ။

"ကျောင်းသားကောင်း တစ်ယောက်ကော မဖြစ်ချင်ဘူး လား"

"ဖြစ်ချင်ပါတယ်"

ဆရာကြီးက စားပွဲပေါ်မှာ အသင့်ရှိနေသော ကြိမ်လုံးရှည်ကြီးကို လှမ်းကြည့်လိုက်သည်။ ဤကလေးသည် အကြိမ်များစွာ အရိုက်ခံရပြီးပြီ။ အရိုက်ခံရမည်ကို ကြောက်ဟန်မတူ၊ ကျောင်းသားဆိုးဖြစ်ရသည်ကို ဂုဏ်ယူနေဟန်တူပါသည်။ မနေ့က ညနေဘောလုံးပွဲမှာပင် ဤကလေးကို သတိထားမိခဲ့သည်။ တိုင်သော ဆရာမကလည်း အရင်ဆရာကြီးထက် ပိုပြီးလက်သံပြောင်မှ ကျေနပ်မည့်သဘော။

"ငါဘယ်လိုလုပ်ရမလဲ"

ဆရာကြီး စဉ်းစားသည်။

"ကဲ. . . ကြားပါတယ်ကွာ၊ မင်းမှာ အပြစ်ရှိသလား ပြော"

ဆရာကြီးမေးပုံက အသံပြတ်နှင့်ဖြစ်သည်။

ဆရာကြီးကို ဌေးဦးလှမ်းကြည့်သည်။

"ပြောလေ"

"ဟုတ်ကဲ့. . . ရှိပါတယ်"

ဌေးဦး ဝန်ခံလိုက်သည်။

"အပြစ်ရှိတယ်ဆိုရင်တော့ အပြစ်ပေးရမှာပေါ့ကွာ"

ဆရာကြီးက စားပွဲပေါ်မှ ကြိမ်လုံးရှည်ကြီးကို ကောက်ယူပြီး

မတ်တပ် ထလိုက်သည်။ အရိုက်ခံရတော့မည်ဟု ငွေဦးနားလည်လိုက်သည်။ ဆရာကြီးက အရပ်ရှည်သည်။ အရွယ်ကလည်း အရွယ်ကောင်း၊ ခွန်အားလည်း ကောင်းပုံရသည်။ ယခင် ဆရာကြီးထက်ပင် လက်သံပြောင်လိမ့်မည်ဟု ငွေဦး မျှော်လင့်ထားလိုက်သည်။

"ဆရာပေးတဲ့ပြစ်ဒဏ်ခံမလား"

ဆရာကြီး၏ မေးခွန်းကို မပြောဘဲ ငွေဦး ငြိမ်နေလိုက်သည်။ ဖြေရန် မလိုဟု ထင်သောကြောင့် ဖြစ်သည်။

"ခံပါ့မယ်"

ငွေဦး မဖြေချင်သော်လည်း ဖြေလိုက်ရသည်။

"အဲဒီနေရာက ထွက်လိုက်၊ ဒီဘက်ကိုလာ"

ဆရာကြီးက သူ့လက်မှ ကြိမ်လုံးရှည်နှင့် စားပွဲဘေး နေရာလွတ်သို့ ညွှန်ပြသည်။ ငွေဦး နားလည်လိုက်ပါပြီ။ စားပွဲဘေးမှ ကွက်လပ်ကျယ်မှာ အားပါးတရ ရိုက်တော့မည်ဟူ၍–

ဆရာကြီးညွှန်ပြရာ စားပွဲဘေးသို့ ငွေဦးသွားပါသည်။ ဆရာကြီး အသစ်၏ လက်ရာကို မမှန်းဆနိုင်သေး၍ ရင်ထဲမှာ တုန်လှုပ်လျက်–

ငွေဦးက ရပ်မိသည်နှင့် အရိုက်ခံရန် အသင့်အနေအထားဖြင့် အံကို တင်းတင်းကြိတ်လိုက်သည်။ လက်ကို တင်းတင်းပိုက်လိုက်သည်။ တစ်ကိုယ်လုံးမှ အကြောအချဉ်များကိုလည်း တင်းထားလိုက်သည်။ သူ့အတွေ့အကြုံအရ ဤသို့တင်းတောင့်ထားလျှင် အသားပေါ်သို့ကျလာသောတုတ်ချက်ကို ခံနိုင်သည်။ ဆရာကြီးက တုတ်ကိုကိုင်လျက် ငွေဦးဘက်သို့လျှောက်လာသည်။

"မောင်ငွေဦးကို ဆရာဘယ်လို အပြစ်ပေးရမလဲဆိုရင်



ဟိုမှာကြည့်"

ဆရာကြီးက သူ့လက်ထဲမှ ကြိမ်လုံးအရှည်ဖြင့် ပြတင်းပေါက် အပြင်ကို ညွှန်ပြသည်။

**အဆိုးဆုံးကျောင်းသားနှင့် အကောင်းဆုံးကျောင်းအုပ်**

"ဟိုစက္ကူစုတ်အဖြူလေးနေရာမှာ ဘန်ဒါပင်(ဗါဒံပင်) တစ်ပင် စိုက်ပေးပါ။ မနက် နေပူရင် ဆရာကြီးအခန်းက ပူနေတယ်။ အဲဒီအပင်ကို မင်းရှင်အောင်စိုက်၊ ရှင်အောင် ရေလောင်း။ အဲဒါ မင်းကို ဆရာကြီးပေးတဲ့အပြစ်ဒဏ်ပဲ . . ။ ဆရာကြီးရုံးခန်း အရိပ်ရအောင် သစ်ပင်လေး စိုက်ပေး"

ငွေဦး ဘယ်လိုမှ မျှော်လင့်မထားသော အပြစ်ပေးခြင်း ဖြစ်သည်။

"ဘယ်လိုလဲ၊ စိုက်ပေးနိုင်မလား"

ဆရာကြီးက မေးသည်။

"ပေးနိုင်ပါတယ် ဆရာကြီး"

ငွေဦး ဝမ်းသာအားရ ဖြေသည်။

•

ဗါဒံပင်မှာ ငါးပေခန့်ရှိ၍ ငွေဦးအရပ်ထက် မြင့်သည်။ ဆရာကြီး ရုံးခန်း အရိပ်မြန်မြန်ရစေချင်၍ တတ်နိုင်သမျှ ကြီးသော အပင်ကိုလိုက်ရှာခြင်းဖြစ်သည်။ အဖေကြီး၏ခြံထဲမှ ရခြင်းဖြစ်သည်။ ဆရာကြီးအပြစ်ပေးပုံကို ပြောပြ၍ အဖေကြီးသဘောကျပြီး သူကိုယ်တိုင် အမြစ်များပါအောင် ဂရုတစိုက်တူးပေးသည်။

မြေးအဘိုးနှစ်ယောက် ညနေပိုင်း နေအေးချိန်တွင် ဆရာ

ကြီး ပြသော နေရာလေးမှာ ပါဒ်ပင်လေးကို ကျင်းတူးစိုက်ပျိုးနေကြသည်။ မြေဆွေး ထည့်သည်။ ရေလောင်းသည်။ နောက်တစ်နေ့မနက် ဆရာကြီး ကျောင်းလာသောအခါ သူပြသော နေရာမှာ စိမ်းစိုရှင်သန်နေသော ပါဒ်ပင်လေးကို တွေ့ရသည်။ ပါဒ်ပင်လေးက ဆရာကြီး မျှော်မှန်းထားသည်ထက် ပို၍အရွယ်ကြီး နေသည်။ ဘေးမှာ ဝါးခြမ်းကလေးများ ပတ်လည်ရံ၍ ခြံခတ်ထားသည်။ ဝတ်ကျေတန်းကျေ မဟုတ်။ အသေအချာ လုပ်ထား၍ ဆရာကြီး အံ့ဩနေသည်။ ဆရာကြီးက ကျောင်းသားတစ်ယောက်အား ရွှေဦးကိုခေါ်လာရန် ပြောသည်။ မကြာမီ ဆရာကြီးရုံးခန်းသို့ ရွှေဦးရောက်လာသည်။

"မောင်ရွှေဦး ဒီအပင်ကို မင်း အခုမနက် စိုက်လိုက်တာလား"

"မဟုတ်ပါဘူးဆရာကြီး၊ မနေ့ညနေက စိုက်တာပါ"

"ဆရာက ဒီလောက်အပင်ကြီးကြီးရဖို့ မမျှော်လင့်ပါဘူးကွာ၊ မင်းအပင်က ဆရာထင်တာထက် ပိုကြီးနေတယ်"

"ဆရာကြီး ရုံးခန်းကို မြန်မြန် အရိပ်ရစေချင်လို့ပါ"

ဆရာကြီးက ပါဒ်ပင်လေးဆီ လှမ်းကြည့်ရင်းမှ..

"ငါ့တပည့်လုပ်ထားတာက ပေးတဲ့အပြစ်ကို တာဝန်ကျေရုံမျိုး မဟုတ်ဘူးကွာ။ စေတနာပါတယ်။ မင်းဟာ လူဆိုး မဟုတ်ရုံမကဘူးကွ၊ လူကောင်း၊ လူလိမ္မာကျောင်းသားကောင်း တစ်ယောက် ဖြစ်သွားပြီ"

ဟု ပြောလိုက်သည်။ ဆရာကြီး၏ ချီးကျူးစကားသည် ရွှေဦးရင်မှာ ထူးခြားစွာ ခံစားရသည်။ ယခင်က ဤကဲ့သို့ချီးကျူးသည်ကို တစ်ခါမျှ မခံခဲ့ရ။ အဆူ၊ အပြော၊ အမာန်၊ အငေါက်၊



အရိုက်အနှက် အမျိုးမျိုးသာ ခံနေရသည်။ ဆရာကြီးက တပည့်ဖြစ်သူ ရွှေဦးအနီးသို့ လျှောက်လာသည်။

"ငါ့တပည့်အတွက် ဆရာ ဝမ်းသာဂုဏ်ယူပါတယ်။ ငါ့တပည့်က ဆရာ ထင်တာထက် ပိုပြီး လိမ္မာလွယ်တဲ့ကလေးပဲ။ ဆရာကြီးတစ်ယောက်တည်း မဟုတ်ဘူး။ ကျန်တဲ့ ဆရာ၊ ဆရာမတွေပါ ငါ့တပည့်ကို ချစ်ခင်လာကြအောင် လိမ္မာတဲ့ကျောင်းသားဖြစ်လိုက်စမ်းပါကွာ"

ဆရာကြီးက တိုက်တွန်းစကားပြောရင်း ရွှေဦး၏ခေါင်းကို သူ၏လက်ဖြင့် ညင်သာစွာ ပွတ်သပ်ပေးလိုက်သည်။ ဆရာကြီး၏ မေတ္တာစကားနှင့် ကြင်နာသော အပြုအမူကြောင့် ရွှေဦးရင်မှာ ကြည်နူးစွာခံစားရခြင်းနှင့် အတူ မျက်လုံးအိမ်မှ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာ၏။

ပြင်းထန်စွာ အရိုက်ခံရစဉ်က တစ်စက်မှ မကျခဲ့သော မျက်ရည်သည် ကြင်နာမှုကိုပေး၍ ကြည်နူးမှုကျရသည်။ ရွှေဦးရင်ထဲမှာ ဆုံးဖြတ်လိုက်သည်။

"ဆရာကြီး ဖြစ်စေချင်သလို၊ ဆရာ ဆရာမ အားလုံး ချစ်ခင်အောင် လိမ္မာတဲ့ ကျောင်းသားတစ်ယောက် ဖြစ်စေရမည်" ဟူ၍။

•

ဆရာမရဲ့ အလိုအရ များပြားလှတဲ့ ကလေးတွေကိုထိန်းနိုင်ဖို့အတွက် တုတ်ကို မလွှဲမသွေကိုင်ရတယ်။ တချို့ကလေးဆိုးတွေ၊ ကျောင်းသားဆိုးလေးတွေကို တုတ်နဲ့မှ မရိုက်ဘူးဆိုရင် ဘယ်လိုမှ နိုင်မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ အမှန်က စိတ်ပညာသဘောမှာ ရှင်းရှင်းကြီးရှိနေတာ တစ်ခုကို မူလတန်းပြဆရာမလေး မသိရှာတာပါ။

မှားတဲ့ကလေး၊ ဆိုးတဲ့ကလေးဆိုတာ မရှိဘူး။ မှားတဲ့လူကြီး၊ ဆိုးတဲ့ လူကြီးတွေသာ ရှိတယ်။ ဆိုတဲ့အချက်ဟာ ကလေးသူငယ် စိတ်ပညာမှာ အခြေခံအကျဆုံး အချက်ဖြစ်ပါတယ်။ တုတ်ကိုင်မှ နိုင်မယ်ဆိုတဲ့အတွေးဟာ အတော်အောက်တန်းကျတဲ့ အတွေးအခေါ်ပါ။ တုတ်ကိုင်မှ ပိုဆိုးကုန်တတ်တယ်ဆိုတာကို မသိခြင်းဟာ အသိဉာဏ်နုံနဲ့လို့၊ တောကျလို့၊ လူရိုင်းစိတ်ပေါက်နေလို့သာ ဖြစ်ပါတယ်။

(အဏ္ဏဝကျော်၏ ''သားသမီး'' စာ- ၁၉၀)

•

. . . ဖာတိုက်၊ ပက်ပြို၊ နောင်ပြန့်ထိုး၊ စုံထိုး၊ မပုကားယား၊ ဆင်မကွဲ၊ ရေကမြင်း . . .

စာဖတ်သူကို ဆဲနေခြင်းမဟုတ်ပါ။ ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ရွာအမည်များကို ရေးပြနေခြင်း ဖြစ်သည်။ စာရေး သူသည် အရင်ဘဝတစ်ခုမှ ရေလုပ်သားတံငါသည်ဖြစ်ခဲ့လေသလား မသိ။ ရေလုပ်သားများ ပေါများသော တနင်္သာရီတိုင်းနှင့် ရောဝတီတိုင်းတို့တွင် တရားပွဲ အများဆုံး ဟောရလေ့ရှိသည်။

မြိတ်မြို့နယ်တွင် လင်မလိုရွာ၊ ဝမ်းနာ(ဗိုက်နာ)ရွာ၊ မိန်းမမြို့ရွာဟူ၍ ထူးဆန်းသော ရွာနာမည်များကိုလည်း သိခဲ့ရသည်။ ထိုသို့ တရားလှည့်လည်ဟောရင်းမှ ရောဝတီတိုင်းမှ မြို့တစ်မြို့သို့လည်း ရောက်ခဲ့ရသည်။ ပထမညတွင် စာရေးသူသည် ထေရဝါဒမှတ်ကျောက်ဟု အမည်ပေးထားသော တရားတစ်ပုဒ်ကို ဟောကြားသည်။ ထိုတရားသည် ဥပရိပဏ္ဏာသပါဠိတော်၊ ဇူဠကမ္မဝိဘင်္ဂသုတ်လာ အမေးအဖြေ(၁၄)ချက်ကို အကျယ်ချဲ့ဟောထားခြင်းဖြစ်သည်။

ဤတွင် လူချင်းတူပါလျက် တချို့ အနာရောဂါများသည်၊ တချို့အနာရောဂါကင်းသည်။ ထိုသို့ဖြစ်အောင် မည်သည့်တန်ခိုးရှင်မှ ဖန်ဆင်းခြင်း မဟုတ်။ မိမိကိုယ်တိုင် ပြုလုပ်ခြင်းဖြစ်သည်။ သူတစ်ပါးကို နာကျင်အောင် ညှဉ်းဆဲနှိပ်စက်သူများသည် အနာရောဂါများသော ဘဝသို့ရောက်ကြရသည်။ နှိပ်စက်ခြင်းမှ ရှောင်ကြဉ်ပြီး ကြင်နာသနားခဲ့သူများသည် အနာရောဂါကင်းသည်။

**အရိုက်ကြမ်းသော ဆရာမကြီးနှင့် ကင်ဆာရောဂါ**

ဆရာ၊ ဆရာမများသည်လည်း တပည့်များကို မရိုက်မနှက်ဘဲ ဆုံးမနိုင်လျှင် ပို၍ကောင်းသည်။ မိုးကုတ်မြို့မှ ကျောင်းအုပ်ဆရာမကြီးတစ်ယောက်သည် တပည့်များ စာမှားလျှင် လက်သီးဆုပ်နိုင်းပြီး လက်ခေါက်ကို သံပေတံဖြင့် ခုတ်ပြီးဆုံးမလေ့ရှိသည်။ တစ်ခါတစ်ရံ အရှိန်လွန်သွားသောအခါ တပည့်များလက်တွင် ဒဏ်ရာတွေဖြစ်ကုန်သည်။

သို့သော် မည်သူမှပြန်မပြောရဲကြ။ ထိုဆရာမကြီး အသက်ကြီး လာသောအခါ သူ၏ လက်ခေါက်များတွင် အနာကြီးများ ပေါက်လာသည်။ မည်သည့်ဆေးနှင့်မျှ ကု၍ မပျောက်တော့ဘဲ နောက်ဆုံး ထိုအနာများနှင့်ပင် ကွယ်လွန်ရကြောင်း ထည့်၍ပြောလိုက်သည်။ ဦးသုမင်္ဂလ(ဒယ်အိုး) ဆရာတော်သည် မိုးကုတ်ဇာတိဖြစ်သည်။ ဦးသုမင်္ဂလ၏ အတွေ့အကြုံကို စာရေးသူက တစ်ဆင့်ပြန်လည် ပြောကြားခြင်းဖြစ်သည်။

တရားပွဲအပြီး နောက်တစ်ညမှာပင် ပြဿနာတက်လေပြီ။ တရားပွဲ ကျင်းပသော အကျိုးဆောင်အဖွဲ့ထဲတွင် အရိုက်ကြမ်းသော ကျောင်းဆရာမ တစ်ယောက်ပါသည်။ ထို့ကြောင့်ထင်



သည်။ စာရေးသူ တရားဟောရင်းဖြင့် ထိုအကြောင်း ရောက်သွားသောအခါ ပရိသတ်က ယင်းဆရာမကို ကြည့်ပြီး ရယ်ကြသည်။ အရုပ်ဆိုးသောကြောင့် ထိုဆရာမကို စာရေးသူက ဒေါ်ဂမ္ဘီဟု နာမည်ပေးလိုက်သည်။ အများရှေ့တွင် နာမည်ပေးလိုက်သောကြောင့် သူပါ ရောရယ်လေသည်။ ဂမ္ဘီ ဟူသည် ဒဿဂီရိ၏ အစ်မ ဘီလူးမကြီး ဖြစ်သည်။

သူသည် အပျိုကြီးလည်းဖြစ်သည်။ ထို့ကြောင့်လည်း ကလေးများအပေါ် နားမလည်ခြင်းလည်း ဖြစ်နိုင်သည်။ သူက စာရေးသူကို မေးခွန်းထုတ်သည်။

''ဆရာတော် ညကဟောတဲ့တရားထဲမှာ ကျောင်းသားတွေရိုက်တဲ့ ဆရာမကြီးလက်မှာ အနာတွေပေါက်ပြီး သေသွားတယ်လို့ ပါတယ်ဘုရား။ တပည့်တော်မ သိချင်တာက ကလေးတွေကို ရိုက်တာ တော်စေချင်၊ တတ်စေချင်တဲ့ကောင်းတဲ့စိတ်နဲ့ ရိုက်တာပဲဘုရား။ အဲဒါ ဘယ်လိုလုပ် အပြစ်ရှိနေတာလဲ ဆရာတော်''

''အင်း. . . ဒကာမကြီးလည်း အရိုက်ကြမ်းတဲ့ဆရာမ တစ်ယောက်ပဲ ထင်တယ်''

''ဟုတ်ပါတယ်ဘုရား။တပည့်တော်ကတော့ တုတ်အမြဲဆောင်ထားတယ်။ အပြစ်သေးတယ်ဆိုရင်တောင် ဗိုက်ခေါက်တော့ ဆွဲလိမ်လိုက်ရမှ ကျေနပ်တယ်''

''ကဲ– တစ်ပါးသူအကြောင်းကို နောက်မှပြောကြရအောင်၊ အခု ဆရာမ ကိုယ်တိုင် ကျန်းမာရေး ကောင်းရဲ့လား အမှန်အတိုင်း ဖြေစမ်းပါ''

''အဲ. . . မကောင်းပါဘူးဘုရား။ ရောဂါက တစ်ခု မဟုတ်တစ်ခု အမြဲတမ်းဖြစ်နေတယ်။ တစ်နှစ်လုံး ဆေးထိုးဆေးသောက်

တစ်ခုခုတော့ လုပ်နေရတာများတယ်။ အခု ဆရာတော့်တရားပွဲ ပြီးရင်တောင် ရန်ကုန်တက်ပြီး ဗိုက်ခွဲကုရအုံးမယ်ဘုရား။ ကလီစာ တစ်ခုမှာ အနာတွေ့တယ်လို့ ပြောတာပဲဘုရား''

''ကဲ… ဆရာမမေးခွန်း၊ ဆရာမကိုယ်တိုင်ဖြေသွားပြီပဲ။ ရိုက်နှက်တဲ့ အချိန်မှာ အကုသိုလ်ဖြစ်နေတဲ့အတွက်ကြောင့် အခု လို ကျန်းမာရေးချို့တဲ့ နေတာပေါ့။ ဒီနေ့ကစပြီး မာန်တာ၊ ငေါက်တာ၊ ရိုက်တာတွေကို နားလိုက်တော့။ ချော့မော့၊ ချီးမွမ်း၊ ခေါင်းပွတ်၊ ကျောသပ်ပြီး သင်ကြည့်စမ်းပါအုံး။ သင်ကြားရေး မှာလည်း ပိုအောင်မြင်လာမှာ ဖြစ်သလို ဆရာမကျန်းမာရေး လည်း ကောင်းလာလိမ့်မယ်''

''တတ်စေချင်၊ တော်စေချင်တဲ့စိတ်နဲ့ရိုက်တာတောင် အပြစ် က ဘယ်လိုလုပ် ဖြစ်သွားတာလဲဆိုတာကို သေချာသိချင်သေး တယ်ဘုရား''

''အဲဒါဆိုလည်း ဖြေပေးပါ့မယ်။ ဒီမေးခွန်းလေးကို မဟာ စည် ဆရာတော် ရှိစဉ်ကလည်း အမေးခံရဖူးတယ်။ မေးသူက တော့ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဦးမြင့်ဆွေပါပဲ။ ဆရာဝန်ကြီး မေးလျှောက်တာက သူတို့ဟာ လူနာတစ်ယောက် သေခါနီး ဝေဒနာ မချိမဆံ့ ခံစားနေရတာကို မြင်ရရင် အင်မတန် သနား တယ်။

''အကြာကြီး ဝေဒနာခံစားရတာကို မကြည့်ရက်တဲ့အတွက် ကြောင့် မြန်မြန်သေမယ့်ဆေးကိုထိုးပေးလိုက်ကြတယ်။ အဲလိုလုပ် ရင် ဆရာဝန်တွေမှာ အပြစ်ရှိလားလို့မေးထားတယ်။ ဆရာတော် ကြီးကအပြစ်ရှိတယ်တဲ့။ ဒီတော့ ဆရာဝန်က စောဒကတက်တာ ပေါ့။ သနားတဲ့စိတ်နဲ့ လုပ်ပေးလိုက်တာ ဘယ်လိုလုပ် အပြစ်ရှိ



တာလဲဘုရားတဲ့။ အခု အရိုက်ကြမ်းတဲ့ဆရာမ ကိစ္စလိုပဲပေါ့။

''ဆရာတော်ကြီးကပြောတယ်။ လူနာ ဝေဒနာ ခံစားနေရ တာကို မြင်ရတဲ့ အချိန်မှာတော့ သနားတဲ့စိတ်ဖြစ်နေတာ မှန် တယ်။ ဒါက ကုသိုလ်စိတ်ပေါ့။ ဒါပေမဲ့ သေတဲ့ဆေး ထိုးပေးဆဲ စက္ကန့်ပိုင်းလောက်အချိန်လေးမှာတော့ လူနာကို မြန်မြန်သေစေ ချင်တဲ့ စိတ်ပဲရှိတော့တယ်။ ကရုဏာစိတ်က မိမိကိုယ်တိုင် သတိမထားမိခင်မှာ ပျောက်သွားတယ်။ ဒါကြောင့်…

(၁) သတ္တဝါလည်းဖြစ်ခြင်း။

(၂) သတ္တဝါဟူသော အမှတ်ရှိခြင်း။

(၃) သေစေလိုသော စေတနာဆိုးရှိခြင်း။

(၄) ကိုယ်တိုင် သတ်ခြင်း၊ သို့မဟုတ် သတ်ခိုင်းခြင်း။

(၅) ထိုသတ္တဝါ သေသွားခြင်း။

**ဆဲဆိုရိုက်နှက်ချိန် သေက ငရဲကျ**

ဆိုတဲ့ အင်္ဂါငါးချက်နဲ့ ညီသွားလို့ ပါဏာတိပါတ ကံထိုက် တယ်။ အပြစ် ရှိတယ်လို့ ဆရာတော်ကြီးက အဖြေပေးပါတယ်။ မိဘတွေ၊ ဆရာ ဆရာမတွေက သားသမီးတွေ၊ တပည့်တွေကို ဆုံးမဩဝါဒပေးတဲ့အချိန်၊ စာသင်နေတဲ့ အချိန်မှာတော့ ကုသိုလ် စိတ်တွေ ဖြစ်နေပါတယ်။ ဒါပေမဲ့ ဆဲနေတဲ့အချိန်၊ ရိုက်နှက်နေတဲ့ အချိန်မှာတော့ ဒေါသဆိုတဲ့ အကုသိုလ်စိတ် ဖြစ်နေတာ အသေ အချာပါ။

ဒါကြောင့် တပည့်၊ သားသမီးကို ဆဲဆိုရိုက်နှက်ရင်း သေ လို့ကတော့ ငရဲကျမှာ သေချာပါတယ်။ ယုံမှားစရာကို မရှိဘူး။ တပည့်သားသမီးကို ဆဲဆိုရိုက်နှက် ဆုံးမရတာက လွယ်တယ်၊

နူးညံ့ချိုသာစွာ နားလည်အောင်ပြောပြီး ဆုံးမရတာကခက်တယ်။ အဆင့်နိမ့်တဲ့ မိဘဆရာများက လွယ်တဲ့နည်းနဲ့ ဆုံးမတယ်။ အဆင့်မြင့်တဲ့ မိဘဆရာများကတော့ ခက်တဲ့နည်းနဲ့ ဆုံးမတယ်။

ထိုဆရာမသည် စာရေးသူကို မေးမြန်းဆွေးနွေးပြီးသောနေ့ မှစ၍ ရိုက်နှက်၊ ဆဲဆိုဆုံးမခြင်းကို စွန့်လွှတ်လိုက်သည်။ ယခု အခါ ရောဂါများ ကင်းသွားသလို သူ့မျက်နှာလည်း ကျက်သရေ ရှိစွာ လန်းဆန်းလာသည်ကို တွေ့ရသည်။ ကောင်းသောအလုပ် ဖြစ်စေ၊ မကောင်းသောအလုပ်ဖြစ်စေ ကြာကြာလုပ်လာလျှင် စွဲတတ်သည်။

အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ ဘိန်းဖြူထိုးခြင်း၊ ကွမ်းစား ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အိမ်လည်ခြင်း စသော အလုပ်များ ကို မလုပ်ရမနေ နိုင်အောင် စွဲသွားသည်မှာ ကြာကြာလုပ်သော ကြောင့်ဖြစ်သည်။ တပည့် သားသမီးကို ရိုက်နှက်ဆဲဆိုသော အလုပ်ကို ကြာကြာလုပ်လျှင်လည်း စွဲသွားတတ်သည်။

ဂျပန်များသည် သုံ့ပန်းများကို ရက်စက်စွာ အမြဲသတ်ဖြတ် နေသူများ ဖြစ်သည်။ နည်းလည်းစုံသည်။ မြေကြွက်ကြီးများကို ဖမ်းပြီး သုံးလေးရက် အစာငတ်ထားသည်။ သတ်မည့်သုံ့ပန်း၏ ခြေ၊ လက်များကိုမလှုပ်နိုင်အောင်တုပ်ပြီး လေ့ပေါ်တင်ကာ မြစ် လယ်ခေါင်သို့ခေါ်လာသည်။ မြစ်လယ်ရောက်သည်နှင့် မြေကြွက် ထည့်ထားသော အိုးကိုအဖုံးဖွင့်ပြီး သုံ့ပန်း၏ဝမ်းဗိုက်ပေါ် မှောက် ချကာ အိုးကိုအပေါ်က ဖိထားသည်။

အစာငတ်လွန်းသဖြင့် ထွက်ပေါက်ရှာနေသော ကြွက်သည် သုံ့ပန်း၏ ပျော့အိအိ ညှီစော်နံနေသောဗိုက်ကို ကိုက်ဖောက်စား လေတော့သည်။ ကြွက်က အသားတွေ၊ အူတွေ၊ အသည်းတွေကို



ကိုက်ဖောက်စားသောအခါ သုံ့ပန်းသည် မချိမဆံ့ အော်ဟစ် ညည်းညူသည်။ ဂျပန်များသည် သုံ့ပန်း၏သေလုမျောပါး ခံစား နေရသော ဒုက္ခကို အရသာရှိစွာ ဝိုင်းကြည့်ကြသည်။ သုံ့ပန်း သေသွားသောအခါ မြစ်ထဲသို့ ပစ်ချကြသည်။

## လူမသတ်ရ မနေနိုင်သူများ

တစ်ခါတစ်ရံ ရှေ့တန်းရောက်နေသော ဂျပန်များသည် သတ်စရာ သုံ့ပန်းမရှိသည့်အခါ မနေတတ်၊ မထိုင်တတ် ဖြစ် နေကြသည်ဟု ဆိုသည်။ ထိုအခါမျိုးတွင် နောက်တန်းမှ သုံ့ပန်း များကို လှမ်းပို့နိုင်းတတ်ကြသည်။ ထိုအပို့ခံရသော သုံ့ပန်းများ ထဲတွင် မြန်မာများလည်း ပါသည်။ ရောက်လာသော သုံ့ပန်းများ ကို သုံးယောက်တစ်တွဲ ပေါင်းချီပြီး မြေပြင်တွင်လှဲထားသည်။

ထိုသုံးယောက်တစ်တွဲ သုံ့ပန်းများကို ဝီပါများလို သဘော ထားပြီး လိုမ့်ကန်ရင်းဖြင့် ဘက်နက်ဖြင့် မသေမချင်း ထိုးသတ် ကြသည်။ မြန်မာတစ်ယောက်မှာ အသက်ပြင်းသောကြောင့် ဒဏ်ရာ အကြီးအကျယ် ရသော်လည်း သေဘေးမှလွတ်ခဲ့ရ သည်။ ထိုသူ၏ ပြောပြချက်ကြောင့် ယခုကဲ့သို့ ပြန်လည်တင်ပြ နိုင်ခြင်းဖြစ်သည်။ လူသတ်နေကျဖြစ်သောကြောင့် မသတ်ဘဲ မနေနိုင်ဖြစ် နေသည်မှာ မည်မျှ အံ့သြစရာကောင်းပါသနည်း။

အရုပ်ဆိုးသလောက် ဒေါသကြီးသော၊ အရိုက်ကြမ်းသော စာချဆရာတော် တစ်ပါးကို တွေ့ဖူးသည်။ နွားရိုက်သည့် ဝါးဆစ် ပိတ်တုတ်ဖြင့် တပည့်ကိုရင်ကြီးတစ်ပါးကို ဝမ်းလျားမှောက်နိုင်း ပြီး ခြေသလုံးမှစ၍ ခေါင်း၊ မျက်နှာ ပါမကျန် အားကုန်ရိုက်သည် ကိုတွေ့ရသည်။ သူ့ကို သံဃာများကြောက်အောင် သဘောထား

သလားမသိ။ ထိုသို့ ရိုက်သောအခါတွင် ဘုရားဝတ်တက်ပြီးစ သံဃာများရှေ့တွင် ရိုက်ပြခြင်းဖြစ်သည်။

ထိုဆရာတော်သည် ရိုက်ရသည့်အပြစ်ကိုလည်း ပြောပြပါသည်။ အပြစ်ကို သေချာမမှတ်မိတော့သော်လည်း ထိုမျှသေလောက်အောင်နီးပါး ရိုက်ထိုက်သည့် အပြစ်မဟုတ်ကြောင်းကိုကား သေချာမှတ်မိနေသည်။ တခြားစာချဆရာတော်များကား ထိုကဲ့သို့ရိုက်သည်ကို တစ်ခါမျှ မတွေ့ရဖူးပါ။

အသက်အရွယ် ကြီးရင့်လာသောအခါတွင် အခြားစာချဆရာတော်များထံသို့ တပည့်များရောက်တိုင်း ဝင်ကန်တော့ကြ၊ လှူကြ၊ တန်းကြသော်လည်း ထိုဆရာတော်ထံသို့ သွားသောတပည့်အလွန်ရှားသည်။ စာရေးသူကို မိဘများကလည်း ရိုက်သည်။ စာသင်ကျောင်း ဆရာ၊ ဆရာမကလည်း ရိုက်သည်။ ကိုရင်ဝတ်ပေးသော ဥပဇ္ဈာယ်ဆရာတော်ဆိုလျှင် တစ်ရက်အနည်းဆုံး သုံးကြိမ်လောက် ရိုက်သည်။

ထို့ကြောင့်လည်း စာရေးသူ စာချဆရာတော် ဖြစ်လာသောအခါ ရိုက်တတ်လာသည်။ သူတစ်ပါးကျောင်းတွင် စာချပေးစဉ်က ရိုက်ချင်သောစိတ်ကို အနည်းငယ်ထိန်းနိုင်သေးသည်။ ကိုယ်ပိုင်စာသင်တိုက် တည်ထောင်သောအခါတွင်ကား ရိုက်ချင်စိတ်ကို မထိန်းနိုင်တော့ပါ။ အရိုက်ကြမ်းသော ဆရာတော်ဖြစ်လာခဲ့သည်။

**ကျွန်ုပ်မှာရှိသော စိတ်ဝေဒနာ**

စိတ်ပညာစာအုပ်များကို ဖတ်သောအခါတွင်မှ မိမိကိုယ်တိုင် စိတ်ဝေဒနာရှင် ဖြစ်နေကြောင်း သိခွင့်ရတော့သည်။ နယ်



တစ်နယ်မှ ဆရာတော်ကြီး တစ်ပါးဆိုလျှင် ကျောင်းသားနှစ်ယောက်ကို ဝင်းထရံကာသော နှစ်တစ်လက်မချောင်းဖြင့် ရိုက်ဆုံးမရာ တစ်ယောက်က ပွဲချင်းပြီးသေပြီး ကျန်တစ်ယောက်က သတိလစ်သွားသဖြင့် ဆေးရုံတင်လိုက်ရသည်။

မြတ်စွာဘုရားသည် လူသတ်မှု ကျူးလွန်ထားသည့် အင်္ဂုလိမာလကိုပင် မေတ္တာဖြင့် တရားဟောဆုံးမသေးရာ အင်္ဂုလိမာလလောက် အပြစ်မကြီးသော တပည့်၊ သားသမီးများကို စာရေးသူတို့သည်အဘယ့်ကြောင့် မေတ္တာဖြင့် မဆုံးမနိုင်ရမည်နည်း။ မြန်မာ မိဘဆရာအများစုသည် မနောကံမေတ္တာသာ ထားကြပြီး ဝစီကံမေတ္တာ၊ ကာယကံမေတ္တာ၊ အားနည်းနေကြသောကြောင့် ဆုံးမသွန်သင်ရာတွင် အောင်မြင်သင့်သလောက် မအောင်မြင်ဖြစ်နေသည်ကို တွေ့ရသည်။

မိဘဆရာအချို့၏ မလိုအပ်ဘဲ ဂျပန်များကဲ့သို့ အရိုက်အနှက် ဝါသနာ ပါနေပုံများကို *လယ်တွင်းသားစောချစ်* ရေးသားသော *ပန်းလိုလျှင် အပင်ပျိုးတတ်မှနှင့် ခေါင်းလောင်းသံချိုချို* စာအုပ်များမှ ထုတ်နုတ်တင်ပြပါဦးမည်။

**ဦးကြီး၏ ဆုံးမနည်း**

ကျွန်တော့်ဦးကြီးတစ်ယောက်က–

''ဟေ့... မင်းကလေးတွေ လိမ္မာစေချင်ရင် တစ်ယောက်စီ အတွက် ကြိမ်တစ်ချောင်းစီ ဝယ်ထားကွ၊ ငယ်ငယ်မှာ ကြိမ်ချောင်းကို အဖျားကဖြတ်ပြီး ကြိမ်လုံးသေးသေးနဲ့ရိုက်ပြီး ကြီးလာတာနဲ့ ကြိမ်အရင်းဘက်ရောက်ပြီး တုတ်လာလိမ့်မယ်။ တစ်ယောက်ကို ကြိမ်တစ်ချောင်းကုန်ရင် လိမ္မာရောပေါ့ကွာ''ဟု အကြံပြုသည်။

ဦးကြီးကတော့ သူ့သားသမီးတွေကို ထိုသို့ပြု၏။

ဦးကြီး၏ ကလေးများသည် ဦးကြီးကို အလွန်⁽ᶦᶦ⁾ကြောက် ကြသည်။ ကြောက်ရလွန်းအားကြီး၍ အဖေကို ချစ်ခင်ခြင်း၊ ရင်းနှီးခြင်းပင် မရှိကြတော့သလောက် ဖြစ်သည်။ ဦးကြီးအိမ်မှာ ရှိနေလျှင် ဦးကြီး၏သားသမီးများ အနေကျုံ့နေကြသည်။ စကား ပင် ကျယ်ကျယ်မပြောဝံ့ကြပါ။

ထို့ကြောင့် သူတို့စိတ်ညစ်သည်။ ဦးကြီးအိမ်မှာ မရှိလျှင် ဝမ်းသာပျော် ရွှင်ကြသည်။ ခရီးဝေးသွားလျှင် သဘောကျသည်။ အကြာကြီး ပြန်မလာလျှင် ပို၍သဘောကျသည်။ မိဘနှင့် သား သမီးမှာ ထိုသို့ဖြစ်နေသင့်သည်မဟုတ်ပါ။ မိဘနှင့် သားသမီး များသည် အပြန်အလှန် ချစ်ခင်နေရမည်။ ရင်းနှီးနေရမည်။ နားလည်မှု ရှိရမည်။ လေးစားရိုသေမှုလည်း ရှိသင့်သည်။ သို့သော် ကြောက်လန့်မနေသင့်ပါ။

**အကျည်းတန်သောမြင်ကွင်း**

ရပ်ကွက်တစ်ခုတွင် အိမ်ငှားနေခဲ့စဉ်က တစ်အိမ်ကျော်မှ အိမ်ရှင်မ တစ်ဦးသည် သူ၏ လေးနှစ်သမီးအရွယ် ကလေးမကို ရက်ရက်စက်စက် ရိုက်နှက်နေသည်ကို ကြုံဖူး၏။ ကလေးငယ်က ကြောက်ပါပြီ မေမေရဲ့ ဟု ကြောက်လန့်တကြား အော်ဟစ်ငို ကြွေးရှာသည်။ ခြေသလုံးရိုက်၍ ခြေထောက် ကလေးများ ဆွေ့ဆွေ့ခုန်နေသည်။

လက်နှင့်ကာတော့ လက်ကိုရိုက်သည်။ ရက်စက်သော မြင် ကွင်းဖြစ်၏။ ထိုမိန်းမမှာ နွတ်ကြမ်းလျှာကြမ်းဖြစ်၍ အိမ်နီးချင်း များကလည်း မည်သူမျှ ဝင်မပြောချင်ကြ။ ကလေးမှာ နာလှပြီ။



အပြစ်က ကြီးကြီးမားမား မဟုတ်။ ကလေးကို ဆန်အရွေးခိုင်းရာ ကလေးသည် ဆန်ရွေးပြီး ဆန်ဗန်းကို မနိုင်မနင်း ယူလာစဉ် ခလုတ် တိုက်လဲ၍ ဆန်ဗန်းမှောက်သွားသောကြောင့်ဖြစ်သည်။ ကလေးသည် နာကျင်လွန်းလှပြီဖြစ်၍ လှေကားတစ်ထစ်သာ ရှိသော အိမ်ကလေးပေါ်သို့ပြေးတက်၏။ အိမ်ပေါက်ဝတွင် ဖခင် ရပ်နေသည်။ ဖခင်ကို အားကိုးလိုဟန်တူ၏။ သို့သော် ဖခင် က မကူညီဘဲ ရိုက်နေသော မိခင်ထံသို့ တွန်း၍လွှတ်၏။ မိခင် က ဆက်ရိုက်သည်။ ရက်စက်လှသော မြင်ကွင်းဖြစ်၍ ပိုင်းဝန်း ဆူပူကြိမ်းမောင်းကြရ၏။

ထိုကလေးမျိုးသည် လောကအလယ်တွင် အများနှင့် ဆက်ဆံရာ၌ ကြောက်ရွံ့၍ စိတ်အားသိမ်ငယ်နေရှာတော့မည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု လျော့ပါး၍ ထူးချွန်ထက်မြက်မှု မရှိဖြစ်တတ်သည်။ အကယ်၍ ထိုသို့ မဟုတ်လျှင်လည်း ဆရာ ကြီး ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းတွင် ဖော်ပြထားသကဲ့ သို့ ဆူးတောင်ကြီးကြီးပေါက်လျှင် ဆက်ဆံရေး အဆင်မပြေသူ ဖြစ်သွားနိုင်ပေသည်။

*(ပန်းလိုချင် အပင်ပျိုးတတ်မှ ၈၁-၃၃-၃၄)*

•

**အသင့်အတင့် နှလုံးသွင်းပါ**

မိမိသားသမီးကို စေတနာထား၍ ပညာသင်ကြားပေးရာ၌ စေတနာသည် ဝေဒနာ မဖြစ်စေရန် သတိထားရမည်။ မိမိသား သမီး၏ ဉာဏ်ရည်ကို သိရန်လိုသည်။ သားသမီးက ဉာဏ်ရည် နိမ့်နေပါလျက် မိဘက မျှော်လင့်ချက်ကြီးကြီးထားလျှင် သား

သမီးရော မိဘပါ စိတ်ဆင်းရဲစရာ ဖြစ်စေသည်။ မိမိသားသမီး၏ ဉာဏ်ရည်နှင့် လိုက်လျောရုံသာ ကျေနပ်ရန် အသင့်အတင့်နှလုံးသွင်းသင့်သည်။

ဉာဏ်ရည်မြင့်သော ကလေးချင်းပင်လျှင် ငယ်စဉ်က အခြေခံ ကောင်းကောင်း ရခဲ့ခြင်း၊ မရခဲ့ခြင်းအပေါ်မှာ ကွာခြားချက်များရှိသည်။ ကလေး၏ စိတ်နေ သဘောထားနှင့် ဝါသနာချင်း ကွာခြားသည်ကိုလည်း သတိထားရမည်။ မိဘက သိပ်လောဘကြီးလွန်းလျှင် ကလေးမှာအပိုတာဝန်တက်၍ စိတ်ဆင်းရဲပင်ပန်းသည်။ ကြာလာသောအခါ မိဘနှင့် သားသမီးအကြားနားလည်မှု လွဲမှားတတ်သည်။

မိခင်ဖြစ်သူတစ်ဦးက ကိုးတန်းကျောင်းသားလေးတစ်ဦးကို ဒုတိယအစမ်းစာမေးပွဲတွင် အင်္ဂလိပ်စာ ၈၂ မှတ်ရ၍ ရိုက်နေသည်။ ကလေးက ဖခင်ဖြစ်သူကို အကူအညီတောင်းသော မျက်လုံးနှင့် လှမ်းကြည့်သည်။ ဖခင်က ကလေးကို ကူညီချင်သည်။

''ဟေ့. . . နေပါအုံးကွ၊ ငါလည်း ကျောင်းသားဘဝ တစ်လျှောက်လုံး စာကြိုးစားခဲ့တာပါပဲ။ ဒါပေမဲ့ အင်္ဂလိပ်စာ တစ်ခါမှ အမှတ်ခြောက်ဆယ်တောင် မရခဲ့ဖူးပါဘူး။ အမှတ်ရှစ်ဆယ်ဆိုတာ ဝေးရော၊ စိတ်ကူးတောင် မယဉ်ခဲ့ဖူးပါဘူး။ မင်းကရော အင်္ဂလိပ်စာ အမှတ်ဘယ်လောက်ထိ ရခဲ့ဖူးလို့လဲ''

ဖခင်က ရိုက်နေသော မိခင်ကို လှမ်းမေးသည်။

''မရခဲ့ပါဘူး။ ဒါပေမဲ့ သူ့ခေတ်က ကိုယ့်ခေတ်နဲ့မှ မတူဘဲ။ သူ ပထမအစမ်းတုန်းက အင်္ဂလိပ်စာ အမှတ် ကိုးဆယ်ရတယ်။ အခု စာမေးပွဲလည်း သူ့ပြိုင်ဘက်အားလုံး ကိုးဆယ်ကျော်ရတာ



ချည်းပဲ။ သူပေါ့သွားလို့ အမှတ်လျော့သွားတာ။ သည်အတိုင်းသာဆိုရင် ဆရာဝန်ဖြစ်ဖို့နဲ့ အဝေးကြီးပဲ၊ သူ့ကို အစကတည်းက ပထမအစမ်းထက် အဆင့်ကျရင် ရိုက်မယ်ဆိုတာ ပြောပြီးသား''

မိခင်က ကလေးကို ဆက်ရိုက်သည်။ ကလေးက ၈၂ မှတ်ရပါလျက် အရိုက်ခံရ၍ ဝမ်းပမ်းတနည်းငိုသည်။ ဝမ်းနည်းသင့်ပါသည်။ ငိုသင့်ပါသည်။ ကလေးများ တာဝန်ကျေပါလျက် မိဘ၏ လောဘဇောကို အမီမလိုက်နိုင်၍ အရိုက်ခံရခြင်းဖြစ်ပါသည်။ အပြစ်ရှိလျက် အပြစ်မပေးလျှင် ကလေး ပျက်စီးတတ်သကဲ့သို့ အပြစ်မရှိဘဲ အပြစ်ပေးလျှင်လည်း ကလေး၏စိတ်ဓာတ် ပျက်တတ်သည်။

*(ပန်းလိုချင်– ၇၁၊ ၇၂)*

•

## မြို့ပတ်ရထားပေါ်မှ ဆရာမ

ကျွန်တော်သည် မင်္ဂလာဒုံမှ ရန်ကုန်သို့ မြို့ပတ်ရထားဖြင့် နေ့စဉ်ရုံးသွားရ၏။ ထိုသို့ရုံးသွားရာတွင် ရထားပေါ်မှာ ကလေးများကို စာသင်ပေးသော အမျိုးသမီးနှင့် တွဲတစ်တွဲတည်းတွင် မကြာခဏ ဆုံမိရတတ်၏။ ထိုသို့ ဆုံမိသောနေ့တိုင်းလည်း စိတ်မချမ်းမသာ ဖြစ်ရသည်။ ကျွန်တော်သာမက တစ်တွဲလုံးတွင် ပါသမျှလူတိုင်း စိတ်ဆင်းရဲရသည်။

ထိုအမျိုးသမီးသည် မင်္ဂလာဒုံတွင် နေ၍ မြို့ထဲတွင် အလုပ်ဆင်းရဟန်တူ၏။ သူနှင့်အတူ သမီးကလေးတစ်ယောက်၊ သားလေးတစ်ယောက်၊ ကျောင်းဝတ်စုံ၊ ကျောင်းလွယ်အိတ်ကလေးနှင့် ပါလာသည်။ ကလေးများကိုလည်း မင်္ဂလာဒုံကျောင်းမထားဘဲ

မြို့ထဲကျောင်းမှာထားဟန်တူ၏။ ခေါင်းလှည့်ရထားသည် မင်္ဂလာဒုံဘူတာမှ စထွက်ခြင်းဖြစ်၍ မင်္ဂလာဒုံဘူတာမှတက်လျှင် နေရာကောင်းကောင်းရသည်။ ထို့ကြောင့် ကလေးနှစ်ယောက်နှင့်အမျိုးသမီးသည် ထိုင်ခုံပေါ်တွင် တစ်စုတည်း ထိုင်လိုက်သည်။

"အင်္ဂလိပ်စာအုပ် ထုတ်လေ"

ထိုင်ခုံနေရာရသည်နှင့် မြို့ပတ်ရထားပေါ်မှ စာသင်ခန်းကို စပါတော့သည်။ သူ၏အသွင်အပြင်နှင့်ဝတ်စားပုံကိုကြည့်ခြင်းဖြင့် ဆရာမ မဟုတ်သည်မှာ သေချာပါသည်။ ကလေးနှစ်ယောက်မှာ ကြောက်ရွံ့စွာဖြင့် စာအုပ်ထုတ်ရသည်။ ရထားဖြင့် ခရီးသွားသော်လည်း ဘေးဘေးဘီဘီ ဟိုဟိုသည်သည် ကြည့်ခွင့်မရ။

"ဟဲ့. . . ဒါဆိုစမ်း"

သမီးအကြီးကို အင်္ဂလိပ်မီးနင်းများအဆိုခိုင်းသည်။ ကလေးက ရှက်၍ ထင်ပါ၏။ ခပ်တိုးတိုးသာဆိုသည်။ သို့သော် မိခင်၏ အသံကတော့ တစ်တွဲလုံး ကြားလောက်အောင် ကျယ်လောင်၏။ သူကတော့ မြို့ပတ်ရထားပေါ်တွင် စာသင်ပေးနေရသည်ကို လူတိုင်းကြားစေချင်ဟန်၊ မြင်စေချင်ဟန်တူပါသည်။

ကလေးက မှား၍ဆိုသော အသံထွက်များကို သူက ပြုပြင်ပေးသည်။ သူပြုပြင်ပေးသော အသံထွက်များမှာလည်း မမှန်လှပါ။ သို့သော် ထိုအသံထွက်ကိုပင် ကလေးနားစွဲအောင် ထပ်ခါတလဲလဲ ချပေးသည်။ ကလေးကို အကြိမ်ကြိမ်လိုက်ဆိုစေသည်။

"ဟဲ့၊ ဟိုကောင်၊ ဘာငေးနေတာလဲ၊ သချ်ာစာအုပ်ထုတ်လေ"

သားငယ်မှာ ပြတင်းပေါက်ဘက် လှမ်းကြည့်နေရာမှ ကပျာကယာ စာအုပ်ထုတ်ရသည်။



"ဟော. . . အသံထွက်လွဲသွားပြန်ပြီ။ ငါပေးတဲ့အတိုင်း မဟုတ်တော့ဘူး၊ ကဲဟယ်"

"ဒေါင်"

ကလေးမ၏ခေါင်းကို လက်သံပြောင်ပြောင် ခေါက်ပစ်လိုက်သည်။ ကလေးမမှာ အတော်ကြောက်ဟန်တူပါ၏။ မငိုရဲ၊ မျက်နှာ မပျက်ရဲ။ အသံ ရပ်မသွားရဲ။ အခေါက်ခံရသည့်နေရာကို လက်ကလေးတစ်ဖက်ဖြင့် ပွတ်သပ်ရင်း ဆက်ဆိုနေရသည်။ တစ်လုံးရလျှင် နောက်တစ်လုံး ချပေး၏။

"ကဲ. . . စာအုပ်ထုတ်၊ အလွတ်ရေး"

စောစောက သင်ပေးထားသော အင်္ဂလိပ်စာများကို ဗလာစာအုပ်တွင် ပြန်ရေးပြရသည်။

"ဟိုကောင်၊ စာအုပ်ပေး"

သားငယ်ထံမှ သချ်ာစာအုပ်ကိုယူပြီး ပုစ္ဆာတစ်ပုဒ်ပေးသည်။

"ဒါကိုတွက်စမ်း"

ကလေးက ရထားပေါ်မှာပင် ရထားသွားနေစဉ် ခဲခဲယဉ်းယဉ်း တွက်ရ၏။

"ဒါက များချင်တယ်ဆိုတော့ ဘာလုပ်ရမှာလဲ"

"ပေါင်းရမှာ"

"များချင်ရင် မြှောက်ရမှာဟဲ့"

"ဒေါင်"

အငယ်လေး၏ ခေါင်းကို ခေါက်လိုက်သည်။ ဆက်၍ရှင်းပြနေဆဲမှာပင် ကလေးက မယ်ဒလင်တီး၍သီချင်းဆိုသော သားအဖနှစ်ယောက်ထံသို့ မျက်စိရောက်သွားပြန်၍ နောက်တစ်ချက် အခေါက်ခံရပြန်သည်။ သူကတော့ တကယ့်ဆရာမတစ်ယောက်

လိုပင်၊ ဥပမာတွေပေးပြီး ရှင်းပြနေ၏။ အသံကလည်း ကျယ်သည်။ ကလေးတစ်ယောက်တည်းကို သင်သည်နှင့် မတူ၊ ရထားတစ်တွဲလုံးကို သင်သည်နှင့်တူနေသည်။

ထိုအချိန်မှာပင် ဆေးကြော်ငြာသမားတစ်ယောက်လာ၍ သူ့ဆေးကောင်းကြောင်း အော်ဟစ်ပြောနေပြန်၏။ ကလေး၏ မျက်စိက ထိုသူ့ထံသို့ ရောက်သွားပြန်သည်။ သူ့မိခင်ပြောသည်ကိုလည်း မကြားတစ်ချက် ကြားတစ်ချက်သာ ရှိလိမ့်မည်။

''နားလည်ပြီလား''

မြို့ပတ်ရထားပေါ်မှဆရာမကသူ့၏ ရှင်းလင်းသင်ကြားချက်အတော်အောင်မြင်သွားပြီဟု ထင်၏။ ကလေးက ခေါင်းငြိမ့်ပြသည်။

''ကဲ... နားလည်ရင် တွက်၊ မှားရင်တော့ သေရအောင်ပြင်ထား''

ကလေးက တွက်ရပြန်သည်။

''ဟိုကောင်မလေး ပြီးရင်ပြ''

အင်္ဂလိပ်စာလုံး ရေးထားသည်များကို ကြည့်သည်။

''ကြည့်စမ်း... ဒါက မှားနေပြီ''

''ဒေါင်''

''ဟောဒီမှာလည်း မှားပြန်ပြီ''

''ဒေါင်''

''ဒါက အက်စ် ကျနေပြီ''

''ဒေါင်''

ကလေးမမှာ ဆက်တိုက်အခေါက်ခံနေရသည်။ ဖြစ်သမျှကြားသမျှ လူတိုင်း စိတ်ဆင်းရဲကြသည်။ ကလေးမကို သနား၍



မြို့ပတ်ရထားပေါ်မှ ဆရာမကို မကျေမနပ်ဖြစ်ကြသည်။

''တောက်၊ စိတ်ပျက်စရာပဲကွာ''

ကျွန်တော့်ဘေးမှ လူငယ်တစ်ယောက်ထံမှ မကျေနပ်သံထွက်လာသည်။ သို့သော် မြို့ပတ်ရထားပေါ်မှ ဆရာမက ဂရုမစိုက်။ ဤကဲ့သို့ မကျေမနပ် ပြောဆိုခြင်း၊ ရှက်လောက်အောင်ဝေဖန်ခြင်းတို့ကို ကျွန်တော်အပါအဝင် လူတော်တော်များများပြုကြဖူးပါ၏။ သို့သော် မြို့ပတ်ရထားပေါ်မှဆရာမကတော့ သူ့မှု သူ့ဟန်အတိုင်း သင်ဆဲ၊ ခေါက်ဆဲ။

''ဟဲ့... အငယ်ကောင်၊ ပြီးရင်ပြ''

ကလေးငယ်က ပြသည်။

''ဟင်... ငါ သေသေချာချာ ရှင်းပြရက်နဲ့ တလွဲတွေလုပ်လာပြန်ပြီ၊ သေသေချာချာ နားမထောင်ဘူး။ သေသေချာချာမှတ်မထားဘူး''

''ဒေါင်''

ခေါက်ပြီး ရှင်းပြနေပြန်သည်။ ရထားပေါ်တွင် ကလေးအတွက် အာရုံပျံ့စရာတွေလည်း များလှသည်။ ရထားရပ်လျှင်ဆင်း ကြသည်။ တက်ကြသည်။ တိုးကြ၊ ဝှေ့ကြ၊ စကားများကြသည်။ သီချင်းဆိုသူ၊ ဆေးရောင်းသူ၊ ပစ္စည်းရောင်းသူအမျိုးမျိုးတို့က အသံအမျိုးမျိုးပြုနေကြသည်။ ကလေးက ထိုသူများထံအာရုံရောက်လျှင် သင်ကြားသည်မှာဘာမျှနားလည်မည်မဟုတ်။

ထိုအချက်ကို မြို့ပတ်ရထားပေါ်မှဆရာမ သတိထားမိခြင်းမရှိ။ နောက်ပြီး ခေါက်လွှန်း၊ ရိုက်လွှန်း၍ ကလေးက အကြောက်လွန်နေသည်။ နှစ်နှင့်လေး အပေါင်းခိုင်းလျှင်ပင် ရှစ်ဖြစ်ကုန်ပြီ။ မှားလေခေါက်လေ၊ ခေါက်လေ မှားလေ သံသရာလည်နေသည်။

"ကလေးက ဒီလောက်ကြောက်နေမှတော့ ဘယ်လိုလုပ်ပြီး ဉာဏ်ထွက်နိုင်တော့မလဲ"

အဘိုးကြီးတစ်ယောက်က ဆရာမကြားလောက်အောင် ကျယ်ကျယ်လောင်လောင် ပြောလိုက်သည်။ လူတော်တော်များများက အဘိုးကြီးထံသို့ လှမ်းကြည့်ပြီး ခေါင်းညိတ်ထောက်ခံကြသည်။ သို့သော် မြို့ပတ်ပေါ်မှ ဆရာမကတော့ သင်ဆဲ၊ ခေါက်ဆဲသာဖြစ်၏။ သူ့သားသမီး သူ့စေတနာထား၍ သင်သည်၊ ခေါက်သည်မို့ ထို့ထက်လည်း ပို၍ပြောသင့်သည် မဟုတ်။ သို့သော် သူ့စေတနာ လွဲနေသည်။

ကလေးများကို စာကျက်ဖြစ်အောင်၊ စာရေးဖြစ်အောင်၊ သင်္ချာတွက် ဖြစ်အောင် ရထားစီးသည့်အချိန်ကို အသုံးချသည်မှာ ကောင်းပါ၏။ သို့သော် ကလေး၏ သဘာဝ အာရုံပျံ့လွယ်သည်။ ရထားပေါ်ဆိုသည်က အာရုံပျံ့စရာတွေကလည်း များသည်။ ခေါက်လွန်းရိုက်လွန်း၍ ကလေးတို့ ကြောက်ရလွန်းသည်မှာလည်း ကောင်းသည်မဟုတ်။ ပညာသင်ကြားမှုကို စိတ်ညစ်စေသည်။ ကြောက်ရွံ့စေသည်။ စဉ်းစားဉာဏ်ကို ထုံထိုင်းစေသည်။ ထိုအချက်ကလည်း ဆရာမ အစစ်မဟုတ်သော မိခင် သိမည် မဟုတ်။

*(ပန်းလိုချင် အပင်ပျိုးတတ်မှ စာ- ၈၅)*

•

**ဖခင်သေတာကို ပျော်တဲ့သား**

တချို့မိဘတွေ ပြောသံဆိုသံကို ကြားဖူးကြမှာပါ။ ငွေနဲ့ပေး ဝယ်လို့ရတာဟူသမျှကိုလည်း ဝယ်ပေးထားတယ်၊ လိုသမျှ အားလုံးလည်း ဖြည့်ပေးနေတာတောင် သည်ကလေးကိုက ဆိုးနေ



တယ်ဆိုတဲ့စကားမျိုးလေ၊ အမှန်က ကလေးတွေ တကယ်တမ်းလိုအပ်နေတာက ပိုက်ဆံပုံပေးပြီး ဝယ်လို့မရတဲ့ ချစ်ခြင်းမေတ္တာပါ။ မိဘတိုင်းဟာ သူတို့သားသမီးတွေက သူတို့ကို ကြီးလာတဲ့အခါ၊ နားလည်သိတတ်လာတဲ့အခါ ချစ်လာလိမ့်မယ်လို့ ထင်ကြတယ်။ ငယ်တုန်းက မိဘကအလိုလိုက်ခဲ့သမျှကိုပဲဖြစ်ဖြစ်၊ အားလုံးကို အရွယ်ရောက်လာတဲ့အခါ နားလည်သိတတ်လာမယ်။

မိဘရဲ့ စေတနာနဲ့ ချစ်ခြင်းမေတ္တာကို သဘောပေါက်လာပြီး မိဘကို ကျေးဇူးတင်ရကောင်းမှန်း၊ ပြန်ချစ်တတ်ရကောင်းမှန်းသိလာကြလိမ့်မယ် လို့ အပိုင်တွက်ထားတတ်ကြတယ်။ ဒါပေမဲ့ လက်တွေ့မှာ မိဘတွေရဲ့ ချစ်ချင်း မေတ္တာကို ပီပြင်အောင်ပြသနိုင်ဖို့အတွက် ကြင်နာမှု အသခေျ၊ သည်းခံနိုင်မှု၊ နားလည်နိုင်မှု၊ စာနာနိုင်မှုတို့ကို ပြသနိုင်တဲ့ အဖြစ်ပေါင်း ကုဋေကုဋာ လိုအပ်ပါတယ်။

တစ်ချိန်လုံး အပြစ်တင်ဝေဖန်နေမယ်၊ တစ်ချိန်လုံး မြည်တွန်တောက်တီးနေမယ်၊ တစ်ချိန်လုံး မာန်မဲဒဏ်ပေးနေမယ်၊ တစ်ချိန်လုံး နှိမ်နေမယ်၊ တစ်ချိန်လုံး စိတ်တိုင်းမကျ ဖြစ်နေမယ်၊ အမှတ်တွေ လျှော့နေမယ်ဆိုရင်တော့ အဲသည်ဒဏ်တွေကို ခါးစည်းခံခဲ့ရတဲ့ကလေးမှာ အရွယ်ရောက်လာတာနဲ့အမျှ မိဘနဲ့ နှလုံးသားချင်းဝေးလို့ ကွာလို့သွားတော့မှာပါပဲ။ စကားကြုံ လာလို့ ကိုယ်တွေ့လေးနဲ့ ဥပမာပေးလိုက်ပါရစေဦး။ ကျွန်တော့်အဖေနဲ့ ကျွန်တော်တို့ ဝေးခဲ့ကြရတဲ့အဖြစ်တွေထဲမှာ အထက်က ဖော်ပြခဲ့တာတွေ အတိအကျကြီး ပါနေလို့ပါ။

ကျွန်တော် လူမှန်းသိကတည်းက အဖေ့မျက်နှာသာပေးမှုကို လုံးဝဥဿုံ မခံစားဖူးပါဘူး။ ဖအေကို တုန်နေအောင်ကြောက်

ရတာသာ ကျွန်တော် နားလည်နေခဲ့တယ်။ နေ့ရှိသ၍ကျောင်းစာနဲ့ စည်းကမ်းဆိုတာကိုပဲ အသွန်သင်ခံရတယ်။သည့်ကြားထဲမှာ ရိုက်နှက် ဆုံးမခံရတယ်ဆိုတဲ့ အချက်တစ်ချက်၊ အမေ့ကိုပါ ရိုက်နှက်တယ်ဆိုတဲ့ အချက်တစ်ချက်တို့ကို ထည့်ပေါင်းလိုက်တဲ့အခါ ကျွန်တော့်အတွက် အဖေဆိုတာ ဘီလူးသဘက်ကြီးလို မုန်းစရာ၊ ရွံစရာ လူသားတစ်ဦးအဖြစ် ထင်းထင်းကြီး ရှိနေခဲ့ပါတယ်။

အဖေကွယ်လွန်တော့ ကျွန်တော့်အသက် ၁၈ နှစ်ကျော်ပါပြီ။ ဖတ်ခဲ့၊ မှတ်ခဲ့၊ လေ့လာခဲ့၊ သင်ကြားခဲ့တာတွေကြောင့် အဖေ ကျွန်တော့်အပေါ် ပြုခဲ့သမျှ အားလုံးဟာ စေတနာပါပဲဆိုတာ ယုံမှားသံသယ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဖေမရှိတော့တာကို သိလိုက်ရချိန်မှာတော့ မသင့်လျော်မှန်း သိပါလျက်နဲ့ ကျွန်တော် အရမ်းပျော်သွားခဲ့ဖူးပါတယ်။ ဒါ အဖြစ်မှန်ပါ။ ကျွန်တော့်အတွက် အဖေ မရှိတော့ခြင်းဟာ လွတ်လပ်ခြင်း။ ကြောက်ရခြင်းဒုက္ခမှ လွတ်ကင်းခြင်း အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းမည်ပါတယ်။ ဒါကြောင့်မို့ မဖြစ်သင့် မဖြစ်ထိုက်မှန်းသိပါလျက်ကနဲ့ ကျွန်တော် အလွတ်မဲ့ ပျော်ရွှင်ခဲ့ဖူးတယ်။

*(အဏ္ဏကျော်၏ သားငယ်၊ သမီးငယ်များ*
*ပဲ့ပြင်ထိန်းကျောင်းခြင်း အနုပညာ စာ- ၄၈၊ ၄၉)*

•



## နာမည်ကောင်းသော ကျန်ပါစေ

''ဒုတ်. . . ဒုန်း''

ရှေ့ဆင့် နောက်ဆင့် ထွက်လာသောအသံနှစ်သံ။

နေမင်းဦး လက်နှစ်ဖက်စလုံး အလုပ်ရှုပ်နေသည်။ တစ်ဖက်က နဖူးကို ပွတ်သည်။ တစ်ဖက်က နောက်စေ့ကိုပွတ်နေသည်။ အတန်းဖက်သို့ ပြန်လှည့်လိုက်သောအခါ သူ့ခမျာ မရှက်နိုင်ရှာ။ ပါးပေါ်မှာ မျက်ရည်စီးကျနေသည်။ အတော်နာဟန်တူသည်။ ကျောင်းသူကျောင်းသား အများရှေ့မှာ ခံရသည်မို့ ရှက်လည်း ရှက်ပေလိမ့်မည်။

နေမင်းဦးကိုကြည့်ပြီး တစ်တန်းလုံး စိတ်မကောင်းဖြစ်ကြသည်။ ဆရာ့မျက်နှာကတော့ ကျေနပ်ဟန်နှင့် ပြုံးနေသည်။ ဆရာတစ်ယောက်၏စိတ်ထားမှ ဟုတ်ပါလေစဟု အောင်ထက်ကျော် အံ့သြမိသည်။

''အောင်ထက်ကျော်''

သူ့နာမည်ကို ခေါ်နေပါပြီ။ သူလည်း နေမင်းဦးကဲ့သို့ မရှုမလှ ခံရတော့မည်။ အောင်ထက်ကျော် မတ်တပ်ရပ်လိုက်သည်။ ကြောက်လွန်း၍ ဒူးထဲမှာ အားမရှိသလို ခံစားရသည်။

''ရှေ့ထွက်ခဲ့၊ ဒီစားပွဲရှေ့ရောက်အောင် လာခဲ့''

ဆရာ့လေသံက မာသည်။

အောင်ထက်ကျော် သိပ်ကြောက်နေပါသည်။ ဖြစ်နိုင်လျှင် ဤနေရာမှ ပျောက်ပြီး ဆရာနှင့် အဝေးဆုံးနေရာသို့ ရောက်သွားလိုက်ချင်သည်။

''အောင်ထက်ကျော်ဆိုတော့ မင်းက အောင်ပြီး ထက်ရကျော်ရမယ့်ကောင်၊ သချ်ာတွက်ပြီး အဖြေထုတ်ဖို့ မေ့တယ်ဆို

တော့ ဘယ်လိုလုပ်ပြီး မင်းက အောင်ထက်ကျော် ဖြစ်မှာလဲ''

ဆရာက အောင်ထက်ကျော်နာမည်ကို အဓိပ္ပါယ်ဖွင့်ပြီး ပြောနေသည်။ အောင်ထက်ကျော် စိတ်မဝင်စားနိုင်ပါ။ ခေါင်းနှင့် နဖူးနာမှာကို သိပ်ကြောက်နေပါသည်။

''လာခဲ့ ရှေ့တိုး''

အောင်ထက်ကျော် တစ်ကိုယ်လုံး အားမရှိတော့လောက် အောင် ခံစား နေရပါသည်။

''ကိုယ့်တပည့်တွေကို ဆရာ ဘာလို့များ ဒီလိုလုပ်ချင်ရတာ ပါလိမ့်''

နားမလည်နိုင်အောင် ဖြစ်ရသည်။

''စားပွဲပေါ်ကို ခေါင်းငုံ့လိုက်၊ ငုံ့၊ ငုံ့''

အောင်ထက်ကျော် နဖူးနာမှာ ကြောက်၍ စားပွဲနှင့်ခပ်လှမ်း လှမ်း အရောက်မှာ ရပ်လိုက်သည်။

' 'ဟေ့ကောင်၊ လူလည်မလုပ်နဲ့၊ ငုံ့စမ်း၊ ငုံ့၊ ပိုနာသွား မယ်နော်''

ဆရာ ပြောပုံက ကြောက်စရာ။

နွားသတ်သမားရှေ့မှာ လည်စင်းပေးရတဲ့ နွားလိုဖြစ်နေ ပြီလား။

အားငယ်စိတ် ဖြစ်မိသည်။

**စာသင်ခန်းလား၊ အကျဉ်းထောင်လား**

''ဒီမှာကြည့်ထားကြ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် မဟုတ် ဘူး၊ တစ်ချက် ထု နှစ်ချက်နာကွ''

တစ်တန်းလုံး ငြိမ်တိတ်နေသည်။



''လုပ်ချင်သလိုသာ လုပ်ပါတော့''

အောင်ထက်ကျော် စိတ်ကိုလျှော့ချလိုက်သည်။ ကျွန်တော့် နဖူးက စားပွဲနှင့် ထိခါနီးအထိ ရောက်သွားသည်။

''ဟေ့ကောင်. . . တော်ပြီ။ ဆက်မငုံ့နဲ့တော့''

ဘယ်အချိန်မှာ ဆရာရဲ့ ပြင်းထန်တဲ့ လက်သီးချက် နောက်စေ့ ပေါ် ရောက်လာမလဲ။

စောင့်ဆိုင်းနေရသည်က ထိတ်လန့်တုန်လှုပ်စရာ။

''နောက်ကိုအဖြေထုတ်ဖို့ မမေ့အုံးမလား''

''မမေ့တော့ပါဘူး''

ပြီးအောင်ပင် မပြောလိုက်ရ–

''ဒုတ်. . . ဒုန်း''

''အား. . . ''

နောက်စေ့ပေါ်သို့ ကျလာသော ဆရာ၏လက်သီးချက် ပြင်းထန်သကဲ့သို့ နဖူးနှင့်စားပွဲ ဆောင့်မိသည့် ဒဏ်ချက်ကလည်း နာကျင်လွန်းလှသည်။ ဆရာ သဘောကျစွာ ရယ်နေသော်လည်း ကျောင်းသူ ကျောင်းသားများ မည်သူမျှ မရယ်ကြပါ။

ကျွန်တော် နာကျင်လွန်း၍ ရှက်ရကောင်းမှန်း မသိတော့ပါ။ နဖူးရော၊ နောက်စေ့ကိုပါ လက်နှစ်ဖက်နှင့် ပွတ်ရင်း မျက်ရည် များ ပါးပြင်ပေါ် စီးကျလာပါသည်။ နေရာမှာ ထိုင်မိသည်အထိ နောက်စေ့ရော နဖူးပါ နာကျင်နေသည်။

•

ဒေါ်မြမိုး ကျောင်းအုပ်ဆရာမကြီးရုံးခန်းသို့ ဝင်ရောက်ခဲ့သည်။

''ထိုင်ပါရှင်''

ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ အပြုံးနှင့်နှုတ်ဆက်၍ အထိုင်ခိုင်းသည်။ ဆရာမကြီး စားပွဲရှေ့မှ ကုလားထိုင်မှာ ဒေါ်မြမိုး ထိုင်လိုက်သည်။ ဆရာမကြီးက ဒေါ်မြမိုးကိုပြုံး၍ ကြည့်နေသည်။ ဘာပြောစရာရှိလဲ ပြောပါ ဟူ၍ ခွင့်ပြုသောသဘော။

''ကျွန်မနာမည် မြမိုးပါ။ ဆရာဝန်ပါ၊ ဒီကျောင်းက ရှစ်တန်းကျောင်း သား မောင်အောင်ထက်ကျော်ရဲ့ မိခင်ပါ''

ဆရာမကြီးက ခေါင်းငြိမ့်ပြသည်။

''ဆရာမကြီးကို တိုင်ချင်၊ အဲလေ တိုင်ချင်တာမဟုတ်ဘူး။ ပြောချင်တာ ရှိလို့ပါ''

''ဟုတ်ကဲ့. . . ပြောပါ''

''ကျွန်မ သားလေးကို ဆရာဦးဇော်မိုး အပြစ်ပေးပုံက မတရားဘူး ထင်လို့ပါ''

''အို. . . ဟုတ်လား။ ဘယ်လိုအပြစ်ပေးလို့လဲ''



ဆရာမကြီး မသိပါ။

''သားက သင်္ချာတွက်တာ အဖြေမှန်ပေမယ့် အဖြေထုတ်ဖို့ မေ့သွားလို့ အပြစ်ပေးတာပါ။ ကျွန်မအနေနဲ့ကတော့ ကလေးကို အပြစ်ပေးရာမှာ ရိုက်တာကို မကြိုက်ပါဘူး။ ရိုက်တာဟာ အသားနာရုံတင်မက စိတ်ဓာတ်ကိုပါ နာကျင်စေတဲ့ ဒဏ်ရာရစေပါတယ်''

ဆရာမကြီးက ခေါင်းညိတ်သည်။

''သားက ဆယ့်လေးနှစ်ဆိုတော့ လူပျိုပေါက်ကလေးဖြစ်နေပါပြီ။ အတန်းရှေ့မှာ မိန်းကလေးတွေလည်းမြင်နေရတော့ သူ့သိပ်ရှက်မှာပေါ့။ ပြီးတော့ ရိုက်တာကလည်း ရိုးရိုးရိုက်တာဆိုရင် မကြိုက်ပေမယ့် ကျွန်မလာပြောမှာမဟုတ်ပါဘူး။ အခုဟာကတော့ အဆန်းထွင်ပြီး ရက်ရက်စက်စက်လုပ်တာ. .''

ဒေါ်မြမိုး ပြောရင်းမှ ငိုသံပါလာသည်။ မျက်လုံးအိမ်မှာ မျက်ရည်များ ပြည့်လျှံပြီး ပါးပြင်ပေါ်စီးကျလာ၍ လက်ကိုင်ပုဝါဖြင့် တို့သုတ်လိုက်သည်။

''အရိုက်ခံရတဲ့ကလေးက ဆရာ့ရှေ့ရှိတဲ့ စားပွဲပေါ် ခေါင်းငုံ့ပေးရတယ်။ ကလေးရဲ့နောက်စေ့နေရာကို ဆရာက လက်သီးရဲ့ လက်ခေါက်နေရာနဲ့ ထိုးချလိုက်တယ်။ နောက်က အထိုးခံရတဲ့အရှိန်ကြောင့် နဖူးက စားပွဲနဲ့တိုက်မိတယ်။ ရှေ့နောက်ညှပ်အချခံရတာ ဆရာမကြီး စဉ်းစားကြည့်ပါ။ ဘယ်လောက်ကြောက်စရာကောင်းသလဲ နဖူးရော၊ နောက်စေ့ပါ ဘုတွေထွက်လာတာ''

''အို. . . ဒုက္ခပါပဲ''

ဆရာမကြီးက ညည်းညူလိုက်သည်။

## ဘဝမျက်နိုင်သော ဆရာ့လက်သီး

"သားကပြောတာ မဟုတ်ပါဘူး။ နဖူးက ညိုမဲပြီး ယောင်နေတာတွေ့ လို့ မေးမှ သိရတာ။ နောက်စေ့ကိုကြည့်တော့လည်း ဖူးယောင်လို့ပါပဲ။ ရိုက်ရင်တောင် ဒူးပြင်နေရာတွေရိုက်ဖို့ ကောင်းပါတယ်။ ခေါင်းကို၊ အဲဒီလိုနေရာဒဏ်ရာရအောင်လုပ်တာ သိပ်အန္တရာယ်ကြီးပါတယ်။ ဦးနှောက်နဲ့အာရုံကြောကို ထိခိုက်နိုင်တဲ့ သွေးကြောမျှင်လေးတွေ ဒဏ်ရာရရင် ကုဖို့ အလွန်ခက်ပါတယ်"

"ဟုတ်ပါတယ်ရှင်"

"ဘာဖြစ်လို့များ အဲဒီလိုလုပ်တယ်ဆိုတာ ကျွန်မစဉ်းစားလို့ မရဘူး။ ပျော်လို့လုပ်တာလား၊ ရက်ရက်စက်စက် နှိပ်စက်ချင်လို့ လုပ်တာလား။ ဆရာတစ်ယောက်အနေနဲ့ ကိုယ့်တပည့်ကို ဒီလိုတော့ မလုပ်သင့်ပါဘူး"

"ဟုတ်တာပေါ့၊ သူ့တစ်ယောက်တည်းကို လုပ်တာလား"

"ဒူးပြင်ကလေးတစ်ယောက်လည်း သားလိုပဲ ခံရတယ် ပြောပါတယ်"

ဆရာမကြီးက ရုံးအကူလူငယ်ကို ရှစ်တန်းမှ မောင်အောင်ထက်ကျော်ကို သွားခေါ်ခိုင်းလိုက်သည်။ ရောက်လာသောအခါ ဆရာမကြီးက နဖူးကို ကြည့်သည်။ နောက်စေ့ကိုစမ်းသည်။

"အို..ဟုတ်တာပေါ့၊ စိတ်မကောင်းလိုက်တာ သားရယ်"

ဆရာမကြီးမှာ သားအတွက် စိတ်မကောင်းဖြစ်ရာမှ မိခင်ကို လှမ်းကြည့်ပြီး အားနာနေရှာသည်။ ကိုယ့်အုပ်ချုပ်မှု အောက်မှာရှိသော၊ ကိုယ့်ကျောင်းတွင်ဖြစ်သောကိစ္စ၊ ကိုယ့်မှာတာဝန်ရှိကြောင်း ဆရာမကြီး နားလည်ပါသည်။



"ဆရာ ဦးဇော်မိုးကို ကျွန်မ အသေအချာပြောပါ့မယ်။ နောင် ဒီလိုမဖြစ်စေရပါဘူး။ ဖြစ်ပြီးတဲ့ကိစ္စကိုတော့ ကျွန်မကပဲ တောင်းပန်ပါတယ်"

ဆရာမကြီးက တောင်းပန်စကားဆိုသည်။

"ဆရာမကြီးကို တောင်းပန်စေချင်တာမဟုတ်ပါဘူး။ နောင်မှာ ကလေးတွေကို ဒီလိုမဖြစ်စေချင်လို့ လာပြောတာပါ"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်၊ ဒီလိုမဖြစ်အောင် ကျွန်မ လုပ်ပါ့မယ်"

ဒေါက်တာမြမိုး ပြန်သွားပါသည်။

အောင်ထက်ကျော်လည်း သူ့အတန်းရှိရာသို့ ပြန်သွားပါပြီ။

"ငါ...ဘာလုပ်ရမလဲ"

ဆရာမကြီး စဉ်းစားရပြီ။ ဤကျောင်းသို့ရောက်သည်မှာ သုံးလသာ ရှိသေးသည်။ ဆရာဦးဇော်မိုးက သချာ အသင်ကောင်းသည်ဟု ဆရာမကြီး သတင်းကြားထားသည်။

ဤကျောင်းရောက်ပြီးမှ ပြီးခဲ့တဲ့လက ဆရာမတစ်ယောက်က ၁၂ နှစ် အရွယ် ခုနစ်တန်းကျောင်းသူလေးကို အတန်းအပြင်ထုတ်ပြီး ထိုင်ထ အလုပ်ခိုင်းသည်။ အခြားသော အတန်းများကပါ မြင်ကြကြည့်ကြသည်ကို ရှက်ပြီး ငို၍ အိမ်ပြန်သွားသည်။ သူ့အမေ လိုက်လာတိုင်တန်း၍ နောင်မဖြစ်စေရပါဘူး ပြောပြီး ဆရာမကြီးကပင် တောင်းပန်လိုက်ရသည်။ ဆရာဆရာမ အားလုံးကို ပြောမှဖြစ်တော့မည်ဟု နားလည်လိုက်ပါသည်။

•

ထိုနေ့ညနေမှာပင် အစည်းအဝေးခန်းမှာ ဆရာ၊ ဆရာမများအားလုံးကို အစည်းအဝေး ခေါ်လိုက်သည်။ ဆရာမကြီးက ကျောင်းသူကျောင်းသားများကို အပြစ်ပေးသည့်ကိစ္စ၊ ရိုက်သည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားသည်။ ဆရာဦးမိုးဇော် ကျောင်းသားတစ်ယောက်ကို တစ်ချက်တည်းနှင့် ရှေ့ရော နောက်ပါ ဘုထအောင်ပြုသည့်ကိစ္စကြောင့် မိခင်လိုက်လာပုံ။

မိခင်က ဆရာဝန်မ ဖြစ်၍ ခေါင်းကိုဤကဲ့သို့ ပြင်းထန်စွာ နာကျင်အောင် ပြုလုပ်ခြင်းသည် အန္တရာယ်ကြီးမားကြောင်း မကျေမနပ်ပြော၍ နောင်မဖြစ်စေရပါဘူးဟု ကတိပေးတောင်းပန်ရပုံ၊ ဆရာမ ဒေါ်နွယ်နွယ်ထွန်းကလည်း ၇ တန်းကျောင်းသူလေးကို အတန်းအပြင်ထုတ် ထိုင်ထလုပ်ခိုင်း၍ အတန်းအားလုံးက လှမ်းကြည့်ကြ၊ မြင်ကြ၊ အရှက်ရပြီး ငိုပြန်သွားကြောင်း မိခင်လာတိုင်၍ နောင်မဖြစ်စေရန် ကတိပြုပြီး တောင်းပန်ရပုံကို ရှင်းလင်း ပြောကြားသည်။

"အဲဒီတော့ ဆရာ၊ ဆရာမ အားလုံးကိုပြောချင်ပါတယ်။ တပည့်တွေကို အပြစ်ရှိရင် အပြစ်ပေးရမှာ ဖြစ်ပေမယ့် မရိုက်စေချင်ဘူး။ မလွှဲသာလို့ ရိုက်ရင်လည်း မေတ္တာ၊ စေတနာနဲ့ အပြစ်အလျောက် ဆုံးမဖို့လိုတယ်။ ဒေါသနဲ့ ရိုက်တာ မဖြစ်သင့်ဘူး။ အဆန်းထွင်ပြီး ရက်စက်တာမျိုးလည်း မဖြစ်သင့်ဘူး။ ကောင်းသွားစေချင်တဲ့ စေတနာနဲ့ အပြစ်ပေးတာမျိုးသာ ဖြစ်သင့်ပါတယ်"



"ကျွန်တော်ပြောပါရစေ ဆရာမကြီး"

ဆရာဦးဇော်မိုးက မတ်တပ်ရပ်ပြီး ပြောခွင့်တောင်းသည်။ လေသံက မာသည်။

"ဒီကျောင်းဟာ စည်းကမ်းကောင်းလို့ အောင်ချက်ကောင်းတယ်ဆိုပြီး နာမည်ရတဲ့ကျောင်းပါ။ ဆရာမကြီး ရောက်လာမှ မရိုက်ရဘူး။ ဒဏ်မပေးရဘူးဆိုရင် စည်းကမ်းလျော့ရဲပြီး အောင်ချက်ကျသွားနိုင်ပါတယ်"

ဦးဇော်မိုးပြောပုံက မကျေမနပ်နှင့် ခြိမ်းခြောက်သောလေသံ၊ ဤကျောင်းတွင် အသင်အပြကောင်းသည်ဟု နာမည်ရသော ဆရာတစ်ယောက်၏မာန ဟူ၍ ဆရာမကြီး နားလည်လိုက်ပါသည်။

"ကျွန်မက မရိုက်ရဘူး၊ အပြစ်မပေးရဘူးလို့ ပြောတာ မဟုတ်ပါဘူး။ ရိုက်ရင်လည်း ကောင်းစေချင်တဲ့ စေတနာနဲ့ ရိုက်ပါ။ ကိုယ့်သားသမီးလို မေတ္တာစေတနာနဲ့ ဆုံးမပါ"

ဆရာမကြီးက ပုံမှန်လေသံနှင့်ပြောသည်။

"ဆရာမကြီးက ကျွန်တော်ရိုက်တာကို သားသမီးချင်း မစာနာဘူးလို့ ပြောချင်တာလား။ စိတ်ကောင်းမရှိဘူးလို့ ပြောချင်တာလား"

ဆရာဦးဇော်မိုး မေးပုံက ကျောင်းအုပ် ဆရာမကြီးကို မရိုမသေနှင့် ရန်လိုသော သဘောပါသည်။ ဆရာမကြီး သိပါသည်။ ဒေသခံဆရာအနေနှင့် ခုမှရောက်တာ မကြာသေးသော ကျောင်းအုပ်ဆရာမကြီးကို စမ်းလိုက်သော သဘောဖြစ်ပါသည်။ ဆရာမကြီး မည်သူနှင့်မျှ ထိပ်တိုက်ရန်မဖြစ်ချင်ပါ။ သို့သော် လျှော့ပေးလိုက်လျှင် နောင်မှာ ဆရာမကြီးအနေနှင့် ဩဇာ ရှိတော့မည်

မဟုတ်ပါ။ ကျောင်းအုပ်ချုပ်ရေး ပျက်ပြားတော့မည်ဖြစ်သည်။

''ဆရာ့ကို စိတ်ကောင်းမရှိဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ ဆရာရိုက်တာဟာ တစ်ချက်တည်းနဲ့ နဖူးရော၊ နောက်စေ့ပါ ဘုနှစ်ဘုဖြစ်အောင် ပြင်းထန်တယ်ဆိုတော့ရက်စက်ရာကျတယ်။ အနန္တဂိုဏ်းဝင်ဆရာဆိုတာ တပည့်ကို အဆန်းထွင်ပြီး နှိပ်စက်တာမျိုး မလုပ်ရဘူး။ မိဘအရင်းတောင် သားသမီးကို ကောင်းစေချင်တဲ့ စေတနာမေတ္တာနဲ့မဟုတ်ရင် ရိုက်ခွင့်မရှိဘူး။ မရိုက်သင့်ဘူး၊ ရိုက်ရင် လူမှုရေးအရ အပြစ်ရှိတယ်''

''ဒါကတော့ သူ့ကို နောင် ဒီလိုအမှားမျိုး မမှားဖို့ မှတ်လောက်သားလောက်ရှိအောင် သတိပေးတာပဲ''

ဆရာဦးဇော်မိုးက အလျှော့မပေးသေးဘဲ စောဒက တက်နေဆဲ။

## မရိုက်ဘဲ လိမ္မာအောင်ဆုံးမနည်းများ

''ကလေးက ဒီလိုအမှားမျိုး မမှားဖို့ မှတ်လောက်သားလောက်မဖြစ်ဘဲ၊ ဆရာကို တစ်သက်လုံးမုန်းသွားတဲ့ မှတ်လောက်သားလောက်ဖြစ်သွားရင် ဆရာရော၊ တပည့်ရော ရှုံးတာပေါ့။ မရိုက်ဘဲနဲ့ စွဲသွားအောင် မှတ်မိတဲ့နည်းတွေ အများကြီးရှိပါတယ်။ ကျွန်မ ပဲခူးအထက(၃)မှာ အထက်တန်းပြ လုပ်ခဲ့ဖူးပါတယ်။

''အဲဒီကျောင်းမှာ ကျက်ခိုင်းတဲ့စာမရရင် နေ့ခင်းမုန့်စားကျောင်းဆင်းချိန်မှာ မဆင်းရဘူး။ စာရအောင် ကျက်ရတယ်။ စာရမှ ဆရာမကို အလွတ်ပြန်ပြပြီး မုန့်စားသွားရတယ်။ ကလေးတွေ စာရသွားတယ်၊ နောက်လည်း မကျက်ဘဲ မနေရဲဘူး။ စာကျက်လာကြတယ်။



''စာမှားရင်လည်း အဲဒီအမှားကို ဆယ်ခါပြင်ပြီး လာပြရတယ်။ မှတ်လောက်သားလောက် မှတ်မိသွားတယ်။ ဘယ်မိဘမှလည်း မကျေမနပ် မဖြစ်ကြဘူး။ ကလေးတွေ စာပိုတော်လာတယ်။ မရိုက်ပေမယ့် စည်းကမ်း အလွန်ကောင်းတဲ့ ကျောင်းအဖြစ် နာမည်ကြီးတယ်။ နှစ်စဉ်အောင်ချက် ကောင်းတဲ့ ကျောင်းပဲ။ တစ်ပြည်လုံး အောင်ချက်အကောင်းဆုံးဆုတွေလည်း အများကြီး ရခဲ့တယ်''

ဆရာမကြီးက စကားကိုခေတ္တရပ်ထားလိုက်သည်။ ဦးဇော်မိုး ထပ်ပြီး စောဒက မတက်တော့ပါ။

''ဆရာ၊ ဆရာမ အားလုံးကို ကျောင်းအုပ်ဆရာမကြီးတစ်ယောက်အနေနဲ့ ကျွန်မ ပြောပါရစေ။ ကလေးတွေကို မေတ္တာစေတနာနဲ့ ဆုံးမပါ။ အပြစ်ပေးပါ၊ ကလေးမှာ ဒဏ်ရာအနာတရဖြစ်တဲ့အထိ ရိုက်နှက်တာမျိုး မလုပ်ပါနဲ့ အရှက်တကွဲဖြစ်အောင် ဒဏ်ပေးတာမျိုး မလုပ်ပါနဲ့။

''ကျွန်မ ပြောင်းလာခဲ့တဲ့ကျောင်းမှာ ဆရာမတစ်ယောက်က ကြားဖူးနားဝနဲ့ အဆန်းထွင်ပြီး စတုတ္ထတန်းကျောင်းသူမိန်းကလေးတစ်ယောက်ကို အတန်းထဲမှာ ဒူးထောက်ထိုင်ခိုင်းပြီး အပြစ်ဒဏ်ပေးတယ်။ ပိုဆိုးတာက ကလေးမရဲ့ ဒူးအောက်မှာ ဇီးစေ့ထားပြီး ထောက်ခိုင်းတာဆိုတော့ ကလေးက နာလွန်းလို့ မထောက်နိုင်ဘူး ငိုတယ်။

''အဲဒါကို ဆရာမက အတင်းထောက်ခိုင်းတော့ ကလေးက ငိုပြီးအိမ်ပြန်သွားတယ်။ တစ်မြို့လုံးကို ကျော်သွားတာပဲ။ မိဘဆရာအသင်း အစည်းအဝေးကျတော့ မိဘတွေက ပြောလိုက်ကြတာ၊ ကင်ပေတိုင်ဆရာမ၊ ကင်ပေတိုင်ကျောင်းနဲ့ ကျောင်း

လည်း သိက္ခာကျတယ်၊ ဆရာမလည်း အရှက်တကွဲဖြစ်ရတယ်''

ဆရာ၊ ဆရာမအချို့ခေါင်းညိတ်နေကြသည်ကို ဆရာမကြီး သတိထားမိသည်။ ကလေးကို အတန်းအားလုံးမြင်အောင် အပြင်ထုတ်ပြီး ထိုင်ထ အလုပ်ခိုင်းသော ဆရာမဒေါ်နွယ်နွယ်ထွန်း ခေါင်းငုံ့နေသည်။

''ကလေးကို အပြစ်ဒဏ်ပေးရာမှာ ကောင်းကျိုးရှိစေချင်တဲ့ ရည်ရွယ်ချက်၊ စေတနာ မှန်ရမယ်။ ဘုန်းတော်ကြီးကျောင်းမှာ အပြစ်ရှိရင် စာမကျက်ရင် သဲဒဏ်၊ ရေဒဏ်ပေးတယ်။ ကျောင်းထဲက သစ်ပင်ပန်းပင်တွေ ရေထမ်း လောင်းရတယ်။ စကြံလမ်းကို သဲထမ်းခင်းရတယ်။ ကျောင်းအတွက်လည်း ကောင်းတယ်။ ပြစ်ဒဏ်ကျတဲ့လူလည်း ကုသိုလ်ရတယ်။ နောင်လည်း အပြစ်မလုပ်တော့ဘူးပေါ့။ အဲဒါ မှန်တဲ့အပြစ်ပေးနည်းပဲ''

## သေစေနိုင်သောပြစ်ဒဏ်

''မှားတဲ့အပြစ်ပေးနည်းကတော့ ဘုန်းကြီးကျောင်းမှာပဲ ကျွန်မအမေဘက်က အဘိုးငယ်ငယ်တုန်းက သူ့ရွာဘုန်းကြီးကျောင်းမှာ နေခဲ့ရတယ်။ မနက်စောစော ပန်းကန်ဆေးရင်း ပန်းကန်တစ်ချပ် ကျကွဲသွားတော့ ကိုရင်ကြီးက ရေပုံးတစ်ရာ ရေငင်ချိုးရမယ်ဆိုပြီး ဒဏ်ပေးတယ်။

''ဆောင်းတွင်းကြီး မနက်စောစောမှာ ခိုက်ခိုက်တုန်နေတာ ပါပဲတဲ့။ ရေပုံးတစ်ရာလည်း ချိုးပြီးရော ပုံလဲကျသွားတယ်။ အအေးမိပြီး ဖျားတယ်။ မသေအောင် မနည်းကုရတယ်။ တစ်လလောက်ကြာမှ ပြန်ကောင်းတယ်။ အဘိုးဟာတစ်သက်လုံး ရေချိုးရမှာ ကြောက်သွားတယ်။ ဆောင်းတွင်းဆို လုံးဝ



ရေမချိုးတော့ဘူး။ နွေရာသီချိုးတာတောင် သုံးလေးပုံးဆို ပြီးသွားပြီ။ အဘိုးရဲ့ အဖေက ငါ့သားသေရင်တော့ ကိုရင်ကြီးနဲ့ တွေ့ကြသေးတာပေါ့လို့ မကျေမနပ် ကြိမ်းမောင်းတယ်တဲ့။

''ဒေါသနဲ့ အပြစ်ဒဏ်ပေးတာ၊ နှိပ်စက်ညှဉ်းပန်းလိုစိတ်နဲ့ အပြစ်ဒဏ် ပေးတာ အားလုံးမှားတယ်။ လက်ရေးလှစေချင်တဲ့ စေတနာနဲ့ ဆရာမက လက်ရေးမလှတဲ့ ကလေးတွေရဲ့ လက်ကို ပေတံနဲ့ ခပ်စပ်စပ်လေးရိုက်တယ်။ တစ်ခါနှစ်ခါပဲ ရိုက်ရတယ်။ ကြီးထိ လက်ရေးလှတဲ့ ကောင်းကျိုးရသွားတယ်။ ဒါပေမဲ့ လက်ခေါက်ကို ပေတံစောင်းနဲ့ ခုတ်တာကျတော့ ဘယ်ကောင်းမလဲ''

ဆရာမကြီးပြောသည်ကို ဆရာ၊ ဆရာမ အများစုက သဘောတူကြောင်း ခေါင်းညိတ်နေကြသည်။

''ဆရာမတစ်ယောက်ကလည်း မူလတန်းကလေးတွေကို ဘောင်းဘီ ချွတ်၊ စကတ်ချွတ်ပြီးမှရိုက်လို့ မြို့နယ်ပညာရေးမှူးအထိ တိုင်တာဖြစ်ဖူးတယ်။ ဘာလို့ အဲဒီလို ရိုက်ရတာလဲဆိုတော့ ဒုတ်နဲ့ကလေးအသားကြားမှာ အဝတ်ခံနေရင် မနာမှာစိုးလို့တဲ့။ စဉ်းစားကြည့်ပါ။ ဆရာ၊ ဆရာမက အဲဒီလိုအာဃာတသားစိတ်ထားရမှာ မဟုတ်ဘူးရှင့်''

ဆရာ ဦးဇော်မိုး ခေါင်းငုံ့နေသည်။ ဆရာမကြီးလည်း အတော်စုံအောင် ပြောလိုက်ရ၍ မောသွားပြီး ဆရာ၊ ဆရာမများဘက်က ဘာမျှပြန်ပြောဆိုခြင်း မရှိကြ၍ အစည်းအဝေးကို အဆုံးသတ်လိုက်ပါသည်။ အစည်းအဝေး အပြီးမှာ ဒေါ်နွယ်နွယ်ထွန်း ဆရာမကြီးကိုလာတွေ့ပြီး နောင်မဖြစ်စေရပါဘူးဟု ကတိပြုသည်။ ဦးဇော်မိုးကတော့ ဘာမျှပြောခြင်းမပြုပါ။

•

နောက်တစ်နေ့မနက်တွင် ဆရာမကြီးရုံးခန်းသို့ ဆရာဦးဇော်မိုးရောက် လာသည်။

''ထိုင်ပါဆရာ၊ ပြောပါ''

ဆရာမကြီးက ထိုင်ခွင့်ပြောခွင့်ပြုသည်။

''ကျွန်တော်လုပ်တာ မှားပါတယ်ဆရာမကြီး။ မနေ့က ဆရာမကြီးပြောတာတွေ ဟုတ်ပါတယ်။ ကျွန်တော် ကတိပေးပါတယ်။ နောင် လုံးဝမဖြစ်စေရပါဘူး''

တကယ်ပင် အမှားကိုသိ၍ နောင်တရသော မျက်နှာနှင့်–

''ဩော်. . . သိပ်ကောင်းတာပေါ့ဆရာရယ်၊ ဝမ်းသာပါတယ်။ ဆရာက ဒီကျောင်းမှာ အသင်အပြကောင်းတယ်၊ အရိုက်လည်းကြမ်းတယ်ဆိုပြီး နာမည်နှစ်မျိုးထွက်နေတာ။ အခုဆိုရင် ကလေးတွေရော၊ မိဘတွေရော ဝမ်းသာကြမှာပါ''

''ဟုတ်ပါတယ်ဆရာမကြီး၊ စိတ်ချပါ၊ ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ။ မကောင်းတဲ့ နာမည်ဆိုးကို ဖြုတ်ပစ်လိုက်ပါတော့မယ်''

ဆရာဦးဇော်မိုး၏ ပကတိကြည်လင်နေသော မျက်နှာကို ဆရာမကြီး လှမ်းကြည့်ပြီး ကျောင်းအတွက်၊ ကလေးများအတွက် ဝမ်းသာအားတက်ဖြစ်ရသည်။

**လယ်တွင်းသားစောချစ်**

•



## မှားယွင်းသော အပြုအမူ

အကြောက်နှင့် ထိန်းချုပ်ခြင်းသည် အသိမှန်ကန်အောင် ပြုလုပ်နိုင်ခြင်း မဟုတ်သောကြောင့် အစဉ်သဖြင့် ကြောက်အောင်ဆက်လုပ်နေရမည်။ ကြာလျှင် မကြောက်တော့ပါ။ ထိုအခါ ရိုက်ချက်တိုးလာလိမ့်မည်။ ရိုက်တုတ် ကြီးလာရမည်။ ကလေးလည်း ပိုဆိုးလာလိမ့်မည်။

ထိုအခါ မိဘများသည် ကလေးကို ကိုယ်တုံးလုံးချွတ်ရိုက်ခြင်း၊ ကြိုးတုပ်၍ ရိုက်ခြင်း၊ စသည်တို့ကို လက်မရှိ့အာဏာသားကဲ့သို့ ရက်ရက်စက်စက် ပြုကြ၏။ လွန်စွာမှားယွင်းသော အပြုအမူဖြစ်၏။ ထိုကဲ့သို့ အသိဉာဏ်နည်းပါးခြင်း၊ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းတို့သည် ယဉ်ကျေးသောတိုးတက်သော လူ့အဖွဲ့အစည်း၌ မရှိသင့်တော့ပါ။

ကလေးများ၏ အချို့သော အပြစ်ကျူးလွန်ခြင်းများသည် လူကြီးအတွက် စိတ်ဆိုးစရာ၊ ဒေါသထွက်စရာဖြစ်သော်လည်း ကလေးက အမှန်ပင် မသိ၍ ပြုလုပ်မိခြင်းဖြစ်၏။ ကလေးသည် လူကြီးကဲ့သို့ အတွေ့အကြုံ မများသေးပါ။ လူကြီး သိသလောက် မသိပါ။ မသိ၍ ပြုမိသော အပြစ်အတွက် မရိုက်သင့်ပါ။ သိအောင်ရှင်းလင်း ပြောပြရန် လူကြီးမှာ တာဝန်ရှိသည်။

*(လယ်တွင်းသားစောချစ်*
*ပန်းလိုချင်အပင်ကိုပျိုးတတ်မှ ၈၁-၃၆)*

•



'အများညီလျှင် ဤကိုကျွဲဖတ်' ဟူသော စကားပုံကို စာရေးသူ လက်မခံပါ။ အများ မည်မျှလောက်ညီညီ 'ဤ' ဟာ 'ဤ' ပဲ ဖြစ်သည်။ 'ကျွဲ' ဖြစ်မသွားပေ။ ထို့အတူ မှားနေသော အကျင့်တစ်ခုကို အများက ကျင့်သုံးသည့်အတွက်ကြောင့် အမှန်ဖြစ်မသွားပေ။ အမှားကအမှားသာဖြစ်သည်။ မြန်မာပြည်တွင် ဘုရင်ခေတ်မှ အင်္ဂလိပ် အုပ်ချုပ်သည့်ခေတ်တိုင်အောင် အမှားတစ်ခုကို အမှန်ကဲ့သို့ တစ်ပြည်လုံး ကျင့်သုံးခဲ့ကြသည်။

**မှန်သည့်ဘက်ကနေသော အရှင်အာဒိစ္စဝံသ**

ထိုအမှားကား ရဟန်းတော်များ အင်္ဂလိပ်စာ မသင်ကောင်း၊ မသင်သင့် ဟူသော အယူအဆပင်။ ဆရာကြီး ရွှေဥဒေါင်းတို့ခေတ်မှာပင် အင်္ဂလိပ်စာ သင်ပေးသော ဘုန်းကြီးကျောင်း တစ်ကျောင်းကို ဘေးကျောင်းများက ဝိုင်းကြဉ်ခဲ့ကြဖူးသည်။ ထိုအချိန်မှာပင် အရှင်အာဒိစ္စဝံသဆရာတော်က အင်္ဂလိပ်စာ သင်ယူသင့်ကြောင်း ထုတ်ဖော်ရေးသားသည်။

သူ့တပည့် အရှင်သေဋ္ဌိလကိုလည်း အင်္ဂလိပ်စာသင်ပေးပြီး အင်္ဂလန်သို့ သာသနာပြု ကြွစေခဲ့သည်။ ပုဇွန်တောင်ဘုရားဖြူ ဆရာတော်က ရဟန်းများ အင်္ဂလိပ်စာ မသင်သင့်ကြောင်း ကျမ်းစာတစ်စောင်ရေးပြီး အရှင်အာဒိစ္စဝံသကို တိုက်ခိုက်သည်။ မြန်မာနိုင်ငံထုတ် သတင်းစာအများစုကလည်း ဘုရားဖြူဆရာတော်ကို ထောက်ခံရေးသားကြသည်။

ပြောရလျှင် အရှင်အာဒိစ္စဝံသက တစ်ဖက် ကျန်မြန်မာပြည်သား ရဟန်းရှင်လူ အားလုံးကတစ်ဖက်ဟု ဆိုရမည့် မညီမျှသော တိုက်ပွဲတစ်ပွဲပင် ဖြစ်သည်။ အများဘက်က လူများသောကြောင့် အမှန်သည် ခေတ္တခဏတော့ တိမ်မြှုပ်ရသည်သာ။ သို့သော် တကယ့်အမှန်တရားကို အချိန်ဟူသောတရားသူကြီးကသာ ဆုံးဖြတ်ပေးလေ့ရှိသည်။

ယခုအချိန်တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများကို ဖွင့်လှစ်ပြီး အင်္ဂလိပ်စာကို ရဟန်းတော်များကို သင်ပေးနေရပြီ မဟုတ်ပါလော။ ထို့အတူ တပည့်သားသမီးကို ရိုက်ဆုံးမသင့်သည်ဟူသော အမှားကြီးကို မြန်မာပြည်ရှိ ရဟန်းရှင်လူအများစုက အမှန်ဟုထင်ပြီး ကျင့်သုံးနေကြသည်။ ထိုအယူအဆမှားကြောင်းကို ဆရာကြီးလယ်တွင်းသားစောချစ်နှင့် အတ္တကျော်တို့က စာအုပ်များရေးသားပြီး အမှန်ကိုပြုပြင်ပေးကြသည်။

ဆရာကြီး လယ်တွင်းသားစောချစ်က ပန်းလိုချင် အပင်ကို ပျိုးတတ်မှ၊ ခေါင်းလောင်းသံချိုချို၊ အတ္တကျော်၏ သားငယ်သမီးငယ်များ ပုံပြင်ထိန်း ကျောင်းခြင်း အနုပညာစာအုပ်တို့သည် ရိုက်ဆုံးမခြင်းသည် မှားယွင်းကြောင်း သဘာဝယုတ္တိ၊ သာဓကယုတ္တိတို့ဖြင့် ရေးသားထားသော စာအုပ်များဖြစ်သည်။ ထိုကဲ့သို့



အမှားမှ အမှန်ကို ပြင်ပေးထားသော အခြားစာအုပ်များ ရှိသေးလျှင် စာရေးသူထံ ညွှန်ကြားစေလိုပါသည်။

ဤစာအုပ်သည် ဆရာကြီးလယ်တွင်းသားစောချစ်နှင့် အတ္တကျော်တို့ကို ထောက်ခံရေးသားသော စာအုပ်ဆိုလျှင်လည်း မမှားပေ။ ထိုဆရာနှစ်ဦး ရေးသားထားသော ဖော်ပြပါ စာအုပ်သုံးအုပ်ကို စာဖတ်သူတိုင်း အစအဆုံး ပြန်လည်ဖတ်ရှုစေချင်ပါသည်။ မိဘတိုင်း၊ ဆရာတိုင်း ဖတ်သင့်သော စာအုပ်များပင်ဖြစ်သည်။

## အောင်မြင်သော စာရေးနည်း

စာရေးသူထံသို့ လူငယ်၊ ရဟန်းငယ် အများစုက စာရေးသားနည်းကို တောင်းလေ့ရှိသည်။ စာရေးသူက ဆရာစား မချန်ပြောပြသည်။

၁။ နှလုံးသားဖြင့်(ခံစားချက်ဖြင့်)ရေးပါ။
၂။ နားလည်အောင်ရေးပါ။
၃။ စိတ်ဝင်စားအောင်ရေးပါ။
၄။ အနှစ်အသားပါအောင် ရေးပါ။

ဖော်ပြပါ လေးချက်တွင် နှလုံးသားဖြင့် ရေးနိုင်ဖို့သည် အရေးအကြီးဆုံး ဖြစ်သည်။ ကျန်အင်္ဂါရပ်များက အသား၊ ဆီ၊ ကြက်သွန် စသည်နှင့် တူသည်ဆိုလျှင် နှလုံးသားပါအောင် ရေးနိုင်ခြင်းသည် ဆားနှင့်တူသည်။ နှလုံးသား မပါဘဲနှင့် စိတ်ဝင်စားအောင် ရေးထားသော စာအုပ်များစွာ ရှိပါသည်။ အုပ်ရေများစွာလည်း ထုတ်ရပါသည်။

သို့သော် ရေရှည်မခံပါ။ ဆယ်စုနှစ်တစ်ခု မကုန်ခင်ပင်

ပျောက်သွားပါသည်။ နှလုံးသားဖြင့်ရေးသော စာများကား နှစ်မည်မျှပင်ကြာကြာ တိမ်ကောသွားသည်ဟူ၍ မရှိတော့ပါ။ အတ္တကျော်၏ သားသမီးငယ်များ ပွဲပြင်ထိန်းကျောင်းခြင်း အနုပညာစာအုပ်သည် နှလုံးသားဖြင့်ရေးထားသော စာအုပ်ဖြစ်သည်။ ဖခင်၏ လူမဆန်သော ရိုက်နှက်ဆုံးမမှုတို့ကြောင့် သူ လူ့ခွစာတစ်ယောက် ဖြစ်လာရပုံကို ရဲဝံ့စွာ ရေးသားထားခြင်းဖြစ်သည်။

ပြောရလျှင် တော်လှန်သော ရေးသားချက်ပင်ဖြစ်သည်။ စာဖတ်ပရိသတ်အပေါ်ထားသော မေတ္တာ၊ စေတနာ ထုထည်ကြီးမားမှသာလျှင် တော်လှန်သောအတွေးအခေါ်များကို ရေးသားရဲသည်။ ဆရာကြီး လယ်တွင်းသားစောချစ်သည် ပန်းလိုလျှင်အပင်ကိုပျိုးတတ်မှ စာအုပ်တွင် တော်လှန်သော အရေးအသားအတော်များများပါသည်။ ထိုစာအုပ် စာမျက်နှာ ၂၅၁ မှ တော်လှန်သောအရေးအသားတစ်ခုကို ထုတ်နှုတ်တင်ပြ လိုက်ပေသည်။

## လရောင်အောက်မှချစ်သူနှင့် နေရောင်အောက်မှ လက်ထပ်သူ

အချို့သော မိဘများ၊ အစ်မကြီးများက လွဲမှားစွာဆုံးမသွန်သင်တတ်ကြသည်လည်းရှိ၏။ ချစ်သူကို လရောင်အောက်မှာ ရှာပြီး လက်ထပ်ရမည့်သူကို နေရောင်အောက်မှာ ရှာရမည်။ ချစ်သူကို နှလုံးသားဖြင့်ရွေးပြီး လက်ထပ်ယူရမည့်သူကို ဦးနှောက်ဖြင့် ရွေးချယ်ရမည်ဟု ဆိုသည်။

သာမန်အားဖြင့်ဆိုလျှင် ကဗျာဆန်သလိုလို၊ မှန်ကန်သောအတွေးအခေါ်တစ်ရပ်လိုလို တိုးတက်၍ လက်တွေ့ကျသော



အယူအဆတစ်ရပ်လိုလို လက်ခံချင်စရာဖြစ်၏။ သို့သော် အသေအချာ စဉ်းစားလျှင် ဖောက်ပြန်၍ သစ္စာမဲ့သော အတွေးအခေါ်ဖြစ်သည်။ ချစ်သူကို လရောင်အောက်မှာ ရှာဆိုသည်မှာ အချစ်သည် ကြည်နူးစရာ၊ စိတ်ကူးယဉ်စရာ အလှအပတစ်ခုဖြစ်သည်။

ချစ်သူကို နှလုံးသားကခံစားချက်ဖြင့်ရွေးပြီး ချစ်ပါ၊ ပျော်ရွှင်ကြည်နူးပါဟူ၍ဖြစ်သည်။ သို့သော် ကိုယ့်ချစ်သူကို စိတ်ကူးယဉ်ရုံ၊ အပျော်သဘောမျှသာချစ်ပြီး သာယာမှုရှာရန်ဖြစ်သည်။ တကယ်လက်ထပ်ရန်မဟုတ်။ တကယ်လက်ထပ်ရမည့်အချိန်တွင် ချစ်သူကို ပြတ်ပြတ်သားသား ပစ်ထားခဲ့ပြီး စားဝတ်နေရေးပြည့်စုံအောင် ထားနိုင်မည့်သူကိုသာ လက်ထပ်ရမည် ဖြစ်သည်။

ထိုသူကို ချစ်ချင်ချစ်၊ မချစ်ရင်နေ ကိစ္စမရှိ၊ မုဆိုးဖိုဖြစ်ချင် ဖြစ်ပါစေ၊ အသက်ကြီးချင်ကြီးပါစေ ဘာသာမတူသော လူမျိုးခြားဖြစ်ပါစေ ကောင်းကောင်းဝတ်ပြီး ကောင်းကောင်းစား၊ ကောင်းကောင်းနေရရင် ပြီးတာပဲဟူ သော အယူအဆဖြစ်သည်။ ထိုအယူအဆသည် တစ်ကိုယ်ကောင်းဆန်၍ အတ္တအဓိကဝါဒဖြစ်သည်။ ချစ်သူကိုလည်း သစ္စာဖောက်၍ လက်ထပ်ယူရမည့်သူအပေါ်တွင်လည်း မတော်မတရား မရိုးသားခြင်းဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာ ချစ်သူကိုရော၊ လက်ထပ်မည့်သူကိုပါ သစ္စာမဲ့ခြင်း၊ စော်ကားခြင်းဖြစ်သည်။

•

## အငိုလွယ်၍ အရှိုက်ခက်

မရိုးဖြောင့်ခြင်း၊ စေတနာမလှခြင်း၊ သစ္စာမရှိခြင်းတို့သည် တကယ့်ဘဝတွင် ကောင်းကျိုးမရဘဲ ဒုက္ခဖြစ်တတ်သည်။ ချစ်သူကို လရောင်အောက်တွင်ရှာပြီး လက်ထပ်ရမည့်သူကို နေရောင်

အောက်တွင် ရှာမည်ဆိုရာတွင် အပြောလွယ်သော်လည်း အလုပ်ခက်သည်။ အငိုလွယ်၍ အရှိုက်ခက်တတ်သည်။ ချစ်သူသည် သက်မဲ့ရုပ်မဟုတ်။ လူဖြစ်သည်။ ကိုယ်က လရောင်အောက်မှာ ထားခဲ့ချင်သော်လည်း သူက အေးအေးဆေးဆေး နေခဲ့လိမ့်မည်ဟု မျှော်မှန်း၍မရ။

မိမိက အတ္တအကျိုးစီးပွားကိုသာကြည့်ပြီး သူ့ကိုစွန့်ခွာခဲ့ချင်သော်လည်း သူက အခွာမခံဘဲကပ်နေလျှင် အကျပ်တွေ့တတ်သည်။ လူသိရှင်ကြားနှင့် အရှက်တကွဲ အကျိုးနည်းဖြစ်တတ်သည်။ လက်ထပ်ယူသည့်သူကလည်း မေတ္တာမပါဘဲ ကိုယ်ကျိုးအတွက် လက်ထပ်ခြင်းအပေါ်မှာ ကြည်နူးသာယာစိတ် ဖြစ်နိုင်မည်မဟုတ်။ အတိတ်၏အရိပ်များသည် အိမ်ထောင်သည်ဘဝတွင် ထင်ဟပ်၍ မကြည်မဖြူနှင့် ငြူစူ စက်ဆုပ်စရာများ ဖြစ်တတ်သည်။

ဆရာကြီးလယ်တွင်းသားစောချစ်၏ တော်လှန်သော ရေးသားချက်ကို ဖော်ပြပြီးနောက် အတ္တကျော်၏ နှလုံးသားဖြင့်ရေးသည့် တော်လှန်သော ရေးသားချက်ကို သားငယ်သမီးငယ်များ ပဲ့ပြင်ထိန်းကျောင်းခြင်း အနုပညာ စာအုပ် စာမျက်နှာ ၂၇၈ မှစ၍ အရေးကြီးသော အချက်အလက်များကို ထုတ်နှုတ် တင်ပြပါမည်။

## ပုံရိပ်ပျက်

အဖေနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ တော်တော့်ကိုအစာမကျေ ဖြစ်ခဲ့တဲ့ အကြောင်း ကျွန်တော့်စာကို တော်တော်ဖတ်ဖူးတဲ့ ပရိသတ်များအားလုံး အသိဖြစ်ပါလိမ့်မယ်။ ကျွန်တော့်အတွက် အဖေဆိုတဲ့ ရုပ်ပုံလွှာဟာ ထိတ်လန့်စရာ၊ ကြောက်ရွံ့စရာ၊



စက်ဆုပ်စရာ အတိနဲ့ ပြီးနေခဲ့ပါတယ်။ အမေ့ကို တရားလွန်ရိုက်နှက်နှိပ်စက်တာ၊ ကျွန်တော့်ကိုလည်း သံမဏိစည်းကမ်းနဲ့ အုပ်ချုပ်ပြီး ထစ်ခနဲရှိ ရိုက်တတ်တာများဟာ အဖေနဲ့ ကျွန်တော့်ကြားက စည်းနှောင်အားကို အကြီးအကျယ်လျော့ပါးစေခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် စက်တင်ဘာလအတွင်းမှာ အဖေ ပျောက်သွားတယ်။ သေသည်၊ ရှင်သည် မသေချာပေမယ့် ကျွန်တော့်ဘဝထဲမှာ အဖေမရှိတော့ဘူးဆိုတဲ့အသိနဲ့ အဲဒီအချိန်က ၁၉ နှစ်ပြည့်ခါနီး ကျွန်တော်ဟာ အပျော်ကြီး ပျော်ခဲ့ဖူးပါတယ်။ ဘေးကလူတွေကဆိုရင် အပျော်လွန်နေတဲ့ ကျွန်တော့် မျက်ခွက်ကိုကြည့်ပြီး သွားလေသူဟာ ကျွန်တော့်အဖေအရင်းမှ ဟုတ်ပါလေစလို့ မေမေ့ကို တိုးတိုးကပ်မေးယူရတဲ့အထိပါ။

ယနေ့ဆိုလျှင် အဖေမရှိခဲ့တာ နှစ်အစိတ်ကျော်လို့ ၂၆ နှစ်ထဲ ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ။ မနေ့တစ်နေ့ဆီကအထိ ကျွန်တော့်ဆီမှာရှိနေတဲ့ ဖအေနဲ့ပတ်သက်လို့ခံစားချက်များဟာ အစိုင်အခဲတစ်စုလို ခိုင်မာနေဆဲပါပဲ။ ကျွန်တော့်ဘဝမှာ အဖေ့ရဲ့အရိပ်တွေ ပြယ်လွင့်မသွားသေးသလို ကျန်ရှိနေမှာလည်း အသေအချာပါပဲ။

ကျွန်တော့်ကို တော်တယ်လို့ သတ်မှတ်ရင် ကျွန်တော်အဲလို တော်နေတာဟာ အဖေ့ကြောင့်ပါ။ ကျွန်တော့်ကို ညံ့တယ်လို့ သတ်မှတ်မယ်ဆိုရင်လည်း အဲလိုညံ့တာဟာ အဖေ့ကြောင့်ပဲဖြစ်ပါတယ်။ စာဖတ်သူများ မျက်မှောင်ကုပ်သွားသလား မသိဘူး။ ကျွန်တော်ပြောပါရစေ။

ကျွန်တော့်အဖေဟာ အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမမပွေပါဘူး။ သူ့ဘဝသူ အတတ်နိုင်ဆုံး ဖြူစင်ကောင်းမွန်အောင်

ထူထောင်ခဲ့တဲ့သူပါ။ သူ့ရဲ့ တစ်ဦးတည်းသောသား ကျွန်တော့်ကိုလည်း စာရိတ္တဘက်မှာခိုင်အောင် ပျိုးထောင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အကြမ်းဖက်တဲ့နည်းနဲ့ အုပ်ချုပ်မှုဟာ ပြောင်းပြန်အကျိုးသက်ရောက်မှုတွေကိုသာဖြစ်စေခဲ့တဲ့အတွက် ကျွန်တော့်ကျတော့ အရက်ကောင်းကောင်း သောက်တတ်တယ်။

ဖဲလည်း တစ်ဖက်ကမ်းခတ်ရိုက်တတ်တယ်။ မိန်းမမှုကိုလည်း အလွန့်အလွန်ကို ဝါသနာကြီးလှပါတယ်။ နောက်တစ်ချက်က အဖေက ပညာ ကောင်းကောင်း သင်ခွင့်မရခဲ့သူပါ။ အဲတော့ သူက ပညာကို အလေးအနက် တန်ဖိုးထားတယ်။ ကျွန်တော့်ကိုလည်း သိပ်ပညာတတ်စေချင်ပါတယ်။ ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်စေချင်ပါတယ်။

သည့်အတွက်လည်း ကျွန်တော့်ကို အကြမ်းဖက်တဲ့နည်းနဲ့ ဖွတ်လုပ်ယူခဲ့ပြန်တယ်။ ယုတ်စွအဆုံး ကျောင်းစာမဟုတ်တဲ့ အပြင်စာကို ဖတ်တာမျိုးကအစ အားမပေးပါဘူး။ အကျိုးဆက်အဖြစ်ကတော့ ကျွန်တော်ဟာ အဖေ ဖြစ်စေချင်သလို ဆရာဝန် အင်ဂျင်နီယာတစ်ယောက် ဖြစ်မလာဘူး။ ကျွန်တော့်ဘဝကို သူဖြစ်စေချင်သလို မဖြစ်စေဘဲ ကျွန်တော့်ဘာသာ ဖြစ် ချင်သလိုဖြစ်အောင် ထူထောင်ခဲ့ပါတယ်။

သည့်အတွက် ကျွန်တော့်နည်းနဲ့ကျွန်တော် အဖေမဖြစ်စေချင်တဲ့ဘက်မှာ ထက်နေအောင်၊ တော်နေအောင်ကြိုးစားယူခဲ့တဲ့အတွက် ကျွန်တော် တော်တယ်ဆိုရင်လည်း အဖေ့ကြောင့်လို့ ပြောရတာဖြစ်ပါတယ်။ အဲသလို တော်တဲ့ကြားကပဲ မဟုတ်တာတွေလုပ်ဖို့ ဝန်မလေးတာ၊ အမှုစုံပွေတာဟာလည်း အဖေ့ရဲ့ အကြမ်းဖက်မှုနဲ့ သင်ကြားတဲ့ စာရိတ္တနဲ့ ထက်မြက်မှု အဆက်



အစပ်ကို ကျွန်တော်တွန်းလှန်ရိုက်ချိုးတဲ့ သဘောဖြစ်ကြောင်း အခုအခါမှာ တော်တော်လေး သဘောပေါက်လာပါပြီ။

အတိုဆုံး ပြောရရင်တော့ ကျွန်တော့်ဘဝမှာ ကျွန်တော် ပြုနေသမျှကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဟာ မရှိတော့တာ ၂၆ နှစ်နီးပါး ရှိပြီဖြစ်တဲ့ အဖေရဲ့ ရိုက်ခတ်မှုတွေပါပဲ။ ကျွန်တော့်မသိစိတ်မှာ ကိန်းနေတဲ့အဖေ့အပေါ်မကျေနပ်မှု၊ အဖေမှားတယ်လို့ သက်သေပြလိုမှုများနဲ့ ကျွန်တော်ဟာ ဘဝကို ပင်ပန်းဆင်းရဲခြင်းကြီးစွာ ဖြတ်ကျော်ရင်း အခုဆို လူလတ်ပိုင်းကို ကောင်းကောင်းကြီးဖြတ်သန်းလာခဲ့ပြီ။ အဖေမရှိတော့တာ သိပ်ကိုကြာလှပြီဖြစ်သည့်တိုင် အဖေ့ကို ကျွန်တော် သက်သေပြလို့ မဆုံးသေးဘူး။

အရက်သောက်ရင် ဘဝပျက်တယ်လို့ အဖေထင်တယ် မဟုတ်လား။ ဟောသည့်အဖေ့သား ကျွန်တော် လူမှန်းသူမှန်း မသိလောက်အောင် သောက်နေတယ်လေဗျာ၊ ဘယ်မှာ ဘဝပျက်လို့တုံး။

တစ်ကိုယ်ရေ စိတ်ဖြေတာကို လူညွန့်တုံးသွားမယ်၊ လူစဉ်မမီဖြစ်သွားမယ်လို့ အဖေရိုက်ဆုံးမခဲ့တယ်မဟုတ်လား။ ရည်းစားထားရင်လည်း ဘဝကို ထိခိုက်လိမ့်မယ်လို့ ဆုံးမခဲ့သေး မဟုတ်လား။ ဟောသည်မှာ အဖေ့သား ကျွန်တော် မိန်းမတကာနဲ့ ထည်လဲတွဲပြီး နေချင်သလို နေနေတယ်လေဗျာ၊ ဘယ်မှာ လူညွန့်တုံးလို့တုံး။ လူစဉ်ကလည်း မီလွန်းလို့ ဝီဝီဝီဝီနဲ့တောင် နေသေးသဗျ။

ဆရာဝန်၊ အင်ဂျင်နီယာဖြစ်မှ လူတန်းစေ့မယ်လို့ အဖေယူဆပြီး ကျွန်တော့်ကို တုတ်မိုးလို့ စာကျက်ခိုင်းခဲ့တယ် မဟုတ်

လား။ ဟောသည်မှာလေ အဖေ့သား ကျွန်တော် ဆရာဝန်လည်း မဟုတ်၊ အင်ဂျင်နီယာလည်း မဖြစ်ပေမယ့် သူတို့တွေထက် အပုံကြီးသာတဲ့ဝင်ငွေနဲ့ အပုံကြီးသုံးစွဲနိုင်တယ်လေဗျာ။

အပြင်စာတွေ အဖတ်များရင် ကျောင်းစာကို ထိခိုက်တယ် ဆိုဗျ။ ဟောသည်မှာ အဖေ့သားကျွန်တော် ဘွဲ့တွေလည်းတစ်သီကြီး ရထားပါသဗျား။ စာတွေလည်း တတ်ပါ့ဗျား။ ဒါပေမဲ့ အပြင်စာဖတ်တာလည်း တစ်စက်မှ မလျှော့ခဲ့တဲ့အတွက် ဟော၊ အခုဆို စာပေနယ်မှာ နေရာသေးသေးလေး တစ်နေရာ ရထားတဲ့ စာရေးသူတစ်ယောက်တောင်ဖြစ်လာတာတွေ့ပြီလားဗျ..။

မင်း သားသမီးတွေ မွေးလာတဲ့အခါကျ ငါ့ဝဋ်တွေ လည် လိမ့်မယ် လို့ အဖေပြောခဲ့တယ် မဟုတ်လား။ ဟား..ဝေး ပါသေးရဲ့ဗျာ။ ကျွန်တော့် သားသမီးတွေကို တုတ်တစ်ချက်မသုံးဘဲနဲ့ လိမ္မာအောင် ကျွန်တော် သွန်သင်ထားသဗျ။ သူတို့နဲ့ ကျွန်တော့်ကြားက ချစ်ခြင်းမေတ္တာကို အရင်းတည်တဲ့ စည်းနှောင်အားက အဖေနဲ့ ကျွန်တော့်ကြားက အကြောက်တရားကို အားပြုထားတဲ့စည်းနှောင်အားထက် အဆပေါင်း ထောင်သောင်းမက သာလှသဗျား။

သည်စကားတွေကို အသံထွက်ပြီး တစ်ခါမှ ကျွန်တော် မပြောခဲ့ပါဘူး။ ဒါပေမဲ့ ကနေ့ကာလစိတ်ပညာကို အတော်အတန် ငုံမိလာတဲ့အခါမှာတော့ သည်စကားတွေကို ကျွန်တော့်အသိစိတ်နဲ့ တစ်လုံးတစ်ပါဒမျှမပြောခဲ့မိပေမယ့်လည်း ကျွန်တော့် မသိစိတ်ကတော့ အခါမလပ် အသံကုန်ဟစ်နေခဲ့မှန်း ရိပ်စားမိခဲ့ပါပြီ။

ဒါကြောင့်လည်း အစမှာ ရေးခဲ့သလို ကျွန်တော် တော်တာ၊ ညံ့တာ၊ ထက်မြက်တာ၊ သိမ်ဖျင်းတာ အားလုံးအတွက် အဖေ့မှာ



တိုက်ရိုက်မဟုတ်တောင် သွယ်ဝိုက်သောနည်းနဲ့ တာဝန်ရှိနေပါ လိမ့်မယ်။ အစမှာ ရေးခဲ့တဲ့အတိုင်းပါပဲ။ မနေ့တစ်နေ့ကအထိ အဖေနဲ့ပတ်သက်တဲ့ အစိုင်အခဲဟာ ကျွန်တော့်ရင်ထဲမှာ ထုနဲ့ ထည်နဲ့၊ အုံနဲ့ကျင်းနဲ့ တင်ကျန်နေဆဲပါ။

တစ်နည်းပြောရရင် အဖေ့ကိုကျွန်တော် ခွင့်လွှတ်လို့ မရခဲ့ပါဘူး။ အဖေ မရှိတဲ့နောက် (၁၂)နှစ်နီးပါးကြာတဲ့အထိ အမေနဲ့ နေလိုက်ရတဲ့အခါ အဖေ ဘာ့ကြောင့် တစ်ချိန်လုံး ပေါက်ကွဲနေတယ်ဆိုတာကို ရေးတေးတေးလေး သဘောပေါက်လာခဲ့တယ်။ အဖေ့ကို အထိုက်အလျောက် နားလည်ခဲ့တယ်။ ဒါပေမဲ့ ခွင့်လွှတ်လို့တော့ မရတာအမှန်ပါ။

တစ်နေ့ကတော့ ကျွန်တော့် အဲသည်အစွဲတွေကို ခြေဖျက်ပေးတဲ့သူ တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူကတော့ အမေ့ကိုယ်ပွားလို့တောင် ဆိုနိုင်ပါတယ်။ အမေ့ကိုယ်ပွားလို့ဆိုလိုက်လို့ အမေနဲ့ ဘာတော်သလဲမေးရင် ဘာမှမတော်ပါဘူး။ သူက အမေ့လိုပဲ မိန်းမသားဖြစ်နေတာ တစ်ခုပဲ။ သူ့အမည်ကို မနိုင်လို့ပဲ အလွယ်ပြောကြပါစို့ရဲ့။

အဲသည် မနိုင်ကို ကျွန်တော်သိတာလည်း နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ ဇနီးအဖြစ် သိကျွမ်းခဲ့တာပါ။ သူတို့လင်မယားနဲ့ ကျွန်တော်ဟာ တစ်ချိန်က နှစ်အိမ်တစ်အိမ် ကူးလူးရင်းနှီးခဲ့ကြပါတယ်။ ဒါပေမဲ့ တွေ့ဆုံကြကွဲဆိုတဲ့ လောကတံထွာအတိုင်း ကျွန်တော် အိမ်ထောင်ကျပြီးတဲ့ နောက်ပိုင်းမှာ မိတ်ဆွေသူငယ်ချင်းပေါင်းများစွာကို ကွာရှင်းပြတ်စဲလိုက်သလိုဖြစ်သွားခဲ့တာမို့ မတွေ့တာလည်း ဆယ်စုနှစ် တစ်ခုကို ကျော်သွားခဲ့ပါတယ်။

တလောဆီကတော့ ပြန်ဆုံဖြစ်ကြတယ်။ ကျွန်တော့်ဘဝလည်း အတန်အသင့် အနည်ထိုင်လာပြီမို့ မိတ်ဆွေဟောင်းတွေနဲ့ ပြန်ပေါင်းထုပ်နေတဲ့ ကာလပါ။ မခိုင်ရဲ့ သားသမီးတွေကလည်း ကျွန်တော့်ကလေးတွေနဲ့မတိမ်းမယိမ်းလေးတွေဖြစ်တော့ ကလေးချင်းလည်း ခဏချင်း ရင်းနှီးသွားပြီး အတူ ဆော့ကစားတတ်ကြပါတယ်။ သည်မှာတင် မခိုင်က သူတို့အိမ်ထောင်ရေးကို နုတ်သံနှောတော့တာပါ။

ဟိုး . . လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကအတိုင်း တစ်စက်ကလေးမှ မပြောင်းလဲသေးတဲ့ မခိုင်ကိုကြည့်ပြီး ကျွန်တော် သံဝေဂရနေမိပါတယ်။ ကျွန်မ ဘာတစ်ခုမှ မမှားဘူးဆိုတဲ့ အယူ အဆကို ဖက်တွယ်ဆုပ်ကိုင်ထားတဲ့ မခိုင်ဟာ ကျွန်တော့် မျက်လုံးထဲမှာတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ က အသက် ၂၀ အရွယ် မိန်းကလေးတစ်ယောက်ပါပဲ။

နှစ်နှစ်ဆယ်ဆိုတဲ့ ဇရာက တိုက်စားဝါးမျိုသွားလို့ ရုပ်ပိုင်းသာ တိတိပပ ပြောင်းလဲလာခဲ့ပေမယ့် သူ့စိတ်ကိုတော့ ဇရာက သွန်သင်နိုင်စွမ်းမရှိသေးတာ မြင်လိုက်ရတဲ့အခါ တအံ့တဩဖြစ်မိရပါတယ်။

"ကျွန်မ ပိုက်ဆံတွေနဲ့ အခုလိုစီးပွား ဖြစ်လာတာ"

"သူ့ . . ကျွန်မကို ယူတုန်းက သူ့မှာ ဘယ်နှစ်ပြား ပါလာလို့တုံး"

"ကျွန်မ မိဘလက်ထဲမှာ ဘယ်လိုနေခဲ့ရတယ်ဆိုတာ ရှင်အသိဆုံးနော်၊ ကျွန်မဟာ သူဌေးသမီးပဲ၊ ကောင်းကောင်းနေတတ်၊ စားတတ်တာပေါ့။ သူ့သောက်မျိုးတွေနဲ့ ဘယ်ယှဉ်လို့ရမလဲ"



"အလကား အစွမ်းအစမရှိတဲ့ သိုက်သမား"

အဲဒါ မခိုင်ရဲ့ စကားတွေထဲက ကောက်နုတ်ထားတာ တချို့ပါ။ သူ ပြောနေတဲ့ သူက သူနှစ်နှစ်ဆယ်ကျော်ကျော် ပေါင်းသင်းခဲ့တဲ့ ပေါင်းသင်းနေဆဲ သူ့ခင်ပွန်း၊ တကယ်တော့ သူ့ခင်ပွန်း ကျွန်တော့်သူငယ်ချင်းဟာ အခုအခါမှာ ကျိုကျိုတက်နေတဲ့သူတစ်ယောက်ပါ။ စီးပွားရေးမှတစ်ပါး ဘာကိုမှ အာရုံမရှိသူမျိုးလည်း ဖြစ်ပါတယ်။ အရက်ဆိုလည်း တစ်စက်မှမသောက်တတ်ပါဘူး။ ဖဲလည်းမရိုက်ပါဘူး။ မိန်းမမှုဆိုလည်း ကင်းလိုက်တာ ရှင်းလို့။ ယုတ်စွအဆုံး သူအင်မတန်ကြိုက်တဲ့ စီးကရက်ကို ဖြတ်ထားတာတောင် ၁၄– ၅နှစ်ရှိပါပြီ။ အဲသလိုလူပါ။ ဒါပေမဲ့ နှစ်နှစ်ဆယ်တိုင်ခဲ့တဲ့ သူတို့ အိမ်ထောင်ရေးကတော့ တစ်စက်ကလေးမှ မသာယာပါဘူး။ သည်လောက် ကျိုကျိုတက်နေတဲ့ကြားက စိတ်ဆင်းရဲနေတဲ့ လင်မယားနှစ်ယောက် ရှိပါတယ် ဆိုရင် ဘယ်သူက ယုံမှာလဲ။ ဒါပေမဲ့ အဲဒါအမှန်ပါ။

မခိုင်ဟာ ကျွန်တော့်ဆီကို လေးရက်ဆက်တိုက် ရောက်လာပါတယ်။ တစ်ခါလာရင် အနည်းဆုံး ခြောက်နာရီ ကြာပါတယ်။ အဲသည့်ခြောက်နာရီ လုံးလုံးမှာ သူပြောချင်တာတွေကို တရစပ်ပြောတော့တာပါ။ မျက်ရည်ထွက်တဲ့အခါထွက်၊ ဒေါသထွက်တဲ့အခါထွက်၊ မျက်နှာနေမျက်နှာထား အမျိုးမျိုး ဟန်ပန်အမူအရာ အမျိုးမျိုးနဲ့ ပြောသွားတာပါ။

ကျွန်တော် သူ့ကိုကြည့်ရင်း မောလွန်းမက မောနေမိတယ်။ ကျွန်တော်က အိမ်ထောင်ရေး၊ လူမှုရေးပြဿနာတွေကို ကိုယ့်ထမင်းကိုယ်စားပြီး အခမဲ့ ရှင်းပေးတာမို့လည်း ဒါကို စိတ်ရှည်ရှည် နားထောင်ပေးနေမိတာပါ။ ကျွန်တော့်ဘက်က ပြန်ဆွေးနွေး

တာတွေကတော့ သူ့နားထဲ တစ်လုံးမှ ဝင်ပုံမရပါဘူး။

ရွှေပြည်အေးတရားဟောရင်လည်း ကျွန်တော်သာဟောရင်း ပျံတော်မူသွားနိုင်တာကို ရိပ်စားမိလာတာနဲ့ သူ့ကို အသာလေး ကြည့်နေလိုက်ရပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့်သူငယ်ချင်း သူ့ခင်ပွန်းကို အတော်ကို သနားလာမိပါတယ်။ အဲဒါကို ပြောမိတော့ သူက ကျွန်တော့်ကို ဒေါသတကြီးနဲ့ ရှင်က ကျွန်မကိုကျတော့ မသနားဘူးပေါ့လို့ ချက်ချင်းပြန်ပြောလေရဲ့။

"ကိုယ့်စိတ်ကို မညစ်နွမ်း ညစ်နွမ်းအောင်၊ မပင်ပန်း–ပင်ပန်းအောင် အတင်းကိုလုပ်နေတဲ့ ခင်ဗျားကိုလည်း သနားတာပါပဲဗျာ"

လို့ ကျွန်တော် ပြန်ဖြေတော့ သူ သဘောပေါက်ပုံမရပါဘူး။ အသက်တွေ ကြီးလာပေမယ့် အသိက အလိုက်သင့် ကြီးမလာတဲ့ သူ့ကိုကြည့်ရင်းနဲ့ ကျွန်တော်ဟာ မေမေ့ကို ဖျတ်ခနဲ သတိရလိုက်မိပါတယ်။ မေမေနဲ့ မနိုင်နဲ့ ကြားမှာ တူတာတွေ အတော်များတာကို သတိထားမိတယ်။ မေမေလည်း မနိုင်လို ချမ်းသာတဲ့မိဘက ပေါက်ဖွားလာခဲ့တာပါ။ ဒါပေမဲ့ အိမ်ထောင်ကျတဲ့အခါကျတော့ မနိုင်လိုပဲ။

ဘာကိုမှ စူးစမ်းတွက်ချက်ချိန် မရလိုက်ဘဲ ချစ်ခြင်းလို့ ထင်တာလေးတစ်ခုကိုသာ အားပြုပြီး သူ့မိဘရဲ့ ကြွယ်ဝမှုကို မယှဉ်သာသူနဲ့မှ ညားဖြစ်သွားတာလည်း အတူတူပါပဲ။ တကယ့်တကယ် အိမ်ထောင်ရေးလမ်းခရီးကို ရောက်တဲ့အခါကျတော့လည်း မိဘလက်ထဲမှာတုန်းက ရွှေထီးဆောင်းခဲ့တာတွေကို မမေ့နိုင်၊ လင်လုပ်သူရဲ့ အစွမ်းအစကို အသိအမှတ်ပြုဖို့ ဝေးနေပြီး ငါ့ပစ္စည်းတွေနဲ့ သင်း လူမွေးလူရောင် ပြောင်နေတာဆိုတဲ့



အတွေးကို ပိုးမွေးသလို မွေးထားတဲ့နေရာမှာလည်း မနိုင်နဲ့ ကျွန်တော့်မေမေဟာ တစ်ထပ်တည်းပါပဲ။

ဒါကို တွေးမိတဲ့အခါ မနိုင်ရဲ့အစွဲကို ချွတ်ဖို့ အင်မတိအင်မတန် ခဲယဉ်းလှတာကို ကျွန်တော် ရိပ်စားမိလာပါတယ်။ သူတို့အိမ်ထောင်ရေးရဲ့ ပြေလည်မှုလမ်းစကို သူ့ဆီကဖြင့် ဘယ်လိုမှရှာလို့ မရနိုင်ဘူးဆိုတာလည်း ကောက် ချက်ချလိုက်ရတယ်။ သူ့ခင်ပွန်း ကျွန်တော့်သူငယ်ချင်းကိုသာ သဘောထားကြီးကြီးနဲ့ အိမ်ထောင်ရေးကို အဖတ်ဆည်နိုင်းရမှာလို့ မြင်လာတယ်။

ကနေ့အခါမှာ အသက် (၇၄)နှစ် တင်းတင်းပြည့်ခဲ့ပြီးဖြစ်တဲ့ ကျွန်တော့်အမေမှာတောင် ငါ့ပိုက်ဆံ၊ ငါ့ပစ္စည်း။ ငါ့မိဘ ချမ်းသာတယ်ဆိုတဲ့ အစွဲတွေ မပျောက်သေးတာ၊ မေမေ့ထက် အနှစ်သုံးဆယ်ကျော်ငယ်ရွယ်တဲ့ မနိုင်မှာ သည်အစွဲတွေ ရှိနေဦးမှာလည်း သဘာဝပဲလို့ တွေးမိလာတာရယ်၊ စိတ်မကောင်းတာကတော့ မနိုင်ရဲ့ သားသမီးလေးတွေအတွက်ပါ။

ကလေးတွေဟာ ကျွန်တော့်ရဲ့ အဓိက စိတ်ဝင်စားမှုဖြစ်ပါတယ်။ ဒါ မနိုင်ရဲ့ကလေးတွေမှမဟုတ်ပါဘူး။ ဘယ်ကလေးကိုပဲဖြစ်ဖြစ် ကျွန်တော် စိတ်ဝင်စားတယ်။ ကလေးတွေအတွက် ရင်းနှီးမြှုပ်နှံတာဟာ အနာဂတ်အတွက်ကြိုတင်ပြင်ဆင်ခြင်းမည်ပါတယ်။ အာရှမှာ ပထမဦးဆုံးပေါ်လာတဲ့ ကျားလေးကောင်ဆိုတဲ့ နိုင်ငံလေးနိုင်ငံမှာ စီးပွားရေး အရှိန်အဟုန် တစ်ဟုန်ထိုး မြှင့်တက်လာခဲ့တာ။

သူတို့နောက်က ကပ်လိုက်လာတဲ့ တခြားအာရှနိုင်ငံတွေလည်း စီးပွားရေးအင်အား ခိုင်မာတောင့်တင်းလာခဲ့တာဟာ ၁၉၅၀ ပြည့်လွန်နှစ်များဆီက ကလေးတွေအတွက် ဖိဖိစီးစီး

ရင်းနှီးမြှုပ်နှံခဲ့လို့သာဖြစ်ရတာလို့ ကမ္ဘာ့စီးပွားရေးပညာရှင်အားလုံးက တစ်ညီတစ်ညွတ်တည်း အဖြေထုတ်ပေးခဲ့ကြပါတယ်။

ကျွန်တော်ဟာ ဖခင်တစ်ယောက်နေရာကို ရောက်ရှိလာတဲ့အခါမှာ ကလေးကိစ္စကို စတင်စိတ်ဝင်စားခဲ့ပါတယ်။ ဖခင်ဘဝကို မရောက်ခင် စာရေးသူဘဝအစဦးမှာ နိုင်ငံကျော်မင်းသားဝင်းဦး ကွယ်လွန်တိမ်းပါးသွားတဲ့အခါ ဝင်းဦးနဲ့ ပတ်သက်ခဲ့ဖူးသူတွေကို တွေ့ဆုံမေးမြန်းပြီး မင်းသားကြီးရဲ့ အတိတ်ကို ခြေရာခံခဲ့ဖူးတာကိုလည်း စာဖတ်သူတချို့ မှတ်မိကောင်း မှတ်မိနေဦးမယ်ထင်ပါတယ်။

သည်အခါမှာ ဝင်းဦးဆိုတဲ့ တစ်ခေတ်တစ်ယောက်သမားကြီး ထူးထူးခြားခြား ပေါ်ထွက်လာဖို့ ကျွန်တော့်မာန်နဲ့ ကျွန်တော်အဲတုန်းက ရေးလက်စကို တိခနဲ ဖြတ်ချလိုက်တာဖို့ စာဖတ်သူများကို ပြည့်စုံအောင် တင်ပြနိုင်ခဲ့ခြင်း မရှိပေမယ့် ဝင်းဦးရဲ့ငယ်ဘဝက ဘယ့်ကလောက် ရိုက်ခတ်လွှမ်းမိုးနေသလဲဆိုတာတော်တော့်ကို အတွင်းကျကျ သိလိုက်ရပါတယ်။

လူငယ်တွေရဲ့ ငယ်ဘဝနဲ့ သူတို့ရဲ့ လူကြီးဘဝ ဖြစ်တည်မှုအဆက်အစပ်ကို စတင်သတိထားမိတာလို့ ဆိုနိုင်ပါတယ်။ သည်မှာတင် ကိုယ့်ကိုယ်ကိုလည်း ပြန်သုံးသပ်၊ တခြားသူတွေကိုလည်း တစေ့တစောင်း အကဲခတ်၊ ဖတ်စရာရှိတာတွေကိုလည်း လက်လှမ်းမီသလောက် နင်းကန်ဖတ်ရင်းကနေ ကလေးသူငယ်စိတ်ပညာဆိုတဲ့ ဘာသာရပ်ကို တော်တော်လေး တီးခေါက်မိလာပါတော့တယ်။

ဒါကြောင့် ဘယ်မိသားစု ပြဿနာကိုပဲ စဉ်းစားစဉ်းစားကလေးတွေကို ဦးစားပေးပြီး ကြည့်မိတာချည်းပါပဲ။ အခုလည်း



မခိုင်ရဲ့ သားသမီးလေးတွေကို ဂရုထားကြည့်လိုက်တဲ့အခါ ထင်တဲ့အတိုင်း ကလေးတွေမှာလည်း စိတ်အနာတရလေးတွေကိုယ်စီနဲ့ မှုမမှန်လှတာကို တွေ့ရပါတယ်။ သူတို့အဖေနဲ့ ပတ်သက်တဲ့ခံစားချက်ကို မေးစမ်းကြည့်တဲ့အခါမှာတော့ သူတို့ဟာ ဖအေကိုလုံးလုံး မချစ်ဘူးဆိုတာကို အထိတ်တလန့် ကြားလိုက်ရတယ်။

အမေသည်သာ သူတို့ကမ္ဘာဆိုတာလည်း နားလည်လိုက်တယ်။ သည့်ထက်ဆိုးတာက အမေရိုက်သွင်းထားတဲ့ အသိကြောင့် တစ်နေ့နေ့မှာ အဖေ့စိတ်ကို ထိခိုက်အနာတရဖြစ်အောင် မလွှဲမသွေ လုပ်ရမယ်ဆိုတဲ့ အသိကြီးကလည်း ကလေးတွေရဲ့ရင်ထဲမှာ စွဲနေတယ်။

"ဘုရား . . ဘုရား"

ဘယ်လိုအမေတုံး။ ကျွန်တော် အလန့်တကြားနဲ့ မခိုင်ကို မေးခွန်းထုတ်လိုက်မိတယ်။

"ဒါကတော့ ပါးရိုက်ရင် နားကိုက်ရမှာပဲရှင့်။ သူ ကျွန်မခံစားရအောင် တစ်သက်လုံး လုပ်ခဲ့တယ်။ အဲတော့ တစ်နေ့ကျသူလည်း ကျွန်မခံစားရသလို ပြန်ခံစားရအောင် ကျွန်မ ထောင့်စေ့စေ့နဲ့ အကွက်ချပြီးကို ကြိုတင်ပြင်ဆင်နေတာ။ သူကျဆုံးတဲ့နေ့မှာ သူအင်မတန်ချစ်တဲ့ သူ့သားသမီးတွေက သူ့ကိုတစ်စက်ကလေးမှ မချစ်ဘူး။ ဂရုမစိုက်ဘူး။ မကြည့်ဘူးဆိုရင် သူ ဘယ်လောက် ဦးကျိုးသွားမလဲ၊ မချိမဆန့် ဖြစ်သွားမလဲ၊ အဲလိုဖြစ်အောင်ကို ကျွန်မသေချာစီစဉ်နေတာ။ ကလေးတွေကို သွန်သင်နေတာ"

ကျွန်တော် ကြက်သီးတွေ ဖျန်းခနဲထသွားတယ်။ ရှူသုဘဒ္ဒါကိုလည်း သတိရလိုက်မိတယ်။

"ရှင်… ကျွန်မကို တရားပြ နားချဖို့ မကြိုးစားနဲ့၊ ကျွန်မကို မုဆိုးတစ်ပိုင်းမိန်းမရိုင်းလို့ ရှင်ထင်လည်း ကျွန်မဂရုမစိုက်ဘူး။ ကျွန်မ သူနဲ့ရန်မဖြစ်တော့ဘူး။ သူ့ကိုပြဿနာလည်း မရှာတော့ဘူး။ ကျွန်မစိတ်ကို ကျွန်မညှဉ်းဆဲရင် ကျွန်မပဲ အသက်တိုမယ်။ ကျွန်မအသက်တိုရင် သည်ကလေးတွေဘဝမှာ ထိခိုက်မယ်။

"ကျွန်မ အကြီးအငယ်တွေ အထမြောက်တဲ့အထိ အေးအေးဆေးဆေး အချိန်ယူပြီး လုပ်စရာတွေ ကျွန်မမှာ အများကြီးကျန်သေးတယ်။ ကျွန်မ အသက်ရှင်နေမှဖြစ်မယ်။ သူခံစားရတာကို ဟောသလို မြိန့်မြိန့်ကြီး ပြုံးပြီး လက်ပိုက်ကြည့်နေချင်သေးတယ်ရှင့်"

ကျွန်တော် တော်တော်ကြီး ဖျားသွားတယ်။ အခုမှ ၁၂ နှစ်သာသာ ရှိသေးတဲ့ သူ့သမီးနဲ့ ခြောက်နှစ်သာရှိသေးတဲ့ သူ့သားလေးတို့ရဲ့မျက်နှာလေးတွေကိုကြည့်လိုက်တယ်။ ခြောက်နှစ်သားလေးမှာတော့ ကလေးတစ်ယောက်လို ပကတိရိုးသားဖြူစင်နေတာလေးကို တွေ့နေရသေးတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေထဲမှာ စိုးရွံ့ထိတ်လန့်မှုလေးတွေကို မြင်နေရတယ်။

နုနယ်လှသေးပေမယ့် အလိုက်အထိုက်နေရမယ်ဆိုတဲ့ ဘဝပေးအသိနဲ့ နေတတ်တဲ့ စရိုက်ကလေးတွေကိုလည်း ကျွန်တော် သတိထားမိနေတယ်။ ၁၂ နှစ်သမီးရဲ့ မျက်နှာကတော့ မဖြူစင်တော့ဘူး။ အနိုင်လိုချင်တဲ့စိတ်တွေ၊ သွေးအေးအေးနဲ့ ကြမ်းကြုတ်မယ့် အရိပ်အရောင်တွေကို သူ့မျက်လုံးတွေထဲမှာ မြင်နေပြီ။

သမီးတစ်ယောက်အနေနဲ့ မအေကိုချစ်တာ သဘာဝကျပေမယ့် သူက ဖေဖေ့ကို နည်းနည်းလေးမှမချစ်ဘူးလို့ အတိအလင်း



ဆိုနေခဲ့ပြီး အဲသည်နေ့ ညနေက သူတို့တွေ တော်တော်ကြီးညဉ့်နက်မှ ကျွန်တော့်အိမ်ကပြန်သွားကြတယ်။ ကျွန်တော် တော်တော်နဲ့ အိပ်လို့မပျော်တော့ဘူး။ မခိုင်ရဲ့စကားတွေက ကျွန်တော့်ကို နှောင့်ယှက်နေတုန်းပဲ။

သူတို့လင်မယား ပြဿနာထဲမှာ ကလေးတွေကို ဆွဲထည့်ပြီး တည်ကြက် လုပ်နေတာကြီးက မဟုတ်သေးဘူးလို့ တွေးမိတယ်။ လက်ဦးဆရာမှာ အမိက အဘရဲ့ရှေ့ကအရင်လာတယ်။ ကလေးဆိုတာ မအေနဲ့အနီးကပ်ဆုံး၊ အရင်းနှီးဆုံး၊ အကျွမ်းအဝင်ဆုံး။ အဲသည် မအေက ကလေးတွေရဲ့ အဖေ အပေါ် ထားရှိတဲ့စိတ်ကို သူလိုချင်သလို ဝါဒဖြန့်လို့ရ၊ စည်းရုံးလို့ရနေတယ်။ ဒါကို မခိုင်က အပိုင်ကွက်အနေနဲ့ အသုံးချပြီး…

ကျွန်တော် ဆတ်ခနဲဖြစ်သွားတယ်။

"ဟင်"

ဒါဆို ဖေဖေနဲ့ပတ်သက်တဲ့ ကျွန်တော့်ခံစားချက်တွေကိုတော့ရော မေမေက သိစိတ်နဲ့ဖြစ်စေ၊ မသိစိတ်နဲ့ဖြစ်စေ၊ မခိုင်လို တမင်တကာဖြစ်စေ၊ မရည်ရွယ်ဘဲနဲ့ စိတ်မှတ်မဲ့ဖြစ်စေ အရောင်ဆိုးပေးခဲ့တာရော မဖြစ်နိုင်ဘူးလား။ ကျွန်တော် မခိုင်ရဲ့သားလေး အရွယ်တုန်းက မေမေ့ကို ပြောခဲ့ဖူးတယ်။

"မေမေရယ် သည်လူကြီးကို ကွာလိုက်ပါလားဗျာ၊ ကျွန်တော် မေမေ့ကို ရှာကျွေးပါမယ်"လို့။

သေချာတာတစ်ခုကတော့ မခိုင်ရဲ့ခင်ပွန်းဟာ ကျွန်တော့်အဖေလို အကြမ်းသမား မဟုတ်ဘူး။ အနုသမား။ စကားပြောတာကအစ တိုးတိုးသက်သက်နဲ့ ညင်ညင်သာသာ စကားလုံးအသုံးအနှုန်းတွေကလည်း ချေငံဖွယ်ရာလွန်းတယ်။ ဒါကိုတောင်

ကလေးတွေရဲ့ ရင်ထဲမှာ ဖအေအပေါ် မုန်းတီးစိတ်ဝင်အောင် မခိုင်တစ်ယောက် အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့သေးတာ။ ကျွန်တော့်အဖေက တစ်ချိန်လုံး ပေါက်ကွဲနေတဲ့လူ၊ မသိမ်မွေ့တဲ့လူ၊ စရိုက်ကြမ်းတဲ့လူ၊ ကျွန်တော့်အမြင်မှာတင် ဖေဖေဟာ ဘီလူးသဘက်တမျှကြောက်စရာကောင်းနေခဲ့တယ်။ ဒါကို မေမေက ဘေးတီးပုံဖျက်ပေးတဲ့အခါ ကျွန်တော့်ရင်ထဲမှာ ဖအေနဲ့ပတ်သက်တဲ့ ခံစားချက် မုန်သမျှဟာ အလုံးစုံ ခါးသီးနေတာရော မဖြစ်နိုင်ဘူးလား။

"ဟား ..."

ကျွန်တော် သိပ်ကိုတုန်လှုပ်သွားတယ်။

ဆိုခဲ့သလို အဖေမရှိတော့တာ နှစ်ပေါင်းအစိတ်ကို တိတိပပ ကျော်လွန်လို့ ၂၆ နှစ်ထဲကိုတောင် ရောက်လာခဲ့ပြီ။ ပထမဆုံး အကြိမ်အဖြစ် ဖေဖေနဲ့ ပတ်သက်လို့ ကျွန်တော်အရမ်း ထိခိုက်ကြေကွဲသွားရပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်သိပ်မှားခဲ့ပြီမှန်းလည်း သိလိုက်တယ်။

အားလုံးဟာ နှောင်းသွားခဲ့ပြီလေ။

ဖေဖေ့ကို ရည်စူးပြီး ကျွန်တော် ဦးခိုက်လိုက်မိတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့်အကြွေးကိုဖြစ်တဲ့နည်းနဲ့ ရတတ်သလောက် ဆပ်ချင်တဲ့စိတ်လည်း ပေါ်လာပါတယ်။

စာဖတ်သူလူကြီးမင်းခင်ဗျား

စာဖတ်သူ လူကြီးမင်းများဟာ သားသမီးတွေ ဖြစ်ကြမှာပါ။ တစ်ချိန်တည်းမှာ မိဘဖြစ်နေသူတွေ၊ မိဘဖြစ်အံ့မူးမူးတွေ၊ တစ်ချိန်မှာ မိဘဖြစ်လာမယ့် သူတွေလည်း ပါနေဦးမှာပါ။ စာဖတ်သူဟာ သားသမီးတစ်ယောက်အနေနဲ့ အမိအဘ တစ်ပါးပါး



အပေါ်မှာ ကျွန်တော့်နှယ် နာကျည်းစိတ်များ ဖြစ်ပေါ်နေတယ်ဆိုပါရင် သေချာပြန်ဆန်းစစ်ကြည့်ကြစေချင်ပါတယ်။

(၁) သူမွေးဖွား ကြီးပြင်းရတဲ့ ငယ်ဘဝ
(၂) သူ့ပညာအရည်အချင်း
(၃) သူ့စာဖတ်အားနဲ့ အသိဉာဏ် ရင့်ကျက်မှု
(၄) လတ်တလော သူတွေ့ကြုံရင်ဆိုင်နေရတဲ့ဘဝအမော
(၅) သူ့အလုပ်ခွင်က မွန်းကျပ်မှုတွေ၊ သူ့ဖောတွေ
(၆) သူ့အိမ်ထောင်ရေး ဗျာပါဒတွေ

ဒါတွေကို ထည့်စဉ်းစားပြီး သူ့ရဲ့ပေါက်ကွဲနေတတ်မှုကို နားလည်ပေးစေချင်ပါတယ်။ ကိုယ်ဟာ အလကားနေရင်း ဓါးစာခံဖြစ်ဖို့ သူ့မွန်းကျပ်မှုပေါင်းစုံအတွက် ကိုယ့်ကိုသာ ရမယ်ရှာဖို့ ဖြစ်နေတာကို သတိထားမိရင် ဆိုးရွားတဲ့ ကိုယ့်ကြမ္မာကိုသာ ရိုးမယ်ဖွဲ့ပြီး သူ့ကို ခွင့်လွှတ်လိုက်စေချင်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကိုယ့်ဘက်က သူ့အပေါ် တူးတူးခါးခါး မုန်းတီးတဲ့ စိတ်ကို ပိုလေးပင်အောင် ပင်းပေးတဲ့ ဘေးပယောဂတွေကိုလည်း ထည့်သွင်းတွက်ချက်ကြည့်ကြစေချင်ပါတယ်။ စာဖတ်သူဟာ မိဘတစ်ပါးဖြစ်နေရင်လည်း သည်အချက်တွေကြောင့် ဆုံးမတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မိမိကိုယ်ကို တရားချင်ယောင်ဆောင်ပြီး သားသမီးတွေကို အသားလွတ်နှိပ်ကွပ်ရင်း ပေါက်ကွဲနေမိသလားဆိုတာကို ဆင်ခြင်ကြည့်ကြစေချင်ပါတယ်။

ကိုယ်စိုက်တဲ့အပင်က အသီးကို ကိုယ်စားသုံးရမှာပါ။ ကိုယ်နှိပ်ကွပ်ထားတဲ့ သားသမီးက ကိုယ့်ကို တစ်နေ့ နားလည်လာလိမ့်မယ်၊ ချစ်ခင်မြတ်နိုးလာလိမ့်မယ်လို့ ဘယ်တော့မှ မမျှော်

လင့်ပါနဲ့။ သူတို့တတွေ မိဘဘဝရောက်လာတဲ့အခါကျ နားလည် လာမှာပါလို့ တွေးရင် အဲသည်အတွေးဟာ တက်တက်စင်အောင် မှားပါကြောင်း ကျွန်တော့်အဖြစ်က သက်သေခံနေပါတယ်။

တကယ်လို့ အထက်ကအချက်ခြောက်ချက်ထဲက တစ်ချက် ချက်ကြောင့် ပျက်ယွင်းနေတဲ့အနေအထားကို သည်ကနေ့ သည် အချိန်ကစပြီး သတိလေးနဲ့ ပြုပြင်ထိန်းသိမ်းသွားမယ်။ ကိုယ်ထိ လက်ရောက် နှိပ်ကွပ်မိသမျှကို ဆင်ခြင် ထိန်းသိမ်းနိုင်မယ်ဆိုရင် အချိန်မီနိုင်ပါသေးတယ်။

စာဖတ်သူဟာ မိခင်တစ်ယောက် ဖြစ်နေတယ်ဆိုပါရင် တော့ ကိုယ့်ရဲ့လင်သားအပေါ် မကျေနပ်မှု၊ အနိုင်ယူလိုမှု၊ လက် စားချေလိုမှုများအတွက် အပြစ်မဲ့လှတဲ့ ကလေးတွေရဲ့စိတ်ကို အရောင်ဆိုးပြီး ဖအေရဲ့ ပုံရိပ်ကို တိမ်းပါးပျက်ယွင်းစေတဲ့ ဝါဒဖြန့် စည်းရုံးမှုများကို မလုပ်စေချင်ပါဘူး။

မိဘကို မနောက်နဲ့ ပြစ်မှားခြင်းဟာ ကံကြီးထိုက်တဲ့ အကုသိုလ်အမှု တစ်ခုရယ်လို့ ဗုဒ္ဓဘာသာဝင်တိုင်း ယုံမှတ်လက်ခံ ထားကြပါတယ်။ ကိုယ့်ရဲ့ အာဃာတအငြိုးအတေးကြောင့် ကိုယ့် သားသမီးတွေကို ငရဲတွင်းထဲပို့တဲ့ မိခင်မျိုးဟာ မရှိထိုက်ပါဘူး။ ဒါပေမဲ့ အထက်က ကျွန်တော့်မိတ်ဆွေ မခိုင်ဟာ အဲသလို အမေမျိုးဖြစ်နေတာတော့ သေချာပြီ။ စာဖတ်သူဟာ မိခင်ဖြစ်နေ ရင် သည်အချက်ကို လေးလေးပင်ပင် စဉ်းစားစေချင်ပါတယ်။

သည်စာစုနဲ့ ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလအတွင်းက ရန်ကုန် မန္တလေး အဝေးပြေး လမ်းမကြီးပေါ်မှာ ပျောက်ဆုံးသွား ခဲ့တဲ့ ကျွန်တော့်အဖေ ဦးစိန်မောင်ကို ရိုကျိုးစွာ ရှိခိုးကန်တော့အပ် ပါတယ်။ ကျွန်တော့်ကို ဆင်ခြင်ဖြစ်စေခဲ့တဲ့ မခိုင်လို့ အမည်လွှဲ



ထားသူတစ်ဦးကိုလည်း ကျေးဇူးတင်ပါတယ်။

*(အဏ္ဏကျော်)*

•

## စိတ်မှာဖြစ်သော ဒဏ်ရာ

၂၀၁၅ တွင် စာရေးသူ၏အသက် (၅၀)ပြည့်မည်ဖြစ်သည်။ ၁၆–၂–၆၅ သည် စာရေးသူ၏ မွေးသက္ကရာဇ် မဟုတ်ပါလား။ ထိုနှစ်တွင် မအူပင်မြို့၌ မိဘမဲ့ မိန်းကလေးပညာသင်ကျောင်း တစ်ကျောင်း တည်ထောင်ဖွင့်လှစ်မည်ဖြစ်သည်။ မြေ ခုနစ်ဧက ခန့်ကိုလည်း ရရှိပြီးဖြစ်သည်။ မြေငါးဧက အလှူရှင်မှာ ကိုထိုက်၊ မချိုတို့ဖြစ်သည်။

စာရေးသူ၏ စံကျောင်းအလှူရှင် ရဟန်းဒကာ၊ ရဟန်း အစ်မများဖြစ်ကြသော ကိုအောင်ကျော်မိုး၊ မလင်းလင်းမြတ် ထွန်းတို့က ဦးဆောင် တာဝန်ယူကြပေလိမ့်မည်။ မလင်းလင်း သည် စာရေးသူ၏ တရားကိုနာကြားပြီး ဘာသာခြားမှ ဗုဒ္ဓဘာ သာ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ပရဟိတအလုပ်များကို အလွန် စိတ်ဝင်စားသည်။ ပရဟိတအလုပ်ကို စာရေးသူက ကာယကံ မေတ္တာဟု နာမည်တပ်လိုက်သည်။

သတ္တဝါတွေချမ်းသာကြောင်း ကိုယ်ဖြင့်ပြုသော အမှုမှန်သမျှ ကာယကံမေတ္တာပင် ဖြစ်သည်။ နေပြည်တော်မှ ဝန်ထမ်းဒကာ လေးတစ်ဦး အိန္ဒိယသို့ သွားပြီး ကျောက်ကပ်လဲချင်သည်။ ငွေ ကြေးကမပြည့်စုံ၊ စာရေးသူထံ အကူအညီတောင်းသည်။ အမျိုး သားယောဂီဆောင် ဆောက်ဖို့ရည်မှန်းထားသော ၃၅ သိန်းကို ထောက်ပံ့ပေးလိုက်သည်။

အရှင်ဆန္ဒာဓိကနှင့် တက်လမ်းဦးရှိန်ဝင်းတို့ ဦးဆောင်သော ရွှေပါရမီ လူမှုကူညီရေးအဖွဲ့က သိန်း ၇၀ ကူညီသည်ဟု သိရသည်။ ယခု လဲပြီးသွားပြီ။ ကျွန်ုပ်နှင့် အရှင်ဆန္ဒာဓိကတို့အဖွဲ့ကသာ မကူညီလျှင် ထိုဒကာလေးမှာ ကွယ်လွန်ရတော့မည်ဖြစ်သည်။ နာရေးအဖွဲ့တွေများလွန်းသဖြင့် တချို့မြို့များတွင် လူသေလျှင် အလောင်းလုနေကြသည်ဟု သိရသည်။

မြန်မာများ၏ အားနည်းချက်မှာ သူတစ်ပါးလုပ်လျှင် နောက်က အတုလိုက်တတ်ခြင်းဖြစ်သည်။ လိုသည်၊ မလိုသည်ကို ခွဲခြမ်းဝေဖန်သော ဉာဏ်ကို အသုံးမချတတ်ပေ။ အမှန်ဆိုလျှင် မြို့တစ်မြို့ဆိုလျှင် နာရေးတစ်ဖွဲ့ ဆိုလျှင် လုံလောက်ပေပြီ။ နောက်ထပ်ဖွဲ့ချင်သူများက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မျိုးကို ဖွဲ့သင့်သည်။ မြန်မာပြည်တွင် ဝေ်၍သေသောမသာ မရှိသော်လည်း ဆေးမကုနိုင်၍ သေသော မသာ အများကြီးရှိသည်။ လူပုဂ္ဂိုလ်ထဲ မဆိုထားလင့် ရဟန်းပုဂ္ဂိုလ်ထဲမှာပင် အများအပြားရှိသည်။

လူဆင်းရဲသားတစ်ယောက် ဆေးမကုနိုင်၍ သေလုမျောပါးဖြစ်နေသည်။ နာရေးအဖွဲ့တွေသာ ရှိပြီး၊ ကျန်းမာရေး ကူညီမှုအဖွဲ့များ မရှိလျှင် ထိုသူကို သေသည်အထိ လက်ပိုက်စောင့်ကြည့်နေဖို့သာ ရှိတော့သည်။ စာရေးသူ အမြင်အရ သေပြီးမှ ကျင်းထဲရောက်အောင် ဝိုင်းကူညီခြင်းထက် မသေခင် ဆေးဝါးဓာတ်စာ ကူညီခြင်းက ပိုမိုလိုအပ်သည်။ ထို့ကြောင့်လည်း ကျန်းမာရေးစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ကာယကံမေတ္တာအဖွဲ့များကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မူဆယ်တို့တွင် ဖွဲ့စည်းပေးထားသည်။



ထိုအဖွဲ့များက လူနာများကို တတ်နိုင်သမျှ ထောက်ပံ့ပေးလျက်ရှိသည်။ ဘာသာကြီးလေးခုတွင် ကာယကံမေတ္တာ အားအကောင်းဆုံးမှာ ခရစ်ယာန်ဘာသာဖြစ်သည်။ ထို့ကြောင့်လည်း ဘာသာဝင်ဦးရေ သန်းပေါင်း ၁၆၀၀ ကျော်ဖြင့် နံပါတ်တစ်စွဲခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် ဝစီကံနှင့်မနောကံ မေတ္တာရှိကြသော်လည်း ကာယကံမေတ္တာ အားနည်းနေကြသေးသည်။

ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင်ဦးရေသည် သန်းပေါင်း ၇၅၀ ကျော်ဖြင့် နံပါတ်လေးသာ ချိတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှေ့၌ တင်ပြခဲ့သော ကျောက်ကပ်ဝေဒနာရှင်အမျိုးသားလေး ဆေးမကုနိုင်၍ သေဘေးကြုံနေသည့်အခါ ကျန်းမာပါစေဟု မနောကံ၊ ဝစီကံ မေတ္တာပေးရုံဖြင့် ကျန်းမာမလာနိုင်ပေ။

## ကျွန်ုပ်တည်ထောင်မည့် မိဘမဲ့ ကလေးကျောင်း

မိမိ တတ်နိုင်သမျှ ကာယကံမေတ္တာဖြင့် ပံ့ပိုးကြမှသာလျှင် အသက်ရှင်ခွင့် ရမည်ဖြစ်သည်။ စာရေးသူသည် ပရဟိတလုပ်ငန်းတွေ များလွန်းသောကြောင့် မအူပင်မှ မိဘမဲ့ မိန်းကလေး ပညာသင်ကျောင်း တည်ထောင်ရန် တစ်လလျှင် သိန်းနှစ်ဆယ် ချင်းပို့ပေးလျက်ရှိသည်။ တခြားစိတ်ပါဝင်စားသူများလည်း လှူကြပါသည်။

ထိုကျောင်းတည်ထောင်ဖို့ စိတ်ကူးပေါ်ရခြင်းအကြောင်းကို တင်ပြပါဦးမည်။ ကျွန်ုပ်သည် မိဘမဲ့ကျောင်းများကို အဓိကထားပြီး လှူသင့်ကြောင်း ရေးလည်းရေးသည်။ ဟောလည်းဟောသည်။ ကိုယ်ကိုယ်တိုင်လည်း ထိုကျောင်းမျိုးတွင် ဦးစားပေး၍ လှူသည်။ စာရေးသူ လစဉ်ထောက်ပံ့နေသော မိဘမဲ့ ပညာ

သင်ကျောင်းများမှာ–

(၁) ပြင်ဦးလွင် ဒိုးပင်ပရဟိတကျောင်း
(၂) တောင်စွန်း ပရဟိတကျောင်း
(၃) တွံတေးမြို့ ဘုရားကြီးရွာ
(၄) တွံတေးမြို့ ဓမ္မာလင်္ကာရကျောင်း
(၅) မူဆယ်သီလရှင်ပရဟိတကျောင်း
တို့ဖြစ်သည်။

ထိုကျောင်းများကို တစ်လလျှင် သုံးသိန်းကျပ်စီ ထောက်ပံ့ပေးလျက် ရှိသည်။ ရွှေပြည်သာမြို့၊ သံဒင်းရပ်ကွက်၊ မြိုင်သီလရှင် ပရဟိတကျောင်းကိုကား တစ်လလျှင် နှစ်သိန်းခွဲ ထောက်ပံ့သည်။ သီလရှင်နှစ်ကျောင်းမှလွဲ၍ ကျန်ကျောင်းများမှာယောကျ်ားလေးများကိုသာ စောင့်ရှောက်သောကျောင်းများဖြစ်သည်။ ဆရာတော်များဖြစ်နေ၍ မိန်းကလေးများကို စောင့်ရှောက်ဖို့ အခက်အခဲရှိဟန်တူသည်။

ပြင်ဦးလွင်ရှိ ဒိုးပင်ပရဟိတကျောင်းဆိုလျှင် မိဘမဲ့ယောကျ်ားလေးပေါင်း တစ်ထောင်ကျော်လောက်ရှိသည်။ စာရေးသူ၏ ဒကာ၊ ဒကာမများက တစ်ရက်စာ၊ တစ်ရက်စာ တာဝန်ယူ၍ ကျွေးမွေးသူများလည်း တော်တော်များလာပြီဖြစ်သည်။ တစ်ခါတွင် စာရေးသူနှင့်အတူ ဒကာ၊ ဒကာမများ ဒိုးပင်သို့ ကိုယ်တိုင်သွားရောက်ပြီး ချက်ပြုတ်ကျွေးမွေးကြသည်။

ထိုအလှူပွဲမှအပြန်တွင် ဒေါ်ကြင်ကြင်မြိုင်၏သမီး ဂျီတီစီကျောင်းသူလေးက ..

"ဆရာတော်ရယ်၊ ဆရာတော်တို့၊ တပည့်တော်တို့ သွားလှူတဲ့ မိဘမဲ့ ပရဟိတကျောင်းတွေ ကြည့်လိုက်ရင် ယောကျ်ားလေးကျောင်းတွေချည်းပဲ ဘုရား။ ဒီကျောင်းမှာ မိဘမဲ့ ယောကျ်ားလေး တစ်ထောင်ကျော်လောက်ရှိတယ်ဆိုတော့ ဒီကောင်လေးတွေရဲ့ နှမ၊ အစ်မတွေဖြစ်တဲ့ မိဘမဲ့ မိန်းကလေးတွေကျတော့ ဘယ်ဆီများရောက်ကုန်မလဲလို့ တွေးပြီး တပည့်တော် စိတ်မကောင်းဖြစ်လိုက်တာဘုရား"



ဟု လျှောက်သည်။ ထိုစကားသည် စာရေးသူ၏ ရင်ကို နင့်ခနဲ ဖြစ်သွားစေသည်။ ကိုယ့်သွေး၊ ကိုယ့်သား တိုင်းရင်းသား မိဘမဲ့မိန်းကလေးငယ်များသည် ဘယ်ဆီဘယ်ဝယ်သို့ ရောက်ကုန်ကြမည်နည်း။ ထိုသို့ တကယ်လိုအပ်သည်ကို တွေ့ရသောကြောင့် မိဘမဲ့မိန်းကလေးပညာသင်ကျောင်းဆောက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ယခုမြေကွက်တွင် အဆောက်အအုံဆောက်မည့်နေရာများ အကွက်ရိုက်ကာ စားပင်၊ သီးပင်၊ ပန်းပင်၊ ထင်းပင်များကို စိုက်ပျိုးပြီးပေပြီ။

စာရေးသူနှင့် စိတ်တူ၊ ကိုယ်တူ လှူလိုကြသူများအနေဖြင့်– ဦးသူမင်းထိုက် (မြောက်ဥက္ကလာ)–၀၉၅၀၆၀၈၂၆၊ နော်လင်းလင်းမြတ်ထွန်း(မအူပင်)– ၀၉၈၅၈၆၁၁၅၊ ဦးစိုးတင့်(ရွှေပြည်သာ) ၀၉–၅၀၁၆၆၆၃၊ ဦးသန်းဝင်း(မှော်ဘီ)–၀၉၅၁၉၃၁၃၄နှင့် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်–ရွှေပြည်သာ) ၀၉၈၆၁၂၈၃၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပေသည်။

၂၀၁၂ခုနှစ် ၅လပိုင်းက ပြင်ဦးလွင်ရှိ မိဘမဲ့ကလေး ပညာသင်ကျောင်း တစ်ကျောင်းသို့ စာရေးသူနှင့် မအူပင်မှအဖွဲ့များ လက်တွေ့သွားရောက် လေ့လာကြသည်။ ထိုကျောင်းသည် ခရစ်ယာန်သာသနာပြုကျောင်းကြီး ဖြစ်သည်။ ကျောင်းအုပ်ချုပ်သူ ခရစ်ယာန်ဘုန်းတော်ကြီးကလည်း စာရေးသူတို့ သိလိုသည်

များကို သေချာရှင်းပြသည်။ ထိုအချိန်မှာပင် တာဝန်ခံ ကျောင်းသားကြီးတစ်ယောက်က ဘုန်းတော်ကြီးကို လာအကြောင်းကြားသည်။

**အတုယူစရာဆုံးမနည်း**

''ဖာသာ– ကျောင်းသားမောင်အောင် စာသင်ကျောင်း မသွားချင်ဘူးလို့ပြောပြီး ငိုနေတယ်''

''သူ မသွားချင်ရင် နေပါစေ၊ ဘာကြောင့်မသွားချင်တာလဲ ဆိုတာကို မောင်အောင်နဲ့ ဖာသာ အေးအေးဆေးဆေး ပြီးတော့မှ ဆွေးနွေးမယ်''

တစ်ခေါက်သွားလိုက်တာနှင့် အတုယူစရာတစ်ခုကို ချက်ချင်း ရသည်။ ဗုဒ္ဓဘာသာ၊ မိဘဆရာ ဘုန်းကြီးများသာဆိုလျှင် ထိုကျောင်းသားကို ချက်ချင်း ခေါ်ပြီးရိုက်ဖို့သေချာသည်။ ဩော် . . . သူတို့ဘာသာဝင်များကား မေတ္တာတရားကို ကိုယ်၊ နှုတ်၊ စိတ်၊ သုံးပါးလုံးဖြင့် ပွားများကြသူများပါတကား။ မအူပင်မှ နော်လင်းလင်းမြတ်ထွန်း၏ မိဘဆွေမျိုးအားလုံး ဘာသာခြားများချည်းသာ ဖြစ်သည်။

သူ ဗုဒ္ဓဘာသာဖြစ်လာရခြင်း၏ အကြောင်းနှစ်ချက်တွင် တစ်ချက်မှာ စာရေးသူ၏ ပရဟိတလုပ်ငန်းများကို ကြည်ညိုခြင်းကြောင့်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များ ပရဟိတ လုပ်သည်ကို သူသည် အရင်က မတွေ့ခဲ့ဖူးပေ။ ပြင်ဦးလွင်မှ အတွေ့အကြုံလေးကို သဘောကျရင်းဖြင့် စာရေးသူငယ်စဉ်က အကြောင်းလေးများကို ပြန်အမှတ်ရလာသည်။

စာရေးသူတို့ဘဝကား အတ္တကျော်နှင့် ပြောင်းပြန်၊ အဖေက အေးချမ်းပြီး အမေက အမြဲတမ်း ပေါက်ကွဲနေတတ်သည်။ ထို့



ကြောင့် အမေသည် တုတ်နှင့်ရိုက်ပြီးဆုံးမသည်က များသည်။ တစ်ခုတော့ရှိသည်။ အမေသည် ကိုယ်တွင်းကို ထိခိုက်နိုင်သည့် ခေါင်းတို့၊ ကျောတို့ကို ဘယ်သောအခါမှ ရိုက်ခြင်းမရှိ။ သပ်ထားသော ဝါးခြမ်းပြားဖြင့် တင်ပါး၊ ပေါင်၊ ခြေသလုံးတို့ကိုသာရိုက်လေ့ရှိသည်။ အံ့ဩစရာတော့ကောင်း၏။ ရိုက်ပြီး ပေါ်လာသော ဒဏ်ရာများကို အမေကိုယ်တိုင် နနွင်းနှင့်ဆားနယ်ပြီး သိပ်ပေးတတ်သည်။

စာရေးသူသည် ငယ်စဉ်ကတည်းက နူးညံ့သည်။ ပြောဆိုဆုံးမ၍ လွယ်ကြောင်း မိခင်ကိုယ်တိုင် ဝန်ခံသည်။ သို့ပါလျက် တစ်ခုခု မှားလိုက်သည်နှင့် ရိုက်ချည်းဆုံးမနေသည်မှာ အဘယ်ကြောင့်နည်းဟု တွေးကြည့်လိုက်သောအခါ၊ ရိုက်ဆုံးမမှ မှတ်သည်ဟု ယူဆဟန်တူသောကြောင့်ဟု အဖြေထွက်လာသည်။ ပြင်ဦးလွင်မှ ကျောင်းမသွားချင်သော ကျောင်းသားလေး အဖြစ်မျိုး စာရေးသူ ငယ်စဉ်ကလည်း ကြုံဖူးသည်။

မိခင်သည် ဖခင်ကို မယူချင်ဘဲ ယူခဲ့ရသည်။ ရွာထဲတွင် မိခင်က အချောဆုံး၊ ဖခင်က ရုပ်အဆိုးဆုံး၊ သို့သော် ဖခင်သည် မိဘနှစ်ပါးကို ကွယ်လွန်သွားချိန်ထိ လုပ်ကျွေးသည်။ ရိုးသားသည်။ အသောက်အစား အပျော်အပါး ဘာမျှမရှိ။ ထို့ကြောင့် လာတောင်းသောအခါ မိခင်က မယူချင်သော်လည်း သူ့ဖခင်၏ ဆန္ဒကို မလွန်ဆန်နိုင်သောကြောင့် ယူလိုက်ရသည်။

အိမ်ထောင်ကျသောအခါတွင် မိခင်ဘက်က နွမ်းပါးသော အမျိုးများကိုထောက်ပံ့လျှင် ဖခင်ကဆူပူကြိမ်းမောင်းသည်။ ဒီလောက် ထောက်ပံ့ချင်လိုက်လုပ်ကျွေးချေ၊ ပြန်မလာနှင့်ဟု ပြောသည်အထိ သောင်းကျန်းသည်။ သို့သော် ဖခင်ဘက်က အမျိုး

များကိုကား မိခင်ကို အသိမပေးဘဲ များပြားစွာ ထောက်ပံ့တတ်သည်။

သို့သော် မိခင်က ရိပ်မိသည်။ ထုတ်မပြောသော်လည်း စိတ်ထဲမှာ ခံစားရသည်။ မိခင်အမျိုးများကို ထောက်ပံ့မှာ စိုးရိမ်သောကြောင့်ဟု အကြောင်းပြပြီး ငွေထုတ်လာပါက ဖခင်သည် တိုင်းထွာပြီးသော မိခင်ကိုပေးသည်။ မိခင်သည် နဂိုကတည်းက ချစ်လို့ယူခဲ့သည် မဟုတ်သောကြောင့် ဖခင်ကို စစ်ကိုင်းတွင် ပစ်ထားခဲ့ပြီး အမရပူရမြို့ မောင့်အိမ်သို့ အပြီးတိုင်ဆင်းလာခဲ့သည်။

မောင့်အိမ်တွင် အဖေကြီး(မိခင်၏ အဖေ)ရှိသည်။ ကလေးနှစ်ယောက်ကိုလည်း တစ်ပါတည်းခေါ်လာခဲ့သည်။ ထိုစဉ်က စာရေးသူအထက်က အစ်မနှစ်ယောက်ကို မွေးပြီးပြီဖြစ်သည်။ အဖေကြီးက ကလေးမျက်နှာကိုထောက်ပြီး ဖခင်နှင့်ပြန်ပေါင်းဖို့ ဆုံးမသည်။ မိခင်က ဘယ်သောအခါမှ ပြန်မပေါင်းတော့ဟု ဆုံးဖြတ်ပြီးဖြစ်ကြောင်း ပြောပြသည်။

ရက်အတန်ကြာသောအခါ မပြတ်နိုင်သော ဖခင်က လိုက်လာသည်။ ပြန်ခေါ်သည်။ မိခင်ကား ပျော့ညံ့သောမိန်းမ မဟုတ်၊ ထက်မြက်သော မိန်းမသာဖြစ်သည်။ ပြန်မလိုက်သည့်အပြင် ဖခင်ကို ချက်ချင်းပြန်နိုင်းသည်။ ဖခင်သည် မိခင်လို မထက်မြက်၊ ပျော့ညံ့သည်။ သူသာ ပြန်သွားလျှင် သည်ဘဝ သည်မျှသာ ဆိုသည်ကို အကဲခတ်မိသည်။ ထို့ကြောင့် သူပါ မပြန်တော့ဘဲ ဦးလေးအိမ်တွင် ကပ်နေတော့သည်။

စိတ်ပြတ်သောမိခင်က ရုံးတွင် တရားဝင်ကွာရှင်းပေးဖို့ တောင်းဆိုသော်လည်း ယောကျ်ားဘက်မှ ဘက်လိုက်ထားသော



ဥပဒေများကြောင့် ကွာရှင်းခွင့်မရ။ ဖခင်ကား ကွာရှင်းပေးဖို့ ဝေး၍ ဦးလေးအိမ်မှပင် မခွာတော့ပြီမဟုတ်ပါလော။ ကွာမပေး၍ နောက်ဆုံးတွင်ပြန်ပေါင်းရသော်လည်း ဖခင်ကား အရင်အချိုးကို မပြောင်းပေ။ ထက်မြက်သော မိခင်သည် လင့်ထံ လက်ဖြန့်မတောင်းချင်သဖြင့် မုန့်ပြားသလက်သည်ဘဝသို့ ရောက်ရသည်။

ဖခင် လုပ်ခပေးလျှင် ယူသည်။ မပေးလျှင် မယူ။ ဈေးရောင်း၍ မြတ်သောငွေနှင့် လောက်အောင်စားသည်။ တစ်ခါတစ်ရံ အဝေးရောက်နေသော ဖခင်ထံမှ ငွေကလည်းမရ၊ မိခင်ကလည်း ကျန်းမာရေး မကောင်းသည့်အခါမျိုးတွင် အလွန်ဒုက္ခရောက်သည်။ ထိုအခါမျိုးတွင် မိခင်သည် သူတစ်ပါးထံမှ ဘယ်သောအခါမျှ ပိုက်ဆံချေးခြင်း မရှိ။ မတတ်နိုင်လျှင် ဆန်ပြုတ် ပြုတ်သောက်သည်။

## ဆန်ပြုတ်သောက်ရသောဘဝ

ဆန်ပြုတ်သောက်ရသည်ကို တစ်ကြိမ်မှတ်မိသည်။ မိခင်က ကလေးတွေ စိတ်မကောင်းဖြစ်မှာ စိုးသဖြင့် သားတို့၊ သမီးတို့ ကျန်းမာရေးကောင်းအောင် ဒီနေ့ညနေစာကို ဆန်ပြုတ်ပြုတ်တိုက်မယ်ဟု ပြောသည်။ တခြားသူများတော့ မသိ။ စာရေးသူကား ဆန်ပြုတ်ကြိုက်သူဖြစ်သောကြောင့် အလွန်ပျော်သည်။ ဆန်ပြုတ်သောက်ချိန်တွင် စာရေးသူသည် အိမ်ရှေ့သို့ထွက်ပြီး စိန်ပြေနပြေ သောက်နေသည်။

အပြင်ကလူများ မြင်မှာစိုးသဖြင့် မိခင်က အိမ်ထဲဝင်သောက်ရန် မနည်းပြောမှ စာရေးသူအိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ မိခင်သည် အလွန်သနားတတ်သည်။ စာရေးသူတို့ ဒုက္ခသည်

များကို အလွန်သနားတတ်သည်မှာ မိခင်ထံမှရသော အမွေဖြစ်သည်။ ဒုက္ခရောက်နေသည်ကို တွေ့လျှင် အစိမ်း၊ အကျက်၊ ဆွေမျိုးတော်၊ မတော်၊ မရွေး အမြဲကူညီတတ်သည်။

ထိုသဒ္ဒါတရားတွင်ကား ဖခင်သည် မိခင်ကို မမီပေ။ မိမိအတွက် အသုံးအဖြုန်းဟူ၍ မိခင်တွင် ဘာမျှမရှိပေ။ မိခင်သည် နည်းနည်းနှင့်ကောင်းကောင်း စားချင်သည်။ ဖခင်သည် များများနှင့် မကောင်းတကောင်းကိုစားချင်သည်။ အလဟဿ ကိုယ်ကျိုးသုံးတာ မရှိသည့်အတွက် စာရေးသူ အမြင်အရဆိုလျှင် ဖခင်သည် မိခင်ထံလုပ်အားခ အားလုံးကို ယုံယုံကြည်ကြည်အပ်သင့်သည်။ ယုံယုံကြည်ကြည် ပိုက်ဆံအအပ်မခံရသော အိမ်ထောင်ရှင်အမျိုးသမီး တစ်ယောက်၏ စိတ်ဆင်းရဲမှုကို အမျိုးသမီးတိုင်း ကိုယ်ချင်းစာကြည့်နိုင်ပေသည်။ အကြီးစား အဆိုးလောကဓံဟု ပြောရမည်။

ထိုခံစားချက်များသည် သားသမီးကို ဆုံးမသော နေရာထိ ပါလာဟန် တူသည်။ ထိုစိတ်ဝေဒနာသည် စာရေးသူထံတွင် ရှိနေပုံကို အဆုံးတွင် သုံးသပ်တင်ပြပါမည်။ ထိုအချိန်က စာရေးသူသည် ပထမတန်းသို့ တက်နေချိန်ဖြစ်သည်။ ကျောင်းထားနောက်ကျသောကြောင့် ပထမတန်းဆိုသော်လည်း စာရေးသူ အသက်မှာ ခုနစ်နှစ်ခွဲကျော် ရှစ်နှစ်အတွင်း ရောက်နေပြီ ဖြစ်သည်။ ထိုအချိန်က အစ်မလေး(အစ်မငယ်)သည် ကုန်စိမ်းဈေးထွက်နေပြီဖြစ်သည်။

အစ်မလေးလည်း ပင်ပန်းရှာသည်။ မနက်သုံးနာရီကျော်ကျော် ထ၍ ဈေးချိုသို့ လိုင်းကားဖြင့်သွားပြီး ကုန်စိမ်းများဝယ်ရသည်။ မနက်ခြောက် နာရီခန့်တွင် အမရပူရမြို့၊ နန်း



ရတနာဈေးသို့ ရောက်သည်။ အာလူး၊ ကြက်သွန်၊ ငရုတ်သီးခြောက် စသည်တို့ကို စာရေးသူက ဈေးသို့လိုက်ပို့ရသည်။

အမေ၏ မုန့်အိုးများကိုပါ လိုက်ပို့ရသောကြောင့် တစ်ခါတစ်ရံ ကျောင်းတက်ချိန်နောက်ကျနေတတ်သည်။ ပထမတန်းမှ ဆရာမကြီးသည် ကျောင်းချိန် နောက်ကျလျှင် ကြိမ်နှင့် ရိုက်သည်။ ဘာကြောင့် နောက်ကျသည်ကို မေးမြန်းခြင်း မပြုပေ။ ထိုနေ့တွင် သိပ်နောက်ကျနေသဖြင့် စာရေးသူက ကျောင်းမသွားတော့ဘူးဟု မိခင်ကိုပြောလိုက်သည်။

## ရင်ကွဲ၍ ကျရသောမျက်ရည်

ကျောင်းမသွားတော့ဘူးဟု ပြောလိုက်သဖြင့် မိခင်က စာရေးသူကို ဘာမျှမမေးဘဲ ရိုက်ပါတော့သည်။ ရှေ့ပိုင်းကပြောခဲ့သော ခရစ်ယာန်ဘုန်းကြီးနှင့် မည်မျှကွာလိုက်ပါသနည်း။ စာရေးသူသည် ကလေးမျှသာဖြစ်သည့်အပြင် မိခင်ကို အလွန်ကြောက်နေသောကြောင့် ဘာ့ကြောင့် ကျောင်းမသွားချင်သည်ကို မပြောတတ်တော့ဘဲ လက်ပိုက် မတ်တပ်ရပ်ပြီး အရိုက်သာခံနေရသည်။

စာရေးသူသည် အသတ်အပုတ်ကို အလွန်ဝါသနာပါသည်။ သူငယ်ချင်းများနှင့် လက်သီးထိုးတမ်းသာ ကစားတတ်သည်။ ချိန်းပွဲ လက်သီးထိုးသောအခါ ကိုယ်နိုင်သောအခါလည်း ရှိသည်။ ရှုံးသောအခါလည်း ရှိသည်။ ကိုယ်ခံရသောအခါတွင်လည်း ဘယ်သောအခါမှ မငိုပေ။ ဆရာ၊ ဆရာမ ရိုက်လျှင်လည်း မငိုပေ။ သို့သော် မိခင်ရိုက်လျှင်ကား ရှိုက်ကြီးတငင် ငိုမိသည်။

ယခုအချိန်ကျမှ ပြန်စဉ်းစားကြည့်မိသည်မှာ မိခင်ရိုက်

သောအခါ ကျသောမျက်ရည်များမှာ မိမိအချစ်ဆုံး၊ အားအကိုးဆုံး မိခင်က မိမိအပေါ် မရိုက်သင့်ဘဲ ရိုက်လေခြင်းဟု ရင်ကွဲပြီး ကျသော မျက်ရည်များဖြစ်ကြောင်း တွေ့ရသည်။ မိခင်သည် စာမတတ်သောကြောင့် သူ့လို စာမတတ်မှာအလွန် စိုးရိမ်ဟန် တူသည်။

မိခင်သည် လွယ်အိတ်ကိုလွယ်ခိုင်းကာ တုတ်ဖြင့်ရိုက်ရင်း ကျောင်းရောက်သည်အထိ လိုက်ပို့သည်။ စာရေးသူမှာ မဖြစ်စလောက်အပြစ်လေးဖြင့် ဈေးမှ ကျောင်းရောက်သည်အထိ တစ်လမ်းလုံး အရိုက်ခံလာရသည်။ ကျွန်ုပ်မှာ ခြေတစ်ဖက်က မသန်သောကြောင့် မြန်မြန်မသွားနိုင်ပါ။ မိခင်မှာ ကျွန်ုပ်ကို စာမတတ်မှာ စိုးရိမ်လွန်းသောကြောင့်သာ သူကိုယ်တိုင် မုန့်ဆိုင်ကိုပစ်ထားပြီး လိုက်ပို့ခြင်းဖြစ်သည်။

ကံဆိုးသည်မှာ ထိုအချိန်သည် မုန့်ပြားသလက် ရောင်းအကောင်းဆုံး အချိန်ဖြစ်သည်။ ဝယ်သူများသည် မိခင်မရှိလျှင် တခြားဆိုင်သို့ သွားကြတော့မည်။ ထို့ကြောင့် စာရေးသူကို ကျောင်းသို့အရောက်ပို့ပြီး မုန့်ဆိုင်သို့ မြန်မြန်ပြန်ချင်သည်။ ခြေထောက်တစ်ဖက်က မသန်သည့်အပြင် ကြေကွဲစွာ ငိုယိုဆဲလည်း ဖြစ်သောကြောင့် စာရေးသူသွားနှုန်းမှာ မိခင်အတွက် သိပ်နှေးသည်ဟု ယူဆဟန်တူသည်။

"သွားတာကလည်း နှေးလိုက်တာ၊ မြန်မြန်သွားစမ်း"

ဟူသော စကားနှင့်အတူ ဝါးခြမ်းပြားဖြင့် စာရေးသူ၏ကျောကို ဆောင့်ထိုးချလိုက်သည်။ ကံဆိုးချင်တော့ ဝါးခြမ်းထိပ်ဖျားက ချွန်နေသည်။ အချွန်က အင်္ကျီကိုပေါက်ပြီး အသားထဲသို့ စိုက်ဝင်သွားသည်။ နာကျင်မှုဝေဒနာကို စူးခနဲ ခံစားလိုက်ရသည်။



သို့သော် ကိုယ်မှာထိသောဒဏ်ရာက နှလုံးသားမှာ ထိသော ဒဏ်ရာကို မမီနိုင်တော့ပါ။

စာရေးသူက ဝမ်းနည်းကြေကွဲနေသောကြောင့် ဒဏ်ရာက သွေးထွက်နေသော်လည်း ဂရုမထားမိသလို ဒေါသစိတ်ဖြင့် ပူလောင်နေသော မိခင်ကလည်း သတိမမူမိနိုင်ရှာပါ။ စာရေးသူကား မိမိအချစ်ဆုံး၊ အားအကိုးဆုံး မိခင်က မိမိအပေါ် မချစ်တော့ပါလား၊ အားကိုးစရာ မဟုတ်တော့ပါလား ဟူသော အသိက နှလုံးသားကို ဆုပ်နယ်ဖျစ်ညှစ်သလို ခံစားနေရသည်။ သားသမီး၏ နှလုံးသားတွင် ရွှေမြင့်မိုရ်ကြီး ပြိုလေပြီကောဟု ခံစားရသည်ကို မိဘတိုင်းသတိပြုသင့်ပါသည်။ လောကတွင် သားသမီး၏ တစ်ခုတည်းသော အားကိုးရာမှာ မိဘပင် မဟုတ်ပါလော။

ထိုအချက်နှင့်ပတ်သက်၍ လယ်တွင်းသားစောချစ် ရေးသားသော 'ပန်းလိုချင် အပင်ကိုပျိုးတတ်မှ' စာအုပ် စာမျက်နှာ ၃၂ မှ ရေးသားချက်သည် မိဘတိုင်း တွေးခေါ်စဉ်းစားစရာ ပါသဖြင့် ကူးယူတင်ပြလိုက်ပေသည်။

### သနားစရာ ကံဆိုးရှာသူ

မိဘနှင့် သားသမီးသည် အပြန်အလှန် ချစ်ခင်နေရမည်။ ရင်းနှီးနေရမည်။ နားလည်မှုရှိရမည်။ လေးစားရှိသေမှုလည်း ရှိသင့်သည်။ သို့သော် ကြောက်လန့် မနေသင့်ပါ။ သားသမီးတို့အတွက် မိဘသည် မဟာပထဝီမြေထုကဲ့သို့ အားထားမှီခိုရာဖြစ်၏။ လူမမယ် ကလေးငယ်တစ်ယောက်သည် သဘာဝအားဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်ချနိုင်သည့် အခြေအနေ မရှိ

ပါ။ သို့သော် မိဘကို အားကိုးအားထားပြုရ၍ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုဖြစ်၏။ မိဘရှိလျှင် နေ့ရဲထိုင်ရဲသည်။

လူစည်ကားသော ပွဲခင်းထဲတွင် မိဘနှင့် ကွဲသွားသော ကလေးသည် မှီခိုအားထားစရာ ပထဝီမြေကြီး ပျောက်ကွယ်သွားသကဲ့သို့ ဆောက်တည်ရာမရ ငိုကြွေးတတ်သည်။ မိဘ ပျောက်ကွယ်သွားခြင်းသည် ကလေးငယ်အတွက် အကြီးမားဆုံးသော ကြောက်စရာဖြစ်၏။ ထိုသို့ သားသမီး လူမမယ်တို့ အားကိုးအမှီပြုနေရသော မိဘက တင်းမာစွာဆက်ဆံခြင်း၊ ပြင်းထန်စွာ ရိုက်နှက်ခြင်း၊ ရက်စက်စွာ ပြုမူခြင်းကို ခံရလျှင် ထိုကလေးငယ်သည် သနားစရာ ကံဆိုးရှာသူ ဖြစ်၏။

လယ်တွင်းသားစောချစ်

လူသားတို့၏ အားထားရာသည် မဟာပထဝီမြေကြီးဖြစ်သည်။ သားသမီးတို့၏ အားထားရာသည် မိဘဖြစ်သည်။ မိမိအားထားသော မဟာပထဝီမြေကြီးက အားထားရာမဟုတ်ပါလား ဟု သိလိုက်ရလျှင် မည်မျှအသက်ကြီးသောလူဖြစ်ပါစေ ရူးကြောင်ကြောင်ဖြစ်မတတ် ခံစားရသည်။ ငလျင်လှုပ်သည့်အခါတိုင်း ထိုကဲ့သို့ခံစားရသည်။ သားသမီးများသည်လည်း မိမိအားထားရာ မိဘသည် မိမိ၏ အားထားရာ မဟုတ်တော့ပါလားဟု သိလိုက်ရလျှင် နှလုံးကွဲမတတ် ခံစားရပါသည်။

စိတ္တဇဝေဒနာ စွဲကပ်သော လူငယ်အများစုကို ကြည့်လိုက်လျှင် မိဘရှိလျက် မိဘမေတ္တာငတ်နေသော နေ့စဉ်အဆဲအဆို



အရိုက်အနှက်ခံနေရသော ကလေးများချည်းဖြစ်သည်ကို တွေ့နေရသည်။ ကလေးငယ်များ၏ ဝေဒနာကို လူကြီးများ ကိုယ်ချင်းစာနိုင်ရန် ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာ မှတ်တမ်းစာအုပ်မှ ပဲခူးငလျင် ကိုယ်တွေ့ဖြစ်ရပ်ကို ကောက်နုတ်ဖော်ပြလိုက်ပေသည်။

## ပဲခူးမြေငလျင်ကြီး

ကျွန်ုပ်တို့သည် ပဲခူးမြို့သို့ ၁၉၃၀ပြည့်နှစ် မတ်လ ၄ ရက်နေ့တွင် ပြောင်းရွှေ့လာကြ၍ မေလ ၅ ရက်နေ့တွင် မြန်မာပြည်၌ အကြီးဆုံးငလျင်ကြီးဟု အသိအမှတ်ပြုကြသည့် ပဲခူးငလျင်ကြီး လှုပ်ခြင်းကို ကြုံရ၏။ မန်ကျည်းတုံရွာမှ ဆွေမျိုးများနှင့် မိခင်သည် ကျွန်ုပ်ရှိနေသော ပဲခူးမြို့သို့ လာရောက်ကြ၍ ဘုရားပုထိုး ဖူးမြော်ပြီးနောက် ဆွေမျိုးများ ပြန်သွားကြသော်လည်း မိခင်မှာ ကျွန်ုပ်တို့နှင့်အတူ နေရစ်သေးသည်ဖြစ်၍ ဆွေမျိုးများက အမေကြီးကား သေချင်၍ ချန်နေရစ်ခဲ့သည်ဟု နောင်တွင်ပြောကြသေးသည်။

ထိုညဉ့် မိခင်နှင့် မစိုးတို့သည် လမ်းလျှောက်ထွက်သွားရာမှ ပြန်ရောက်လာကြ၍ အိမ်ရှေ့တွင် ထိုင်နေကြစဉ် ကျွန်ုပ်မှာ တစ်နေ့လုံး အလွန်ပူလောင်ခဲ့ရာမှ အလွန်အိုက်သောည ဖြစ်လာသည်နှင့် မှန်အိမ်ကိုဆွဲလျက် ရေချိုးခန်းထဲသို့ ရေချိုးရန် ဝင်သွား၏။ မှန်အိမ်ကို သံချောင်းတွင်ချိတ်၍ ရေခွက်ကို လှမ်းကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် သံချောင်းတွင်ချိတ်ထားသည့် မှန်အိမ်မှာ ယိမ်းထိုးလာ၍ ကျွန်ုပ်ကိုယ်တိုင်လည်း မိုက်ခနဲဖြစ်သွားသည် ထင်လိုက်၏။

ဤအတောအတွင်း တစ်အိမ်လုံးမှာ ဂျိုးဂျိုးဂျုံးဂျုံးမြည်လျက် အိမ်အပေါ်ထပ်၌နေသော ကုလားမဆရာကတော်၏ အလန့်တကြား အော်ဟစ်သောအသံကို ကြားလိုက်ရ၏။ ထိုအခါတွင် ကျွန်ုပ်မှာ မြေငလျင်လှုပ်ခြင်း ဖြစ်သည်ဟု ရုတ်တရက် မတွေးမိသေးဘဲ ထူးဆန်းလှပါတကားဟုသာ အောက်မေ့၍ အိမ်ရှေ့သို့ ကတိုက်ကရိုက် ထွက်လာရာ အိမ်သူအိမ်သားများလည်း ပြူးတူးပြာတာ ဖြစ်နေကြသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့၏ နေအိမ်၌ မိခင်နှင့်ဇနီးအပြင် ယောက်ဖအောင်မြနှင့် တပည့်မောင်စံလှိုင်တို့ ရှိကြလေသည်။

''ငလျင် လှုပ်တာတဲ့ . . ငလျင်''

ဟူသောအသံများသည် တစ်ရပ်လုံး ဆူညံလျက်ရှိရာ အိမ်ရှေ့သို့ ကျွန်ုပ်ထွက်လာသောအခါ၌ ဇနီးသည် မိခင်ကိုဆွဲလျက် အိမ်ရှေ့လှေကားမှ ဆင်းနေကြလေပြီ။ ယောက်ဖကလေးကမူကား ဝရန်တာကိုဆွဲလျက် ကြောင်တောင်တောင်ကြီး ငေးကြည့်နေရာ–

''ဟဲ့ကောင်လေး ဆင်းလေ''

ဟု ကျွန်ုပ်ကပြောလိုက်မှ အိမ်ရှေ့ဘက်သို့ ဖုတ်ခနဲ ခုန်ချလိုက်သည်။

မိခင်နှင့်ဇနီးမှာ အိမ်ရှေ့သို့ ရောက်နေကြပြီဖြစ်၍ ကျွန်ုပ်သည် လှေကားမှဆင်းပြေးရာ လှေကားမှာ သုံးထစ်မျှသာရှိသော်လည်း ချောမောစွာ မဆင်းနိုင်ဘဲ အလယ်ထစ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ဟပ်ထိုးကြီး လွင့်သွား၍ အိမ်ရှေ့တွင် လေးဘက်ထောက်လျက်သား ပုံလဲနေတော့သည်။ ထိုအချိန်၌မူ မည်သူ့ကိုမျှ သတိမရနိုင်တော့ဘဲ ထိုနေရာသည် အိမ်ဥပစာ၌ ရှိသေး၍



မတော်တဆ အိမ်ပြိုခဲ့လျှင် ဗိနိုင်သည်ဟူ၍သာ သတိရသည်နှင့် လမ်းပေါ်၌ ဝမ်းလျားထိုးသွားရတော့သည်။

မြေကြီးပေါ်၌ မတ်တပ်လျှောက်သွားရန်ကား လုံးဝမဖြစ်နိုင်တော့ချေ။ လမ်းပေါ်သို့ရောက်၍ တောင်မျက်နှာသို့လှည့်ကာ လေးဘက်ထောက်လျက် ငေးကြည့်နေစဉ် ကောင်းကင်ယံတစ်ခုလုံး မည်းမှောင်၍ မြူမှုန်များ လွင့်တက်နေသလိုမြင်ရ၏။ ထိုအခါ၌ ကျွန်ုပ်အဖို့မှာ မြေကြီးပေါ်၌ လေးဘက် ထောက်နေရန်ပင် မဖြစ်နိုင်တော့ဘဲ ယိုင်လဲမည်စိုးသည်နှင့် ဝမ်းဗိုက်ကို မြေသို့ကပ်၍ အလျားမှောက်နေလိုက်ရတော့သည်။

## ရွှေဥဒေါင်း စိတ်အားငယ်ပုံ

တောင်မျက်နှာ၌ကား မြေမှုန်များသည် မှောင်ကြီးမည်းမည်းထဲ၌ အလိပ်လိုက်တက်နေကြ၍ မြေမျက်နှာပြင်သည်လည်း လေထန်သောရေပြင်သဖွယ် လှိုင်းကြီးများ တအိအိကြွလျက်ရှိတော့သည်။ မျက်နှာပြင်နှင့် မြေကြီး နီးကပ်စွာရှိနေသောကြောင့်ပေလော မဆိုနိုင်။ မြေပြင်သည် ရေပြင်ပမာ လှိုင်းထနေသည်ကို တွေ့ရခြင်းကား အမှန်ဖြစ်တော့သည်။ ထိုအချိန်ကာလ၌ ရင်ထဲတွင် စိတ်အားငယ်လိုက်ပုံကား ပြောဖွယ်ရာမရှိတော့ချေ။ အားငယ်ခြင်းသည် ဦးနှောက်ထဲမှ မဟုတ်။

ရင်ဘတ်ထဲ၌ဖြစ်သည်ဟု ကျွန်ုပ်အမှန်ပြောနိုင်သည်။ အားမငယ်ဘဲ နေချေမည်လော သတ္တဝါသည် မြေကြီးကို အခိုင်အမာထား၍ အခါခပ်သိမ်းအားကိုးအားထားပြုနေရသည်ဖြစ်ရာ မိမိက အခိုင်အမာထားသော မြေကြီးကိုယ်တိုင်က ဤကဲ့သို့ အပြင်းအထန် လှုပ်ခါနေခြင်းကို လက်တွေ့ခံစားရသောအခါ၌ အားကိုး

ရာမဲ့ ဖြစ်၍ အသည်းနှလုံးနှင့် အူထဲမကျန်လွှတ်ကန်ပြီး အားငယ်မိသည်မှာ အထူးအဆန်းမဟုတ်ချေ။

ကျွန်ုပ်သည် မြေကြီးနှင့်ဝမ်းဗိုက်ကပ်လျက် အလျားမှောက်ကာ မြေကြီးလှိုင်းများ ထကြွနေခြင်းကို ကြည့်နေစဉ် ကမ္ဘာပျက်ခြင်းဆိုသည်မှာ ဤအချင်းအရာပင် ဖြစ်တန်ရာသည်ဟု စဉ်းစားမိသည်။ သို့သော် ထိတ်လန့်တုန်လှုပ်သည်ဟူ၍ကား မဆိုနိုင်။ စိတ်အားငယ်ခြင်းကြီးမက ငယ်လှ၍ အူတူတူ ယောင်ချာချာ ဖြစ်နေသည်ဟူ၍သာ ဆိုချင်ပေသည်။

ထိုအခိုက်အတန့်၌ အတိတ်၊ အနာဂတ်ကိုလည်းကောင်း၊ မည်သူမည်ဝါကိုလည်းကောင်း ဘာကိုမျှ သတိမရ။ ကမ္ဘာပျက်ခြင်း ဖြစ်သည်ဟူသော အမှတ်သညာ တစ်ခုသာလျှင် စွဲကပ်လျက် ရှိပါတော့သည်။ လမ်းပေါ်၌ မှောက်နေရသော အချိန်ကာလအပိုင်းအခြားမှာ မည်မျှလောက်ကြာရှည်သည် မပြောတတ်။ ကျွန်ုပ်၏ စိတ်ထဲတွင်ကား နာရီဝက်ထက်မနည်း ရှိလိမ့်မည်ထင်မိသည်။

လှုပ်ရှားခါစ၌ လူသံများဆူညံနေသော်လည်း အပြင်းအထန်လှုပ်ရှားခိုက်တွင် ဝေးလံသောအရပ်မှ တဝီဝီမြည်သော အသံများမှတစ်ပါး အနီးအပါးတွင် တိတ်ဆိတ်လျက်ရှိ၏။ ထို့နောက် ငလျင်ရပ်စဲခြင်းနှင့်အတူ ဘယ်သူရေ၊ ဘယ်ဝါရေ စသော အသံများ ပေါ်ထွက်လာပေရာ ကျွန်ုပ်သည် အလျားမှောက်ရာမှ ထ၍ အိမ်သူအိမ်သား အခြေအနေကို စစ်ဆေးတော့သည်။

တစ်စုံတစ်ရာ အထိအခိုက် အပျက်အစီးမရှိခြင်းကို သိရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ယောက်ဖလေးကို အိမ်စောင့်ရန်ထားခဲ့၍ တပည့်မောင်စံလှိုင်နှင့်အတူ မြို့ကို လှည့်လည်



ကြည့်ရှုကြလေသည်။ ဈေးကြီးဘက်ဆီမှ မီးအကြီးအကျယ်လောင်လျက်ရှိသော်လည်း ကျွန်ုပ်တို့၏နေအိမ်မှာ ချောင်းတစ်ခုလုံးခြားနေသည်နှင့် စိတ်ချရသည်ဆိုကာ မြို့ထဲသို့ အနှံ့အပြားလှည့်လည်ကြသည်။

မီးနှင့်နီးကပ်သော အိမ်များတွင် ပစ္စည်းများသိမ်းကြ၊ ရွှေ့ကြသော အသံများ၏ ဆူညံခြင်းထက် နှလုံးမသာယာဖွယ်သော အသံများ ပေါ်ထွက်လာသည်မှာကား တိုက်ပြို၍ ပိပြားသေဆုံးကြရသောနေရာများမှ ကျန်ရစ်သူဒုက္ခသည်များ၏ ငိုကြွေးမြည်တမ်းကြသော အသံများပင်ဖြစ်ပါသည်။ ထိုအသံများမှာ ကျွန်ုပ်တို့ ရောက်လေရာ နေရာအနှံ့အပြား၌ ကြားရ၍ လူစုစု မြင်တိုင်းဝင်ကြည့်ရာတွင် အချို့မှာ ဖော်ထုတ်ပြီးကာစ အလောင်းများကိုလည်းကောင်း၊ အချို့မှာ ဖော်တုန်းဖော်ဆဲ ရှိနေကြခြင်းကိုလည်းကောင်း၊ အချို့မှာ ဖော်ထုတ်ရန် မတတ်နိုင်ဘဲ လက်မှိုင်ချကာ ဟစ်အော် တမ်းတနေကြခြင်းကိုလည်းကောင်း၊ တွေ့ကြရသည်။

ကျွန်ုပ်၏တစ်သက်တာတွင် ဤမျှလောက် ဒုက္ခမီး ပူလောင်ခြင်း အမြောက်အမြားကို စုပြုံမြင်တွေ့ရသည့်အချိန် တစ်နာရီဆို၍ မကြုံခဲ့ရဖူးအောင် ရှိပါတော့သည်။

နေအိမ်သို့ပြန်ရောက်၍ အိမ်နီးချင်းများနှင့် စကားပြောနေကြသဖြင့် သန်းခေါင်ကျော်မှ အိပ်ရာသို့ ဝင်ခဲ့ကြရသော်လည်း အိပ်ရေးဝအောင် အိပ်ရတော့မည် မဟုတ်ချေ။ တစ်နာရီခန့်မျှ အိပ်ရသေးသည် မထင်မီ ဆရာတို့ ထကြလေ။ မီးတွေလောင်ကုန်ပြီဟု တစ်စုံတစ်ယောက်က အိမ်ရှေ့မှ နှိုးပြောသည်နှင့် ကတိုက်ကရိုက် ထကြည့်လိုက်ရာတွင် ကျွန်ုပ်တို့အိမ်နှင့် ကိုက်တစ်ရာခန့်သာဝေးသော သုံးထပ်တိုက်ကြီး အမိုးပေါ်မှ မီးခိုးများ

အူထွက်နေသည်ကို မြင်ရတော့သည်။

ယမန်နေ့ညက စိတ်ပင်ပန်းရုံသာ ရှိ၍ လူမမောရသော်လည်း ယခုမှာ အိမ်ချင်းနီးကပ်သောမီးဖြစ်၍ ပစ္စည်းများ သယ်ထုတ်ရသည်နှင့် တစ်အိမ်သားလုံး ဖတ်ဖတ်မောကြရသည်။ ပစ္စည်းများကို အိမ်မြောက်ဘက်ရှိ မြောင်းကြီးတံတားဦးတွင် စုပုံထားရာ တစ်ရပ်လုံးမှာလည်း ပတ်ဝန်းကျင်တစ်ဝိုက်၌ပင် ပစ္စည်းတွေစုပုံ၍ စောင့်နေကြရသဖြင့် ရွာကလေးသဖွယ် ဖြစ်နေတော့သည်။

မီးမှာ တိုက်ကြီးကိုကျွမ်းအောင် မလောင်ရမီ ငြိမ်းသတ်နိုင်ကြသော်လည်း ပဲခူးတစ်မြို့လုံးမှာ မီးအတွက်ကြောင့် စိုးရိမ်ပူပန်လျက်ရှိကြသည်နှင့် ကျွန်ုပ်တို့ အရပ်သူအရပ်သားများသည် ပစ္စည်းများကို အိမ်ထဲသို့တစ်ဖန် သယ်ယူသွတ်သွင်းခြင်း မပြုတော့ဘဲ တံတားဦး၌ပင် သူ့အစု၊ ကိုယ့်အစု ဖွဲ့စည်းကာ နှစ်ရက်၊ သုံးရက်နေကြသေးသည်။

တိုက်ပိုင်သေဆုံးသူများ၊ အိမ်ကိုမီးလောင်သူများသည် ကိုယ့်အပူနှင့်ကိုယ် ဒုက္ခ ရောက်ရှာကြသော်လည်း ကျွန်ုပ်တို့လူစုမှုကား တံတားဦးတွင် ချက်ပြုတ် စားသောက်ကြရသည်မှာ ဘုရားပွဲကဲ့သို့ရှိ၍ ပျော်သည်ဟူ၍ပင် မှတ်ထင်မိသည်။ အချို့လူများသည် ဒုက္ခတစ်ခုတွေ့သည့်အခါ အအိပ်အနေ အစားအသောက် ဆင်းရဲသည်ဆို၍ စိတ်ညစ်ညူးတတ်ကြပေရာ ကျွန်ုပ်၏ ဝါသနာ တစ်ခုကား အပြောင်းအလဲဆိုလျှင် (အဆိုးဘက်သို့ ပြောင်းလဲရခြင်းပင်ဖြစ်စေကာမူ) ပျော်သလိုရှိတော့သည်။

ထို့ကြောင့်လည်း စစ်ကြီးအတွင်း၌ အချို့သူများ ညည်းတွားကြသလောက် ကျွန်ုပ်၌ မဆင်းရဲချေ။ *(ရွှေဥဒေါင်း)*



အသက်လေးဆယ်ကျော်အရွယ် ရောက်နေသော ဆရာကြီးရွှေဥဒေါင်းသည်ပင် ငလျင်ကြီးလှုပ်သည်ကို ကြုံရသောအခါ အသည်းထဲ၊ အူထဲကကို အားငယ်ပြီး ကြောင်တောင်တောင်ဖြစ်လောက်အောင် ခံစားရသေးရာ ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးငယ်များအနေဖြင့် တစ်ခုတည်းသော အားထားရာ မိဘများ၏ ရိုက်နှက်မှုကိုခံရလျှင် မည်မျှလောက်ထိ အားငယ်ကြောက်ရွံ့နေကြမည်ကို မိဘတိုင်း ကိုယ်ချင်းစာသင့်ပေသည်။ ကျောင်းရောက်ခါနီးလောက်တွင် မိခင်က စာရေးသူကို နောက်တစ်ချက် ရိုက်လိုက်ပြီး သတိပေးသည်။

''ဖြန်း''

''ကြောက်ပါပြီအမေရဲ့''

''ဘာကြောက်ပါပြီလဲ. . . နင် နောက်တစ်ခါ ကျောင်းပြေးရင် သေဖို့ သာပြင်ထား''

''အီးဟီး. . . ကျွန်တော် ကျောင်းပြေးတာ မဟုတ်ပါဘူး။ ကျောင်းနောက်ကျရင် ဆရာမကြီးက ရိုက်လို့မသွားရဲတာပါ''

''ဟင်''

ဟူသော အာမေဍိတ်သံတစ်သံ မိခင်နှုတ်မှထွက်သွားသည်။ စာရေးသူတို့သည် မိခင်၏ သွန်သင်မှုကြောင့် ငါးပါးသီလကို လုံအောင်စောင့်ရသည်။ ဘယ်သောအခါမှ လိမ်ညာ၍ မပြောကြပေ။ စာရေးသူ၏ ဖြေရှင်းချက်ကိုကြားမှ မိခင်သည် သူ့အမှားကို မြင်သွားရှာသည်။ သို့သော် နောက်ကျသွားခဲ့ပြီ။ ကျွန်ုပ်၏ နှလုံးသားတွင် ဒဏ်ရာဖြစ်သွားခဲ့ပြီ။ ဆရာကြီးရွှေဥဒေါင်း၏ စကားဖြင့်ပြောရလျှင် ဆူးတောင်ကြီးတစ်ချောင်း ပေါက်သွားခဲ့လေပြီ။

ကျောင်းဝိုင်းထဲ ဝင်လိုက်သည်နှင့် စာသင်သံ၊ စာအံသံများကို ကြားနေရပြီး ပထမတန်းအခန်းဝသို့ရောက်သည်နှင့် စာသင်နေသော ဆရာမကြီးက လှမ်းကြည့်သည်။ မျက်ရည်များကျနေသော စာရေးသူနှင့် တုတ်ကိုင် ရပ်နေသော မိခင်ကိုတွေ့တော့ တအံ့တသြဖြစ်နေပုံရသည်။ ပြီးမှ စာရေးသူရှိရာသို့ လျှောက်လာပြီးမေးသည်။

''ဟင်... မောင်စိုးမြင့် ငိုနေတာလား။ အမေက ရိုက်လို့ထင်တယ်''

''သူ ကျောင်းတက်ရမှာ ပျင်းနေတယ်ထင်လို့ ကျွန်မ ရိုက်ဆုံးမရတာပါ ဆရာမကြီး။ ရိုက်ပြီးမှ သူကပြောတယ်။ ကျောင်းနောက်ကျရင် အရိုက် ခံရမှာ ကြောက်လို့ပါတဲ့။ ကျွန်မတို့အိမ်မှာ ဈေးပန်းပို့နိုင်တာက သူပဲရှိတယ်။ ဒါ့ကြောင့် ကျောင်းတစ်ခါတလေ နောက်ကျရင် ခွင့်လွှတ်ပါ ဆရာမကြီးရယ်''

''အို ခွင့်လွှတ်ပါတယ်။ အခြားကျောင်းသားတွေ နောက်ကျရင် ရိုက်တယ်ဆိုတာက သူတို့က အိမ်က အစောကြီးထွက်လာပြီး လမ်းမှာဆော့နေကြလို့ပါ။ မောင်စိုးမြင့်က မိဘဈေးရောင်းတာကူရတာဆိုတော့ နောက်ကျတာ အပြစ်မရှိပါဘူးကွယ်။ ဆရာမကြီး မရိုက်ဘူးသိလား။ အလုပ်ပြီးမှသာ လာ''

ထို့နောက် ဆရာမကြီးက မိခင်ဘက်သို့လှည့်၍ပြောသည်။

''မောင်စိုးမြင့်ဟာ ကျွန်မအတန်းထဲမှာ စာအတော်ဆုံးကလေးပါ။ မြန်မာစာဆိုရင် သူ့အဖြေကိုပြပြီး ကျန်တဲ့ကလေးတွေကို နည်းပေးရတဲ့အထိ တော်တာပါ။ စာတော်တဲ့ကလေးဟာ ကျောင်းတက်ပျင်းတယ်လို့ မရှိပါဘူး''

''ကျွန်မ မှားသွားတယ် ဆရာမကြီးရယ်။ ကျွန်မက စာ



မတတ်ခဲ့တော့ ကျွန်မသားသမီးတွေကို ကျွန်မလို စာမတတ်မှာ အစိုးရိမ်လွန်ပြီး သားကို ရိုက်မိသွားတာပါ''

ထိုနေ့ ကျောင်းကအပြန်တွင် မိခင်သည် စာရေးသူ ဝတ်လာသော အင်္ကျီကို လျှော်ရန်အတွက် ချွတ်ခိုင်းသည်။ အင်္ကျီကို ဆပ်ပြာတိုက်သောအခါ မှ မိခင်သည် ကျောမှ အပေါက်အပြဲကို တွေ့သွားသည်။ သို့သော် သူ တုတ်နှဲ့ ထိုးခဲ့သည်ကို သတိမရရှာ။ ဆင်းရဲသော မိသားစုအနေဖြင့် အင်္ကျီတစ်ထည် အသစ်ဝယ်ဖို့ဆိုသည်မှာ လွယ်ကူသည်မဟုတ်။ ထို့ကြောင့် ချက်ချင်း လှမ်းခေါ်တော့သည်။

''ဟဲ့..စိုးမြင့် လာစမ်း''

''ဟုတ်ကဲ့ လာပါပြီ အမေ''

''အခန်းဒေါ့မှာ ထောင်ထားတဲ့ ဝါးခြမ်းပါယူခဲ့''

'စိုးမြင့်ဟု ခေါ်လိုက်ကတည်းက ရိုက်ဖို့ဆိုတာ သိလိုက်ပါပြီ။ ချစ်ဖို့ ခေါ်သည်က သားကြီး၊ ရိုက်ဖို့ခေါ်သည်က စိုးမြင့်။ စာရေးသူ ဝါးခြမ်းကိုကိုင်ကာ အမေ့ကို သွားပေးလိုက်သည်။

''ပြောစမ်း ဒီအင်္ကျီကျောက ဘာဖြစ်လို့ ပေါက်ရတာတုံး။ အင်္ကျီတစ်ထည် ဘယ်လောက်ပေးရတယ်ဆိုတာ နင်မသိဘူးလား''

''မနက်က အမေ ကျွန်တော့်ကို လမ်းသွားနှေးတယ်ဆိုပြီး တုတ်နဲ့ထိုးလိုက်တုန်းက ပေါက်သွားတာပါအမေ''

''ဟင်– ဟုတ်လား၊ သားကြီးဟိုဘက်လှည့်စမ်း၊ သားကြီးကျောပါ ပေါက်သွားပြီထင်တယ်။ သားကြီးရယ်၊ ဖြစ်ရလေ၊ အမေ လက်လွန်သွားတာ၊ တုတ်ထိပ်ကို အတုံးထင်ပြီး ဆောင့်ထိုးလိုက်မိတာ''

မိခင်သည် တုတ်ကိုချပြီး စာရေးသူ ကျောမှ ဒဏ်ရာပေါ်တွင် နနွင်းနှင့် ဆားကို ရောပြီး လိမ်းပေးရှာသည်။ စာရေးသူ မိခင်မျက်နှာကိုတစ်ချက်လှည့်ပြီး မော့ကြည့်လိုက်ရာ မျက်ရည်များ ဝိုင်းနေသည်ကို တွေ့ရသည်။ မိခင်သည် စိတ်ထက်သည်၊ မျက်ရည်ကျခဲသည်။ ယခု အတော်စိတ်ထိခိုက်သွားသောကြောင့်သာ မျက်ရည်လည်ခြင်းဖြစ်သည်။

## လူသတ်ဖို့ ကြံခဲ့ဖူးသည်

ထိုဒဏ်ရာသည် လေးရက်ခန့်နှင့် ပျောက်သွားသည်။ ရုပ်မှာထိခိုက်သော ဒဏ်ရာက လေးရက်ခန့်နှင့် ပျောက်သွားသော်လည်း စိတ်မှာထိခိုက်သောဒဏ်ရာက ယခု၂၀၁၂ဆိုလျှင် အနှစ်လေးဆယ်ကျော်ခဲ့ပါပြီ။ မပျောက်နိုင်တော့ပါ။ စာရေးသူသည် အင်မတန်ဒေါသကြီးသူတစ်ယောက်ဖြစ်သည်။ ဒေါသနည်းနည်းဖြစ်သည်နှင့် အသံတွေတုန်၊ ရင်တွေ ခုန်လာသည်။ မိမိအပေါ် ရော ပတ်ဝန်းကျင်အပေါ်ပါ မကောင်းသော ပုဂ္ဂိုလ်သုံးဦးခန့်ကို သတ်ပစ်ပြီး ထောင်ထဲဝင်လိုက်ရင်ကောင်းမလားဟု ခဏ ခဏ စိတ်ကူးမိသည်။

မေတ္တာဘာဝနာနှင့် ဗုဒ္ဓစာပေများကြောင့်သာ ထောင်ထဲ မရောက်ခဲ့ရခြင်း ဖြစ်သည်။ ဤစိတ်ဝေဒနာသည် မိဘဆရာများ၏ တုတ်ချက်များကြောင့် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယုံမှားစရာမရှိပေ။ စာရေးသူသည် သားသမီးများထဲတွင် မိခင်ကို အချစ်ဆုံးဟုထင်သည်။ စာရေးသူ ငါးနှစ်သား အရွယ်လောက်က မိခင်သည် ပခုံးတွင် မြင်းဘုကြီးပေါက်လာသည်။ မန္တလေး ဆေးရုံတက်ခွဲရသည်။



လေးငါးရက်ခန့် ကြာမည်ထင်သည်။ အမေ့အကြောင်းကို တွေးမိသွားသော စာရေးသူသည် မျက်ရည်ပေါက်ကြီးတွေ ကျပြီး ရှိုက်ခါရှိုက်ခါ ငိုနေခဲ့ဖူးသည်။ အစ်မများ လာမေးသောအခါမှ မိခင်ကို သတိရ၍ဖြစ်ကြောင်း ပြောပြလိုက်သည်။ ငိုရကျိုးနပ်ပါသည်။ နောက်ရက် မိခင်ထံ ထမင်းပို့သွားသောအခါ စာရေးသူကို ခေါ်သွားသဖြင့် ဆေးရုံပေါ်တွင် မိခင်ကိုတွေ့ခွင့် ရခဲ့သည်။

စာရေးသူသည် အငြိမ့်တို့၊ ဇာတ်တို့ကို သေလုအောင်ကြိုက်သည်။ အမရပူရမြို့ စံပြကွက်သစ်တွင် နှစ်စဉ်တန်ဆောင်မုန်းလတွင် ဘုရားပွဲကျင်းပသည်။ ဘုရားပွဲ ကျင်းပတိုင်း ဇာတ်ပါသည်။ အံ့ဩစရာ ကောင်းသည်မှာ ဇာတ်ငှားဖို့အတွက်လည်း အိမ်တိုင်း ငွေထည့်ရသည်။ ဇာတ်ကြည့်ဖို့အတွက် စင်ကျတော့လည်း ဝယ်ရပြန်သည်။ ဓမ္မာရုံကြီးကား နှစ်မည်မျှကြာကြာ ရှေးမူမပျက် သည်အတိုင်းသာ ဖြစ်သည်။

ငွမ်းစက်မှ ဦးထွန်းလှတို့ မတည်လှူသောကြောင့်သာ ဓမ္မာရုံ အသစ်ပြန် ဆောက်နိုင်သည်မှာ မကြာသေးပေ။ တစ်နှစ်တွင် ဘုရားပွဲရက်အတွင်း မိခင် တော်တော်နေမကောင်းဖြစ်သည်။ ထိုညက ညီအစ်ကိုမောင်နှမအားလုံး ပွဲကြည့်သွားဖို့ ပြင်နေကြသည်။ စာရေးသူကား အိမ်တွင် တစ်ယောက်တည်း ကျန်ခဲ့ရမည့် မိခင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

အားလုံး အဝတ်အစားလဲပြီးကြသောအခါ အလျှိုလျှိုထွက်ကြပြီ၊ စာရေးသူလိုက်မသွား။ မိခင်အိပ်ရာဘေးမှာ ထိုင်နေသည်။ အစ်မများ အိမ်တံခါးပေါက်ရောက်သည်အထိ စာရေးသူက မိခင် ခုတင်ပေါ်မှ ဆင်းမလာသောအခါ အစ်မများက လှမ်းခေါ်သည်။

“ဟဲ့ . . စိုးမြင့်၊ လာလေ သွားကြစို့”

''သားကြီး လိုက်သွားလေ''

''ဟင့်အင်း... မလိုက်တော့ဘူး။ အမေတစ်ယောက်တည်း ကျန်ခဲ့မှာ''

အမေ့မျက်နှာ ဝင်းထိန်သွားသည်။ ဖိုးလမင်းတောင် ရှုံးအုံ့ ထင်သည်။ မိခင်က အပေါက်ဝ ရောက်နေသော အစ်မတွေ၊ ညီတွေ ကြားအောင် လှမ်းအော်ပြောလိုက်သည်။

''တွေ့လား။ ညည်းတို့ထဲမှာ ငါ့ကိုအချစ်ဆုံးဟာ ငါ့သား ကြီးပဲ''

စကားအဆုံးတွင် မိခင်က စာရေးသူ၏ခေါင်းကို ညင်သာစွာ ပွတ်သပ်ပေးနေသည်။ စာရေးသူ၏ ရင်ထဲတွင် တသိမ့်သိမ့်၊ တငြိမ့်ငြိမ့်၊ စာရေးသူက မိခင်ကိုတကယ်ချစ်သလို မိခင်ကလည်း မသန်စွမ်းလေးဆိုသောစိတ်ဖြင့် စာရေးသူကို တကယ်ချစ်ရုံပင်မက သနားတာ အဆစ်ပါလိုက်သေးသည်။ သို့သော် သားအမိနှစ်ယောက်ကြား ချစ်မှန်းမသိအောင် ခြားလိုက်သည့် အုတ်တံတိုင်းကြီးက ရိုက်ဆုံးမမှ မှတ်သည်ဟူသော အယူအဆပင်။

မိခင်ကြီး ကွယ်လွန်ချိန်က စာရေးသူသည် ကော့သောင်းမှာ ဝါဆိုနေချိန်ဖြစ်သည်။ ထိုရက်အတွင်း တရားပြနေသည်က မြိတ်မြို့။ ဝါတွင်းဖြစ်ခြင်း၊ လေယာဉ်အခက်အခဲရှိခြင်းတို့ကြောင့် စာရေးသူ မရောက်ဖြစ်ခဲ့။ ရက်လည်ဆွမ်းကျွေး၊ နှစ်လည် ဆွမ်းကျွေးတို့တွင်လည်း ညတရားပွဲတွေကြောင့် စာရေးသူ မရောက်ဖြစ်ပြန်။

မိခင် ကျန်းမာစဉ်အချိန်ကရော၊ မကျန်းမာစဉ်အချိန်ကရော၊ ကွယ်လွန်သည့် အချိန်မှာပါ စာရေးသူ ရသမျှထဲက မိခင်အတွက် အမြဲခွဲပို့ပေးသည်။ သို့သော် လူကိုယ်တိုင်ရောက်တာနည်းသည်။



တကယ်ဘာသာရေးကိစ္စတွေကြောင့်လား– သို့မဟုတ် အမြဲတမ်း ရိုက်ဆုံးမခဲ့သည့် အုတ်တံတိုင်းကြီးကြောင့်လားဟု ယခုစာရေးသည့်အချိန်မှ စဉ်းစားမိခြင်းဖြစ်သည်။

## အမြင်စူးရှသော စာရေးဆရာနှစ်ဦး

ပြောရလျှင် အတ္တကျော်၏စာအုပ်ကို မဖတ်ရသေးခင် အချိန်အထိ စာရေးသူသည်လည်း ရိုက်ဆုံးမသင့်သည်ဟူသော အယူအဆကို ကြိုက်နှစ်သက်ခဲ့သူတစ်ယောက် ဖြစ်သည်။ မည်သူမျှ မမြင်သောအချက်ကို စာရေးဆရာမျက်စိဖြင့် မြင်အောင် ကြည့်နိုင်သော အတ္တကျော်နှင့်ဆရာကြီး လယ်တွင်းသားစောချစ်တို့ကို စာရေးသူ ချီးကျူးမိပါသည်။

အတ္တကျော်နှင့် လယ်တွင်းသားစောချစ်၏ စာအုပ်များကို ဖတ်ပြီး စာရေးသူ အကျွတ်တရား ရခဲ့ပြီဖြစ်ရာ ဤစာအုပ်ကို ဖတ်ပြီးလျှင်လည်း မိဘဆရာအတော်များများ ကျွတ်တမ်းဝင်ကြလိမ့်မည်ဟု ထင်ပါသည်။ တကယ်ကျွတ်တမ်းဝင်သွားသည်ဆိုလျှင်တော့ စာရေးသူထံ စာရေး၍ အသိပေးစေလိုပါသည်။ ကလေး တွေအတွက် ဝမ်းသာချင်၍ဖြစ်သည်။

အဖေနှင့်အမေ နှစ်ယောက်ပေါင်းရိုက်သောဒဏ်ကိုလည်း စာရေးသူ ခံခဲ့ရဖူးသည်။ မိခင်သည် မရိုက်ခင်တွင် မေးတော့မေးသေးသည်။ သို့သော် မည်သို့ဖြေဖြေ ရိုက်သည်သာဖြစ်သည်။ ဥပမာအားဖြင့် မိခင်အဝတ်များ လျှော်လှန်းထားသော နေရာတွင် စာရေးသူက ရွှံ့ရေများကို တုတ်နှင့်ရိုက်လိုက်ရာ လျှော်လှန်းထားသော အဝတ်များကို ရွှံ့ရေများ စဉ်သွားသည်။

တကယ်တော့ ဤရွှံ့ရည်များကို တုတ်နှင့်ရိုက်လိုက်လျှင်

ထိုအဝတ်များအထိ ရွှံ့ရေရောက်သည်ကို စာရေးသူ တကယ် မသိပေ။ ထိုပြစ်မှုကို အမေက တုတ်ကိုင်ပြီးမေးသည်။

''နင်. . . ဒီလိုရွှံ့ရေတွေ တုတ်နဲ့ရိုက်ရင် အဝတ်တွေအပေါ် ရွှံ့ရေတွေ စဉ်မယ်ဆိုတာ မသိဘူးလား''

စာရေးသူက အမှန်အတိုင်း မသိပါဘူးဟု ဖြေလိုက်သည်။ စာဖတ်သူဆိုလျှင်တော့ မသိလို့လုပ်တာပဲဟု ခွင့်လွှတ်လိမ့်မည် ထင်သည်။ မိခင်ကတော့ခွင့်မလွှတ်။ ဒီလောက်လေးတောင် မသိရဘူးလားဆိုပြီး ရိုက်သည်။ အကယ်၍ သိပါတယ်ဟု ဖြေလျှင်တော့ ပြောစရာမရှိတော့။ သိရက်နဲ့လုပ်ရသလား ဟု ပြောပြီး ရိုက်သည်။

## ခြသေ့်နှင့်တူသော မိခင်

ခြသေ့်ကြီးက တပည့်များ၏အသားကို စားချင်၍ ချောင်ပိတ်မေးသော မေးခွန်းမျိုးပင်ဖြစ်သည်။ ခြသေ့်ကြီး တစ်ကောင်သည် ထိုနေ့အတွက် အစာရှာမရသဖြင့် သူ့ကိုခစားနေသော မျောက်၊ မြေခွေး၊ ယုန်တို့ကိုစားခွင့်ရရန် ပရိယာယ်ဆင်၍မေးခွန်း မေးသည်။ သူ့ပါးစပ်ကြီးကို ဟပြပြီး ဘာနံ့ရသလဲ ဟု မေးသည်။ ပုပ်စော်နံသည်ဟု အမှန်အတိုင်းဖြေသော မြေခွေးကို ပုပ်စော်နံသည်ဟု ပြောရပါ့မလားဆိုပြီး ကိုက်စားပစ်သည်။

မွှေးသည်ဟုပြောသော မျောက်ကိုလည်း လိမ်ပြောရမည်လော ဟုဆိုကာ ကိုက်စားပြန်သည်။ ယုန်ကလေးသာ နှာစေးနေ၍ အနံ့မရပါဟု ဖြေလိုက်သောကြောင့် ခြသေ့်အကျပ်ရိုက်သွားသည် ဟုဆိုသည်။ ယခုလည်း မိခင်က မေးသည်မှာ ရိုက်ဖို့အတွက် မေးခြင်းဖြစ်၍ မည်သို့ဖြေဖြေ မလွတ်ပါ။



ထိုနေ့က စာရေးသူသည် ကျောက်ပေသီးအသစ်ကလေး ဝယ်လာသဖြင့် တွေ့သမျှကို လက်တည့်စမ်းချင်နေသည်။ မီးဖိုဘေးတွင် အသင့်တွေ့ရသော ကြွေရည်သုတ်သံဇလုံလေးကို သရက်ပင်ရင်းတွင် ချပြီး ကျောက်ပေသီးဖြင့် လှမ်းပစ်လိုက်ရာ တည့်တည့်မှန်သဖြင့် *ဂွမ်* ဟူသော အသံကြီး ထွက်သွားသည်။

တည့်တည့်မှန်သောကြောင့် ပျော်သွားသော်လည်း မှန်သည့်နေရာတွင် ကြွေတွေကွာပြီး အမည်းကွက်ကြီး ဖြစ်သွားသောကြောင့် စာရေးသူ ကြက်သီး ထသွားသည်။ အရိုက်ခံရဖို့ သေချာသွားပေသည်။ ခုနစ်နှစ်သားအရွယ်ခန့်သာ ရှိသေးသောကြောင့် ကြွေပန်းကန်သာကွဲသည်။ သံပန်းကန်ကား မကွဲ ဟုသာ သိထားသည်။ ယခုလို ကြွေရည်များ ကွာသွားလိမ့်မည်ဟု တကယ် မသိပေ။ အမေက တုတ်ကိုင်ကာ လျှောက်လာပါပြီ။

ထိုအချိန် အဖေကလည်း အလုပ်ကပြန်လာသည်။ အဖေက စာရေးသူတို့သားအမိ၏ အင်တာဗျူးကို လေ့လာနေသည်။

''လာစမ်း. . . မသန်မစွမ်းကောင်၊ နင် ဒီလိုပစ်လိုက်ရင် ကြွေဇလုံ ကွာသွားမယ်ဆိုတာ မသိဘူးလား''

စာဖတ်သူများကတော့ စာရေးသူဒုက္ခကို သိပြီးလောက်ပါပြီ။ ဘယ်လိုဖြေဖြေ ရိုက်တော့မည်ဆိုတာ။ သို့သော် အဖေကတော့ စာဖတ်သူများလို မသိရှာ။ ထို့ကြောင့် စာရေးသူ အဖြေအဆုံးတွင် အဖေကပါ ခပ်နာနာရိုက်သင့်သည်ဟု ဝင်ပြောတော့သည်။ စာရေးသူက မည်သို့ပြောပြော ရိုက်မှာဖြစ်သောကြောင့်–

''သိပါတယ်''

''ဟင်၊ သိရက်သားနဲ့ ဒီလိုလုပ်ရသလား''ဟုဆိုကာ ရိုက်ပါတော့သည်။ ဖခင်ကလည်း စာရေးသူ၏ လက်နှစ်ဖက်ကို

ကိုင်ပေးကာ– ''တော်တော်မိုက်တဲ့ ကလေး၊ သိရက်သားနဲ့လုပ်တာတဲ့ နာနာချ သိန်းရင်''ဟု အားပေးလေတော့သည်။

ရှေ့တွင် ဖော်ပြခဲ့သည့် လေးနှစ်သမီးလေးကို လင်မယားနှစ်ယောက် ဝိုင်းရိုက်သည့် အကျည်းတန်သော မြင်ကွင်းမျိုးပင် မဟုတ်ပါလော။ ကျွန်ုပ်သည် စာဖတ်ဝါသနာသာ မပါလျှင် သိမ်သိမ်ငယ်ငယ်နှင့် လူတောမတိုးဘဲ သေသွားရမည့်ပုဂ္ဂိုလ်တစ်ယောက်သာ ဖြစ်သည်။ စာပေနှင့်တရားဟောတွင် အသင့်အတင့်နာမည်ရပုဂ္ဂိုလ်တစ်ယောက် ဖြစ်သော်လည်း တစ်ယောက်တည်းသာ အထီးကျန်နေချင်သည်။

ရဟန်းတစ်ပါးဖြစ်သောကြောင့်သာ တစ်ပါးတည်း လူတွေ့မခံခြင်းကို ချီးကျူးစရာအဖြစ် ယူဆရသော်လည်း လူပုဂ္ဂိုလ်တစ်ယောက်အနေဖြင့်ကား လူတောမတိုးသော၊ အညွန့်ကျိုးသော စိတ်ဝေဒနာတစ်မျိုးပင်ဖြစ်သည်။ မိဘက ရိုက်သောကြောင့် တန်းကျောင်းရောက်သောအခါ သက်သာမည်လားမှတ်ပါတယ်။ ပိုဆိုးပြန်သည်။

## အရက်သမားဆရာ၏ ကြိမ်စကြာ

စာရေးသူ နှစ်တန်းအရောက်တွင် သုံးတန်းပြ ကင်ပေတိုင်ဆရာ တစ်ယောက်က ဘာမျှအပြစ်ရှိသည်မဟုတ်ဘဲ ကျောင်းပေါ် တက်နေသော ကျောင်းသားများကို သူ့ရှေ့မှ မြန်မြန်မသွားရကောင်းလားဟု ဆိုကာ ကြိမ်နှင့် တွေ့ရာရိုက်သွားသည်။ ထိုဆရာသည် အရက်သောက်တတ်သူ တစ်ယောက်ဖြစ်သည်။

ဆရာသည်ကား တပည့်များ၏ စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏ ဟူသော ဆောင်ပုဒ်ကို မနာယူသူဖြစ်သည်။ ထိုကြိမ်လုံးသည်



စာရေးသူ၏ကျောကို နှစ်ချက်ခန့်ရိုက်မိသည်။ နွားတစ်ကောင်ကို ရိုက်သကဲ့သို့ လွှဲရိုက်ခြင်းဖြစ်သောကြောင့် ကျောတွင် အညိုအမည်းကြီးစွဲသွားသည်။ ဖခင်က ရေလိုက်ချိုးပေးချိန်တွင် တွေ့သွားရာ ထိုဆရာ၏အိမ်သို့ တစ်ခါတည်းလိုက်ပြောသည်။

အသက်အန္တရာယ်ရှိသောနေရာသို့ရိုက်သည်ကို စာရေးသူ၏ မိဘနှစ်ပါးလုံး မကြိုက်ကြပါ။ လေးတန်းပြဆရာဆိုလျှင် ကျောင်းသားများကို အမျိုးမျိုးနှိပ်စက်သည်။ ထိုဆရာသည် ကျောင်းမှဆရာမတစ်ယောက်နှင့် ဖြစ်နေရာ သူတို့အဆင်မပြေတိုင်း ကျောင်းသားတွေကို အတိုးချနှိပ်စက်တတ်သည်။

ထိုရက်စက်သော ဆရာသည် စာရေးသူတို့သုံးတန်း မြန်မာစာကိုလာပြသည်။ သုံးတန်းပြဆရာခွင့်ယူထားသောကြောင့် ထင်သည်။ အရင် ဆရာနေ့က ကျက်ခိုင်းထားသော ကဗျာတစ်ပုဒ်ကို ပြန်ဆိုပြရမည်ဖြစ်သည်။ စာရေးသူ ကျေအောင်ကျက်ခဲ့ပါသည်။

ပန်းကုံကော် ရွှေစကား၊
ငွေသားနု စံပယ်မှန်။
မြလေးနှင့်ခတ္တာ၊
ရွှေယင်းမာ ကြာခဝဲ၊
ပွဲစနှင်းလှုန်။
သဇင်ကျန် ခွာတံပေါက်လည်း၊
ပန်းဝတ်မှုန် ရွှေဖီမင်း
သင်းထုံနံ့ကဲ့. . .။

ဤကဗျာလေးဟု ထင်သည်။ သို့သော် စာသင်ချိန် စသည်နှင့် ကင်ပေတိုင်ဆရာက ကြိမ်လုံးနှင့် စားပွဲကို လေးငါးချက်ရိုက်လိုက်သည်။ ပြီးတော့ ပုဒ်မ ၁၄၄ ထုတ်သည်။

## ဉာဏ်တုံးအောင်လုပ်သောဆရာ

"မနေ့က မင်းတို့ကို ဆရာကျက်ခိုင်းတဲ့ကဗျာ တစ်ယောက်ချင်း လာပြန်ကြ။ မပြန်နိုင်ရင် နှစ်ချက်၊ လာပြန်ပြီး ထစ်နေရင် လေးချက်ရိုက်မယ်"

စာဖတ်သူများ ကလေးတွေနေရာ နေကြည့်ပါ။ လူတစ်ယောက်တွင် သောကဟူသော အပူမီးတောက်သည်နှင့် အသိဉာဏ်ကင်းမဲ့သွားတော့သည်။ ရပ်ကွက်တိုင်း မီးလောင်ချိန်တွင် ထိုဆရာကို ထိုကဗျာ ဆိုခိုင်းကြည့်ပါ။ အိမ်မီးလောင်မှာ စိုးရိမ်သည့် သောကကြောင့် တစ်ပိုဒ်မျှပင် ဆိုနိုင်မည် မဟုတ်ပါ။ ယခုစာရေးသူတို့ ကျောင်းသားများသည်လည်း အရိုက်ခံရမှာကြောက်သော သောကကြောင့် ရပြီးသား ကဗျာသည် ဆိုလို့မရတော့ပါ။

မှတ်မိပါသေးသည်။ ထိုနေ့က ပြန်ပြနိုင်သည်မှာ ဤကျောင်းမှ ဆရာ၊ ဆရာမများ၏ သားသမီးများသာ ဖြစ်သည်။ သူတို့သည် ဤ ကင်ပေတိုင်ဆရာနှင့် ရင်းနှီးကြသည်။ ထို့ကြောင့် သူ့ကိုမကြောက်။ မကြောက်သောကြောင့် ရပြီးသားကို အေးအေးဆေးဆေး ပြန်နိုင်ခြင်းဖြစ်သည်။

ထိုဆရာသည် သူတို့ကိုချစ်ခင်သည်ဆိုတာ သိထားသောကြောင့် သူတို့ အနည်းငယ်ထစ်လျှင်လည်း တကယ်မရိုက်ဟု ယုံကြည်သောကြောင့် ပြန်နိုင်ကြခြင်းဖြစ်သည်။ စာရေးသူနှင့် ကျန် ကျောင်းသားများက ကြောက်ရွံ့နေသောကြောင့် ရပြီးသား ကဗျာသည် ထစ်နေသည်။ တချို့ သွားပြန်ကြည့်သည်။ နည်းနည်း ထစ်သည်နှင့် ဆရာသည် လေးချက်တန်းရိုက်တော့သည်။ ထိုအခါ စာရေးသူ အပါအဝင် ကျန်ကျောင်းသားများမှာ လေး



ချက်ကို ကြောက်သောကြောင့် နှစ်ချက်စီ အရိုက်ခံလိုက်ကြရသည်မှာ တဖြောင်းဖြောင်းနှင့် အမဂ်လာကြိမ်ရိုက်သံများ ဆူညံသွားတော့သည်။

ဩော်... ဂျပန်များ လူသတ်နေကျ မသတ်ဘဲမနေနိုင်သကဲ့သို့ ထိုဆရာသည်လည်း ကျောင်းသားများကို ရိုက်နေကျဖြစ်နေရာ သူ့ခမျာ မရိုက်ဘဲ မနေနိုင်တော့ဟန်တူသည်။

တစ်ခါကလည်း မည်သည့်အပြစ်ကြောင့်ရယ်မသိ။ လေးတန်းမှ ကျောင်းသားကြီး နှစ်ယောက်ကို ခါးတောင်းကျိုက်ခိုင်းပြီး မြေပြင်မှာဒူးထောက်ခိုင်းထားသည်။ သူတို့ဒူးအောက်တွင်လည်း ကျောက်စရစ်ခဲ ထည့်ထားသေးသည်။ နာရီအတော်ကြာ၍ ပြန်အထတွင် ထိုကျောင်းသားတို့၏ ဒူးနှစ်ဖက်၌ သွေးများထွက်နေသည်ကို တွေ့ရသည်။

## ကျောင်းဆရာနှင့် ကြိုးစင်တာဝန်ခံ

ထိုဆရာသည် လျှောက်လွှာတင်မှားလာဟန်တူသည်။ သူသည် ကျောင်းဆရာလုပ်ဖို့ လျှောက်လွှာမတင်သင့်ဘဲ ကြိုးစင်တာဝန်ခံအဖြစ်သာ လျှောက်လွှာတင်သင့်ပေသည်။ အနှစ်လေးဆယ်ကျော်ကြာသည်အထိ စာရေးသူ မှတ်မိနေသည်မှာ လူမဆန်စွာ ရက်စက်လွန်းသောကြောင့် ဖြစ်သည်။

စာရေးသူကား ကံဆိုးသူတစ်ယောက်ပင်။ မည်သည့်နေရာသို့ ရောက်ရောက် အရိုက်ကြမ်းသူများနှင့်သာ တွေ့ရခြင်းဖြစ်သည်။ ကိုရင်ဝတ်သော အခါတွင်လည်း ဥပဇ္ဈာယ်ဆရာတော်သည် အလွန်အရိုက်ကြမ်းသည်။ တစ်နေ့လေးကြိမ်ခန့် အရိုက်ခံရသည်။ မိခင်ထက်ပင် ကြမ်းသေးသည်။

တစ်ခါကဆိုလျှင် စာတက်ရင်း သူမေးတာ မရသဖြင့် စာရေးသူ၏ ခေါင်းကို သူ့လက်သီးဆုပ်ဖြင့် ရှစ်ချက်လောက်ထုသည်။ သူ့လက် နာသွားသောအခါ သားရေဖုံးစာအုပ်ကြီးဖြင့် ဆက်ထုပြန်ရာ စာအုပ်အဖုံးကြီး စုတ်ပြတ်သွားသည်။ စာရေးသူ၏ခေါင်းသည်လည်း 'တွေ့မရှောင်'၏ခေါင်းလို အလွန်မာကျောဟန်တူသည်။

'တွေ့မရှောင်'သည် ဩစတေးလျသို့သွားပြီး ကစ်ဘောက်ဆင် ချန်ပီယံဖြင့် ထိုးသတ်ရာ ကစ်ဘောက်ဆင်ချန်ပီယံသည် လက်ကျိုးပြီး အရှုံးပေးသွားရသည်။ ကျိုးရခြင်းအကြောင်းမှာ 'တွေ့မရှောင်'၏ခေါင်းကို လက်သီးဖြင့် ထိုးမိသောကြောင့် ဖြစ်သည်။ နောက်တစ်နေ့တွင် စာရေးသူ၏ခေါင်းကိုထိုးသော ဆရာတော်၏လက်မှာ ရောင်ကိုင်းနေသဖြင့် စာရေးသူကပင် ပရုပ်ဆီဖြင့် လိမ်းပေးရသေးသည်။ ဆရာတော်က ဆိုသည်။

"ဇဝနႆ... မင်းခေါင်းကိုထိုးလို့ ငါ့လက်ရောင်ကိုင်းသွားတာ၊ မင်းမှာတာဝန်ရှိတယ်၊ မင်းကိုယ်တိုင်ပရုပ်ဆီလာလိမ်းပေးလှည့်"

စေတနာထက် ရက်စက်မှုက ပိုနေသောကြောင့် စာရေးသူသည် စာသင်တိုက်သို့ ထွက်လာသောအချိန်မှစ၍ ထိုကျောင်းသို့ ဘယ်သောအခါမှပြန်မသွားဖြစ်တော့ပေ။ ပစ္စည်းဝတ္ထု လှူသောအခါ ခဏတစ်ဖြုတ်သာရောက်တော့သည်။ မည်သည့်အချိန် ပျံတော်မူသည်ပင် စာရေးသူ မသိလိုက်တော့ပါ။ *အတ္တကျော်* ပြောသကဲ့သို့ ရက်စက်စွာရိုက်နှက်ဆုံးမခဲ့ကြသော မိဘ၊ ဆရာများအနေဖြင့်"ဒီကောင်တွေ အခုသာ တို့ကိုမုန်းတာ၊ ကြီးလာရင် ချစ်လာမှာ"ဟူ၍ မမျှော်လင့်သင့်တော့ပါချေ။

•

## အဆိပ်ဖြေပန်း

လယ်တွင်းသားစောချစ်

အပြင်မှာ မိုးရွာနေသည်က သည်းသည်းမည်းမည်း၊ ခန်းမဆောင် သွပ်မိုးကို ထိမှန်သည့် မိုးပေါက်သံက တဖြောင်းဖြောင်း၊ ခန်းမထဲမှ လက်ခုပ်သံက တဖြောင်းဖြောင်း၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပနေခြင်းဖြစ်သည်။ ယခုနှစ် ကျွန်တော်တို့ ကျောင်းတွင် ရှစ်တန်းရော၊ ဆယ်တန်းပါ ဂုဏ်ထူးများ နှင့်အောင်သူများ၍ အောင်ချက်ရာခိုင်နှုန်းလည်း ကောင်းသည်။

ဆရာမိဘအသင်းမှ နာယကကြီးများ၊ အမှုဆောင်များ၊ အလှည့်ကျ ဆုပေးနေကြသည်။ ဆုရသော ကျောင်းသားကျောင်းသူများမှာ ဝတ်ကောင်းစားလှနှင့် မြူးမြူးကြွကြွ မိဘများကလည်း ပျော်တပြုံးပြုံး မော်မဆုံး။ ဆရာ၊ ဆရာမများမှာကား ဆုပေးပွဲ မတိုင်မီကပင် ပြင်ရ၊ ဆင်ရ၊ ဆုပေးသည့်နေ့မှာလည်း မိဘများကို ကြိုဆိုရ၊ နေရာချထားရ၊ ဧည့်ခံကျွေးမွေးရ၊ ကျောင်းသူ/ကျောင်းသားများကို အစီအစဉ်တကျ ဆုယူနိုင်ရန် စီစဉ်ပေးရနှင့် မနားရ။

သို့သော် တပည့်များ ဆုယူသောအခါ ဘေးမှ ဝိုင်းဝန်းပွဲပိုးကြရင်း ကိုယ်တိုင်ဆုရသကဲ့သို့ ဂုဏ်ယူကျေနပ်နေကြသည်။ ရှစ်တန်းမှ ဂုဏ်ထူးရှင် ကျောင်းသူ ကျောင်းသားများကို ဆုပေး၍ပြီးသွားပြီ။ မိုးကား သဲသဲမဲမဲ ရွာနေဆဲ။ ခန်းမဆောင် တံစက်မြိတ်မှာ မိုးရေတန်းများ လှပစွာသွယ်စီးဆဲ။

''အခုဆက်လက်ပြီး ဆယ်တန်းမှာ ဂုဏ်ထူးနဲ့အောင်မြင်တဲ့ ကျောင်းသူ ကျောင်းသားများကို ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ ကျောင်းအုပ်ဆရာကြီးခင်ဗျာ ဆုချီးမြှင့်ပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား''

အခမ်းအနားမှူး ဆရာဦးအေးကြည်က ကြေညာသည်။

ကျွန်တော် စင်မြင့်ပေါ်သို့ သွားရောက်ရပါသည်။ ပထမဆုံး ဆုယူသူက ငါးဘာသာ ဂုဏ်ထူးရှင် စိုးလင်းအောင်။ လက်ခုပ်သံများနှင့်အတူ ချီးကျူးအားကျသော မျက်လုံးများ။ ပြီးတော့ လေးဘာသာ ဂုဏ်ထူးရှင် မိန်းကလေး နှစ်ယောက်၊ ချီးကျူးဂုဏ်ပြုသော ဩဘာလက်ခုပ်သံများ။

သုံးယောက် ဆုပေးပြီးနောက် ကျွန်တော့်တာဝန် ကျေပြီထင်သောကြောင့် စင်မြင့်ပေါ်မှ ဆင်းမည်ပြုသည်။

''အခု ချီးမြှင့်မည့်ဆုကိုလည်း ဆရာကြီးကပဲ ဆက်ပြီးချီးမြှင့်ပေးဖို့ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ် ခင်ဗျာ''

အခမ်းအနားမှူး ဦးအေးကြည်၏ မေတ္တာရပ်ခံချက်အရ ကျွန်တော် စင်မြင့်ပေါ်မှာ ဆက်နေရသည်။

''မောင်သန်းလွင်–သင်္ချာ၊ အင်္ဂလိပ်စာနှင့် ဇီဝဗေဒ သုံးဘာသာ ဂုဏ်ထူးရှင် ဖြစ်ပါတယ်''

ကြေညာချက်အဆုံးမှာ လက်ခုပ်သံက ပုံမှန်မျှသာဖြစ်၏။



ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရှင်များပြီး၍ သုံးဘာသာ ဂုဏ်ထူးက သိပ်မထူးတော့။ ဆုယူမည့်ကလေးက တော်တော်နှင့်ထွက်မလာ။ ပရိသတ်၏ မျက်လုံးများက ဟိုဟို သည်သည် လှည့်လည်ရှာဖွေနေကြ၏။ ခဏနေမှ မောင်သန်းလွင်ကို မြင်ကြရသည်။

''ဒေါက်. . . ဒေါက်. . . ဒေါက်''

ကြမ်းပြင်ပေါ်သို့ တုတ်ထောက်သံနှင့်အတူ ဖြည်းဖြည်းမှန်မှန် လျှောက်နေရသော မောင်သန်းလွင်။

''အို. . .''

''ဟယ်. . .''

မိဘများထံမှ ထွက်ပေါ်လာသည့် အံ့ဩသံများ။ အားလုံးသည် မောင်သန်းလွင်ကိုကြင်နာစွာကြည့်နေကြသည်။ ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်သွား၍ မိုးသံက ပိုကျယ်သည် ထင်ရ၏။ မောင်သန်းလွင် လာနေသည်ကို လှမ်းကြည့်ရင်း ကျွန်တော့်ရင်တွင်းမှာ သနားခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့နှင့်အတူ လှိုက်ဖိုသော ဝေဒနာတစ်မျိုးကို ခံစားရသည်။

ကြေကွဲစရာ အဖြစ်လေးတစ်ခုက ကျွန်တော့်အတွေး အထင်တွင် မြင်ယောင်လျက်. . .

•

ကျွန်တော့်ရုံးခန်း၏ အောက်ထပ် ညာဘက်ခြမ်းရှိ ကိုးတန်းခန်းမှ ဆူသံ၊ အော်သံများနှင့် လဲကျသံများကို ကြားရ၍ တစ်ခုခုတော့ ဖြစ်ပြီဟု နားစွင့်နေစဉ်မှာပင်–

### ဒုက္ခိတကျောင်းသားနှင့် ဆရာ့လက်သီး

''ဆရာကြီး. . . ဆရာကြီး လုပ်ပါအုံး။ ဟို. . . ကိုးတန်းဘီမှာ ဆရာ အသစ်လေ၊ အဲ. . . ဆရာကြီး ဦးအေးကြည် မောင်သန်းလွင်လေးကို ရိုက်လိုက်ထိုးလိုက်တာ .ကျွန်မ ရင်တုန်လိုက်တာ ဆရာကြီးရယ်''

ဆရာမ ဒေါ်ခင်ထွေးက ရင်ကိုဖိရင်း သတင်းပေးသည်။

''ဟာ. . . အဲဒါမှ ပြဿနာပဲ''

ကျွန်တော့်ရုံးခန်းဘေးရှိ လှေကားမှ အမြန်ဆုံးဆင်း၍ ကိုးတန်း(ဘီ)အခန်းသို့ ရောက်သောအခါ အတန်းပိုင်ဆရာမ ဒေါ်စိုးစိုးနွယ်လည်း ပြေး၍ရောက်လာသည်။ ကျွန်တော်တို့ အတန်းထဲ ဝင်လိုက်သည်နှင့် မောင်သန်းလွင်မှအပ ကျောင်းသားများအားလုံး မတ်တတ်ရပ်လိုက်ကြသည်။



''ထိုင်ကြ၊ ထိုင်ကြ တပည့်တို့''

ကျွန်တော့်အသံကြား၍ ခုံပေါ်တွင် မျက်နှာအပ်ပြီး ငိုနေသော မောင်သန်းလွင်ခမျာ ခေါင်းမော့၍ကြည့်ရှာသည်။ သူ့နှုတ်ခမ်းတစ်ချက် အတွန့်လိုက်မှာ သွားကလေးများ အဖွေးသားပေါ်လာ၍ ပြုံးသလိုလို၊ ပြောင်သလိုလို။

''သြော်. . . ဖြစ်မှဖြစ်ရလေ တပည့်ရယ်''

ကျွန်တော် များစွာစိတ်မကောင်းဖြစ်မိသည်။

ပြောင်ဟန်ရှိသော နှုတ်ခမ်းလေးမှာ ပေါက်သွား၍ သွေးစလေးများနှင့် ညာဘက်မျက်ခုံးမှာလည်း ညိုမည်းဖူးယောင်နေသည်။ ဆရာမဒေါ်စိုးစိုးနွယ်မှာ သူ့တပည့်ကိုကြည့်၍ မျက်ရည်များ စီးကျနေသည်။ အတန်းရှေ့မှာတော့ မျက်စိပျက် မျက်နှာပျက်နှင့် ရပ်နေသော ဆရာဦးအေးကြည်။

ဤကိစ္စကို အတန်းထဲမှာ မေးလားရှင်းလား လုပ်ရန် မသင့်ပါ။

''ကဲ. . . ဆရာမကြီး ဒေါ်ခင်ထွေး။ လာ ဆရာမကြီးက ဒီအတန်းကို ထိန်းထားလိုက်ပါအုံး။ တပည့်တို့အားလုံး အေးအေးဆေးဆေး နေကြ။ ဆရာဦးအေးကြည်နဲ့ မောင်သန်းလွင်က ဆရာ့အခန်းကို လိုက်ခဲ့ကြ။ ဆရာမဒေါ်စိုးစိုးနွယ်ပါ လိုက်ခဲ့''

မောင်သန်းလွင်၏ဘေးမှ သူငယ်ချင်းများက စာရေးခုံအတွင်းမှ လက်ထိန်းကွင်းများပါသော လမ်းလျှောက်တုတ်နှစ်ချောင်းကို ဆွဲထုတ်ယူ၍ မောင်သန်းလွင်ကိုပေးသည်။ မောင်သန်းလွင်က သူ့လက်များကို လက်ကိုင်ကွင်းအတွင်းမှာ နေသားတကျသွင်းပြီး လမ်းလျှောက်တုတ်တစ်ချောင်းကို မြဲမြဲစွာဆုပ်ကိုင်လိုက်သည်။

ဘေးမှ သူငယ်ချင်းနှစ်ယောက်က မောင်သန်းလွင်ကို ပို၍ လွယ်ကူစွာ ရပ်နိုင်စေရန် တွဲထူပေးလိုက်သည်။ မောင်သန်းလွင်ကို လှမ်းကြည့်နေသော ဦးအေးကြည်၏မျက်နှာမှာ မျက်ရည်များနှင့်ပြည့်၍ ဝမ်းနည်းကြေကွဲခြင်း၊ နောင်တဖြစ်ခြင်းကို ဆောက်တည်ရာ မရအောင် ခံစားနေရသည့်ပုံ။ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုကို နားလည်လိုက်သလို ထင်မိ၏။

"ဖြစ်ရလေတယ် ကလေးရယ်၊ ဒီလောက်ထိအောင်များ ရက်စက်လိုက်တာ"

ဆရာမဒေါ်စိုးစိုးနွယ်က မောင်သန်းလွင်၏ပခုံးကို ထိန်းကိုင်ဖေးမ၍ ပြောဆိုရင်း ဦးအေးကြည်ကို လှမ်းကြည့်လိုက်သည်။ မကျေနပ်မှုကို ဖော်ပြသော အကြည့်တင်းတင်း။ ဤဆရာမလေးမှာ ရုပ်ရည်လှပ၍ စိတ်သဘောထားအေးချမ်းသူဖြစ်ပါ၏။ သို့သော် တပည့်ငယ်အတွက် ဖြစ်ပေါ်လာသော ခံစားချက်ကြောင့် ဆရာဦးအေးကြည်အပေါ်တွင် မကျေနိုင်၊ မချမ်းနိုင် ဖြစ်နေကြောင်း ကျွန်တော် နားလည်လိုက်ပါ၏။

မောင်သန်းလွင် ကောင်းစွာရပ်မိပြီဖြစ်၍ လမ်းလျှောက်တုတ်များအပေါ်မှာ အားပြုပြီး လျှောက်လာနိုင်ပါသည်။ သို့သော် သေးသိမ်ပျော့ခွင်နေသည်။ ဘယ်ခြေထောက် ထော့နင်းထော့နင်းနှင့် ဖြည်းဖြည်းချင်းသာ လျှောက်ရရှာ၏။ လှေကားအတက်တွင် ဒေါ်စိုးစိုးနွယ်နှင့် ကျွန်တော်က ဖေးကူပေးရ၏။ ကျွန်တော့်ရုံးခန်းသို့ရောက်သောအခါ မောင်သန်းလွင်ကို ဆရာမဒေါ်စိုးစိုးနွယ်က ကုလားထိုင်တစ်လုံးမှာ ထိုင်ရန် ကူညီပေးသည်။

"ရပါတယ်ဆရာမ၊ ကျွန်တော် ထိုင်လို့ရပါတယ်၊ ဆရာမ ထိုင်ပါ"



မောင်သန်းလွင်မှာ သူ့ကို တယုတယ ကူညီနေသော သူ့ဆရာမကို အားနာနေဟန် တူပါသည်။ ဆရာမ ဒေါ်စိုးစိုးနွယ်က မောင်သန်းလွင်၏ ညာဘက်မှခုံတွင် ထိုင်လိုက်သည်။ မျက်နှာကတော့ သနားခြင်းနှင့် မကျေနပ်ခြင်း ရောထွေးလျက်မို့ တင်းမာဆဲ။ ဆရာဦးအေးကြည်က မထိုင်ပါ။ ကျွန်တော့်စားပွဲ၏ ဘေးဘက်မှာ မတ်တပ်ရပ်လျက်–

"ဆရာကြီး ကျွန်တော့်ကို အရေးယူပါဆရာကြီး။ အလုပ်က ထုတ်ပစ်တဲ့ အပြစ်ဒဏ်ပေးပါ ဆရာကြီး"

ဦးအေးကြည် ပြောရင်းမှ စိတ်ကိုမထိန်းနိုင်၍ ဝမ်းနည်းကြေကွဲစွာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ငိုကြွေးလိုက်ပါသည်။

"ဆရာ့ကို ထုတ်မပစ်ပါနဲ့ ဆရာကြီး။ ဆရာလည်း ကျွန်တော့်ကြောင့် အလုပ်မထွက်ပါနဲ့ ဆရာ"

မောင်သန်းလွင်က ကျွန်တော်နှင့် ဦးအေးကြည်ကို ပြန်တောင်းပန်နေပါသည်။ မောင်သန်းလွင်ကိုကြည့်ပြီး ဦးအေးကြည် ပို၍စိတ်မကောင်း ဖြစ်ဟန်တူပါသည်။ သူ့ပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျနေသည်။

"ဆရာ ဒေါသအလျောက် မဆင်မခြင် လုပ်မိတဲ့အတွက် မောင်သန်းလွင်ကို ဆရာတောင်းပန်ပါတယ်၊ ဒါပေမဲ့ ဆရာများတာက ခွင့်လွှတ်သင့်တဲ့အမှားမဟုတ်ဘူး။ မောင်သန်းလွင် ဆရာ့ကို ခွင့်မလွှတ်ပါနဲ့။ ဆရာကြီး ကျွန်တော့်ကို ထိုက်တန်တဲ့အပြစ်ပေးပါ။ ကျွန်တော် ဒီကျောင်းမှာ ဆရာကြီးနဲ့ ဆရာ၊ ဆရာမတွေ မျက်နှာကို ဘယ်လိုလုပ် ကြည့်ရမလဲ။ ဒီကလေးတွေကရော ကျွန်တော့်မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်မလဲ၊ ကျွန်တော့်

သင်ကြားမှုတွေလည်း ဘာမှ အောင်မြင်နိုင်မှာ မဟုတ်တော့ဘူး''

ဆရာ ဦးအေးကြည်ကပြောရင်းမှ ခေါင်းကိုခါရမ်းလိုက်ရာ မျက်ရည်တစ်ပေါက်သည် ထိုင်နေသော မောင်သန်းလွင်၏ လက်ဖမိုးပေါ်သို့လွင့်စင်ကျသွား၏။ ကျွန်တော်သာမက မောင်သန်းလွင်နှင့် ဒေါ်စိုးစိုးနွယ်ပါ ဆရာ ဦးအေးကြည်ကို လှမ်းကြည့်နေကြသည်။ မောင်သန်းလွင်ကတော့ အတော်ပင် စိတ်မကောင်းဖြစ်နေပုံရသည်။ ဆရာဦးအေးကြည်ကို သနားနေဟန် တူပါသည်။ ဆရာမ ဒေါ်စိုးစိုးနွယ်၏ မျက်နှာပင် စောစောကလို မတင်းမာတော့ပါ။

''ကဲ. . . ဒါတွေထားပါအုံးဆရာ၊ ဘယ်လိုဖြစ်ကြတယ်ဆိုတာ အရင် ပြောပါအုံး ထိုင်ပါဆရာ၊ ထိုင်ပြောပါ''

ဆရာ ဦးအေးကြည်က ကျွန်တော့်စကားကို နားထောင်၍ မောင်သန်းလွင်၏ ဘယ်ဘက်ဘေးမှ ကုလားထိုင်တွင်ထိုင်သည်။

''ကျွန်တော် ကိုးတန်း(ဘီ)ကို ဒီနေ့မှ စဝင်ရတာပါဆရာ။ ဒီအတန်းက နှစ်ကျတွေချည်း စုထားတာ နည်းနည်းတော့ ဆိုးတယ်ဆိုတာလည်း ကြားထားတော့ ကျွန်တော် သတိထားပြီး ဝင်သွားပါတယ်။ အတန်းထဲ ကျွန်တော် ရောက်တာနဲ့ အားလုံး မတ်တပ်ရပ်ပြီး နှုတ်ဆက်ကြပေမယ့် ဒီကလေးက မထဘူး ဆရာကြီး''

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

''ဒါပေမဲ့ ဒါက ပြဿနာ မဟုတ်သေးပါဘူး။ အဲဒီအချိန်မှာ နောက်ကနေ ပစ်လိုက်တဲ့ စက္ကူစွန်လေးတစ်ခုက ဝဲလာပြီး ဒီကလေးရှေ့မှာကျပါတယ်။ သူက အဲဒီစွန်ကိုကောက်ပြီး နောက်ကိုမကြည့်ဘဲနဲ့ ပြန်ပစ်လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်က



အတန်းရှေ့ရောက်နေပြီ။ ဒါပေမဲ့ ဖြစ်ချင်တော့ သူပစ်လိုက်တဲ့ စွန်က နောက်ကိုသွားရာကနေ တုံ့ခနဲရပ်ပြီး ရှေ့ဘက်ကိုဝဲဆင်းလာတယ်။ ကျွန်တော့်ဗိုက်ကို တည့်တည့်မှန်တယ်။ ကျောင်းသူ ကျောင်းသားတွေက ဝါးခနဲ ရယ်ကြတယ်''

မောင်သန်းလွင်က ခေါင်းညိတ်ပြသည်။

ဟုတ်မှန်ကြောင်း ဝန်ခံခြင်းဖြစ်၏။

## တရားခံအစစ်က မာနနှင့်ဒေါသ

''အဲဒီတော့ ကျွန်တော့်ကို နယ်ကပြောင်းလာစဆရာအဖြစ်နဲ့ မရိုမသေလုပ်တယ်ထင်ပြီး ကျွန်တော့်စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားတယ်။ ဒါနဲ့ကျွန်တော် မောင်သန်းလွင်ဆီလျှောက်သွားပြီး မင်း မတ်တပ်ရပ်စမ်းလို့ပြောပါတယ်။ သူကမရပ်ဘူး။ ဘာမှလည်း ရှင်းမပြဘူး။ ဒီလမ်းလျှောက်တုတ်တွေလည်း ခုလိုဘေးမှာရှိနေရင် ကျွန်တော်ဆက်စပ်ပြီး နားလည်မှာပါ ဆရာကြီး''

''ဟုတ်ပါတယ်ဆရာကြီး။ သူငယ်ချင်းတွေ ယူဆော့လွန်းလို့ တုတ်တွေကို ခုံထဲထည့်ထားတာပါ''

မောင်သန်းလွင်က ဖြည့်စွက်ပြောသည်။

''ဒီတော့ သူက မထဘဲနဲ့ ကျွန်တော့်ကိုကြည့်ပြီး ပြုံးပြတယ်။ ကျွန်တော်က ပမာမခန့် လုပ်တယ်ထင်လို့ မတ်တပ်ရပ်ဖို့ ထပ်ပြီးခိုင်းတယ်။ သူ မရပ်ဘူး။ ပြုံးပြတယ်။ ပြုံးတာကလည်း ပြောင်ပြသလိုပုံမျိုး ဖြစ်နေတော့ ကျွန်တော် ဒေါသပိုဖြစ်လာပါတယ်''

''ဩော်. . . အဲဒါက သူ့ခမျာ အာရုံကြော အားနည်းလို့ပါ ဆရာရယ်''

"ဟုတ်ပါတယ်၊ ဆရာကြီး အဲဒါက နောက်မှ သိရတာပါ။ အဲဒီအချိန်တုန်းက မသိတော့ စိတ်ဆိုးတာပေါ့။ ဒါနဲ့ သူ့ကို မတ်တပ်ရပ်ဖို့ ထပ်ပြီးအော်ပြောပါတယ်။ သူက မရပ်ဘဲ ထပ်ပြုံးပြတော့ ကျွန်တော့်ကို အရှက်ခွဲတယ်ထင်ပြီး စိတ်ကို မထိန်းနိုင်တာနဲ့ ကျွန်တော် မဆင်မခြင် လုပ်လိုက်မိတာပဲ ဆရာကြီး။

"နောက်မှ ဒီပြင်ကျောင်းသူ ကျောင်းသားတွေက သူ အလွယ်တကူ မတ်တပ် မရပ်နိုင်တဲ့အကြောင်း၊ ပြုံးတာကလည်း ပြောင်တာမဟုတ်တဲ့ အကြောင်း၊ ဆရာကြီးပြောသလိုပဲ အာရုံကြောအားနည်းလို့ဆိုတဲ့ အကြောင်း ပြောပြကြပါတယ်။ ဒါပေမဲ့ အမှန်ကို သိတဲ့အချိန်မှာ ကျွန်တော်က လွန်နေပြီ ဆရာကြီး။ ကျွန်တော်မှားပါတယ်။ ဆရာတစ်ယောက်အနေနဲ့ ဒီလိုမဖြစ်သင့်ပါဘူး။ မောင်သန်းလွင်ကိုရော၊ ဆရာမကိုရော ကျွန်တော် တောင်းပန်ပါတယ်"

ဆရာဦးအေးကြည်၏ မျက်နှာမှာ ဝမ်းနည်းခြင်းကြောင့် ဖြစ်ပေါ်သည့် ပင်ပန်းဆင်းရဲမှုကို ပြင်းထန်စွာ ခံစားနေရသည်။ စားပွဲပေါ်တင်ထားသော သူ့လက်များမှာလည်း တုန်နေသည်။

"ကဲ. . ဆရာဦးအေးကြည်၊ အခု ဆရာပြောတဲ့အတိုင်းဆိုရင် ဒါဟာ မသိလို့ နားလည်မှု လွဲသွားတဲ့အမှားပဲ။ မောင်သန်းလွင် ဆရာပြောတာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ဆရာကြီး"

မောင်သန်းလွင်က ထောက်ခံသည်။

"ဒါပေမဲ့ ကျွန်တော့်အမှားက. ."

ဆရာဦးအေးကြည်ကို ကျွန်တော် လက်ကာပြလိုက်သည်။

"လောကမှာ မသိနားမလည်လို့ မှားကြတာ အများကြီး



ပါဆရာရယ်၊ လူတိုင်းမှားဖူးကြပါတယ်။ ဆရာကလည်း အထက်တန်းပြဆရာဆိုပေမယ့် အသက်ကငယ်သေးတာပဲ၊ ရုတ်တရက် ရှက်စိတ်ကြောင့် ဖြစ်တဲ့ဒေါသကို မထိန်းနိုင်လို့ ဖြစ်သွားတာပါ"

"အမှားကိုသိလို့ ပြန်ပြင်ချင်တယ်ဆိုရင် ပြင်လို့ရပါတယ် ဆရာရယ်။ ရုတ်တရက် ဖြစ်ပေါ်လာတဲ့ ဒေါသကို မထိန်းနိုင်လို့ မဆင်မခြင်နိုင် ပြုမိသွားတဲ့အမှားကို မေတ္တာစေတနာနဲ့ အမှန်ကို ပြန်ရောက်အောင် ပြုပြင်လို့ ရပါတယ်"

"ဆရာကြီးကပဲ မောင်သန်းလွင်ကိုရော၊ ဆရာမ ဒေါ်စိုးစိုးနွယ်ကိုရော တောင်းပန်ပါတယ်။ ဆရာဦးအေးကြည်လည်း သူပြုမိတာအတွက် သိပ်ကိုစိတ်မကောင်းဖြစ်နေပါပြီ"

"ကျွန်တော် ကျေနပ်ပါတယ်ဆရာ"

မောင်သန်းလွင်က ဦးအေးကြည်ကို လှမ်းကြည့်ရင်း ပြောပါသည်။ မောင်သန်းလွင်ကို လှမ်းကြည့်နေသော ဦးအေးကြည်မှာတော့ မျက်ရည်များ ရစ်ဝဲလျက်၊ ဆရာမ ဒေါ်စိုးစိုးနွယ်ထံမှ ဘာသံမျှ ထွက်မလာပါ။ သို့သော် ကျွန်တော့်ကို လှမ်းကြည့်ရင်း မသိမသာ ခေါင်းညိတ်ပြပါ၏။

"ဆရာဦးအေးကြည်ကိုလည်း ကျွန်တော်ပြောပါရစေ၊ အခုလိုဖြစ်သွားတာကို သိပ်ပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့တော့။ ပြောသာပြောရတာ ဆရာကြုံရတာမျိုး ကျွန်တော်ကြုံရင်လည်း စိတ်ကိုထိန်းနိုင်ဖို့ ခပ်ခက်ခက်ပဲ။ ခုတော့ ဆရာကိုယ်တိုင်လည်း ကိုယ့်အမှားကိုယ်သိပြီး ဖွင့်ဟဝန်ခံနေတာ ဆရာရိုးသားလို့ပါပဲ။

"ဆရာ့ကို ကျွန်တော် အပြစ်လည်းမတင်တော့ပါဘူး။ ဘာပြစ်ဒဏ်မှလည်း ပေးစရာမရှိပါဘူး။ ဆရာ့ကို မေတ္တာရပ်ခံချင်တာကတော့ ဖြစ်သွားတဲ့ အမှားအတွက် မောင်သန်းလွင်နဲ့အတူ

ပေါ့လေ။ တပည့်တွေအားလုံးကို ပို့ပြီး မေတ္တာ၊ စေတနာ ထား ပေးပါ။ သူတို့အားလုံး ဆရာ့ကို ပြန်ပြီးနားလည်လာအောင် ဆက်ဆံရေးမှာရော သင်ကြားရေးမှာပါ ကြိုးစားပေးပါဆရာ''

''ဟုတ်. . . ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်တော်ကြိုးစား ပါ့မယ်''

အခြေအနေမှာ ပြေလည်စွာပြီးစီးသွားပြီဟု ကျွန်တော်နား လည်လိုက်ပါ၏။

''ကဲ. . ဆရာမက မောင်သန်းလွင်ကို ဆေးထည့်ပြီး ကြပ်ပူ တိုက်ပေး လိုက်ပါဗျာ''

''ဟုတ်ကဲ့ပါ ဆရာကြီး''

ဆရာမ ဒေါ်စိုးစိုးနွယ်က ထိုင်နေရာမှ မတ်တပ်ရပ် လိုက် သည်။

''ဆရာကြီး မောင်သန်းလွင်ကို ကျွန်တော်ပဲ ကြပ်ပူတိုက် ပေးပါရစေ ခင်ဗျာ''

ဆရာ ဦးအေးကြည်ကလည်း မတ်တပ်ရပ်လိုက်ရင်း ကျွန်တော့်ထံ ခွင့်တောင်းသည်။

''သိပ်ကောင်းတာပေါ့ဆရာရယ်၊ လုပ်ပေးလိုက်ပါ''

ဆရာမဒေါ်စိုးစိုးနွယ်က ကျွန်တော့်ရုံးခန်းတွင်ရှိသော ဆေး သေတ္တာထဲမှ ဆေးယူပြီး မောင်သန်းလွင်၏ ပေါက်သွားသော နှုတ်ခမ်းကို ဆေးထည့်ပေးသည်။ ဆရာ ဦးအေးကြည်ကလည်း သူ့အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်၍ ကြပ်ပူတိုက်ပေးသည်။ စောစောက ဒေါသမြင်ကွင်းလေးသည် မေတ္တာ အကြင်နာ မြင်ကွင်းသစ်သို့ ပြောင်းလဲသွားပါ၏။

•



## အများသိ၍ပြင်လျှင် သူတော်စင်

ညနေ ကျောင်းဆင်းသောအခါ ဆရာဦးအေးကြည်သည် ဆရာမဒေါ်စိုးစိုးနွယ်ကို အကူအညီတောင်း၍ မောင်သန်းလွင်အိမ် ကို လိုက်သွားကြောင်း၊ မောင်သန်းလွင်၏ မိခင်ကြီးကို တောင်း ပန်ကြောင်း သိရသည်။ ကောင်းပါသည်။ လုပ်သင့်သော အလုပ် တစ်ခုကို ကျွန်တော်က မပြောဘဲ သူတို့ဘာသာ လုပ်လိုက်ကြ၍ ကျေးဇူးတင်ရသေးသည်။

မောင်သန်းလွင်၏ မိခင်မှာ ကုန်စိမ်းပွဲရုံပိုင်ရှင် မုဆိုးမဖြစ် သည်။ စိတ်ရင်းကောင်းသူဖြစ်၍ အားတုံ့အားနာ တောင်းပန်လာ သော ဆရာ ဦးအေးကြည်ကိုပင် သူကပြန်၍ အားနာနေသည်။ ပြီးတော့ သားကလေးကို စောင့်ရှောက်ကူညီပါရန်၊ ဆုံးမပါရန် အပ်နှံပါသည်။ နောက်တော့ ဆရာဦးအေးကြည်နှင့် မောင်သန်း လွင် သိပ်ကို ခင်မင်သွားကြသည်။

မောင်သန်းလွင်တို့အိမ်မှာ ဆရာဦးအေးကြည်၏ စားအိမ်သောက်အိမ် ဖြစ်လာသည်။ မောင်သန်းလွင်မှာ မစွမ်းမသန်သည့် တစ်ဦးတည်းသော သားကလေးမို့ မိခင်ကအလိုလိုက်ထားသောကြောင့် ခြေတစ်ဖက်မသန်သော်လည်း သန်သည့်ခြေတစ်ဖက်နှင့် လက်နှစ်ဖက်က အတော်ဆော့သူ ဖြစ်သည်။ စာလည်း ကောင်းကောင်း မကျက်၍ ကိုးတန်းတစ်နှစ် ကျခဲ့ခြင်း ဖြစ်သည်။

ဦးအေးကြည်နှင့် ရင်းနှီးလာသောအခါ ဦးအေးကြည်က မောင်သန်းလွင်၏ ပညာရေးကို ဂရုစိုက်သည်။ ပွဲရုံကိုသွားသည့်အခါတိုင်း မောင်သန်းလွင်စာကျက်မကျက်မေးသည်။ နားမလည်သည်များရှိလျှင် ရှင်းပြသည်။ စာမေးပွဲနီးလာသောအခါ ဦးအေးကြည်က သူနေထိုင်ရန် ကျောင်းထဲမှာပေးထားသည့် အိမ်ကလေးသို့ မောင်သန်းလွင်ကို ခေါ်ထားပြီး စာကျက်ခိုင်းလေသည်။

ထို့ကြောင့် ကိုးတန်းစာမေးပွဲကို ဒုတိယအကြိမ်ဖြေသောအခါ မောင်သန်းလွင် အမှတ်ကောင်းကောင်းဖြင့် အောင်သွားသည်။ ဆရာဦးအေးကြည်သည် ကျွန်တော့်ကျောင်းမှာ အင်္ဂလိပ်စာပြသော ဆရာဖြစ်သည်။ သူ၏အမှားအတွက် မောင်သန်းလွင်ကိုသာမက တပည့်အားလုံးကို စေတနာပိုထားပြီး ပိုကြိုးစားသင်သည်။

ညနေပိုင်းနှင့် စနေနေ့တိုင်းတွင် အချိန်ပိုခေါ်သင်သည်။ စာကျက်ခိုင်းသည်။ ကျက်၊ မကျက် စစ်ဆေးသည်။ လေ့ကျင့်ခန်းတွေ အများကြီးခိုင်းသည်။ အပင်ပန်းခံပြီး စစ်ပေးသည်။ ညံ့သူများကို သီးခြားထပ်သင်သည်။ မကြာမီပင် ဦးအေးကြည်၏ မေတ္တာစေတနာနှင့် အသင်အပြကောင်းမှုကို ကျောင်းသူ/



ကျောင်းသားများရော ဆရာဆရာမများနှင့် မိဘများကပါ အသိအမှတ်ပြုလာကြသည်။

ကျွန်တော့်ကျောင်း၏ အထက်တန်း သင်ပြမှုတွင် ယခင်က အားနည်းနေသည်မှာ အင်္ဂလိပ်စာဖြစ်သည်။ ယခင်အင်္ဂလိပ်စာဆရာသည် သူ့အိမ်တွင် ကျူရှင်ပေး၍ ကျူရှင်ယူသော ကျောင်းသားများသာ အင်္ဂလိပ်စာတော်ကြသည်။ ကျောင်းတွင် သင်ကြားရာ၌ စိတ်ပါလက်ပါ မရှိ။ သင်ရိုးကုန်အောင် သာ တာဝန်ကျေရုံသင်ပေးသည်။ အချိန်ပို ခေါ်ရိုး ထုံးစံမရှိ။

လေ့ကျင့်ခန်းပေးလေ့မရှိ။ စစ်ပေးရမည်ကို ဝန်လေးသည်။ ထို့ကြောင့် တခြားသောဘာသာရပ်ဆရာ ဆရာမများ ကြိုးစားပမ်းစား သင်ပေးထားသော်လည်း အင်္ဂလိပ်စာကျ၍ စာမေးပွဲကျကုန်ကြသည်။ ဆရာမဒေါ်စိုးစိုးနွယ်ဆိုလျှင် ဇီဝဗေဒ သင်ကြားပေးသော ဆရာမလေးဖြစ်သည်။ ကျသော ကျောင်းသားများ၏ အမှတ်များကို မေးကြည့်ရာ ဇီဝဗေဒဖြင့် ဂုဏ်ထူးရသူများရှိခဲ့သော်လည်း အင်္ဂလိပ်စာကြောင့် မအောင်သည်ကို သိရသောအခါ စိတ်မကောင်း၍ ငိုရှာသည်။

အခုတော့ ထိုဆရာ ပြောင်းသွားပြီ။ သူ့နေရာမှာ ဦးအေးကြည် ရောက်လာပြီး အားလုံးတက်ညီလက်ညီ အပြိုင်အဆိုင်သင်ကြသည်။ ထို့ကြောင့် ယခုနှစ်တွင် ကျွန်တော့်ကျောင်းမှာ အောင်ချက်ကောင်းရုံသာမက ဂုဏ်ထူးတွေနှင့် ဝေဝေဆာဆာ မင်္ဂလာရှိခဲ့ပြီ။ လှသော ပန်းကလေးများ အစွမ်းကုန်ပွင့်လန်းနိုင်ခွင့်ရကြသည်။

ကျွန်တော် တစ်သီတစ်တန်း စဉ်းစားတွေးတောနေဆဲမှာပင် သုံးဘာသာဂုဏ်ထူးရှင် မောင်သန်းလွင်သည် စင်မြင့်ရှိရာသို့ ရောက်လာပါပြီ။ စင်မြင့်ပေါ်ရောက်ရန် လှေကားသုံးထစ်တက်ရမည်။ ဆရာဦးအေးကြည်က ဆင်းသွားပြီး သူ့တပည့်ကို တွဲတင်ပေးသည်။

''ဆရာ၊ ကူညီလိုက်ပါအုံး''

ကျောင်းသားတစ်ယောက်က အော်ပြော၍ ဝါးခနဲရယ်သံနှင့်အတူ လက်ခုပ်သံများ ဆူညံသွားသည်။ ကိုယ့်ကျောင်း၊ ကိုယ့်ဆရာနှင့်၊ ကိုယ့်တပည့်များသာ နားလည်သော အဓိပ္ပါယ်ဖြစ်သည်။ ဒေါသအမှားကို မေတ္တာ စေတနာဖြင့် ကုစားအောင်မြင်သူ ဦးအေးကြည်ကို လှမ်းကြည့်ရင်း ကျွန်တော့်ရင်တွင်းမှ ချီးကျူးမိပါ၏။

မောင်သန်းလွင် စင်မြင့်ပေါ်ရောက်၍ ဆုယူရမည့်နေရာသို့ လျှောက်လာနေစဉ်မှာပင် သူ့အား ပေးရမည့်ဆုကို ဆရာမဒေါ်စိုးစိုးနွယ်က ကျွန်တော့်ထံ လှမ်းပေးသည်။ မောင်သန်းလွင်က သူ့ဆရာမကိုလှမ်းကြည့်ပြီး နှုတ်ခမ်းလေး တွန့်သွားလေသည်။ ပြုံးသလိုလို၊ ပြောင်သလိုလို။ ဒေါ်စိုးစိုးနွယ်က မောင်သန်းလွင်ကို ခေါင်းကလေး မသိမသာ ညိတ်ပြသည်။

ပြီးတော့ မောင်သန်းလွင်ဘေးမှ ပါလာသော ဆရာဦးအေးကြည်နှင့် အကြည့်ချင်းဆုံ၍ ပြုံးပြရင်း ခေါင်းကလေးငုံ့ပြီး မျက်လွှာကလေး ချသွားသည်။ ဆရာမလေးဒေါ်စိုးစိုးနွယ်၏ အကြည့်တွင် ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်းတို့နှင့်အတူ ရှက်ရိပ်ကလေးကိုပါ ကျွန်တော် သတိထားမိလိုက်ပါ၏။

''ကောင်းပါတယ်လေ၊ ဒါလည်း လုပတဲ့ပန်းလေးတစ်ပွင့်



ထပ်ဆင့်ပွင့်လန်းဖို့ပါပဲ''

မောင်သန်းလွင်ကိုဆုပေးရင်း ကျွန်တော်တွေးနေမိပါသည်။ နားထဲမှာတော့ လက်ခုပ်သံတွေကို ကြားနေလျက်။ ။

**လယ်တွင်းသား စောချစ်**

•

## လေ့ခါးဆိုတာ တက်ဖို့

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို တတ်ရင် ပြီးကြစတမ်းဆိုရင် အင်္ဂလိပ်တိုင်းပြည်က လူတွေအကုန်လုံး အင်္ဂလိပ်စကားတတ်နေကြတာပဲ။ အကုန်လုံး ပညာရှိတွေဖြစ်ကုန်ကြမှာပေါ့။ သက်ဆိုင်ရာပညာရပ်စာပေကိုမဖတ်ရင် အင်္ဂလိပ်လည်း ဘာကောင်မို့လဲ။ သူလည်း ငတုံးပဲ ဖြစ်နေမှာပေါ့။ ဒီတော့ ဘာသာစကားတစ်ခုကို သင်ယူတယ်ဆိုတာဟာ အဲဒီဘာသာစကားကို လှေကားအဖြစ်သုံးဖို့ သင်ယူရတာ။ မင်းတို့စဉ်းစားကြည့်ပေါ့။ လှေကားဆိုတာ တစ်ခုခု အမြင့်ကို တက်ဖို့ လုပ်ထားတာ မဟုတ်လား။ တက်ဖို့ဆင်းဖို့ မဟုတ်ဘဲ လှေကားကြီးသက်သက်သုံးလို့ရတာ ဘယ်မှာရှိသလဲ။ ရွှေတိဂုံဘုရား စက်လှေကားကို ကလေးတွေ တက်လိုက်၊ ဆင်းလိုက်၊ အပျော်စီးနေကြတာကမှ ဟုတ်တုတ်တုတ် ရှိသေးတယ်။

*(အောင်သင်း၏ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့)*



## မြင့်မြတ်သောစိတ်ကို ပျိုးထောင်ပေးခြင်း

လူသားသည် သူတစ်ပါးကို ဒုက္ခပေးပြီး အတ္တဆန်သော ပရဒုက္ခသမားအဖြစ် ကျင်လည်ခဲ့ရသောဘဝမှာ မရေမတွက်နိုင်အောင် များပြားလှသည်။ သူတစ်ပါးကို ချမ်းသာအောင် အကျိုးဆောင်သော ပရဟိတသမားအဖြစ် ကျင်လည်ခဲ့ရသော ဘဝကား အင်မတန်နည်းလွန်းလှသည်။ လူတစ်သန်းတွင် ပရဟိတသမား တစ်ယောက်ကိုရဖို့ မလွယ်ကူပေ။ ပရဟိတအလုပ်ကို ဗုဒ္ဓစာပေတွင် ပါရမီဟု နာမည်တပ်သည်။ မြင့်မြတ်သောသူတို့၏အလုပ် ဟု ခေါ်သည်။

ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း စသော သူတော်ကောင်းကြီးများ ကျင့်ဆောင်သည့် ပါရမီဆယ်ပါးကိုပင် မြင့်မြတ်သောအလုပ်ဟု ခေါ်ခြင်းဖြစ်သည်။ မြင့်မြတ်သောအလုပ်ကို မြင့်မြတ်သောစိတ်ရှိမှသာ လုပ်နိုင်သည်။ ထိုမြင့်မြတ်သောစိတ်ကို မိဘဆရာများသည် သားသမီး၊ တပည့်များ ရင်ထဲတွင် ကိန်းဝပ်အောင် ပျိုးထောင်ပေးသင့်သည်။

မိဘမဲ့ကလေးကျောင်းများ၊ စိတ္တဇဆေးရုံများ၊ ဂိလာနသံဃာများ ရှိရာသို့ ကလေးများကိုခေါ်ကာ သွားရောက်လှူဒါန်းထောက်ပံ့ခြင်းဖြင့် မြင့်မြတ်သောစိတ်များကို ကလေးတို့ရင်ထဲရောက်အောင် ထည့်ပေးသင့်သည်။ နာဇီခေါင်းဆောင် ဟစ်တလာက ဂျူးလူမျိုး ဖြသန်းကျော်ကို သတ်ဖြတ်ရန်စည်းရုံးသောအခါ ဂျာမနီတစ်ပြည်လုံး အလွယ်တကူပါလာခြင်းသည် ပရဒုက္ခသမားဘဝဖြင့် သံသရာအဆက်ဆက်ကျင်လည်ခဲ့ရသောကြောင့်သာ ဖြစ်သည်။

အမေရိကန်သမ္မတကြီး လင်ကွန်းက လူသားအချင်းချင်းကျွန်လုပ်နိုင်းခြင်းမှာ မသင့်တော်သောကြောင့် လူမည်းများကိုကျွန်အဖြစ်မှ လွှတ်ပေးရန် စည်းရုံးသောအခါ အမေရိကန်တောင်ပိုင်းက လက်မခံသည့်အပြင် အတိုက်အခံလုပ်သောကြောင့် ခြောက်နှစ်နီးပါးကြာအောင် စစ်ပွဲကြီးကို ဆင်နွှဲလိုက်ရသေးသည်။ ဤအချက်ကို ကြည့်လျှင်လည်း လူသားသည် သံသရာ အဆက်ဆက်တွင် ပရဟိတအလုပ်ဖြင့် ကျင်လည်ခဲ့သောဘဝ မရှိသလောက်နီးပါး နည်းပါးကြောင်း ထင်ရှားသည်။

စာရေးသူသည် ငယ်စဉ်ကတည်းက သနားတတ်သောစိတ်၊ ပေးချင် ကျွေးချင်သောစိတ် အင်မတန်များသည်။ စစ်ကိုင်းမြို့နယ်၊ ဒေါင်းမရွာသို့ အသွားတွင် နွားလှည်းကို စတင်စီးဖူးခြင်းဖြစ်သည်။ စီးကာစတွင် အတွေ့အကြုံသစ် ဖြစ်သောကြောင့် ပျော်သည်။ သို့သော် နေပူပြင်းသည်အထိ သုံးနာရီခန့်ကြာအောင် စီးရသောအခါတွင်ကား နွားတွေကို သနားသောစိတ်ကြောင့် မျက်ရည်ကျခဲ့ရသည်။

အမရပူရမြို့၊ နန်းတော်ရာ စံပြကွက်သစ် ရပ်ကွက်တွင်းရှိ



တချို့သော မြောင်းများတွင် မိုးပြတ်သွားသောကြောင့် ရေခန်းသွားသည်။ ဖားဥများမှ ပေါက်လာသော ငါးဖလောင်း (ဖားဖလောင်း) ရာပေါင်းများစွာသည် ရွှံ့ဗွက်ရေစပ်စပ်တွင် တွန့်လိမ်ရုန်းကန်ရင်း သေမင်းကိုစောင့်နေကြသည်။ ညီအစ်ကိုနှစ်ယောက်တုံကင်မှ ရေထမ်းပြီး ထည့်ပေးကြသည်။ မိခင်က သူတစ်ပါးအသက်ကို ကယ်တာကောင်းကြောင်း၊ ဇီဝိတဒါန အသက်အလှူဖြစ်ကြောင်း ချီးမွမ်းသည်။

## မြင့်မြတ်သော မောင်နှမများ

စာရေးသူသည် လူကြီးတွေ မရှိသခိုက် သီလရှင်များကိုအိုးထဲမှ ဆန်တွေကုန်အောင် လောင်းဖူးသည်။ ရဟန်းတစ်ပါးကိုအိုးထဲမှ ဆွမ်းတွေ ကုန်အောင်လှူဖူးသည်။ သို့သော် မိဘနှစ်ပါးက အပြစ်မပြောကြ။

"တို့သားလေးက သူတော်ကောင်းလေး လှူချင်တန်းချင်စိတ် သိပ်ရှိတာ" ဟူသော စကားဖြင့် အားပေးကြသောကြောင့် စာရေးသူတို့ ညီအစ်ကို မောင်နှမများသည် ယခုလို ပရဟိတနွယ်ဝင်များ ဖြစ်လာကြခြင်းပင်။

ဖခင်၏အစ်မ ကြီးပြားတုတ်၏သားငယ် တစ်ယောက်ဖြစ်သော ကိုဖိုးတင်အောင်သည် စာရေးသူ၏ ဖခင်ထံလာပြီး ပန်းရံလုပ်သည်။ သူသည် အင်မတန်စားနိုင်သည်။ စာရေးသူတို့မိသားစုအားလုံးသည် အစားနည်းကြသူများ ဖြစ်သည်။ မိသားစုခုနစ်ယောက်မှ ဆန်နို့ဆီဗူးလေးလုံးချက်တာပင် ထမင်းကြမ်းကျန်သေးသည်။

ကိုဖိုးတင်အောင်သည် သူတို့အိမ်တွင် ဇလုံဖြင့် စားနေကျ

ဖြစ်ရာ စာရေးသူတို့အိမ်တွင် ကြွေပန်းကန်ဖြင့် စားရသောအခါ ဆင်က ဆိတ်စားခွက်ဖြင့်စားရသလို အဆင်မပြေတော့ပေ။ သုံးကြိမ်လောက် ထမင်းထပ်ထည့်စားသော်လည်း သူ့မှာ မဝသေးချေ။ ဖခင်၏ ကြိုတင်သတင်းပေးထားမှုကြောင့် ကိုဖိုးတင်အောင် စားနိုင်မှန်း စာရေးသူတို့ မောင်နှမတစ်တွေက သိထားသည်။

ထို့ကြောင့် သူ့မသိအောင် ဝိုင်းဝန်းကူညီရသည်။ သူ့ပန်းကန်ထဲသို့ စာရေးသူတို့ မောင်နှမများက မကုန်တော့လို့ဟူသော အကြောင်းပြချက်ဖြင့် မိမိပန်းကန်ထဲမှ ထမင်းများကို အလုအယက် ထည့်ပေးကြသည်။ ထိုသို့ထည့်ပေးသောအခါ ထမင်းအိုးထဲမှ မိမိပန်းကန်ထဲသို့ ထပ်ခူးမထည့်တော့ပါ။ ကိုဖိုးတင်အောင်ကို တစ်ပန်းကန်ထည့်ပေးလျှင် မိမိက တစ်ပန်းကန်လျှော့စားပစ်လိုက်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ မိဘထမင်းမှ မျက်နှာလုပ်ခြင်း မဟုတ် မိမိခွဲတမ်းမှ လှူခြင်းသာဖြစ်သည်။

မောင်သစ်ဆင်းရေးသည့် ဆောင်းပါးတစ်ပုဒ်တွင် မူလတန်းမှ ပရဟိတစိတ်ရှိသော ကလေးမလေးတစ်ယောက်သည် သူ့ဘေးမှ ကောင်လေး တစ်ယောက် စာအရေးမှားသည်ကို ကူညီပြပေးသည်။ ဆရာမက *ထ* ရေးခိုင်းသည်ကို ထိုကောင်လေးက *က* ရေးနေသည်မဟုတ်ပါလော။ ထိုသို့ ကူညီသည်ကို ဆရာမဖြစ်သူက အသံထွက်သည်ဟူသော ပြစ်ချက်ဖြင့် ခုံပေါ်တွင် ဒူးထောက်ထိုင်ခိုင်းကာ အပြစ်ပေးသည်။

## သူများအပူကို ကိုယ့်အပူလုပ်သူမှ တကယ့်သူတော်ကောင်း

ကံဆိုးချင်တော့ ဒူးအောက်တွင် ဇီးစေ့ ခံနေသဖြင့် ကလေးမလေးက ငိုသောအခါ သည်လောက်အပြစ်ပေးတာနှင့် ငိုရ



မလား ဟု ဆိုကာ ကြိမ်လုံးဖြင့် ရိုက်ပြန်သည်။ ဤသည်ကား မူလက ပါလာသော သူတစ်ပါးကို ကူညီချင်သည့် မြင့်မြတ်သော စိတ်လေးကို ဆရာမက ဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်သည်။ သူများအပူကို ကိုယ့်အပူလုပ်ကာ ပါရမီဖြည့်ခဲ့ကြသောကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကကြီးများ ဖြစ်ခဲ့ကြသည်ကို မိဘဆရာတိုင်း သတိပြုသင့်သည်။

စာရေးဆရာ အတ္တကျော်ကား စာရေးသူနှင့်ဘဝတူဟု ပြောရပေမည်။ သို့သော် စာရေးသူက မိခင်က ရိုက်တာဖြစ်ပြီး အတ္တကျော်ကိုကား ဖခင်က ရိုက်ခြင်းဖြစ်သည့်အတွက် သူက ပိုနာရှာပါလိမ့်မည်။ သူသည်လည်း စာဖတ်အားကြောင့်သာ အောက်ကျနောက်ကျဘဝဖြင့် ဖာတ်မသိမ်းရခြင်းဖြစ်သည်။

သူ ဆယ်တန်းအရွယ်မှာပင် ဇီဝဗေဒ ကျူရှင်ခန်းတွင် ကောင်မလေး တစ်ယောက်နှင့် ရည်းစားဖြစ်သည်။ သူ့အဖေသည် သူ့ကို ဆရာဝန်ဖြစ်စေချင်သည်။ ထို့ကြောင့် ဘာသာစုံ ကျူရှင် တက်ခိုင်းသည်။ ထိုအချိန်က နာမည်ကြီးကျူရှင်များမှာ အင်္ဂလိပ်စာ ဦးသာနိုး၊ မြန်မာစာ ဦးသိန်းနိုင်၊ သင်္ချာ ဦးဦးသာ၊ ရူပဗေဒဦးထွန်းဦးကျော်၊ ဓာတုဗေဒဆရာမြတ်ထိန်လင်း၊ ဇီဝဗေဒ ဦးမြမော်တို့ဖြစ်သည်။

စာရေးဆရာလောင်း သူက မှတ်တမ်းရေးလေ့ရှိရာ ထိုမှတ်တမ်းကိုဖတ်မိပြီး သူ့အမေက သူရည်းစားထားတာကို သိသွားသည်။ ထိုအချိန်က သူ့ကောင်မလေးသည် အူရောင်ငန်းဖျားရောဂါစွဲကပ်နေသဖြင့် ကျောင်းမတက်နိုင်တော့ပေ။ သူက စာတော်သူဖြစ်သောကြောင့် ကလေးမ မလိုက်နိုင်သော စာများကို သွားသင်ပေးသည်။

မိခင်က ကလေးမအိမ်သို့ စာသွားမသင်ပေးရန် တားသည်။ သူကလက်မခံ။ သူ့အမေက စာမေးပွဲကျမှာ စိုးရိမ်ကြောင်း ပြောသောအခါ သူက အောင်ဖို့တာဝန်ယူ ကတိပြုသည်။ သို့သော် မိခင်ကလက်မခံဘဲ ဖခင်ထံသို့ မှတ်တမ်းစာအုပ်နှင့်အတူ အမှုတွဲ တင်လိုက်သောအခါ ဖခင်က ကြိမ်နှစ်ချောင်း ကုန်အောင် ရိုက်ပြီး ကလေးမထံသွားပြီး စာသင်မပေးဖို့ တားသည်။

သူကလည်း အသားအနာခံပြီး အလျှော့မပေး။ တစ်ပါးသူများက ပိုက်ဆံယူ သင်ပေးနေချိန်တွင် မိမိသားက အခမဲ့သင်ပေးခြင်းဖြစ်ရာ ကောင်းသောအနစ်နာခံသောအလုပ်ဖြစ်သောကြောင့် မတားသင့်ပေ။ သူက ရှင်းပြသည်။ သူတစ်ပါးကို ပြန်သင်တယ်ဆိုတာ မိမိကိုယ်တိုင် ထိုစာကိုသေချာပြန်ကြည့်ရကြောင်း ထို့ကြောင့် မိမိပါ ပိုပြီး စာကြေကြောင်း ရှင်းပြသော်လည်း သားအတွက် စိုးရိမ်သောကက ဖုံးလွှမ်းထားသောကြောင့် မိဘနှစ်ပါးသည် အမှန်ကို မမြင်နိုင်ကြ။

''ကျွန်တော့်ကိုသာ ကောင်မလေးကို စာသင်ခွင့်ပြုပါ၊ အဖေတို့ စိုးရိမ်သလို ဆယ်တန်းစာမေးပွဲ မကျစေရပါဘူး။ အနည်းဆုံး ဂုဏ်ထူးနှစ်ဘာသာ ပါဖို့ ကျွန်တော် တာဝန်ယူ ကတိပြုပါတယ်''

## မြင့်မြတ်သောစိတ်ကို ဖျက်ဆီးသောဖခင်

သို့သော် ဖခင်အဖြေက အဆက်မပြတ် ရိုက်လာသော တုတ်ချက်များသာ။ သူ့ဘက်က မှန်သောကြောင့် သူကလည်း မလျှော့သောအခါ ငါ့စကားကို နားမထောင်ရင် ငါ့အိမ်ပေါ်က ဆင်းသွားဟု ဖခင်ကနှင်ထုတ်တော့သည်။ နောက်တစ်နေ့ ဖခင်



အလုပ်သွားစဉ်မှာပင် သူ အိမ်ပေါ်ကဆင်းခဲ့သည်။ မိခင်ကိုတော့ မှာခဲ့သေးသည်။

''အမေတို့က ကျွန်တော်ဒီလိုလုပ်လို့ စာမေးပွဲကျလိမ့်မယ်လို့ တွေးတယ်။ ကျွန်တော်က မကျနိုင်ပါဘူးလို့ ဘယ်လိုပဲ အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြပြ မေမေတို့က လက်မခံကြဘူး။ ကျွန်တော်မှန်ကြောင်း သက်သေပြဖို့ကတော့ ဒီတစ်လမ်းပဲ ကျန်ပါတော့တယ်မေမေ။ ကျွန်တော့်ပုံစံအတိုင်း စာမေးပွဲဖြေပြပါ့မယ်။ အောင်စာရင်းထွက်လာတဲ့အခါ အနည်းဆုံး ဂုဏ်ထူးနှစ်ခုပါမှ ကျွန်တော်အိမ်ကို ပြန်လာခဲ့မယ်။ ကျရင်ဖြစ်ဖြစ်၊ ဂုဏ်ထူးတစ်ခုလောက်နဲ့သာ အောင်ခဲ့ရင်ဖြစ်ဖြစ် ကျွန်တော်အိမ်ကို တစ်သက်လုံး ပြန်မလာတော့ပါဘူး။ ဒီစကားကို အဖေ့ကိုလည်း ပြောဖြစ်အောင် ပြောပြပေးပါမေမေ''

ဖခင်က သူ့အပေါ် နားမလည်သော်လည်း မိတ်ဆွေလိုချစ်ခင်စွာပေါင်းသော ရူပဗေဒကျူရှင်ဆရာဦးထွန်းဦးကျော်က သူ့ကို ခေါ်တွေ့ပြီး အိမ်ပြန်ဖို့ ပြောသည်။ သူက တူးတူးခါးခါး ငြင်းသောအခါ သူ့ဆရာက–

''ကောင်းပြီလေ၊ မင်းကိစ္စမှာ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်လို့ ဆရာမပြောလိုဘူး။ လောလောဆယ် မင်းအတွက် အရေးကြီးတာက စာမေးပွဲပဲ။ သည်တော့ သည်လိုလုပ်၊ မင်းစားရေးသောက်ရေးအတွက် လိုအပ်တဲ့ ငွေကို ဆရာ့ဆီကယူပါ။ မင်းမာနကို ဆရာ နားလည်ပါတယ်။

''ဆရာ့ဆီက ယူတဲ့ငွေကို မင်း ခဏချေးတဲ့သဘောလို့ ယူဆချင်လည်း ယူဆ၊ ဒါမှမဟုတ် စာမေးပွဲအောင်အောင် ဖြေပေးတဲ့အတွက် ဆရာက မင်းကိုပေးတဲ့ အခကြေးငွေလို့

သတ်မှတ်ရင်လည်း သတ်မှတ်။ ဒါ မင်းကို ဆရာလုပ်ပေးနိုင်တာပဲ''

ဟုပြောကာ နားလည်ပေးခဲ့သည်။ တကယ်လည်း သူ အင်္ဂလိပ်စာနှင့် ရူပဗေဒဂုဏ်ထူးပါသည်။ သူ့ကောင်မလေးကတော့ သူ တက္ကသိုလ် ပထမနှစ်တက်စဉ်မှာပင် မိဘတွေရဲ့ဆန္ဒအတိုင်း တခြားသူနှင့်လက်ထပ်သွားခဲ့သည်။ ထိုသို့ပြောခဲ့သည့်အတိုင်း နှစ်ဘာသာဂုဏ်ထူးနှင့်အောင်ပြီး အိမ်ပေါ်ပြန်တက်လာသောသူ့ကို ဖခင်က–

''မင်း. . . ငါ့စကားကို နားထောင်နိုင်ပြီလား။ မထောင်နိုင်သေးရင် အခုချက်ချင်း ပြန်ဆင်းသွားနိုင်တယ်''

ဒုတိယအကြိမ် မောင်းချပြန်သည်။ အိမ်မှ နှင်ချခြင်းသည် ရိုက်သည်ထက် နှလုံးသားကို ပိုမိုနာကြည်းစေသည်။ ထို့ကြောင့် မိဘနှစ်ပါးလုံး သားသမီးတို့အား မည်မျှစိတ်ဆိုးသည်ဖြစ်စေ အိမ်မှနှင်ချသောစကားကို မပြောသင့်ပါချေ။

အဝေးရောက်သွားသော သားသမီးများ မိဘရှိရာအိမ်သို့ တစ်သက်လုံး ပြန်မလာတော့သည်ကို တွေ့ဖူးကြပါလိမ့်မည်။ ထိုသားသမီးများသည် ငယ်စဉ်က မိဘနှစ်ပါး၏ အိမ်မှနှင်ချသော လူမဆန်သည့်စကားသံကို နားထောင်ဖူးသူများသာဖြစ်ကြသည်။ အတ္တကျော်သည် သူပြောသည့်အတိုင်း နှစ်ဘာသာဂုဏ်ထူး တိတိကျကျထွက်အောင် လုပ်ပြနိုင်သောကြောင့် ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။

သို့သော် သူ့ဖခင်က နေ့စဉ်မာန်မဲရိုက်ပုတ်ပြီး ဆရာဝန်ဖြစ်အောင် ကြိုးစားခိုင်းသောအခါ အရိုက်ခံရသော ကလေးများ၏ သဘာဝအတိုင်း ဆရာဝန် မဖြစ်အောင်ကို တစ်ဝက်လောက်သာ



ကြိုးစားခဲ့ကြောင်း သူကိုယ်တိုင် ဝန်ခံခဲ့၏။ မည်သူမဆို မိမိအသားနာအောင်လုပ်သူအား မုန်း၏။ မိမိ မုန်းသူ၏ အလိုဆန္ဒကို မပြည့်စေချင်သည်မှာ ပုထုဇဉ်လူငယ်များ၏ သဘာဝတစ်ခုသာ ဖြစ်ကြောင်း မိဘတိုင်း သတိပြုစေချင်သည်။

## မိုက်သူက ရိုက်သည်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်တွင် *ငါတို့ရွာ* ဟူ၍ရှိသည်။ ထိုရွာ ကျောင်းဆရာတော်သည် ထိုခေတ်၊ ထိုအခါက တုတ်၊ ဓါး ပြီးသည်ဟု နာမည်ကြီးသည်။ ဘုရားပွဲ၊ ဇာတ်ပွဲများတွင် ငါတို့ဆရာတော် ပွဲထိန်းသည်ဟုကြားလျှင် လူမိုက်မှန်သမျှ အမြီးကုပ်သွားကြသည်။ တစ်ခါတွင် ဘုရားပွဲတစ်ပွဲ၌ ဇာတ်ပွဲပါရာ ပွဲမကခင် ငါတို့ဆရာတော်က ဇာတ်စင်ပေါ်တက်၍ ကောင်းကောင်းကြည့်ကြဖို့နှင့် ဆူပူလျှင် လက်စွဲတော်တုတ်ဖြင့် ဆုံးမမည်ဖြစ်ကြောင်း ဩဝါဒပေးသည်။

လူပ်လူပ်ရှရှဖြစ်နေသော ပရိသတ်သည် ငါတို့ဆရာတော်ဟု ကြားလိုက်သည်နှင့် မီးကိုရေနှင့်ဖြန်းလိုက်သလို ငြိမ်ကျသွားသည်။ ပွဲကရန် ဆိုင်းစတင်တီးစဉ်မှာပင် အမျိုးသား တစ်ယောက်သည် ဓါးရှည်နှစ်လက်ဖြင့် ဇာတ်စင်ရှေ့ ဆိုင်းဝိုင်းနားတွင် ဓားသိုင်း ကပါတော့သည်။ ဓါးကိုမြင်သောကြောင့် ပရိသတ်သည် လန့်သွားပြီး ဆရာတော်ကို အော်လျှောက်ကြသည်။

အမှန်မှာ ထိုသူသည် စိတ်ဝေဒနာသည်တစ်ယောက်သာ ဖြစ်သည်။ သို့သော် ငါတို့ဆရာတော်က ခွင့်မလွှတ်နိုင်။ ဝါးဆစ်ပိတ်တုတ်နှင့်ရောက်လာကာ ထိုသူကို တစ်ကိုယ်လုံး ရိုက်ပါတော့သည်။ စိတ်ဝေဒနာသည်က ငြိမ်ခံရှာပါသည်။ ဆရာတော်ရိုက်

ပြီးသည်နှင့် ဓါးနှစ်လက်ကိုပစ်ချကာ ယခုလိုပြောပြီးထွက်သွား၏။

''ငါက မိုက်လို့ လူတွေရှေ့မှာ ဓါးသိုင်းကတယ်။ ငါ့ထက် မိုက်တဲ့ဘုန်းကြီးက ငါ့ကို ရိုက်တယ်''

ပရိသတ်များမှာ ဆရာတော်ကိုကြည့်ပြီး မအောင့်နိုင်ဘဲ ဝါးလုံးကွဲ ရယ်ကြတော့သည်။

စိတ်ဝေဒနာသည်၊ ကလေး၊ တိရစ္ဆာန်၊ အမျိုးသမီး ဤ လေးဦးတို့သည် အသိဉာဏ်နည်းသောကြောင့် စိတ်မဆိုးသင့်။ စိတ်ဆိုးသူသည်သာ မိုက်သည် ဟု စောစောက စိတ်ဝေဒနာ သည်က ပြောချင်ဟန်တူသည်။ ယခုလည်း အသိဉာဏ်နည်း သော ကလေးကို စိတ်ဆိုးပြီး ရိုက်သူ မိဘ၊ ဆရာသည်သာ ပိုမိုက်သည်ဟု ဆိုချင်ပါသည်။

ယနေ့ခေတ်တွင် လူငယ်စာပေ နည်းပါးနေသည်။ လယ် တွင်းသားစောချစ်က ထိုကွက်လပ်ကို ဖြည့်သောအားဖြင့် ***ကျောက်စစ်ဒိုးနှင့် လမ်းထွင်သူ*** အမည်ရှိ စာအုပ်တစ်အုပ် ရေးထုတ်လိုက်သည်။ လူငယ်တိုင်းကို ဝယ်ပေးသင့်သည်။ ထို စာအုပ်တွင် အကြောင်းအရာ ခေါင်းစဉ် ၁၃ ခု ပါသည်။ ထို ၁၃ ခုထဲက လူငယ်များအတွက် စာရေးသူ၏ရင်ကို အထိဆုံးသုံး ပုဒ်ကို ဖော်ပြလိုက်ပေသည်။

•

## ကျောက်ဆစ်ဒိုး

ဂေါ်လီရိုက်ရာတွင် ကျောက်ဆစ်ဒိုးသည် အကောင်းဆုံး ဖြစ်၏။ ချော်ဒိုးများသည် တစ်လုံးကို ငါးဆယ်ပေးရသော်လည်း ကြာကြာ မခံ၊ ရိုက်ဖန်များလျှင်ကွဲ၏။ ကျောက်ဆစ်ဒိုးက မာ သည်။ အလေးချိန်ကောင်း၍ လက်ဆ မှန်သည်။ ဖြူဖြူဖွေးဖွေးမို့ လှလည်း လှသည်။

သို့သော် ကျောက်ဆစ်ဒိုးတစ်လုံးကို သုံးရာ ပေးရသည်။ ကျွန်တော်ရသည့် မုန့်ဖိုးက တစ်နေ့မှ ၅၀ ဖြစ်သည်။ ကျောက် ဆစ်ဒိုးတစ်လုံး ဝယ်နိုင်အောင် ကျွန်တော် ခြောက်ရက် မုန့်မစား ဘဲ စုရသည်။ ငွေ ၃၀၀ပြည့်သော နေ့တွင် ကျွန်တော်ဈေး သို့ပြေးသည်။ သို့သော် ဈေးမှာ ကျောက်ဆစ်ဒိုးရောင်း နေကျ ဆိုင်တွင် တစ်လုံးမျှ မရှိ။ ကုန်နေသည်။ တခြားဆိုင်မှာလည်း မရှိ။

ကျွန်တော်က ကျောက်ဆစ်ဒိုး လိုချင်သည်။ ဈေးမှာဝယ်မရ ကြောင်း အိမ်နီးချင်း သူငယ်ချင်းဖုံဒီးကိုပြောပြသည်။ ဖုံဒီးမှာ ကျွန်တော်နှင့် အတန်းတူဖြစ်သည်။ ဖုံဒီးသည် နာမည်ထူးဆန်း သလို လူကလည်း ထူးဆန်းသူဖြစ်သည်။ ကျောင်းသွားကျောင်း ပြန် လမ်းတွင် တွေ့သမျှ သံတိုသံစကိုကောက်ယူသည်။ သံချေး တက်နေသော သံမှိုချောင်း အကောက်လေးပင်ဖြစ်သော်လည်း ကောက်ယူသည်။

ကျောင်းပိတ်ရက်များတွင် တုတ်တစ်ချောင်းဖြင့် အမှိုက်ပုံများကို ယက်၍ ရှာတတ်သည်။ သံစည်ပတ်ပြား၊ သံချောင်း၊ သံခွေ၊ စပရင်အကျိုးအပြတ်၊ ဝါယာကြိုးအပြတ်၊ တွေ့သမျှ ကောက်ယူသည်။ တစ်ခါတွင် ကျွန်တော့်ရှေ့မှာပင် သံချေးတက်နေသော တံစဉ်းအကျိုးကြီးတစ်ခုကို အမှိုက်ပုံးမှ ကောက်ရ၍ ပုံဒီး ဝမ်းသာအားရ ဖြစ်နေသည်။

သူ့အိမ်ရှိ စက္ကူကတ်ဘူးခွံပုံးနှစ်ခုမှာ အတိုအထွာပစ္စည်းမျိုးစုံ စုဆောင်းထားသည်မှာ အများကြီးဖြစ်သည်။ ပုံဒီး၏ မိဘများက ဆင်းရဲသည်။ ပုံဒီးသည် မိဘများကို ကစားစရာဝယ်နိုင်းလေ့မရှိ။ ကိုယ်တိုင်လုပ်ပြီး ကစားသည်။ တွန်းသွားလျှင် ဘီးနှင့်တွဲဆက်လျက် တောင်ပံခတ်နေသောငှက်ရုပ်၊ ပလုတ်တုပ် မြည်သော လက်တွန်းလှည်း၊ လက်ကိုင်တုတ်နှစ်ချောင်း၏ကြား မီးလင်းနေသည့်ပတ်ချာလည်သောနို့ဆီခွက် စသည်တို့ကို စုံအောင် လုပ်တတ်၏။

ကစားစရာမျိုးစုံ လုပ်နေရခြင်းသည်ပင် ပုံဒီး၏ အကောင်းဆုံးကစား နည်းဖြစ်သည်။ ကျွန်တော်တို့က ပုံဒီးကို တီထွင်ပါရဂူဖိုးဆိတ်ဖြူဟု ခေါ်ကြသည်။ သူလုပ်ထားသည့် ကစားစရာကို တစ်ယောက်ယောက်က လိုချင်၍ ဝယ်လျှင် ဈေးသက်သာစွာနှင့် ရောင်းသည်။ သူ့အတွက် နောက်တစ်ခု ထပ်လုပ်သည်။ ထိုသို့ ကစားစရာ လုပ်သောအခါတွင် သူစုဆောင်းထားသော အတိုအထွာ အမျိုးမျိုးမှာ သူ့နေရာနှင့်သူ အသုံးဝင်သည်ကို အံ့ဖွယ်ရာ တွေ့ရသည်။

သူက ကျွန်တော့်အတွက် ကျောက်ဆစ်ဒိုး လုပ်ပေးမည် ပြောပြီး လမ်းထိပ်သို့ခေါ်သွားသည်။ လမ်းထိပ်ရောက်သောအခါ



ကား လမ်းဘေးမှာ ဖြူဖွေးနေသော ကျောက်ခဲ အရွယ်တော်ရအောင် လိုက်ရှာသည်။ ဖြူတိုင်းလည်း မယူ၊ ကျောက်သားကောင်းမကောင်း ကြည့်သေးသည်။ သူ့စိတ်ကြိုက် အရွယ်တော် ငါးလုံးခန့်ရသောအခါ သူ့အိမ်သို့သွားကြသည်။

''အဲဒါ ဘယ်လိုလုပ်မှာလဲ''

လမ်းတွင် ကျွန်တော်က မေးသည်။

''မင်း ကြည့်ပေါ့''

''ကျောက်ဆစ်ဒိုး ဖြစ်မှာလား''

''ဖြစ်မှာပေါ့''

ပုံဒီး၏ နိုင်မာသောအဖြေ၊ ကျွန်တော် ဝမ်းသာသွားသည်။ ပုံဒီးကဖြစ်မည်ဆိုလျှင် သေချာပေါက်ဖြစ်မည်။ ကျွန်တော် ယုံကြည်သည်။ အိမ်ရောက်သည်နှင့် ပုံဒီးက သူ၏စက္ကူကတ်ဘူးကြီးနှစ်ခုထဲတွင် မွှေနှောက်ရှာဖွေသည်။ မီးရထားလမ်း ဇလီဖားတုံး ရိုက်သည့် သံမှိုကြီးတစ်ခုကို ထုတ်ယူလိုက်သည်။ သူ့အိမ်အောက်မှ အလယ်မှာ အပေါက်ပါသော သစ်သားပြားတစ်ခုကိုလည်း ထုတ်ယူလိုက်သည်။

ကျောက်တုံးကို သစ်သားပြားမှ အပေါက်တွင် မလှုပ်အောင် နေရာချသည်။ သံမှိုကြီးကို ပုံဒီးက တူငယ်အဖြစ် အသုံးချ၍ ကျောက်တုံးကို ဖြည်းဖြည်းချင်း ထုသည်။ ပုံဒီးအလုပ်လုပ်နေပုံမှာ ကြည့်၍ကောင်းသည်။ ကျောက်တုံးကိုကြည့်နေသော သူ့မျက်လုံးများမှာ စူးစူးစိုက်စိုက်ရှိသည်။ သူသည် ဘိုကေညှပ်ပုံကလည်း ထူးခြားသည်။ ခေါင်းဖြီးရန် မလိုအောင် တိုတိုလေးညှပ်လေ့ရှိသည်။

တူထုနေပုံက လက်ဆ မှန်သည်။ ကျောက်ခဲ အစအနများ

ဘေးသို့စင် ထွက်လာသည်။

"မင်း နောက်ဆုတ်နေကွ၊ မျက်လုံး စဉ်လိမ့်မယ်"

ကျွန်တော် နောက်ဆုတ်ပြီး ကြည့်ရသည်။ နာရီဝက်ခန့် အဘက်ဘက် လှည့်ထုသောအခါ ကျောက်ခဲသည် ဝိုင်းလာ၏။ သံမှိုကြီး၏ခေါင်းသည် စောင်းထက်သောတူတစ်ခုဖြစ်နေ၍ ထုရာတွင် အဆင်ပြေလှသည်။ ကျောက်ဆစ်ဒိုးတစ်လုံး ရတော့မည်ဖြစ်၍ ကျွန်တော်ဝမ်းသာနေသည်။ ဖိုးဒီးက ကျောက်ဒိုးကို လှည့်ပတ်ကြည့်သည်။ အနည်းငယ် စူထွက်နေသောနေရာကို တွေ့၍ ပြေအောင် ထပ်ထုပြီး ဖြေပေးသည်။

"ခွပ်"

"ဟာ"

ကျွန်တော် စိတ်မကောင်းစွာ အသံထွက်သွားမိသည်။ ကျောက်ဒိုး ထက်ခြမ်းကွဲသွားသည်။ ဖိုးဒီးကို ကြည့်ရသည်မှာ စိတ်ပျက်ဟန်မရှိ။

"ကိစ္စမရှိပါဘူးကွာ...။ ငါ နားလည်သွားပါပြီ။ နောက်တစ်လုံးထပ်ထုရင် ဒီလောက်မကြာတော့ပါဘူး။ ပိုတောင်ကောင်းအုံးမယ်"

ဖိုးဒီးက ကျွန်တော့်ကို အားပေးပြီး ကျန်သည့်ကျောက်ခဲလေးခုထဲမှ အကောင်းဆုံးတစ်ခုကို ယူ၍ ဆက်ထုသည်။ ဖိုးဒီးသည် ကျောက်၏အကြောကို နားလည်သွားပြီဖြစ်သည်။ ပို၍မြန်မြန်ဝိုင်းအောင် ထုနိုင်လာသည်။ မိနစ်နှစ်ဆယ်ခန့် ထုရုံနှင့် ခပ်ကြွမ်းကြွမ်း ကျောက်ဒိုးတစ်လုံး ဖြစ်လာသည်။ မညီသောအပိုင်းများ ကျန်သေးသော်လည်း ဖိုးဒီးက ဆက်မထုတော့ပါ။ သူ၏ ကတ်ပုံးထဲမှ တံစဉ်းအကျိုးကြီးကို ထုတ်ယူလိုက်သည်။



ကျောက်ဒိုးကို သစ်သားပြားအပေါက်ထဲမှာ ငြိမ်အောင်ထား၍ တံစဉ်းဖြင့်စားသည်။ တံစဉ်းများ သံချေးတက်နေသော်လည်း အစဉ်းများ ရှိသေးသောကြောင့် သုံး၍ရသည်။ တံစဉ်းစားပြီးသော နေရာများမှာ ချောညက်သွားသည်။

ဖိုးဒီး၏ မျက်နှာတွင် ချွေးများရွှဲနေ၏။ သို့သော် ဖိုးဒီးကိုကြည့်ရသည်မှာ ပင်ပန်းဟန်မရှိ။ ကျောက်ဒိုးကို အဘက်ဘက်မှလှည့်ကြည့်ပြီး မညီသေးသော နေရာများကို တံစဉ်းဖြင့် ပွတ်တိုက်ပေးနေသည်။

"တော်ပြီပေါ့၊ ဝိုင်းနေပြီပဲ"

ကျွန်တော် ကစားချင်လှပြီ။ ဖိုးဒီးက ကျောက်ဒိုးကို မြေညီမှာ လိမ့်ကြည့်သည်။ မဝိုင်း မညီညာသေးသောကြောင့် တည့်တည့် မလိမ့်ပါ။ ဖိုးဒီးက မညီသော နေရာများကို တံစဉ်းဖြင့်ထပ်စားသည်။ အကြိမ်ကြိမ်ညှိပြီးသောအခါ ကျောက်ဒိုးကို ကျွန်တော့်ထံ လိမ့်ပေးလိုက်သည်။ ဝိုင်းစက်နေပြီဖြစ်၍ တန်းတန်းမတ်မတ် လိမ့်လာ၏။

"ဟာ...ကောင်းလိုက်တာ၊ ကစားလို့ရပြီ"

ကျွန်တော် ကျောက်ဒိုးကို ဝမ်းသာအားရ ကောက်ယူလိုက်သည်။

"ခဏပြန်ပေးအုံး အချောသပ်ဖို့ ကျန်သေးတယ်"

ဖိုးဒီးက ပြန်တောင်း၍ ကျွန်တော် မကျေမနပ်နှင့် ပြန်ပေးလိုက်ရသည်။ ဖိုးဒီးက ကျောက်ဒိုးကို ရေတွင်းသို့ ယူသွားပြီး အဝတ် လျှော်သော ကျောက်ပြားပေါ်မှာ ရေဖြန်းပြီး လှည့်ပတ်သွေးသည်။ ပြီးသောအခါ ကျောက်ဒိုးကို ရေဖြင့် ဆေးကြောလိုက်သည်။

"အိုး . . ကောင်းလိုက်တာ"

ဖုံဒီးက ကျောက်ဒိုးစစ်စစ် လှလှချောချောလေး ကျွန်တော့်ကို ပေးသည်။

"ဒါ ဘယ်လောက် ပေးရမှာလဲ"

"မပေးရဘူး . . ၊ မင်းကြောင့် ငါ ကျောက်ဒိုးလုပ်တတ်သွားပြီ"

သဘောကောင်းလိုက်သည့် ဖုံဒီး၊ သူ့ကို ကျွန်တော် ကျေးဇူးတင်စွာဖြင့် ကြည့်နေမိသည်။

"ဒီပြင်ကောင်တွေ ဝယ်ချင်ရင်ရော"

"တစ်လုံး တစ်ရာလို့ ပြောလိုက်"

ဖုံဒီး နောက်တစ်လုံး ဆက်ထုနေပါပြီ။

"ဟား . . နည်းတာပေါ့ကွ။ ဈေးမှာဝယ်ရင် သုံးရာကွ၊ အဲဒါတောင် တစ်လုံးမှ မရှိဘူး။ နှစ်ရာဆိုရင်လည်း ဝယ်မှာပဲကွ"

"တစ်ရာဆို တော်ပါပြီကွာ၊ လုပ်ရတာ သိပ်မှမခက်ဘဲ"

ဖုံဒီးမှာ လောဘကြီးသူ မဟုတ်ပါ။ ကျွန်တော်က သူ့ကို အနည်းဆုံး နှစ်ရာယူစေချင်သည်။ သို့သော် ဖုံဒီးက ပြော၍ရမည် မဟုတ်။ သူ့ဆုံးဖြတ်ချက်နှင့်သူ လုပ်သူဖြစ်သည်။ ကျွန်တော်က ကျောက်ဒိုးရိုက်နေကြသော မြင့်သိန်းတို့အဖွဲ့ရှိရာသို့ သွား၍ ကျောက်ဒိုးအသစ်နှင့် ပါဝင်ကစားသည်။ အားလုံးကပင် ဖြူဖွေးတောက်ပြောင်နေသော ကျွန်တော်၏ ကျောက်ဒိုးစစ်ကို သဘောကျနေကြသည်။

"မင်းက ဘယ်က ဝယ်လာတာလဲ"

"ဘယ်လောက်ပေးရလဲ"

ဝိုင်းမေးကြသည်။



ကျွန်တော်က ဖုံဒီးလုပ်ပေးကြောင်း ပြောလိုက်သည်။ သူတို့အားလုံး ဖုံဒီးထံ ပြေးဝင်သွား၍ တစ်ယောက်တစ်လုံး မှာကြသည်။ ညနေပိုင်းတွင် ကျွန်တော်တို့ ရပ်ကွက်ထဲ၌ ဖုံဒီး၏ ကျောက်ဒိုးဖြူဖြူလေးများနှင့် ကစားသူများစွာ ဖြစ်နေသည်။ မြောက်ပိုင်းမှ ဇော်မိုးတို့အဖွဲ့ ရောက်လာသည်။ ဖုံဒီးလုပ်သည်ကိုကြည့်ပြီး အတုခိုးကြသည်။ သူတို့အိမ်ပြန်ပြီး ဖုံဒီးလုပ်သလို ကျောက်ဆစ်ဒိုး လုပ်ကြသည်။

"ဟေ့ . . ဖုံဒီး၊ ဟိုမြောက်ပိုင်းကကောင်တွေ မင်းဆီက အတုခိုးပြီး ကျောက်ဒိုးလုပ်နေကြပြီ။ နောက်တစ်ခါ မကြည့်စေနဲ့ကွ"

ကျွန်တော်က တွန့်တိုစိတ်နှင့် ပြောလိုက်သည်။

"ကြည့်ပါစေ၊ သူတို့လည်း လုပ်တတ်ရင် ကောင်းတာပေါ့"

ဖုံဒီးက ကျောက်ဒိုးအသစ်တစ်လုံးလုပ်နေရင်း ကျွန်တော့်ကို မကြည့်ဘဲ ပြောလိုက်သည်။

"အေး . . ဒါပေမဲ့ သူတို့မှာ မင်းလို တံစဉ်းမရှိတော့ လုပ်လို့ ဘယ်ရမလဲကွ နော်"

ကျွန်တော်က ဇော်မိုးတို့ မအောင်မြင်စေချင်သောစိတ်ဖြင့် ပြောလိုက်သည်။

"ရပါတယ်ကွ၊ တံစဉ်းမရှိရင် ကျောက်ပြားပေါ်မှာ သွေးလို့ရတဲ့ အကြောင်း ငါပြောလိုက်ပါတယ်။ ဒါမှ မဟုတ်ရင်လည်း ငါ့ဆီလာပြီး တံစဉ်းနဲ့စားဖို့ ပြောလိုက်တယ်"

ဖုံဒီးပြောသည်ကို ကျွန်တော် သဘောမကျပါ။

"သိပ်အ-တဲ့ ကောင်"

## မြင့်မြတ်သောစိတ်ကို မျိုးထောင်ပေးခြင်း

အိမ်ပြန်ရောက်သောအခါ ဗုံဒီးအ'ပုံ ဖေဖေ့ကို ပြောပြသည်။ ဖေဖေက ကျွန်တော်ပြောသည်ကို အစအဆုံး နားထောင်ပြီး–

''ငါ့သား စိတ်ထားက မှားနေတယ်။ ဗုံဒီးစိတ်ထားက မှန်တယ်။ ငါ့သား ဗုံဒီးကို အတုယူရမယ်။ သူ့မှာ ချီးမွမ်းစရာတွေ အများကြီးရှိတယ်။ ဗုံဒီးဟာ တီထွင်တယ်။ အလေအလွင့်ပစ္စည်းတွေကို ကောက်ယူစုဆောင်းပြီး သူ့နေရာနဲ့သူ အသုံးချတတ်တယ်။

''ကစားစရာအတွက် မိဘကို မပူဆာဘူး။ ငွေမကုန်ရဘူး။ ကိုယ့်အားကိုယ်ကိုးပြီးလုပ်တယ်။ ပြန်ရောင်းတော့လည်း လောဘမကြီးဘူး။ သူများကို ကူညီချင်တယ်။ ငါ့သားက ဘေးကနေ နှမြောတွန့်တိုဖြစ်နေတာ မကောင်းဘူး။ ဗုံဒီးလိုစိတ်ကောင်းထားရမယ်။ ငါ့သားတို့ သူငယ်ချင်းတွေ အားလုံး ဗုံဒီးကို ချစ်ခင်ကြတယ် မဟုတ်လား''

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

''ဗုံဒီးကို မချစ်တဲ့လူ၊ မုန်းတဲ့လူရှိလား''

ကျွန်တော် စဉ်းစားပြီးမှ ခေါင်းရမ်းပြလိုက်သည်။

''အဲဒါ ဘာဖြစ်လို့လဲ သား၊ စဉ်းစားကြည့်ပေါ့''

ကျွန်တော် နားလည်သွားပါပြီ။ ဗုံဒီးကို ကျွန်တော်တို့အားလုံး ချစ်ခင်ကြသည်မှာ ထူးခြားစွာလုပ်ဆောင်တတ်ရုံမက စိတ်ထားကလည်း ထူးခြားစွာ ကောင်းမွန်သောကြောင့် ဖြစ်ပါသည်။

**လယ်တွင်းသား စောချစ်**

•



## ခေါင်းဆောင်ကောင်း၏ လက္ခဏာများ

(၁) မေတ္တာ ကရုဏာထားသည်။ သို့သော်ပညာဖြင့် ထိန်းကွပ်သည်။

(၂) မနိုင်းဘဲ လုပ်တတ်သည်။

(၃) အလုပ်ကို အများကြီးလုပ်သည်။ အခွင့်အရေးကို အနည်းငယ်သာ ယူသည်။

(၄) မည်သည့်အစွဲမှ မထားဘဲ မှန်သည့်ဘက်မှ နေရဲသည်။

(၅) စာပေဗဟုသုတနှင့် ပြည့်စုံသည်။ (ဗိုလ်ချုပ် အောင်ဆန်း၊ ဟိုချီမင်း၊ မော်စီတုံးတို့သည် စာရေးဆရာများ ဖြစ်ကြသည်။)

(၆) အတိုင်ခံရသူထက်၊ အတိုင်အတောထူသူကို ပို၍သတိထားသည်။

(၇) မည်သည့်အခက်အခဲရှိရှိ ကျော်လွှားကာ အလုပ်ကို အောင်မြင်အောင် လုပ်တတ်သည်။

•

## အတန်းခေါင်းဆောင်

ကျွန်တော်တို့အတန်းမှာ အတန်းခေါင်းဆောင် မရှိသေး။ ဆရာက အတန်းခေါင်းဆောင် ရွေးပေးမည်ဟု ပြောထားသည်။ ကျွန်တော်တို့အတန်းမှာ အတန်းခေါင်းဆောင် ဖြစ်နိုင်သူ သုံးယောက်ရှိသည်။ တစ်ယောက်က သူဇာမြင့်၊ မနှစ်က တတိယတန်းမှာ အတန်းခေါင်းဆောင်၊ အတန်းတင် စာမေးပွဲကြီးမှာ ပထမရ၍ အောင်မြင်ခဲ့သူ။

မိန်းကလေးအားလုံး သူဇာမြင့်ကိုချစ်ခင်ကြသည်။ လေးစားကြသည်။ ယောကျ်ားလေးအများစုကပင် သူဇာမြင့်ကို အထင်ကြီးကြသည်။ သူက စာတော်ရုံမက ကျောင်းအုပ်ဆရာမကြီး၏ သမီး။ နောက်တစ်ယောက် အတန်းခေါင်းဆောင် ဖြစ်နိုင်သူမှာ ကျော်စွာထွန်း၊ မနှစ်က တတိယတန်း(ခ)၏ အတန်းခေါင်းဆောင်။ ကျွန်တော်တို့ အတန်းသူ အတန်းသားများ အားလုံးကတော့ အတိုင်အတောထူသော ကျော်စွာထွန်းကို သဘောမကျ။

သို့သော် ကျော်စွာထွန်းက ဆရာ ဆရာမများ၏ အလိုအကြိုက်ကို သိသည်။ အမြဲလိုပင် ဆရာ ဆရာမများနှင့် အနီးကပ်မှာ ရှိနေတတ်သည်။ ဆရာ ဆရာမများခိုင်းလျှင် သွက်လက်တက်ကြွစွာ ပြေးပြေးလွှားလွှား လုပ်ပေးတတ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများက ကျော်စွာထွန်းကို သဘောကျသည်။



နောက်တစ်ယောက် အတန်းခေါင်းဆောင် ဖြစ်နိုင်သူမှာ မျိုးမင်းဦး။ သူက ယခုနှစ်မှ ကျွန်တော်တို့ကျောင်း ပြောင်းလာသူ။ မနှစ်က မုံရွာမြို့မှာ နေခဲ့သည်။ သူ့အဖေက အစိုးရ အမှုထမ်းမို့ ကျွန်တော်တို့မြို့လေးသို့ ပြောင်းလာပြီး သူ့အိမ်နှင့်နီးသော ကျွန်တော်တို့ကျောင်း ရောက်လာသည်။

သူပြောင်းခဲ့သည့်ကျောင်းမှာ သူကလည်း အတန်းခေါင်းဆောင်ဖြစ်သည်။ သပ်သပ်ရပ်ရပ် နေတတ်သည်။ စိတ်သဘောထားကောင်းသည်။ သူများကို ကူညီတတ်သည်။ ထို့ကြောင့် ရောက်လာသည်မှာ မကြာသေးသော်လည်း သူ့ကို ခင်မင်သူများသည်။ အတန်းထဲမှာ စာလည်းအတော်ဆုံးဖြစ်သည်။ သို့သော် သူသည် သူဇာမြင့်နှင့် စကားများပြီးပြီ။ အတိုင်အတောခံရ၍ ကျောင်းအုပ်ဆရာမကြီးရုံးခန်းသို့ ရောက်ပြီးဖြစ်ရသည်မှာ ကျွန်တော့်ကြောင့်။ မျိုးမင်းဦးနှင့် ကျွန်တော်က တစ်ခုံတည်း ထိုင်ကြသည်။ သူဇာမြင့်က ကျွန်တော်တို့ရှေ့မှခုံမှာ ထိုင်သည်။ သူဇာမြင့် ကျွန်တော့်ပေတံကိုယူ၍ မျဉ်းသားသည်။

ထိုသို့ ယူနေကျမို့ ကျွန်တော်ဘာမှမပြောပါ။ သို့သော် ကျွန်တော်က မျဉ်းသားစရာရှိ၍ ပြန်တောင်းသောအခါ သူဇာမြင့်က ပြန်မပေး။ ကျွန်တော် ထပ်တောင်းသောအခါ သူဇာမြင့်က စိတ်ဆိုး၍ ပေတံကို ကျွန်တော့်ခုံသို့ လှမ်းပစ်ပေးသည်။ ပေတံက ခုံစောင်းကိုမှန်ပြီး အောက်ကျသွားသည်။ ကျွန်တော်က မကျေနပ်ပါ။

''နင် ကောက်ပေး''

ကျွန်တော်က သူဇာမြင့်ကို အကောက်ခိုင်းသည်။

''ဘာလို့ကောက်ရမှာလဲ၊ နင့်ဘာသာ ကောက်ပါလား''

သူဇာမြင့် ပြောပုံက မာတင်းသည်။

''သူများပေတံကိုငှားပြီး အဲသည်လိုလုပ်တာ ဘယ်ကောင်းမလဲ''

မျိုးမင်းဦးက ကျွန်တော့်ဘက်မှ ဝင်ပြောသည်။

''အံမယ် နင်နဲ့ဘာဆိုင်လဲ၊ လုပ်တော့ဘာဖြစ်လဲ။ နင်က ဒီနှစ်မှ ဒီကျောင်းရောက်ပြီး လူစွာမလုပ်နဲ့''

သူဇာမြင့်က နောက်လှည့်ကြည့်ပြီး မျိုးမင်းဦးကို ရန်တွေ့သည်။

''ငါ မစွာပါဘူး။ နင်က စွာတာပါ''

မျိုးမင်းဦး ပြောပုံက အေးအေးဆေးဆေး။

''စွာတယ်၊ စွာတယ်၊ စွာတော့ နင်ကဘာလုပ်ချင်လဲ''

သူဇာမြင့်ပြောပုံက ကက်ကက်လန်။

''ဘာမှမလုပ်ချင်ပါဘူး။ နင့်ဘာသာ စွာတယ်လို့ ဝန်ခံနေပြီပဲ၊ ငါက မစွာချင်ဘူး''

မျိုးမင်းဦးက သူဇာမြင့်ကိုကြည့်ပြီး အံ့ဩနေသည်။

''ဟုတ်တယ်၊ နင်နဲ့ ဘာဆိုင်လဲ''

''ကိုယ့်ပေတံမဟုတ်ဘဲနဲ့ ကြားကဝင်ပြောတယ်''

သူဇာမြင့်ဘေးမှ ခင်စိုးမိုးနှင့် နီနီဝင်းကပါ မျိုးမင်းဦးကို ရန်လုပ်နေကြသည်။ ကျောင်းဆင်းချိန်မို့ အတန်းထဲမှာ ဆရာမရှိ။ မျိုးမင်းဦးက သူတို့ကို တအံ့တဩ ကြည့်နေသည်။ ထိုအချိန်တွင် ကျော်စွာထွန်းရောက်လာပြီး မျိုးမင်းဦးနှင့် ကျွန်တော့်ကို ကျောင်းအုပ်ဆရာမကြီး ခေါ်နေကြောင်း လာပြောသည်။ ကျော်စွာထွန်း သွားတိုင်ခြင်း ဖြစ်ပါသည်။

မျိုးမင်းဦးနှင့် ကျွန်တော်တို့ ဆရာမကြီးရုံးခန်းသို့ ရောက်



သွားကြသည်။ ဆရာမကြီးကမေး၍ မျိုးမင်းဦးက ဖြစ်ပုံအကြောင်းစုံကို ရှင်းပြသည်။ ဆရာမကြီးက ကျွန်တော့်ကို ထပ်မေးသည်။ မျိုးမင်းဦးပြောသည်မှာ မှန်ကြောင်း ကျွန်တော်က ထပ်ပြောပါသည်။ ဆရာမကြီးက သူဇာမြင့်ကို ခေါ်မေးသည်။ သူဇာမြင့် မငြင်းနိုင်ပါ။

''သူများပေတံငှားပြီး ဒီလိုလုပ်တာ မေမေ မကြိုက်ဘူး။ သမီးပေတံ ငှားပြီး အဲဒီလိုလုပ်ရင် သမီးကြိုက်မလား''

သူဇာမြင့် မဖြေနိုင်။

''စွာတယ် စွာတယ်။ စွာတော့ ဘာလုပ်ချင်လဲလို့ သမီးကပြောတယ်ဆို''

သူဇာမြင့် ခေါင်းငုံ့လျက်။

''နောက်တစ်ခါစွာရင် သမီးကိုရိုက်မယ်။ ဆရာမကြီး သမီးဆိုပြီး စွာတာကို မေမေမကြိုက်ဘူး ပြောထားတယ်မဟုတ်လား''

သူဇာမြင့် ခေါင်းညိတ်သည်။

''ကိုယ့်တစ်ကျောင်းတည်း၊ တစ်တန်းတည်းသား သူငယ်ချင်းတွေပဲ ခင်ခင်မင်မင် နေမှပေါ့. . . ကဲ။ သွားကြ''

ကျွန်တော်တို့ ဆရာမကြီးရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ နောက်တစ်နေ့တွင်– ''မျိုးမင်းဦး ဆရာမကြီးရုံးခန်းရောက်သော အပြစ်ကြောင့် နာမည်ပျက်သွားပြီ၊ အတန်းခေါင်းဆောင် မဖြစ်နိုင်တော့ဘူး''ဟု ကျော်စွာထွန်း လျှောက်ပြောနေကြောင်း သိရသည်။ ကျောင်းတက်သောအခါ ကျွန်တော်တို့ အတန်းပိုင်ဆရာ ဦးသန်းဆိုင် အတန်းထဲသို့ ဝင်လာသည်။

''မင်္ဂလာပါဆရာ''

ကျွန်တော်တို့အားလုံး မတ်တပ်ရပ်၍ နှုတ်ဆက်ကြသည်။

"မင်္ဂလာပါ တပည့်တို့ . . ထိုင်ကြ"

ဆရာက စာရေးရန်အတွက် သင်ပုန်းကြီးဘက် လှည့်လိုက်သည်။ သင်ပုန်းကြီးပေါ်တွင် မနေ့က ရေးထားသောစာများ မဖျက်ရသေး။

"အဖျက်လည်း မရှိပါလား။ မောင်ကျော်စွာထွန်း အဖျက်သွားရှာစမ်း"

"ဟုတ်ကဲ့ဆရာ"

ကျော်စွာထွန်း ဝမ်းသာအားရ ရုံးခန်းဆီသို့ ပြေးသွားသည်။ ခဏသာ ကြာသည်။ ပြန်ရောက်လာသည်။

"ရုံးခန်းမှာလည်း အဖျက်မရှိဘူးဆရာ"

"ဟာ . . ဒီလိုဆို ဒါတွေ ဘာနဲ့ဖျက်မလဲ။ သူဇာမြင့် သွားရှာစမ်း။ ကဲ မောင်မျိုးမင်းဦးလည်း သွားရှာ"

သူဇာမြင့်နှင့် မျိုးမင်းဦးတို့ အတန်းထဲမှ ထွက်သွားကြသည်။ သိပ်မကြာခင်မှာ သူဇာမြင့် ပြန်ရောက်လာသည်။

"ဘယ်မှာမှ မတွေ့ဘူးဆရာ၊ မေမေ့ကို မေးတော့လည်း အဖျက်အပို မရှိဘူးတဲ့"

သူဇာမြင့် သူ့နေရာမှာ ပြန်ထိုင်သည်။ ထိုအချိန်တွင် မျိုးမင်းဦး ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် ပုဆိုးစုတ်အပိုင်းကလေး ပါလာသည်။ သင်ပုန်းကြီးပေါ်မှ စာများကို မျိုးမင်းဦးက ဖျက်ပစ်လိုက်သည်။ ပြီးသည်နှင့် ပုဆိုးစုတ်လေးကို သေသပ်စွာခေါက်၍ ဆရာ့စားပွဲပေါ်တွင် တင်ထားခဲ့သည်။

"မောင်မျိုးမင်းဦး ဒီအဖျက်ကို ဘယ်ကရတာလဲ"

ဆရာဦးသန်းဆိုင်က လှမ်းမေးခြင်းဖြစ်သည်။

"ကျွန်တော် ဆရာမကြီးရုံးခန်းထဲသွားပြီး အဖျက်ရှာပါ



တယ်။ ဆရာမကြီးက အဖျက်အပိုမရှိဘူးပြောတာနဲ့ ကျောင်းရှေ့က ဒေါ်စောတင်မုန့်ဆိုင် သွားပြီး ဒီပုဆိုးစုတ် တစ်ပိုင်းတောင်းလာတာပါ"

"အေး . . မောင်မျိုးမင်းဦး လုပ်တာမှန်တယ်။ အလုပ်တစ်ခုခိုင်းရင် ပြီးစီးအောင် လုပ်နိုင်ရမယ်။ မသိဘူး။ မရှိဘူးဆိုတာနဲ့ ပြီးသွားတာမဟုတ်ဘူး။ အခု ဒီမှာကြည့် သင်ပုန်းဖျက်ဖို့ အဖျက်လိုနေတယ်"

ဆရာက သင်ပုန်းကြီးကို ပြသည်။

"အဖျက်မရှိဘူး။ ရှာမတွေ့ဘူး ဆိုရုံနဲ့ ဒီသင်ပုန်းပေါ်က စာတွေပျောက်ပျက်သွားမှာမဟုတ်ဘူး။ မပျက်ရင် ရေးလို့၊ သင်လို့ မရဘူး။ မောင်မျိုးမင်းဦးက ပုဆိုးစုတ်တောင်းလာပြီး ဖျက်လိုက်တော့ ဟော . . အခုသင်ပုန်းကြီးပေါ်မှာ ရှင်းသွားပြီ၊ ဆရာစာရေးပြလို့ ရပြီ"

ဆရာပြောသည်ကို သဘောကျ ဝမ်းသာ၍ ကျွန်တော်ကဘေးမှာထိုင်နေသော မျိုးမင်းဦး၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"ဒါနဲ့ တစ်ဆက်တည်းပဲ အတန်းခေါင်းဆောင် ရွေးဖို့ကိစ္စ ဆရာ ဆက်ပြောမယ်။ ဒီအတန်းမှာ အတန်းခေါင်းဆောင် မရှိသေးဘူး။ ဒါကြောင့်မို့ မနေ့ညနေ ကျောင်းဆင်းမှ ဆရာမကြီးနဲ့ တွေ့ပြီး တင်ပြတယ်။ ဒီအတန်းထဲမှာ မနှစ်က အတန်းခေါင်းဆောင် လုပ်ခဲ့ဖူးတဲ့ ကျောင်းသားသုံးယောက် ရှိတယ်။

"ကျန်တဲ့လူသစ်ထဲကလည်း ဆရာစဉ်းစားကြည့်ပါသေးတယ်။ ဒါပေမဲ့ သူတို့သုံးယောက်က ပိုသင့်တော်လို့ ဆရာက အဲဒီသုံးယောက်ကို ဆရာမကြီးဆီ တင်ပြတာပါ။

"ဆရာမကြီးက မနေ့က နေ့ခင်းမှာဖြစ်တဲ့ကိစ္စ ဆရာ့ကို

ပြန်ပြောပြတယ်။ သူဇာမြင့်က သူများပေတံငှားပြီး ပြန်တောင်းတော့ စိတ်ဆိုးတယ်။ လွှင့်ပစ်ပေးတယ်။ စွာတယ်ဆိုတဲ့အကြောင်းလဲ ပြောတယ်တဲ့။ အတန်းခေါင်းဆောင်တစ်ယောက် ဒီလိုစွာရင် ဘယ်လိုလုပ် ကောင်းပါ့မလဲတဲ့။ သူဟာ ဆရာမကြီးသမီးဖြစ်နေတော့ ဆရာမကြီးပါ ဘယ်ကောင်းမလဲတဲ့''

သူဇာမြင့်ရော သူ့ဘေးမှ ကောင်မလေးနှစ်ယောက်ပါ ခေါင်းငုံ့နေကြသည်။ ကျွန်တော် ဆရာမကြီးကို ရှိသေလေးစားဖြစ်ရသည်။

''နောက်တစ်ယောက် မောင်ကျော်စွာထွန်းကတော့ သူဇာမြင့်နဲ့ မောင်မျိုးမင်းဦး စကားများကြတာကို ဆရာမကြီးရုံးခန်းလာတိုင်တယ်တဲ့''

ကျော်စွာထွန်း ဆရာ့ကိုလှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။ ဆရာက ကျော်စွာထွန်းကို လှမ်းကြည့်ပြီး ဆက်ပြောသည်။

''ဒါပေမဲ့ တိုင်တာက အမှန်အတိုင်း မဟုတ်ဘူးတဲ့''

ကျော်စွာထွန်း ခေါင်းငုံ့သွားသည်။

''မောင်မျိုးမင်းဦးက သူဇာမြင့်ကို ကြမ်းတမ်းတဲ့စကားတွေနဲ့ မတရားသဖြင့် ပြောဆိုနေတယ်လို့ တိုင်တယ်တဲ့။ ခေါ်မေးလိုက်တော့ အဲဒီလိုမဟုတ်ပါဘူး။ မောင်မျိုးမင်းဦး ပြောတာမှာ ကြမ်းတမ်းတဲ့စကား မပါဘူး။ သူဇာမြင့်ကလည်း အဲဒီလိုပြောတယ်လို့ မစွပ်စွဲပါဘူးတဲ့။ အတန်းခေါင်းဆောင်ဖြစ်ပြီး အဲသည်လို မဟုတ်ဘဲနဲ့ သူများကိုတိုင်ရင် ဘယ်လိုလုပ်မလဲတဲ့''

ဆရာမကြီးကိုရော ဆရာ့ကိုပါ ကျွန်တော်တို့ လေးစားမိကြသည်။

''မောင်မျိုးမင်းဦးကတော့ လူသစ်ဖြစ်ပေမယ့် အားလုံးနဲ့



ခင်မင်ရင်းနှီးတယ်။ စိတ်ရင်းကောင်းတယ်။ စာလည်း ကြိုးစားတယ်တဲ့။ ဆရာမကြီးက သဘောကျတယ်။ စာစာက အဖျက်ရှာနိုင်းတာလည်း ဆရာက စမ်းကြည့်လိုက်တာပါ။ ခေါင်းဆောင်လုပ်မယ့်သူဟာ ကိုယ့်အပေါ်ကျလာတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမယ်။ ဒါကိုလည်း မောင်မျိုးမင်းဦးက ထမ်းဆောင်နိုင်တယ်။

''ဒါကြောင့် ဒီနှစ်မှာ ဒီအတန်းရဲ့ အတန်းခေါင်းဆောင်အဖြစ် မောင်မျိုးမင်းဦးကို ရွေးချယ်တာဝန်ပေးလိုက်ပါတယ်''

ဆရာ့စကား ဆုံးသောအခါ ကျွန်တော်တို့ ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြပါသည်။ မျိုးမင်းဦးမှာ ကျွန်တော်တို့အတန်းအတွက် ထိုက်တန်သော ခေါင်းဆောင်ဖြစ်ပါသည်။

**လယ်တွင်းသား စောချစ်**

•

## အပင်ပန်းခံ ကြိုးစားတာ ပါရမီပါ

မင်းတို့က ငါ့ကို သချ်ာပါရမီ၊ သချ်ာဦးနှောက်ပါလာတဲ့သူလို့ ထင်နေကြပုံရတယ်။ မဟုတ်ဘူးကွ၊ အဲဒါ မင်းတို့မှားနေကြပြီ။ မင်းတို့ထင်နေကြသလို သချ်ာပါရမီ၊ သချ်ာဦးနှောက်ဆိုတာမျိုး ပါလာခဲ့မယ်ဆိုရင် ငါဟာ ငယ်ငယ်လေးကတည်းက သချ်ာထူးချွန်လာခဲ့ရမှာပေါ့။ ငါ့မှာဖြင့် သချ်ာမှာချွန်ဖို့ ဝေးလို့ ဖျင်းတဲ့၊ ညံ့တဲ့အထဲမှာတောင် ပါနေသေးတယ်။ ငါ စိတ်အညစ်ဆုံး ဘာသာရပ်ပါပဲ။ စာမေးပွဲတွေမှာဆိုရင်လည်း အောင်မှတ်လောက်ကလေး ရဖို့တောင် တထိတ်ထိတ် ဖြစ်နေခဲ့တာချည်းပါပဲ။

ဒီလိုနဲ့ သချ်ာကို ဖြစ်သလိုအောင်လာခဲ့ရာက ခုနစ်တန်းရောက်တော့ တစ်နေ့မှာ ဆရာကလည်း ငါ့ကို သချ်ာတစ်ပုဒ်ကို သေချာရှင်းပြ၊ ငါကလည်း နားကိုမလည်နိုင်၊ ဒုက္ခကိုရောက်လို့၊ နောက်ဆုံးကျတော့ ဆရာဖြစ်တဲ့သူကလည်း စိတ်မရှည်နိုင်တော့ဘဲ နားရင်းကိုတစ်ချက်ရိုက်လိုက်တာ မွှန်ထွန်သွားတာပဲ။ ဆရာ့ကို ဒေါသဖြစ်တာတော့လည်း မဟုတ်ဘူးပေါ့၊ ဘာကိုဒေါသဖြစ်လိုက်မှန်းကို မသိဘူး။



အဲဒီမှာတင် ဒီလောက်တောင်ခက်လှတဲ့သချ်ာ ခက်ဦးဟ၊ ခက်ဦးဟ ဆိုပြီး ဒေါသဖြစ်ဖြစ်၊ အမြင်ကတ်ကတ်နဲ့ တအားကုန်ကြိုးပြီး တွက်ပစ်တာပဲ။ ဒီလိုတွက်ရင်းနဲ့ပဲ သဘောပေါက်စပြုလာတော့ သချ်ာကို ချစ်မှန်းမသိ ချစ်လာတယ်။ အဲဒီနှစ်ကစပြီး သချ်ာမှာဂုဏ်ထူးထွက်လာခဲ့တော့တာပါပဲ။ နောက်တော့ မင်းတို့မြင်တဲ့အတိုင်း သချ်ာပါမောက္ခ ဖြစ်လာတယ်။

ဒီတော့ ငါပြောချင်တာက မင်းတို့ထင်သလို ငါ့မှာ သချ်ာပါရမီတွေ၊ သချ်ာဦးနှောက်တွေပါလာလို့ မဟုတ်ဘူးကွ။ အမြင်ကတ်ကတ်နဲ့ စွတ်ပြီး တွက်ပစ်လိုက်လို့ သချ်ာမှာ တော်လာခဲ့ရတာပဲ။

*(၁၉၅၈–၅၉ ခန့်က တက္ကသိုလ်သချ်ာပါမောက္ခ ဦးအောင်လှ၏ ဩဝါဒ)*

•

## အကောင်းဆုံး အလှပြင်နည်း

ယနေ့ ဝါဆိုလပြည့်နေ့ဖြစ်သည်။ စမ်းချောင်းမှာနေသော ဆရာမအိမ်မှာ ဝါဆိုသင်္ကန်းကပ်ရှိသည်။ ရီမာတို့ကို ဧည့်ခံကျွေးမွေးရေး တာဝန်ယူရမည်ဟု ဆရာမက ပြောထားသည်။ ရီမာကို သူငယ်ချင်းများက အလှပြင်ဆိုင်မှာ ဆံပင်ရောမျက်နှာပါ အလှပြင်ခဲ့ရန် မှာထားသည်။ သူတို့လည်း ပြင်ခဲ့ကြမည်ဟုဆိုသည်။

ဆရာမအိမ်မှာ ဝါဆိုသင်္ကန်းကပ် ကျွေးမွေးဧည့်ခံပွဲပြီးလျှင် ရွှေတိဂုံ သွားကြမည်။ ရီမာ အလှပြင်ချင်သည်။ ဆံပင်ရောမျက်နှာပါပြင်လျှင် နှစ်ထောင်ခန့်ကုန်မည်။ အမေ့ထံမှ ငွေသုံးထောင်တောင်းသည်။ ခရီးစရိတ်နှင့်မုန့်ဖိုးအပါအဝင် တစ်ထောင်ပိုတောင်းသည်။

''ဌါသမီးရယ်၊ အမေမုန့်ဟင်းခါးရောင်းရတာ အဲဒီလောက် မပေးနိုင်ပါဘူး။ ရော့. . . တစ်ထောင်ပဲယူသွား''

ရီမာ စိတ်ပျက်ရသည်။ အမေက မုန့်ဟင်းခါးသည်မဟုတ်ဘဲ စိန်ကုန်သည်၊ ရွှေကုန်သည်၊ သူဌေးမကြီးဖြစ်လိုက်တော့ပါလား။ ခုတော့ ငွေလေး သုံးထောင်ပင် လွယ်လွယ်မပေးနိုင်သောဘဝ။



မော်မော်ဦးတို့က အလှပြင်ဆိုင်မှာ မိတ်ကပ်လိမ်း၊ အလှပြင်လာကြမည်။ ဆံပင်ပါ ပြင်လာကြလိမ့်မည်။ သူတို့က သိပ်လှနေကြလိမ့်မည်။ သွားချင်စိတ်ပင်မရှိ။ သို့သော် ဆရာမက အသေအချာ မှာထားသည်။

''ရီမာ– သမီး၊ လာဖြစ်အောင်လာနော်၊ သမီးတို့က ဧည့်ခံကျွေးမွေးရမှာ''

မသွားလျှင် မကောင်း၍ ကိုယ့်ဘာသာ အခန်းထဲက မှန်ရှေ့မှာ အလှ ပြင်ရသည်။ စိတ်ပါလက်ပါ မရှိ။ သင့်ရုံသာ ပြင်ဆင်လိုက်သည်။

''နင့်မျက်နှာလေးက မိတ်ကပ်လိမ်းလိုက်ရင် အရမ်းလှသွားမှာ။ ဒီအတိုင်းတောင် လှနေတာ''

သင်းသင်းစိုးပြောသည်ကို ကြားယောင်နေမိသည်။

''နင့်ဆံပင်ပုံက ရိုးလွန်းတယ်။ ရှေ့ဘက်က နည်းနည်းဖွပြီး နောက်က တစ်ဝက်လောက်ဖြတ်လိုက်ရင် အရမ်းကြည့်ကောင်းမှာ ဖြတ်ခဲ့ပါယ်နော်''

မော်မော်ဦးကတော့ သူပြောသည့်အတိုင်း လုပ်မလာ၍ စိတ်ပျက်နေလိမ့်မည်။

ရီမာ ပြင်ဆင်ပြီးသည်နှင့် လမ်းထိပ်သို့ထွက်ခဲ့သည်။ ဘတ်စ်ကားမှတ်တိုင်မှာ ကားစောင့်နေသူတွေကို အများကြီး တိုးဝှေ့ရဦးမည်။ ဘတ်စ်ကား ရောက်လာသောအခါ လူကအပြည့်။ ရီမာ မနည်းတိုးတက်ရသည်။ ကားပေါ်ရောက်သည်နှင့် တတ်နိုင်သမျှ ရှေ့ပိုင်းရောက်အောင် တိုးရသည်။

ကားထွက်လျှင် နောက်သို့ယိုင်သည်။ ကားရပ်လျှင် ရှေ့သို့ ယိမ်းသည်။ အပေါ်မှတန်းကို မြဲအောင်ကိုင်ထားရသည်။ စော်

ဘွားကြီးကုန်း မှတ်တိုင်ရောက်သောအခါ ဆင်းသူ တော်တော်များသည်။ တက်လာကြသူများတွင် ဝဝခန့်ခန့် ဖြူဖြူချောချော အဒေါ်ကြီးတစ်ယောက် ပါဝင်၏။

လက်ပွေ့အိတ်အနက်ကြီးက ပြောင်တောက်နေ၏။ လည်ပင်းမှာ ရွှေဆွဲကြိုးအတုတ်ကြီး ဆွဲထားသည်။ လက်ကောက်တွေကလည်း အများကြီး၊ အဝတ်များကလည်း အကောင်းစားများဖြစ်၏။ မျက်နှာမှာလည်း မိတ်ကပ်များ၊ အခြယ်အသများနှင့် ကောင်းစွာအလှပြင်ထားသည်။

မျက်ခုံးကိုလည်းဆွဲထားသည်။ နှုတ်ခမ်းကိုလည်း ဆိုးထားသည်။ ပြင်ဆင်ထားတော့ အသက်ကြီးပေမယ့် လှလိုက်တာ။ အဒေါ်ကြီးကို လှည့်ကြည့်ပြီး ရီမာ သဘောကျနေပြီ။ အဒေါ်ကြီးနောက်မှာ ၁၂ နှစ်အရွယ် မိန်းကလေး တစ်ယောက် ရပ်လျက်၊ လက်တစ်ဖက်မှာ ငါးဆင့်ချိုင့်ကြီးတစ်ချိုင့်ဆွဲ၍ ကျန်လက်တစ်ဖက်က ခြင်းတစ်ခြင်းကို ဆွဲထားသည်။

ဘတ်စ်ကားပေါ်ရှိလူများက ဖြူဖြူသန့်သန့် ခန့်ခန့်ချောချော အသက် ၅၀ အရွယ် အဒေါ်ကြီးကိုကြည့်ပြီး ဘတ်စ်ကားပေါ်မှာ ထိုင်စရာမရှိ၊ ကျပ်ကျပ်တည်းတည်း လိုက်ရသည်ကို အားနာနေကြသည်။ အဒေါ်ကြီးအတွက် အဆင်ပြေပြေ နေရာကျယ်အောင် တတ်နိုင်သမျှဘေးကပ်၊ ရှေ့တိုးလုပ်ပေးကြသည်။ အဒေါ်ကြီးက ထိုင်စရာ နေရာမရ၍ စိတ်ပျက်သွားဟန်တူသည်။

''အမလေး . . ဘတ်စ်ကားများ တစ်ခါမှ မစီးဖူးပါဘူး။ လူတွေကလည်း ကျပ်လိုက်တာ၊ ချွေးစော်တွေကလည်း နံလို့၊ စိတ်ပျက်စရာကြီး''

အဒေါ်ကြီးက ရှုံ့ရှုံ့မဲ့မဲ့ ပြောသည်။



စောစောက သူ့ကို ကရုဏာသက်ခဲ့ကြသော မျက်နှာများ မကျေနပ်ဟန်သို့ ပြောင်းသွားကြသည်ကို သတိထားမိ၍ ရီမာ ပြုံးချင်စိတ်ဖြစ်မိသည်။

''ဒီနေ့မှ အိမ်က ကားနှစ်စီးလုံး မအားဘူး။ အရေးကြီးပါတယ်ဆိုမှ တက်စီကလည်း တစ်စီးမှ တားမရတာနဲ့ ဆွမ်းကပ်မီအောင် ဘတ်စ်ကား တိုးစီးရတာ''

အဒေါ်ကြီးက သူ ဘတ်စ်ကားစီးရသည့်အကြောင်း အများသိအောင်ရှင်းပြနေသည်။ ပြောပုံလေသံက ထောင်လွှား ဝင့်ကြွားမို့ အားလုံးနားကြားပြင်းကပ်နေကြသည်။ မော်တော်ကား မောင်းထွက်လိုက်သောအခါ နောက်မှ မိန်းကလေး ရှေ့သို့ ယိမ်းထိုးပြီး အဒေါ်ကြီးကို တိုးမိသည်။

''မိချို၊ ဘယ်လိုဖြစ်နေတာလဲ''

အဒေါ်ကြီးက မိန်းကလေးကို လှည့်ငေါက်လိုက်သည်။ မိန်းကလေးမှာ လက်နှစ်ဖက်လုံးခြင်းဆွဲ၊ ချိုင့်ဆွဲထားရသည်။ မယိုင်အောင် ကိုင်ထား၍ မရ။

''ကလေးမ ပေး . . ပေး၊ ခြင်းနဲ့ချိုင့် အဒေါ်ဆီပေးထား''

ထိုင်ခုံမှာ နေရာရထားသော အသားညိုညို ပိန်ပိန်ပါးပါး အဒေါ်ကြီးက မိန်းကလေးကို ကူညီခြင်းဖြစ်သည်။

''ဟဲ့ . . မိချို၊ မပေးနဲ့၊ ကိုယ့်ဘာသာ ကိုင်ထား''

အဒေါ်ကြီးက ကူညီလိုသော တစ်ဘက်သားကို အားနာခြင်းမရှိ၊ မယုံကြည်ကြောင်း ဖော်ပြလိုက်သည်။ သူကိုယ်တိုင်လည်း ဒုက္ခဖြစ်နေသော မိန်းကလေးထံမှ ဘာတစ်ခုမှ ကူယူခြင်းမရှိ။ ကူညီသူအဒေါ်ကြီးက ခြင်းနှင့်ချိုင့်ကို မိန်းကလေးထံပြန်ပေးလိုက်သည်။ ဘတ်စ်ကားပေါ်မှာ စီးနင်းလိုက်ပါလာကြသူများက ဖြူဖြူ

ချောချော အဒေါ်ကြီးကို မကျေနပ်သော အကြည့်မြားချွန်များ ပစ်လွှတ်နေကြသည်။

ဆယ်မိုင်ကုန်း မှတ်တိုင်ရောက်သောအခါ တက်လာသူများတွင် ကလေးချီထားသော သားသည်အမေတစ်ယောက် ပါလာသည်။ လက်တစ်ဖက်ကလည်း ခြင်းအစိမ်းလေး ဆွဲထားရသေးသည်။ ကားထွက်၍ ယိမ်းယိုင်လျှင် ကိုင်စရာ လက်အားမရှိ။

''ဟဲ့ . . ဟိုကလေးအမေ၊ လာ . . လာ၊ ဒီမှာထိုင်''

စောစောက မိန်းကလေးကိုကူညီသော ညိုညိုပိန်ပိန် အဒေါ်ကြီးပင်။ နေရာမှ ထဖယ်ပေးသည်။ ယောကျ်ားများပါသော်လည်း ဘယ်သူမျှ ထမပေးချင်ကြ။ ခက်ခဲစွာ ထိုင်ခွင့်ရထားသော ဖင်တစ်နေရာစာ ထိုင်ခွင့်လေးကို နှမြောကြသည်။ ကူညီချင်သည့် စိတ်ထားကောင်းသော အဒေါ်ကြီးကို ရီဝေ လေးစားစွာ လှမ်းကြည့်လိုက်မိ၏။

သို့သော် ညိုညိုပိန်ပိန် အဒေါ်ကြီး ထဖယ်ပေးလိုက်သော နေရာမှာ ဖြူဖြူချောချောအဒေါ်ကြီးက အလျင်စလို ထိုင်ချလိုက်၍ အားလုံးအံ့သြကြရသည်။

''အို့ . . ကျွန်မ မဆင်းသေးပါဘူး။ ဟို သားသည်အမေ ကလေးနဲ့မို့ ဖယ်ပေးတာပါ''

နေရာမှဖယ်ပေးသော ညိုညိုပိန်ပိန် အဒေါ်ကြီးက အတင်းဝင်ထိုင် သော ဖြူဖြူချောချော အဒေါ်ကြီးကို ပြောသည်။

''လုပ်မနေနဲ့၊ ဘတ်စ်ကားပေါ်မှာ ဘယ်သူမှပိုင်တဲ့နေရာ မရှိဘူး။ ဘယ်သူမှလဲ ဘယ်သူ့ကိုမှ လွှဲပေးလို့မရဘူး။ နေရာလွတ်ရင် ထိုင်မှာပဲ''

''ပေး . . ပေး . . . ကလေးမ ခြင်းပေးထား''



စိတ်ကောင်းရှိသော အဒေါ်ကြီးက မတ်တပ်ရပ်လျက်မှပင် ကလေးအမေလက်မှ ခြင်းကို ကူယူလိုက်သေးသည်။ ကလေးအမေသည် လွတ်လပ်သွားသောလက်ဖြင့် အပေါ်မှတန်းကို လှမ်းကိုင်လိုက်၏။

''လာ . . လာ၊ ဟိုသားသည်အမေ ဒီမှာလာထိုင်''

ယောကျ်ားတစ်ယောက်က နေရာမှ ထဖယ်ပေးသည်။ ပြောပုံလေသံက မာ၏။ နေရာဖယ်ပေးရ၍ မဟုတ်။ နေရာလုထိုင်သော အဒေါ်ကြီးကို မကျေနပ်၍ဖြစ်သည်မှာ သိသာသည်။

ဒေါ်ဖြူကြီးလည်း သိဟန်တူပါသည်။ မျက်နှာကြီးကို တင်းထား၏။ သားသည်အမေ နေရာရသွား၍ ရီဝေ ဝမ်းသာမိသည်။

''အမေ ခြင်းပြန်ပေး''

သားသည်အမေက ကူညီသူအဒေါ်ကြီးထံမှ ခြင်းပြန်ယူသည်။

''လာ . . လာ၊ ဟိုအမေ၊ ဒီမှာလာထိုင်၊ အမေက စိတ်ရင်းကောင်းတယ်''

လူငယ်တစ်ယောက်က နေရာမှထဖယ်ပေးရင်း စိတ်ကောင်းရှိခြင်းကိုပါ ခပ်မာမာ ဖော်ကျူးလိုက်သည်။ နေရာလုထိုင်ထားသော အဒေါ်ကြီး၏မျက်နှာပိုတင်းသွား၏။ အဒေါ်ကြီးနှစ်ယောက်ကို ရီဝေ နှိုင်းယှဉ်ကြည့်နေမိ၏။ သူရပ်နေသောနေရာမှာ နှစ်ယောက်လုံးနှင့် နီးပါသည်။ နှစ်ယောက်လုံးကို ကောင်းစွာမြင်နေရပါသည်။

အသက် ၅၀ ကျော် အရွယ်များဖြစ်သည်။ ဖြူဖြူသန့်သန့် အဒေါ်ကြီးမှာ ငယ်စဉ်က တော်တော်ချောလိမ့်မည်။ ယခုပင်လျှင် ချောဆဲ၊ လှဆဲ။ သို့သော် သူ့မျက်နှာမှာလောဘ၊ ဒေါသ၊ မာန

များနှင့် တင်းနေသည်။ ပွလောင်နေသည်။ သူ့မျက်နှာပေါ်မှာ မိတ်ကပ်အကောင်းစားကို ညက်ညော လှပစွာ လိမ်းထားသည်။ သို့သော် အများအမြင်မှာ တင့်တယ်ခြင်းမရှိ။

နောက်တစ်ယောက်က အသားညိုသည်။ ပိန်သည်။ မျက်နှာပေါ်မှာ သနပ်ခါးရေကျဲသာ ခပ်ပါးပါး လိမ်းထားသည်။ သို့သော် စိတ်ထားကောင်းကြောင့် အေးချမ်းနေသည်။ အများအမြင်မှာ နှစ်သက်စရာ အေးချမ်းနေသည်။ စိတ်ထားမလှသော အဒေါ်ကြီး၏ အကျည်းတန်ပုံနှင့် စိတ်ထားလှသော အဒေါ်ကြီး၏ တင့်တယ်ပုံကို နှိုင်းယှဉ်နားလည်၍ ရီ မာဝမ်းသာမိသည်။ သွားရင်း၊ လာရင်းနှင့် အကောင်းဆုံး အလှပြင်နည်းကို တွေ့လိုက်ရခြင်း ဖြစ်ပါ၏။

လယ်တွင်းသား စောချစ်

•



## အရိုက်ကြမ်းသောကြောင့်

ရိုက်နှက်၍ ဆုံးမခြင်းကြောင့် မိဘရော၊ သားသမီးပါ တစ်သက်လုံး နှစ်ပေါင်းများစွာ စိတ်ဆင်းရဲရသော မော်လမြိုင်မြို့မှ တကယ့်ဖြစ်ရပ် တစ်ခုကို တင်ပြရင်း ဤစာအုပ်ကို နိဂုံးချုပ်ပါတော့မည်။ သက်ဆိုင်သော ကာယကံရှင်များသည် စာရေးသူ၏ စာဖတ်ပရိသတ်ဖြစ်သဖြင့် အရင်းအတိုင်း ရေးရန်၊ ဟောရန် ခွင့်ပြုပြီး နာမည်နှင့်လိပ်စာ အတိအကျ စာရေး ပို့ပါသည်။

၁၉၈၇ ခုနှစ်က အလွန်အရိုက်ကြမ်းသော အမေကြောင့် ၁၈ နှစ်အရွယ် သမီးပျိုလေးသည် အိမ်မှထွက်ပြေးသွားသည်။ မိဘမေတ္တာသည် အလွန်ကြီးမားပါသည်။ သို့သော် ရိုက်ဆုံးမမှ မှတ်သည်ဟူသော လူ့အာဏာသားတို့ ထားခဲ့သော ဥပဒေသကြောင့် မိဘတို့၏ မေတ္တာကို သားသမီးအများစု မယုံတော့သလို ဖြစ်သွားသည်။

ယခုထွက်ပြေးသော မကြူကြူအေးလေးသည် ရည်းစားလည်း ရှိသည် မဟုတ်။ သက်သက် အမေကို ကြောက်လွန်း၊ စိတ်နာလွန်းသောကြောင့် တစ်နည်းအားဖြင့် မိခင်မေတ္တာကို မယုံတော့သောကြောင့် ဦးတည်ချက်မရှိဘဲ ရောက်ရာပေါက်ရာသို့ ထွက်ပြေးခဲ့ခြင်း ဖြစ်လေသည်။

မိခင်သည် ထိုအခါကျမှ သူ့အမှားကိုသိပြီး မြန်မာပြည်အနှံ့ သမီးကို လိုက်ရှာဖွေသည်မှာ နှစ်နှစ်ခန့်ပင် ကြာပါသည်။ အရင်က မိခင်ကရိုက်၍ သမီးက ငိုရသည်။ ယခုတော့ သမီးထွက်ပြေး၍ မိခင်က နေ့စဉ်ငိုရင်း လိုက်ရှာနေရသည်။ ၁၉၈၇ ခုနှစ်မှ ၁၉၈၈ထိသာ ရောက်လာသည်။ သမီး၏ သတင်းကို လုံးဝ မကြားရတော့ပေ။

၁၉၈၉ ခုနှစ်တွင်ကျမှ မန္တလေးမြို့နှင့် အတော်ဝေးသော ရွာတစ်ရွာတွင် ရောက်နေကြောင်း သတင်းကြားသဖြင့် မိခင်သည် ချက်ချင်းလိုက်သွားသည်။ ရောက်သောအခါ သမီးကို မတွေ့ရ။ သမီးကမွေးထားသော မြေး နှစ်ယောက်ကိုသာ တွေ့ရတော့သည်။ မကြူကြူအေး ကံဆိုးသည်။ အရိုက်ကြမ်းသော အမေကို ကြောက်သောကြောင့် ထွက်ပြေးရာမှ အရိုက်ကြမ်းသော ယောက်ျားနှင့် ဖူးစာဆုံသွားရသည်။

သူနှင့် ကလေးနှစ်ယောက် ရပြီးသောအခါ ယောက်ျားက နောက်မိန်းမ ထပ်ယူပြီး အိမ်ပေါ်တင်ထားသည်။ အငယ် ရောက်လာသောအခါ အကြီးကို နှိပ်စက်တော့သည်။ မကြူကြူအေး ခမျာ မိဘထံလည်း ပြန်မဖြစ်၊ ယောက်ျားကလည်း နှိပ်စက်၊ ရှုးလောက်အောင်ကို စိတ်ဆင်းရဲရှာပေလိမ့်မည်။

အံ့ဩစရာကောင်းသည်မှာ မယားငယ်က စိတ်ကောင်းရှိပါလျက် ယောက်ျားကကို ဆိုးနေခြင်းဖြစ်သည်။ နှိပ်စက်လွန်းမက နှိပ်စက်သည့်အဆုံး မခံနိုင်တော့သဖြင့် မယားငယ်အား ကလေးနှစ်ယောက်ကိုအပ်ပြီး ဒုတိယအကြိမ် ထွက်ပြေးသွားသည်မှာ ပြန်ကိုမလာတော့ပေ။

လူတစ်ယောက်၏ တန်ဖိုးသည် သူရှိချိန်တွင် မသိသာသော်



လည်း သူ မရှိချိန်တွင် အလွန်သိသာသည်။ တကယ်ထွက်သွားသောအခါ ယောက်ျားဖြစ်သူ မနေနိုင်တော့။ ရက်ကြာလေ မကြူကြူအေး၏ စိတ်ကောင်းရှိပုံ၊ သူ့အပေါ် တကယ်ကြင်နာပုံတွေ တရေးရေးပေါ်လာပြီး မြန်မာပြည်အနှံ့ လိုက်ရှာပြန်သည်။

အမေဖြစ်သူရော၊ လင်ဖြစ်သူရော လိုက်ရှာခေါ်ရသည် ဆိုကတည်းက မကြူကြူအေးသည် စိတ်ကောင်းရှိသော သူတော်ကောင်းမလေးတစ်ယောက်သာဖြစ်ကြောင်း ထင်ရှားသည်။ မည်သို့မှ ရှာမတွေ့သောအခါ ယောက်ျား ဖြစ်သူသည် ရင်ကွဲနာကျသွေးအန်ပြီး သေဆုံးသွားရှာသည်။

မယားငယ် ယူခွင့်ရတိုင်း စိတ်ချမ်းသာ၊ ပျော်ရွှင်မည်ဟုထင်ကြသော ယောက်ျားတိုင်း သတိပြုစရာပင်။ လေးစားကြည်ညိုစရာကောင်းသည်ကား မယားငယ်မိန်းကလေးပင်ဖြစ်၏။ မကြူကြူအေး၏ ကလေးနှစ်ယောက်ကို သူ့ရင်သွေးကဲ့သို့ ပြုစုစောင့်ရှောက် ကျွေးမွေးရှာသည်။

သူမ၏ ဒုတိယအိမ်ထောင်က–

''ဒီကလေးက နင့်ကလေးလည်း မဟုတ်ဘူး၊ ငါ့ကလေးလည်း မဟုတ်ဘူး၊ သူများကိုပေးပစ်လိုက်'' ဟု ပြောသော်လည်း မိထွေးတော်ဂေါတမီလို စိတ်ထားရှိသော သူမက ပေးမပစ်ရှာ။

''ရှင် လုပ်မကျွေးချင်ရင် နေ၊ ကျွန်မဘာသာ လုပ်ကျွေးမယ်''

ဟုဆိုကာ တတ်နိုင်သမျှ အလုပ်လုပ်၍ ကလေးနှစ်ယောက်ကို ရှာကျွေးသည်။ မကြူကြူအေး၏ အမေနှင့် ညီမ ရောက်လာသောအခါ ကလေးတွေထက် မိထွေးတော်ဂေါတမီက ပိုဝမ်းသာသည်။

ထိုအချိန်က သူတို့သည် အလွန်ဆင်းရဲနေကြသည်။ ထမင်းနပ်မှန်အောင် မနည်းကြိုးစားနေရသည်။ မကြူကြူအေး အမေက ကလေးတွေကို ဝတ်ကောင်းစားလှများ ဆင်ယင်ပေးသောအခါ ဂေါတမီလေးသည် ကလေးများကို ဖက်ပြီး ငိုရှာသည်။ သူ့ရင်သွေးလိုဖြစ်နေသော ကလေးများ တောက် တောက်ပြောင်ပြောင် ဖြစ်နေသည်ကို ဝမ်းသာသောကြောင့် ငိုခြင်းဖြစ်သည်။

ဂေါတမီသည် အကြီးမလေး နှစ်နှစ်သာသာအရွယ်၊ အငယ်ကောင်လေး ရှစ်လသားအရွယ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့သူ ဖြစ်သည်။ ကလေးနှစ်ယောက်ကို ရွာအနှံ့ ခေါ်သွားပြီး သူ့ကလေးတွေသည် ဆွေမရှိ၊ မျိုးမရှိတွေ မဟုတ်ကြောင်း မော်လမြိုင်မြို့ကြီးမှ ကလေးနှစ်ယောက်၏အဘွားနှင့် ကြီးတော်တို့ ရောက်နေကြောင်း အားရဝမ်းသာ လိုက်ပြောသည်။

အရင်က ကလေးတွေကို တစ်ကောင်ကြွက်ဆိုပြီး ရွာထဲက နှိမ်ထားဟန် တူသည်။ ဂေါတမီသည် ကလေးတွေကို မခွဲချင်သော်လည်း ဆွေမျိုးရင်းချာများက လာခေါ်ခြင်းဖြစ်သောကြောင့် ရွာဦးကျောင်းဆရာတော်ကို သက်သေအရာမှာထားပြီး ပြန်ထည့်လိုက်သည်။ ကလေးတွေကို သူ့လိုပြုစုစောင့်ရှောက်ပါ့မလားဟု စိတ်မချသည့်အတွက် မော်လမြိုင်ထိ လိုက်လာပြီး သုံးလကျော်စောင့်ကြည့်သေးသည်။

ကလေးတွေ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာ နေရသည်ကို လက်တွေ့မြင်ရသောအခါတွင်မှ စိတ်ချပြီး ပြန်သွားသည်။ သူ့ရွာသို့ ပြန်ရောက်သောအခါ ကလေးတွေ လွမ်းသောစိတ်ဖြင့် ရင်ကွဲနာကျပြီး ကွယ်လွန်ရှာသည်။ ထိုရွာလေးမှ ကလေးများကို ပြန်ခေါ်လာစဉ်အခါက အကြီးမလေးသည် ခုနစ်နှစ်အရွယ်၊ အငယ်



လေးသည် လေးနှစ်အရွယ်သို့ ရောက်နေပြီဖြစ်သည်။

မန္တလေးမြို့အနီးမှ ရွာကလေးတစ်ရွာတွင် သမီးကိုတွေ့ပြီဆိုသောကြောင့် ထိပ်ဆုံးမှဝမ်းသာသူများစာရင်းတွင် မကြူကြူအေး၏ဖခင်လည်းပါသည်။ သူ့ဇနီးနှင့် သူ့သမီးအလတ်တို့ သမီးကြီးကို သွားခေါ်ပြီဆိုကတည်းက ဝမ်းသာအားရ ထမင်းပင်ကောင်း ကောင်းမစားနိုင်ဘဲ မျှော်ရှာသည်။ သမီးကို လွမ်းဆွတ်သတိရနေသည်မှာ ဆယ်နှစ်ကျော်ကြာခဲ့ပြီမဟုတ်လား။

သို့သော် သမီးကြီး ပြန်ပါမလာဆိုတာ သိရသည်နှင့် ယောက်ျားကြီးတန်မဲ့ ချုံးပွဲချ ငိုရှာသည်။ ထိုအချိန်မှစ၍ ကျန်းမာရေး ထိခိုက်ကာ နှစ်များမကြာမီ ကွယ်လွန်ရှာလေပြီ။ ယခုဆိုလျှင် တစ်ယောက်တည်း ကျန်ရစ်သော မိခင်အိုကြီးမှာ အိမ်ဝင်းတံခါးကို တစ်နေကုန် မျှော်ကြည့်ရင်းဖြင့် စောင့်နေသည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့လေပြီ။

မိခင်ကြီးအသက်မှာလည်း ရှစ်ဆယ်ပြည့်ခဲ့ပြီဖြစ်သည်။ ဤစာအုပ်ကို ဖတ်ရသော မကြူကြူအေး အနေဖြင့်လည်း မိခင်ကြီး အသေဖြောင့်အောင် မော်လမြိုင်သို့ အမြန်လာဖို့ စာရေးသူမှ မေတ္တာရပ်ခံ တောင်းပန်ပါသည်။ ဤစာအုပ်ကို ဖတ်ရသော မိဘတိုင်း မကြူကြူအေး၏ မိခင်ကဲ့သို့ ရိုက်မိသဖြင့် နောင်တတွေ ရနေလောက်ကြပြီဖြစ်လို့ မကြူကြူအေးအနေဖြင့် ကျေနပ်သင့်ပါပြီ။

ပစ်ထားခံရသော သမီးအကြီးလေးက သူ့ရဲ့ ခံစားချက်များကို ရင်ဖွင့်လာသည်။

''အမေ့ကို အရမ်းတွေ့ချင်တာပဲ။ အမေ့ကိုတွေ့ရင် တစ်ခုပဲ မေးချင်တယ်။ အဘွားကရိုက်လို့ အဘွားကိုပစ်ထားခဲ့တာ မှန်

ပါတယ်၊ အဖေက ရိုက်လို့ အဖေ့ကိုပစ်ထားခဲ့တာ မှန်ပါတယ်။ သမီးတို့ မောင်နှမကိုကျတော့ ဘာ့ကြောင့် ပစ်သွားခဲ့တာလဲလို့ သိပ်သိချင်တာပဲ''

သမီးရဲ့အမေးကို စာရေးသူကပဲ ကြားထဲက ဉာဏ်မီသလောက် ဖြေပေးပါ့မယ်။

''**တစ်** အချက်ကတော့ သမီးတို့ကို ခေါ်သွားရင် ဒုက္ခရောက်မှာစိုးလို့ပါ။ သူ့ခမျာ ဘယ်သွားလို့ ဘယ်လာရမယ်ဆိုတာ ဘာရည်ရွယ်ချက်မှမရှိဘဲ စိတ်ဆင်းရဲလွန်းလို့သာ ထွက်သွားရတာ မဟုတ်လား။ သူကိုယ်တိုင် ဘယ်မှာနေလို့ ဘာစားရမှန်း မသိရတဲ့အချိန်မှာ နုနုနယ်နယ်ကလေးနှစ်ယောက်ကို ဒုက္ခမရောက်စေချင်တာကြောင့် ထားခဲ့ရတာပါ။

''သမီးတို့ရဲ့ ကျွေးမေမေတောင် ရင်ကွဲနာကျ သေရသေးတယ်။ မွေးမေမေဆိုရင် ဘယ်လောက်ထိ ခံစားရမယ်ဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။ ဒီစာအုပ်ကို ဖတ်ရတဲ့နေ့မှာတော့ သမီးတို့မေမေ ပြန်လာမှာ သေချာပါတယ်။

''**နှစ်** အချက်ကတော့ သမီးတို့မေမေ ငယ်ငယ်က ပြန်ဆပ်ရတဲ့ ဝဋ်ကြွေးတစ်ခုကို ပြန်ဆပ်ရတဲ့သဘောလည်း ပါနေတယ်။

''မကြူကြူအေး ငယ်စဉ်တုန်းက ရွာရဲ့ချောင်းတစ်ဖက်ကမ်းတောထဲမှာ အပျော်လျှောက်သွားရင်း သစ်ပင်ပေါ်က ဇီးကွက်သားငယ်လေးနှစ်ကောင်ကို နှိုက်ယူလာခဲ့တယ်။ အိမ်ရောက်တော့ အဘွားဖြစ်သူကဝင့်လိုက်လိမ့်မယ်။ ကလေးတွေကို သူ့ရဲ့ အမေနဲ့ မခွဲကောင်းဘူးလို့ပြောပြီး ဇီးကွက်လေးတွေကို ပြန်ပို့ခိုင်းလိုက်သည်။



''သွားတော့ပို့ပေးကြတယ်၊ ဒါပေမဲ့ မိုးကချုပ်၊ ဟိုဘက်ကမ်း ပို့ပေးမယ့် ကူးတို့လှေကလည်း မရှိတော့ ဒီဘက်ကမ်းကနီးရာသစ်ပင်ပေါ် တင်ထားခဲ့သတဲ့။ ဒီဝဋ်ကြွေးလည်း ထိုက်သလောက်ပါမှာပေါ့ကွယ်။ ဒါပေမဲ့ နှစ်ပေါင်း သုံးဆယ်ကျော်ဆပ်ပြီးပြီဆိုတော့ ကျေလောက်ပါပြီကွယ်''

•

**မကြူကြူအေး -ခေါ်- ဒေါ်မျိုးငြိမ်းရဲ့**

**မိဘများထံပိဋကာ**

(ဦးဘဆန်း)-ဒေါ်မငယ်

အမှတ် (၁၃၁၀)၊ သာယာအေးလမ်း၊ မော်လမြိုင်မြို့၊

မွန်ပြည်နယ်။

မကြူကြူအေး ၏ သမီးနှင့် သားနာမည်

မကြည်နိုင် နှင့် မောင်သက်ဇော်

နှစ်ပေါင်းများစွာ ကင်းပေတိုင်ဆန့်လာသော ဆရာများ၊ ဆရာမများ၊ နှစ်ပေါင်းများစွာ အာဏာရှင်ဆန့်လာသော မိဘများ အမြင်မှန်ရနိုင်ကြပါစေ။

မေတ္တာရှင်(ရွှေပြည်သာ)

(၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ၂၈-၈-၂၀၁၂ နံနက် ၈ နာရီတွင် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ သမင်အိုင်တောရတွင် ရေးသားပြီးစီးသည်. . .။)